www.burmeseclassic.com

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မဟူရာ

မညှိုးညှို့နေသော တိမ်တိုက်များ

စာမူခွင့်ပြုချက်အမှတ် - ၃၀၆/၂၀၀၄ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၅၀/၂၀၀၄ (၅)

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ၊

ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET၊
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

မောင်ကျော်လှိုင်
(စေတနာစာပေ)

မဟူရာ(လှိုင်ကော်)

မညှိုးညှို့နေသောတိမ်တိုက်များ



www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ကောင်းကင်ယံမှ
ပြိုကျမယောင်၊ တိုက်တောင်ပြိုဆင်း
မည်းညို့ခြင်းဖြင့် ...
မိုးလုံးဆင့်မှောင်၊ လျှပ်စီးရောင်ဝင်း
ထစ်ချုန်းခြင်းအား
မျက်ဝန်းများဖြင့် မြင်စွမ်းသည် ... ။
လူ၏အတ္တ၊ မာန်မာနနှင့်
ထပ်ဆင့်ထီးကျန်၊ နာကျင်ခံစား
နှလုံးသားမှာ၊ နာကြည်းစွာဖြင့်
ရင်ဝယ်နှင့်အောင်၊ နိုပ်စက်ဆောင်ကျင်း
ကြေကွဲခြင်းအား။ မျက်ဝန်းများက
မမြင်ရနိုင်၊ တွေ့နိုင်သည်ကား
နှလုံးသားတည့် .. .. ။
နှလုံးသားကို
သည်းထန်ငိုကြွေး၊ ကြေကွဲဆွေးမြည့်
မိုးလုံးပြည့်မှူ၊ မည်းညို့ပျမှောင်
တိုက်တိုက်တောင်ကြီး၊ ပြည်ပျာည်းရင်းခွေ
မည်းညို့နေသော တိုက်တိုက်များတည့် ... ။
ညြော် ...
မည်းညို့နေသော တိုက်တိုက်များတည့် ... ။

www.burmeseclassic.com

www.burmeseclassic.com

၁

ကောင်းကင်ယံထက်မှ ပြိုကျမယောင် မည်းညို့နေသော တိမ်တိုက်များ၏ အုပ်စီးထားမှုကို လူတို့၏ မျက်ဝန်းများဖြင့် တွေ့မြင်နိုင်စွမ်းပါ၏ ... ။

လူတို့၏အတ္တ .. သံသယ ... ကြေကွဲမှု ... မာန .. ခံပြင်းမှုတို့ဖြင့် ... ထိခိုက်နာကျင်နေသော နှလုံးအိမ်ကို .. အုပ်မိုးအုပ်စီးထားပါသော .. မည်းညို့နေသည့် တိမ်တိုက်များကိုမူကား မျက်ဝန်းအိမ်ဖြင့် မမြင်နိုင်စွမ်း ... ။

နှလုံးအိမ်ဖြင့်သာ .. သိနိုင်စွမ်းပါချေသည်တည့် .. ။

နှလုံးအိမ်ကို အုပ်မိုးထားသည့် .. မည်းညို့နေသော တိမ်တိုက်များကို .. မေတ္တာဖြင့်သာ .. ဖယ်ရှားနိုင်စွမ်းမည်ဆိုလျှင် ... ။

ထိုမေတ္တာကို .. ကြေ .. ရယူပိုင်ဆိုင်လိုက်ချင်ပါသည် .. ။

ထိုမေတ္တာကို .. ရရှိလာပါမှ .. ဖြစ်ပါမည်မို့ .. ။

www.burmeseclassic.com

www.burmeseclassic.com

မရနိုင်ပါသောမေတ္တာကို .. ကြွေ .. မရနိုင်စွမ်းနေလေသမျှ ...

မည်းညို့နေသော တိမ်တိုက်များကိုလည်း .. ကြွေသည် .. အမြဲအရှုံးပေးနေရချေမည်သာ ∴ .. ။

အခန်း [၁]

လှမ်းလင့်မြင်နေရပါသည့် မိုင်းသာကန်ရေပြာကျယ်ပြန့်ပြန့်ကြီးကို လှမ်းလင့်ငေးနေရင်း ရင်ထဲမှာ နာကျင်နေသည့် ဝေဒနာတွေကတိုးဝင်၏ ..။ ရှင်မွေးကြွေဆိုတာ ဤသို့ပါပဲလေ ..။ ရင်ထဲမှာ ရှိနေပါသည့် နာကျင်နင့်သီးနေသည့် ခံစားမှုတွေနှင့်အတူ ခုလိုပဲ တစ်နေရာရာကို ငေးကြည့်နေရင်း မြို့သိပ်ငြိမ်သက်နေတတ်ရခြင်းတွေက .. အသားတကျရှိရှိနေတတ်တာ ကြာမြင့်လှချေပြီပဲ .. ။

ကျောင်းဝင်းကျယ်ကြီးကတော့ မာသာစုပီးရီးယားး၏ အအုပ်အချုပ်၏အောက်မှာ စည်းစနစ်တကျဖြင့် ပန်းတွေတဝေဝေ ရှိနေသောဥယျာဉ် .. ။ ဘောင်တွေအတန်းလိုက်ရှိနေသော စိုက်ခင်း .. ။ အဖြူရောင်နှစ်ထပ်တိုက်ကျောင်းဆောင်ကြီးတွေ .. ။ ပြီးတော့ .. အောက်ထပ်မှာ ရုံးခန်းလည်းရှိ ..။ ကျောင်း၏ဟောလ်ကျယ်ကြီးလည်း ရှိနေလျက် .. အပေါ်ထပ်မှာ ဘော်ဒါကျောင်းသူလေးတွေ၏ သံခုတင်ငယ်လေးတွေ အတန်းရှိနေရာ

www.burmeseclassic.com

www.burmeseclassic.com

ဘော်ဒါဆောင်ကျယ်ကြီးတွေ ရှိပါသည့် ဤအဆောက်အအုံကြီးလည်း ရှိနေသည်ပါပဲ ..။ ရှင်မွှေးကြွေ၏စိတ်ထဲမှာ .. ဤနေရာသည် .. ကြွေ့ကို .. ပိတ်လှောင်ထားသော နေရာတစ်ခုဟုပဲ ထင်နေသည် .. ။

အချိန်တန် အိပ်ရာကထ ..။ ပြီးတော့ .. မနက်စာ ဘရိတ်ဖတ်စ် စားချိန်တန်စား။ ရေမိုးချိုး ..။ အဝတ်အစားလဲ ..။ ပြီးတော့ .. အတန်းတက် ..။

ဒါတွေပဲ သံသရာလည်နေရသည့် နေရာတစ်ခု ..။

ရှင်မွှေးကြွေ၏ရင်ထဲမှာ .. အရမ်းဖြစ်တည်လိုပါသော .. အိမ်ဆိုသည့် နေရာတစ်ခုသည် .. ဘယ်သောအခါမှ .. ကြွေဘဝမှာ အတည်တကျ.. ဖြစ်လာနိုင်မှာလဲ မဟုတ်ဟု သိနေရသည်ပါပဲ ..။

ဘော်တွင်းကြီးကို ပိုင်ပါသော .. ဦးဘုန်းစစ်မင်းဆိုသည့် ဖေဖေသည် .. ရှင်မွှေးကြွေဆိုသည့် သမီးတစ်ယောက်ကို ရရှိလာခြင်းကြောင့်ပင်လျှင် အရမ်းကို .. စိတ်အနှောင့်အယှက်ဖြစ်စရာကြီး တစ်ခုအဖြစ်ရှိနေလျက် ..။ ရှင်မွှေးကြွေကို .. ခါးသီးသော အကြည့်တွေဖြင့် အစဉ်တစိုက်ကြီး ကြည့်နေတတ်ဖို့ မျက်ဝန်းတွေကို ပိုင်ဆိုင်ထားနေရချေသည်ဟုပဲ နားလည်နေမိရခြင်းလောက် စိတ်ထိခိုက်ဖို့ ကောင်းနေသော ဘဝတစ်ခုကို .. ပိုင်ဆိုင်နေရခြင်း ဖြစ်နေပါသတဲ့လဲ ..။

ရှင်မွှေးကြွေ .. ငါးယောက်တစ်ခန်းအဖြစ် ရှိပါသည့် ဤအခန်းကို .. ရရှိနေထိုင်ခွင့်ရခြင်းကတော့ အန်တီလေးက .. ကျောင်းအုပ်ကြီး မာသာစူပီးရီးယားထံမှာ ဂရုစိုက်၍ စီစဉ်ထားပေးမှုကြောင့် ဆိုတာလောက်ကိုတော့ ကြွေ သိနေရသည်ပါပဲ ..။ ဘာပဲဖြစ်ဖြစ် ..။ ခုတင်ငယ်လေးတွေအများကြီး စီတန်းရှိနေပါသော ဟောလ်ကျယ်ကြီးထဲနေရတာထက် .. ခုလို .. ငါးယောက်တစ်ခန်းနေနေရတာကတော့ ပို၍ လွတ်လပ်ချောင်ချိနေသေးသည်ဟုပဲ ကြွေ .. အန်တီလေးကို ကျေးဇူးတင်စိတ်ဖြင့် တွေးမိရပါ၏ ..။

အကြည့်က .. ကန်ရေပြာကြီးဘက်ကို ငေးကြည့်နေမြဲ ..။

စွန်ပုလွန်ပင်တွေက တော်အုပ်လေးတစ်ခုလိုပဲ အလှေ့ကျအဖြစ် ကန်ဘေးမှာ ပေါက်နေကြသည်မှ အုံကျင်းကောင်းကောင်းဖြင့်ပါ .. ။ ပဒုမ္မာကြာပန်းရောင်တွေကလည်း ကန်ရေပြင်ထက်မှာ တပြန့်တလျား ပွင့်နေကြပါ၏ .. ။ ကန်ရေပြင်နှင့် ဘော်ဒါအိပ်ဆောင်ကြီးကြားမှာ .. ကျောင်းထမင်းစားဆောင်၊ မီးဖိုဆောင်ကြီးနှင့် စိုက်ခင်းကျယ်ကြီးတွေက ခြားထားလျက် .. ။ ခြံစည်းရိုးပင်တစ်တန်း၏ တစ်ဘက်မှာ သံဆူးကြိုး စိပ်စိပ်ခတ်ထားသော စည်းရိုးတစ်တန်းက ထပ်ခြားထားသည် .. ။ ပြီးတော့ .. စွန်ပုလွန်တော .. ။ နောက် .. ကန်ရေပြင် .. ။ ဟော .. ဟိုဘက်ခြမ်းမှာလည်း ကန်စပ်မြေပြင်မှာ စွန်ပလွံတော .. ။

ကန်ရေသည် .. စွန်ပလွံတောနှစ်ခုကြားမှာ ရှိနေကာမို့ .. ရှင်မွှေးကြွေတို့ သင်ကြရပါသည့် အိုအေးစစ်ဆိုတာလေးကိုပင် .. စိတ်ကူးနှင့် တွေးကြည့်ယူမိရသည်ပါပဲ။ ပြတင်းပေါက်ဘောင်လေးပေါ် လက်ကိုဖေးတင်နေရင်း .. ရင်ထဲမှာ ချက်ချင်းပြန်၍ ခံစားရသည်က..

"ဖေဖေ .. "

www.burmeseclassic.com

www.burmeseclassic.com

ဆိုသည့်တမ်းတမှု .. ။ မွတ်သိပ်မှု .. ဖြင့် ခေါ်လိုက်မိသံပါ .. ။ စိတ်ကူးထဲက ဖေဖေသည် .. ရှင်မွှေးကြွေကို ပွေ့ချီချော့မြှူတတ်နေလျက် .. ရှင်မွှေးကြွေ၏ဆံစလေးတွေကို သပ်ပေးတတ် သော .. ။ ပါးပြင်လေးတွေကို နမ်းရှိုက်တတ်သော .. ။ ချိုင်းအောက်မှာ လက်ကိုလျှိုယူကာ မြှောက်ကစားတတ်သော ဖေဖေဖြစ်နေတတ်ပါ၏ .. ။

ဒါပေမဲ့ .. ။ ဩော် .. ဒါပေမဲ့ .. ထိုအဖြစ်သည် .. ရှင်မွှေးကြွေဆိုသည့် ကောင်မလေးတစ်ယောက်၏ဘဝမှာ ဘယ်တုန်းကမှ .. လက်တွေ့မခံစားရဖူးပါသော အဖြစ်များပါတကား..။

မျက်ဝန်းကို စုံမှိတ်ချလိုက်မိကာ အတန်ကြာငြိမ်နေမိရပေမဲ့ ရင်ထဲမှာဆို့နေသည်။ မွန်းကျပ်နေသည် .. ။ ကြေကွဲနေသည် .. ။ အားငယ်ခြင်းများကလည်း တိုးဝင်နေသည်ပါပဲ .. ။

တစ်နေ့ .. ။ ဟုတ်သည် .. ။ ထိုတစ်နေ့ကို .. ရှင်မွှေးကြွေ ဘယ်တော့မှ မေ့ယူ၍လည်း ရနိုင်မှာမဟုတ် .. ။

ထိုနေ့က .. ခုလိုပဲ .. မိုးတွေညို့နေသည် .. ။ ဒါပေမဲ့ မိုးမရွာ .. ။ မိုးငွေ့တွေကတော့ .. လူးဖြတ်ပြေးနေကြပြီ .. ။

အပြာရောင်ပိုးဂါဝန်လေးကို ဝတ်ထားလျက် ဖြူကစ်ကစ် ခြေဖမိုးလေးမှာ အနီရောင်ကတ္တီပါကြိုးလေး ထင်းနေပါသော ဖိနပ်လေးကို စီးထားပါသည့် ကောင်မလေးတစ်ယောက်သည် .. ရှင်မွှေးကြွေ .. ဆိုသည့် ကောင်မလေးဖြစ်နေလျက် .. ။

ဒေါ်ကြီးသင်း၏လက်လေးကို ဆုပ်ကိုင်ထားရင်း တက်ကြွသော ခြေလှမ်းလေးတွေဖြင့် လိုက်လာမိရသည်က .. လက်ထဲမှာ ပါလာပါသော ပန်းချီစက္ကူလေးကြောင့်ပါ .. ။ ထိုပန်းချီ

ဆွဲစက္ကူ စာရွက်ဖြူလေးထက်မှာ ရှင်မွှေးကြွေ ဆွဲထားပါသော ပန်းချီကားလေးကို မြင်လျှင် ဖေဖေသည် .. ရှင်မွှေးကြွေကို .. ပြုံး၍ကြည့်လိမ့်မည် .. ဟု ဒေါ်ကြီးသင်းမှ ပြောခဲ့သည့် မဟုတ်ပါလား .. ။

လေးတန်းကျောင်းသူဘဝသို့ ရောက်ချိန်ထိ .. ရှင်မွှေးကြွေဆိုသည့် ကောင်မလေးတစ်ယောက်ကို .. ဖေဖေ ပွေ့ချီခဲ့ဖူးတာမျိုးကို မခံခဲ့ရဖူးသည်မို့ .. ။

ထိုစဉ်တုန်းက .. ပန်းချီစက္ကူလေးကို အားကိုးမျှော်လင့်ရာတစ်ခုအဖြစ် တက်ကြွစွာကိုင်ရင်း ဒေါ်ကြီးသင်းနောက်သို့ လိုက်ခဲ့မိရခြင်းအတွက် .. ခုလို .. တစ်သက်တာမျှ ထိခိုက်ကြေကွဲခြင်းများကို တမြေ့မြေ့ခံစားနေရချေမည်ဆိုတာ ကြို၍များသိခဲ့မိရပါချေလျှင် .. ထိုပန်းချီလေးကိုလည်း ရှင်မွှေးကြွေ ထိုစဉ်တုန်းက ဆွဲမိခဲ့မှာလည်းမဟုတ် .. ။ ဖေဖေ့ထံသို့ ရောက်ခဲ့မိမှာလည်းမဟုတ် .. ။ ပန်းချီလေးကိုလည်း ပေးမိခဲ့မှာမဟုတ် .. ။

ခုကျတော့ .. ဩော် .. ခုကျတော့ ထိုအဖြစ်တွေသည် .. ရင်ထဲမှာ .. ဘယ်လိုမှ ဖျောက်ဖျက်ယူ၍မရနိုင်ပါသည့် ထိခိုက်ရမှုများ .. အားငယ်ရမှုများအဖြစ် .. ရင်နှင့်မဆန့် သယ်ပိုးလွယ်လာခဲ့ရချေပြီမဟုတ်ပါလား .. ။

ထိုနေ့က .. ဖေဖေသည် .. ဥယျာဉ်ကျယ်ကြီးကိုလည်းမြင်ရသော .. နံနက်ခင်း၏ နေခြည်နုကိုလည်း ခိုလှုံနိုင်သော ပန်းဆောင်ထဲမှာရှိနေသည် .. ။

ထိုပန်းဆောင်ထဲမှာ .. ဖေဖေမနက်[illegible]င်း ထိုင်တတ်လျှက် .. ။ သတင်းစာတစ်စောင်ကို စိတ်[illegible]စား ဖတ်နေ

www.burmeseclassic.com

www.burmeseclassic.com

တတ်ကာ .. မနက်စာကော်ဖီနှင့်ပေါင်မုန့်မီးကင် .. ကြက်ဥယာတ် ဖရိုင်ကြော်တို့ကို စားသောက်တတ်စမြဲ .. ။ ဘယ်တော့မှ ဖေဖေသည် .. ကြွေတို့နှင့်အတူ မနက်စာကိုမစားတတ် .. ။ ဒါဘာ .. ကြွေငယ်စဉ် လူမှန်းသိတတ်စအရွယ်ကတည်းက .. နားလည်ရင်ဆိုင်ခဲ့ရပါသောအဖြစ်တစ်ခု .. ။ ထိုနေ့ကလည်း .. ကြွေ .. ဒေါ်ကြီးသင်း၏လက်ကို ထွေးဆုပ်ကိုင်ထားရင်းမှ .. ဖေဖေရှိနေရာ ပန်းဆောင်သို့ရောက်ခဲ့ပါ၏ .. ။

ထိုနေ့က .. ဖေဖေသည် .. အနက်ရောင်သက္ကလပ်အပါးစား ဘောင်းဘီကို .. ကျကျနန သပ်သပ်ရပ်ရပ် ဝတ်ထားလျက် .. ။ မီးခိုးရောင် .. ရှပ်အင်္ကျီလက်ရှည်ကို ကြယ်သီးတပ်လက်ကအစ .. အားလုံး စနစ်တကျ သေသေသပ်သပ်ဝတ်ဆင်ထားကာ .. ဖေဖေ့ခါးပတ်ချိတ်နှင့် အိတ်ကပ်ကြားမှာလည်း ရွှေရောင်ကြိုးလေးတစ်ခု ချွေဝိုက်စွာ တန်းချွေဝင်းလဲ့စွာရှိနေကာ .. ။ ထိုရွှေကြိုးလေးသည် .. အိတ်ကပ်တွင်းမှာရှိနေသည့် ရွှေနာရီလေးနှင့် တွဲလျက်ရှိနေသည်ဆိုတာ .. ဖေဖေ့ကို အမြဲတမ်း အရိပ်အကဲ လိုက်လိုက်ကြည့်တတ်ခဲ့ပါသော ရှင်မွေးကြွေဆိုသည့် ကောင်မလေး သိနေသည်ပါပဲ .. ။ ဖေဖေသည် .. ကော်ဖီကို တစ်ငုံကျိုက်သောက်လိုက် သတင်းစာကို စိတ်ဝင်တစား ဖတ်လိုက်နှင့် ရှိနေသည် .. ။

ဒေါ်ကြီးသင်းနှ ပြုံး၍ ကျောလေးကို ပုတ်ပေးကာ ကြွေ့ကို .. သွားလိုက် .. ဆိုသည့် မျက်ရိပ်လေးဖြင့် ပြောလာတော့ ကြွေ .. ပြုံးပြပြီးမှ ဖေဖေ့ထံ လျှောက်လာခဲ့ရသည်။ ရင်ထဲမှာ .. ဖေဖေ့အနမ်းသည် ကြွေ့ပါးပြင်လေးဆီပါ်ဟော့ မကြာမလင့်မီမှာပဲ ကျရောက်ချေတော့မည်ဆိုသည့် မျှော်လင့်ခြင်းတွေ ရိပ်ရိပ်တက်နေ

အောင် ပါလာနေခဲ့ကြတာတွေအားလုံးသည် ယခုကျတော့ တနင့်နင့်ကြွေအောင် တည်မြဲနေခဲ့ရချေပြီတည့် .. ။

ဖေဖေသည် .. ဖေဖေ့ စားပွဲပေါ်သို့ ပုံဆွဲစက္ကူလေးကို ဖြန့်ချထားလိုက်လျက် ပန်းချီလေး ဆွဲထားတာကိုတစ်လှည့် .. ဖေဖေ့ကိုတစ်လှည့် ကြည့်နေပါသည့် ရှင်မွေးကြွေဆိုသည့် သမီးလေး၏မျက်နှာကို .. တစ်ချက်ကြည့်ခဲ့လျက် .. ။

စားပွဲထက်မှ ပန်းချီလေးကိုလည်း တစ်ချက်မျှအတန်ကြာ ငုံ့စိုက်ငေးကြည့်နေခဲ့ကာ .. ။ ပြုံး၍ မျှော်လင့်ခြင်းများဖြင့် ကြည့်နေပါသည့် ရှင်မွေးကြွေကိုလည်း တစ်ချက်ငုံ့စိုက်ကြည့်ခဲ့ပါ၏ .. ။ နောက်တော့ .. ဖြတ်ခနဲ နူးညံ့သွားသောအကြည့်တစ်ခု .. ။

နောက် .. ချက်ချင်း တင်းမာခက်ထန်လာသောအကြည့်ရှူးရှူး .. ။

ပြီးတော့ .. ချက်ချင်း ထရပ်လိုက်ကာ ဖေဖေသည် ခြေလှမ်းကျဲကြီးဖြင့် ထွက်သွားတော့ .. ထိုနေ့က .. ။ ဪ .. ထိုနေ့က .. ရှင်မွေးကြွေသည် .. အရာရာကို အဆုံးရှုံးခံလိုက်ရတော့မှာကို ထိတ်လန့်နေသည်သို့ ရှိခဲ့ရလျက်မှ .. ပြေး၍ ဖေဖေ့နောက်ကိုလည်း လိုက်မမီခဲ့ .. ။ ဖေဖေ့လက်ကိုလည်း ဆွဲလိုက်မမီခဲ့ရသည်ဖဟုတ်ပါလား .. ။

ဖေဖေသည် .. ဖြတ်ဆို ရပ်သွားခဲ့ကာ .. မဝံ့မရဲလေးမော့ကြည့်ရင်း မျက်ရည်တွေ ဝဲလျှံကျနေရင်းမှ .. ဖေဖေ့ကိုလည်း ချစ်သော .. ဖေဖေ့ထံမှ အချစ်ကိုလည်း ရယူလိုသော မျှော်လင့်ချက်လေးဖြင့် မဝံ့မရဲလေးလည်း ပြုံးပြ အသနားခံသလိုလေး ကြည့်

www.burmeseclassic.com

www.burmeseclassic.com

နေဆဲဖြစ်ပါသည့် ရှင်မွေးကြွေ၏မျက်နှာကို တစ်ချက်စိုက်ကြည့် .. ။ ခေါင်းကို မော့ပစ်လိုက်ရင်းမှ ..

"ဒီကောင်မလေးကို ခေါ်သွားလိုက် မိသင်းဝေ .. သူ့ကိုခေါ်သွားလိုက် .. သူ့မျက်နှာကို ငါမကြည့်ချင်ဘူးလို့ အသေအချာပြောထားရက်နဲ့ .. ဘာလို့ခေါ်လာရတာလဲ .. ကြာလေ .. သူ့အမေ .. မိလွမ်းရှင်နဲ့ တူလာလေ .. ခေါ်သွားစမ်း .. ခေါ်သွားစမ်း .. "

ဟု အရမ်းကို မာကြောနေလျက် ကြောက်ရွံ့ဖို့ပင်ကောင်းနေသည့် မျက်နှာထားကြီးဖြင့် နောက်ဘက်ကိုလှည့်ကြည့်၍ ဖေဖေသည် .. ဒေါ်ကြီးသင်းကို ပြောလည်းပြော .. ။ ပန်းဆောင်၏လှေကားထစ်ကို နင်းဖြတ်ဆင်းသွားသည်မှ .. ရှင်မွေးကြွေ၏ လိုက်၍ဖမ်းဆွဲတွဲထားပါသော လက်ဥဥလေးကို ဆောင့်ဆွဲခါချ၍ပါ .. ။

လေတိုက်၍ လွင့်ခနဲကျသွားကာ ရှပ်တိုက်၍ လေနှင့်အတူပါသွားရင်း .. ဖေဖေ့ခြေထောက်နားအထိ ရောက်သွားပါသည့် ပန်းချီကားလေးကို ရှင်မွေးကြွေ လိုက်ကြည့်ရင်းမှ ဖေဖေ့ကိုလည်းကြည့်၍ တရှိုက်ရှိုက်ငိုချလိုက်ခဲ့ရတာတွေကို .. ခုထိမမေ့ .. ။

ရင်ထဲမှာ ထိတ်လန့်ခြင်းများ .. တုန်လှုပ်အားငယ်ခြင်းများဖြင့် .. ဖေဖေ့မျက်နှာကို တမော့မော့ကြည့်ရင်း .. ကြောက်ကြောက်နှင့် ငိုနေပါသည့် ရှင်မွေးကြွေကို ဒေါ်ကြီးသင်း ကမန်းကတန်းကြီး ပြေးလာ၍ ကောက်ပွေ့ချီကာ ဖေဖေနှင့်ဝေးရာသို့ ခေါ်လာရင်းမှ ရှင်မွေးကြွေ၏ မျက်ရည်လေးတွေကို စိတ်ထိခိုက်စွာပဲ တောက်လျှောက်သုတ်ပေးလာစဉ်ခိုက် .. ရှင်မွေးကြွေသည်

လည်း ဒေါ်ကြီးသင်း၏ပခုံးပေါ် ခေါင်းလေးဖေးတင်ရင်း ငိုမဆုံးနိုင်ပဲ ပါလာခဲ့ရသည်မဟုတ်ပါလားလေ .. ။

ထိုစဉ်က .. ဖေဖေသည် .. ရှင်မွေးကြွေ၏ ချစ်စိတ်ဖြင့် .. ဆွဲခဲ့ပါသော ပန်းချီကားလေးရှိရာ စက္ကူစာရွက်လေးနှင့်အတူ နေရာမှာ မရွေ့မလျားကြီး ကျန်ခဲ့ပါ၏ .. ။ ဖေဖေ့ခြေရင်းမှာ ကျန်ခဲ့ပါသည့် ပန်းချီကားထဲမှာ .. ဘောင်းဘီရှည်ကို ဝတ်ထားလျက် အင်္ကျီလက်ရှည်ကိုဝတ်ထားကာ .. ။ ဘောင်းဘီ၏ အိတ်ကပ်မှာ ခါးပတ်ဆီမှ တွဲရရွဲ ပိုက်၍ဝင်နေပါသော ရွှေကြိုးနာရီလေး ထည့်ထားပါသည့် လူကြီးတစ်ယောက်နှင့် .. ထိုလူကြီး၏လက်ကို တွဲထားပါသော ကျစ်ဆံမြည်းလေးနှစ်ခွကို ဖဲကြိုးလေးနှင့်ချည်ထားလျက် .. ဂါဝန်လေး ဝတ်ထားပါသော ပြုံးနေပါသည့် ကောင်မလေးတစ်ယောက်၏ပုံလေး ရှိနေပါလိမ့်မည် .. ။ ကလေးဆွဲသောပုံပေမို့ .. ကလေးလက်ရာပဲ ရှိချေမည်သာ .. ။ ဂါဝန်လေးသည် .. ဝိုက်ကွေးကွေးလေး လှပစွာရှိမနေဘဲ မျဉ်းကြောင်းစောင်းစောင်းလေးဖြင့် ခါးနေရာမှာကျဉ်းကာ ဘေးဘက်ကို အတန်းလိုက် ကားဆင်းသွားပေမဲ့ ဂါဝန်လေးက အဝါရောင်ခဲတံရောင်စုံလေးကြောင့် လှနေသည်ဟုပင် ရှင်မွေးကြွေ ထိုစဉ်က ထင်ခဲ့သည်ပါပဲ .. ။ ဘာပဲဖြစ်ဖြစ် .. ။ ထိုလူကြီးသည် ဖေဖေဖြစ်လျက် .. ကောင်မလေးသည် .. ရှင်မွေးကြွေဆိုတာလောက်ကိုတော့ .. ဖေဖေ သိကို သိနိုင်မည်သာ .. ။

ဒါပေမဲ့ .. ဖေဖေသည် .. ထိုစဉ်တုန်းက .. ဘာကြောင့် .. မကြည်နူးဘဲရှိခဲ့ရပါသတဲ့လဲ .. ။ ဘာကြောင့် .. မျက်နှာထက်မှာ နူးညံ့ခြင်းဆိုသည့်အရာတွေ မထင်နိုင်ရပါသတဲ့လဲ .. ။

www.burmeseclassic.com

www.burmeseclassic.com

အရမ်းကို မျှော်လင့်စွာ မော့ကြည့်နေပါသော သမီးငယ်လေးတစ်ယောက်၏ မျက်ဝန်းတွေထက်မှာ ထင်နေပါသည့် တောင့်တမှုတ် သိပ်နေပါသော ခံစားမှုတွေ့ကို .. မသိတတ်နိုင်ခဲ့ပါသတဲ့လဲ .. ။ အနမ်းလေးတစ်ခုကို .. သမီး၏ပါးပြင်လေးထက်မှာ ဖေးတင်နမ်းရှုံ့လိုက်ဖို့အတွက် ဖေဖေသည် ဘာကြောင့် ထိုမျှအထိ ဝန်လေးတင်းမာနေခဲ့ရပါသတဲ့လဲ .. ။

ရှင်မွှေးကြွေဆိုသည့် ကလေးမ ငယ်ငယ်လေးတစ်ယောက် .. နောက်တစ်နှစ်မှာပဲ .. ဤဘော်ဒါသို့ ရောက်ခဲ့ရကာ .. ။ ကျောင်းပိတ်ရက်တွေကျမှပဲ .. ဗစ်တိုးရီးယားဟု .. ကြေးဝါပြားပေါ်မှာ ထွင်းထားပါသော .. အိမ်ခြံဝင်းကျယ်ကြီး၏အလည်မှာ ရှိပါသည့် အနီရောင်နှစ်ထပ်အဆောက်အအုံကြီး တစ်ခုထဲသို့ ရောက်ရှိနေထိုင်ခွင့်ရခဲ့ရသည် မဟုတ်ပါလား .. ။

မဟုတ်သည် .. ။ ဗစ်တိုးရီးယားသည် .. ရှင်မွှေးကြွေ၏အိမ်တစ်ခုဟုပင် မခံစားတတ်တော့ .. ။ ကျောင်းပိတ်ရက်မှာ ခဏတာမျှ .. နေထိုင်ခွင့် ဖေဖေပြုထားပါသည့် နေရာတစ်ခုဟုပင် ခံစားလာခဲ့ရသည်မှာ ကြာခဲ့ပြီ .. ။

တကယ့်အိမ်နေရာတစ်ခုအဖြစ်က .. ဤအခန်းတစ်ခုပါပဲလေ .. ။ ဒါကမှ .. ကာလကြာမြင့်စွာ .. အစဉ်တစိုက် နေနေရပါသည့်နေရာတစ်ခု .. ။ အိမ်ခန်းတစ်ခုအဖြစ်ပဲ ရှင်မွှေးကြွေ .. မှတ်ယူလိုက်ရပါသည့်အဖြစ် .. ။

ဗစ်တိုးရီးယားမှာ ရှင်မွှေးကြွေ ကျောင်းပိတ်ရက် ရောက်သည်ဆိုလျှင် .. ဖေဖေသည် .. ဗစ်တိုးရီးယားမှာနေဖို့ထက် .. မိုင်းသာဖြို့နှင့် ခြောက်မိုင်ဝေးသော ဘော်တွင်းဆီသို့ ပြောင်းရွှေ့နေထိုင်လိုက်ဖို့သာ ဆုံးဖြတ်ထားပြီးသူ ဖြစ်နှင့်နေတတ်ခဲ့တာလည်း အစဉ်တစိုက်ရှိနေခဲ့သည့် နှစ်များအဖြစ်ဖြင့်ပါ .. ။ နွေရာသီကျောင်းပိတ်ရက်ရှည်တစ်ခုသည် .. တစ်ခါတစ်ရံမှာ အရမ်းကို မြန်ဆန်တိုတောင်းစွာသော ရက်တစ်ရက်၏ တစ်ဝက်သောနေ့ခင်းတစ်ခုအဖြစ်သာ ရှိတတ်ပါသည့် ဖေဖေ ခဏပြန်ရောက်လာတတ်ချိန်လေးလောက်မှာသာ .. ဖေဖေ့မျက်နှာကို .. တစ်နေရာက .. ခိုးဝှက်ချောင်းကြည့်ရင်း မြင်ရတတ်ပါသည့် .. မြင်ခွင့်ရလိုက်ပါသည့် အချိန်လေးတွေကြားထဲမှာ .. ရှိခဲ့တတ်ရသည်ပါပဲ .. ။

ဖေဖေသည် .. ထိုခဏတာ ပြန်ရောက်ချိန်လေးမှာ .. စာကြည့်ခန်းထဲက ဖိုင်တွဲတစ်ခုခုကိုဖြစ်ဖြစ် .. ။ စာအုပ်ကြီးတစ်ခုခုကိုဖြစ်ဖြစ် .. အရေးတကြီး လာပြန်ယူရုံတစ်ခုအတွက်သာ ရောက်လာရခြင်းများ ဖြစ်နေခဲ့လျက် .. ။ ဗစ်တိုးရီးယားမှာ နေ့လယ်စာကို ကမန်းကတန်းမျှ စားသောက်ပြီးသွားကာ .. ပြန်သွားတတ်ပါသော ဖေဖေပဲဖြစ်နေတတ်သည်ပါပဲ .. ။ ရှင်မွှေးကြွေကို.. ဘယ်တော့မှ ခေါ်တွေ့တာမျိုးတော့မရှိခဲ့ .. ။ ရှင်မွှေးလည်း မသွားရဲခဲ့ .. ။

ဒါပေမဲ့ .. ဖေဖေ .. မြင်အောင် .. မယောင်မလည်လေးဖြင့် ပန်းခြံထဲမှာတော့ .. ပန်းပင်လေးတွေကြည့်သလိုလို .. ပန်းပွင့်လေးတွေ ခူးသလိုလိုဖြင့် .. နေခဲ့သည်ကလည်း ရှင်မွှေးကြွေပါ .. ။

ဖေဖေပြန်သွားလျှင် .. ဖေဖေမောင်းသွားပါသော အနက်ရောင် မာစီးဒီးကားကြီး ခြံထောင့်မှ ချိုးကွေ့ပျောက်ကွယ်သွားသည်အထိ .. မျက်စိတဆုံး ရပ်ငေးကြည့်ကျန်ခဲ့ပါသည့် ရှင်မွှေး

www.burmeseclassic.com

www.burmeseclassic.com

ကြွေဆိုသည့် ကောင်မလေးတစ်ယောက်၏ .. ဖခင်၏ ချစ်ခြင်းကို ပိုင်ဆိုင်လိုပါသည့် ခံစားမှုများကို .. ဘယ်သူ့ဘယ်သူ့ကိုမှလည်း.. ဖွင့်မပြောဖြစ်ခဲ့တော့သည်မှာလည်း ကြာတောင့်ကြာရှည် ရှိခဲ့ပါပြီ .. ။

ခုလည်း .. စိန့်ဂျူရီဓာကျောင်းတစ်ကျောင်း၏ .. ဘော်ဒါခန်းတစ်ခုမှာ .. ရှင်မွေးကြွေသည် .. ကြာတွေပွင့်နေသော ရေကန်ကျယ်တစ်ခုကို ငေးကြည့်ရင်း ဖေဖေ့အကြောင်းကို တွေးနေပါသည့် ကောင်မလေးတစ်ယောက်အဖြစ် .. ရှိနေရပြန်ချေသည် တကား ... ။

တံခါးဖွင့်သံကို ကြားရပါ၏ .. ။ ခြေသံညင်ညင် လေးကိုလည်း ကြားရသည် .. ။

မွန်သူ .. ရေချိုးပြီး ပြန်လာချေပြီဆိုတာ သိလိုက်ရပါ၏ .. ။

ဒါပေမဲ့ .. လှည့်မကြည့်ဖြစ် .. ။ အကြည့်က .. ကန်ဆီမှာ တန့်နေဆဲ .. ။

အတွေးတိုင်းသည် .. ဖေဖေ့ထံမှာ ဖြစ်နေမြဲ .. ။

အခန်း [၂]

"ရယ်ဒီလားဟေ့ ... "

မျက်မှန်ကို လက်လေးဖြင့်ပင့်၍ ကြူလေးပြောတော့ ဖလိုမီနာမှ သက်ပြင်းရှိုက်၍ ..

"ဝစ်ချ်ဂွလ်ယူချူကစ် .. "

ဟု ဘယ်ဟာကို ရွေးမလဲဆိုသည့်မေးခွန်းကို .. ရှင်မွေးကြွေဘက်ကိုလှည့်၍ မေးလာပါ၏။ ဖလိုမီနာ နည်းနည်းတော့ လန့်နေပုံရသည် .. ။ မလန့်၍ကလည်းမဖြစ် .. ။ ညနေစာမစားရသေးမီ .. ညနေစောင်းလေးမှာ .. ကန်ထဲ လှေလှော်မည့်ကိစ္စ .. ။ ကြာပန်းတွေခူးမည့်ကိစ္စ .. ။ ကြာခွက်လေးတွေချိုး၍ ကြာဝတ်ဆံ ကြာဖူးလေးတွေ စားမည့်ကိစ္စဆိုတာကိုတော့ ဘယ်လိုနည်းနှင့်မှ စစ္စတာထရေဇာက ခွင့်ပြုမှာမှမဟုတ်ချေပဲလေ .. ။

"ဒီကိစ္စဟာ .. စိန့်ဂျူရီဇာကျောင်းရဲ့ တစ်ထောင့်ကိုးရာငါးဆယ်ငါးခုနှစ်ထဲက .. အထူးခြားဆုံးသော အဖြစ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် .. ဘုတ်အုပ်မှာ မှတ်တမ်းအတင်ခံနေရမယ်နော် .. အဟက် .. "

မျက်မှန်ကိုပင့်၍ ကြူလေးပြောစဉ်ခိုက် ရှင်မွေးကြွေ ကျော့ကျော့မြတ်နှင့် မွန်သူကို အကဲခတ်သလိုကြည့်သည် .. ။ တို ပရယ်ကိုးပွင့်ရိုက်နက်ပြာရောင် စကတ်ရှည်လေးကို ဝတ်ထားသော မွန်သူကတော့ ထုံးစံအတိုင်း နည်းနည်းကြောက်နေပုံရပါ၏ .. ။ မွန်သူကတော့ ကြောက်တတ်သူ .. ။ ကျော့ကျော့မြတ်ကတော့ ဖဲသားဂါဝန်ရှည်လေးကိုသိမ်း၍ထိုင်လိုက်ရင်းမှ ..

"ဒူး ဝါ့ထ်အဲဗား ယူသင့်ခ်ရိုက်ဒ် .. "

ဟူ၍ ဘိုသံလေးဖြင့် .. မှန်တယ်ထင်တာ ဘာမဆို လုပ်ပါ .. ဟု ဆုံးဖြတ်ပေးနေသည် .. ။ ငြင်းပယ်သံကိုတော့ မကြားရ .. ။ ကြည့်ရတာ .. ကြာပန်းတွေ ခိုးခူးကြမည့်ကိစ္စ .. တက်ကြွ လိုက်လျောမည့်အသွင် .. ။

"ငါကတော့ .. ဟိုဘိစပ်တောထဲမှာ .. ပွင့်နေနိုင်ကြမယ့် မှိုတွေ .. ခူးနေချင်တယ် .. ဖရောင်းတိုင်နဲ့ချက်တဲ့ မှိုပြုတ် ရည်လေးနဲ့ မှိုဖတ်လေးတွေက .. ငါတို့အတွက်ကတော့ .. ဟိုတယ်က စွပ်ပြုတ်ထက်ပိုချိုမှာ သေချာတယ် .. "

"နင်ကြွားမနေနဲ့ .. ဟိုတယ်ဆိုတာ .. စာအုပ်ထဲမှာပဲ နင် မြင်ဖူးရာတယ်ဆိုတာ ငါတို့သိနေကြတယ် ဖလိုမီနာ .. "

ဟုပြောတော့ ..

"ငါ .. စထရင်းဟိုတယ်ကို .. ရောက်ဖူးပါတယ်ဟ .. ငယ် ငယ်တုန်းက .. "

ဟု ဆက်ကြွားနေသေးသည် .. ။

"ကြာတယ် .. လုပ်ရမယ့်ကိစ္စ .. လုပ်ကိုလုပ်ရမှာ .. ဟိုပြော ဒီပြောနဲ့ အချိန်ကျန်မှာမဟုတ်ဘူး .. လုပ်ရတဲ့အခါကျတော့ အချိန်လုနေရမယ် .. ညနေ .. ငါးနာရီခွဲဆို .. ထမင်းစားရ တော့မှာ .. ဒီကြားထဲ .. ဒါတွေအားလုံးကို သေသပ်စွာ လုပ်ကြမယ့်ကိစ္စ .. ဘာလို့ ဒီမှာထိုင်ပြီး လေပေးလေယူ လုပ်နေကြတာလဲ .. ထွက်ကြမယ် .. ရယ်ဒီ .. "

ကြူလေးလော၍ ထရပ်တော့လည်းအားလုံး လိုက် ရပ်ဖြစ်ကြပါ၏ .. ။ ဘယ်သူ့ဘယ်သူမှ ငြင်းမနေကြတော့ .. ။ ခြံပြင်ထွက်သည့်ကိစ္စကတော့ .. ကိုယ့်ခွေးတိုးပေါက်နှင့်ကိုယ် .. လမ်းသိပြီးသား .. ။

စာကျက်ပြီး ခဏနား အပျင်းပြေ အညောင်းဆန့် သဘောဖြင့် ကျောင်းဝင်းထဲ ထွက်လျှောက်သလို .. အားလုံး ငါး ကောင်သား ထွက်ဖြစ်ကြပါ၏ .. ။ ဘာပဲဖြစ်ဖြစ် .. ။ ဗစ်တိုးရီးယား မှာထက် .. ဤလေးကောင်နှင့် ပေါင်းရ .. ပြောဆိုရသည်ကမှ .. တစ်ခါတစ်ခါ .. ဖေဖေ့မျက်နှာတင်းတင်းကြီးအကြောင်း .. ကြေကွဲ မှာ တွေးနေရခြင်းထက် .. သက်သာသည်သို့ပင် ထင်ထင်လာမိရ ပြန်ပါသည့်အဖြစ် .. ။

စာသင်ဆောင်ကြီးတွေက နှစ်ထပ်အဆောက်အအုံ ကြီးတွေဖြင့် သုံးဆောင်မျှရှိလျက် .. ။

ကျောင်းဝင်းအဝင်ဝတံခါးကြီးသည် အုတ်တိုင်သံ တံခါးကြီးဖြင့် ရှိနေကာ .. ။

အရှေ့ဘက်မှာကျတော့ ကတ္တရာလမ်းကြီးရှိသည်။ လမ်းက မြောက်ဘက်သို့ အတော်ကြီး နိမ့်လျှောဆင်းသွားကာ ..

www.burmeseclassic.com

www.burmeseclassic.com

တောင်ဘက်ကို နည်းနည်းချင်း မော့တက်သွားပါ၏ .. ။ ပြီးတော့ကျတော့ .. ပျဉ်းမပင်ကြီးတစ်ပင်က .. ထိပ်ဘက်မှာရှိနေသည် .. ။ လမ်းတစ်ဘက်မှာကျတော့ မှန်ပြတင်းတပ် တစ်ထပ်ပျဉ်ထောင်ကျယ်ကြီးဖြင့် ဘိုတဲတစ်ခုရှိကာ .. ထိုဘိုတဲသည်လည်း တဲခိုလာသူ မရှိသလောက် တိတ်ဆိတ်နေတတ်ပါ၏ .. ။ ဘိုတဲစောင့်ဘာဝန်ကျ အန်ကယ်ကြီးနှင့် အန်တီကြီးတို့လင်မယားသည် အသက်အရွယ်ကြီးနေကြ၍လားမသိ .. ။ ခြံရှင်းလင်းရေးကို .. ပြည့်စုံအောင်တော့ မလုပ်နိုင်ကြ .. ။ ဘိုတဲ၏ တောင်ဘက်မှာ .. မြက်ပင်တစ်ချို့ရှည်နေပြီ .. ။ ဒါပေမဲ့ .. ဘိုတဲနောက်ကျောဘက်သည် .. ကျောင်းရှေ့လမ်းဖြစ်နေတာမို့ .. ။ အန်တီကြီးသည် .. ကျောင်းမုန့်ဆိုင်အဖြစ် သွပ်မိုးမုန့်ဆိုင်လေးတစ်ဆိုင်ကို လေးဘက်ထောင် တိုင်လေးလုံးဖြင့် ဆောက်ထားကာ .. ရောင်းချသည်ပါပဲ .. ။

ဘိုတဲမြောက်ဘက်မှာကျတော့ .. နွားစားကျက်မြက်ခင်းကြီးရှိကာ .. အရမ်းကို အရိပ်မြိုင်သော ညောင်ပင်အိုကြီးနှစ်ပင်သည်လည်း ရှိပါ၏ .. ။

ကျောင်းဝင်းတွင်းမှာ .. ချာ့ချ်လည်းရှိနေကာ .. အပွင့်တို့ မဝေနိုင်သေးသော ခရစ်စမတ်နွယ်ပန်းတွေကတော့ .. ချာ့ချ်၏မျက်နှာစာထက်မှာ တိုက်နံရံကို တွယ်ကပ်၍ တက်နေကြပါ၏ .. ။ ဒီဇင်ဘာဆို .. ခရစ်စမတ်နီးလာလေလေ .. ခေါင်းလောင်းပုံ တွဲရရွဲဖြင့် လိမ္မော်ရောင် ခရစ်စမတ်ပန်းတွေ ဆုပ်ခဲစွာ ပွင့်ဝေကြလေလေမို့ .. အရမ်းကို လှနေတတ်သည်ပါပဲ .. ။

ကျောင်းဝင်းထဲမှာပဲ .. မစ္စတာတွေ၏ အိပ်ဆောင်။ ကျောင်းအုပ်ကြီး .. မာသာစုပီးရီးယား၏ တစ်ထပ်တိုက်လှလှ

လေး .. ။ ပြီးတော့ .. ကျောင်းရှုံးခန်းကျယ်ကြီးရှိရာ .. ကြွေတို့၏ ဘော်ဒါနှစ်ထပ်ဆောင် .. ။

ဟိုးဘက်မှာကျတော့ .. ထမင်းချက်ရုံ .. ။ နောက် ထမင်းစားဆောင် .. ။ ပြီးတော့ကျတော့ .. သီးခြား ခြံစည်းရိုးပင် စိမ်းမြမြတို့ဖြင့်ရှိနေရာ .. တစ်ထပ်ဆောင်ရှည်ကြီးတစ်ခု .. ။ ထိုအဆောင်မှာ .. မိဘမဲ့မိန်းကလေးများကို မစ္စတာတွေမှ ခေါ်ယူမွေးထားကာ .. ပညာကအစ .. သင်ပေးပါ၏ .. ။ ကျောင်းကတော့.. ကြွေတို့စာသင်ကျောင်းဆောင်တွေမှာပဲ သင်လိုက်ရသည်ပါပဲ .. ။ ကျောင်းဆောင်ကြီးကတော့ .. ဟိန်းဟိန်းမားမား .. ။ ပြီးတော့.. ပန်းဥယျာဉ်ရော .. စိန်ပန်းနီနှင့် စိန်ပန်းပြာပင်ကြီးတွေရော .. ရှိကြကာ .. လှပရှင်းသန့်နေပါသည့်အဖြစ် .. ။

ခု .. သွားရမည့်နေရာက .. ရေချိုးဆောင်၏တစ်ဖက် .. ချွေးတိုးပေါက်မှပဲ သွားလျှင်ကောင်းမည်လား .. ။ ခု .. မြင်တွေ့နေရာ .. ချာ့ချ်ကြီး၏တောင်ဘက် .. မာလကာပင်တန်းတွေကျော်လျှင် ရောက်ရချေမည့် ပိန်းပင်အုပ်အုပ်တွေကြားထဲတိုးဝင်ကာ .. တစ်ဖက်တောင်ဘက်ပေါက်ရှိ ချွေးတိုးပေါက်မှပဲ သွားလျှင်ကောင်းမည်လားဆိုတာကို တစ်ချက်တွေးဖြစ်ကြပါ၏ ..။

"ဟိုဘက်မှာက .. အောဖ်ဖင့်န်လေးတွေ ခြံထဲ ဟိုဟာဒီဟာ လုပ်နေကြတာမျိုး ရှိနိုင်တယ် .. သူတို့က .. ရေချိုးဆောင်နဲ့နီးတယ် .. ဒီတော့ .. ဒီဘက်က ပိန်းပင်အုပ်ကြီးထဲ ဖြတ်ဝင်သွားကြတာကောင်းမယ်ထင်တယ် .. သေချာဝင်မှနော်.. ပိန်းရွက်တွေမကျိုးဖို့ .. ပိန်းကိုင်းတွေမကျိုးဖို့လိုတယ် .."

ကြူလေးပြောတော့ အာ လုံး ခေါင်းညိတ်ကာ

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာသေးသေးလေးတွေဖြင့် ဖြတ်လျှောက်လာကြပါ၏ .. ။

ချောချိုကိုဖြတ်ကာ .. သေးဘက်မှပတ် .. ။ နောက်တော့ .. ဘောင်ခတ်စိုက်ထားပါသော ပီနံးပင်တွေကြားထဲ ကုန်းကုန်း ...ကုန်းကုန်းဖြင့် ကိုယ်လေးတွေ ငုံ့ကိုင်း၍ ဘောင်နှစ်ခုကြားထဲကဖြတ် .. ။ ခြံစည်းရိုး ခွေးတိုးပေါက်မှထွက် .. ။ သံဆူးကြိုးပျော့အိုင့်နေရာဆီသို့သွား .. ။ ခြံစည်းရိုး သံဆူးကြိုးကို ဖြဲထွက်တော့ .. တစ်ယောက်ထွက်ချိန်မှာ တစ်ယောက်က သံဆူးကြိုးကို သေချာဖြဲပေးထားတာမို့ လျှောလျှောလျူလျူပဲ .. အပြင်သို့ရောက်၏ .. ။ ခြံပြင်မှာ ဘီစပ်ပင်တွေ ပေါက်နေကြကာ .. ဘီစပ်ပင်အားကိုး၍ လူမမြင်အောင် အကာအကွယ်တွေ ဘာတွေရကာငုံ့ငုံ့ .. ငုံ့ငုံ့နှင့် ငါးကောင်သား ထွက်ခဲ့ကြပါ၏ .. ။

"ဟယ် .. မှိုတွေ .."

တကယ်ပဲ .. ဘီစပ်ပင်ကြားထဲမှာ .. မှိုဖြူဖြူလေးတွေတွေ့တော့ .. ဖလိုမီနာ ဝမ်းသာအားရလေးအော်တော့ ရှုတ်.. ရှုတ်နှင့် တားကြရ .. ။ မှိုတွေ ဆွတ်ကြနှင့် ရှိကုန်ရကာ အားလုံးကို တစ်စုတည်း ပုံထားခဲ့ကြပြီးမှ ..

"အပြန်မှ .. ကြာရွက်ကြီးထဲထည့်မယ် .. ဟိတ် .. အများကြီးလည်း .. ခူးမနေနဲ့ .."

ဟုပြောတော့ အကျီလျှူကြီး အားကိုးဖြင့် ..

"ငါ့အကျီအိတ်ကပ်ကြီးတွေထဲ ထည့်လို့ရပါတယ်ဟ .. အတွင်းအိတ်ကပ် .. ဘေးအိတ်ကပ် .. အကြီးကြီးတွေ .."

လူလေး သေးနဲ့သလောက် အကျီထူပွပွကြီးလည်းဝတ် .. ။ အိတ်ကပ်ကြီးတွေကလည်း ကြီးလေသမျှ ဖလိုမီနာမှ ..

"ငါ့မာမီက .. ရေရှည်စီမံကိန်းနဲ့ .. ငါ့ကို အကျီပွပွကြီးတွေ ချုပ်ပေးတာ ဘာဖြစ်လဲ .. ပိုက်ဆံသက်သာဖို့ အရေးကြီးတယ်ကွ .. ငါ့အောက်မှာ မောင်လေးညီမလေး သုံးယောက်တောင်မှရှိတာ .."

ဟု မိုင်းသာနှင့် မိုင်သုံးဆယ်ဝေးသော မိုင်းခမ်းရွာသူလေး ဖလိုမီနာမှ ပြောလာတော့ ကြူလေးရယ်သည် .. ။

"နင်ဟာ ဘယ်တော့မှ ဝလဲဝမှာမဟုတ်သလို .. အရပ်လဲ ရှည်နိုင်ရှာမှာမဟုတ်တာကို နင့်မာမီ သတိမေ့နေပုံရပါတယ်ဟယ် .. မှိုတွေစားပြီး .. ခုလိုပဲ ပိန်စိပိန်ချာလေး ဖြစ်နေမယ်ဆိုတာ ငါတို့က အသေအချာကြီးကို သိနေကြတယ်လေ .. စိတ်ချ .. နင့်အကျီကြီးတွေက ဘယ်တော့မှလည်း ကျပ်လာမှာမဟုတ်သလို .. နင် ဝတ်တဲ့အခါ တိုသွားတယ်ဆိုတာမျိုးလည်း ရှိလာမှာမဟုတ်ဘူး .. နင့်ဝန်ကြီးအကျီကို နင့်အောက်က ချာတိတ်တွေ အရပ်မြင့်လာကြတဲ့အခါ .. ဝလာကြတဲ့အခါ .. နင့်ထက်ကို ကျော်သွားကြတဲ့အခါမှာ ယူဝတ်ဖြစ်နိုင်ကြမှာတော့ အသေအချာပဲ .."

ဘယ်တော့ကြည့်ကြည့် .. ။ ညှပ်စိပိန်သေးလေးဖြစ်နေပါသော ဖလိုမီနာမှာ ဖြူဥဥလေးနှင့် ပိုးဟပ်ဖြူလေးလိုပဲ ရှိနေတာမို့ ကြူလေးရယ်၍ နောက်ပြောနေတော့လည်း .. အားလုံးရယ်၍ ..

"ဟုတ်တယ် .."

ဟု ထောက်ခံကြသည်ပါပဲ .. ။ ဒါပေမဲ့ .. မှိုတွေကိုတော့ တက်ညီလက်ညီဆွတ်ကြ .. ။ ဘီစပ်ပင်ကြားထဲမှာပဲ ပုံ၍

www.burmeseclassic.com

www.burmeseclassic.com

ထားရစ်ခဲ့ကြကာ အပြန်ကျလျှင် ကြောချက်ကြီးတွေနှင့် မချေဖလိုနီနာ၏အိတ်ကပ်ကြီးတွေကိုပဲ အားကိုး ထည့်သယ်သွားကြရတော့မည်ပါပဲ .. ။ ရောက်နိရောက်တော့ ငါးမျှားနေသည့် လှေပိုင်ရှင်ချာတိတ်လေးထံမှ မျက်နှာချို ပြိုင်တူသွေးပြကြရင်းဖြင့် လှေလေးကို အဘိုးစားနားမဲ့စွာပဲ ငှားရမ်းနိုင်ခဲ့ကြကာ .. ။ လှေတွေဘာတွေလှော်၍ကန်ထဲရောက်ခဲ့ကြပါ၏။ ဤကိစ္စကျတော့ အခက်အခဲမရှိ .. ။ အင်းလေးသူ ကျော့ကျော့မြတ်တစ်ယောက် အားဖြင့်ပင် လှေလှော်မည့်ကိစ္စကပြတ်သည် .. ။

"သာယာလှပေသည် .. အာကာမိုးတိမ်ဆီ .. နေရောင်အဆင်းထိန်ကြည် .. ထွန်းလင်းတဲ့ရောင်ခြည် .. မြောက်လေသွေးတော့မွှေးသည် .. ပန်းပေါင်းစုံညီ .. နေခင်းသင်းပျံ့သည် .. ဆင်းရနံ့ထုံကြည် .. သောင်ယံသက်ဘွေမဟီ .. တောင်ပံယှက်နေသည် .. မောင်နှံငှက်တွေဆီ .. မြူးထူးကြတော့သည် .. "

ငှက်ပြာပြာလေးနှစ်ကောင်နှင့် အဖြူရောင်နှင့် အဝါရောင်စပ်ကြား ငှက်အုပ်လေးတစ်အုပ် ကြာဝတ်ဆံတွေကြား ပျံသန်းလိုက် .. ။ ဝတ်ဆံလေးတွေ လွတ်စားလိုက်နှင့် ရှိနေတာကိုကြည့်ရင်း ကြူလေး ခပ်လွမ်းလွမ်းဆို၏ .. ။ သီချင်းက အဖြူးသီချင်း.. ။ ဒါပေမဲ့ .. လွမ်းသံလေးဖြင့် ဆိုနေပါသည့် ကြူလေးကို ရှင်မွေးကြွေ အကဲခတ်သလို တစ်ချက်ကြည့်မိသည် .. ။ ကြူလေး .. အိမ်ကိုများ လွမ်းနေချေသည်လားမသိ .. ။

အိမ် ... ။ အိမ်ဆိုတာ .. လွမ်းမောစရာ .. နေရာတစ်ခုအဖြစ်တော့ အားလုံးအတွက် ရှိကြချေမည်သာ .. ။ ကြွေ့မှာ

သာ .. ပြော .. ကြွေ့မှာသာ .. လွမ်းစရာအိမ်ဟူ၍ပင် ဘဝမှာ .. အခွင့်အရေးတစ်ခုလေးအဖြစ် မရှိနိုင်တော့တာကိုများ ကြူလေးတို့သိကြချေလျှင် ယုံကြည်နိုင်ကြပါ့မည်လားမသိ .. ။ ဘော်တွင်းပိုင်ရှင်ကြီး၏သမီးတစ်ယောက် .. ။ အရမ်းကို ချမ်းသာသည့်ဖခင်ကြီး .. ။ တစ်ဦးတည်းသောသမီး၏ ဘဝထဲမှ .ကြွေဆိုသည့်ကောင်မလေးတစ်ယောက်၏ ခံစားမှုများ စွန်းထင်းပြည့်ဝနေသည့် နှလုံးအိမ်ထဲမှာ .. ဖခင်ထံမှ မေတ္တာကို မရချေသည့် ကြေကွဲမှုများဖြင့် ကြမ်းရှပြည့်ကျပ်နေကြချေသည်ဆိုတာကို ကြူလေးတို့ သိနိုင်သည်မှမဟုတ်ချေပဲလေ .. ။

ကြူလေးက .. ဟိုပန်သူ .. ။ အဖေက .. ဆရာဝန်။ အမေက မရှိတော့ပြီ .. ။ ဆုံးပါးခဲ့ပြီ .. ။ ဖခင်က နောက်အိမ်ထောင်ပြုသည်မှ .. မိထွေးနှင့် အဆင်မပြေဖြစ်မှာကိုစိုးသည်မို့ .. ဘော်ဒါပို့ထားလိုက်သည် .. ။ ဒါကလည်း ဖြေရှင်းနည်းတစ်ခုပဲဖြစ်ချေမည်ဟု ကြူလေးကတော့ ရယ်မောချ၍ပင် ပြောပြခဲ့သေးသည်လေ .. ။

ဘဝဆိုတာကို .. ဘာကြီးပဲဖြစ်နေနေ .. ရင်ဆိုင်ဖျော့ပိုက်စွာပဲ ဖြတ်သန်းဖို့ ဆုံးဖြတ် .. ကျော်ဖြတ်နေပါသည့် ကြူလေးကိုတော့ တစ်ခါတစ်ခါမှာ ရှင်မွေးကြွေ အားပင်ကျမိနေရသည်ပါပဲ .. ။ ဒါပေမဲ့ .. ကြူလေးလို လိုက်၍မကျင့်သုံးနိုင်ပါသည့်ခံစားမှုဆိုတာကတော့ .. ကိုယ့်ခံစားမှုနှင့် ကိုယ်ပေမို့ .. ဖေဖေနှင့်ပတ်သက်လာလျှင် .. အမြဲရင်ထဲမှာ ကြေကွဲနာကျင်နေမိရတော့သည့်ဝေဒနာက အသားတဆုကြြ ..င် ယှဉ်တွဲ၍ ကိုယ်နှင့်မကွာပါပါလာနေတတ်ကြသည်ပါပဲ .. ။

www.burmeseclassic.com

www.burmeseclassic.com

"လှေကလေးကိုလှော်မည် .. ဘေးမသန်းဘဲ အေးချမ်း
တော့သည် .. မြစ်ကမ်းခြေရေနဒီ .. စီးမ်းလှဲလှဲကြည် .. "

ဖြတ်ခနဲဝင်၍ သီချင်းကို ဆိုချင်သည့်အပိုဒ်ကာစ၍ ဝင်ဆိုလိုက်ပါသည့် ကျော့ကျော့မြတ်ကို ကြူလေး ခေါင်းယမ်း၍ ကြည့်သည် .. ။

"နင့်အသံက .. ငါ့အသံကို လုံးဝမမီဘူးဆိုတာ .. ငါသိသလို
ဟိုး .. ကောင်းကင်ကြီးကလည်းသိတယ် .. အဟက် .. "

ဟုပြောတော့ ကျော့ကျော့မြတ် မျက်စောင်းထိုးသည် .. ။

နောက်တော့လည်း ကြာချက်တွေဆွတ်ကြ .. ။ ကြာပန်းတွေ ခူးကြ .. ။ ပြီးတော့ကျတော့ ကြာခွက်လေးတွေထဲမှ မွှေးမွှေးအေးအေး .. ကြာဝတ်ဆံဖြူနုနုလေးတွေကို စားကြနှင့် ပျော်သွားကြသည်ပါပဲ .. ။ ကြာခွက်လေးတွေကို ရံခနေပါသည့် ကြာဝတ်လွှာပန်းရောင်လေးတွေကိုဖယ် .. ။ ကြာခွက်ထဲမှာ ရှိနေပါသည့် ကြာသီးလေးတွေကို လက်ချောင်းလေးတွေအားကိုးဖြင့် ခပ်ပွပွ ကြာခွက်ထဲမှ ထိုးကော်ခွာယူကာ .. ။ ကြာသီးစိမ်းဖန့်ဖန့်လေးတွေကို အခွံခွာလိုက်တော့ .. ။ အတွင်းမှ ကြာဝတ်ဆံဖြူနုနုဥဥ .. နူးနူးညံ့ညံ့လေးတွေ ပါးစပ်ထဲထည့် ဝါးချလိုက်ရုံပါ .. ။ ချိုအေးအေးလေး ရှိပါသည့် ကြာသီးလေးတွေကို .. အားလုံးခံတွင်းလိုက်ကြသည်ကတော့ တက်ညီလက်ညီပါ .. ။ လှေလေးကို ကမ်းဘက်ပြန်လှော်ခဲ့ကြကာ .. ကြာခွက်တွေထဲက ကြာသီးစိမ်းဖန့်ဖန့်လေးတွေကိုခြွေကြ .. ။ အိတ်ကပ်ထဲထည့်ကြနှင့် ကမ်းစပ်မှာအလုပ်ရှုပ်ကြရင်းမှ လှေပိုင်ရှင်ချာတိတ်လေးကိုလည်း ကြာခွက်

လေးတွေ မျက်နှာလုပ်၍ လက်ဆောင်တွေ ဘာတွေပင် ဝိုင်းပေးခဲ့ကြသည်ပါပဲ .. ။ ကြာသီးလေးတွေက ဝန်းဝိုင်းဝိုင်းလေးတွေမဟုတ် .. ။ ရှည်မျောမျောကြီးတွေလည်းမဟုတ် .. ။ ဒါပေမဲ့ .. နည်းနည်းလေး အဝိုင်းဘက်မှ အရှည်ဘက်ကိုကူးသည့် လက်တစ်ဆစ်အောက်အရွယ် ကြာသီးစိမ်းလေးတွေပါ .. ။

ဘိစပ်ပင်ရှိရာသို့ အားကုန်ပြေးကြ .. ။ မှိုတွေကို .. ကြာဖက်နှင့်ထုပ်ကြ .. ။

ဖလိုမီနာ၏ အိတ်ကပ်ကြီးထဲထည့်ကြနှင့် သွက်သွက်လုပ်ကြသည်ကဖြင့် .. အချိန်မီ .. အခန်းထဲ ပြန်ရောက်ကြဖို့ လောလော .. လောလောဖြင့်ပါ .. ။

"လုပ်ဟာ .. လုပ်ဟာ .. နေးမနေနဲ့ .. "

"သူပဲ စောစောတုန်းကတော့ .. လုပ်နေပြီးတော့ .. လှေကလေးကိုလှော်မည်တွေ ဘာတွေနဲ့ .. ကန်ထဲမှာ စတိုင်များနေတာ .. "

ကြူလေးကို ဖလိုမီနာ မျက်မှောင်လေး တွန့်ပြောတော့ ကျော့ကျော့မြတ်မှ ..

"အေးလေ .. သူ့ကိုယ်သူ .. အဆိုတော်ကျလို့ .. ငါ့ကိုကျတော့ .. အသံမကောင်းဘူးလေး ဘာလေးနဲ့ .. "

ဟုခုမှ .. လှေထဲက သီချင်းဆိုခဲ့သည့်ကိစ္စ .. အရှည်ပြန်ဆက်နေပြန်တော့ မွန်သူမှ ..

"သွားကြမယ်ဟာ .. မစ္စတာတွေတွေ့ရင် .. မှိုတွေ [illegible] လိုက်ရမှာ .. ဒဏ်ပေးလည်းခံရမှာ .. အိမ်ကို တိုင်[illegible]တောင်မှ ပို့နိုင်တယ် .. မုန့်ဖိုးလည်း အဖြတ်ခံကိန်း[illegible]တယ် .. "

www.burmeseclassic.com

www.burmeseclassic.com

ဟု တန်းစီ၍ ကိုယ်ကံမကောင်းမည့်ဟာတွေချည်း ကြိုတွေးနိမိတ်ဖတ်နေတော့ .. ကြံ့ုလေးမျက်မှန်ကို လက်လေးဖြင့် တစ်ချက်ပင့် .. ။ မွန်သူ၏ခေါင်းကို တစ်ချက်ထုပစ်လိုက်ပြီးမှ ..

"ဖြစ်တောင့်ဖြစ်ခဲကိစ္စတွေကိုများ .. နှင်မို့ တွေးရဲတဲ့သတ္တိ ထူးရှိနေပါပေတယ် ဒေါ်မွန်သူရယ် .."

ဟု ဩဘာပေး၏ .. ။ ဘာပဲဖြစ်ဖြစ် .. ။ မွန်သူ နိမိတ်ဖတ်တာကြောင့် အားလုံး ရင်ထဲတော့ ထင့်ခနဲဖြစ်ကျန်ကြရသည်ပါပဲ .. ။ ဘာကြောင့်ဆို .. ။ အိမ်က .. ပေးသည်ဆိုသည့် မုန့်ဖိုးဆိုတာက .. တစ်လဘယ်လောက် .. ဆိုသည့် ပေးပို့လာလေသမျှကို .. စစ္စတာထရေဇာက ထိန်းသိမ်းပေးရတတ်ကာ .. ။ တစ်နေ့တာအတွက် .. ပြန်၍ .. ပြန်၍ .. စည်းစနစ်တကျ .. ထုတ်ပေးတတ်သည်ကိုးလေ .. ။ ဒါကြောင့် .. မုန့်ဖိုးအဖြတ်ခံရမှာကိုတော့ .. အားလုံးလန့်ကြသည်သာ .. ။

ဒါပေမဲ့ .. ထိုနေ့က .. အားလုံးကံကောင်းကြပါ၏။

ဘယ်သူမှ .. မသိလိုက်ကြရဘဲ .. ။ ငါးကောင်သား ဖယောင်းတိုင်မီး .. ။ ညနေစာ ထမင်းစားဆောင်မှ ခိုးခွက်ထဲသား နှင့်ရေထည့်၍ မှိုပြုတ်ဗလာဟင်းရည်နှင့် ညနေစာထမင်းစားဆောင်မှ ခိုးလာသောထမင်းကို .. အမှောင်ထဲမှာ .. ခိုးစားခဲ့ကြရပါသည့် အရသာကို အဘယ်အဲရသာနှမမီ .. ။

ပြောရလျှင် .. ဘယ်တုန်းကမှ .. မရောက်ဘူးသော .. စထရင်းဟိုတယ်ဆိုတာကြီးကို .. ခပ်တည်တည်ဖြင့် ကြွားပြောတတ်ပါသော ဖလိုမီနာ၏ .. ဟိုတယ်ကြီးဟင်းဘာပင် မီနိုင်အံ့မထင် .. ။ မှိုဆိုတာမျိုးက .. ဆားလေးနှင့်ရော၍ ရေတစ်ခု

တည်းဖြင့်ပဲပြုတ်ပြုတ် .. ။ ချိုသည်ပဲလေ .. ။

ညကျတော့ .. မို့ အချိုဆိပ်တက်ကာ .. တခါခါဖြင့် ဟောက်အိပ်ကြသည်ကာ .. ဘေးအခန်းကပင် .. အိပ်မရ .. ပြုမရနှင့် ချက်လုံးတွေ ကျယ်ကုန်ကြရသည်အထိပါ .. ။

အဟောက်ကြမ်းလွန်းနေသည့် ငါးကောင်သား၏ ဟောက်သံကြောင့်ထင့် .. ။

စစ္စတာထရေဇာပင် .. အခန်းတံခါးကို မနည်းခေါက်၍ .. စိတ်ပူလက်ပူကြီး လာကြည့်ယူရသည်အထိပါတည့် .. ။

အစစ .. အားလုံးသန့်စင်ဆေးကြောမှောက်ထားပြီး သားဒန်ခွက် .. ။

ဖယောင်းတိုင်တွေကတော့ .. ရှိနေလည်း ဘယ်သူကမှ .. မရိပ်မိနိုင်သည့်၌ ပစ္စည်းတွေနှင့်အတူ .. ဖြစ်နေကြပါသည့် သူငယ်မငါးကောင်ဘဖြင့် အိပ်မှုန်စုံမွှားကြီးတွေဖြင့် ..

"ဟင် .. ဘယ်သူလဲ .. ဟောက်တယ်လို့ပြောတာ .. မဟောက်ပါဘူးစစ္စတာရဲ့ .. တစ်ယောက်ယောက် ဟောက်နေရင် .. ကြံ့ုလေးတို့က .. သိကို သိကြရမှာပေါ့ .. ငါးယောက်တောင်မှ အိပ်ကြတဲ့ဥစ္စာ .. တစ်ယောက်ဟောက်ရင် .. လေးယောက်က ကြားကိုကြားရမယ့်ဥစ္စာ .. သူတို့လိမ်ပြီး .. စစ္စတာကို သွားတိုင်ကြတာ သေချာပါတယ် စစ္စတာ .."

ကြံ့ုလေးကလည်း လက်လေးပိုက်ပြော .. ။ မကျော့ကျော့မြတ်ကလည်း ခေါင်းညိတ်ထောက်ခံဖြင့် ရှိနေကြပါ၏ .. ။ အရေးထဲ အလှကြိုက်ကျော့ကျော့မြတ်မှာ .. သနပ်ခါး ခိုးလူးထား

www.burmeseclassic.com

www.burmeseclassic.com

တာကို လူမိလိုက်သလိုတော့ ဖြစ်သွားရပါသည့်အဖြစ် ..။ ကျောင်းမှာ သနပ်ခါးလိမ်းခွင့်မရှိ ..။ ရှီးမထုတ်ရ ..။ ဒါ .. စည်းကမ်း ..။ ခုဥစ္စာ .. မှိုခိုးမမိ ..။ သနပ်ခါးကို ညခိုးလူးအိပ်တာ မိရပါသည့်အဖြစ် ..။ သဘောကောင်း စစ္စတာထရေဇာမှာ ကျော့ကျော့မြတ်ကို အမြန်ဆုံး မျက်နှာသစ်ခိုင်းလိုက်သည်ပါပဲ ..။ မဒေဝ် .. မာသာ ရှုပီးရီးယားရောက်လာလျှင် သနပ်ခါးမမ .. လွယ်မည်မဟုတ် ..။

ညဝတ်အင်္ကျီအပြာစင်းနှင့် ဘောင်းဘီချည်သားနက်ပြာရောင် ဆင်တူဝတ်ကြရသည်မို့ အားလုံး ပုံစံတူလေးတွေနှင့် လက်ပိုက်နေကြလေသမျှ စစ္စတာကြည့်ကာ ..

“မဟုတ်ဘူး .. အားလုံးဟောက်နေတာ .. နိုးလို့လဲ မရဘူး .. အကြာကြီး နိုးတာခရလို့ .. စစ္စတာတောင်မှ .. မာသာကြီးကို .. သတင်းပို့ထားလိုက်မိရပြီးပြီ .. တစ်ခုခုများ အစားအသောက်မှားသလားဆိုပြီးတော့ ..”

ဟုပြောတော့မှ အယ်ခနဲ ဖြစ်သွားကြရသည်က .. ငါးကောင်သားပါ ..။ စားပိုးနင့်အောင် မှိုပြုတ်တွေ တီးထားသည့်ခုမှ လန့်လာရပါသည့်အဖြစ် ..။ တကယ်များ မှိုက .. အဆိပ်ရှိမှိုဆိုလျှင် ဘယ့်နှယ်လုပ်ရပါ့ ..။ ခုဥစ္စာကတော့ .. တက်စာပေမို့ .. မှိုတွေစားရင်း .. အအိပ်ကြီး အိပ်လိုက်ကြရတာ တစ်ခုပဲရှိသည်လေ ..။

“ဖွတ်တပ်ပွိုင်ဇင်ဘယ်လိုလုပ်ဖြစ်ပါ့မလဲ စစ္စတာ .. ကြူလေးတို့စားရတဲ့ ဘူးသီးကြက်ရိုးစွပ်ပြုတ်ရည်ရယ် .. ကြက်ဥကြော်ရယ် .. ဆိတ်သားစင်းကော အချိုကြော်ရယ် .. ငှက်ပျောသီးတစ်လုံးရယ် .. ဟင်းနုနွယ်ရွက်ကြော်ရယ် ..

ဘာတစ်ခုမှ အဆိပ်ဖြစ်စရာမှမရှိတာ .. သူတို့ .. အားလုံး ကြူလေးတို့ဟောက်နေတယ်ဆိုတာ နားကြားလွဲတာဖြစ်မှာပါ ..”

ဟု မျက်စိမှိတ်၍ ဇွတ်ငြင်းနေသည်က ကြူလေးပါ ..။ မတာတ်နိုင် ..။ ငြင်းဖို့ဝတ္တရားကိုက အပြည့်အဝရှိနေသည်လေ ..။ ကိုယ်မှိုခိုးစားတာ .. လူသူမရိပ်မိဖို့ အရေးကြီးသည်မဟုတ်ပါလား ..။

မာသာရှုပီးရီးယား စိတ်လက်ပူလျက် ရောက်လာတော့ ငါးကောင်သား လက်လေးတွေပိုက်၍ ..

“ဂွဒ်မော်နင်း မာသာ ..”

ဟု သံပြိုင်အော်ကြပါ၏ ..။ ဟုတ်သည်လေ ..။ ဆယ့်နှစ်နာရီနှစ်ခု လေးဆယ့်ငါးမိနစ်ဆိုတော့ မော်နင်းဘက်ကို ရောက်ပြီကိုးလေ ..။ အပြင်မှာက .. လမင်းကြီးသာနေသည့် ညသန်းခေါင်ကျော်ကာစကာလ ..။ မနက်ပိုင်းကို ကူးစကာလ ..။ ဒါပေမဲ့ အိပ်ရာကနိုးထရမည့် မနက်မျိုးမှမဟုတ်ချေပဲလေ ..။ ခုလို အိပ်ရေးကြီးပျက်ရ .. သောကနှင့် ပြေးလာရဖြင့် ရှိနေချိန်မှာ .. ဖဂ်လာမနက်ခင်းပါ .. ဟု .. လက်ပိုက်ဆီးကြိုနှုတ်ဆက်သံကြား၍ ယင့် ..။ မာသာ၏မျက်နှာ ပို၍ တည်သွားချေသတည်း ..။

“ဂွဒ်ခမောနင်း .. ဂွဒ်မော်နင်း .. ရှင်တို့ငါးယောက် .. ဘာဖြစ်ကြတာလဲ .. ဟောက်ကြတယ်ဆို ..”

“မဟောက်ပါဘူး မာသာ .. ကျွန်မတို့ မကြားကြပါဘူး”

“နိုးလို့မရကြဘူးဆို .. ဘာဖြစ်ကြတာလဲ ..”

“နိုးလို့ရလို့သာ .. ကျွန်မတို့တစ်တွေဟာ .. [illegible] ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com

ရဲ့အခန်းထဲမှာ တူတူရှိနေကြတာဖြစ်ပါတယ် မာသာ .. ”

ဘာပဲဖြစ်ဖြစ် .. ။ ကြူလေးကိုတော့ ကျေးဇူးတင်သည်။ လန့်လန့်ဖြင့် စွတ်ဖြေနေသည့် ကြူလေးမှာလည်း လန့်ရှိန်ဖြင့် မျက်လုံးလေး တပြူးပြူးဖြင့် ဖြေနေခြင်းပါ .. ။ မာသာမှ အခန်းထဲလိုက်ကြည့်သည် .. ။ ချောကလက်မုလင်းတစ်လုံး .. ။ မြေပဲဆားလှော်ပုလင်းတစ်လုံး .. ။ ဒါပဲရှိသည် .. ။ ငါးကောင်သား လက်လေးတွေပိုက်ရင်း မျက်လုံးလေးတွေဖြင့် ဘာကောက်ကောက် လိုက်ကြည့်နေသည်က မာသာသွားလေရာတိုင်းကိုပါ .. ။ မျက်မှန်ထဲမှ မာသာကလည်း အကဲခတ်သလိုကြည့်သည် .. ။ ကြူလေးကလည်း မျက်မှန်ထဲမှ မျက်လုံးလေး တပြူးပြူးဖြင့် လန့်ရှိန်ဖြင့် လိုက်လိုက်ကြည့်နေသည်ပါပဲ .. ။

“နောက်ကို .. သေချာစဉ်းစားပြီးမှ .. မာသာ့ကိုခေါ်ပါ စွတာ .. ခု .. ကလေးတွေ အိပ်ကြတာ ရှိုးရှိုးအိပ်ကြတာပါပဲ .. နေရာတကာမှာ .. သိပ်အလန့်လွန်ရင်လည်း .. မကောင်းဘူး .. မင်းတို့လည်း အိပ်တဲ့အခါ ခေါင်းအုံးအောက်မှာ ဓားကိုခေါက်ပြီး မြင့်အောင်လုပ်အိပ်တာမျိုးတွေဘာတွေ မလုပ်ပါနဲ့ .. လည်ပင်းပေါ်ကို စောင်ခေါက်ကြီး ပိနေတာမျိုးလည်း မဖြစ်စေနဲ့ .. ကြားရဲ့လား .. ”

“ဟုတ်ကဲ့ပါ မာသာ .. ”

ဟု ကြူလေး လက်ပိုက်ဖြေတော့ မာသာ ကျန်လေးကောင်ကို ကြည့်လာသည်မို့ ..

“ဟုတ်ကဲ့ပါ မာသာ .. ”

ညောင်နာနာအသံလေးတွေဖြင့် လေးကောင်သား

ဖြေကြပါ၏ .. ။ မာသာ အခန်းပြင်ထွက်တော့မည်မို့ ..

“သိုင်းကျူး .. ဗွန်ဘိုင်း မာသာ .. ”

ဟု အတန်းထဲ တစ်ခုခုစစ်ဆေးဖို့ မာသာဝင်လာပြီး လျှင် ပြန်ထွက်သွားချိန်တိုင်းမှာ အတန်းသားတွေအားလုံး လက်လေးတွေပိုက်၍ရယ် .. ။ သံပြိုင်ပြောကြရစမြဲ ဖြစ်ပါသောစကားကို .. ခုလည်း .. ပြောတော့ မာသာ တစ်ချက်ရပ်သည် .. ။ လှည့်ကြည့်စဉ်ခိုက် မျက်နှာတည်နေ၏ .. ။ ဒါပေမဲ့ .. မျက်ဝန်းတွေက ပြုံးရိပ်သမ်းနေသည် .. ။ ရယ်ချင်နေမှန်း သိသာသည်ပါပဲ .. ။

ထိုအခါမှ .. ငါးကောင်သား .. ရင်ထဲ ဟင်းခနဲ သက်မကြီး ချလိုက်နိုင်ကြချေသတည်း .. ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [၃]

ဗစ်တိုးရီးယားဟု ကြေးဝါပြားကြီးထက်မှာ ခြံအဝင် အုတ်တိုင်ကြီးထက်၌ နှစ်မြှုပ်ထားပါသည့် အမည်ကိုကြည့်၍ ကြူလေး မျက်မှန်ကိုတစ်ချက်ပင့်ကာ ..

"ခမ်းနားတယ်ဟေ့ .. ကြေးဝါပြားကြီး ဖြုတ်ပေါင်ရင်တောင် မှ ရမယ့်ပိုက်ဆံက .. ငါတို့တစ်အုပ်လုံးအတွက် မုန့်ဟင်းခါး လတစ်ဝက်စာတော့ လုံလောက်နိုင်တယ် .. "

ဟု ရယ်ဟဟဖြင့်ပြောတော့ မွန်သူမှ မျက်နှာလေး အပျက်ပျက်ဖြင့် ..

"ဟင် .. ဖြုတ်ပေါင်ရင် .. ကြွေ့ဖေဖေက .. ဗမ်းမှာပေါ့ .."

ဟု ဝင်ကန့်ကွက်နေတော့ ကြူလေး ခေါင်းခါ၍သာ ရယ်နေပါ၏ .. ။ အုပ်စုထဲမှာ မွန်သူမှာ အချမ်းချိုးလျက် ဘာမခို သူများပြောသမျှ အဟုတ်လိုက်ထင်နေတတ်သူပါ .. ။

"အင့်တ်အစ်ဇ်စထရိန်း .. ယက်တ်ထရှူး .. ဆိုသလို ဖြစ်နေ ပါပြီ ဒေါ်မွန်သူရယ် .. ထူးဆန်းပါ၏ .. သို့သော် .. အဟုတ် အမှန်ပင်ဖြစ်ပါသည် .. ဒီလောက် ထူးဆန်းအံ့သြဖို့ကောင်း လောက်တဲ့ လူမျိုးတစ်ယောက်ဟာ .. လောကကြီးမှာ ရှိနေ တာကိုက .. ထူးဆန်းနေတာ .. ဒါပေမဲ့ .. ဒီလောက်အူတိ အူအဖြစ်နေတဲ့ မွန်သူဆိုတာ တကယ်ကိုပဲ အဟုတ်အမှန်ကို ပဲ .. လောကကြီးထဲမှာရှိနေချေသည်တကား .. လို့ ပြောယူ ရလောက်အောင် ဖြစ်နေတာကိုတော့ .. ငါကိုယ်တိုင်က လည်း .. တစ်ခါတစ်ခါ စိတ်မောနေမိရတော့တာပါပဲ .. "

ဟု ခေါင်းခါလည်ခါနှင့် ချူသံပါအောင် ညည်းသံ လေးပြုပြနေသည်က ကြူလေးပါ .. ။ မျက်ဝန်းလေးတွေကတော့ ရယ်ရိပ်တွေသမ်းနေပါ၏ .. ။ မွန်သူမှ မျက်မှန်လေး တပင့်ပင့်ဖြင့် ပညာရှိဂိုက်ပမ်းနေပါသော ကြူလေးကို မျက်မှောင်လေးတစ်ချက် တွန့်ကြည့်သည် .. ။

"အဲဒီ ကြေးဝါပြားကြီး နင်ဖြုတ်ပေါင်ချင်နေတာနဲ့ .. ငါ .. ရှိုးသွားနေတာကို ထူးဆန်းအံ့သြပြနေတဲ့ကိစ္စ .. ဘာဆိုင်လို့ လဲ .. လုံးဝ မဆက်စပ်ရှိနေတဲ့ဥစ္စာ .. "

ဟု ဆက်စွာနေတော့ ကြူလေး လက်ထပ်ခါ၍ရယ် သည် .. ။ အန်တီလေး၏ မာစီဒီးကားကြီးကတော့ ခြံဝင်းထဲ ဝင် သွားပြီ .. ။ နောက်မှ လိုက်ပါလာပါသည့် ရှင်မွေးကြွေတို့၏ ပလိုင်း မောက်ကားနက်ကြီးကတော့ ရယ်သံတွေ တဝေဝေဖြင့် ရှိနေရလေ သမျှ .. ကားမောင်းလာပါသည့် ဦးသိန်းကတော့ လွတ်ခနဲ ဟက် ဟက်ပက်ပက် ရယ်ချလိုက်သည်အထိပါတည့် .. ။

သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ သူငယ်ချင်း လေးစု ဗစ်တိုးရီးယားသို့ လိုက်လည်ချင်ကြသည်ဆိုတော့လည်း ..

www.burmeseclassic.com

www.burmeseclassic.com

အန်တီလေးကို ဖုန်းဖြင့် ရှင်မွေးကြွေ ခွင့်ပန်ခဲ့ပါ၏ .. ။ အန်တီလေးကလည်း ရှင်မွေးကြွေတစ်ယောက်တည်း ဗစ်တိုးရီးယားမှာ မျိုသိပ်စွာ ကြေကွဲနေခြင်းထက် .. ခုလို .. သူငယ်ချင်းတွေနှင့် ပျော်ရွှင်စွာရှိမည့်အဖြစ်ကို ပို၍ လိုလားချေသည်သာ .. ။ ဘာကြောင့်ဆို .. အန်တီလေးလက်ပေါ်မှာပဲ ကြီးပြင်းခဲ့ရပါသော ရှင်မွေးကြွေဆိုသည့် တူမလေးတစ်ယောက်၏ ရင်ထဲကဝေဒနာကို အန်တီလေး ရှာဖွေဖတ်ရှုတတ်နေခဲ့ချေလိမ့်မည်ဆိုတာလောက်ကိုတော့ ရှင်မွေးကြွေကိုယ်တိုင်ကလည်း အလိုလို သိနေသည်လေ .. ။ အန်တီလေးဘက်မှ သူငယ်ချင်းတွေကို ခေါ်လာဖို့ပဲ .. လိုက်လှဲစွာ ခွင့်ပြုခဲ့သည်နှင့်အမျှ .. ကိုယ်တိုင်လည်း မာသာစုပီးရီးယားထံမှာ လာ၍ခွင့်ပန်ပေးခဲ့သည်အထိ တူမလေး၏ဆန္ဒကို ဖြည့်ဆည်းပေးခဲ့သည်သာ .. ။

ဦးဘုန်းစစ်မင်းဆိုတာက .. မိုင်းသာမြို့မှာ အရှိန်အဝါကြီးသည့် ကြွယ်ဝချမ်းသာလွန်းသူတစ်ယောက် .. ။ ပြီးတော့ .. မျိုးရိုးဂုဏ်ရှိန်လည်း ကြီးသူတစ်ယောက် .. ။ ဘော်တွင်းပိုင်သူတစ်ယောက် .. ။ ကျောင်း၏ ကာပွဲတွေအတွက် ရက်ရောစွာ အလှူငွေအမြောက်အများကို ထည့်ဝင်လှူဒါန်းပေးသူတစ်ယောက်ပေမို့ .. ။ မာသာသည် .. အန်တီလေး၏ ခွင့်ပန်မှုကို လက်ခံခဲ့ပါ၏ .. ။

ခုလို .. ဆယ်ရက်မျှလောက်ရှိသည့် ကျောင်းပိတ်ရက်လေးမှာ .. အိမ်ပြန်ချင်သူရှိက .. အိမ်ပြန်ခွင့် .. ။ မပြန်လိုပါကလည်း ဘော်ဒါဆောင်မှာပဲ နေခွင့်ဆိုတာကို ကျောင်းမှာပေးထား ... ဘမို့ .. ။ အများအားဖြင့်တော့ .. အိမ်နှင့်နီးသည့် မြို့ရွာတွေကတော့ သိတင်းကျွတ် ကျောင်းပိတ်ရက်မှာ အိမ်ပြန်တတ်ကြပေမယ့် .. ။ ခိုင်းသာနှင့်ဝေးသည့် မြို့ရွာမှ ဘော်ဒါလာနေကြသူတွေကတော့ ကျောင်းမှာပဲ .. ဆက်၍နေလိုက်ကြကာ ကျောင်းပိတ်ရက်တိုလေးကို ဖြတ်သန်းကူးနှံဆုံးလိုက်တတ်ကြပါ၏ .. ။ ခု .. ကြူလေးတို့က .. ခုနှစ်းကျမှ .. ဗစ်တိုးရီးယားသို့ လိုက်လည်ကြမယ်ဟု ဖွင့်ဟ၍ ပြောလာကြတော့လည်း ရှင်မွေးကြွေ ငြင်း၍ကောင်းသည်လည်းမဟုတ် .. ။ ပြီးတော့ .. အိမ်မှာ သူငယ်ချင်းတွေနှင့် ရှင်မွေးကြွေလည်း ပျော်ချင်သည်ပါပဲ .. ။

ဒါပေမဲ့ .. ခြော် .. ဒါပေမဲ့ .. ရင်ထဲမှာ တစ်ထောင့်တစ်နေရာလေးဆီမှ စိုးရိမ်ကြောင့်ကြနေမိရသည့် ခံစားမှုတစ်ခုကလည်း ပြင်းထန်သောအားဖြင့် စိတ်ကို လေးလံနေစေပြန်သည့်အဖြစ် .. ။

ဖေဖေ .. ။ ဟုတ်သည် .. ။ ဖေဖေသည် .. ခါတိုင်းနှစ်များလိုပဲ .. ရှင်မွေးကြွေဆိုသည့် သမီးတစ်ယောက်ကို .. ဥပေက္ခာပြုမြဲ ပြုနေချေမည်သာ .. ။ ထိုအဖြစ်များကို သူငယ်ချင်းတွေတွေ့သွား .. နားလည်သွားကြချေလျှင် .. အဘယ်မျှထိ .. အနေရအထိုင်ခက်စေသည့် ခံစားမှုတွေကို ရှင်မွေးကြွေ၏ရင်ထဲမှာ .. ဖွတ်မရ .. ရှောင်ကွင်းမရနိုင်စွာဘဲ ရှိသွားစေကြဦးမည်မသိ .. ။

"အို .. ပေပေက .. အဲသလိုပဲ .. ခပ်အေးအေး နေတတ်သူပါလို့ .. ငါ .. ဖေဖေနဲ့ ငါ့ဆက်ဆံရေးကို ဟာဟာထေးထေးတော့-ပြောလိုက်နိုင်မှာပါ .. သူတို့ .. ယုံကြည်ကြမှာပါခုလည်းကြည့်ပါလား .. ငါခွင့်ပန်လိုက်တာနဲ့ .. အန်တီလေးက အလိုလိုက်ပြီး .. အားလုံးလိုက်လျော လုပ်ကိုင်ပေးတာဆိုတော့ .. သူတို့က .. ငါ့ကို .. ဗစ်ကိုးရီးယားမှာ .. အစစ

www.burmeseclassic.com

www.burmeseclassic.com

.. အလိုလိုက်ခံနေရတဲ့ ကောင်မလေးတစ်ယောက်လို့ ဗိုင်း ထင်ပေးနေကြတာပဲမဟုတ်လား .. "

ဟူသော အတွေးတွေဖြင့် ရှင်မွှေးကြွေ တစ်ချက် ငြိမ်ခံနေ ဖြစ်သွားရပါ၏ .. ။ ကားကြီးကတော့ ခြံဝင်းထဲသို့ အနိတိ လေး၏ ကားနောက်ဆီမှ ဝင်လိုက်လာရှေ့ပြီ .. ။

ကြူလေးတို့ တစ်အုပ်လုံးကတော့ .. ခြံဝင်းတွင်း မှ ဥယျာဉ်ကျယ်ကြီး .. ။ မြက်ခင်းကျယ်ကြီးနှင့် ပန်းပင်ရုံတန်း များ .. ။ ရေကန်ငယ်လေးနဲ့ ထိုရေကန်ငယ်လေးမှာ ကြိုးကြာငှက်ပုံ လှလှလေးက ပျံတက်တော့မည့်အလား လှပစွာရှိနေလျက် .. ကြိုးကြာနှုတ်သီးဆီမှ ရေတွေကျနေတာကိုလည်း တမော့ငေးငေး ကြီး ရှိနေကြပါ၏ .. ။ စံကားပန်းပင်တန်း .. ။ ရေတာမာပင်တန်း .. ။ ကုံကော်ပင်တန်း .. ။ ဝက်သစ်ချပင်မြင့်မြင့်ကြီးများနှင့် ထင်းရှူး ပင်တန်းတွေကိုလည်း တငေးငေး .. ။ ခြံဝန်းကျယ်ကြီးကိုလည်း ခေါင်းလေးတလည်လည်ဖြင့် ကားထဲကနေရင်း ဟိုကြည့်သည် ကြည့်နှင့် ရှိနေကြရင်းမှ ..

"ဟေး .. ငါတို့ရှင်မွှေးကြွေက .. ပရင့်စစ်ရှင်မွှေးကြွေကိုး ကွ .. နင်ဒီလောက်ကြီး ချမ်းသာနေမှန်း ငါတို့မထင်မိခဲ့တာ တော့ ဝန်ခံလိုက်ပါရဲ့ သူဌေးမလေးရယ် .. ကြည့်စမ်း .. ခြံကြီးကလည်းကျယ် .. အိမ်ကြီးကလည်း တကယ့်ကတ်စ် တယ်ပဲဟေ့ .. ရဲတိုက်ကြီးပဲ .. ငါသာဆို .. ဘဝင်မြင့်လို့ကို အဆုံးသတ်တော့မှာမဟုတ်ဘူး .. နင့်လောက် ချမ်းသာရင် လေ .. "

အမိုးနီနီ .. ။ မီးခိုးခေါင်းတိုင်ကြီးနှင့် အမိုးဆောက်

ဆောက်ကြီးဖြင့် နှစ်ထပ်အဆောက်အအုံမြင့်မြင့်ဖြင့် ရှိပါသော အုတ်နီ ရွေးရွေးဖြင့် ရှိနေပါသည့် ဗစ်တိုးရီးယားကိုကြည့်ကာ .. ကြူလေး ရယ်၍ပြောစဉ်ခိုက် ရွှန်းသူမှ မျက်စောင်းလေးထိုးလိုက်ကာ ..

"ဒါကြောင့်လည်း .. နင်ဘဝင်မမြင့်အောင် .. အဲ့သလောက် ကိုမချမ်းသာတာဘဲ ဖြစ်သွားရတာရှိမှာပေါ့ .. သူများ ချမ်း သာတာကိုကြည့်ပြီး .. သူကာ ဘဝင်မြင့်ချင်ဖနေသေးတယ် .. ဟွန်း .. ငါတို့ကိုတောင် အပေါင်းအဖော် လုပ်ချင်မှာ မဟုတ်ဘူး .. နင်ချမ်းသာနေရင် .. "

ဟု မျက်နှာလေးချိ၍ပြောတော့ ကြူလေးကတော့ ထုံးစံအတိုင်း ရယ်နေသည်ပါပဲ .. ။ ကြာပွင့်ကြီးတွေအပေါ်ဆီသို့ တစ်ပွင့်ချင်း တစ်ပွင့်ချင်း စီထပ်တက်သွားသယောင် အလှဆင် ထားပါသည့် ကွန်ကရစ်ပေါ်တီကိုတိုင်ကြီးတွေရှိရာ ဆင်ဝင်ကြီး အောက်မှာ ကားနှစ်စီး ရှေ့နောက်ဆင့်၍ရပ်လိုက်စဉ်ခိုက် .. အိမ် အဝင်မှန်တူတံခါးရွက်ကြီး ပွင့်သွားကာ .. ဒေါ်ကြီးသင်း၏ ဝမ်းသာ အားရရိပ်တွေ လွှမ်းခြုံနေပါသည့် ပြုံးမြမြမျက်နှာ ပေါ်လာပါ၏ .. ။ အသားဖြူဖြူ .. ။ တုတ်တုတ်အိအိကြီးနှင့် ဒေါ်ကြီးသင်းကတော့ ယခင်တုန်းကလိုပဲ .. ဖြူစင်သောအပြုံးတွေဖြင့် ခင်မင်နှစ်လိုဖွယ် ဖြစ်နေသည်ပါပဲ .. ။

"အံမယ်လေး .. လှလိုက်တာကွယ် .. ဒေါ်ကြီးရဲ့သမီးလေး ကတော့ .. ဘယ်တော့ဆို .. လှနေတော့တာပါပဲ .. ကြည့်စမ်း .. ကြည့်စမ်း .. ဆံပင်တွေတောင် အတော်ကြီး ရှည်နေပြီ .. တင်ပါးအောက်တောင် ရောက်နေပြီးရော .. ပေး .. ပေး .. ပစ္စည်းတွေ ဒေါ်ကြီးသယ်မယ် .. မိဥ ..

www.burmeseclassic.com

www.burmeseclassic.com

သယ်လေ .. အိတ်တွေ .. ”

ဟု ပြောလည်းပြော .. ။ ကြည့်မဝနိုင်သလိုလေးလည်း ရှင်မွေးကြွေ၏ မျက်နှာနုနုဥဥလေးကို တစိမ့်စိမ့်ကြည့် .. ။ ကားထဲမှ သားရေအိတ်တွေလည်းသယ်နှင့် ဒေါ်ကြီးသင်း အလုပ်ရှုပ်ရှာပါ၏ .. ။ မမဥကတော့ ဒေါ်ကြီးနှင့်အတူ ပစ္စည်းဝန်စည်စလယ်လေး မဖြစ်စလောက် ပါလာသမျှကို သုတ်သုတ်သယ် .. ။ ဆံကျစ်ရှည်လေး နှစ်ဖက်ကျစ်၍ အဝါနုရောင် ပိုးဂါဝန်ရှည်လေးကို ဝတ်ထားပါသော ရှင်မွေးကြွေကိုလည်း တကြည့်ကြည့်နှင့် ရှိနေသည်ပါပဲ .. ။

“တွေ့လား .. နင့်ကို .. ဘယ်သူကမှ ချောတယ်လို့ မပြောဘူး .. ”

ခြံဝင်ဝကတည်းက .. အမြင်အကတ်ကြီး ကတ်လာပါသော မွန်သူက ကြူလေးကို ခပ်တိုးတိုးပြောနေတော့ ကြူလေး တစ်ချက် ဟက်ခနဲရယ်သည် .. ။ နောက်မှ .. ဒေါ်ကြီးသင်းတို့ဆိုတာက မျက်နှာစိမ်းတွေချည်း ရှိနေကြသေးတာမို့ မျက်နှာပိုးလေး ပြန်သပ်ကာ ..

“ကြည့်နေ .. မကြာစေရဘူး .. ဒီဗစ်တိုးရီးယားမှာနေရတဲ့ရက် နှစ်ရက်လောက်ပဲရှိချိန်မှာ .. ကြွေကလွဲရင် .. ဒီအုပ်စုထဲမှာ ငါသာ အချောဆုံးဖြစ်တယ်လို့ .. ဒေါ်ကြီးက ပြောလိမ့်မယ် .. စောင့်နေပါ .. စောင့်နေပါ .. စိတ်ရှည်စွာ စောင့်နေပါ .. ”

ဟုအရမ်းကိုသေချာပေါက်ပုံဖမ်းနေလျက် ကြူလေး ပြောပါ၏ .. ။

အားလုံး အန်တီလေး၏ အေးချမ်းသိမ်မွေ့သော အပြုံးလေးအောက်မှ ပျော်သွားကြရသည်က ..

“အပေါ်ထပ်မှာ .. အခန်းကျယ်ကြီးတစ်ခန်း ရှင်းထား .. ပြင်ဆင်ထားပြီးနေပြီ .. အဲဒီကို .. အန်တီလေး လိုက်ပို့ပေးမယ် .. ကြွေလေးလည်း .. သူတို့နဲ့ တစ်ခန်းတည်းနေမှာ မဟုတ်လား .. ကြွေလေးအခန်းမှာ နေမှာမဟုတ်ဘူး မဟုတ်လား .. ”

ဟုမေးတော့ .. ကြွေ ခပ်သွက်သွက်ခေါင်းညိတ်သည် .. ။ ဘာပဲဖြစ်ဖြစ် .. ။ ဗစ်တိုးရီးယားမှာ ကြွေ .. ကျောင်းပိတ်ရက်ကို ဖြတ်သန်းကုန်ဆုံးရမည်က .. သူငယ်ချင်းတွေနှင့်ပေမို့ ပျော်လာနေမိရသည်ပါပဲ .. ။ ဖေဖေသည်လည်း .. သူငယ်ချင်းတွေနှင့်အတူ ရောက်လာပါသည့်သမီး၏မျက်နှာကို ခါတိုင်းတုန်းကလို မျက်နှာတည်ကြီးနှင့် ကြည့်ချင့်လျှင်သော်မှ .. ဘေးတစိမ်းတွေ ရှိနေကြတာမို့ နည်းနည်းလေးလောက်တော့ မျက်နှာထက်မှာ ပျော့ပျောင်းနူးညံ့ရိပ်တွေ ဝင်လာနိုင်သေးသည်ပဲဟု မျှော်လင့်လိုက်ချင်သည်ပါ၏ .. ။

အပေါ်ထပ်လှေကားထစ်တွေကို နင်းဖြတ်တက်ကြတော့လည်း လှေကားထစ်တွေမှာ ကပ်ခင်းထားပါသော အနီရောင် လှေကားခင်းကော်ဇော်ကြီးကို ခြေထောက်နှင့် ပွတ်ကြည့်နေတော့ မွန်သူမှ မျက်မှောင်လေးတွန့်၍ ..

“ဂျတ်စ်လိုက်အာမန်းကီးပဲ .. ”

ဟုမျောက်နှင့်တူတာကိုပြောတော့လည်း ကြူလေး ရယ်နေသည်ပါပဲ ... ။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကြီး၏ မြောက်ဘက်အစွန်ဆုံး အခန်းကျယ်ကြီး ရှိရာကို အပြာရင့်ရောင်ကော်ဇော် ခင်းထားပါသည့် ကြော့ရှည်အတိုင်း လျှောက်ခဲ့ကြကာ အခန်းကျယ်ကြီးထဲ ရောက်ကြတော့လည်း ကျွန်းခုတင်လေးလုံး စီတန်းလျက် အိပ်ရာခင်းအပြာရင့်အခံမှာ အဖြူရောင် နှင်းဆီဖြူဆုပ်ကြီးတွေဖြင့် အဆင်သွေးတူအခင်း အကျင်း .. ။ ခေါင်းအုံးစွပ် ကတ္တီပါအပြာနုရောင်အပုံးတွေနှင့် .. ကတ္တီပါအပြာရောင်ကြီးတွေ ဖုံးထားပါသော သက္ကလပ်စောင်တွေဖြင့် အရမ်းကို သပ်ရပ်လှပနေသော အခန်းကျယ်ကြီးကို ကြူလေးတို့တတွေ အံ့သြငေးမော ကျေနပ်နေကြ ပျော်နေကြသည့်နှယ် ရှင်မွေးကြွေလည်း အန်တီလေး၏လက်လေးကို ချစ်ကြင်စွာကိုင်ဆီးရင်းမှ ..

"ကြွေ့သူငယ်ချင်းတွေကို ဒီလောက်ထိ ဂရုတစိုက် လုပ်ပေးတာဟာ .. ကြွေ့ကို ဘယ်လောက်ထိ အန်တီလေး အလေးအနက်ထားပြီး ချစ်တယ်ဆိုတာကို သက်သေပြနေသလိုပါပဲ အန်တီလေးရယ် .. "

ဟု မျက်ရည်တွေ ဝဲတက်လာသည်အထိ ကြည်နူးစိတ်ဖြင့် ပြောမိရသည်အထိပါ .. ။

အခန်းကျယ်ကြီးကိုကြည့် .. ။ ပိုးသားခန်းဆီးရှည်ကြီးတွေက အပြာရင့်ရောင်အခံမှာ အဖြူရောင်ပန်းဆုပ်တွေ ရှိနေပါသည့် ယဉ်ကျေးကျေးအဆင်အသွေးဖြင့် ရှိနေကြလျက် .. ။ အပြာရင့်ရောင် သားမွေးကော်ဇော်ကြီး ခင်းထားပါသောအခန်းထဲမှာ .. ။ ရေဒီယိုရှိသည် .. ။ တိတ်ရကော်ဘာ ရှိသည် .. ။ မှန်တင်ခုံလှလှလေးကတော့ .. ကြွေ့မှန်တင်ခုံကို ပြောင်း၍ထည့်ထားခြင်းပါ .. ။ ဆိုဖာဆက်တီကြီးတစ်စုံက အပြာရင့်ရောင်ကတ္တီပါဖုံးကြီးဖြင့် ရှိနေကြလျက် .. ။ ငွေပန်းအိုးတစ်လုံးက ဆက်တီစားပွဲထက်မှာ နှင်းဆီဖြူကြီးတွေဖြင့် လှပဖွာရှိနေပါ၏ .. ။ အပြာနုရောင် စာအုပ်ဆောင်းတပ် ညအိပ်မီးတိုင်ရှည်ကြီးက ခုတင်နှစ်လုံးစီ၏ အလယ်မှာ ရှိနေကာ စာကြည့်စားပွဲလေးတွေကအစ စားပွဲခင်းအပြာနုရောင်လေးတွေ ခင်းကျင်းလျက် .. စာကြည့်မီးတိုင်လေးတွေ တစ်လုံးစီဖြင့် စာကြည့်စားပွဲထက်မှာ တင်နေလျက်ဖြင့် ရှိနေကာ .. ။ အင်္ဂလိပ်ရုပ်ပြကာတွန်းစာအုပ်လေးတွေ .. ။ မဂ္ဂဇင်းတချို့နှင့်အတူ .. စာကြည့်စားပွဲထက်မှာ ရှိနေကြတာမို့ ..

"အဖျှင်းပြေ စာဖတ်ကြဖို့အထိတောင်မှ အန်တီလေး စဉ်းစားစီစဉ်ပေးထားတာပဲ .. "

ဟု ကြွေထပ်ပြောမိကာ အန်တီလေး၏ခါးကို ဖက်မိရပါ၏ .. ။

"ဟေး .. ဒီဇင်ဘာကျောင်းပိတ်ရက်ကျရင်လည်း .. ဒီမှာပဲ .. ငါတို့ လာနားမယ်ဟေ့ .. "

ဟု လွှတ်ခနဲ ကြူလေးရယ်၍ပြောပြီးမှ အန်တီလေးကို ရှက်အမ်းအမ်းဖြင့် တစ်ချက်ကြည့်၍ရယ်သည် .. ။ အန်တီလေးကတော့ အားလုံးကို ပြုံးကြည့်နေသည်ပါပဲ .. ။

"ပျော်ပျော်နေကြပါ .. လွတ်လွတ်လပ်လပ်လည်း နေကြပါကွယ် .. ဟိုဗီရိုပုလေးထဲမှာ ဘီစကစ်ပုံးလေးတွေရှိတယ် .. ယူစားကြနော် .. အောက်ထပ်မှာလည်း .. လိုတာရှိသမျှ .. မီးဖိုဆောင်ထဲက ဖရေ့စ်ထဲကယူစားကြ .. ကြွေရှိနေတာပဲကွယ် .. ကြိုက်တာယူစား .. ကြွေက ဦးဆောင်ပေါ့ ..

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်သူငယ်ချင်းတွေကို .. ကိုယ် .. ကြိုက်သလို ဧည့်ဝတ်ပြု .. အန်တီလေးက .. မနက်ဘက်ပဲ ရှိနေရမှာလေ .. ရတနာ ဆိုင်ကို .. သွားရတာကရှိသေးတာမဟုတ်လား .. ကလေး တွေကို .. ကြွေက .. ဧည့်ဝတ်ကျေရမှာနော် .. ဂရုတစိုက် ရှိရမှာ .. တာဝန်မကျေဘဲဖြစ်တာမျိုးကိုတော့ .. သတိထား ရှောင်ရမယ် .. ကိုယ့်ဧည့်သည်ကို .. ကိုယ်က .. အလိုလိုက် ရမှာနော် .. ဧည့်သည်တွေက .. ကိုယ့်ကို အလိုလိုက်ရတာ မျိုးမဖြစ်စေနဲ့ .. ပြီးတော့ .. ကိုယ့်မျက်နှာရိပ်ဘဲကို ကြည့် နေရတဲ့ ဧည့်သည်ဘဝကိုလည်း မရောက်စေနဲ့ .. ကြားရဲ့ လား .. ဒီနေ့တော့ .. အန်တီလေး ရတနာဆိုင်ကို .. မမြရီ နဲ့ လွှဲထားခဲ့တယ် .. ညနေဘက်ကျမှပဲ .. စာရင်းအင်းနဲ့ ရောင်းရငွေ စစ်လိုက်တော့မယ် .. ကဲ .. နားကြ .. နားကြ.. ခဏကြာရင် .. ဒေါ်ကြီးသင်း .. ကော်ဖီနဲ့ .. မုန့်တင်း လာပို့ ပေးလိမ့်မယ် .. ”

ဟုပြောကာ အားလုံးကို အနေမကြံ့အောင်လည်း ရယ်ပြပြီးမှ အခန်းထဲက ထွက်သွားပါ၏ .. ။

လေးယောက်သား အခန်းထဲ ပြုံးကြည်နေသည့် မျက်နှာလေးတွေဖြင့် ကျန်ခဲ့ကြပါ၏။

ကြူလေးမှ ပထမဆုံးစ၍ ခုတင်ပေါ် ပြေးတက် ထိုင်သည် .. ။ တင်ပျဉ်ခွေ၍လည်း ထိုင်လိုက်ပြန်သည် .. ။ မွေ့ရာ ထူအိအိကို လက်ဖြင့် ခပ်ဖိဖိအုပ်လိုက်ပြန် ကြွလိုက် လုပ်ကြည့် သည် .. ။ ခုတင်ပေါ်ထိုင်နေရာမှ လှဲလိုက်ပြန်ကာ မျက်နှာကျက်ဆီ မှ မီးပန်းဆိုင်းလှလှကို မော့ကြည့်မိပြန်၏ .. ။ ပထမတော့

ကျော့ကျော့မြတ်နှင့် မွန်သူက ငေးကြည့်နေသေးသည်။ နောက် တော့လည်း ပြိုင်တူ ခုတင်ပေါ် ပြေးတက်ထိုင်ကြ .. ။ လှဲအိပ်ကြ နှင့်ရှိနေရာမှ ..

“ဝန်ကြီးဖလိုမီနာကို သတိရလိုက်တာဟယ် .. သူက .. သူ့အဖေ လာခေါ်လို့ နိုင်ငံခြားကို ပြန်သွားရရှာတယ် .. သူပါ ရင် .. သိပ်ကောင်းမှာ .. အင်း .. ဟိုကိုပြန်ရောက်တဲ့အခါ သူ့ကို .. ဒီနေရာမှာ .. ငါတို့ ဘယ်လောက်သားနားဇိမ်ကျ ခဲ့ရကြောင်းတွေ .. သွားရည်ကျအောင် ပြောပြရလိမ့်မယ်.. သူ .. သေချာတယ် .. ဒီဇင်ဘာကျရင် .. ငါတို့နဲ့အတူ .. ဒီကိုပါလာလိမ့်မယ် .. ”

“အိမယ် .. ဘယ်သူက .. သူ့ကို ဒီဇင်ဘာမှာ ဒီမှာလာနေပါ လို့ ခေါ်နေတာကျလို့ .. အရှက်ကိုမရှိဘူး .. သူများအိမ်ကို အတင်းတက်နေဖို့ပဲ ကြံစည်နေတော့တာပဲ .. ”

ဟု ကျော့ကျော့မြတ်ပြောတော့လည်း ကြူလေး ရယ်နေသည် .. ။

“ဟော့ .. ပြောနေဖို့လိုနေလို့လား .. ဒီအိမ်ဟာ ကြွေ့အိမ် ဖြစ်သည့်အတွက် .. ငါတို့သည်ကား .. ဤအိမ်ကြီးပေါ်သို့ တက်ချင်သည့်အခါကာလတိုင်း တက်၍ရကြချေသည် တကား ... ”

ဟု သွားတွေပေါ်အောင် အားရပါးရရယ်၍ပြော တော့ ..

“သွားတိုက်ဆေးကြော်ငြာတာကျနေတာပဲ .. သွားပိုးစား ထားတဲ့ အံသွားတောင် မြင်နေရပြီ .. ”

www.burmeseclassic.com

www.burmeseclassic.com

ကျော့ကျော့မြတ် ဘာကိုပြောပြော .. ။ ကြူလေးကတော့ ရယ်နေသည်ပါပဲ .. ။ ပျော်ပျော်နေတတ်သည့် ကြူလေးကို ကြွေလည်း ပို၍ အချစ်ပိုမိတာကိုတော့ ကျန်သည့်အကောင်တွေကို ဖွင့်မပြောရဲ .. ။ ဝိုင်း၍ မနာလိုကြမှာ သေချာသည်လေ .. ။

"အေးဟာ .. ဖလိုမီနာကို .. သူ့ဖေဖေကလည်း .. လာခေါ်ရတယ်လို့ .."

သူများအဖေက သူများသမီးကိုခေါ်သည့်ကိစ္စ .. ဗစ်တိုးရီးယားသို့ ခေါ်မလာဖြစ်ရတာကိုပဲ ကြားထဲက မအီမချင့်ကြီးညည်းနေသည့် ကျော့ကျော့မြတ်ကို ကြွေကြည့်မိသည်။ ဖေဖေ .. ။ ဖေဖေကများ .. ဖလိုမီနာကို လာကြိုခေါ်သလိုများ ကျောင်းမှာလာခေါ်ကြည့် ... ။ ကြွေ .. ဝမ်းသာလွန်း၍များ .. ရူးသွားချေမည်လားမသိ .. ။ ဟုတ်သည် .. ။ ခဏလေးလောက်တော့ ရူးသွားနိုင်သည် .. ။ စိတ်လွတ်လက်လွတ်ကြီးကို .. ဖေဖေ့လက်မောင်းကြီးကို ဖက်တွယ်မိကာ ငိုနေမိနိုင်သည် .. ။ ရယ်နေမိနိုင်သည် .. ။ စကားတွေလည်း တတွတ်တွတ်ပြောနေမိနိုင်သည် .. ။ ဖေဖေ့ထံမှ အချစ်တွေကို ဘယ်လောက်ထိ တောင့်တနေမိရလေသည်ကို ငယ်ဘဝကတည်းက စုဆောင်းခံစားနေမိရခဲ့လေသမျှ တတွတ်တွတ်ဖြင့် ပြောပြနေနိုင်သည် .. ။ ပျော်ရွှင်မှုများသည် .. နှလုံးအိမ်ထဲမှာ ခုန်ပေါက်ပြေးလွှားနေရာမှ .. နှုတ်ခမ်းဆီသို့ စီးမျောတိုးဝင်လာကြကာ စကားလုံးများအဖြစ် အဆက်မပြတ် .. စီးကျဖြူးတူးနေနိုင်သည် .. ။

ဒါပေမဲ့ .. ။ သြော် .. ဒါပေမဲ့ .. ထိုအဖြစ်တို့သည် .. ရှင်မွေးကြွေဆိုသည့် ကောင်မလေးတစ်ယောက်၏ဘဝမှာ .. ဘယ်

သောအခါတွင်မှ ဖြစ်တည်လာနိုင်ချေမည်မဟုတ်ဟု မိတ်ပျက်အားလျော့စွာ ချက်ချင်းရင်ထဲက .. သတိပေးလာနေပြန်တော့လည်း .. မျက်ရည်က ဝေ့ခနဲဖြစ်ချင်လာရပါ၏ .. ။

ကျော့ကျော့မြတ် ခုတင်ထက်မှဆင်းကာ ပြတင်းအနီးမှာ သွားရပ်ပါ၏ .. ။

အဖြူရောင်လက်ရှည် ပိုးဂါဝန်လေးဖြင့် ကျော့ကျော့မြတ်သည်လည်း ဖြူဖွေးဖွေးလေးဖြင့် ချစ်ဖို့ကောင်းနေသည်မှာ အမှန်ပါ .. ။ လက်လေးနှစ်ဖက်ကို အထက်သို့ ပြိုင်တူဆန့်တန်းလိုက်ကာ အကြောဆန့် အကြောလျှော့သလို လုပ်နေရင်းမှ ..

"ဟယ် .. ကြည့်စမ်း .. ဝါးရုံရိပ်လေးရယ် .. ချောင်းလေးရယ် .. ဟိုမြောက်ဘက်မှာ ရှိနေသေးတယ်တော့ .."

ဟုပြောတော့ ကြူလေးရော မွန်သူရော .. ဘယ်မှာလဲ .. ဘယ်မှာလဲ .. နှင့်အော်မေးကြရင်းမှ ခုတင်ပေါ်မှာ ဖိမ်ကျနေပ်နေကြရာမှ ပြေးဆင်းလာကြပြန်သည် .. ။

ကြွေ .. နောက်ပါးဆီမှရပ်၍ ကြူလေးတို့နှင့်အတူလိုက်ငေးကြည့်မိပြန်သည် .. ။

အုံ့ဆိုင်းကောင်းနေပါသော ဝါးရုံရိပ် .. ။ နောက် .. အနောက်ဆီမှ ခွေဝိုက်ကွေ့ဝင်လာကာ အရှေ့ဘက်ဆီသို့ [illegible]တည်စီးနေပါသောချောင်း .. ။ မိုင်းသာချောင်းသည် ကြွေတို့၏ [illegible]ကျောင်းမှာလည်း ခွေဝိုက်စီးသွားချေလိမ့်မည်ဟု ကြူလေးတို့ [illegible]င်ထားကြပုံမရ .. ။ မိုင်းသာချောင်းသည် .. မိုင်းသာမြို့ကို [illegible]ဝိုက်၍ စီးဆင်းတာကိုတော့ သိထားကြသည်ပေါ့ .. ။ ဒါပေမဲ့ .. ဟိုချောင်းသည်လည်း .. ကြွေတို့၏ ဗစ်တိုးရီးယား[illegible]ကျယ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

၏ဘေးဆီမှာ ခွေဝိုက်စီးဆင်းသွားတာမျိုး ရှိချေလိမ့်မည်ဟုတော့ ထင်ထားကြပုံမရ .. ။

ရှုခင်းကို ခပ်ငေးငေးကြည့်ရင်းမှ ကြွေလေး နောက်ဘက်ကို လှည့်၍ကြည့်လာသည် .. ။

စူးစမ်းသော အကြည့်တစ်ခုအဖြစ် စတင်၍ ကြွေ နားလည်လာရပါ၏ .. ။

“နင့်ဗစ်တိုးရီးယားဟာ .. ဒီလောက်လှပြီး .. ဒီလောက်ပျော်စရာကောင်းတယ်ဆိုတာလေးလောက်တော့ .. နှင် .. တစ်စွန်းတစ်စလေးလောက်တော့ ပြောပြသင့်တာပေါ့ ကြွေ .. ကြည့်စမ်း .. ဘယ်လောက်နေချင်စရာကောင်းနေတဲ့မြို့ကြီးလဲ .. သိပ်လှတာပဲ .. သိပ်ပျော်စရာကောင်းတာပဲ .. ”

ဟုပြောလာသံတွင် နားမလည်နိုင်သည့် အရိပ်အငွေ့တွေလည်း တိုးဝှေ့၍ပါလာနေကြပါ၏ .. ။

ကြွေ .. မြင်ကွင်းကို ခပ်ငေးငေးကြည့်နေမိရဆဲ .. ။ ဝါးရုံရိပ်ထိပ်ဖျားဆီမှ ပျောင်းနွဲ့ဝါးတံထိပ်ဖျားလေးတွေ ယိမ်းနွဲ့နေကြတာက .. အုံကျင်းကောင်းနေကြသည်မို့ .. အစိမ်းရောင်တူညီဝတ်စုံလေးတွေ ဝတ်ထားပါသည့် ယိမ်းသမငယ်လေးတွေ စည်းချက်ဝါးချက်ညီ ဘယ်ညာယိမ်းနွဲ့ကနေကြသည်သို့ ကြည့်၍ပင်ကောင်းနေသေးသည့်အဖြစ် .. ။ ဤမြင်ကွင်း .. ဤအလှသည် .. ကြွေ့အတွက် ဘယ်တော့မှ မရိုးနိုင်သောအလှတစ်ခု .. ။ ကျောင်းပိတ်ရက်တွေမှာ .. ဤအခန်းပြတင်းဆီမှ ရပ်၍ ငေးကြည့်နေကျမြင်ကွင်း .. ။ ငြိမ့်သည်တော့ တည်းခိုနားနေဆောင်အခန်းတစ်ခုအဖြစ် ဤအခန်းသည် သပ်ရပ်စွာ ရှိနေတတ်လျက် .. ။ ဖေဖေ့ညီသည်လောက်သာ .. အလှန်တရာကိုမှ .. ဖြစ်တောင့်ဖြစ်ခဲစွာ ရောက်ရှိလာတတ်ပါသည့် ဤအခန်းသည် .. အများအားဖြင့်ကတော့ လူသူမရှိနေသောအခန်းတစ်ခုအဖြစ်သာ လှပစွာ .. ရှင်းသန့်စွာ .. ပန်းအိုးထက်မှာ ပန်းလေးတွေဝေနေစွာဖြင့် ရှိရှိနေတတ်သည်ပါပဲ .. ။ ဧည့်သည်ရှိရှိ .. မရှိရှိ .. ဤအခန်းကိုတော့ ဒေါ်ကြီးသင်းနှင့် မမဥတို့က .. အမြဲသန့်ရှင်းရေးလည်းလုပ် .. ။ ပန်းအိုးကအစ .. ပန်းလေးတွေ ထည့်ထားတတ်သည်ပါပဲ .. ။ ပန်းဆိုတာကလည်း ဗစ်တိုးရီးယား၏ ဥယျာဉ်ကျယ်ကြီးမှာ .. ပန်းအမျိုးစုံအသွေးစုံတို့က .. အလျှံပယ်စွာ ရှိနေပွင့်နေကြသည်ကိုးလေ .. ။ ဗစ်တိုးရီးယား၏ ဘုရားဆောင်သည် .. အမြဲ .. လှပလန်းဆတ်သော ပန်းတို့ဖြင့် ကြည်ညိုသပ္ပာယ်စွာ ရှိနေတတ်သည်ပဲ .. ။

“ဟိုးဘက်မှာ ဘာတွေရှိသေးလဲဟင် .. ”

ချောင်းဆိုတာက .. ဝါးရုံရိပ် ခြားထားလျက် .. ရကို .. မျှောက်တစ်လှည့် မြင်တစ်လှည့်ဖြင့် မြင်နေရသည်မို့ လှည့်၍ ကျွှာကျော့မြတ်မေးလာတော့ ..

“ချောင်းရဲ့ဟိုဘက်မှာ လယ်ကွင်းတွေရှိတယ်ကျော့ .. စပါးခင်းကြီးတွေဆိုပါတော့ .. ”

ဟု ပြောပြရင်းမှ ..

“ပြီးတော့ .. အပြာရောင်ဗေဒါပွင့်တွေနဲ့ .. ဗေဒါပင်ကြီးတွေလည်း .. ချောင်းထဲမှာ မျောနေတတ်ကြတယ်ကျော့ .. ကြွေ့ငွေးနေ့မှာဆိုရင် .. ဒီချောင်းရေမှာ .. ကြာရွက်စိမ်းလေးတွေ အမြဲမျောနေကျ .. ကြွေငယ်ကတည်းကပေါ့ ..

www.burmeseclassic.com

www.burmeseclassic.com

အန်တီလေးက .. စိတ်ကူးတရန်ကို စီစဉ်ပေးခဲ့တာလေ.. ကြွေမှတ်မိသလောက်ကတော့ .. ကြွေလေးနှစ်နှစ်သမီး လောက်ကမှ .. ထင်ပါရဲ့ .. အဲဒီတော့မှ .. မှတ်ဉာဏ်ထဲ.. ဒီအဖြစ်က .. မှတ်မှတ်ထင်ထင် ဖြစ်ခဲ့ရတာလေ .. ကြွေ ဆီစိမ်စက္ကူရောင်စုံလေးတွေနဲ့ လုပ်ထားတဲ့ ပန်းကြာခွက် ထဲမှာ .. ဖယောင်းတိုင်လေးတွေ စိုက်ထားတဲ့ ငှက်ပျောတုံး ငယ်ငယ်လေးတွေရှိတဲ့ .. နေရာမှာ .. ဖယောင်းတိုင်မီးကို အန်တီလေးနဲ့အတူ ညှိခဲ့ရတယ် .. ပြီးတော့ .. ရေထဲမျှောခဲ့ ရတယ်လေ .. ချောင်းရေထဲမှာ ရောင်စုံကြာပွင့်လေးတွေ မီးလေးတွေ တလဲ့လဲ့နဲ့ မျောသွားကြတာကို ငေးကြည့်နေခဲ့ ရဖူးတယ် .. အန်တီလေးရယ် .. ဒေါ်ကြီးသင်းရယ် .. မမဥ ရယ် .. ကြွေ့ဘေးမှာရှိနေတယ် .. ဆီမီးလေးတွေက.. လေးဆယ်လောက်ရှိမယ်ဆိုတာ .. နောက် အရွယ်လေးရ လာတော့ ပိုပိုသိလာနေရတာပေါ့ .. ”

ဟု ပြောနေရင်းမှ ရေအလျင်ထဲမှာ ရောင်စုံလေး တွေ မျောပါသွားသည့် ပန်းကြာဆီမီးလေးတွေကို မျက်စိထဲ မြင် ယောင်လာနေမိရပါ၏ .. ။ ချောင်းရေ၏ လှိုင်းအငြိမ်လေးတွေ အတိုင်း မျောပါသွားကြပါသော ရောင်စုံကြာပွင့်လေးတွေ .. ။ မီး ရောင်တလဲ့လဲ့ဖြင့် ရှိနေပါသည့် ပန်းကြာပွင့်လေးတွေ .. ။ ထိုစဉ် တုန်းက .. ကြွေသည် .. အဖြူရောင် .. သို့မဟုတ် .. ပန်းရောင် ပိုးဂါဝန်လေးကို ဝတ်ထားသည်ဟုထင်သည်။ ကြိုးသိုင်းဖိနပ်လှလှ လေးတစ်ရံကိုလည်း စီးထားသည် .. ။ ထိုဖိနပ်လေးသည် အနီရောင် လေးလား .. အညိုရောင်လေးပဲလား .. အဖြူလေးပဲလားဆိုတာ

ကိုတော့ ကောင်းကောင်းမမှတ်မိချင် .. ။ မှတ်မိနေသည်က .. အန်တီလေး၏ ကိုယ်ပေါ်မှာ ကြွေသည် ရင်ခွင်ကိုမှီ၍ ထိုင်နေ သည် .. ။ အန်တီလေး ညှိပေးပါသော ဖယောင်းတိုင်မီးလေးတွေ ထည့်ထားရာ ပန်းကြာခွက်လေးကို .. အန်တီလေးက ရေထဲမျှော ချိန်မှာ ကြွေ့လက်သေးသေးတွေကိုလည်း ကြာခွက်လေးကို ထိစေ ခြင်း ... ။

နောက် .. မျှောမျှောချလိုက်သည်ပါပဲ .. ။

နောင် .. နှစ်တွေကြာလာတော့ .. တစ်နှစ်မှာ တစ်ကြိမ် .. ကြွေ့မွေးနေ့ဆိုတာက သီတင်းကျွတ်လပြည့်ညမှာ .. ဆီမီးကြာပွင့်လေးတွေ မျှောမျှောနေခြင်းဖြင့် နှစ်တိုင်းဖြတ်သန်း လာခဲ့ရတာ .. ။ တစ်နှစ်ကြီးလာတိုင်း ကြာခွက်လေးတွေက ဆယ်ခွက်စီ ပိုပိုလာခဲ့ခြင်းကိုပါ .. ။ ခုနှစ်ဆို .. ကြာမီးခွက်တွေ .. တစ်ရာ့ခုနှစ်ဆယ်ခု ဖြစ်ရပေတော့မည် .. ။

“ဟယ် .. ကြွေ့မွေးနေ့က .. ဘယ်တော့လဲ .. ”

“သီတင်းကျွတ်လပြည့်ညမှာ .. ကြွေ့ကိုမွေးတယ်လို့ .. အန်တီလေးက ပြောပြတယ် .. သီတင်းကျွတ်လပြည့်နေ့ဆို ရင် .. ကြွေ့မွေးနေ့ကို .. ဗစ်တိုးရီးယားမှာ .. ကိုယ့်မိသားစု လေးနဲ့ပဲ ဘျင်းပဖြစ်လိုက်တာပါပဲ .. ဖေဖေက .. သိပ် တခမ်းတနားကြီးလုပ်တာမျိုးကို မကြိုက်ဘူးလေ .. ဒါပေမဲ့ .. စားစရာအမယ်စုံ .. ဖြစ်အောင် .. အန်တီလေးက .. အမြဲလုပ်ပေးပါတယ် .. မွေးနေ့လက်ဆောင်တွေလည်း ပေး ကြတာပါပဲ .. ဒေါ်ကြီးသင်းတောင်မှ ကြွေ့ကိုပေးတာ .. ဖေဖေရော ပေးတယ်လေ .. တစ်ခုခုပေါ့ .. ”

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောနေစဉ်ခိုက် .. ။ အဖေက သမီးကို မွေးနေ့လက်ဆောင်ပေးခြင်းဆိုတာ ကြူလေးတို့အတွက်ကတော့ ဖြစ်ရိုးဖြစ်စဉ်တစ်ခုအဖြစ်ပဲ နားထောင်နားလည်နေကြမည်သာ .. ။ ဒါပေမဲ့ .. ကြွေ့ဘဝမှာက .. ဖေဖေ့လက်နှင့် ထိတွေ့ပေးကမ်းရာ မြတ်နိုးဖွယ်ပစ္စည်းတစ်ခုအဖြစ် .. အရမ်းကို တန်ဖိုးထား သိမ်းဆည်းထားခဲ့ရသည်ဆိုတာ .. မိမိဘာသာပဲ .. သိနေရသည်ပါပဲလေ .. ။

အဖေဖြစ်သူထံမှ .. အဖေ့လက်နှင့် ထိတွေ့ရာပစ္စည်းတစ်ခုခုသည် .. အရမ်းကို ဖြစ်တောင့်ဖြစ်ခဲ ရရှိလိုက်ပါသည့် ကံကြမ္မာ၏ ကောင်းခြင်းတစ်ခုကြားမှ ရရှိလာခြင်းမျိုး ဖြစ်နေသည်ဆိုတာကို .. တစ်ပါးသူစိမ်းတစ်ယောက်ယောက်ကများ ကြားချေလျှင် ယုံနိုင်ဖွယ်ပင်မရှိ .. ။

ဒါပေမဲ့ .. ဗစ်တိုးရီးယားကတော့ .. သိနေသည်ပါပဲ .. ။

ဖေဖေ့ထံမှ ကြင်နာခြင်းများကို ငတ်မွတ်စွာ .. အားငယ်စွာ .. တောင့်တနေရပါသည့် သမီးတစ်ယောက်၏ ကာလကြာရှည်ခဲ့ပြီဖြစ်ပါသော ခံစားမှုကို ဗစ်တိုးရီးယားကတော့ သိနေသည်ပါပဲ .. ။

"အန်တီလေးက .. နင့်ကို .. အတော်ချစ်တာပဲနော် ကြွေ.. အေးလေ .. နင့်ဖေဖေလည်း အဲသလိုပဲပေါ့ .. နင် .. အန်တီလေးလက်ပေါ်မှာပဲ ကြီးခဲ့ရတာဆိုတော့ .. သူပဲ အမေ .. သူပဲ .. အဒေါ်လို ဖြစ်နေရတာပေါ့နော် .. လှလိုက်တာဟာ .. နင့်အန်တီလေးက အရမ်းကို လှတာပဲ .. နုနုဆန်ဆန်လှတာ .. နင်လည်း .. အဲသလိုလှတာပဲ .. သိပ်ကို

နုနုဆန်တာဟာ .. "

ဟု ကြူလေး ခပ်ငေးငေးကြည့်ရင်းပြောခိုက် ကြွေတစ်ချက်ခပ်တိုးတိုးရယ်သည်။

ရင်ထဲမှ ငိုချလိုက်ချင်သမျှကို ဖုံးကွယ်ဖို့ကြိုးစားနေခြင်းဆိုတာ ကြွေပဲ သိနေရသည်ပါပဲ။ ဘာတဲ့ .. ။ ဖေဖေက သိပ်ချစ်ချေမည်တဲ့လားလေ .. ။ ကြူလေးပြောသလိုပဲ ဖေဖေ့ရင်ထဲမှာကြွေ့ကို ချစ်သောချစ်ခြင်းများဖြင့် ပြည့်သိပ်နေကြပါစေ .. ဟုတော့ဆုတောင်းလိုက်ချင်သည်ပါပဲ .. ။ ချစ်လေသမျှကို .. ဖွင့်ချမပြဘဲ .. မျိုသိပ်သိုသိပ်စွာ ချစ်တတ်ပါသော ဖခင်တစ်ယောက်၏ ချစ်ခြင်းများဖြင့် ပြည့်ဝနေကြစေချင်သည်ပါပဲလေ .. ။

"နင့်မေမေ .. ဘယ်တုန်းက ဆုံးတာလဲဟင် .. "

ထုံးစံအတိုင်း အလိုက်ကမ်းတရားလည်းမသိ .. ။ ရိုးရိုးကြီး မေးချလာပါသည့် မွန်သူ့ကို ကြူလေး လှမ်းကြည့်သည်။ မျက်လုံးလေး ပြူးပြသည်။ ဘယ့်နှယ် .. ။ ရောက်ရောက်ချင်း .. စိတ်ထိခိုက်မည့်စကားမျိုးကို ထည့်မေးလာရသည်တဲ့လား .. ။

လောလောဆယ် .. ပျော်နေကြသည့်ဥစ္စာ ... ။ မွန်သူ အလိုက်ကမ်းတရားမသိနိုင်ပုံကတော့ဖြင့် မျက်လုံးပြူးပြ၍လည်းမရ .. ။ ခေါင်းလေးငုံ၍ ကြွေ့ကိုကြည့်ကာ ..

"ဟင် .. ဘယ်တုန်းကလဲ .. ချောလားဟင် .. ကြွေ့အမေက .. "

ဟု ဆက်မေးနေချေသတည်း .. ။ ကြွေ တစ်ချက် ပါးရုံထိပ်ဖျားများဆီသို့ အကြည့်တန့်၏။

"ကြွေ .. သုံးလသမီးလောက်မှာ ဆုံးတယ်လို့ ဒေါ်ကြီးသင်း .

www.burmeseclassic.com

www.burmeseclassic.com

ကလည်းပြောပြတယ် .. အန်တီလေးလည်း ပြောပြပါတယ် .. ကြွေ့မေမေက .. ကြွေ့လိုပဲတဲ့ .. ကြွေက .. မေမေနဲ့ သိပ်တူတာတဲ့ .. ဓာတ်ပုံကိုတော့ .. ခုထိ ကြွေမြင်ကိုမမြင်ရဘူးတဲ့ .. ဖေဖေ .. ဓာတ်ပုံတွေအားလုံး ဖြုတ်သိမ်းထားလိုက်တာဟာ .. မေမေဆုံးတဲ့နေ့ကတည်းက ပဲတဲ့ .. "

ဟု ဆက်ပြောစဉ်ခိုက် အသံက တစ်ချက်တိမ်ဝင်ချင်၏ .. ။

ကြူလေး အပြစ်ဘင်ကြည့်ကို သိသိသာသာကြီးပဲ .. မှုန်သူထံသို့ ပို့၏ .. ။

ခုကျမှ .. မျက်နှာလေးငယ်၍ မှုန်သူ ငိုင်ကျနေပါ၏ ... ။

"ဆောရီးဟယ် .. "

ဟု တိုးဖွဖွပြောသည် ... ။

ကြွေ ပြန်မဖြေ .. ။ အကြည့်က .. ဝါးရုံတောဘရီ .. ဝါးရွက်တံထိပ်ဖျား သွယ်နွဲ့နွဲ့ဆီမှာ ခပ်ငေးငေးတန့်နေဆဲ .. .. ။

အခန်း | ၄ |

ရေကြည်မြမြသည် စီမ်းရောင်ဘက်ကိုလှနေ၏ ..။

မှိုင်းသောချောင်းတစ်ဘက်မှာ ရှိနေပါသောလယ်ကွင်းတွေက မျှော်တစ်ဆုံးမှုရှိနေလျှက် ရွှေဝါရည်ရိပ်ဆမ်းနေကြပြီ .. ။ မြင်ကွင်းက မိုးကုတ်စက်ဝိုင်းဆီသို့ တစ်ပြန့်ကြီးရှိနေသည်သို့ .. ။ ရွှေဝါရည်ရိပ်ဆမ်းနေသော ကောက်ခေါကြီးတွေနှယ် ရှိနေပါသည့်အဖြစ် .. ။ ဟိုးတစ်ဘက်မှာက တောင်ယွန်းယွန်းဆီဝယ်ဖြင့် .. တောင်တန်းညို့ရရှိတို့က ပြာမှိုင်းမှိုင်းညိုပြုပြုရှိနေကြပြန်သည့်အဖြစ်..။

ချောင်းရေကအင်အားပြည့်နေသော ချောင်းတစ်ခုအဖြစ် ခွဲဝိုက်စီးဆင်းနေပါ၏..။ဟုတ်သည်..အင်အားပြည့်သောချောင်း..။ ရေက .. ချောင်းတိမ်တစ်ခုအဖြစ်ရှိနေတာမျိုးမဟုတ် .. ။ရေကြည်ကြည်သည် ချောင်းရေနက်နက်ဖြင့် လှပစိမ်းမြစွာရှိနေလျှက် ရေစီးက အရှမ်းကြမ်း .. ။ ရေစီးကာ အရှုန်ရှိနေပေမယ့် ညင်သာသော အရှိန် .. ။

www.burmeseclassic.com

www.burmeseclassic.com

အရွက်ဝိုင်းဝိုင်းလေးတွေဖြင့် ရှိနေပါသော ဗေဒါပင်တို့ကလည်း ခရမ်းရိုးပွင့်လွှာတို့ဖြင့် ချောင်းရေမှာ စီးမျောနေကြပါချေ၏။ .. ။ အပွင့်တွေက ခေါင်းမြီးကွက်နှယ်ရှိလျက် ပွင့်ဖတ်တွေက အပေါ်သို့မော့မျှော်၍ အထပ်လိုက်ပတ်လည်ရံ၍ တက်သွားသည်က.. တစ်ထွာကျော်ကျော်ရှိနေကြတာမို့ ဗေဒါပင်အုံကောင်းကောင်းတွေထဲမှာ ဗေဒါပွင့်တွေ ဆေ့ဆေ့သိပ်သိပ်ပွင့်ကြတာမို့ .. ။ချောင်းရေထဲမှာ အစိမ်းမြမြ ခေါင်းယဉ်လှလှတို့ ခရမ်းရောင် အမြီးလေးတွေ ကော့ရရော့ဖြင့် ကခုန်ရင်းပါသွားကြသည့်နှယ်ပင် ရှိနေသေးသည့်အဖြစ်.. ။

မြင်ကွင်းကို အားလုံးနှယ်ပင် ကြွေ .. ခပ်ငေးငေးကြည့်ဖြစ်လျက် ငြိမ်သက်နေသည်ပါပဲ။ ဝါးရုံရိပ်၏ အရိပ်က ချောင်းဘက်ကို ငိုက်ကျနေသည် .. ။အဖြူရောင် သင်္ဘောဆေးသုတ်ထားပါသည့် လက်ရမ်းပါသော တံတားငယ်လေးတစ်ခုကလည်း ခုနှစ်ပေအရှည်အလျားလေးဖြင့် လှလှပပလေး ထင်းနေအောင်ရှိနေပါ၏..။

"ငါသာဆို .. ဘော်ဒါဆောင်မှာလုံးဝကိုမနေဘူးဟာ .. ဒီလောက်လှပြီး သာယာတဲ့ဇာတိုးရိုးယားကို တစ်ရက်လေးတောင်မှ .. ငါ .. မခွဲရက်ဘူး .. "

ကြူလေးပြောပြီး ကြွေကိုကြည့်တော့ ခပ်ယဲ့ယဲ့မျှသာ ကြွေပြန်ပြုံးပြမိရပါ၏။

"ဖေဖေက .. ကြွေကို .. ဇာတိုးရိုးယားမှာနေတာထက်.. ဘော်ဒါမှာနေတာက .. ပိုပြီး .. စာတတ်လာနိုင်မယ်လို့ မျှော်လင့်ယုံကြည်နေတယ်လေ .. အိမ်မှာဆိုတော့ .. ကြွေကို ဝိုင်းအလိုလိုက်နေကြမှာကိုး .. "

ဟုအလိုက်သင့်စကားကို ချက်ချင်းပြောနိုင်ဖို့စဉ်းစားလိုက်နိုင်မိရပါသည့် ဦးနှောက်ကိုပဲ ကြွေကျေးဇူးတင်မိရပါပြီ .. ။

"ဆာတယ်ဟာ .. လက်ဘက်သုပ်စားကြရအောင်..ဒေါ်ကြီးကို သုတ်ခိုင်းမယ်လေ .. ရေနွေးကြမ်းတစ်အိုးနဲ့ .. ထမင်းစလုံတစ်လုံးနဲ့ .. နွန်းလေးချောင်းနဲ့ .. ငါတို့ .. ခြံထဲက မြက်ခင်းပေါ်မှာ စားကြရင်မကောင်းဘူးလား .. ဘော်ဒါမှာတော့ .. စစ္စတာအန်းဂျလာရဲ့မျက်မှန်ထဲက မျက်လုံးပြာပြာလေးတွေကို ငါတို့ကကြောက်နေကြရတာ..လက်ဘက်သုတ်ဆိုတာ .. လုံးဝဗိုက်နာလေပွ ..အစာမကြေဝမ်းပျက်ရောဂါဖြစ် ပဏ္ဍည်းတစ်ခုလို့ သဘောပိုက်ထားတယ်မဟုတ်လား.. ခုလို .. အိမ်နဲ့ရာနဲ့နေရခိုက်လေးမှာတော့ .. လက်ဘက်သုတ်တို့ .. ပဲသီးထောင်းတို့ .. သင်္ဘောသီးသုတ်နဲ့ခေါက်ဆွဲသုတ်တို့ .. မုန့်ဟင်းခါးတို့ .. နန်းကြီးသုတ်တို့ .. ဘာတို့.. အဲဒါတွေကို ဒီဆယ်ရက်အတွင်းမှာ မနက်ရောညရော .. ရိုးရအောင် .. စားကြမယ်ဟာ .. "

ကျော့ကျော့မြတ်ပြောတော့ မွန်သူမှ ..

"ဟင် .. ရှက်စရာကြီး .. "

ဟု ကောက်ပြောလာတာမို့ ..

"ဘာရှက်တာလဲဟ .. "

"သူများအိမ်မှာတက်ပြီးကော့ .. အဲသလောက်အမျိုးကြီးသူများကိုလုပ်ခိုင်းပြီးတော့ စားမယ်ဆိုတော့ .. ရှက်တာပေါ့ .. "

www.burmeseclassic.com

www.burmeseclassic.com

"အေး .. နောက်တစ်ခေါက် သီတင်းကျွတ်ကျောင်းပိတ်ရက်ဆို .. သူများအိမ်မဟုတ်အောင် .. နင့်အိမ်ကိုငါတို့ လိုက်လည်ကြမယ် .. နင် .. လုပ်ကျွေး .. ကဲ .. "

"ဟင် .. နောက်ကျောင်းပိတ်ရက်က .. ဒီဇင်ဘာခရစ်စမတ်ကျောင်းပိတ်ရက်လေ .. "

ဒေါ်နှင့်မောနှင့်ပြောနေသည့် ကျော့ကျော့မြတ်ကို.. ထုံးစံအတိုင်း အူလည်လည်ဖြင့် ကျောင်းပိတ်ရက်အမှန်ကိုပြင်ပေးနေပါသေးသည့် မွန်သူ့ကိုကြည့်ကာ ကြူလေးကတော့ အသံလေးဟက်ဟက်ပါအောင် ရယ်နေသည်ပါပဲ .. ။

"သိတယ် .. ဒါပေမဲ့ .. ဒီဇင်ဘာကျောင်းပိတ်ရက်လဲ .. ဒီကိုပဲငါကလာလည်မှာ .. နင့်အိမ်ကို .. နောက်နှစ်သီတင်းကျွတ်မှလာလည်မယ် .. ယူနီဗာစီတီကျောင်းသူအဖြစ်နဲ့ သိရဲ့လား .. "

မက်ထရစ်ကျောင်းသူ ကျော့ကျော့မြတ်ပြောတော့ မွန်သူမှ ..

"ဟင် .. နင်က .. စာမေးပွဲအောင်မှာ သေချာတာကျနေတာပဲ"ဟု ထပ်ဖြည့်ပြောပြန်သည်မို့ ကျော့ကျော့မြတ်စိတ်ပေါက်ပေါက်နှင့် မွန်သူ့ခေါင်းကိုခေါက်ထည့်ပစ်လိုက်ပါပြီတည်း ..။

ဘယ်တော့မဆို .. အူလည်လည်နှင့်တကယ်ရိုးတာတာကြီးပေမို့ မွန်သူမှာ ခေါင်းခေါက်ခံရလေသမျှ မျက်နှာလေးရဲတက်လာရင်းမှ ..

"နင်က ကြီးနေလို့ .. ငါ .. ပြန်ခေါင်းမခေါက်တာနော် .. ငရဲကြီးမှာစိုးလို့သိရဲ့လား .. အိမ်မှာဆို .. ငါက .. ငါ့မောင်

လေးကိုတောင်မှ ..သနားလို့ခေါင်းမခေါက်ဘူး..သိရဲ့လား.. နင်က .. ငါဆို .. သိပ်နိုင်စားတာပဲ..အသက်ကြီးတယ်ကြီးတယ်နဲ့ .. ငါ့ဆို .. အရမ်းဆုံးမတာပဲ .. "

ဟု ပြောနေတော့ ကြူလေးရယ်၍ ..

"အေးလေ .. တကယ်က .. သူက .. နင့်ထက်သုံးရက်ပဲကြီးတာ .. ငါကမှ .. တစ်လကျော်ကျော်ကြီးသေးတယ်.. သူ့ကို .. တင်းပုတ်နဲ့တောင်ထုပြီး ဆုံးမနိုင်တယ်သိရဲ့လား.."

ဟု ပြောနေတော့ ကျော့ကျော့မြတ်မျက်စောင်းခဲ၍ ရှေ့မှထွက်တာမို့ သုံးယောက်သားနောက်မှလိုက်လာကြသည်ပါပဲ .. ။

ဒေါ်ကြီးသင်းကို လက်ဘက်သုတ်ခိုင်းဖို့ ထွက်လာကြပေမဲ့ တကယ်တမ်းကျတော့ .. ပေါ်တီကိုကြီးအောက်မှာ ရပ်ထားပါသည့် မာစီဒီးကားနက်ကြီးကို မြင်လိုက်တာမို့ ..

"ဟယ် .. ဖေဖေ .. ရောက်နေပြီ .. "

ဟုရွှတ်ခနဲ .. ကြွေဝမ်းသာစိတ်ဖြင့် ပြောလိုက်မိရပါပြီ .. ။ ကြွေ .. ဤနေ့မှာ .. ဗစ်တိုးရီးယားသို့ပြန်ရောက်လာမည်ဆိုတာလောက်ကိုတော့ အန်တီလေးသည် ဖေဖေ့ကိုပြောပြနိုင်ပါ၏ .. ။ဒါကြောင့်များ .. ဖေဖေ .. ဤရက်ကိုတိုက်ဆိုင်စွာပဲ ပြန်ရောက်လာချေသည်လားမသိ .. ။ကြွေကို .. ကြွေကို .. ဖေဖေ .. အလေးတယူလေးလေး နေရာပေး၍များ .. တွေ့ချင်စိတ်လေးတွေဖြစ်လာနေချေပြီလားမသိ .. ။

ကြွေ .. ခြေလှမ်းလေးသွက်သွက်ဖြင့် အိမ်ကြီးထဲဝင်လာခိုက်မှာ ဧည့်ခန်းထဲမှာထိုင်နေပါသည့် ဖေဖေ့ကိုရော .. ။

www.burmeseclassic.com

www.burmeseclassic.com

အရမ်းကိုချောညက်ဖြူဥနေပါသည့် သွယ်နွဲ့နွဲ့ .. မိန်းမချောတစ်ဦးကိုရော .. တနီးတကပ်နိုင်စွာပဲ ဆိုဖာရှည်ကြီးမှာယှဉ်လျှက်ထိုင်နေတာကို မြင်ရတော့ တစ်ချက်တန့်ခနဲဖြစ်သွားရပါပြီ .. ။အမျိုးသမီးကို ကြွေတစ်ချက်ခပ်စိုက်စိုက်ကြည့်မိသည် .. ။ ရင်ထဲမှာ နှစ်မြို့မှုမရှိသော ခံစားမှုကရုတ်ချည်းဖြစ်တည်၏ .. ။ဖေဖေ့ဘေးမှာ ထိုင်နေခွင့်တစ်ခုကို .. ပိုင်ရေးပိုင်ရာတစ်ခုနှယ်ပင် ရဲတင်းစွာနီးနီးကပ်ကပ်ကြီး ထိုင်နေပါသည့်ထိုမိန်းမသည် .. အဘယ်သူပေနည်း .. ။ မနာလိုခြင်းဆိုတာထက် ပို၍နက်နဲမြင့်မားသော ခံစားမှုက ရင်ကိုအရှိန်ဖြင့် လာလာဆောင့်နေပြီ .. ။အရမ်းကို အေးစက်ခါးသီးနေသောအကြည့်တွေကို .. ဟန်မဆောင်စတမ်းကြီးပဲ ထိုမိန်းမထံမှာမရွေ့မလျားရှိနေစေပေမဲ့ .. ။ထိုအဖြစ်ကို ..ဖေဖေသည်မမြင်ယောင်ပင် ပြုနေလိုက်ကာ ရယ်မော၍ပင် .. ထိုမိန်းမကိုကြည့်လိုက်ပြန်သေးသည့်အဖြစ်။

"အဝါရောင်ပိုးဂါဝန်နဲ့ကြွေ .. ရှင်မွေးကြွေဟာ .. အစ်ကိုကြီးရဲ့သမီးပေါ့ သာယ်လ်မာ .. မက်ထရစ်ရောက်နေပြီလေ .. သူ့သူငယ်ချင်းတွေနဲ့ .. အိမ်ကို .. ကျောင်းပိတ်ရက်အလည်လာတာ .. "

"အစ်ကိုကြီးသမီးက .. အချောလေးပဲ .. ဒီလောက်လှတဲ့သမီးလေးတစ်ယောက် .. အစ်ကိုကြီးမှာရှိနေတဲ့အတွက်.. ဘယ်လောက်ဂုဏ်ယူဖို့ ကောင်းနေသလဲ .. "

ဘာဆိုင်ပါသလဲ .. ။ ဘာမှမဆိုင် .. ။ဒီလောက်လှသည့် သမီးတစ်ယောက်ရှိခြင်းကြောင့် အဘယ်မျှထိကြည်နူးဖို့ .. သမီးကိုချစ်ဖို့ကောင်းနေပါသလဲ .. ဟု ပြောရမည်ပေါ့ .. ။ ခုကျ

တော့ .. ဂုဏ်ယူဖို့ ကောင်းပါသလဲ .. တဲ့ .. ။ပြောပုံကိုက .. အနောက်တိုင်း လေသံမျိုးဘက်ကိုနွယ်နေသည် .. ။ကြွေ .. ခပ်တည်တည်ပဲကြည့်နေမိရဆဲ .. ။ ရင်ထဲမှာ အုံကျင်းဖွဲ့နေသည်က ပေါက်ကွဲမှု .. ။ ဟုတ်သည် .. ။ပေါက်ကွဲမှု .. ။ အမြဲတမ်း ..အစဉ်တစိုက်ကြီး .. ဖေဖေ့ကိုဆို .. ဘာတစ်ခုမျှ .. ထော်လော်ကန့်လန့်မလုပ်ရဲစွာ .. ။ အမြဲနာခံကျိုးနွံစွာ .. ။ဖေဖေ့အချစ်ကို မျှော်လင့်တောင့်တနေရင်း ကြေကွဲအားငယ်စွာ .. ။တစ်နေ့မှာ .. ဖေဖေ့ထံမှ .. ကြင်နာမှုတွေ .. အချစ်တွေကို .. ရချေကောင်းရဲ့ .. ဟုမျှော်လင့်စွာ ... ။ ရှိနေရလေသမျှ .. အားလုံးသည် .. ပေါက်ကွဲမှုတစ်ခုအဖြစ် ရင်ထဲမှာ အရှိန်နှင့်လာလာဆောင့်နေသည် .. ။

ဖေဖေသည် ဘာကြောင့် .. ဤသို့လုပ်ရပါသလဲ ..။

ကြွေသူငယ်ချင်းတွေနဲ့အတူ .. ဗစ်တိုးရီးယားသို့ရောက်လာမည့်အချိန်မျိုးမှာမှ ဤမိန်းမတစ်ယောက်ကို .. ဘာကြောင့် ဖေဖေ့ဘေးမှာအနီးတကပ်ကြီး ထိုင်နေရပါသတဲ့လဲ .. ။ ထိုမိန်းမသည်လည်း ဘာ့ကြောင့် ဖေဖေ့ဘေးမှာ အနီးတကပ်ကြီး ထိုင်နေရပါသတဲ့လဲ။ ဘေးမှာ ဆိုဖာထိုင်ခုံလွတ်တွေ ရှိနေပါလျက်ကယ်နှင့် ပြုံးမြဲမြဲမျက်နှာလေးဖြင့် ဘာကြောင့် ဖေဖေ့ဘေးမှာ အနေရဲစွာ .. ထိုင်နေရပါသတဲ့လဲ .. ။

ဖေဖေသည် .. သမီးတစ်ယောက်ကို ..ဘေးမှာခေါ်၍ထိုင်ဖို့ဘယ်တုန်းကမှ .. စိတ်မကူးခဲ့ .. ။ဤမိန်းမကိုကျတော့.. ဤမိန်းမိန်းမတစ်ယောက်ကိုကျတော့ .. ဘေးမှာထိုင်စေလျှက်ပြုံးရွှင်အေးချမ်းစွာဖြင့်ပင် .. နှစ်နှစ်လိုလိုစကားတွေပြောနေရပါသတဲ့လား .. ။ ဖေဖေ့မျက်ပန်းတွေမှာ ထင်နေပါသည့်အေးချမ်း

www.burmeseclassic.com

www.burmeseclassic.com

ရိပ်.. ကြည်နူးရိပ် .. ခင်မင်နှစ်လိုရိပ် .. ပြည့်စုံအေးချမ်းခြင်းဆိုသည့် အရိပ်တွေကို .. ကြွေ .. ကြည့်နေ .. မြင်နေရရင်းဖြင့်ပင် .. နာကျည်းနာကျင်ချင်လာနေသည် .. ။ ဖေဖေသည် .. ကြွေ့ကို..ဘယ်တုန်းမှ.. သမီးလေးတစ်ယောက်အဖြစ် ကြင်ကြင်နာနာမပြောဆိုခဲ့ဖူး .. ။ ကြွေ့ကြောင့် .. ဖေဖေ့မှာ အနှောင့်အယှက်ကြီးဖြစ်နေသည့်နှယ်ပင် .. ခပ်ဝေးဝေးမှာပဲ ရှိနေစေချင်ခဲ့သည်ပဲ .. ။

ကြွေ့ .. ရင်ထဲမှာ .. ခံပြင်းလာနေသည် .. ။ ထိုမိန်းမကို .. အမုန်းကြီးမုန်းတီးလာနေသည် .. ။ ထိုအခိုက်မှာပဲ အန်တီလေးသည် ဒေါ်ကြီးသင်းနှင့်အတူ .. ထမင်းစားဆောင်ဆီမှ ထွက်လာပါ၏ .. ။ဖေဖေ့ကို အစ်ကိုကြီးအဖြစ် အရမ်းလိုလေးစားနာခံပေးတတ်ပါသော အန်တီလေးသည် .. ခုလို .. ဒေါ်သယ်လ်မာနှင့်အတူ ဖေဖေရှိနေခြင်းအတွက်လည်း .. ဘာမှအပြစ်မပြောနိုင်ရက်ပဲရှိနေချေသည်လားမသိ .. ။ ဒါပေမဲ့ .. ကြွေ့ကိုလှမ်းကြည့်သည့်အကြည့်တွေထဲမှာတော့ ထူးဆန်းသောအရိပ်တွေစီးမျောပါလာနေကြသည်သို့ ကြွေခံစားဖြစ်၏ .. ။ ဟုတ်သည် .. ။ အံ့နေခက်ခြင်း .. ။ စာနာခြင်း .. ။တောင်းပန်ခြင်းများရောထွေးနေသည့်အကြည့် .. ။ဖေဖေ .. ဤမိန်းမနှင့်အတူရှိနေသည့်အတွက် .. ကြွေ့ကို.. အန်တီလေး အနေခက်စွာလည်းကြည့်လာသည် ..။ ပြီးတော့.. စာနာရိပ်ဖြင့်လည်း ကြည့်လာသည် .. ။ နောက် .. နောက် .. တောင်းပန်ခြင်းများဖြင့်လည်း ကြည့်လာပါသေးသည့်အဖြစ် .. ။ ဘာကိုတောင်းပန်နေပါသလဲ .. ။ဖေဖေ့ကို .. စိတ်အနှောင့်အယှက်မပေးဖို့ တောင်းပန်နေခြင်းများပေလား .. ။

ဘယ်တုန်းကမှ .. ဖေဖေ့ကို .. မလွန်ဆန်ရဲသောသော .. ။ဖေဖေမကြိုက်တာကို .. မပြောရဲပါသော .. ။ဖေဖေ့ကို.. ခိုး၍ .. ခိုး၍ .. တစ်နေရာမှသာ .. ချစ်လွန်းစွာကြည့်ခဲ့ရရုံမျှသာ.. သမီးတစ်ယောက်အဖြစ်ရှိခဲ့ရပါသောကြွေသည် .. ဖေဖေ့ကို .. ဤတစ်ကြိမ်မှာတော့ .. ဆန့်ကျင်တိုက်ခိုက်ပြောဆိုရဲနေသည့် ရှင်မွေးကြွေအဖြစ် .. စတင်မွေးဖွားပေးလိုက်သည့်နှယ် .. ကြွေ့ဘာသာ.. လည်း အံ့ဩလွန်းစွာ .. ယုံနိုင်လွန်းစွာပဲ .. မိမိဘာသာအလိုလို သိလာနေရပါပြီ .. ။

"သူ .. သူက .. ဖေဖေ့ .. စက္ကထရီ .. သယ်လ်မာ ..အန်တီ သယ်လ်မာလို့ ခေါ်နိုင်တယ် ရှင်မွေးကြွေ .. "

ဟု ဖေဖေပြောလာတော့ ..

"ဟိုင်း .. "

ဟုပြုံး၍ လက်ကမ်းလာသည့် အန်တီသယ်လ်မာဆိုသည့် မိန်းမကို ကြွေခပ်တည်တည်ပဲ တုန့်ပြန်ကြည့်လိုက်ရပေမဲ့ လက်ကိုပြန်မကမ်းမိ .. ။

ခပ်အမ်းအမ်းတစ်ချက်ဖြစ်သွားကာ မျက်နှာလည်း ပြန်ခြန်းဖြစ်သွားပါသည့် သယ်လ်မာကိုကြည့်နေရင်း ရင်ထဲမှာ ကျေနပ်ခြင်းဆိုသည့် ခံစားမှုက.. အရှိန်နှင့်ဖြစ်တည်လာပါ၏ .. ။ ကို .. အဘယ်မျှထိ .. နှစ်ထောင်းအားရဖြစ်နေစေပါသလဲ .. ။

ဤသို့ .. ပျော်သည့်အပျော် .. ဘယ်တုန်းကမှမဖြစ်ဖူးသည့်သို့ ရှိလင့်၏ .. ။ ဖေဖေတစ်ချက် ကြွေကိုကြည့်လာသည် .. ။ မျက်နှာကတည်နေ၏ .. ။ အနည်းငယ်ပင် တင်းချင်နေပြီ .. ။ ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်လည်း ခုလို .. ကြွေလက်မကမ်းပဲနေချေလိမ့်မည်ဟု ထင်ထားပုံမရ။

ဖေဖေ့ စက္ကူထရီဆိုသည့် ခပ်ချောချောမိန်းမတစ်ယောက်က အရှက်နည်းစွာ ဖေဖေ့ဘေးမှာ မပေါ့သီထိုင်ထိုင်နေရင်းဖြင့် ခပ်မော့မော့ကမ်းပေးလာပါသည့်လက်ကို .. ကြွေက .. ရှင်မွေးကြွေဆိုသည့်ကြွေက .. ခပ်ကုတ်ကုတ်လေး လက်ပြန်ကမ်းနှုတ်ဆက်ချေလိမ့်မည်ဟု ဖေဖေ မျှော်လင့်ထားပုံရပါ၏ .. ။ တစ်လျှောက်လုံး .. ရှင်မွေးကြွေဆိုတာ .. ဖေဖေမျက်လုံး မာမာကြီးတစ်ခုဖြင့် ကြည့်လာမည့်အကြည့်ကိုပင် ..ရင်မဆိုင်ရဲလောက်အောင်ဒုကြောက်ရွံ့နာခံတတ်ပါသော ကြွေအဖြစ် ဗစ်တိုးရီးယားမှာအသားတကျရှိနေခဲ့သည်မဟုတ်ပါလား လေ .. ။

ခုလို ..ကြွေ ခပ်တည်တည်လေး ရပ်နေတာကို ဖေဖေ နှစ်သက်ပုံလည်းမရ .. ။ ကြိုက်ပုံလည်းမရ .. ။

"အန်တီ့ကိုလက်ကမ်း နှုတ်ဆက်လိုက်လေကြွေ .. ဘာလုပ်နေတာလဲ .. "

ဟု ခပ်တည်တည်ပြောခိုက်ကြွေဖေဖေ့ကိုမှကြည့်..။ အန်တီသယ်လ်မာကိုပဲ ကြည့်နေဆဲ .. ။ နောက်တော့အန်တီလေးနှင့် ဒေါ်ကြီးသင်းကိုကြည့်မိရပါ၏ .. ။ အအေးလင်ဗန်းဖြင့် ရှိနေပါသော ဒေါ်ကြီးသင်း .. ။ သစ်သီးကိတ်လင်ဗန်းလေးကို ကိုင်ထားပါသော အန်တီလေး .. ။ ဪ .. ထို ဒေါ်သယ်လ်မာဆိုသည့်မိန်းမကို .. အန်တီလေးကအစ တရိုတသေနေရာထား၍ ညှော်ဝတ်ပြုနေရချေသည်တကား .. ။

"ပြောနေတာ မကြားဘူးလား ကြွေ .. "

ဖေဖေ ထပ်ပြောခိုက် အန်တီလေး ခေါင်းကိုမသိမသာလေးညိတ်ပြသည် .. ။ လုပ်လိုက်ပါကြွေ .. ဆိုသည့်သဘော..။ ကြွေ .. ရင်ထဲမှာ ကြပ်ခဲနေသည် .. ။ကြွေကို .. ကြွေ့ကို ..ပုံသွင်းထားခဲ့ကြတာ .. ပုံသွင်းထားခဲ့ကြတာ .. ဆိုသည့်ခံစားမှုကလည်းရင်ထဲမှာ နာကျင်စွာအရှိန်နှင့် ဆောင့်နေသည် .. ။

ရှင်မွေးကြွေဆိုတာ .. ဖေဖေက .. ထားသလိုနေ..။ ဖေဖေပြောသလိုနေ .. ။ ဖေဖေမကြည့်ချင်ဘူးဆို၍ပင် .. အဝေးမှာ ခပ်ကုတ်ကုတ်လေးနေနေရင်း .. အဖေကိုချစ်စိတ်ဖြင့် .. ခိုးကြည့်..ခိုးချစ်နေရပါသည့် ကြွေအဖြစ်နေနေရတာ .. ဘယ်လောက်ကြာခဲ့ချေပြီလဲ .. ။

ဒါပေမဲ့ .. ခုလောက်ကြီးအထိ .. ဖေဖေလုပ်ရက်လိမ့်မည်မထင် .. ။ဖေဖေ့ကို .. ကြွေကြည့်မိသည် .. ။ ဤတစ်ကြိမ်မှာတော့ .. ရင်ဆိုင်ကြည့် .. ။ နောက်မတွန့်သော အကြည့် .. ။ ဘေးမှာ ငြိမ်သက်ရပ်နေရင်း အသက်ပင် မရှုရဲပဲဖြစ်နေကြသည့်ယှဉ်ချင်းတွေကို ကြွေမေ့နေပြီ .. ။

ဖေဖေ့ကိုပဲ ကြွေဤတစ်ကြိမ်မှာတော့ တည်တည်ငြိမ်ငြိမ်ကြီးပဲ ကြည့်လိုက်မိရပါပြီ .. ။ တင်းမာနေပါသောအကြည့်တွေကို .. တုန်လှုပ်ခြောက်ခြားစွာ ခေါင်းမမော့ရဲပဲ ခေါင်းငုံ့နာခံပေးရင်း .. ဖေဖေပြောသမျှ ငြိမ်သက်လိုက်နာပေးတတ်သော ကြွေသည် လောလောဆယ်မှာ လုံးဝပျောက်ဆုံးနေပြီ .. ။ ကြွေ့မျက်ဝန်းတွေက လက်တောက်နေကြပါချေ၏ .. ။

"သူ့ကို .. ကြွေ .. နှုတ်မဆက်ချင်ဘူးဖေဖေ .. အထူးသဖြင့်.. ခုလို .. ဖေဖေ့ဘေးမှာ ပိုင်စိုးပိုင်နင်းကြီးလာထိုင်နေတဲ့ မိန်းမတစ်ယောက်ကိုဆိုပါတော့..သူသိသင့်တာပေါ့ဖေဖေ..

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ့မှာ သမီးပျိုတစ်ယောက်ရှိနေတယ်ဆိုတာလေ .. သမီးပျိုတစ်ယောက်ရှိတဲ့ မုဆိုးဖိုလူကြီးတစ်ယောက်နဲ့ ဒီလောက်ကြီး သူနီးနီးကပ်ကပ်မနေသင့်ဘူးဆိုတာကိုပေါ့ .. ဘာလို့လဲဆိုတော့ .. အရွယ်လေးရလာပြီဖြစ်တဲ့ သမီးတွေဟာ .. သူတို့အဖေဘေးမှာ .. ခုလိုချောချောလှလှမိန်းမတစ်ယောက် .. ခုလို .. နီးနီးကပ်ကပ်နဲ့ .. ရဲရဲတင်းတင်းကပ်ထိုင်နေတာမျိုးကို မကြိုက်ကြဘူး ဆိုတာလောက်ကိုတော့ သူနားလည်မှာပါ .. သူက .. လူရည်နပ် .. လူရည်လည် မိန်းမတစ်ယောက်ဆိုတာ .. သူ့ပြောပုံဆိုပေါက် .. သူ့နေပုံ ထိုင်ပုံနဲ့ပဲ .. သိသာနေတာပါပဲ .. "

"ကြွေ .. တော်စမ်း .. "

ဖေဖေ့အသံက မာထန်ဟိန်းတက်သွားပေမဲ့ ကြွေ ခပ်တည်တည်ပဲ ဒေါ်သယ်လ်မာဆိုတာကို စိုက်ကြည့်နေဆဲ .. ။ မျက်ဝန်းများက လက်တောက်နေသည် .. ။စိန်ခေါ်ကြည့် .. ။ နောက်မဆုတ်သောအကြည့် .. ။ ပြတ်သားနေသော အကြည့်တွေဖြင့် တစိုက်မတ်မတ်ကြီးကိုပဲကြည့်နေသည် .. ။

"ရှင့်ကို ကျွန်မသတိပေးလိုက်ပါရဲ့ ဒေါ်သယ်လ်မာ .. ရှင် ဖေဖေ့ဘဝထဲကို တိုးဝင်လာမယ်လို့ ဆုံးဖြတ်လိုက်တိုင်း .. ကျွန်မကို မမေ့လိုက်ပါနဲ့ဒေါ်သယ်လ်မာ .. ကျွန်မ ..ရှင့်ကို.. ဘယ်တော့မှ အရှုံးမပေးဘူးဆိုတာကို နားလည်ထားပါ .. ကျွန်မ .. ရှင့်ကို .. သတ်ပစ်လိုက်နိုင်တဲ့အထိ ..ဒုက္ခကောင်းကောင်းပေးနိုင်တဲ့ကြွေအဖြစ် ရှိနေတယ်ဆိုတာကိုလဲ .. မမေ့ပါနဲ့ .. ရှင့် .. သတ္တိရှိရင် .. ရှေ့တိုးကြည့်လေ .. ကျွန်မ

ဘဝမှာ .. တစ်ယောက်တည်းပဲရှိနေတဲ့ .. ကျွန်မရဲ့အဖေ့ဘေးမှာ .. ကျွန်မ ရှိနေခွင့်မရရင်တောင်မှ .. အဲဒီကွက်လပ်နေရာတစ်ခုမှာ .. တခြားမိန်းမတစ်ယောက်က .. ရောက်နေတာမျိုးကိုတော့ .. ကျွန်မ ဘယ်တော့မှ ခွင့်ပြုနိုင်မှာမဟုတ်သလို .. ကျွန်မရဲ့အမေသည်သာ .. ကျွန်မအဖေရဲ့.. ဘေးမှာရှိခဲ့ဖူးရတယ်ဆိုတာ .. ကျွန်မ .. ခေါင်းမာမာနဲ့ .. ဆုံးဖြတ်ထားတယ်ဆိုတာကိုပါပဲ .. ကျွန်မ .. ရှင့်ကို ..အမှုန့်ချေပစ်မယ် .. လုံးဝ .. အမှုန့်ချေပစ်မယ် .. ရှင်မယုံကြည်ရင် .. လုပ်ကြည့်လေ .. ဦးဘုန်းစစ်မင်းရဲ့သမီးဟာ .. ဘယ်လောက် .. မာကျောရဲရင့်ပြီး .. ဘယ်လောက်ထိ..ရက်စက်ရဲတယ်ဆိုတာ .. ရှင် .. နားလည်သွားရလိမ့်မယ် .. "

ဘယ်က .. ဘယ်က .. ရောက်လာပါသည့် .. ရက်စက်သော .. စကားလုံးများပါလဲ။ ကြွေ ..။ စဉ်းစား၍ပင် မရချင် .. ။ ဒါပေမဲ့ .. စကားလုံးတိုင်း .. စကားလုံးတိုင်းသည်မာကျောကြမ်းတမ်းစွာ .. ခက်ထန်စွာပဲ .. ခုန်ပေါက်၍ နှုတ်ခမ်းဆီမှ .. အစဉ်မပြတ်ထွက်လာကြလျှက် .. ဖေဖေဝုန်းခနဲ ထရပ်လိုက်ချိန်မှာ ကြွေသည် .. အပေါ်ထပ်သို့ပြေးတက်သွားသော ကြွေအဖြစ် .. ရှိသွားရပါပြီ .. ။ ဒေါ်သယ်လ်မာလည်း ချက်ချင်းရပ် .. ။

အခန်းတွင်းမှလည်း ပြေးထွက်သွားကာ..နောက်မှ.. ဖေဖေလှမ်းခေါ်နေသည့်အသံတွေကို .. ကြွေလှေကားထစ်တွေကို ပြေးတက်နင်းဖြတ်နေရင်းဖြင့် ကြားနေရပါ၏ .. ။ နှုတ်ခမ်းဆီမှ.. ပြုံးတစ်ခု .. ဖြတ်ခနဲ .. ဖြတ်တည်၏ .. ။ နာကျည်းနေသော ပြုံး .. ။ ဝံနောက် .. အောင်နိုင်ပြုံး .. ။ ထူးဆန်းသော ခံစားမှုက

www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲတိုးဝင်သည် .. ။ ကျေနပ်ခြင်းနှင့် ကြမ်းတမ်းခြင်းများ .. ။ ဟုတ်သည် .. ။ ဘယ်တုန်းကမှ .. မဖြစ်ခဲ့ဖူးပါသော ခံစားမှုများ..။ သိမ်မွေ့နူးညံ့ခြင်းနှင့် အရှုံးပေးခြင်းများဖြင့် .. ထောင့်ကွယ်နေရာလေးတစ်ခုမှာ ငြိမ်ကုတ်စွာထိုင်လျှက် .. ။ အရုပ်လေးကို ပိုက်လျှက်.. တိတ်ဆိတ်မြိုသိပ်စွာ မျက်ရည်ကျနေတတ်ပါသော .. အရာရာကိုအရှုံးပေးတတ်ပါသော ကြွေသည်လွင့်ခနဲပျောက်သွားလျှက်..။

အရှုံးပေးခြင်းနှင့် သိမ်မွေ့နူးညံ့ခြင်းများသည် .. ပျောက်ကွယ်နေသော ဘဝတစ်ခုထဲမှာ .. သိမ်နှုတ်စွာရှိနေခြင်း တစ်ခုပဲဖြစ်နေသည်ဟု .. ခံစားဖြစ်လာသည် .. ။

ဟုတ်သည် .. ။ ပျောက်ကွယ်ခြင်း .. ။ ကြွေသည်.. ပျော့ညံ့ညံ့ကြွေအဖြစ် .. ရှိနေရစဉ်တုန်းက .. ။ သိမ်မွေ့သောကြွေအဖြစ်ရှိနေရစဉ်တုန်းက .. ဖေဖေ့အာရုံထဲမှာ .. ပျောက်ကွယ်နေပါချေလိမ့်မည် .. ။

ခု .. ကြွေသည် ဖေဖေအာရုံထဲမှာ နှစ်နှစ်ဝင်ဝင်ရှိနေလောက်ပြီ .. ။

ဒေါသများဖြင့် ကြွေအပေါ် .. ဖေဖေ .. ခံပြင်းစွာ.. သတိရနေပါချေလိမ့်မည်။ ဘာကြောင့်ပဲဖြစ်ဖြစ် .. ။ ကြွေသည် .. ဖေဖေ့သမီးကြွေအဖြစ် .. ဖေဖေ့ .. စိတ်ထဲမှာ..နေရာတစ်ခုအဖြစ်.. နေခွင့်တော့ရသွားရချေပြီတကား ... ။

ကြွေ့ခြေလှမ်းတွေက အခန်းထိတောက်လျှောက်ပြေးနေဆဲ .. ။

အခန်းထဲရောက်တော့မှ တံခါးရွက်ကိုပိတ်ချလိုက်ကာ ကျောဖြင့်မှီကပ်ထားရင်း ရင်ထဲမှာဟိုက်လာသည် .. ။

ရတ်ချည်းပန်းလျလျဝေဒနာတွေက လူကိုပိချလိုက်သည့်နှယ် ရှိပြန်ပါ၏ .. ။ ကိုယ်လေး ကြမ်းပြင်ပေါ်သို့လျှောကျလာသည်က တံခါးရွက်ကိုကျောမှီလျှက် ပုံစံလေးဖြင့်ပါ .. ။

ပိုင်းစက်နေသော မျက်ဝန်းလေးတွေဖြင့် အခန်းကို ငေးကြည့်နေမိရဆဲ .. ။

အသံထွက်ကျမလာနိုင်သော သက်မဲ့ပစ္စည်းများနှင့် အတူ .. ငြိမ်သက်စွာရှိနေပါသည့်ကြွေ .. ။ ခမ်းနားသောအခင်း အကျင်းများဖြင့် ရှိနေပါသည့်အခန်းထဲမှာ .. တစ်ယောက်တည်းရှိနေပါသည့်ကြွေ ... ။

ကြွေ .. ခပ်ဖြည်းဖြည်းရပ်သည် .. ။ နောက်..တရွေ့ ရွေ့လျှောက်သည် .. ။ ခုတင်ဘေးရှိ မှန်တင်ခုံကြီးရှေ့မှာ ရပ်မိ ကာ ထင်နေသောအရိပ်ကို ငြိမ်သက်ကြည့်နေမိပြန်ပါ၏ .. ။ ပြူးတွေနစ်နေသော မျက်နှာ..သွေးရောင်လျှမ်းနေသောမျက်နှာ..။ ပါးပြင်တွေအထိ .. ချွေးတွေနစ်နေသည် .. ။ ပြူးကျယ်ပိုင်းစက်နေ သော မျက်ဝန်းတွေက မျက်နှာနုနုလေးထက်မှာအထင်ဆုံး .. ။ မျက်လုံးပြူးပြူးလေးတွေသည် .. ကြွေမျက်ဝန်းတွေတဲ့လား ..။ မျက်လုံးကြီး ပြူးကြည့်နေသည့် ထိုမျက်နှာသည် အခြားမျက်နှာ တစ်ခုနှင့် တူနေသည်ဟု ကြွေခံစားဖြစ်လာသည် .. ။ ကြွေ .. ၍ ခပ်တိုးတိုး ရှိုက်ငိုစပြုလာပါ၏ .. ။

ကြွေကို .. ကြွေကို .. ဖေဖေမချစ်ချင်နေပါဖေဖေ..။

သမီးလေးအဖြစ် ဖေဖေ့ဘေးမှာတယုတယ..တ ရဲ့ .. မခေါ်ပဲထားချင်ထားပါဖေဖေ .. ။ ကြွေ့အပေါ် .. ဖေဖေ.. ကြီး နေချင်နေပါဖေဖေ .. ။

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ့ကို .. ကြွေ .. တစ်နေရာက .. ဟောဒီဗစ်တိုးရီးယားအိမ်ကြီးရဲ့ များလျှန်းလှတဲ့ .. ခန်းဆောင့်ချိုးတွေများစွာထဲက .. တစ်ခုသောဆောင့်ချိုးနေရာလေးကနေပြီး .. ခိုးကြည့် .. ခိုးချစ်နေခွင့်လေးတော့ ကြွေရနေချင်ပါတယ် ဖေဖေ .. ။ ဖေဖေ့ဘေးမှာ .. မေမေ မဟုတ်တဲ့ .. မိန်းမတစ်ယောက်ကိုတော့ .. ကြွေ... ကြွေ .. မမြင်ပါရစေနဲ့ဖေဖေ .. ။

ကြွေ .. မမြင်ပါရစေနဲ့ .. ။

ကြွေ .. ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ..တားဆီးပါရစေ..။ တားဆီးပါရစေ .. ။ အတွေးများနှင့်အတူ ကြွေမျက်ရည်တွေ ပြိုကျလာနေရပါ၏ .. ။

နောက်တော့ .. မျက်နှာလေးထက်မှာ တင်းမာရိပ်တွေ ပြန်၍ဖြစ်စပြုလာကြပြန်ပါ၏ .. ။ ကြွေ၏အကြည့်တွေက .. မှန်ထက်မှာထင်နေပါသည့် မျက်နှာလေးထက်မှာ တန့်နေသည် ..။ မရွှေ့မလျား .. ။ မျက်ရည်တွေအားအင်တကြီးဖြင့် ပြိုပြိုကျနေသည့် မျက်နှာ .. ။ ခပ်ပျော့ပျော့ညှိုးညှိုးမျက်နှာ .. ။ ဘယ်တော့မဆို .. ငိုလိုက်ဖို့ပဲ .. အရင်ဖြစ်နေပါသည့် .. မျက်နှာ .. ။ ဘယ်သူ့ကိုမဆို.. အရှုံးပေးလိုက်ဖို့ အသင့်ဖြစ်နေပါသည့်မျက်နှာ။ ထိုမျက်နှာကို ကြွေမုန်းလာသည် .. ။ ဒါကြောင့် .. ဒါကြောင့် .. ကြွေသည် .. အမြဲရှုံးနေသော ကြွေဖြစ်နေရသည် .. ။ ပုံသွင်းခံ ကြွေဖြစ်နေရသည် .. ။

ကြွေ .. ခါးသီးစွာပဲ ..မှန်ထဲမှမျက်နှာနုနုလေး..။ အားငယ်ပါးငယ်မျက်နှာလေးကိုကြည့်နေရာမှလက်က..အလိုလို.. ပေါင်းန်(စ်) .. မိုးပွင့်ဘူးကိုကိုင်မိလျက် .. လက်ကမြောက်တက်သွားကာ အရှိန်နှင့်ပေါက်ထည့်မိလိုက်ရပါပြီ .. ။

မှန်ကွဲသံ ... ။

နောက် .. ခေါင်းမော့၍ .. ထိုးသက်စွာ ရယ်လိုက်ပါသည့် ကြွေ့အသံက .. အခန်းတွင်းဝယ် .. ပေါ်လာပါချေ၏ ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [၅]

မှန်ကွဲစတွေ လင်းလက်တောက်ပစွာပဲ ဖေးတင်နေပါသည့် မှန်တင်ခုံနှင့် အနီရောင်ကြမ်းခင်းကော်ဇောကြီးကို မျက်ရည်တွေ ပြိုကျနေရင်းဖြင့် ကြွေကြည့်နေမိသည်ကာကျောက်ဆစ်ရုပ်လေးတစ်ရုပ်ချထားသည့်နှယ် အရှမ်းကိုငြိမ်သက်နေပါ၏ .. ။ မျက်ဝန်းကို စုန်မှိတ်ချလိုက်မိသည် .. ။ အိခဲလိုက်မိရင်းမှစူးအောင့်နာကျင်နေသည့် ဝေဒနာဆိုးဝါးစွာပဲ ရင်ကိုဖိစီးလာကြပြန်ပါသည့်အဖြစ် .. ။

တင်းမာသောအကြည့်များဖြင့် ကြည့်တတ်ပါသော ဖေဖေ့မျက်ဝန်းများကို တနုံ့နုံ့ဖြင့် ရင်ထဲမှာ ခံစားနေမိရဆဲ .. ။ အဘယ်မျှထိ ကြာမြင့်ခဲ့ပြီးပါပြီလဲ .. ။ ဖေဖေ့နှုတ်ခမ်းထက်မှာ ဖေးတင်လာပါမည့် အပြုံးလေးတစ်ခုကို .. ရတနာတစ်ပါးနှယ် .. မျှော်လင့်ချက်တောင်ထုကြီးတစ်ခုနှယ် .. မွတ်သိပ်စွာ မျှော်လင့်နေမိရပါသော တောင့်တမှုများသည်လည်း ရင်ထဲမှာ ကြေကွဲစွာရှိနေကြရတာ အဘယ်မျှထိ ကြာတောင့်ကြာရှည်ရှိခဲ့ပါပြီလဲ။

တစ်နေ့ .. ဆိုသည့် မျှော်လင့်ချက်တစ်ခုသည် .. အရှန်းကိုအားထားမျှော်လင့်နေမိသော အရာတစ်ခုအဖြစ် .. တန်ဖိုးကြီးလွန်းလှပါသော အနှိုင်းမဲ့အရာတစ်ခုအဖြစ် ရင်ထဲမှာမြိုသိပ်စွာရှိနေခဲ့ရခြင်းသည်ကော .. အဘယ်မျှထိကြာမြင့်ခြင်း မကကြာမြင့်ခဲ့ရပါပြီတဲ့လဲ .. ။ ဖခင်ထံမှ အပြုံးတစ်ခုကို .. ထိုမျှအထိ .. ဘဝတစ်ခုလုံး၏မျှော်လင့်ခြင်း အမြင့်ဆုံးသောအရာတစ်ခုအဖြစ် သမီးတစ်ယောက်က တောင့်တနေရခြင်းဆိုတာ အဘယ်မျှထိ .. သဘာဝနှင့်ဆန့်ကျင်နေရပါသတဲ့လဲ.. ။ တကယ်တော့..ဖေဖေ့အပြုံးဆိုတာက.. သမီးအတွက် .. သားတွေအတွက် .. လူမှန်းသိတတ်သည်ဆိုကာမျှနှင့် ကြည်နူးစရာ .. ခံစားခံယူရပါသည့် ပိုင်ဆိုင်သောအရာတစ်ခုဖြစ်ရချေသည်မဟုတ်ပါလား .. ။

ခု .. ခုကျတော့ .. ကြွေ့ဘဝမှာ .. ဖေဖေ့ထံမှတင်းမာသော အကြည့်များ .. ခပ်လွဲလွဲမျက်နှာလွှဲလိုက်မှုများ ..။ ဥပက္ခာများကိုသာ .. အစဉ်တစိုက်ခံယူခဲ့ရသည်ချည်း .. ။

ဤနေ့မှာတော့ .. ဖေဖေသည် ..မိန်းမတစ်ယောက်ကို .. ကြွေ့သူငယ်ချင်းများရှေ့မှာ .. ကြွေ့ကိုမိတ်ဆက်ပေးခြင်းဖြင့် စတင်၍ ဆုံဆည်းစေခဲ့ကာ .. ။ ထိုမိန်းမသည်လည်း ဖေဖေ့ကို .. ပိုင်ရေးပိုင်ရာရှိနေသည့်မိန်းမတစ်ယောက်နှယ်ပြုမူနေထိုင်ပြခဲ့သည်..။ ထိုအဖြစ်သည် .. မြိုသိပ်ကြေကွဲနေခဲ့ပါသော ကြွေ့ခံစားမှုများကို.. လောင်မြိုက်သောမီးစတစ်ခုအဖြစ် စတင်၍ .. မီးညှိစေခဲ့ .. ထိုမီးစကြောင့်ပင်လျှင် .. ပေါက်ကွဲသောစကားလုံးများကို နှုတ်ဖျားမှ ပြီးမြောက်ကျစေခဲ့ချေတကား .. ။ ရေ့ဘဲမှာ..မနာလိုခြင်းဆိုတာလည်း ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုမိန်းမအပေါ် ဖေဖေပြုံး၍ကြည့်သည့်အကြည့်ကိုလည်း မနာလို .. ။ အပြုံးများကိုလည်း မနာလို .. ။ နူးညံ့သောဆက်ဆံမှုများကိုလည်း မနာလို .. ။ ဖေဖေ့ဘေးမှာ ယှဉ်တွဲထိုင်ခွင့်ရနေတာကိုလည်း မနာလို .. ။ ကြေကွဲနေမှုများ .. မနာလိုနေရမှုများဖြင့် လုံးထွေးရစ်ပတ်နေရင်းဖြင့် ထိုခံစားမှုများ၏အစေအပါးအဖြစ် .. ရောက်ရောက်လာနေရသည်သို့ ရင်ထဲမှာ နားလည်လာနေရပါ၏ .. ။ ဟုတ်သည် .. ။ အစေအပါး .. ။ ထိုခံစားမှုများကြောင့် .. စေ့စေ့ခိုင်းစေမှုကြောင့် .. ကြေသည် .. မကြာမတင်ဂလဲ .. ပေါက်ကွဲစွာ .. ပြောဆိုမိခဲ့ပြီး နေပြီ .. မှန်ချပ်ကြီးကိုလည်း ဤအခန်းထဲမှ ခွဲပစ်ခဲ့ပြီးနေပြီ .. ။ ဒါပေမဲ့ .. စိတ်တွေသည် .. ခုထိ မငြိမ်သက်နိုင်သေး .. ။ ကြေကွဲရှိန်နှင့်မနာလိုရမှုများသည် မွန်းကျပ်ပြည့်သိပ်စွာ အုပ်စီးစေခိုင်းနေဆဲ .. ။

ကြေသည်ဘေးမှာရှိနေပါသည့် စားပွဲစွန်းကိုဖေးကိုင်လိုက်မိရင်းမှ နှုတ်ခမ်းကိုဖေးကိုက်ထားမိကာ ကိုယ့်ကိုယ်ကိုခက်ခဲခဲကြီး ထိန်းနေရသည် .. ။ နောက်ဆုံးဖေးဘက်တံခါးပေါက်မှ ထွက် .. ။ နောက်ဖေးဘက်ဝရံတာမှာ ပြေးလာမိရကာ .. လှေကားထစ်တွေကိုနင်းဖြတ်၍ တောက်လျှောက်လာနေမိရဆဲ .. ။

ရင်ထဲမှာ ဆောက်တည်ရာမဲ့နေဆဲ .. ။

အိမ်မှာ .. ဘိုးဘိုးနှင့်ဘွားဘွားတို့၏ဓါတ်ပုံကြီးများ .. ဖေဖေ့ဓါတ်ပုံကြီးများကို မိသားစုဆွေစဉ်မျိုးဆက်ဓါတ်ပုံများ ချိတ်ထားရာ သီးခြားအခန်းကြီးတစ်ခုအဖြစ်ထားရှိဖေမဲ့ .. ။ ထိုအခန်းထဲမှာ မေမေ့ဓါတ်ပုံမရှိ .. ။ မေမေဆိုတာကို .. ကြေမမြင်ဖူးခဲ့ .. ။ ကြေသည်မေမေနှင့်အရမ်းကိုတူနေသည်ဆိုတာလောက်ကိုပဲ အန်တီ

လေးနှင့်ဒေါ်ကြီးသင်းတို့၏ စကားတွေဖြင့်ကြေသိခဲ့ရ .. နားလည်နေမိခဲ့ရ .. ။

ကြေ့မျက်နှာလေးကို မှန်ထက်မှာ ကြည့်ကြည့်နေရင်း .. မေမေ့မျက်နှာဆိုသည့် မမြင်ဖူးပါသောမျက်နှာလေးတစ်ခုကို မှတ်သိပ်စွာ တောင့်တနေမိခဲ့ရဖူးပါသည့် ရှင်မွေးကြေဆိုသည့် မိန်းကလေးငယ်လေးတစ်ယောက်သည် .. ။ ခု .. မေမေ့နေရာမှာ ရောက်လာအုံဆဲဆဲ .. မေမေ့အခွင့်အရေးမျိုးတွေ .. ဤဖစ်တိုးရိုးယားမှာလာ ရောက်ယူငင်သိမ်းပိုက်လုဆဲဆဲရှိနေပါသည့် သယ်လ်မာဆိုသော မိန်းမတစ်ယောက်ကို .. သမီးကြေအဖြစ်ရင်ဆိုင်ခဲ့ကာ .. ရင်ထဲကအဆုံးအဖြတ်ကိုလည်း ပြတ်သားစွာပြောခဲ့ပြီးပြီ .. ။ ထိုဖြစ်ရပ်များကို .. မေမေသည် .. တမလွန်မှနေ၍ .. ဝိညာဉ်ဘဝမှနေ၍ .. ကျေနပ်နေချေမည်လား .. ။ ကြေကွဲနေချေမည်လား .. ။ မသိ .. ။ ကြေမသိ .. ။ ဒါပေမဲ့ .. မေမေ့ကိုချစ်လွန်း၍ .. မေမေကွယ်လွန်သည်နှင့်ကြေကွဲစွာ .. ဖေဖေသည် .. မေမေဓါတ်ပုံကအစ .. ဖြုတ်ယူသိမ်းဆည်းခဲ့ကာ .. ။ မေမေ့ကိုမြင်နေရလျှင် ပိုကြေကွဲရချေမည့်ခံစားမှုများကို ခံနိုင်ရည်မရှိလွန်းသူအလွမ်းသည်ကြီးတစ်ယောက်အဖြစ် ကြေအာရုံထဲမှာ နစ်ဝင်ယုံကြည်မိခဲ့ရပါသည့်အဖြစ်သည် .. ဒေါ်ကြီးသင်းနှင့်အန်တီလေးတို့၏ နှုတ်ဖျားဆီမှပြောပြောပြပါသည့် အလွမ်းစကားတွေကြောင့်ပါ .. ။

"မေမေ့ကိုချစ်လွန်းလို့ဆိုပြီး ကြေဖြေသိမ့်ယူနေခဲ့တာပါ မေမေ .. ခပ်တည်တည်ကြီးနေနေတဲ့ ဖေဖေ့ကိုကြေ[illegible] မလည်ခဲ့ပေမဲ့ .. ကြေ့ကိုမွေးပြီးမှ မေမေဆုံးခဲ့[illegible]မို့ .. ဖေဖေ .. ကြေ့ကိုနမိတ်မကောင်းတဲ့ .. လ[illegible]င်းမကောင်း

www.burmeseclassic.com

www.burmeseclassic.com

တဲ့သူအဖြစ်မှတ်ယူခဲ့တာမို့ .. ကြွေ .. မေမေ့ကိုသိပ်ချစ်တဲ့ ဖေဖေ့အဖြစ် .. ဖြေသိမ့်ယူနိုင်ဖို့ကြိုးစားယူမိခဲ့ပါသေးတယ် မေမေ .. ဒါပေမဲ့ .. ဒီနေ့မှာ ဖေဖေဟာ .. မေမေ့နေရာမှာ နေရာယူဖို့ရည်မှန်းထားပုံရတဲ့ မိန်းခတစ်ယောက်ကို .. ဗစ်တိုးရီးယားကိုတောင်မှခေါ်လာတဲ့ဖေဖေဖြစ်နေပါပြီမေမေ.. အဲဒါကို .. အဲဒါကို .. ကြွေခံနိုင်ရည်မရှိတော့တာ .. "

ဟု ရင်ထဲမှာ ထပ်ပြောနေမိရင်းမှ တွေးသမျှတွေသည် နှုတ်ခမ်းဆီမှ တိုးဖွဖွလိုက်၍ လိုက်၍ .. ပွင့်ပွင့်ကျလာနေရပါပြီ..။ သွေးတွေက နားထင်ဆီသို့ ဆောင့်နေ၏။ ခံစားမှုများက ရောထွေးရှုပ်ထွေးနေရကာ အာရုံများကလည်းရှုပ်ထွေးစွာပဲ နှိုးကြားစွာအဆုံးစွန်ရောက်နေသည်သို့ ရှိနေပါသည့်အဖြစ် .. ။ ကြေကွဲမှုများ ခံပြင်းနာကျင်နေမှုများ .. ။ အထီးကျန်နေရသူ .. ကျူန်ရစ်နေရသူအဖြစ်ခံစားနေရမှုများ .. ။ မြိုသိပ်နေရခြင်းများ၏ပေါက်ကွဲမှုသည် မနာလိုခြင်းများဖြင့် ရောထွေးနေလျှက် .. ။ ခံပြင်းစိတ်ကလည်း ရင်မှာအုပ်စီးနေကြသည်မို့ .. ။ ခံစားမှုများက အရမ်းကိုရောထွေးရှုပ်ထွေးနေကြချေသည့်အဖြစ် .. ။

ခြေလှမ်းတွေက မြန်ဆန်နေလျှက် အရှူအမှုးလည်းဆန်နေသည် .. ။ ထင်းရှူးပင်စည်ကြီးကို ကျောမှီ၍ အားကုန်ကျိုးပြတ်ထိုင်ချလိုက်ချိန်မှာ လက်ဖဝါးလေးနှစ်ဖက်က ကယောင်ကတမ်းနိုင်စွာပဲ .. မျက်နှာမှချွေးတွေကို ပွတ်သုတ်နေမိရလျှက် .. ။ ဆံပင်လေးတွေကိုလည်း နောက်ဘက်ကို သိမ်းဖယ်ပွတ်သုတ်နေမိသည်.. ။ ဆံစတို့သည်ပင် ချွေးတွေဖြင့် စိုနစ်နေသည်ပဲ .. ။

အိမ်ကြီးဘက်ကို ကျောပေး၍ထင်းရှူးပင်စည်ကြီး

တစ်ခုခြားကာ ထိုင်နေသည်က အရမ်းကိုသေးသွယ်ပျောင်းနွဲ့သော ကိုယ်လေးပျောက်နေသည်နှယ်ပါ .. ။ မျက်ဝန်းများကို စုန်မှိတ်ချထားမိခဲ .. ။ ပါးစပ်လေးကိုဟ၍ အသက်ကိုလည်းအငမ်းမရရှူရှိုက်နေမိပြန်သည် .. ။ မောလိုက်တာ .. ဆိုသည့် ခံစားမှုက ရင်ကိုလာ၍ ပိဆီးပြန်၏ .. ။

ဘားတစ်စီးအရှိန်ဖြင့် မောင်းထွက်သွားသံကိုကြားရသည် .. ။ ဖေဖေပြန်သွားပြီလားမသိ .. ။ ဟုတ်သည် .. ။ဖေဖေ့ ဘော်ထွင်းကြီးရှိရာနေရာသို့ ပြန်သွားချေပြီလားမသိ .. ။သယ်လ်မာဆိုသည့်မိန်းမကို ခေါ်သွားလိုက်ချေပြီဆိုတာကိုတော့ ရင်ထဲမှအလိုလိုသေချာနေသည် .. ။ ကြွေ .. မျက်ရည်တွေ ထပ်ကျလာမိပြန်ပါ၏ .. ။

"မေမေ .. ငါ့ကို .. ပိုမုန်းသွားပြီ .. ဒါ .. ဒါ .. အသေချာဆုံးသော .. ဆုံးရှုံးမှုကြီးတစ်ခုပဲ .. ဟုတ်တယ် .. ဖေဖေ့ဥပက္ခာတရားတွေထဲမှာ .. ထပ်ဖြည့်ပေးလိုက်တဲ့ငါ့ဘဝမှာ .. ထပ်ဆုံးရှုံးလိုက်ရတဲ့ .. ဆုံးရှုံးမှုကြီးတစ်ခုပဲ .. ကြွေကိုမွေးပြီးသုံးလလောက်မှာ .. မေမေဟာ .. အားနည်းတဲ့ရောဂါနဲ့ပဲဆုံးခဲ့ရတယ် .. ဘယ်လိုမှအားပြန်မဖြစ်ပဲ .. တဖြည်းဖြည်းဖြူဖျော့ပြီး ဆုံးခဲ့ရတယ်တဲ့ .. ဒေါ်ကြီးနဲ့အန်တီလေးတို့ပြောခဲ့တယ်လေဖေဖေ.. အဲသလိုဆုံးခဲ့ရခြင်းဟာ..ကြွေပရောဂကြောင့်လားဖေဖေရယ် .. ကြွေကရော .. မေမေ့ကိုဆုံးရှုံးချင်ပါ့မလားဖေဖေ .. အဲဒါကြောင့် .. ဖေဖေဟာကြွေ့ကို ခပ်ကင်းကင်းနေခဲ့တယ်ဆိုတာကိုက .. ကြွေ .. အရမ်း .. ကြေကွဲနေရတာပါ .. ခု .. ခု .. ဖေဖေက .. ဘာကြောင့်..

www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ်အဲဒီ မိန်းမတစ်ယောက်ကိုခေါ်လာရတာလဲ ဖေဖေ .. မေမေ့ကိုသိပ်ချစ်တယ်ဆိုရင် .. ဘာကြောင့်ခေါ် လာရတာလဲဖေဖေ .. "

ကြွေတွေးနေရင်းဖြင့် ခေါင်းလေးဘယ်ညာနှံ့၍ မျက်ရည်တွေကျလာရ .. အသံတိတ်စွာ ငိုကြွေးနေရဆဲမှာပဲ ခြေသံတွေကို နောက်ပါးဘက်ဆီမှကြားလိုက်ရသည်မို့ လက်လေးတွေ ကွေးပိုက်၍ ဒူးလေးကိုသိမ်းပိုက်လိုက်ကာ နားလေးစွင့်ငြိမ်ကျနေမိရပါပြီ .. ။

"ကလေးကိုတွေ့ရင်..ဘာမှမလုပ်ပါနဲ့ကိုကြီးရယ်..သူ့ခများ.. အဖေကိုချစ်လွန်းလို့ဖြစ်ရှာတာ ခင်လေးနားလည်နေမိရသလို.. ကိုကြီးလဲနားလည်ပေးပါ .. သူ .. ဘယ်တုန်းကမှ .. ခုလိုပြောဖူးရှာတာမဟုတ်ဘူးဆိုတာ ကိုကြီးလဲသိမှာပါ .. ခင်လေးတောင်မှ ကြွေလေးခုလိုပြောချလိုက်တာကို မယုံနိုင်လောက်အောင် အံ့သြနေမိရယူတဲ့အထိပါ .. အရမ်းကို ကြောက်တတ် .. အားငယ်တတ် .. ငိုကြွေးတတ်တဲ့ကြွေကို .. ခင်လေးအမြဲတမ်း တွေ့ခဲ့ရတာပါကိုကြီးရယ် .. ကြွေလေးဟာ .. ခင်လေးလက်ပေါ်မှာ ကြီးလာရှာတဲ့ကလေးပါ .. သမီးလေးလိုပါ .. ကိုကြီးသူ့အပေါ်မှာ စိမ်းပြတ်ခဲ့သလောက် .. ခင်လေးမစိမ်းရက်နိုင်လို့ .. လက်ပေါ်ကမချချစ်လာရ .. ပွေ့ချီခေါ်ခဲ့ရတဲ့ .. ရှင်မွေးကြွေလေးကိုပါ ကိုကြီးရယ် .. "

တောင်းပန်နေသံကို ကြားရစဉ်အခိုက် ကြွေပို၍ ကိုယ်လေးရှိ့ကျသွားရကာ ဒူးလေးကိုပို၍တင်းကျပ်စွာ ပိုက်ထားမိ

ပြန်ပါ၏ .. ။ ကိုယ်လေးမြှုပ်ကျသွားလောက်အောင် သိမ်းပိုက်ထားမိရပါသည့် လက်ကောက်ဝတ်လေးတွေ ဆုပ်ခဲစုစည်းနေမှုကြောင့် သွေးတို့ဆိုင်းကုန် .. ထုံကျင်ကုန်ရသည်သို့ပင် ခံစားလာနေရပါသည့်အဖြစ်။

"ဘာလဲကွာ .. ဒါ .. သူလုပ်ရမယ့်အလုပ်လားခင်လေး .. ခုကြည့် .. မှန်ကိုသူခွဲပစ်ခဲ့တယ် .. တံခါးကိုချက်ချပိတ်ထားတယ် .. တံခါးဖွင့်မရလို့ နောက်ဖေးဘက်ကပြန်လှည့်ပြီး အပေါ်ထပ်ကိုတက် ..သူ့အခန်းထဲရောက်တော့သူမရှိတော့ဘူး .. ဘယ်လောက်အရုပ်ဆိုးတဲ့အလုပ်တစ်ခုကိုသူ .. ရှိင်းရိုင်းဆိုင်းစိုင်းလုပ်ခဲ့သလဲခင်လေး .. သယ်လ်မာလဲပြန်ပြီ .. ဘယ်လောက်မျက်နှာပူဖို့ကောင်းသလဲ ..အားနာဖို့ကောင်းနေပြန်သလဲ .. ဒါ .. လူယဉ်ကျေးမိသားစုက မွေးဖွားလာတဲ့ကလေးမဟုတ်ဘူးဆိုတာ .. ထင်ရှားနေစေတဲ့အချက်တစ်ခုပဲခင်လေး .. သူဟာ .. သူ့အဖေလိုပဲ .. အောက်တန်းကျကျခြံအလုပ်သမားတစ်ယောက်ရဲ့ သွေးဆိုတာပိုသိသာလာနေစေတဲ့အချက်ပဲ..ခြံအလုပ်သမလွမ်းရှင်နဲ့ ခြံလုပ်သမား အိုက်မောင်တို့ရဲ့သမီးဆိုတာ ပိုထင်ရှား လာစေတာပဲ ခင်လေး .. အို .. သူ့ကို.. လိုက်ရှာစမ်း ခင်လေး .. ငါ .. လိုက်မရှာချင်နေတော့ဘူး .. တောက် .. "

အံခဲတကက်ခတ် ပြောနေပါသည့် စကားတွေသည် ...လောင်မြိုက်အံ့သြစေစွာ .. ကြေကွဲစေစွာ .. မယုံကြည်ရဲနိုင်စွာပဲ ...းဝင်လာကြစေသည်တကား .. ။ ကြွေ .. မျက်နှာလေးဖြူရော် ...သွားကာ .. သွေးတွေအေးခဲ သွားကြရေသည်သို့ ...စားလာ

www.burmeseclassic.com

www.burmeseclassic.com

နေရပါ၏..။ ဘုရားရေ .. ။ ကြွေသည် .. ကြွေသည် .. ဖေဖေ့သမီး မဟုတ်သော ရှင်မွေးကြွေဖြစ်နေချေသည်တကား ... ။

မယုံရဲ .. ။ မယုံချင် .. ။ မယုံနိုင် .. ။ ဒါပေမဲ့ .. ထိုစကားတွေသည် ဖေဖေ့နှုတ်ဆီမှ .. ခုလောလောဆယ်လေးက ပဲ.. ခုန်ပေါက်ပွင့်ကျလာခဲ့ပြီ .. ။ ဒေါသတကြီးနိုင်နေသည့် ကြမ်းရှ သော စကားလုံးများအဖြစ် ခုန်ပေါက်ပွင့်ကျခဲ့ပြီး နေခဲ့ပြီ .. ။ ဒါကြောင့်.. ဒါကြောင့် .. ဖေဖေသည် .. ကြွေ့ကို .. ကြွေ့ကို .. မုန်းတီးခြင်းမက မုန်းတီးခဲ့ချေသည်ကောလေ .. ။ အဖြေတစ်ခုကို.. ကြွေ .. ခုမှ တိတိပပရှာဖွေနားလည်ရချိန်မှာ .. အရမ်းကိုအထီးကျန် သော ကြွေ.. သားချင်းမရှိသော အထီးကျန်ကြွေ .. ဗစ်တိုးရီးယား နှင့် မပတ်သက်သောကြွေအဖြစ် .. ထီးထီးကြီးကျန်ရစ်ခဲ့သည့်နှယ် ရှိသွားပါပြီ ..။

ဒါဆို .. မေမေသည် .. ဖေဖေနှင့် ..အို..မဟုတ်သေး ကြွေကိုသမီးအဖြစ် .. ဤဗစ်တိုးရီးယားမှာ .. လာမွေးဖို့ .. ဦးဘုန်း စစ်မင်းနှင့်ဘယ်လိုများ ပတ်သက်ခဲ့ပါသလဲ .. ။ အဘယ်သို့သော အတိတ်မျိုးသည် ဗစ်တိုးရီးယားနှင့်ပတ်သက်၍ .. မေမေ့မှာရှိခဲ့ဖူး ပါသလဲ .. ။ မသိ .. ။ ဒါပေမဲ့ .. ကြွေတစ်ခုကိုတော့ သေသေချာ ချာသိထားတာရှိသည် .. ။ ဖေဖေဦးဘုန်းစစ်မင်းသည် .. မေမေ့ကို.. လက်ထပ်ယူခဲ့သည်ဆိုသော အချက်ကိုပါတည့် .. ။

"အဲသလိုတော့ မပြောပါနဲ့ကိုကြီးရယ် .. ကြွေဟာ .. ကိုကြီး ရဲ့သမီးပါ .. မလွမ်းရှင်ဟာ ..ကိုကြီးထက်အရမ်းကိုလဲငယ်.. ချစ်သူရယ်လို့လည်းရှိခဲ့ဖူးပေမဲ့.. သူဟာ..ကိုကြီးနဲ့လက်ထပ် ပြီးကဲ့နောက်မှာ .. သစ္စာရှိရှိနဲ့နေခဲ့သူပါ .. ကြွေဟာ .. ကိုကြီးရဲ့ကလေးပါ .. ဒါကို .. ခင်လေးယုံကြည်ပါတယ်.. ကလေးကို ခုနှစ်လနဲ့မွေးလိုက်တာနဲ့ပဲ .. ဒီကလေးဟာ ကိုအိုက်မောင်ရဲ့သမီးဖြစ်သွားရမှာတဲ့လား ကိုကြီးရယ် .. ကြွေမှာ .. ကိုကြီးနဲ့တူတာရှိပါတယ် .. ပါးချိုင့်လေးကိုကြည့် ဒါ .. ကိုကြီးနဲ့မတူနေဘူးလား .. မေးနှစ်ခွလေးကိုကြည့်.. တူမနေဘူးလား .. ခုကြည့် .. ခုလောလောဆယ်လေးမှာ ပဲ ကြွေလုပ်ခဲ့တာကိုကြည့် .. တဇွတ်ထိုးတဖောက်ကန်း နိုင်တဲ့ အပြောကိုကြည့် .. လုပ်ချင်တာကိုလုပ်ကိုလုပ်ရမှ.. ဆိုတဲ့အကျင့်ဟာ .. ကိုကြီးရဲ့အကျင့်ပဲ .. စရိုက်ပဲ .. ကြွေ ဟာတစ်ချိန်လုံး ငြိမ်သက်ခေါင်းငုံ့ပေးတဲ့ကြွေ .. အားငယ် တဲ့ကြွေအဖြစ်ရှိခဲ့တာပါ .. ဒါပေမဲ့ .. ခု .. သူ .. လက်မခံ နိုင်တာကို .. ဒီဗစ်တိုးရီးယားမှာ ဖြစ်လာမယ်လဲဆိုရော.. သူ .. ပြတ်ပြတ်သားသားလုပ်ပြခဲ့ပြီလေ .. ကိုကြီးမို့သာ.. ကိုကြီးဟာ .. သူ့အဖေမို့လို့သာ ကြွေ .. တစ်လျှောက်လုံး ကိုကြီးရဲ့ဥပေက္ခာတွေကို .. သမီးတစ်ယောက်အဖြစ် သည်း ခံပေးခဲ့ပေမဲ့ .. တစိမ်းတစ်ယောက်အပေါ်မှာကျတော့ .. သယ်လ်မာကိုကျတော့ .. သူ .. ပြတ်ပြတ်ဆက်ဆံပြလိုက် တာကိုကြည့် .. သူ .. ဘယ်လောက် ကိုကြီးနဲ့တူနေသလဲ.. အဖေတူသမီးပီသနေသလဲ .. မြှုပ်နေတဲ့ဗီဇသွေးကို .. ခု.. ချပြလိုက်တာနဲ့တူနေတယ်ဆိုတာ .. ကိုကြီး သတိထား ကြည့် ပါဦး .. "

ဟု ပြောခိုက်မှာ တစ်ချက်ငြိမ်သက်သွားသ[illegible] ဤ နေရာလေးမှာ လူသားသုံးဦးရှိနေသည်ဆိုတာကိုပင် [illegible]ပဲနေပေး

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရမလိုပါ .. ။ ဘယ်သူဘယ်သူထံမှ စကားသံတွေပွင့်ကျမလာသေး .. ။ တိတ်ဆိတ်ငြိမ်သက်လွန်းနေသည် .. ။ နောက်တော့မှ..

"အို .. သူ .. သူကောင်ရှိတဲ့ခြံကို .. မိုင်းသာချောင်းမှာ .. လှေလှော်ပြီး ထွက်သွားတာဘာသဘောလဲကွ .. ငါဆီက.. ပြတ်စဲခြင်းဆိုတာကို ခွင့်တောင်းတာဘာသဘောလဲကွ .. အဲဒါ .. အဲဒါ .. ငါက .. လွမ်းရှင်နဲ့ပတ်သက်လို့ .. မေ့ပစ်လိုက်ရမှာလား .. မိုင်းသာချောင်းမှာ လှေမှောက်ပြီးသေတဲ့ လွမ်းရှင်ကို .. ငါက .. နာကျည်းရင်း .. မမေ့နိုင်ပဲဖြစ်နေရတာကွ .. နာကျည်းနေရင်း မမေ့နိုင်ရတာ .. သူ့လို .. သူ့လို .. မိန်းမက .. ငါ့ကိုကွာရှင်းခွင့်တောင်းတယ်လေ.. ငါ .. သူ့ကိုပါးရိုက်ပစ်မိတယ် .. နာလွန်းလို့ .. နောက် .. သူ .. လှေနဲ့ထွက်သွားတယ် .. ငါ .. သူ့ကို .. အဲသလိုအဖြစ်မျိုးနဲ့ဘဝအဆုံးသတ်စေဖို့ လက်ထပ်ခဲ့တဲ့ .. ဘုန်းစစ်မင်းမဟုတ်ဘူးခင်လေး .. သူ့ကို .. ချစ်လို့လက်ထပ်ခဲ့တာ တောက် .. ခုနစ်လနဲ့ကလေးမွေးတဲ့မိန်းမ .. ဟိုကောင့်သွေးကိုမွေးတဲ့မိန်းမ ... "

ဟုပြောကာ ဖြုန်းခနဲခဲတစ်လုံးက ထင်ရှူးပင်စည်ကိုလာမှန်၏ .. ။ ဖေဖေ .. ဒေါပွပွဖြင့်ခဲတစ်လုံးကောက်လိုက်ကာ ထင်းရှူးပင်ကြီးကို ပေါက်လိုက်ဟန်တူသည် .. ။ ကြွေမျက်စိကို စုန်မှိတ်ချလိုက်မိရပါပြီ .. ။ မိုင်းသာချောင်းမှာ .. မေမေသည် .. လှေမှောက်၍ကွယ်လွန်ခဲ့သည်တဲ့ .. ။ခုမှ .. ခုမှသိရသည်ကော မေမေရယ် .. ။ ကြွေမွေးနေ့တိုင်းမှာ ရောင်စုံပန်းကြာဆီမီးခွက်လေးတွေ မျှောခဲ့ရဖူးပါသည့် ဤမိုင်းသာချောင်းရေမှာ .. မေမေ

သည် .. လှေမှောက်၍ကွယ်လွန်ခဲ့သည်တဲ့ .. ။ တမလွန်မှနေ၍.. မေမေ့ဝိညာဉ်လေးသည် .. ပန်းကြာဆီမီးလေးတွေကို အန်တီလေးနှင့်အတူ မျှောနေပါသည့်ကြွေကိုငေးကြည့်ရင်း မျက်ရည်ဝေချေမည်လားမသိ .. ။

ဖေဖေနှင့်မေမေတို့၏ အတိတ်ဆီမှအဖြစ်များသည်.. ကြည်နူးစရာဆိုသည်ထက် .. ကြေကွဲစေခြင်းများက ပို၍များနေချေလိမ့်မည်ဆိုတာလောက်ကိုတော့ ကြွေနားလည်လာနေရပြီ ..။ ဦးအိုက်မောင် .. ။ ဦးဘုန်းစစ်မင်း .. ။ ဒေါ်လွမ်းရှင်ဆိုသည့် လူသားသုံးယောက်တို့၏အဖြစ်တွေသည် .. ကြေကွဲဘွယ်ပဲဖြစ်ချေလိမ့်မည် .. ။ ကြွေဆိုသည့်သမီးလေးတစ်ယောက်ကို မွေးဖွားခဲ့ပါလေသော မေမေဒေါ်လွမ်းရှင်သည်လည်း ဤမိုင်းသာချောင်းရေမှာပဲ ဘဝအဆုံးသတ်ခဲ့ရချေသည်မို့ .. ။ ထိုစဉ်က ဤချောင်းရေသည်.. မေမေ့ဝိညာဉ်ကိုနှုတ်သိမ်းခဲ့ရာ .. နေရာတစ်ခုအဖြစ် .. ဤဗစ်တိုးရီးယားမှာ ဖြစ်တည်ကျန်ရစ်စေခဲ့ပုံးပြီးပြီ ... ။

ကြွေ .. ကတုန်ကရင်နိုင်နေသည် .. ။ အားယူ၍.. ငေးလိုက်ကာ ထင်းရှူးပင်စည်အကွယ်မှ ထွက်လာမိရပါ၏ .. ။ မှလို.. ဖြုန်းခနဲကြီး ကြွေသည် .. လုံးပတ်မြိုင်မြိုင်နှင့်ရှိနေပါသော ထင်းရှူးပင်စည်ကြီး၏ အကွယ်မှထွက်ရပ်လာချေလိမ့်မည်ဟု ဖေဖေမရော.. အန်တီလေးရော .. မျှော်လင့်ထားမိကြပုံမရ .. ။

ဒါပေမဲ့ .. ကြွေ့ကိုတွေ့တော့ .. ဖေဖေ့မျက်နှာပို၍ မည်းတင်းသွားကာ ခပ်စိုက်စိုက်ကြည့်နေသည် .. ။ ကြွေ .. အန်တီလေးကိုကြည့်တော့ .. မျက်ရည်ဝဲနေလျက် ခေါင်းလေးမသိမသာခါပြရှာပါ၏ .. ။ သဘောက .. ဖေဖေ့ကို .. တန်ပြန်လှန်တိုက်

www.burmeseclassic.com

www.burmeseclassic.com

သော စကားမျိုးမပြောဖို့ သတိပေးရှာ .. ဟာန့်တားရှာသည့်သဘော ပါ .. ။

ကြွေ .. အန်တီလေးကိုပြုံးပြလိုက်ပါ၏ .. အပြုံးက.. ကြွေကြွေကွဲကွဲနိုင်နေသည် .. ။ ပြီးတော့ .. အံတုခြင်းလည်းနိုင်နေသည် .. ။ တစ်ခုခုကို စိန်ခေါ်သည့်အပြုံးမျိုးလည်းဆန်နေပြန်သည်..။ မျက်ဝန်းများက ဖေဖေထံမှာ တစ်ချက်တန့်၏ .. ။ အားအင်တွေသည် မယုံကြည်နိုင်လောက်အောင်ပဲ ကြွေခန္ဓာထဲစီးဝင်လာနေကြပြန်သည့်အဖြစ် .. ။

"ပါးချိုင့်လေးကို အန်တီလေးမြင်သလို ဖေဖေလဲမြင့်မှာပါ အန်တီလေးရယ် .. ဒီမေးနှစ်ခွလေးကို .. အန်တီလေးမြင်သလို .. ဖေဖေလည်း မြင်မှာပါ .. ဒါပေမဲ့ .. မယုံကြည်နိုင်တဲ့သူဟာ .. ဘယ်အရာတွေကိုမြင်မြင် .. မယုံကြည်ချင်ပဲ ခေါင်းမာမာနဲ့ရှိနေမှာပါ အန်တီလေး .. ရှင်မွေးကြွေဟာ.. သူ့ကိုသမီးအဖြစ်အသိအမှတ်မပြုနိုင်ပဲ မှုန်းတီးနေတဲ့ဖေဖေ့ရှေ့မှာ .. ခုလိုရပ်ပြနေတာကို့ပဲအားနာလှပါပြီ .. ဒါပေမဲ့.. ဖေဖေ့ကိုကြွေပြောပါရစေ .. ဖေဖေ့နှုတ်က .. သမီးလို့မခေါ်လာသရွေ့ .. ကြွေ့ကိုသမီးအဖြစ် မယုံကြည်ပေးသရွေ့ ကြွေကလဲ .. ကြွေ့ကို .. သမီးတစ်ယောက်အဖြစ် .. သတ်မှတ်ပေးပါလို့ ဖေဖေ့ရှေ့မှာဒူးထောက်ပြီး မတောင်းပန်နိုင်ပါဘူးဖေဖေ .. ဖေဖေ့နှုတ်ကအသိအမှတ်ပြုတဲ့စကား ထွက်ကျလာတဲ့နေ့ကျရင် .. ကြွေဆံစနဲ့ဖေဖေ့ခြေဖမိုးကိုယိုပြီး.. ဖေဖေ့သမီးအဖြစ် .. ကြွေ့ကို .. ကြွေ့ကိုယ်ကိုလဲ .. အခေါ်ခံပါ့မယ် ဖေဖေ .. ကြွေ .. ဝမ်းနည်းတာတစ်ခုပဲရှိပါတယ်..

ကြွေ့ကို သမီးရယ်လို့ မခေါ်ချင်တဲ့အဖေတစ်ယောက်ရဲ့ သမီးအဖြစ် .. ဒီလောက်အကြာကြီး .. ကြွေ .. လူဖြစ်လာခဲ့ရတာကိုပါ .. လူအဖြစ် .. ဒီအိမ်ကြီးမှာ နေနေခဲ့ရတာကို ပါ.. "

ဟုပြောစဉ်ခိုက် အသံကတစ်ချက်တိမ်ဝင်၏ .. ။ ဖေဖေတစ်ချက်ကြွေ့ကို စိုက်ကြည့်နေသည်။ ဖေဖေ့မျက်ဝန်းများကို ကြွေအားစိုက်၍ အဖြေတစ်ခုကိုရှာယူနေသူအဖြစ် ကြည့်နေမိရပါပြီ .. ။ ဖေဖေ့ရင်ထဲမှာ ဘာတွေကိုတွေးနေပါသလဲ .. ။ ကြွေ့စကားတွေကိုကြားရစဉ်ခိုက် ဖေဖေ့ရင်ထဲမှာဘာတွေရှိနေပါသလဲ..။ ဒါကို .. ကြွေသိချင်နေသည်။ မရ .. ။ ဒါပေမဲ့မရ .. ။ ကြွေ ..အဖြေကိုရှာယူ၍မရ .. ။ အရမ်းကိုတည်ငြိမ်စွာပဲ ဖေဖေကြည့်လာနေရင်းမှ ..

"သူ့ကိုခေါ်သွားလိုက်စမ်း ခင်လေး .. သူဟာ .. သူ့အမေလိုပဲ .. အလွန်ခေါင်းမာတဲ့ကလေး .. အေးတိအေးစက်ပုံလေးနဲ့ .. ငါ့ကို .. အာခံချင်နေတဲ့လွှမ်းရှင် အငယ်စားလေးဟာ.. အခု .. ငါ့ရှေ့ကိုရောက်နေပြန်ပြီ ... "

ဟု ပြောသံက အေးစက်ခါးသီးနေသည် .. ။ ကြွေ.. တစ်ချက်မျက်နှာလေး မှောခနဲဖြစ်လာပါ၏ .. ။ ရင်ထဲမှာ .. ဖွတ်ဆို.. တိုးဝင်လာသည်က .. စောစောက ဖေဖေပြောခဲ့ပါသည့်စကား.. ။ ဘာတဲ့ .. ။ အာခံခြင်း .. ။ ဟုတ်သည် .. ။ ဖေဖေက ကြွေသည် .. ဖေဖေ့ကိုအာခံနေသည်ဟု မှတ်ယူထားချေသည်ပဲ..။ ဒါဆို .. ။ ကြွေက .. ကြွေက .. အလိုက်သင့်လေးပဲ ဖေဖေအပြောအတိုင်း နေပြသွားရုံသာ .. ။ ကြွေသည် .. ထွက်ထိုးနိုင်သော

www.burmeseclassic.com

www.burmeseclassic.com

ဦးဘုန်းစစ်မင်း၏သမီး ရှင်မွေးကြွေဆိုတာလောက်ကိုတော့ ဗီဇသွေးတစ်ခု၏ သက်သေအဖြစ်ရှိသွားရချေမည်ပေါ့ .. ။

"ကြွေ .. ဖေဖေ့အထောက်အပံ့နဲ့ ..ကျောင်းလဲဆက်မတက်ပါဘူးဖေဖေ .. ဘာလို့လဲဆိုတော့ .. ကြွေ့အဖေအဖြစ် .. ဖေဖေ့နာမည်ကို .. ကျောင်းမှတ်ပုံတင်စာအုပ်မှာထည့်ထားရတာကိုက .. ဖေဖေ့အတွက် အလွန်နစ်နာနေပါတယ် .."

ဟု ပြောချလိုက်တော့ ဖေဖေမျက်နှာကြီးရဲတက်လာသည် .. ။ စိုက်ကြည့်သည်ကလည်း မျက်လုံးများမီးဝင်းဝင်းတောက်နေသည့်နှယ်ဖြင့်ပါ .. ။

"မင်းဟာ .. ကျေးဇူးကန်းတဲ့မိန်းကလေးပဲ .. မင်းဟာ .. ငါ့အတွက် .. ဘာမှအရေးမကြီးဘူး ရှင်မွေးကြွေ .. မင်း .. ငါ့ကိုအရွဲ့တိုက်လို့လဲ ဘာမှငါ့အတွက်မဆုံးရှုံးဘူး .. မထိခိုက်ဘူး .. မင်းကို .. ငါ .. တစ်ခုပဲအသိပေးမယ် .. ဒါပေမဲ့ .. ငါ့ကို .. မင်းနိုင်ဖို့မကြိုးစားနဲ့ .. ကျောင်းမနေဘူးဆိုတာမျိုးနဲ့ ..ငါ့ကို .. စိန်ခေါ်မပြနဲ့ .. ငါ .. မင်း .. ပြောသမျှကို .. နောက်ကတကောက်ကောက်လိုက်လုပ်ပေးနေမဲ့ ဘုန်းစစ်မင်းလို့လဲထင်မနေနဲ့ .. ငါ .. မင်းဆုံးဖြတ်တာကို နာခံမယ်များမှတ်နေလား .. မင်း ကျောင်းမနေဘူးဆိုတာနဲ့ .. ငါက ကျောင်းထုတ်ပေးလိုက်မယ်လို့များ ထင်နေလား .. မင်း.. ကျောင်းဆက်နေရမယ် .. ဒါ .. ငါ့အဆုံးအဖြတ် .. ဒါ .. အတည်ပဲ .."

ဟုပြောလာတော့ ကြွေအံ့ခဲ့သည် .. ။

"စာတတ်မှလူရာဝင်မှာပေါ့ကြွေ .. ကျောင်းတော့နေရမှာ

ပေါ့ .. ဘုန်းစစ်မင်းရဲ့သမီးဟာ မက်ထရစ်လေးတောင်မအောင်ဘူးဆိုတာလောက်ကိုတော့ .. ဘယ်အဖြစ်ခံနိုင်ပါ့မလဲ .. ကောလိပ်လည်း တက်ရမှာပေါ့ .. "

ဟုပြောလိုက်တော့ကော .. ဘာများဖြစ်ချေမှာမို့လဲ .. ။ ခုကျတော့ .. ကြွေက ကျောင်းထွက်မည်ဆို၍ .. ။ ဆန့်ကျင်စွာပဲ ဖေဖေဆုံးဖြတ်သည်တဲ့ .. ။ ကြွေကိုဆန့်ကျင်ခြင်းအဖြစ် .. ကြွေစကားကိုအတည်မပြုပေးခြင်းအဖြစ် .. ကျောင်းထားပေးခြင်းတဲ့ .. ။ ရင်ထဲမှာ .. နာကျင်လာသည် .. ။ မေတ္တာမဲ့သော .. ဆောင်ရွက်မှုတစ်ခုအဖြစ် ဖေဖေ့စကားက သိသာနေပြန်သည်။ ကြွေသည် .. ဖေဖေ့အတွက် ဘာတစ်ခုကိုမှ .. မခံစားစေနိုင်စွမ်းသည့်.. တန်ဖိုးမဲ့ ရှင်မွေးကြွေ ဖြစ်နေချေသည်တကား .. ။

"ကြွေ .. ရအောင်ကျောင်းထွက်ပြမယ်ဖေဖေ .. ကြွေဟာ.. ဖေဖေ့အတွက် .. ဘာဆိုဘာမှမထိခိုက်စေနိုင်ဘူးဆိုတဲ့ ကြွေအဖြစ် .. မဟုတ်ပဲ .. ဖေဖေ့ကို .. ထိခိုက်စေနိုင်တဲ့ ရှင်မွေးကြွေဆိုတာကိုလဲ .. ဖေဖေသိရမှာပါ .. ကြွေ .. ရအောင်ကို .. ကျောင်းထွက်ပြပါ့မယ်ဖေဖေ .. ကြွေကလည်း ကိုယ့်ကို .. မချစ်တဲ့ .. ဖေဖေ့အထောက်အပံ့နဲ့ပညာမသင်ချင်ပါဘူး ဖေဖေ .."

ဟု ပြောလိုက်တော့ ဖေဖေ ကြွေ့ကို စိုက်ကြည့်သည်.. ။ အနီတီလေးမှာ မျက်နှာအပျော်ပျက်ဖြင့် ကြားမှာဝင်နှပ်ရင်း ..

"ကြွေလေး .. တော်တော့ .. အိမ်မှာလဲဧည့်သည်တွေလဲရှိနေတဲ့ ဥစ္စာကွယ် .. ကိုကြီးကလည်း .. ကလေးကို

www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်ကြီးအထိ ပစ်ပစ်ရက်ရက်မပြောပါနဲ့ရှင် .. ကြွေလေး .. ဆက်မပြောနဲ့တော့ .. အန်တီလေးကိုချစ်တယ်ဆိုရင် .. မပြောပါနဲ့တော့ ကလေးရယ် .. "

ဟု ပြောငိုစဉ်ခိုက် ဖေဖေ့တက်တစ်ချက် ခေါက်သည် .. ။ နေရာမှချာခနဲလှည့်၍ ဖေဖေထွက်သွားခိုက်နေရာမှာ ကြွေသည်လည်း ငြိမ်သက်စွာပဲ ရပ်ကျန်ခဲ့ပါ၏ .. ။ ရင်ထဲတွင်ထူးခြားသော ခံစားမှုတစ်ခုက တိုးဝင်လာနေ၏ .. ။ အားအင်တကြီးနိုင်စွာပဲ တိုးဝင်လာနေမှု .. ။

ခေါင်းမာသော .. နောက်မဆုတ်သော .. ခံစားမှု..။

ဗစ်ဝိုးရီးယား
(၁၉၃၈)

www.burmeseclassic.com

www.burmeseclassic.com

အခန်း | ၆ |

ဘုန်းစစ်မင်းဆိုသည့် ဘော်တွင်းများကို ပိုင်ဆိုင်သော .. ။ သစ်တောခြံများကိုလည်း ပိုင်ဆိုင်ပါသော သူတစ်ယောက်သည် .. အသက်နှစ်ဆယ်ကိုးနှစ်အရွယ်ထိတိုင် မည်သည့်မိန်းကလေးကိုမှ မတွေ့ရှိ .. လက်ထပ်ယူလိုပါသည်ဟု မဆုံးဖြတ်ခဲ့ပေမဲ့ .. ။

အသက်တစ်ဆယ့်ခုနှစ်နှစ်အရွယ် မလွှမ်းရှင်ဆိုသော သစ်တောခြံအလုပ်သမလေးကို စတင်မြင်မိရစဉ်ခိုက် .. ဤမိန်းကလေးသည်သာ သူ၏ဘဝဖော်ဟုဆုံးဖြတ်လိုက်မိရသည်အထိ မလွှမ်းရှင်၏ အလှတရားများက အေးမြလွန်းစွာ .. ညှို့ငင်လွန်းစွာ..တမ်းမက်နိုင်လွန်းစွာပဲ လွှမ်းမိုးချုပ်ကိုင်ထားလိုက်နိုင်ခဲ့ပါ၏ .. ။

မိဘနှစ်ပါးနှင့်အတူ မကြာမတင်လေးကမှ ဤသစ်တောခြံမှာ သားအမိသားအဖသုံးယောက်လာရောက် လုပ်ကိုင်ကြရင်းပေါ့ဟု ခြံ၏မန်နေဂျာ ဦးကြွယ်ယွန်းမှ ပြောကြားခဲ့ရသည်ကလည်း ဘုန်းစစ်မင်းကိုယ်တိုင်က .. ဂရုတစိုက်ကြီးဖြင့် ထိုမိန်းမလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်၍ ရုံးခန်းထဲမှာခေါ်ယူမေးမြန်းခဲ့စဉ်ကပါ .. ။

လုံခမ်းဆိုသောရွာလေးတစ်ရွာမှ ပြောင်းရွှေ့လာကြရကာ .. ဤမိုင်းသာအနီး မိုင်းလီရွာလေးမှာ သစ်တော့ခြံအလုပ်သမားများအဖြစ် လာရောက်လုပ်ကိုင်ကြသည်က တစ်လကျော်မျှသာရှိသေးသည်တဲ့ .. ။

ထိုမိန်းကလေး၏နာမည်သည် .. မလွှမ်းရှင်ဖြစ်လျှက် .. ။ သစ်တော့ခြံကို ခြံစောင့်အဖြစ်လည်း မလွှမ်းရှင်၏ဖခင် ဦးအိုက်ဒိမှလုပ်ကိုင်နေပါသည်တဲ့ .. ။ ခြံထဲရှိ တစ်ထပ်မျဉ်တောင်သွပ်မိုးအိမ်ငယ်လေးမှာ နေထိုင်ကြသည်ဆိုတာကို သိပြီးသည့်နောက်မှာ .. တစ်နေ့သော ညနေစောင်းတစ်ခုမှာ ဘုန်းစစ်မင်းသည် မလွှမ်းရှင်တို့နေထိုင်ရာ အိမ်လေးဆီသို့ အညိုရောင်မြင်းကြီးကိုစီးလျှက် ရောက်ရှိလာခဲ့ပါ၏ .. ။

ခြံရှင်သူဌေးကိုယ်တိုင်မမျှော်လင့်ပဲ ရောက်လာခဲ့သည်မို့ ဦးအိုက်ဒိခမျာ ခြေမကိုင်မိလက်မကိုင်မိဖြင့် ပျာပျာသလဲကြီးလည်း ကြိုခဲ့ရှာလျှက် .. မငံ့မရဲဖြင့် မပြောရဲမဆိုရဲဖြင့် တရိုတသေကြီး ရှိနေခဲ့ရှာသည်ပေါ့ပဲ .. ။

ထိုနေ့က မီးဖိုချောင်ငယ်လေးထဲမှာ ဆံတောက်ကွေးလေးဖြင့် ထမင်းအိုးငုံ့နေပါသော မလွှမ်းရှင်ကိုတစ်ချက်ကြည့်ကာ ဦးအိုက်ဒိခင်းပေးပါသော သင်ဖျူးဖျာတွင်ထိုင်လျှက် ရေနွေးကြမ်းငုံ့သောက်ခဲ့ပါသော ဘုန်းစစ်မင်းဆိုသူသည် တစ်ပတ်ကျော်သည့်နေ့တစ်နေ့မှာ ဦးကြွယ်ယုန်မှတဆင့် .. မလွှမ်းရှင်ကိုလက်ထပ်လိုကြောင်း စကားမြန်းစေခဲ့သူတစ်ယောက်ဖြစ်မှန်းချေလိမ့်မည်ဟု ဦးအိုက်ဒိမမျှော်လင့်ခဲ့ရှာပါ .. ။

အလွန်တရာကိုမှ ဘဝချင်းကွာခြားလှပါသည့် လူချမ်းသာပညာတတ်၊ ရုပ်ရည်သန့်ပြန့်ခန့်ညားပါသော ဘုန်းစစ်မင်းဆိုသည့် သူဌေးကသမီးကို စကားမြန်းစေသည်ဆိုတော့ ဦးအိုက်ဒိခမျာ ဟန်ပင်မဆောင်နိုင်ဘွာ ခေါင်းညိတ်ခဲ့ပါသည့်အဖြစ် .. ။

သမီးဖြစ်သူ အဘယ်မျှထိငြင်းငြင်း .. ။ ထိုငြင်းဆိုမှုကို သူဌေးနားထဲမပေါက်ကြားစေရအောင် ဆူငေါက်၍မလွှမ်းရှင်ကို ထိန်းခဲ့ရသည်ကလည်း ဦးအိုက်ဒိပါ .. ။ ဦးကြွယ်ယုန်သည် ဦးအိုက်ဒိ၏လက်ခံခေါင်းညိတ်စကားကိုပြန်၍ သယ်ဆောင်သွားကာ ဘုန်းစစ်မင်းထံသို့ အကြောင်းပြန်ပေးခဲ့သည့်နောက်မှာ .. ။နောက်တစ်နေ့မှာပဲ .. သစ်တောခြံမှာ တစ်ထပ်အုတ်တိုက်လေးတစ်လုံးကို ဆောက်ဖို့အတွက် အလုပ်သမားများရောက်လာကြကာ အလွန်ကိုပဲ မြန်ဆန်စွာတစ်လမပြည့်မီမှာပဲ ထိုအုတ်တိုက်လှလှလေးတစ်လုံးသည် ပြီးစီးသွားခဲ့ပါ၏ .. ။

ထို အုတ်တိုက်လေးမှာ လှပသောအနီရောင် အမိုးလေးလည်းရှိကာ .. အဖြူရောင်အုတ်တိုင်လေးတွေ ရှိပါသော လှပသာဆင်ဝင်လေးတစ်ခုလည်း မျက်နှာစာမှာရှိနေလျှက် .. ။ ထိုမျက်နှာစာ ဆင်ဝင်အောက်မှာ အနက်ရောင်ဘောက်စ်ဝက်ဂွန်ကားလေးတစ်စီးသည်လည်း အရိုင်ဘာကိုမြင့်ဆိုသူနှင့်အတူ အသင့်ရှိနေပါ၏ .. ။ အိမ်တွင်းမှာ လိုအပ်ပါသောအသုံးအဆောင်မှန်သမျှ သည်လည်း ကားကြီးနှစ်စီးဖြင့်ရောက်ရှိလာကာ အလုပ်သမားများသည် ကားပေါ်မှချသူချ .. ။ ခင်းကျင်းသူခင်းကျင်းနှင့် အားလုံးသည်လည်း မျှမျှစွာပဲ တိုက်အိမ်လေးအတွင်းမှာ သူ့နေရာနှင့်သူနေသားတကျ ထားခဲ့သည်မှာ တန်ခိုးရှင်တစ်ပါးမှ ဖန်ဆင်းပေးလိုက်သည်သို့ပါ..။

www.burmeseclassic.com

www.burmeseclassic.com

သစ်လွင်တောက်ပနေပါသော ကျွန်းသားစားပွဲနှင့် ဆက်တီလေးတွေက ထိုင်ခုံဆိုအာလေးတွေဖြင့်ပါ .. ။ အလှတင် ပန်းခုံများ .. ။လှပသော ကြွေသားဖြူဖြူလေးတွေရှိပါသည့် ပန်းအိုးများမှာ အဖြူရောင်နှင်းဆီပွင့်တွေကို ထိုးထားပြီးဖြစ်နေကြကာ..။ လှပသော ပန်းချီကားများ ချိတ်ထားသောဧည့်ခန်းဆောင်သည် ကိုယ်ပိုင်မီးစက်တစ်လုံးဖြင့် ရှိနေပါသည့်ဤတိုက်အိမ်လေးမှာ ညအခါဆိုလျှင်လည်း လျှပ်စစ်မီးရောင်ဖြင့် တောက်ပသစ်လွင်စွာ အိမ်သားများကို စိတ်ကြည်လင်စေနိုင်ပါသည့်အဖြစ် .. ။

အပြာနုရောင်သုတ်ထားသော အခန်းနံရံများမှာ လှပသောပန်းချီကား ချိတ်ထားသည်ကခြောက်ခုတိတိပါ .. ။ သီးသန့်ဘုရားဆောင် .. ။ သီးသန့်အိပ်ခန်းသုံးခန်း .. ။ သီးသန့်မီးဖိုဆောင်နှင့်ထမင်းစားဆောင်ငယ်လေးနှင့် ..တိုက်လေး၏အနောက်ဘက်မှာ ပြာမှိုင်းသောတောင်တန်းနှင့် စိမ်းလန်းသောတောအုပ်ကို မြင်နိုင်ငေးနိုင်ပါသည့် ဝရံတာဆောင်လေးတစ်ခုက သဘော်ဆေးသုတ်လက်ရမ်းလေးဖြင့် ရှိနေပါ၏ .. ။

တိုက်အိမ်လေးသည် သေးပေမဲ့ နေချင့်စဖွယ်လည်းရှိ .. ။လှလည်းလှ .. ။ ချစ်စရာလေးလည်းကောင်းနေသည်ပါပဲ..။ အိပ်ခန်းတိုင်းမှာ ကုတင်တစ်လုံးစီနှင့် ဘီရို့မြင့်ကြီးနှစ်လုံးစီရှိနေလျက် .. ။အခန်းတိုင်းသည် အနီရောင်ကော်ဇောကြီးတွေ ခင်းကျင်းထားသောအခန်းများဖြစ်နေပါ၏ .. ။

မီးဖိုဆောင်လေးကတော့ ကျွန်းသားရှာထိုးခင်းဖြင့် ရှိနေပါသည့်အဖြစ် .. ။ ထိုအုတ်တိုက်လေးသို့ ဦးအိုက်ဒီတို့မိသားစု ပြောင်းရွှေ့နေစေဖို့အတွက် ဦးကြွယ်ယူနိုလာခေါ်တော့ ယုံပင်မယုံ

ရှဲနိုင်လောက်အောင် မိသားစုတစ်စုလုံးလည်းဖြစ်ခဲ့ကြရသည်ပါပဲ ..။

ဘုန်းစစ်မင်းကို လက်ခံပါသည်ဟု စကားပြန်လိုက်သည့်နောက်မှာ ဘာဆိုဘာမျှ တစ်ဘက်မှစကားဆက်ဆိုလာခြင်းမရှိခဲ့သည်မို့ ဦးအိုက်ဒီခမျာ .. ရင်ထဲမကောင်းပဲရှိနေခဲ့ရပါ၏ .. ။ စကားပြန်းစဉ်တုန်းကတော့စကားပြန်းခဲ့ပြီးမှ .. နောက်ထပ်ဆက်၍ မင်္ဂလာရက်ကိစ္စတွေ ဘာတွေကိုပြောလာတာမျိုးမရှိခဲ့သည်မို့ .. ဘုန်းစစ်မင်းဘက်မှ ဤကိစ္စကိုပြန်၍ စိတ်မပါပဲဖြစ်သွားချေပြီလားဟုလည်း ဦးအိုက်ဒီတွေးခဲ့ရ .. ။

စကားလာပြန်းသည်ဆိုတာနှင့် ချက်ချင်းဟန်ပင်မဆောင်နိုင်ပဲ ခေါင်းညိတ်ခဲ့မိခြင်းသည် အရှမ်းကိုအလောတကြီးနိုင်ခဲ့ချေပြီကောဟု နောင်တဖြစ်ရနှင့်ရှိခဲ့ရလေသမျှ .. ။ခုလို .. တိုက်သစ်လေးပေါ်သို့ လူချည်းသက်သက်ပြောင်းနေလိုက်ရုံပဲ အားလုံးအသင့်ပြည့်စုံစွာ စီမံထားပါသောအဖြစ်တစ်ခုကို ကြုံရတော့လည်း ရင်ထဲ လှိုက်ခါနေအောင်ပျော်လည်းပျော်သွားရ .. ။ ကြည်နူးရနှင့်ရှိသွားရသည်က ဦးအိုက်ဒီနှင့်ဇနီးဒေါ်နုငွေတို့ပါ .. ။

နောက်တစ်နေ့မှာ ..အဝတ်အစားသစ်တွေနှင့်အတူ ..က်ချုပ်ဆိုင်မှ .. ဒေါ်အေးအေးရောက်လာကာ ကိုယ်တိုင်းတွေယူ.. ။ တိုက်အိမ်လေးမှာပဲ အပ်ချုပ်စက်တစ်လုံးဖြင့် တစ်နေကုန် ..စ်နေခမ်း အဝတ်တွေချုပ်ပါတော့၏ .. ။ တင်ပတ်မျှ ထိုသို့အဝတ် ..စ်တွေတောက်လျှောက်ချုပ်ကာ .. ဘီရိုကြီးတွေထဲမှာ အဝတ် ..စားသစ်တွေ ဖြည်းဖြည်းပို၍ပြည့်ပြည့်လာနေသမျှ .. ဦးအိုက်ဒီ ..နှင့် ဒေါ်နုငွေတို့ပျော်နေကြစဉ်ခိုက်မှာ မလွမ်းရှင်သည် တစ်ကြိမ်း ..နေသည်က အိပ်ခန်းလေး၏ ခုတင်လေးထက်မှာပါ .. ။ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com

ပဲငြင်းငြင်း .. ။ ငြင်း၍မရနိုင်စွာပဲ ထိုဘုန်းစစ်မင်းဆိုသည့် သူဌေးကို လက်ထပ်ရချေတော့မည်ပဲဟု မလွှမ်းရှင်သိသာရလေလေ .. ငို၍မဆုံးနိုင်ရလေပါ။

ထိုသို့ .. တစ်အိမ်လုံးအတွက် .. အားလုံးပြည့်စုံပြီဆိုခါမှ .. တစ်နေ့နံနက်မှာ မာစီဒီးကားဖြူကြီးနှင့် ပလိုင်းမောက်ကား နက်ကြီးတစ်စီးတို့ ရှေ့နောက်ဆင့်၍ တိုက်အိမ်လေး၏ရှေ့ဆင်ဝင်အောက်မှာရပ်ခဲ့ကာ .. ။ ထိုကားတွင်းမှ သပ်ရပ်သော မြန်မာဝတ်စုံကို ဝတ်ဆင်ထားလျှက် အရမ်းကိုလည်း တည်ငြိမ်ရင့်ကျက်စွာဖြင့် ဆင်းလာပါသည့်ဘုန်းစစ်မင်းသည် .. ပါလာသော ဂုဏ်သရေရှိလူကြီးများဖြင့် .. ဦးအိုက်ဒီထံမှ .. သမီးမလွှမ်းရှင်ကို မြန်းလိုပါကြောင်း .. စကားကမ်းစေခဲ့ကာ .. ။ ထိုနေ့မှာတင် တောင်းခြင်းအဖြစ် .. လက်ဝတ်ရတနာများပါရှိရာ ရတနာပွန်းဘူးပြားများ .. ။ငွေသား သိန်းနှစ်ဆယ် .. ။ ထို့ပြင် .. သစ်တောခြံကြီး တစ်ခုလုံး၏ပိုင်ဆိုင်မှုများအားလုံးကို ဦးအိုက်ဒီကို လွှဲပြောင်းပေးပါသည့်စာချုပ်စာတမ်းများက အစရှိနေခဲ့ပါ၏ .. ။ မလွှမ်းရှင်ကိုထို့မျှအထိ .. တန်ဖိုးထား၍ တမြတ်တနိုးနိုင်စွာစကားကမ်းစေခဲ့ .. ။ လက်ထပ်ခဲ့ပါသော ဘုန်းစစ်မင်းဆိုသူ၏ မင်္ဂလာပွဲသည်လည်း မိုင်းသာမြို့ရှိ ဗစ်တိုးရီးယားအိမ်ကြီးမှာ တခမ်းတနားကြီးရှိခဲ့သည်မှာ အမှန်ပါ။ ထိုမျှအထိ .. မလွှမ်းရှင်ဆိုသည့် ရွှေရည်ပန်းဆက်လုပသော မိန်းကလေးတစ်ယောက်ကို လက်ထပ်ခဲ့ပါသည့်မြတ်နိုးမှု အတိုင်းအတာ၏ နက်ရှိုင်းမြင့်မားမှုကို .. မလွှမ်းရှင်နားလည်လျက် ကြည်နူးကျေနပ်နေဖချမည် .. ဟု မျှော်လင့်ခဲ့မိပါသော ဘုန်းစစ်မင်းသည် .. မလွှမ်းရှင်ထံမှ ချစ်ခြင်းကို မရခဲ့ .. ။

ငွေနှင့်ပေါက်၍ လက်ထပ်ယူသည်ဟူသော နာကျည်းမှုကိုသာ ရရှိခဲ့ပါ၏ .. ။

"မဟုတ်သေးဘူးလွှမ်းရှင်လေး..အစ်ကိုကြီးကို..လက်ထပ်ခဲ့တာ .. ခု .. အစ်ကိုကြီးရဲ့မိန်းမအဖြစ်ရှိနေတာတွေအားလုံးဟာ .. လွှမ်းရှင်လေးဘက်က .. စက်ရုပ်လေးတစ်ရုပ်လိုပဲ သံပတ်ပေးထားလို့ လှုပ်ရှားနေတာနဲ့တူနေတယ် .. အစ်ကိုကြီး .. လွှမ်းရှင်ကိုချစ်လို့ လက်ထပ်ယူတာ .. ခု .. ကလေးလည်းလွယ်ထားရပြီ .. လွှမ်းရှင်ကို .. အစ်ကိုကြီးဘယ်လောက်ဂရုစိုက်သလဲ .. အစ်ကိုကြီးရဲ့ညီမလေးခင်ခင်လေးကလဲ ဘယ်လောက်ချစ်သလဲ .. မသင်းဆိုလဲချစ်တာပဲ .. မိဥလေးဆိုလဲချစ်တာပဲ .. ဦးလေးသိန်းဆိုလဲ လွှမ်းရှင်ကြိုက်တဲ့ နှင်းဆီပန်းလေးတွေကို .. မနက်တိုင်းခြံထဲက ခူးခူးပြီး လာပို့ပေးနေကြတာပဲ .. ဒီလောက်ထိ .. ဗစ်တိုးရီးယားက လူတွေအားလုံးဟာ .. လွှမ်းရှင်ကိုချစ်နေကြတဲ့ကြားက .. လွှမ်းရှင်လေးမပျော်နိုင်တာကို .. အစ်ကိုကြီးတွေးမရဘူး.. စိတ်လဲမကောင်းဘူး .. အစ်ကိုကြီဘယ်အထိ စိတ်ရှည်လက်ရှည်စောင့်နေသလဲ .. လွှမ်းရှင်လေးဆီက အပြုံးလေးတစ်ခုကို ရနိုင်ဖို့အတွက် ဘယ်လောက်အထိစောင့်နေသလဲ .. ဒါကို .. လွှမ်းရှင် နားလည်ဖို့ကောင်းပါတယ်ကွယ် .. "

ဘုန်းစစ်မင်းမှ နောက်ဆုံးမနေသာတော့ပဲ ဖွင့်ပြောယူသည်အထိ လွှမ်းရှင်၏မျက်နှာလေးထက်မှာ အပြုံးရိပ်မရှိ .. ။ ပေါ့ပါးသွက်လက်စွာ .. ပျော်ရွှင်မြူးတူးစွာ သွားလာပြောဆိုမှုမျိုး မရှိပဲ ရက်လများစွာကို ဖြတ်သန်းလာရသည်အထိ .. မလွှမ်းရှင်သည်

www.burmeseclassic.com

www.burmeseclassic.com

စက်ရုပ်ဆန်နေသော မလွှမ်းရှင်ပဲဖြစ်နေခဲ့သည်ပါပဲ .. ။

ဘော်တွင်းသို့ မနက်တိုင်းမာစီဒီးကားကြီးဖြင့် ဘုန်းစစ်မင်းသွားသည် .. ။ ညနေပြန်လာသည်နှင့် မလွှမ်းရှင်ကိုအရင်ရှာတတ်သူအဖြစ်ဇနီးကို မျက်စိအောက်ကအပျောက်မခံနိုင်အောင် အချစ်ကြီးချစ်မိရလေသမျှသည် .. ။ မတုန်မလှုပ်ကျောက်ဆစ်ရုပ်လေးချထားသလို အရမ်းကိုငြိမ်ကျစွာသွားလာစားသောက်နေပါသည့် အေးတိအေးစက်မလွှမ်းရှင်အဖြစ်ပဲ ဗစ်တိုးရီးယားမှအိမ်သားများအားလုံးက သိနေမြင်နေကြားနေရတော့လည်း .. ကြာတော့ မနေသာတော့ .. ။မကြည့်ရက်တော့။ ဘုန်းစစ်မင်းကို သနားလာကြရသည်အထိပါ .. ။

နောက်ဆုံးမှာ ခင်ခင်လေးမှ ယောင်းမတော် မလွှမ်းရှင်ကို ..

"ကိုကြီးက မလွှမ်းရှင်ကိုချစ်လွန်းလို့ ..မြတ်နိုးလွန်းလို့.. တန်ဖိုးထားလက်ထပ်ယူတာပါကွယ် .. စကားမြန်းချိန်မှာ တောင်မှလူတွေဟိုကိုခေါ်သွားတဲ့အခါ .. မလွှမ်းရှင်တို့ဂုဏ်မငယ်ရအောင် .. အိမ်လေးကအစ .. ချက်ချင်းအမြန်ဆောက်စေခဲ့တာပါ .. ဒီလောက်ချစ်တာပါ .. ကိုကြီးသနားပါတယ် မလွှမ်းရှင်ရယ် .. ကိုကြီးကို.. မလွှမ်းရှင် မချစ်နိုင်ရင်တောင်မှ သနားဖို့ကောင်းပါတယ်.. ဘယ်မိန်းကလေးကိုမှ ကိုကြီးက ချစ်တာမဟုတ်ပါဘူး .. မလွှမ်းရှင်ကိုတော့ မြင်တာနဲ့ချစ်ခဲ့တာ အရမ်းသိသာပါတယ် .. သူကိုယ်တိုင် အင်ဂျင်နီယာဘွဲ့ရ .. ခင်လေး ဘီအေဘွဲ့ရတဲ့အထိ .. မလွှမ်းရှင်နဲ့မဆုံရသေးခင်အထိ ဆိုပါတော့ .. ကိုကြီး..

အိမ်ထောင်ပြုမယ်လို့ကို မဆုံးဖြတ်ခဲ့သေးတာ .. မိဘများကလည်း ကိုကြီး ဘွဲ့ရတဲ့နှစ်မှာ ကားအက်စီးဒင့်ဖြစ်ပြီး ဆုံးခဲ့တာဆိုတော့ ခင်လေးဘွဲ့ရတဲ့အထိ ကိုကြီးကပဲ.. အစစ .. ဆက်စောင့်ရှောက်ခဲ့တာပါ .. ကိုကြီးဟာ ခင်လေး အတွက်တော့ .. အဖေအရာပါပဲ .. ကိုကြီးကို ခင်လေး ချစ်လည်းချစ်ပါတယ် .. ဒါကြောင့်လည်း .. ကိုကြီးကို စိတ်ချမ်းသာစေချင်လို့.. မလွှမ်းရှင်ကို.. ခင်လေးခုလိုတောင်းပန်တာပါ .. ခုတလော ကိုကြီး အလွန်ငေးငေးငိုင်ငိုင်ရှိလွန်းလှတယ် မလွှမ်းရှင် .. "

ဟု ခင်လေးပြောစဉ်ခိုက်မှာလည်း မလွှမ်းရှင်သည် ငြိမ်သက်စွာပဲ နားထောင်သူအဖြစ်ရှိနေခဲ့ပါ၏ .. ။ တစ်ခွန်းမျှပြန်မပြောခဲ့ .. ။ တစ်ချက်တော့ ခင်ခင်လေးကိုကြည့်သည် .. ။

"ပြီးတော့ .. မလွှမ်းရှင်မှာရင်သွေးကလွယ်ထားရပြီးနေပြီလေ .. ဒီအချိန်မှာ .. မလွှမ်းရှင်ဟာ .. ကိုယ်ရောစိတ်ရော.. ချမ်းမြေ့နေတဲ့ မိခင်လောင်းတစ်ယောက် ဖြစ်နေသင့်ပါတယ်ကွယ်..မလွှမ်းရှင်ဟာ.. ကိုကြီးရဲ့ဇနီးဆိုပေမဲ့..ခင်လေးထက်တောင်ငယ်ပါတယ်။ ခင်လေးပြောတာဟာ .. အစ်ကိုရဲ့ဇနီးကို ဆရာလုပ်တာမျိုးမဟုတ်ပါဘူး .. ချစ်လို့ပြောတာပါ မလွှမ်းရှင် .. "

ဟု ပြောတော့မှ ..

"ချစ်တတ်တဲ့သူက .. ချစ်နေတဲ့နေရာမှာပဲ နေရာမှာပေါ့ မခင်လေးရယ် .. အချစ်ခံရတဲ့သူကလဲ .. အချစ်ခံနေရတဲ့ နေရာမှာပဲရှိနေရမှာပေါ့ .. အချစ်ခံရသူဟာ .. အချစ်မခံချင်

www.burmeseclassic.com

www.burmeseclassic.com

ပေမဲ့ .. အဲဒီဘဝကိုရောက်ခဲ့ရတယ်ဆိုရင်ဖြင့် .. အချစ်ခံဘဝနဲ့ .. နေနေသွားရပေမဲ့ .. ပြန်ချစ်ဖို့တာဝန်ကိုတော့ အတင်းပေးနေလို့ဘယ်ဖြစ်မလဲ .. ဘာလို့လဲဆိုတော့ .. မလွမ်းရှင်မှာ ချစ်ရတဲ့သူကရှိနေခဲ့ပြီးလို့ပါပဲ .. သူ .. အခု .. လုံခမ်းမှာလဲမရှိဘူး .. မလွမ်းရှင်ကို 'တူတူတန်တန်လက်ထပ်မယ်ဆိုပြီး မိုးကုတ်ဘက်ကိုသူ .. ထွက်သွားတယ် .. ဟိုမှာအလုပ်လုပ်မယ် .. ပိုက်ဆံစုမယ် .. ပြီးတော့ မှ .. မလွမ်းရှင်ကိုလက်ထပ်မယ် .. အဲဒါတွေအားလုံးကို အဘကိုသူပြောခဲ့တုန်းက .. အဘကလည်းလက်ခံခဲ့တာပဲ.. ဒါပေမဲ့ .. ကိုအိုက်မောင်က .. ရှင့်အစ်ကိုလို မချမ်းသာဘူးလေ .. ဒါကြောင့် .. ပိုက်ဆံချမ်းသာတဲ့ သူဌေးကလည်း လာတောင်းရော .. ခေါင်းလည်းညိတ်လိုက်ရောပါပဲ..မလွမ်းရှင်ငြင်းပေမဲ့မရဘူး .. မလွမ်းရှင်မှာ ချစ်သူရှိတယ်ဆိုတာကိုလဲဖွင့်ပြောပြဖို့ ရှင့်အစ်ကိုနဲ့ကျွန်မ တစ်ခါမှမဆုံလိုက်ရပဲ .. လက်ထပ်လိုက်ရတဲ့အဖြစ်တွေပဲ တစ်ခုပြီးတစ်ခုတန်းစီပြီးကျွန်မဘဝထဲကို ဝင်လာကြတယ်လေ .. အဘက သူဌေးယောက္ခမဖြစ်ချင်တယ်တဲ့ .. အဲဒီဘဝကိုမက်မောတယ်တဲ့.. လူတွေဟာ ချမ်းသာချင်ကြတာပဲတဲ့ ..မလွမ်းရှင်လည်းချမ်းသာမယ်တဲ့ .. မလွမ်းရှင်ရဲ့ဘဝဟာ အလွန်ခိုင်မာတဲ့.. အာမခံချက်ပြည့်ပြည့်ဝဝကြီးကို ရှိတဲ့ဘဝဖြစ်သွားမယ်တဲ့ .. မလွမ်းရှင်ငြင်းရင် အဘကဖြင့် သူ့ကိုယ်သူသတ်သေလိုက်တော့မယ်တဲ့ .. ပင်ပင်ပန်းပန်းရှာဖွေစားသောက်နေရတဲ့ဘဝကိုအဘဆက်ပြီး မရုန်းကန်နေချင်တော့ဘူးတဲ့လေ ..

ဒီတော့ကျွန်မဟာ .. ဒီအိမ်ကြီးရဲ့အိမ်ရှင်မဘဝကိုလဲရောက်ခဲ့ရ .. သူဌေးလေးရဲ့ကလေးကိုလဲဝမ်းမှာလွယ်ထားပေးလိုက်ရတဲ့ .. ငွေတွေရဲ့အနိုင်ယူမှုကိုခံနေရတဲ့ မိန်းမတစ်ယောက်ဖြစ်သွားရတော့တာပါပဲ မခင်လေး .. "

ပြောမည့်ပြောချလိုက်တော့လည်း စကားရှည်ကြီးဖြင့်ပါ .. ။ မျက်ဝန်းများဝယ် ကြေကွဲနာကျင်နေခြင်းများ .. နာကျည်းနေခြင်းများဖြင့် မှုန်းကြုပ်ပိတ်လှောင်နေပါသည့် မိန်းမတစ်ယောက်၏ ခံစားမှုများ ဖွန်းထင်းနေပါသည့်မလွမ်းရှင် .. ။ နေရာမှထွက်ခွာသွားကာ ဖြည်းညင်းစွာပဲအိမ်ကြီး၏ လှေကားထစ်များကို နင်းဖြတ်ကာအပေါ်ထပ်ဆီသို့ တက်သွားခဲ့လေသမျှကို လိုက်ကြည့်ရင်း ငြိမ်သက်ကျန်ခဲ့ရသည်က မခင်လေးပါတည့် .. ။

ထိုနေ့မှစ၍ မခင်လေးသိလိုက်ရသည်က .. ဘယ့်သောအခါတွင်မှ မလွမ်းရှင်သည် အစ်ကိုကြီးဘုန်းစစ်မင်းကိုချစ်မည်မဟုတ်ဆိုသည့်အချက်ကိုပါ .. ။ ထိုနေ့မှစ၍လည်း .. အစ်ကိုကြီးကိုချစ်ပေးဖို့ .. နားလည်ပေးဖို့ .. မခင်လေးသည်လည်း မလွမ်းရှင်ကိုမပြောဖြစ်ခဲ့တော့ပါ .. ။ ဒါပေမဲ့ .. မလွမ်းရှင်နှင့်ငယ်ကျွမ်းချစ်သူအိုက်မောင်တို့၏ လွမ်းမောဖွယ်အတိတ်တစ်ခုကိုလည်း မခင်လေးသည် အစ်ကိုဖြစ်သူဘုန်းစစ်မင်းကိုမပြောခဲ့ပါ .. ။ အိမ်ထောင်တစ်ခုကို မချစ်ဘဲနှင့်ပဲ မလွမ်းရှင်သည် အစ်ကိုကြီးကိုလက်ထပ်ပေးခဲ့ရသည်ပဲထား .. ။ လက်ရှိဘဝမှာတော့ မလွမ်းရှင်သည် အစ်ကိုကြီးဘုန်းစစ်မင်း၏ ဇနီးသည်အဖြစ် ရှိသွားခဲ့ရပြီးချေပြီမို့ .. ။ မလွမ်းရှင်နှင့် အိုက်မောင်တို့၏ ချစ်သူဘဝ .. အတိတ်ကာလတစ်ခုကို .. အစ်ကိုကြီးအား မပြောပြချင်တော့ပါ .. ။ သိ၍လည်း .. ကိုကြီး

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းစစ်မင်းသည် နောက်ပြန်ဆုတ်နိုင်တော့သည်မှ မဟုတ်ချေပဲလေ.. မလွှမ်းရှင်ကို လက်ထပ်ပြီးခဲ့ပြီးနေပြီ .. ။ လောလောဆယ်မှာ မလွှမ်းရှင်သည် ရင်သွေးလေးတိုပင် ဝမ်းမှာလွယ်ထားနေပြီးနေပြီ .. ။

အေးစက်နေသော အိမ်ထောင်ရေးတစ်ခုမှာ ဘုန်းစစ်မင်းသည် ဖြတ်သန်းနေရရင်းဖြင့်ပဲ .. သိတင်းကျွတ်လပြည့်ညမှာ .. ရှင်မွေးကြွေဆိုသည့် သမီးလေးကိုခုနှစ်လဖြင့် မွေးဖွားခဲ့ပါ၏။

ရှင်မွေးကြွေသုံးလသမီးအရွယ်လေးမှာ မလွှမ်းရှင်သည် မိုင်းသာဈေးမှပြန်လာကာ မခင်လေး၊ ဒေါ်ကြီးသင်းတို့နှင့်အတူ မီးဖိုဆောင်ထဲမှာချက်ပြုတ်နေစဉ်ခိုက် အရှိန်ဖြင့်ကား၊တစ်စီးဆင်ဝင်အောက်မှာ ထိုးရပ်လိုက်သံကိုကြားခဲ့ရပြီးသည့်နောက်မှာ ခြေသံပြင်းပြင်းဖြင့် ဘုန်းစစ်မင်းအိမ်ကြီးတွင်းသို့လည်း ဝင်လာကာ မလွှမ်းရှင်၏လက်ကို ဆောင့်ဆွဲယူငင်လိုက်လျက် ဘာမှမပြောမဆိုတော့ပဲ အပေါ်ထပ်ဆီသို့စိတ်လိုက်မာန်ပါကြီး ဆွဲခေါ်သွားသည်မှ အကြမ်းပတမ်းနိုင်စွာဖြင့်ပါ .. ။

မျက်ဝန်းများလက်တောက်နေလျက် အရှိန်းကိုတင်းမာခက်ထန်နေပါသော ဘုန်းစစ်မင်း၏မျက်နှာကို ဘယ်တုန်းကမှ ထိုမှအထိ ကြမ်းတမ်းတင်းမာနေတာမျိုးဖြင့် မမြင်ဖူးခဲ့ကြုံခဲ့ဖူးရပါသော မခင်ခင်လေးခမျာ .. နောက်မှပြေးလိုက်တက်လာရသည်ကမလွှမ်းရှင်အတွက် စိုးရိမ်၍ပါ .. ။

ဘာကို အစ်ကိုကြီးဘုန်းစစ်မင်း ဒေါသထွက်နေသည်ဆိုတာ မသိရသေးပေမဲ့ .. ။ အတော်ကြီးကို ဆိုးဆိုးဝါးဝါးနိုင်သောအဖြစ်တစ်ခုကို မလွှမ်းရှင်နှင့်ပတ်သက်၍ ကိုကြီးခံစားဒေါသ

ဖြစ်နေချေမှန်းတော့ နားလည်နေမိရသည်ပါပဲ .. ။ ကိုကြီးအခန်းရှေ့ရောက်တော့ အတွင်းဘက်မှချက်ချပိတ်ထားပါသော တံခါးရွက်ကို မခင်ခင်လေး တွင်တွင်ထုနေပါ၏ .. ။ ဘုန်းစစ်မင်းဖွင့်မပေးပါ..။ မျက်တောင်မခပ်ကြီး မလွှမ်းရှင်ကိုစိုက်ကြည့်နေရင်းမှ အံကိုကျိတ်ပစ်ရင်းမှ ..

"မင်း .. မင်း .. အိုက်မောင်နဲ့ .. ဘာကိစ္စကြောင့် .. ဈေးထဲမှာတွေ့ရတာလဲမလွှမ်းရှင် .. သူနဲ့အတူတူ .. ငါးထမင်းနယ်ဆိုင်မှာ ဘာကြောင့်စားသောက်ခဲ့ရသလဲ .. မင်းဟာ.. ဘုန်းစစ်မင်းရဲ့မိန်းမကွ..ဈေးကိုသွားတော့မဥကိုခေါ်မသွားဘူး .. တစ်ယောက်တည်းသွားတယ် .. ဟိုမှာ ..အိုက်မောင်နဲ့တွေ့တယ် .. အဲဒါ .. မင်းမရှက်ဘူးလား .. မင်းကို .. ငါချင်လွှန်းလို့ .. မင်းရဲ့အတိတ်ကိုစုံစမ်းကြည့်ခဲ့ကတည်းကအိုက်မောင်ဆိုတဲ့ ဖြံလုပ်သားတစ်ယောက်နဲ့မင်းချစ်ခဲ့ကြတာတွေ .. အဲဒီကောင်အလုပ်သွားရှာ .. သွားလုပ်နေတာတွေ .. ငါသိခဲ့ရပေမဲ့ .. မင်းကိုချစ်တဲ့စေတနာတစ်ခုတည်းနဲ့.. ငါ .. ရအောင်လက်ထပ်ယူခဲ့တာ မလွှမ်းရှင် .. မင်းနဲ့အိုက်မောင်ရဲ့အတိတ်က ချစ်သူတွေအဖြစ်ကို ငါမသိသလိုပဲနေခဲ့တာ .. ခုတော့ .. ခုတော့ .. မင်းကွာ .. "

တက်ခေါက်၍ ဒေါသလည်း သင့်မချိတင်ကဲကြီးဖြစ်လျက်ပြောနေပါသည့် ဘုန်းစစ်မင်းကို လွှမ်းရှင်တစ်ချက်ကြည့်သည် .. ။ မျက်နှာကိုမော့ပစ်လိုက်ရင်းမှ ..

"ကျွန်မ .. ကိုအိုက်မောင်နဲ့ ချိန်းထားတာ မဟုတ်ဘူးကိုဘုန်းစစ်မင်း .. မမျှော်လင့်ပဲဆုံမိကြရတာ ..သူက်တော့..

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကိုမြင်ချင်လွန်းလို့ စောင့်နေတာတဲ့ .. ဒီမြို့ကိုလာပြီး စောင့်နေတာတဲ့.. မလွှမ်းရှင်ထွက်အလာကိုစောင့်တာတဲ့.. ကျွန်မလက်ထပ်လိုက်ရတာကိုလဲ သူသိနေခဲ့ပြီးပါပြီ .. ရွာက သူ့သူငယ်ချင်းတွေက သူ့ကိုဆီးပြောပြတယ်လေ .. ကျွန်မကိုလက်ထပ်ယူနိုင်ဖို့ .. တင့်တောင်းတောင့်တယ်ထား နိုင်ဖို့ သူအလုပ်သွားရှာလုပ်ကိုင်နေချိန်မှာ .. မလွှမ်းရှင်ဆိုတဲ့ကျွန်မက .. သူဌေးကတော်လုပ်နေတာယ်ဆိုတဲ့ အဖြစ်တွေကိုလေ .. ”

ဘုရားရေ .. ။ ထိုမျှအထိ .. မလွှမ်းရှင်ဆိုသည့် ကိုယ်လက်ထပ်ယူထားပါသည့် မိန်းမက အံတုအာခံပြောနေရဲ့နေ ချေပြီတဲ့လား .. ။ ဘုန်းစစ်မင်းမျက်သားတွေ နီတက်လာအောင် ခံပြင်းဒေါသဖြင့်လည်း ကြည့်မိ .. ။ ကိုယ်ကအရိုင်တကြည့်ကြည့် ဖြင့်ချစ်မိရ .. ယမင်းရုပ်လေးလို အလှသာကြည့်ချင် .. ကြည့်ခ နိုင်ပဲဖြစ်နေရလေသမျှ .. ဤမိန်းမသည် .. ချစ်သူဟောင်းနှင့်ပတ် သက်လာလျှင် တစ်ခွန်းအတင်မခံပြန်ပြောင့်နေချေသည်ကောဟု မချိတရိကြေကွဲခံစားရနှင့် ဖြစ်နေရပါပြီ .. ။ မလွှမ်းရှင်သည် အချ ကိုအေးစက်လွန်းနေသော အကြည့်များဖြင့် ဘုန်းစစ်မင်းကိုကြည့် နေသည်။ ဒါကို .. သူ .. မယုံကြည်ချင်၍မရ .. ။ လက်တွေ့မှာဖြ ကိုဖြစ်နေပြီ .. ။

ဤနေ့မှာ .. သူ .. မလွှမ်းရှင်ဈေးသွားရာနောက် သို့ .. ဗစ်တိုးရီးယား၏ ခပ်လှမ်းလှမ်းအကွယ် ညောင်မုတ်ဆိတ် ကြီးအောက်မှာ ရထားလုံးတစ်စီးဖြင့် စောင့်ခဲ့သည်လေ .. ။ သူ အိုက်မောင်ဆိုသူ၏ သတင်းကိုအမြဲထောက်လှမ်းကြည့်နေပေး

တာစနံပေးထားပါသည့် ကောင်လေးဆီမှသတင်းက ရက်ပိုင်း အတွင်းကပဲ ဝင်လာခဲ့ပြီးနေပြီ.. ။ အိုက်မောင်.. သူ့ရွာကိုပြန်ရောက် လာပြီတဲ့ .. ။

မိုးကုတ်ဘက်ကိုသွားအလုပ်လုပ်ခဲ့သည်မှာ အဆင် ပြေလာခဲ့သည်တဲ့ .. ။ ရွာပြန်ရောက်တော့မှ .. မလွှမ်းရှင်တို့သား ... .. ဘုန်းစစ်မင်း၏သစ်တောခြံရှိရာ ရွာကိုသွားအလုပ်လုပ်ကြ ... .. ။ နောက် .. ဘုန်းစစ်မင်းဆိုသူ .. သူဌေးလေးနှင့်လက်ထပ် ...ကဲ့တာတွေကို .. ပြောပြကြသည်တဲ့ .. ။

အိုက်မောင် .. မိုင်းသာသို့လိုက်လာနိုင်သည်ဆိုတာ ...ကြားဆထားသည်မို့လည်း .. ဘုန်းစစ်မင်း .. ဘော်တွင်းသို့မသွား ... .. ဘော်တွင်းမြင်းခြံမှမြင်းကြီးနှင့် ရထားလုံးတစ်စီးဖြင့် .. တမင် ...ငှဲ့စောင့်ကြည့်နေခြင်းပါ .. ။ ရထားမောင်းပေးသူ .. ဦးခရမ်း ...ဆိုသူ .. ကုလားအဘိုးကြီးမှာ .. သူ၏ဘော်တွင်းရှိမြင်းခြံကို ...စနံယူပေးပါသောသူလည်းဖြစ် .. မြင်းရထားမောင်းပေးသူ ...ည်းဖြစ်ပါ၏ .. ။

ခုတော့ .. ဪ .. ခုတော့ .. ဇနီးသည်သည် .. ...ဆ်မောင်နှင့်ဈေးမှာ ငါးထမင်းနယ်ကိုတူတူလည်းစားခဲ့သူ .. ။ ...း၊ကိုလည်း အာခံပြောနေသူဖြစ်နေချေပြီတကား .. ။

“ကျွန်မ .. ရှင့်ကိုလက်ထပ်ခဲ့ရစဉ်တုန်းကတော့ .. ရှင့်ဟာ.. ကျွန်မနဲ့ ကိုအိုက်မောင်တို့ရဲ့ ချစ်သူဘဝကို မသိခဲ့ဘူးလို့ ထင်ခဲ့တယ် .. လက်မထပ်ရခင်တုန်းကလည်း ပြောပြ... လည်း ကျွန်မကြိုးစားခဲ့တယ် .. ဒါပေမဲ့ .. အဘက ရှင်နဲ့ ကျွန်မ တွေ့ခွင့်မရနိုင်အောင် ကြိုးစားခဲ့သ... .. ရှင်က

www.burmeseclassic.com

www.burmeseclassic.com

လည်း.. ကျွန်မကို လုံးဝလာတွေ့တာမျိုး မရှိခဲ့ဘူး .. ဒါကြောင့် .. ကျွန်မ ပြောခွင့်မရဘဲ .. ရှင့်ကိုလက်ထပ်ခဲ့ရ တယ်လေ .. ဒါပေမဲ့.. ခုမှ .. ကျွန်မပိုသေချာအောင် သိလိုက်ရတာက ရှင်ဟာ.. ရှင့်ကိုမချစ်နိုင်တဲ့ မိန်းမ တစ်ယောက်ကို .. ရှင်ချစ်ရရင်ပြီးရော .. ဆိုပြီး .. လက်ထပ် ခဲ့တဲ့ .. လူတစ်ယောက်ဆိုတာကိုပါပဲ .. ရှင်ဟာ .. ကျွန်မ အတွက်တော့ .. သိပ်ကို အောက်တန်းကျနေတဲ့လူ ဖြစ်နေ ပြီ ကိုဘုန်းစစ်မင်း .. သူများ ချစ်ခြင်းတို့ခွဲပြီး .. ရှင့် အိမ်ထောင်ကိုတည်ထောင်တာဟာ .. ဘယ်လောက်ထိ.. ရက်စက်တယ်ဆိုတာ .. ရှင် .. နားလည်နေမှာပါ .. သိ နားလည်ပါရက်ကယ်နဲ့ .. ရှင်ဟာ..သူဆင်းရဲ.. ခြံအလုပ် သမားလေးတစ်ယောက်ဘို .. စည်းစိမ်နဲ့ .. အနိုင်ယူခဲ့တာ ပဲ .. ”

ဟုပြောလာတော့ ဘုန်းစစ်မင်းအံ့ခဲ၍ ..

“မင်း .. မင်းဟာ .. ငါ့အချစ်ကိုနားမလည်တဲ့အပြင် .. စော် ကားမော်ကားပြောနေတဲ့ မိန်းမတစ်ယောက်ဖြစ်နေပြီ .. မလွမ်းရှင် .. ငါ့အချစ်ကို .. မင်းနားလည်လာရင် .. ငါ့ကို.. မင်းချစ်ကိုချစ်မယ်လို့ .. ငါမျှော်လင့်ထားမိတာတွေဟာ.. ရေစုန်မျောနေရပြီ .. မင်း .. အိမ်ထောင်ရှင်ဖြစ်ပြီကွ .. ဘာကြောင့်ပဲ ငါ့ကိုလက်ထပ်ခဲ့ရ .. ခဲ့ရ .. ခု .. မင်း .. ငါ့ မိန်းမဖြစ်နေပြီ .. ဘာကိစ္စနဲ့ .. မင်းက..အိုက်မောင်နဲ့တူတူ.. စားသောက်တဲ့အထိ .. မိုက်မဲနေခဲ့ရတာလဲ .. မင်းနဲ့သူ့ အကြောင်းသိတဲ့လူတွေက .. အဲဒါကိုမြင်ရင် .. မင်းကိုဘာ

ပြောကြမလဲ .. ငါ့ကိုရော .. ဘယ်လိုမြင်ကြမလဲ .. မိန်းမ နောက်မီးလင်းနေတာကို မသိတဲ့ခပ်တုံးတုံး .. ညံ့တစ် ကောင်လို့မထင်ကြမြင်ကြဘူးတဲ့လား .. တောက် .. မင်း သိထားဖို့က .. ဘုန်းစစ်မင်းဟာ .. သာမန်လူတစ်ယောက် မဟုတ်ဘူးကွ .. ဘော်တွင်းသူဌေး .. သစ်တောခြံတွေပိုင် တဲ့သူ .. ပညာတတ် .. လူရည်တတ် .. လူသိသူသိများတဲ့ လူဂုဏ်တန်ကွ .. ”

“အဲဒီ လူဂုဏ်တန်ကြီးဟာ .. သူများချစ်သူကို .. သူ့လူဂုဏ် တန်ဂုဏ်တွေနဲ့ ပေါက်ပြီးဝယ်ယူလိုက်တဲ့ .. အတ္တခပ်ကြီး ကြီးလူတစ်ယောက်ဆိုတာကိုလည်း ထည့်ဖြည့်ပြောဦးမှပေါ့ ကိုဘုန်းစစ်မင်း .. ရှင်က .. ကျွန်မကို .. ကိုအိုက်မောင်လက် ထဲကလည်း လုယူသေးတယ် .. ကိုအိုက်မောင်ကိုလည်း.. သူများမယားကိုလာ တွေ့တဲ့လူယုတ်မာလို့လဲပြောချင်နေ သေးတယ်။ ဒီမှာ .. ကျွန်မ .. ကိုအိုက်မောင်နဲ့တွေ့တာ.. သန့်သန့်ရှင်းရှင်းပဲတွေ့တာ .. ကျွန်မရှင့်ကိုလက်ထပ်ရတာ ဘာကြောင့်ဆိုတာကိုတော့ ပြောပြလိုက်ပါတယ် .. သူ .. ကျွန်မကိုတွေ့ချင်လွန်းလို့ ဆောင့်တွေ့တဲ့ဥစ္စာ .. ကျွန်မက.. ငြင်းရမှာလား .. သူဟာ .. ချစ်သူကို .. အလုခံလိုက်ရတဲ့ လူလေ .. ပြီးတော့ .. ကျွန်မကိုယ်တိုင်ကလည်း အလုခံ ရုပ်ဝတ္ထုပစ္စည်းတစ်ခုအဖြစ် .. ရှင့်လက်ထဲရောက်နေတာပါ ကိုဘုန်းစစ်မင်းရဲ့ .. ရှင်ဟာ .. သူများချစ်ခြင်းကိုလဲခွဲခဲ့ သေးတယ် .. ပြီးတော့တစ်ကြိမ်ထဲမှာပဲ .. အဲဒီကြေကွဲနေရှာ ကျဉ်နေတဲ့လူနှစ်ယောက်ရဲ့သိက္ခာကိုလည်း ထိပါးစော်ကား

www.burmeseclassic.com

www.burmeseclassic.com

နေသေးတယ် .. ကျွန်မရော ကိုအိုက်မောင်ရောမချမ်းသာကြပေမဲ့ .. သိက္ခာတရားတော့ရှိကြပါတယ်ကိုဘုန်းစစ်မင်း.. သူက .. ကျွန်မကို .. မြင်ချင်လွန်းလို့လာတွေ့တာ .. လူမြင်ကွင်းထဲမှာတွေ့ကြတာ .. ပြောဆိုစားသောက်ကြတာ.. ရှင် .. ကျွန်မကို ဒီထက် မစော်ကားနိုင်တော့ဘူးလား ကိုဘုန်းစစ်မင်း .. ကျွန်မရဲ့ကိုယ့်ကျင့်တရားကို .. ဒီထက်ပိုပြီး ပုတ်ခတ်ပြောဆိုမဲ့ စကားလုံးတွေရှာတွေ့နေသေးတယ်ဆိုရင် .. ထပ်ဖြည့်ပြောကြည့်စမ်းပါဦး .. "

ဟုပြောပြီးတာနှင့် မလွမ်းရှင် အံကိုခဲသည် .. ။ ဘုန်းစစ်မင်း ရင်ထဲမှာနာနေတာပဲရှိနေသည်။ ကိုယ်ကတမြတ်တနိုးနိုင်စွာ လက်ထပ်ယူခဲ့ပါသည့်ဇနီးသည်က အရမ်းကိုပြတ်သားဖွယ်တုန့်ပြန်တိုက်ခိုက်ရဲစွာသော စကားလုံးများဖြင့်မနားတမ်းဆက်တိုက်မျှ သူ့နှလုံးအိမ်ဆီသို့ စကားလုံးအဆိပ်လူးမြှားတို့ဖြင့် ပစ်နေချေသည်တကား .. ။

"ကိုအိုက်မောင်ကပြောပါတယ် .. လိမ်မာပါတဲ့ .. သူလဲ.. မကြာခင်ပြန်မှာပါတဲ့ .. ဒါ့ါပဲ .. တူတူစားသောက်ရင်းနဲ့.. သမီးလေးအကြောင်းတောင်မှ မေးသေးတယ် .. သမီးလေးက ဘယ်သူနဲ့တူသလဲတဲ့ .. အဲသလို .. ကျွန်မကို .. သူက မေးတာ .. "

ဟုပြောခိုက် ဘုန်းစစ်မင်းခေါင်းထဲ စစ်ခနဲတိုးဝင်လာသည်က ..

"သမီးလေးက ဘယ်သူနဲ့တူသလဲ .. "

ဆိုသည့်စကား .. ။ သူအံခဲ၍ ..

"မင်းကဖြေလိုက်တယ်ပေါ့ .. အိုက်မောင်နဲ့တူပါတယ်လို့.."

ဟုအရွဲ့တိုက်ပြောချလိုက်သည်ကိုက .. ဇနီးသည်ကိုချစ်သည့်ဇောဖြင့် ဖြစ်တည်နေပါသောသဝန်တိုခြင်းများဖြင့်ပါတည့် .. ။ မလွမ်းရှင် ဝုန်းခနဲထရပ်ကာ ..

"ရှင်ဟာ .. ကျွန်မထင်ထာထက်ပိုအောက်တန်းကျနေပါလား ကိုဘုန်းစစ်မင်း .. ကျွန်မကိုသေချာကြည့်စမ်းပါ .. ကျွန်မဟာ .. လက်မထပ်ပဲနဲ့ .. ကလေးတစ်ယောက်ကို.. မွေးတတ်တဲ့ .. ခပ်ပေါ့ပေါ့မိန်းမတစ်ယောက်လိုများဖြစ်နေသလားလို့ .. ဒီမှာ .. ကျွန်မဟာ .. ဗုဒ္ဓဘာသာမိန်းကလေးရှင့် .. ကိုယ့်ကိုယ်ကျင့်သိက္ခာကို .. မြဲအောင်နေတယ် .. ကိုယ့်အပျိုစင်ဘဝကို .. တမြတ်တနိုးထိန်းသိမ်းတယ်ရှင့်.. ကျွန်မ .. ကျွန်မ .. အရှက်ဆုံးပဲ ..ရှင့်စကားကိုအရှက်ဆုံးပဲ.. အို .. ကျွန်မ .. ကျွန်မ .. ရှင့်ကိုကွာရှင်းမယ် ..လုံးဝမပေါင်းနိုင်ဘူး .. အဘတို့ကိုကျွန်မသွားခေါ်မယ် .. လူကြီးစုံရာနဲ့ ရှင့်ကိုကွာမယ် .. ဘာကြောင့်ကွာတယ်ဆိုတာကိုလဲ .. ကျွန်မ .. အဘတို့ရှေ့မှာ .. ဖွင့်ပြောပြမယ် .. ဒါပဲ .. "

ဟုပြောခိုက် ဖြန်းခနဲပါးရိုက်ချလိုက်သည်က ဘုန်းစစ်မင်းပါ .. ။ ရင်ထဲတွင် ခံပြင်းခြင်းများတစစ်စစ်ကြွေနေသည့်နှလုံးအိမ်ထဲမှာ ပြည့်ကျပ်နေသည် .. ။မွန်းကျပ်နေသည် .. ။အိုက်မောင်အားကိုးနှင့်ပြောနေသည့်မိန်းမဆိုသည့် ခံစားမှုကလည်းရင်ကိုဖိ ဒေါသဖြင့် ဆောင့်နေသည် .. ။ခွဲသွားနိုင်သည့်မိန်းမကို .. သူ့ချစ်မိရလေခြင်းဟုလည်း ယူကြုံးမရဖြစ်ချင်နေသည် .. ။ဒါပေမဲ့ .. သူ.. ဤမိန်းမကို မခွဲနိုင်ပဲဖြစ်နေတာကလည်း နှလုံးအိမ်မှမြတ်နိုးစွာ ချစ်

www.burmeseclassic.com

www.burmeseclassic.com

နေမိရပါသော ချစ်ခြင်းများဖြင့်ပါတည့် .. ။ မခွဲနိုင်သည်က သပ်သပ်.. ချစ်နေရသည်ကသပ်သပ် .. ။ ဒေါသဖြစ်နေ ဒေါသသင့်နေရသည်က သပ်သပ်ဖြစ်နေလျှက် .. ။ ဒေါသတကြီးနိုင်နေပါသော ခံစားမှုများ က လက်ဆီသို့တွန်းပို့လှုပ်ရှားစေကာ ဖြန်းခနဲရိုက်ချလိုက်မိပြီးမှ ငိုင်ကျသွားရသည်ကလည်း ဘုန်းစစ်မင်းပါ .. ။

"ရှင် .. ကျွန်မကိုပါးရိုက်တယ် .. ဟုတ်လား .. အို .. ကျွန်မ .. အဘတို့ကိုသွားခေါ်မယ် .. ရှင်နဲ့ကွာရှင်းမယ် .. သမီးလေးကိုလဲ .. အဲဒီအခါကျရင် .. ကျွန်မခေါ်သွားမယ်.. ရှင်ပြောသလိုပြောရရင် .. ရှင့်မျက်စိထဲမှာ .. အိုက်မောင်နဲ့ တူနေတယ်လို့ ပွင့်ကျထွက်လာနိုင်တဲ့ကျွန်မရဲ့သမီးလေး ကိုပေါ့ .. ကိုအိုက်မောင်ရဲ့သမီးလေးကိုပေါ့ .. "

ဟု အရွဲ့တိုက် ပြောလည်းပြော .. ။ နာကြည်းသော ခပ်မဲ့မဲ့အကြည့်ဖြင့် သူ့ကိုတွန်းတိုက်ကာ အခန်းတွင်းမှထွက်လည်း ထွက်လာတော့ အခန်းပြင်မှာ တုန်လှုပ်ပူပန်စွာ ရပ်နေပါသည့် ခင်ခင်လေးနှင့် တိုက်မိမလိုဖြစ်ပြီးမှ .. ။ ငိုယိုရှောင်ပြေးထွက် သွားပါချေသတည်း .. ။

ထိုနေ့က .. ။ မိုးရိပ်တို့ပြေးနေပါသော ကောင်းကင် ယံ အုံ့ဆိုင်းဆိုင်းတို့၏နေ့ဖြစ်နေလျက် .. ။ ခံပြင်းဒေါသသင့်နေပါ သော မလွမ်းရှင်၏လှေလေးလှော်ထွက်ရာ မိုင်းသာချောင်းရေသည် လည်း .. ကြည်မြမြဖြင့်ရှိနေရာမှ .. ။ မိုးစက်မြားတန်းတို့အရှိန်နှင့် ခုန်ပေါက်ကျလာရာရေပြင်အဖြစ်သို့ ပြောင်းလဲရောက်လာပြန်ကာ.. ဆောင်းမိုးအဖြစ် မိုးတွေပြိုကျသလိုအရှိန်ဖြင့် ပို၍ပို၍သည်းသည်၊ မည်းမည်းကြီးကျလာကြပါ၏ .. ။

ဒါပေမဲ့ .. ဘယ်သူမှမမျှော်လင့်ခဲ့ကြသည်က .. ။ ထိုမိုးသည်းသောချောင်းရေမှာ လှေလှော်ခပ်ရင်း အောက်ဘက်မှာ ရှိနေပါသည့် ရွာကလေးဆီသို့သွားနေပါသည့် .. မလွမ်းရှင်သည်.. လှေမှောက်၍ .. ရေနစ်ကွယ်လွန်ခဲ့ချေမည်ဆိုသည့်အဖြစ်တစ်ခု .. ကြေကွဲခြောက်ခြားဖွယ်ရာ ဖြစ်လာချေမည်ဆိုသည့်အချက်ကို .. မမျှော်လင့်မိခဲ့ကြ .. ။ ဒါပေမဲ့ .. ထိုအဖြစ်သည် .. တကယ်ပဲဖြစ် ခဲ့ပါ၏ .. ။

မလွမ်းရှင်သည် .. လှေမှောက်၍ .. ရေနစ်ကွယ် လွန်ရှာချေသည်တကား .. ။ ဆံပင်ဖားလျားပြေကျနေလျက် .. မိုးရေများစိုနစ်နေသော အညိုရောင်ပိုးဝတ်စုံလေးနှင့် အသက်မဲ့ ခန္ဓာအဖြစ် ဇစ်တိုးရိုးယားသို့ မလွမ်းရှင်ပြန်ရောက်လာသည်က နောက်တစ်နေ့မနက်မှာပါ .. ။

မိုင်းသာချောင်းရေမှာ .. မလွမ်းရှင်စီးလှော်သွားပါ သော လှေဖြူဖြူလေးမှောက်လျှက်သား မျှောပါနေတာကိုလည်း တွေ့ကြရ .. ။ မလွမ်းရှင်ကိုလည်း ရေငုပ်ရှာကြနှင့်ရှိကြရသည်က..။ မလွမ်းရှင်သည် .. မိဘများထံသို့လည်းမရောက် ..။အိမ်သို့လည်း ပြန်မလာပဲရှိနေချေသမျှ .. ။ မလွမ်းရှင်ချောင်းစပ်တံတားဖြူလေး ၏ လှေချည်တိုင်မှလှေကြိုးကိုဖြုတ်၍ လှေလှော်သွားတာကိုနောက် ပေးပြေးလိုက်လာရင်း မြင်ခဲ့ပါသည့် ခင်ခင်လေးမှ .. စိတ်ပူပန်လျှက် ချောင်းရေမှာ လိုက်ကြည့်နိုင်းခဲ့၍ပါ .. ။

သဘော်သဆေးသုတ်လှေကလေးမှောက်လျှက်ဖြင့် ရေထဲမျှောနေတာတစ်ခုကိုပဲ တွေ့ရသည်။ နောက်မှာ..ခင်ခင်လေး ပြီအလုပ်သမားတွေရော .. ဘော်တွင်းအလုပ်သမားတွေရော..

www.burmeseclassic.com

www.burmeseclassic.com

ရေငုပ်ကျွမ်းသူတွေဖြင့် လိုက်ရှာစေခဲ့ခြင်းပါ .. ။

မလွှမ်းရှင်၏အလောင်းကို ရှာတွေ့ယူလာချိန်မှာ .. ဘုန်းစစ်မင်းသည် .. အဲပေါ် ထပ်စာကြည့်ဆောင်ထဲမှာ တစ်ယောက်တည်းတိတ်ဆိတ်စွာရပ်နေလျှက် .. ။ တစ်ယောက်တည်း တိတ်ဆိတ်စွာ မျက်ရည်ကျနေချေသတည်း .. ။

ဘုန်းစစ်မင်းကိုကွာရှင်းဖို့အထိ ဆုံးဖြတ်ကာထွက်ခွာသွားသော .. မိန်းမသည် .. ဘုန်းစစ်မင်းအလွန်တရာကိုမှ ချစ်မြတ်နိုးရပါသော မိန်းမဖြစ်နေလျက် .. ။ ထိုမိန်းမသည် .. သူကို.. ကွာရှင်းဖို့အထိဆုံးဖြတ်ထားပါသော မိန်းမဖြစ်နေသည့်အပြင် .. အိုက်မောင်နှင့်ရပါသည့် သမီးလေးအဖြစ်ပင် .. နောက်ဆုံးစကားထဲမှာ ပြောသွားခဲ့ပါသေးသည့် မိန်းမတစ်ယောက်ဖြစ်နေချေသည်တကား .. ။

ဒါပေမဲ့ .. နာကြည်းစိတ်ဖြင့်ပင် ထိုမိန်းမကိုချစ်နေမိပြန်လျှက် .. ။

ချစ်နေရင်းဖြင့်လည်း နာကြည်းနေသော ဘုန်းစစ်မင်းအဖြစ် ရှိနေရပြန်ကာ .. ။ မလွှမ်းရှင်ဆိုတာ .. ငယ်ချစ်အိုက်မောင်ထံ လှေဖြင့်အသွား ရေနစ်ကွယ်လွန်ခဲ့သည် .. ဆိုသော အိုက်မောင်နှင့်လွှမ်းရှင်တို့၏ ငယ်ချစ်ဘဝကို သိသူတစ်ချို့က .. ပြောဆိုဝေဖန်သံတွေ ထွက်လာကြသည့်နောက်မှာ .. ပို၍ .. ဘုန်းစစ်မင်းသည်.. မလွှမ်းရှင်ကိုစိတ်နာလာမိရပြန်ပါ၏ .. ။ ဤသည်ကလည်း ပြောသူတို့က .. မလွှမ်းရှင် ကိုအိုက်မောင်နှင့်အတူ ဈေးမှာတွေ့ကြ .. စားသောက်ကြသည်ဆိုတာကို မြင်ခဲ့ရသူတွေဖြစ်နေကြပြန်ပါ၏ ..။ မည်သို့ဆိုစေ .. ဘုန်းစစ်မင်းဆိုသူသည် .. မယား၏ချန်ထားခဲ့ဖို့

ဆုံးဖြတ်ခံရပါသည့် ယောက်ျားတစ်ယောက်အဖြစ် .. ကျန်ခဲ့ရချေသည်မို့ .. သိက္ခာတွေအချေခံလိုက်ရသလို ခံစားရသည်ပါပဲ .. ။

ထိုသတင်းများထွက်လာသည့်နောက်မှာ..ဘုန်းစစ်မင်းသည် မလွှမ်းရှင်၏ ဓါတ်ပုံများကိုအိမ်၏နံရံဆီမှဖြုတ်စေခဲ့ကာ.. ဖုံးရှို့ဖျက်ဆီးစေခဲ့လျှက် .. ။ မလွှမ်းရှင်၏မိဘများကိုလည်း ပြည့်လျှံနေသော ငွေကြေးများပေးလိုက်လျှက် .. သစ်တောခြံတိုက်အိမ်လေးဆီမှ ထွက်ခွာသွားစေခဲ့ပါ၏ .. ။ မလွှမ်းရှင်၏အရိပ် .. ။ မလွှမ်းရှင်၏မိဘ .. ။ ဘာမျှမကျန်ရစ်စေရဖို့ ဆုံးဖြတ်ခဲ့ပါသော ဘုန်းစစ်မင်း သည် .. ။

မလွှမ်းရှင်မွေးဖွားခဲ့ပါသော ရှင်မွေးကြွေဆိုသည့် သမီးလေးကိုတော့ .. ဗစ်တိုးရီးယားမှာ .. ရှိနေစေခဲ့ပါ၏ .. ။ဘိုးအဘွားအေတို့နှင့်မထည့် .. မလွှမ်းရှင်၏မိဘများကတောင်းကြည့်ကြသေးပေမဲ့ .. မပေး .. ။ အိမ်မှာပဲ ရှင်မွေးကြွေကို ကြီးပြင်းစေလာခဲ့ပေမဲ့ .. ။ ရှင်မွေးကြွေကို .. လုံးဝမပွေ့ချီတော့ .. ။ ယခင်တုံးက .. ပွေ့ချီချော့မြူမဆုံး ရှိခဲ့ဖူးပါသည့် ရှင်မွေးကြွေကို .. လုံးဝ.. ကြည့်တော့ .. ။ မချီတော့ .. ။ တွေ့လိုက်တာနှင့် ချာခနဲလှည့်ထွက်ခဲ့သည်ချည်း .. ။

ဘယ်သူ့ရင်ခွင်ထဲမှာပဲ ရှင်မွေးကြွေလေးရှိနေ .. ရှိနေ .. ။ဖြူခဲခဲလေးနှင့် ချစ်ဖို့ကောင်းပါသည့် ရှင်မွေးကြွေကို .. ဘုန်းစစ်မင်းမပွေ့ချီခဲ့တော့သည်နှင့်အမျှ .. ပြောဆိုချော့မြူခြင်းလည်းမရှိခဲ့ပါတော့သည့်အဖြစ် .. ။ ဒါပေမဲ့ .. မိုင်းသာချောင်းနှင့် .. ဝါးရုံရိပ်တို့ကတော့ဖြင့် .. မလွှမ်းရှင်ဆိုသည့်ချောမွေ့င်းအိနေပါသည့် မိန်းမတစ်ယောက်၏ .. ကြေကွဲဖွယ် .. အဖြစ်တစ်ခုကို..

www.burmeseclassic.com

www.burmeseclassic.com

တိုးသဲ့ယိမ်းနွဲ့စွာ ပြောဆိုနေကြချေလိမ့်မည်ဟု .. ခင်ခင်လေးက တော့ .. စိတ်ကူးတယဉ်ဖြင့် တွေးမိတတ်သူတစ်ယောက်အဖြစ်.. ဗစ်တိုးရီးယားမှာ .. ကျန်ရှိနေပါချေသည်တကား ... ။

ဤကား ဗစ်တိုးရီးယားတွင် ဖြစ်တည်ခဲ့ပါချေသော.. ဖျောက်ဖျက်ယူ၍မရနိုင်စွမ်းပါသည့်အတိတ်ဆီမှ .. ပုံရိပ်များ ဖြစ်ပါချေ၏ ... ။

ဩော် .. မျက်ရည်တို့စွန်းထင်းနေပါသည့် ပုံရိပ်ပါတည့် ... ။

ထို့အတွက် ... ဗစ်တိုးရီးယားသည် ... အမြဲကြေကွဲ ထိခိုက်နေပါချေသည် ... ။

ဗစ်တိုးရီးယား
(၁၉၅၅)



www.burmeseclassic.com

www.burmeseclassic.com

အခန်း [၇]

"ကြွေ့ဖေဖေက .. အဲဒီမိန်းမကိုလက်ထပ်ယူပါမယ်လို့လဲ.. အန်တီလေးတို့ကို မပြောဖူးသေးပါဘူးကလေးရယ် ..အေး.. တစ်ခုတော့ရှိတာပေါ့လေ .. သူ .. ရည်စူးချင်လဲရည်စူးမိခဲ့ဖူးနိုင်ပါတယ် .. ဒါပေမဲ့ ကြွေလေးဘက်က .. ဒီလောက်ထိ အတိအလင်းကြီး ကန့်ကွက်ထားတဲ့နောက်မှာ .. ကြွေ့ဖေဖေက .. ရှေ့ဆက်မှမဟုတ်ပါဘူး .. တစ်အိမ်တည်းမှာ အတူနေကြရင်း ကိုယ်လက်ထပ်တဲ့ဇနီးသည်နဲ့ ကိုယ့်သမီးနဲ့အမြဲ အဆင်မပြေဖြစ်နေကြတာမျိုးကိုတော့ .. သူလဲ .. နေ့စဉ် .. မကြုံချင်မဖြတ်သန်းချင်ပါဘူးကွယ် .. ဒီတော့.. စိတ်ကိုလျှော့ .. ဒီနေ့ဟာ .. ကြွေမွေးနေ့ဖြစ်နေပြီ .. ပျော် အောင်နေပါကြွေရယ် .. ကြွေသူငယ်ချင်းတွေလည်းဘယ် ပျော်ကြရှာမလဲ .. ကြွေဒီလောက်ထိ မျက်နှာမကောင်း၊၊ အငြိမ်ကြီးငြိမ်နေတဲ့ဥစ္စာ .. "

အန်တီလေးပြောခိုက် ဘေးမှာဝိုင်းထိုင်နေပါသည့် ကြူလေးတို့အုပ်စုကလည်း မျက်နှာငယ်လေးတွေဖြင့် ခေါင်းညိတ်ထောက်ခံပြနေကြသည်ပါပဲ .. ။ ကြွေ .. ပြန်မပြောမိ။ ရင်ထဲမှာ ဟာနေသည် .. ။ ဖေဖေ ဗစ်တိုးရီးယားမှ ထွက်သွားလိုက်သည်မှာ ခုထိ .. တစ်ခေါက်လေးသော်မှ ပြန်ရောက်မလာခဲ့သည်မှာ .. ဒေါ်သယ်လ်မာဆိုသူကို ကြွေခပ်ရိုင်းရိုင်းလေး ဆက်ဆံလိုက်သည့် နေ့ကတည်းကပါ .. ။

ပြီးတော့ .. ထိုနေ့သည် ..ကြွေဆိုသောမိန်းကလေးသည် .. ဖေဖေ့သမီးမဟုတ်ပါဟု ဖေဖေ့နှုတ်မှနာကြည်းခံပြင်းစွာ.. ဒေါသတကြီးဖြင့် ပြောခဲ့လေသမျှကို ကြွေနားနှင့်ဆတ်ဆတ်ကြားခဲ့ရသည့်နေ့ပါ .. ။

ထိုအဖြစ်များကို .. ကြူလေးတို့သည်လည်း မသိနိုင် .. ။ ဖေဖေ့နှုတ်မှထွက်ကျလာသည့် စကားများကို ကြွေ ကြားခဲ့ပြီးနေပြီ ဆိုတာ .. သိလိုက်သူဆို၍ .. အန်တီလေးရှိသည် .. ။ ပြီးတော့ ဖေဖေကိုယ်တိုင်ပဲ ဖြစ်နေသည်လေ .. ။

ထိုအတွက် .. ဖေဖေမျက်နှာထက်မှာ .. ထိုစကားတွေကိုပြောမိလေချင်းဟူ၍ နောင်တဖြစ်သွားရိပ်များ တစ်စိုးတစ်စိ သော်မျှ ပေါ်မလာခဲ့ကြတာကိုလည်း ကြွေသည် ကြေကွဲနာကျင်စွာပဲ မြင်ခဲ့ရသည်ဆိုတာ .. ကြွေပဲသိနေရသည်ပဲ .. ။ ဩော် .. ကြွေ၏ငိုညည်းနေပါသော နှလုံးအိမ်သည်သာ သိနေချေသည်ပေ လေ.. ။

"အန်ကယ်က .. နင့်ကိုစိတ်ဆိုးသွားတာတော့ မဟုတ်နိုင်ပါဘူးဟယ် .. အန်ကယ်ညွှဲ့သည့်ကို .. ပြောထည့်

www.burmeseclassic.com

www.burmeseclassic.com

လိုက်တာကို .. သူ .. နည်းနည်းတော့ရှက်မှာပေါ့ဟာ .. ငါတို့လည်းရှိနေကြတယ် .. ပြီးတော့ .. အဲဒီမိန်းမကိုယ်တိုင်ရဲ့ရှေ့မှာလဲပြောတယ်ဆိုတော့ .. အနံကယ်ရှက်မှာ ပေါ့ဟာ .. ဒါပေမဲ့ .. နင့်ကို .. သူရိုက်မှမရိုက်တာ .. နင့်အခန်းက မှန်ကွဲသံကြားတုန်းကများ မျက်နှာကြီးပျက်ပြီး စိုးရိမ်တကြီးနဲ့ကို .. လှေကားအတိုင်းပြေးတက်သွားတာများ .. မြန်လိုက်တာဟယ် .. "

ကြူလေးပြောခိုက်ကြွေငြိမ်သက်နားထောင်နေသည်ပါပဲ .. ။ ပြန်ပြောရန်စကားလုံးတွေ ပျောက်ဆုံးနေသည့်လူသားတစ်ယောက်၏ ခံစားမှုဆိုတာ အဘယ်မျှထိတုန်လှုပ်ချောက်ချားဖို့ကောင်းနေသည်ဆိုတာမှ ကြွေသိသိလာနေသည် .. ။ ဤဗစ်တိုးရီးယားဆိုတာ ကြွေနှင့်လုံးဝမပတ်သက်ပဲရှိနေသည့်အိမ်ကြီးတစ်လုံးအဖြစ် ခံစားနေရရင်း ,, အထီးကျန်ရှိနေသည့်တွယ်ရာမဲ့ဖြစ်နေသည့်မိန်းကလေးတစ်ယောက်၏ခံစားမှုများသည် အဘယ်မျှထိ ခါးသီးနေပါသလဲ .. ။

မေမေဆုံးပါးခဲ့ပြီ .. ။ ကြွေဖေဖေက ကြွေကိုသူ့သမီးမဟုတ်ပါဟု သတ်မှတ်ထားကာ ကြွေ့ကို ..ဖေဖေ့ဂုဏ်သိက္ခာတစ်ခုအတွက်ဤဗစ်တိုးရီးယားမှာထားနေခြင်းဆိုတာကို ရင်ထဲကအလိုလိုနားလည်လာနေရသည် .. ။ဟုတ်သည် .. ။ ဖေဖေ့ဂုဏ်သိက္ခာ..။ ဗစ်တိုးရီးယားမှ ဦးဘုန်းစစ်မင်းသည် .. ကြွေ့ကိုသမီးအဖြစ်လူတွေမှတ်ယူထားစေဖို့အတွက်သက်သက်..ထိုတစ်ခုတည်းသောအကြောင်းအချက်သက်သက်ဖြင့်သာ ကြွေ့ကို ..ဤအိမ်ကြီးမှာအိမ်သားတစ်ဦးပမာနေခွင့်ပေးထားခဲ့ဖို့ ဆုံးဖြတ်ခဲ့ချေလိမ့်မည်။

ဦးအိုက်မောင်သမီးအဖြစ် .. လူတွေကမှတ်ယူလိုက်သည့်အဖြစ်မျိုးဖြစ်သွားဖို့ဆိုတာက ကြွေကို .. ကြွေ့ဘိုးဘိုးဘွားဘွားတို့နှင့်အတူ .. ထည့်လိုက်ခြင်းဖြင့် လူသိရှင်ကြားအဖြစ်ခံလိုက်သလိုဖြစ်သွားချေမည်သာ .. ။ ဒါဆို .. ဖေဖေသည် .. ချစ်သူ၏ကိုယ်ဝန်ကိုလွယ်ထားသောမိန်းမတစ်ယောက်ကို .. ညှံ့ဖျင်းလွန်းစွာပဲ .. ကခမ်းတနားကြီးလက်ထပ်ခဲ့မိပါသည့် လူတစ်ယောက်အဖြစ် .. လူတွေ၏ ပြက်ရယ်ပြုခြင်းကို ကွယ်ရာမှာခံလိုက်ရချေမည်ဟုများမှတ်ယူထားခဲ့ချေမည်လားမသိ .. ။ ဒါကြောင့် .. ဖေဖေသည် .. ဖေဖေ၏ဂုဏ်သိက္ခာအတွက် .. ကြွေ့ကို .. ဤနေရာမှထားခဲ့ခြင်း..။

ဒါပေမဲ့ .. ဖေဖေသည် ကြွေ့ကိုအစဉ်တစိုက်ကြီးမုန်းတီးလာခဲ့သည်ပဲလေ .. ။ ဖေဖေ့ပုံလေးကိုဆွဲခဲ့ပါသော ကြွေ၏ပန်းချီကားလေးကို .. ဖေဖေသည် ..ကြည်နူးစွာကြည့်ရမည့်အစား..ယကျောခက်ထန်စွာ အော်ဟစ်မောင်းထုတ်ခဲ့ပါသည့် အတိတ်ဆီမှမနက်ခင်းတစ်ခုကို .. ကြွေသည်ယခုတိုင်သိမ်းဆည်းမှတ်မိထားနေသဆိုတာ ကြွေသာလျှင်သိနေရချေသည့်အဖြစ် .. ။ထိုပန်းချီရုပ်ပုံလေးထဲမှာ ကြွေသည်ပင်လျှင် ဖေဖေ့လယ်ကိုချစ်လွန်းစွာ ကိုင်ထားသည်နှယ်ဆွဲထားမိခဲ့သေးသည်လေ .. ။

ကြွေ .. တစ်နေ့မှာ .. ဖေဖေနှင့်မေမေ အတိတ်ကပုံရိပ်များကို အန်တီလေးထံမှာ မေးမြန်းကြည့်ဖို့ ဆုံးဖြတ်ထားပေမဲ့.. ။ လတ်တလောအချိန်မှာတော့ .. ထိုစကားလုံးများကိုနားထောင်ရန် အားအင်ပင်မကျန်တော့သည့်နှယ် ပန်းလျလွန်းနေရသည်မို့ .. လက်တွေ့မှာတော့ မမေးကြည့်ဖြစ်သေး .. ။မေမေ့ဝတ်စုံလေးကိုတော့ .. ကြွေသိချင်နေသည် .. ။ ဘာကြောင့်မေမေ

www.burmeseclassic.com

www.burmeseclassic.com

သည် .. မိုင်းသာချောင်းရေမှာ .. လှေလှော်သွားခဲ့ရပါသတဲ့လဲ..။ ဘယ်ကိုသွားချင်သွားချင် .. ကားတစ်စီးအမြဲတမ်း .. ဗစ်တိုးရီးယား၏ပေါ်တီကြီးအောက်မှာ အသင့်ရှိနေလောက်အောင်ချမ်းသာပြည့်စုံလွန်းပါသည့်မေမေသည် .. ဘာကြောင့် .. လှေတစ်စင်းဖြင့်မိုင်းသာချောင်းမှာလှော်ခတ်၍ .. တစ်နေ့ရာကို .. သွားလိုက်ရပါသတဲ့လဲ.. မေမေထိုသို့သွားလိုက်ချိန်မှာ .. အဘယ်မျှထိ .. ရာသီဥတုသည်လည်းဆိုးဝါးနေခဲ့ပါသတဲ့လဲ... ။ ဒါတွေကို .. ကြွေသိချင်နေသည်။ ကြွေရင်ထဲမှာ ခံစားနေရသည်က .. ကြွေမမြင်ဖူးခဲ့ရပါသော မေမေသည် .. သနားစရာကောင်းနေသည် .. ။မေမေ့ကို .. ဖေဖေသည်.. တင်းမာခက်ထန်စွာ .. ဆက်ဆံခဲ့ချေလိမ့်မည်ဟုလည်း သေသေချာချာကြီးကိုပဲ ယုံကြည်နေမိသည် .. ။ ဘာကြောင့်ဆို .. ဖေဖေသည်.. ကြွေကိုတစ်ကြိမ်လေးသော်မျှ .. နူးညံ့စွာကြည့်ခဲ့ဖူးခြင်းမှမရှိခဲ့ဖူးပဲလေ .. ။ ဖေဖေက .. ကြွေ့ကိုသမီးအဖြစ်အသိအမှတ်မပြုပေမဲ့..။ ကြွေ့ရင်ထဲမှာဖေဖေ့ကို .. အဖေအဖြစ်ပဲမှတ်ယူနေမိရဆဲပါ .. ။ မမြင်ဖူးသော ဦးအိုက်မောင်ဆိုသူတစ်ယောက်ကိုကြွေ့ဖေဖေအဖြစ်ဘယ်လိုမှ .. ရင်ထဲက .. ဖီဃုံမမှတ်ယူပေးလိုက်နိုင် .. ။

"ကြွေ ... "

ထူးသံမပေးပဲ ငြိမ်နေဆဲကြွေ့ကို ကျော့ကျော့မြတ်တစ်ချက်ခပ်တိုးတိုးခေါ်လိုက်ပြီးမှ သက်ပြင်းရှိုက်ငြိမ်သွားရပြန်ပါ၏။ အရမ်းကိုငြိမ်ကျသွားသည်က .. ရက်တွေလည်းမနည်းတော့ပြီဖြစ်သည့် ကြွေ့ကိုကြည့်ရင်း .. ရင်ထဲမှာအားလုံးဘယ်သူမှမကောင်းနိုင်ကြ .. ။

"အေး .. ဘာပဲဖြစ်ဖြစ် .. အဲဒီမိန်းမကိုအပြတ်ပြောချလိုက်

တာကတော့ကောင်းတယ် .. ဒါမှ .. အဲဒီကပြားမ ..နောက်လန့်သွားမှာ မျက်နှာကိုကမျက်နှာပြောင် .. အရှက်မရှိတဲ့ဆီသုတ်မျက်နှာမျိုး .. ပြောင်နေတာပဲ .. "

စိတ်ထဲထိန်းမရနိုင်ပဲထုံးစံအတိုင်း ရှေ့ကြောင်းနောက်ကြောင်းမတွေးတော့ပဲ အရိုးအတိုင်းပဲပြောချလိုက်ပါသည့် မွန်သူကိုကြည့်ကာ ကြူလေးမှ ..

"ဟဲ့ .. နင်ကလဲ .. အရေးထဲမြှောက်ထိုးပင့်ကော်လုပ်နေပြန်ပြီ"

ဟု ဟောက်ပက်ရသည်အထိပါ .. ။ မွန်သူမျက်မှောင်လေးကုတ်နေပြီ .. ။ စိတ်ထဲရှုပ်ထွေးခံပြင်းနေလေသမျှ အောင့်မထားနိုင်တော့သည့်အသွင် .. ။

"အလကားမိန်းမ .. သူ့ကြောင့် .. ငါတို့ကြွေလေး ဘယ်လောက်စိတ်ထိခိုက်ရလဲ .. ငါတို့ပျော်ပျော်နေဖို့ဥစ္စာလဲ .. သူ့ကြောင့်ပဲမပျော်ရတော့တာ .. သူ .. စဉ်းစားဖို့တော့ကောင်းတာပေါ့ကွ .. ကြွေ့ဖေဖေကိုယူရင် .. အပျိုအရွယ်သမီးတစ်ယောက်ရှိနေတယ်ဆိုတာ .. "

"ဒီမှာ ပညာရှိမင်းရယ် .. အဲသလိုမြှောက်မပြောနဲ့လေ .. ငါ့မှာလဲငါ့အဖေက .. ငါရှိနေရက်နဲ့ .. မိန်းမယူလုက်တာပဲဟဲ့ .. ငါ့မိထွေးနဲ့မတည့်မှာစိုးလို့တောင် ငါက .. ဘော်ဒါရောက်ခဲ့ရတာမို့ .. နင်တို့လိုအကောင်းစားသူငယ်ချင်းတွေနဲ့ ဆုံခဲ့ရတာပေါ့ဟ .. ဒီမှာ ဒေါ်မွန်သူ .. လူ့ဘဝဆိုတာ .. ကိုယ်က .. ဖန်တီးဖြစ်တည်ယူလို့မရနိုင်တဲ့အရာတွေနဲ့လဲ.. ဖြတ်သန်းရတဲ့ဥစ္စာဆိုတာ ကြူရတတ်တယ်.. အဲဒီခါကျ

www.burmeseclassic.com

www.burmeseclassic.com

တော့လဲ .. အကောင်းဆုံးဖြစ်အောင် .. ရပ်တည်ရင်ဆိုင်ပေးလိုက်တာအကောင်းဆုံးပဲ .. အခုဆို .. ငါ့မှာမောင်လေးတစ်ယောက်တောင်ရနေပြီ .. မောင်လေးဟာ .. ငါ့အဖေရဲ့သားမို့ .. ငါချစ်တယ် .. ချစ်ကိုချစ်ရမှာလဲဖြစ်တယ် .. မောင်လေးကြောင့်လဲ ..ငါ့မိထွေးနဲ့ငါ့ကြားမှာရှိနေတဲ့သူစိမ်းဆန်ခြင်းဆိုတာတွေလဲပိုပြီး .. ပြေလျော့လာကြလိမ့်မယ်.. ဒီနွေကျောင်းပိတ်ပြီးလို့ .. ငါ .. အိမ်ပြန်တဲ့အခါမှာ .. ငါဟာငါ့မိထွေးနဲ့အဆင်တပြေဖြစ်နေတဲ့ .. ပိုပြီးသွေးသားဆန်နေတဲ့ ကြူလေးဖြစ်နေမှာပဲ .. ဘာတတ်နိုင်မှာလဲမွန်သူ .. ငါ့အမေဟာ .. ငါ့အဖေထက်စောပြီးဆုံးပါးခဲ့တယ် .. ငါ .. ဒီအရွယ်ရောက်တဲ့အထိ .. ငါ့အဖေက တစ်ယောက်တည်း ၊ နေခဲ့သေးတာပဲ .. သူ့မှာဘဝဖော်ဆိုတာ .. လိုအပ်လာလို့.. သူချစ်တဲ့သူကိုတွေ့လာလို့ .. လက်ထပ်လိုက်ခဲ့ပြီ .. ဒါကို.. ငါက .. မကျေမနပ်အရမ်းဖြစ်နေရမှာလား .. ”

ဟု ပြောစဉ်ခိုက် ကြူလေး၏မျက်နှာထက်မှာ ကြေကွဲရိပ်များ အုပ်မိုးနေကြတာကို ကြွေမြင်နေရသည် .. ။ အားလုံးငြိမ်သက်စွာပဲ ကြူလေးကိုငေးကြည့်နေမိရဆဲပါ .. ။ တကယ်ရော .. ကြူလေးသည် .. ဖခင်လက်ထပ်လိုက်သည့်အဖြစ်ကို လက်တွေ့ကြုံလိုက်ရချိန်မှာ အရမ်းကိုမကျေမနပ်မဖြစ်ခဲ့ဘူးတဲ့လား .. ။ ထိုဖြစ်တည်ခံစားနေရမှုများကို မြိုသိပ်ထားပေးလိုက်ခြင်းသက်သက်ဖြစ်ချေမည်ဟုပဲ ကြွေယုံကြည်သည်။ သဘောထားပြည့်ဝဟန်ဖြင့် .. တကယ့်ကိုသဘောထားပြည့်ဝသူအဖြစ် .. ကိုယ့်ကိုယ်ကို ..ကြိုးစားယူနေရင်း ငြိမ်သက်စွာကြေကွဲအားငယ်နေသည့် ကြူလေးပဲဖြစ်နေ

ချေလိမ့်မည် .. ။ ဤသို့ပဲ ကြွေယုံကြည်နေသည် .. ။ ပေါက်ကွဲခံစား၍ပဲဖွင့်ပြောပြော .. ။ မြိုသိပ်စွာပဲနေနေ .. ။ ကြေကွဲမှုကတော့ .. ကြေကွဲမှုပဲမဟုတ်ပါလားလေ .. ။ ရင်ကိုနာကျင်စေရင်းဆောက်တည်ရာမဲ့ဖြစ်နေစေသည်က .. ဖြစ်နေစေသည်ပဲမဟုတ်ပါလားလေ .. ။

“အကယ်၍ .. မေမေက .. ဖေဖေ့ထက်ဦးစောပြီးမကွယ်လွန်ခဲ့ရင်လဲ .. ဖေဖေက .. စောပြီးကွယ်လွန်ခဲ့ရင်လဲ .. မုဆိုးမဖြစ်နေမယ့် မေမေဟာ .. တစ်နေ့မှာ .. နောက်အိမ်ထောင်ထူချင်ထူမှာပဲမွန်သူ .. အဲဒီအချက်ကျတော့လဲ .. ငါဟာ.. ပထွေးနဲ့ အတူနေရမယ့် ကြူလေး ဖြစ်နေရမှာပဲပေါ့ .. ငါ့ဘဝမှာ မိစုံဖစုံနဲ့ နေရဖို့ပါမလာတော့ .. ငါဟာ .. ဘာပဲဖြစ်ဖြစ် .. မိထွေးနဲ့ ဖြစ်စေ ., ပထွေးနဲ့ ဖြစ်စေ .. နေရမဲ့ ကြူလေးအဖြစ် ရှိနေမှာပါပဲ .. ကိုယ့်ဘဝမှာပါလာတဲ့ ကံကြမ္မာဆိုတာကို ငါတို့က.. လှမ်းတားလို့မရဘူးမွန်သူ.. မောင်းထုတ်ပစ်လို့မရဘူး .. ဒါက .. ကံကြမ္မာပိုင်း .. ကံတရားရဲ့အပိုင်း .. ငါတို့ပုံသွင်း ယူလို့လဲမရဘူး .. ငါတို့က စေခိုင်းလို့လဲမရဘူး .. ကံကြမ္မာ ဆိုတာ .. ဘဝမှာ သိပ်ကို အရေးကြီးတဲ့အစိတ်အပိုင်းကြီး တစ်ခုအဖြစ်ရှိတယ်လို့ .. ငါ ., လက်ခံထားပေးလိုက်တယ် မွန်သူ .. ”

ကြူလေး၏စကားက..မွန်သူတစ်ယောက်တည်းကို ရည်ရွယ်တာမဟုတ်။ အထူးသဖြင့် ကြွေ့ကို .. နားလည်လာစေဖို့ ပြောနေခြင်းဟု ကြွေ့ဘာသာအလိုလိုပို၍ နားလည်လာနေရ၏.. အားလုံးငြိမ်သက်စွာပဲ ကြူလေးကိုငေးကြည့်နေကြသည် .. ။ မျက်

www.burmeseclassic.com

www.burmeseclassic.com

မှန်လေးဖြင့် အမြဲပျော်ရွှင်သလိုလေးနေတတ်ပါသောကြူလေးသည် ဤတစ်ကြိမ်မှာတော့ အရမ်းကိုတည်ငြိမ်ရင့်ကျက်နေသည် ။ ဤသို့သော .. အိမ်တွင်းရေးဆန်သည့် .. စကားမျိုးကိုဘယ်တုံးကမှ မပြောခဲ့ဖူးသော .. ကြူလေးသည် .. လေးလေးနက်နက် .. ပြောနေခြင်းပေမို့ .. ရင်ထဲမှာမကောင်းနိုင်ကြတာကတော့ အမှန်ပါ။

စောစောပိုင်းတုန်းကတော့..မိထွေးနှင့်မသင့်မြတ်မှာစိုး၍ .. ကြူလေးဖေဖေက ကြူလေးကိုဘော်ဒါပို့ထားလိုက်သည်ဆိုတာလောက်ကိုပဲ .. အကြမ်းဖျင်းလောက်သာကြူလေးရှယ်မောပြောပြသံကိုပဲ ကြားခဲ့ရသည်ပါပဲ .. ။ထိုစဉ်က ရှယ်မောရှုပင် .. ဒါကြောင့်နင်တို့နဲ့ ငါကဆုံရတာ .. ကံကောင်းလို့ပေါ့တဲ့ .. ဟူ၍ပင် ကြူလေးကရယ်ပြောခဲ့သေးသည်ပဲ .. ။ ထိုစဉ်တုန်းကတော့ .. ကြူလေးသည် မိထွေးနှင့်အတိုင်းအတာတစ်ခုအထိတော့ မသင့်မမြတ်ဖြစ်ခဲ့ချေလိမ့်မည်ဟု ကျိတ်တွေးမိခဲ့ကြဖူးပါ၏ .. ။ ဒါကြောင့်လည်း ကြူလေး၏ဖေဖေက ကြူလေးကိုဘော်ဒါပို့ထားတာ ဖြစ်ရချေမည်ပေါ့ .. ဆိုသည့်အတွေး။ ဒါပေမဲ့..တစ်ပါးသူ၏အတွင်းရေးပေမို့ .. သိပ်တော့အသေးစိတ်မမေးမိကြ။ မမေးမိဖို့လည်းသတိထားခဲ့ကြသည်က တစ်အုပ်စုလုံးပါ .. ။ ခုကျမှ .. ကြူလေးဘာသာ .. ဖွင့်ချပြောလာသည်မို့ နားထောင်ဖြစ်ရခြင်းပါ။

"ဖေဖေလက်ထပ်တော့မယ်ဆိုတုန်းက .. ကြူလေးလဲ .. လူပဲ .. ငိုတာပေါ့ဟာ .. သတ်ပစ်မယ် .. ဘာညာနဲ့လဲကြမ်းတာပေါ့ .. ကြွေ့ရလိုပေါ့ .. ဒါပေမဲ့ .. လက်ထပ်ဖို့ဆုံးဖြတ်တဲ့ဖေဖေက .. လက်ထပ်လိုက်တာပဲ .. ပြီးတော့ .. ငါ့ကိုလဲဘော်ဒါပို့လိုက်တာပဲ .. ငါကလဲ .. ခေါင်းလေးမော့ပြီးဘော်ဒါမှာ နေလိုက်တာပါပဲ .. ဒါပေမဲ့ .. ငါ့မောင်ပုံတွေဘာတွေ စာအိတ်နဲ့အတူရောက်လာတာ .. ဖေဖေရောက်လာတိုင်း ငါ့အတွက် ..ပေးလာတဲ့အသားကြော်လေးတွေ..ဘာလေးတွေဆိုတာ .. ငါ့မိထွေးက ချက်ပြုတ်ကြော်လှော်ပို့တာဆိုတာကို သိလာရတဲ့အခါ .. ငါ .. ရင်ထဲမှာပျော့ပျောင်းလာတယ် .. ဖေဖေဘာကြောင့်ငါ့မိထွေးကို .. ငါ့ကန့်ကွက်မှုကြားထဲက .. အိမ်ကိုခေါ်လာသလဲဆိုတာ .. ငါနားလည်လာတယ် ..မိန်းမတစ်ယောက်နဲ့လက်ထပ်မယ်လို့ ငါ့ကိုအသိပေးချိန်မှာ .. ငါ့ကကန့်ကွက်နေတယ်..ဒါပေမဲ့ ငါ့ဖေဖေက .. လက်ထပ်ပြီးခဲ့နေပြီးပြီ .. အိမ်ကိုသာ .. ငါ့ဘက်က .. ဆိုးဆိုးဝါးဝါးကြမ်းနေမှာကို စိုးရိမ်လို့ ခေါ်မလာခဲ့သေးပဲ ရှိခဲ့တယ်ဆိုတာ ငါ သိလိုက်ရတယ် .. ဘာလို့လဲဆိုတော့ .. ဖေဖေက .. အဲဒီမိန်းမကို .. အိမ်ကိုခေါ်လာပြီးခြောက်လအကြာမှာ ငါ့မောင်လေးကို မွေးဖွားခဲ့လို့ပဲ .. အိမ်ကိုမရောက်ခင် သုံးလကတည်းက .. ငါ့မောင်လေးက.. ငါ့မိထွေးရင်ထဲမှာ ရှိနေပြီလေ .. "

ဟု ပြောသံအဆုံးမှာငြိမ်သက်နေသည့်ကြွေ့မျက်နှာလေးထက်မှာ သွေးဆုတ်ကျသွားသလို ဖြူဖျော့သွားလျှက်မှ မျက်လုံးတွေဝိုင်းတက်လာနေသည် .. ။တစ်ကိုယ်လုံး ကတုန်ကရင်ဖြစ်လာရခြင်းက .. ။ စောစောကကြူလေးပြောနေသမျှကိုနားထောင်ရင်းဖြင့် တစ်စတစ်စ .. ကြူလေးလိုပဲတွေးခေါ်လာနေမိရသလောင်းရှိနေရာမှ

"ခုနစ်လနဲ့ .. ကလေးမွေးတဲ့မိန်းမ .. ဟိုကောင်သွေးကို

www.burmeseclassic.com

www.burmeseclassic.com

မွေးတဲ့မိန်းမ .. "

ဟူ၍ .. မေမေ့ကိုရည်ရွယ်၍ ပြောခဲ့ပါသောဖေဖေ့စကားများ .. ။ နေရာမှလည်းချာခနဲထွက်သွားပါသည့်ဖေဖေ့ကျောပြင်ကြီးကို ကြည့်ကျန်ခဲ့ရပါသည့် မကြာလင့်မှီကဖြစ်တည်ခဲ့ရပါသော နေ့တစ်နေ့ကိုပြန်၍မြင်ယောင်လာမိရ .. ။ ရင်ထဲကဆောက်တည်ရာမဲ့ ကြေကွဲရနှင့် ကြေဖြစ်သွားရပါပြီ .. ။

"ဖေဖေက .. အန်တီဖြူကို .. အရင်ကတည်းက ..လက်ထပ်ခဲ့တာလေ .. ရုံးမှာဆိုပါတော့ .. ဖေဖေလက်ထပ်ထားတဲ့မိန်းမကို .. ဖေဖေကအိမ်ပေါ်ခေါ်တင်ခဲ့တာပါ..အစောက..တစ်နေရာမှာအိမ်ငှားနဲ့ထားခဲ့တာ .. ကြူလေးစွာနေမှာကြမ်းနေမှာကို .. စိုးရိမ်လို့ဆိုပါတော့ .. နောက်တော့လဲ..မိထွေးနဲ့သမီး .. ဆူညံပူညံဖြစ်ရင် ပတ်ဝန်းကျင်မှာအရှက်ရမှာတွေးပူရင်း .. ဖေဖေက .. ငါ့ကို .. ဘော်ဒါပို့ဖို့ဆုံးဖြတ်ခဲ့တယ်ဆိုပါတော့..ခုတော့..ငါဟာ..အရမ်းကို..ကံကြမ္မာနဲ့အတူနေတတ်ဖို့ .. နားလည်နေတဲ့ကြူလေးဖြစ်နေပါပြီလေ .. ဒါပေမဲ့ .. ဒီခံစားမှုတွေကို .. ငါ့ဖေဖေကိုတော့ ငါဖွင့်မပြောပြချင်နေပြန်ဘူး .. ဘာလို့လဲဆိုတော့ .. ငါဟာ .. ငါ့မိထွေးရှေ့မှာ သားရေသေတ္တာကိုခေါင်းမော့ကိုင်ရင်း အိမ်ပေါ်ကဆင်းခဲ့ .. ဘော်ဒါကို .. လိုက်လာခဲ့တဲ့ .. မာနခပ်ကြီးကြီးနဲ့နေပြလိုက်ခဲ့တဲ့ ကြူလေးဖြစ်နေခဲ့ဖူးလို့ပဲ ..ငါ့နှုတ်ကတော့ဖွင့်ဟဝန်မခံချင်ပြန်ဘူး .. ဒါကလဲ .. ထူးခြားတဲ့ခံစားမှုဖြစ်နေတယ် .. ငါ့သိက္ခာပဲပြောရမလား .. အဲ့သလို .. ကိုယ့်ပိုင်ခံစားမှုကလဲ ရင်ထဲမှာရှိနေပြန်တယ် .. "

ဟု ပြောခိုက် ကြွေပြတင်းအနီးမှာ သွားရပ်သည်..။

"နှင်းကံကောင်းပါတယ်ကြူလေးရယ် ..ဘာလို့လဲဆိုတော့.. နှင်းဟာ .. သူ့သမီးအဖြစ် .. ရပ်တည်နေခွင့် .. ရှိနေတဲ့ .. နှင့်ဖေဖေ့ရဲ့အိမ်ကို ကျောင်းပိတ်ရက်မှာ .. ပြန်ခွင့်ရတဲ့သူဖြစ်နေလို့ပါပဲ .. "

ဟုပြောလိုက်ချင်သည် .. ။ဒါပေမဲ့ နှုတ်ကဘာမျှမပြော .. ။နှုတ်ခမ်းလေးကိုစေ့စေ့မျှပိတ်ထားရင်းငြိမ်သက်နေသည်ပါပဲ .. ။ ဟုတ်သည် .. ။ ကြွေဘဝက .. ကြူလေးနှင့်မတူ .. ကြူလေး ဖေဖေက .. ကြူလေးကို သမီးအဖြစ်သတ်မှတ်သည်။ သမီးအဖြစ် ချစ်သည်။ အခြေအနေအရသာ .. ဘော်ဒါပို့ထားရခြင်းသာ .. ။ ပြီးတော့ .. ကြူလေး၏မောင်လေးဝတ်ပုံတွေဘာတွေပင်ယူလာပေးနေသေးသည်။ လူလည်းလာသည်။ စာလည်း ရောက်သည်။

ကြွေသာ .. မိုင်းသာမှာရှိနေပါသော ဗစ်တိုးရီးယားမှုပနှ၍ .. မိုင်းသာမှပဲရှိနေပါသည့် စိန့်ဂျရီဇာကျောင်း၏ဘော်ဒါဆောင်မှာနေရသည်။ ဖေဖေလည်းမလာစဖူး .. ။ အန်တီလေးပဲလာသည်။ ကြွေ့ဘဝတစ်လျှောက်လုံးမှာလည်း အန်တီလေး .. ကြီးသင်းတို့၏အချော့အမြှူဖြင့် ကြီးခဲ့ရဖူးသည်က .. ။ ဖေဖေ့ကို .. ကြွေ့ဆွဲသည့်ပန်းချီကားရုပ်ပုံကားလေးပြမိသည့်နောက်မှာ..နောက်ကျောင်းဖွင့်ချိန်ကတည်းက .. ဘော်ဒါကျောင်းသူဘဝသို့ ရောက်ခဲ့ရတာ .. ဖေဖေ၏ပို၍စိမ်းပြတ်မှုကိုလည်း လက်ခံပေးခဲ့ရသည်လေ.. ကြွေ့မှာဆိုတာကို လူတို့ကမတွန်းလှန်သာ .. မရုန်းဖယ်သာ ..ဟု ကြူလေးကပြောခဲ့သည် .. ။

www.burmeseclassic.com

www.burmeseclassic.com

ဒါကို .. ကြွေနားလည်ပေးလိုက်ပါမည် ..။ ဒါပေမဲ့.. ထိုမျှအထိ .. ပြင်းထန်ရက်စက်သော .. ကံကြမ္မာကိုတော့ဖြင့် .. ကြွေ .. စိတ်နာပါသည် ..။ အိမ်ကြီးတစ်လုံးမှာ .. တခမ်းတနားခင်းကျင်းထားပါသော အဆောင်ဆောင်အခန်းခန်းတို့ပါသော အိမ်ကြီးတစ်လုံးမှာ ..။ စည်းစိမ်ချမ်းသာအလည်မှာ ..။ ရှိနေပါသည့်ကြွေသည် ..။ တကယ်တမ်းကျတော့ .. ဤအိမ်ကြီးနှင့်မလုံးဝမသက်ဆိုင်သော .. သွေးသားမဟုတ်သော .. ကြွေအဖြစ်ရှိနေရတာကို .. သိနေရခြင်းဖြင့် .. ကြွေကွဲဖွယ်ကောင်းစွာ .. အထီးကျန်နိုင်နေတာကို .. ကြွေစိတ်နာပါသည် ..။ ထိုကံကြမ္မာဆိုတာကြီးကို .. ကြွေ .. ကြွေ .. စိတ်နာလွန်းလှပါသည် ..။

အခန်း [၈]

ငှက်ပျောပင်ငယ်လေး၏ ပင်စည်ကိုဖြတ်ယူ၍ .. ဖယောင်းတိုင်စိုက်ရာ အောက်ခံလေးတွေအဖြစ် အပိုင်းလိုက်လေးတွေ လှီးဖြတ်ထားကာ ဆီစိမ်စက္ကူရောင်စုံလေးတွေဖြင့် ကြာပွင့်လေးတွေကို ဝါးတံခွဲတို့ဖြင့် ပုံဖော်လုပ်ထားပါသော ပန်းကြာဆီမီးတွေကဖြင့် မှိုင်းသာချောင်းရေမှာ လာရောင်လွင်နေသောညနှင့်အတူ လက်လက်ဖြာရင်း ပန်းကြာဆီမီးတန်းလေးတွေအဖြစ် လှပလင်းလွှာ မျောပါသွားနေကြပါ၏ ..။

သီတင်းကျွတ်လရောင်နှင့်အတူကမ်းဘေးလမ်းလေးတိုင်း လျှောက်လာမိစေဖို့ မိုးညိုသာကိုဆွဲခေါ်ညှို့ငင်ခဲ့သည်လည်း ဤပန်းကြာဆီမီးတန်းလေးတွေပါ ..။ ချောင်းကမ်းဘက်အိမ်ကြီး၏နောက်ဘက်တွင်လည်း လသာဆောင်ကြီးတစ်ခုကိုဆောက်ထားအပ်ပါသောနေရာဆီမှသူ .. ည၏အလှကိုခံစားငေးရူးနေစဉ်ဆိုက် .. ဤပန်းကြာဆီမီးတန်းလေးတွေ ရောင်စုံလက်လက်ဖြင့် မှိုင်းသာချောင်းရေအတိုင်း မျောပါလာနေကြ

www.burmeseclassic.com

www.burmeseclassic.com

တာကို သူစတင်၍ ခပ်ဝေးဝေးဆီမှပင်မြင်လိုက်ရပါ၏ .. ။ အထက်ဘက်ဆီမှ ချောင်းရေအတိုင်းမျောပါလာနေပါသည့် ပန်းကြာဆီမီးတန်း၏အလှက .. ညနှင့်အတူ .. လှပညို့ငင်နေပါသည့်အဖြစ် ..။ သူ .. နောက်ဘက်ခြံစည်းရိုးတံခါးဆီမှ ထွက်ခဲ့ရစဉ်မှာ ခြံထဲရှိနှင်းဆီတို့ဆီမှ ရနံ့က ညဏ်လေပြေနှင့်အတူ သင်းပျံ့ဝေနေခဲ့ပါ၏ .. ။

အိမ်ကြီးမှာလည်းသီးတင်းကျွတ်လပြည့်နေ့မှာ ဘုရားရှင်တော်မြတ်အား ရည်စူးပူဇော်ထားရာ ရောင်စုံမီးပုံးလေးများက လှပစွာ ချိတ်ဆွဲထားသည့်အပြင် .. နှင်းဆီခင်း၏ဘေးဘက်ခြံတွင်းရှိ ကွန်ကရစ်ခင်းလမ်း၏ဘေးဝဲယာတစ်လျှောက်မှာလည်း သွပ်နန်းကြိုးလေးတွေတန်းထားရာအတိုင်း ရောင်စုံမီးပုံးလေးတွေက လှပစွာပဲ လင်းလက်တောက်ပနေကြပါချေသည့်အဖြစ် .. ။

ဘဘလုံသည် နှင်းဆီပန်းလေးတွေကို လှပဝေဆာနေအောင် ပြုစုတတ်ပါသောသူဖြစ်သည့်နှယ်ပင် ရောင်စုံမီးပုံးလှလှလေးတွေကိုလည်း ဆီစိမ်စက္ကူရောင်စုံလေးများဖြင့် ကိုယ်တိုင်ဝါးလေးတွေသပ်ကွေး၍ ပြုလုပ်တတ်ပါသောသူတစ်ယောက်ဖြစ်ပါ၏။ ဘဘလုံ၏ရောင်စုံမီးပုံးလေးတွေက ကြယ်ပွင့်လေးတွေနှယ်လည်းရှိ၏ .. ။ ကြာပွင့်လေးတွေနှယ်လည်းရှိ၏ .. ။ ရိုးရိုးမီးပုံးလေးတွေ လည်းရှိ၏ .. ။ အားလုံးသည် ဖယောင်းတိုင်မီးလေးတွေဖြင့် ရောင်စုံအလှခြယ်၍ ရှိနေချေသည်တကား .. ။

သူလျှောက်နေသည့် ကမ်းဘေးလမ်းလေးဆီမှလှမ်း လင့်ကြည့်လိုက်လျှင်ပင် ကမ်းဘေးဆီမှခပ်ပြေပြေမို့တက်သွား သော ကုန်းမို့မို့ထက်မှာရှိနေပါသည့် နှင်းဆီရိပ်ငြိမ်နှင့် မီးပူဇော်ထား ရာ ရောင်စုံမီးပုံးတန်းလေးများကို ပြည့်ဝသောလရောင်လွှင်လျှ

နှင့်အတူ မြင်နေရပါသည့်အဖြစ် .. ။

နှင်းစက်တို့စိုစွတ်နေသောမြက်ခင်းတို့ကသွယ်တန်းသောမျှဉ်းကြောင်းကျယ်လေးတစ်ခုအဖြစ် ကမ်းဘေးဆီမှလမ်းလေးဘက်ကို မော့တက်နေသည့်နှယ်ပါတည့် .. ။ သီတင်းကျွတ်လသည် ထူးခြားညို့ငင်နိုင်စွမ်းသောလ.. ။ နှင်းစက်တို့လည်းဆွတ်ဖြန်းတတ်သည် .. ။ သြော် .. တစ်ခါတစ်ခါကျတော့လည်း မိုးငွေ့မိုးမျှင်တို့ကို ကောင်းကင်ယံဆီမှမိုးစက်တို့အဖြစ်လည်း ဆင်းသက်ကျလာစေတတ်ပြန်သေးသည့်အဖြစ် .. ။

မိုးနှင့်ဆောင်းသည် သီတင်းကျွတ်လတွင် ရောထွေးယှက်တင်ဖြင့် ရှိနေတတ်သည်မို့လည်း အပင်တို့သည်နှင်းရည်နှင်းစက်ကြောင့်လည်း လန်းဆတ်ပွင့်ဝေတတ်လျှက် .. ။ မိုးရေမိုးစက်တို့ကြောင့်လည်း ဝေဆာစိမ်းမြနေတတ်ပြန်သည့်ကာလပေမို့ .. ပန်းတို့အလှဆုံးပွင့်သောကာလဟုပင် ပြောရချေမည်လားမသိ ..။

သူ .. ည၏အလှကိုခံစားလျှက် .. ။ချောင်းရေမှာမျောပါလာနေပါသည့်ပန်းကြာဆီမီးတန်းရောင်စုံလေးတွေကိုလည်း ငေးကြည့်မိနေရဆဲပါ .. ။ တဖြည်းဖြည်း သူမြင်လာနေရသည်က.. ချောင်းကမ်းဘေးမှာရှိနေပါသော ရေချိုးဆိပ်ဖြူလေးထက်မှာ လူတစ်စုရှိနေခြင်းကိုပါတည့် .. ။

သြော် .. ထိုတံတားလေးဆီမှ ပန်းကြာဆီမီးတို့မျှောနေကြခြင်းပါတကား .. ။

ဝါးရုံရိပ်လေးအုပ်မိုးနေရာ ချောက်ကမ်းပါးဘေးနေရာလေးသည် ဝါးရုံရိပ်နွဲ့နွဲ့တို့ညွတ်ကိုင်းကိုင်းနှင့် လေနှင့်အတူနွဲ့နွဲ့နေခြင်းကြောင့် ပို၍လှနေပါ၏ .. ။ လေးတိုးသံတို့ကလည်း ဆိုင်း

www.burmeseclassic.com

www.burmeseclassic.com

ချက်ညီညီ ဝါးရုံတန်းလေး၏လေအနွဲ့နှင့်အတူ ပေါ်နေသည့်နှယ်ပါတကား .. ။

သူ .. ရုတ်ချည်းငြိမ်ကျသွားရကာ .. မြင်ကွင်းကို ခပ်ငေးငေးကြီး ကြည့်လိုက်မိရပါပြီ။ ပုလဲဆံကုတ်လေးဖြင့် ဆံပင်ရှည်ရှည်နက်နက်လေးတွေကို သိမ်းထားပါသောမိန်းကလေး .. ။ အဖြူရောင်ပိုးဝတ်စုံလေးဖြင့် ရှိနေပါသည့်မိန်းကလေး၏အလှသည် ညဉ့်၏လွင်နေသော လရောင်အောက်မှာ .. သူ့ကိုဖမ်းစားညှို့ငင်ထားသည့်နှယ်ပါတကား .. ။

ဖယောင်းတိုင်လေးမှ မီးလေးကိုညှိညှိပြီး ပန်းကြာဆီမီးခွက်လေးတွေကို တစ်ခုချင်းတစ်ခုချင်း ဆက်၍ဆက်၍မျှောနေပါသည့်ကောင်မလေး .. ။ မီးကြာခွက်နီမြမြလေးကို ထွန်းညှိမျှောလိုက်ချိန်မှာ ထိုမိန်းကလေး၏မျက်နှာနုနုဥဥလေးထက်မှာ နီမြန်းမြန်းအရောင်လေးက လှမ်း၍ဖြန်းပက်တို့ထိ၏။ စိမ်းမြမြပန်းကြာဆီမီးခွက်လေးကျတော့ မြရိပ်ထင်၏ .. ။ ပြာလဲ့လဲ့ကြာမီးခွက်လေးနှင့်ကျတော့ ကောင်းကင်ပြာကြီး၏အရိပ်ကလရောင်နှင့်အတူဆင်း၍ ထိုမိန်းကလေး၏မျက်နှာ နုနုဖွေးဖွေးလေးထက်ကို နမ်းလိုက်သည်ဟုပင် ထင်စေပြန်ပါ၏ .. ။

"လှလိုက်တာ .. လှလိုက်တာ .. "

သူ .. ခပ်ညည်းညည်းတိုးသဲ့စွာပြောမိရင်းမှ လမ်းဘေးပျဉ်းမပင်ကြီး၏အရိပ်မှာ တိတ်ဆိတ်ငြိမ်သက်စွာရပ်ရင်း ငေးမဝနိုင်သလို ခပ်စိုက်စိုက်ကြည့်မိနေရဆဲပါ .. ။ မျက်ခုံးနက်နက်လေး .. ။ နှာတံလေးထင်းနေလျှက် မျက်နှာလေးကအလွန်တရာကိုမှ နန်းဆန်ကျော့စင်နေသည့်မိန်းကလေး .. ။

သြော် .. ရွှေနှင့်သွန်းသည့်အလား ဝင်းမှုန့်လဲ့နေပါသည့် မိန်းကလေး .. ။ သူ..နေရာမှာငြိမ်သက်စွာရပ်နေဆဲ..ပန်းကြာမီးတန်းလေးကတော့ အဆုံးသတ်အဖြစ် ထိုမိန်းကလေး၏လက်တွင်းမှာရှိနေသည့် အဝါရောင်ပန်းကြာပွင့်လေးဖြင့်ရှိနေပါချေ၏ ..။ မီးလေးညှိလိုက်ကာ မျှောလိုက်ချိန်မှာ ဘေးတွင်စုဝိုင်းထိုင်နေကြပါသည့်မိန်းကလေးတစ်စုနှင့် အသက်အရွယ်လတ်အမျိုးသမီးတို့မှာ လက်ခုပ်လေးဝိုင်းတီးကြတာ ..

"ဟေး .. ဟက်ပီးဘတ်ဒ်ဒေး .. ကြွေ .. "

ဟု ဝိုင်းအော်ကြတော့သူသိလိုက်ရသည်က .. သူ၏ယဉ်မင်းရုပ်လေး၏အမည်သည် .. ကြွေ .. ။ တကယ့်ကိုကြွေရုပ်လေးနှယ် လှလိုက်ပါသည့် ကြွေပါတကား .. ။

"သြော် .. သူ့မွေးနေ့ကိုး .. "

ရှည်လျားသော ပန်းကြာဆီမီးတန်းလေးကတော့ ပိုင်းသာချောင်းရေယဉ်မှာ လှပသောရောင်စုံမီးတန်းလေးတွေအဖြစ် လှိုင်းနှင့်အညီ တလက်လက်တနွဲ့နွဲ့မျောပါနေဆဲပါ .. ။

သူ .. ရင်ထဲမှာ ကြည်နူးမိရသည်ပါပဲ .. ။

လရောင်အောက်မှာ မြင်လိုက်ရစဉ်ခိုက်မှာပင် .. မြင်မြင်ချင်း .. သူ .. မျက်တောင်လေးပင် မခတ်ရက်နိုင်လောက်အောင် ငေးကြည့်မဝနိုင်ဖြစ်ရပါသည့် ထိုမိန်းကလေး၏မွေးနေ့သည် ဝတင်းကျွတ်လပြည့်ဖြစ်ပါချေသည်တကား .. ။

ဒါကြောင့်လည်း .. ကြွေ .. ကြွေ၏အလှတွေဟာ လည်း .. လမင်းနှယ်ပင်ဝင်းလဲ့လျှက် .. လမင်းနှယ်ပင်အေးမြချေသည်ထင့် .. ။

www.burmeseclassic.com

www.burmeseclassic.com

ကြွေသည် .. မီးကြာလေးတွေကိုမျှော်နေတုန်းက တော့ ရင်ထဲထိန်းနိုင်ဖို့ကြိုးစားနေခဲ့ဟန်တူသည် .. ။ နောက်ဆုံး မီးကြာဝါဝါလေးကို မျှောချလိုက်ချိန်ကျမှ စိတ်ကိုလျှော့ချလိုက်ဟန် တူလျက် ငိုချလိုက်ခြင်းဖြစ်ချေမည် .. ။

ကြွေသည် .. ကမ်းဘေးလမ်းလေးအတိုင်း ပြေးလာ နေသည် .. ။ ကြွေပြေးလာနေသည်က .. သူရှိနေရာဘက်ဖြစ်နေ လျက် .. ။ နောက်မှ .. ကြွေ့ကိုနာမည်လေးတကြော်ကြော်ခေါ် ၍ မိန်းကလေးသုံးယောက်နှင့်အန်တီလေးဆိုသူတို့ကလည်း လိုက် လာနေကြပါ၏ .. ။ သူ .. နေရာမှာ တိတ်ဆိတ်ငြိမ်သက်စွာရပ်နေ ဆဲ .. ။ သူနှင့်ဘယ်လိုမှမရင်းနှီးပါသေးသော သူတို့၏ကိစ္စကြားထဲ မှာ .. ဝင်ပါဖို့ကျတော့လည်း မသင့် .. ။

"ကြွေ .. ဒီကမ်းဘေးမှာ .. တစ်ယောက်တည်းထိုင်နေချင် တယ်အန်တီလေး .. ပြီးမှကြွေ .. ပြန်လာပါ့မယ် .. ကြွေ.. ကြွေ .. ဟိုနေ့က .. ဖေဖေ .. အန်တီလေးနဲ့ကြွေတို့ရှေ့မှာ.. ဘာတွေပြောခဲ့တယ်ဆိုတာ အန်တီလေးကြားပြီးသားပါ .. ကြွေဟာ .. ကြွေဟာ ..ဘာမှမဟုတ်တော့တဲ့ကြွေဆိုတာ.. အန်တီလေးကြားပြီးသားပါ .. ဖေဖေ .. မလာဘူးဆိုတာ ကြွေသိနေသလို .. အန်တီလေးလည်းသိနေတာပဲ .. သိနေ တာပဲ .. "

နောက်ကိုလှည့်ကြည့်ရင်း ပြောလည်းပြော ..အရမ်း ကိုထိခိုက်စွာငိုချလိုက်သံလေးကို သူကြားတော့ရင်ထဲမချမ်းမြေ့နိုင်။ ကောင်မလေးပြောငိုနေပုံလေးက .. တနင့်တပိုးကြီးမနိုင်ရင်ကာ ထမ်းထားရပါသည့်ကြွေကွဲမှုကြီးကို ရင်ဖွင့်ပြောနေသည့်နှယ်ပါ။

"မဟုတ်တာကလေးရယ် .. မဟုတ်တာ .. အန်တီလေး ကြွေ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သိရက်နဲ့ကွယ် .. လာ .. လာခဲ့ .. လာခဲ့ပါကွယ် .. "

ဟုပြောနေပါသည့် အန်တီလေး၏အသံကလည်း ငို သံပါလာနေပြီ .. ။

ဘာတွေမှန်း သူမသိနိုင်သည့်အရှုပ်အထွေးတစ်ခု သည် ဇာတ်ကြီးရိုးယားမှာအတွင်းကျိတ်အဖြစ် မြိုသိပ်ကျိတ်ခဲစွာများ ဖြစ်တည်နေချေသည်လားမသိ .. ။ သူသည် .. ဘာကိုမျှမသိနိုင် သည့် မိုးညိုသာအဖြစ်ပဲ .. ရှိနေလျက် .. ကြွေကိုသနားနေတာ တစ်ခုတည်းဖြင့်ပဲ ငြိမ်သက်စွာရပ်နေရသူတစ်ယောက်ဖြစ်နေရပါ ပြီ .. ။

ကြွေ .. ခေါင်းလေးကိုခါလိုက်ကာ ဆက်ပြေးလာ နေရင်းမှ ခြေထောက်လေးက မြေမာအခုံးလေးမှာပေါက်နေပါ သည့် မြက်ဖုတ်ထူထူလေးကို တိုက်မိကာလဲကျသွားပါသည့်အဖြစ်.. သူရှိရာသစ်ရိပ်အောက်မှာ .. ကြွေသည် .. ဟပ်ထိုးလေးမှောက်ကျ လာချေသည်မို့ ကမန်းကတမ်းပဲသူ .. ဆွဲထူပေးလိုက်မိရပါပြီ .. ။ သူ .. ကြွေနာနေမှာကိုပူနေတာတစ်ခုပဲ ရင်ထဲမှာရှိနေလျက် .. မိုးညိုမိတကြီးဖြင့်လည်း ဘာကိုမျှမစဉ်းစားမချင့်ချိန်နိုင်မိရပဲ .. ဆွဲထူ ပေးလိုက်မိခြင်းပါ .. ။

ကြွေသည် .. သန်မာသောသူ့လက်ဖဝါးနှစ်ဘက် ကြားမှာ .. ။သူဖေးအုပ်ထူပေးပါသော် ပုခုံးလေးတွေကြုံရှုံ့လျက်ဖြင့် ရှုပ်လေးတစ်ခုနှယ်ပင် ပေါ့ပါးစွာပါလာပါ၏ .. ။ ဖြူဖွေးနုပင် .. ပြိုဆန့်လွန်းစွာ .. ကြွေ၏မျက်နှာနုနုဥဥလေးသည်လည်း ငုံ့ကိုင်း

www.burmeseclassic.com

www.burmeseclassic.com

ငုံ့မိုးကြည့်နေပါသည့် သူ့မျက်နှာနှင့် အနီးတကပ်ကြီးဖြစ်သွားရသည်.. ။ ထူထဲသော မျက်တောင်ရှည်နက်နက်ကြီးတွေမှာ မျက်ရည်ဥလေးတွေရှိနေသည် .. ။ သစ်ရိပ်ကြားမှထိုးကျဖြာဝင်ပါသည့် လရောင်သည် .. ပြိုးပြောက်ဟိုသည်တစ်စဖြင့်ရှိနေလျှက် .. ။ ကြွေ၏ဝင်းဥဥနုနုမျှင်မျှအကြောလေးတွေ မှေးယှက်ရာမျက်နှာလေးထက်မှာ လရောင်ရိပ်ကဆမ်းနေပါ၏ .. ။ လရောင်က .. သစ်ရိပ်အောက်မှာမို့ အားလုံးဖြာမဝင်နိုင် .. ။ ရွှေရည်ပေါက်လေးတွေပြိုးပြောက်ထင်သည်သို့ ဖြာကျချေသည့်အဖြစ် .. ။သူ .. သူ ..လရောင်လေးတွေ ပြိုးပြောက်ထင်နေသည့် မိန်းကလေးတစ်ယောက်၏ အလှတရားကို .. ခုလို .. မြင်ရခွင့်ကြုံရချေမည်ဟု ဘယ်တုံးကမျှ မထင်မိ .. ။မမျှော်လင့်မိ .. ။ ထိုအလှတရားသည် အဘယ်မျှထိ နက်ရှိုင်းစွာ .. လှပစွာ .. သူ၏နှလုံးအိမ်ထဲသို့တိုးဝင်သွားချေလိမ့်မည်ဟုလည်း မထင်မိ .. ။ ဆံစတချို့မျက်နှာလေးထက်မှာ ဖေးအုပ်ကျနေပါသည့်ကြွေသည် .. မျက်ရည်လူးနေသော မျက်နှာလေးဖြင့် ခပ်မော့မော့မျှ .. သူ့ကိုမော့ကြည့်နေသည် ..။ သူ၏နူးညံ့စွာ.. ကြင်နာစွာ .. ငုံ့မိုးငေးစိုက်ကြည့်နေသည့် အကြည့်နှင့်လည်း .. ကြွေ့မျက်ဝန်းလေးတွေက တည့်မတ်စွာပဲ ဆော့ချွဲဆုံနေသည် ..။

လောလောဆယ်မှာ .. ကြွေသည် .. ကြွေသည်လည်း .. ခုလို .. သူနှင့်ဆုံလိုက်ရသည့်အတွက် လတ်တလောကြီးမှာ ဘာတွေလာဖြစ်နေသည်ဆိုတာကိုပင် တွေးမရနိုင်သလိုလေး ခပ်အမ်းအမ်းလေးဖြစ်နေသည် .. ။နောက်တော့မှ .. သတိဝင်လာသလိုလေး ကိုယ်လေးကိုလူးလွန့်ရုန်းတော့ .. အသာအယာသူ လွှတ်ပေးလိုက်ကာ ..

"ထပ်မပြေးနဲ့တော့ .. အန်တီလေးနဲ့လိုက်သွား ကြွေ .."

ဟု ကလေးဆိုးလေးတစ်ယောက်ကို .. နားခံအောင်ပြောသည့်အစ်ကိုကြီးတစ်ယောက်နှယ်ပင် သူပြောလိုက်မိရပါပြီ ..။

ကြွေ .. သူ့ကိုတစ်ချက် .. ငေးခနဲမော့ကြည့်သည်။

လရောင်ပြိုးပျောက်ထင်နေသော သစ်ရိပ်အောက်မှာသူနှင့်ကြွေသည် .. နီးကပ်စွာရပ်နေကြသူများဖြစ်နေကြဆဲ .. ။ သူပြုံးပြလိုက်ပါ၏ .. ။ အားပေးခြင်းနှယ်နေသောအပြုံး .. ။ အေးချမ်းတည်ငြိမ်သောအပြုံး .. ။ခေါင်းကိုမသိမသာ ညိတ်ပြလိုက်သည်ကိုက .. နားထောင်လေကြွေ .. ဟုပြောနေခြင်းဆန်နေသည် .. ။ ဘာမျှမကြာလိုက် .. အန်တီလေးရော ကောင်မလေးသုံးယောက်ပါ အပြေးအလွှားသစ်ရိပ်အောက်ရောက်လာကြကာ ..

"နှင်ကလဲ .. စိတ်ချည်းပဲ ,, အရမ်းအလောတကြီးမလုပ်နဲ့ဟာ .. ခု .. ပြေးတော့ .. လဲပြီ .."

ဟု မျက်မှန်နှင့်ချာတိတ်မလေးကပြောကာဖုတ်ဖက် ခါပေးနေ၏ .. ။ အန်တီလေးဆိုသူကိုကြည့်မိသည် .. ။အတော်ကြီးကိုချောသည့်အမျိုးသမီးကြီးပါ .. ။မျက်ရည်လည်နေလျှက်ဖြင့် ကြွေ့လက်ကိုကိုင်ထားပါ၏.. ။သူ့ကိုတစ်ချက်ကြည့်လာသည် ..။ သူ ထူပေးလိုက်တာကိုလည်း မြင်ခဲ့ပုံရပါ၏ .. ။

"ကျေးဇူးတင်ပါတယ်ရှင် .. လာ .. လာခဲ့ကြွေ .."

ဟု သူ့ကိုတစ်ချက်ကျေးဇူးတင်စကားကို ပြောခဲ့ရှာမှ .. ကြွေကိုကြာကြာမထားချင်ပုံလေးဖြင့်ပဲ .. တွဲခေါ်သွားတော့ ကြွေ .. တစ်ချက်ခပ်တိုးတိုးရှိုက်သည် .. ။ သူ့ကိုမျက်ဝန်းလေးတွေ

www.burmeseclassic.com

www.burmeseclassic.com

ဖြင့်လည်း တစ်ချက်မော့ကြည့်သည် .. ။ သူ .. ခေါင်းပဲထပ်ညိတ်ပြပါ၏ .. ။

"သိုင်းစ် .. "

ခပ်တိုးတိုးလေးပြောသွားသံ .. ။

ပြီးတော့ .. မျက်ရည်လေးတစ်ချက်သုတ်၍ ..

"ဆောရီးဟယ် .. "

ဟု သူငယ်ချင်းချာတိတ်မလေးတွေကို တောင်းပန်သံလေးကို သူကြားနေရပါ၏ .. ။ ကြွေ့ကို .. လရောင်အောက်မှာ ခေါ်သွားကြတာကို သူသစ်ရိပ်အောက်မှာရပ်ရင်း ငေးကြည့်ကျန်ခဲ့ပါ၏ .. ။

ဝါးရုံရိပ်တန်းနေရာဘက်ကိုရောက်တော့ ကြွေတစ်ချက်နောက်ကိုလှည့်ကြည့်သည် .. ။ သူ့ကိုကြည့်ခြင်းဆိုတာ သူအလိုလိုသိနေပါ၏ .. ။

သစ်ရိပ်အောက်မှာရှိသည့်သူ့ကို ..လူရိပ်တစ်ခုအဖြစ်ပဲ ကြွေသည် မြင်နိုင်ပါချေလိမ့်မည်။ လရောင်တို့ ပြိုးပြောက်တင်နေပါသည့်လူရိပ်အဖြစ်ပဲ မြင်နိုင်ပါချေမည့်နှလုံးအိမ်တွင်းမှာဖြင့်..လမင်းတစ်ရာတို့ .. တိုးဝင်နေကြချေသည်ဆိုတာကိုတော့ .. သူ၏လမင်းလေးကြွေ .. သိနိုင်ချေလိမ်အံ့မထင် .. ။

ဩော် .. သိနိုင်ချေလိမ့်မည်မထင် .. ။

အကြည့်က .. ခပ်လှမ်းလှမ်းဆီသို့တိုင်ရောက်နေပြီဖြစ်ပါသည့် ပန်းကြာဆီမီးတန်းရောင်စုံလေးဆီသို့ ရောက်ရပါသည့်အဖြစ် .. ။

ကောင်းကင်ယံထက်တွင် ကြယ်မီးပုံးတို့ရုံခလျှက်ရှိနေပါသည့်လမင်းကြီးသည် .. ချောင်းရေယဉ်မှာ .. အရိပ်ထင်နေရင်းဖြင့် ပန်းကြာမီးတန်းလေးနှင့်အတူ ရှိနေချေသည့်တကား ...။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [၉]

ဘော်တွင်းဆီမှ သတ္တုရိုင်းများကို ရထားဖြင့်စက်ရုံဆီသို့ ပို့ပါသည့်သတ္တုရိုင်းပို့ရထားသည် ခောခောလေးကပဲရောက်လာပါ၏ .. ။

စက်ရုံကြီးဆီမှ လည်ပတ်သံကလည်းပုံမှန်ကြားနေကျအသံတစ်ခုအဖြစ် ဦးဘုန်းစစ်မင်း၏အခန်းထဲမှာ ရှိနေသည် .. ။ ရုံးခန်းမှ ပြတင်းအနီး၌ရပ်နေရင်းဖြင့် ဦးဘုန်းစစ်မင်း၏အကြည့်တွေက စက်ရုံမှအခိုးအငွေ့များကြောင့် သစ်ပင်များမျိုးတုံးကုန်ကြလျှက်မြေမှုန်သမျှ မဲနက်နေသည့်တောင်ကုန်းများဆီမှာ တန့်နေပါ၏ ..။

သတ္တုရိုင်းများကို အားလုံးကျိုလိုက်ပြီးသည့်နောက်မှာ ထိုမှတဆင့် .. ခဲပုပ်၊ သွပ်၊ ဘော်သတ္တုတို့ကို တစ်ခုချင်းခွဲယူရန် သတ္တုကျိုစက်ဆီသို့ ထပ်မံပို့ကာ အလုပ်သမားအင်အားများများဖြင့် လုပ်ကိုင်ရပါသည့်စက်ရုံကြီးကတော့ လှုသှုသံတို့ဖြင့်ဝေစည်နေသည်ပါပဲ။ သတ္တုရိုင်းပို့ရထားကတော့ဖြင့် မကြာမီမှာ .. သတ္တုတွင်းရှိရာ တောင်ကြားဆီသို့ပြန်သွားချေဦးတော့မည် .. ။

သတ္တုတွင်းရှိရာ .. တောင်ကြားဆီသို့ .. ရထားဖြင့်လိုက်သွားရချေလျှင်ကောင်းချေမည်လားဟု တစ်ချက်ခပ်ထွေထွေဖြင့် ဦးဘုန်းစစ်မင်းတွေးမိလိုက်သေးသည်။ ဤသည်ကလည်း မနေ့ကတည်းက စိတ်တွေမငြိမ်မသက်ဖြစ်နေသည့် ခပ်ထွေထွေစိတ်ဖြင့်ပါ။ စက်ရုံကြီး၏ရုံးခန်းထဲမှာရှိနေရပေမဲ့ ရင်သည်မငြိမ်သက်။ပျော်လည်းမပျော်။ ဘော်တွင်းရှိရာ လိုက်သွားချေလျှင်လည်း ဟိုကိုရောက်ချေလျှင်ဖြင့် ခုလိုပဲစိတ်တွေက ရှုပ်ထွေးပင်ပန်းနေချေမှာသေချာနေသည်။

တကယ်က .. မနေ့ကတည်းက .. ဗစ်တိုးရီးယားသို့ သွားလိုက်ဖို့စိတ်တွေကအရမ်းကို တိုက်တွန်းနေခဲ့တာအမှန်ပါ.. ပါပေမဲ့ .. ဦးဘုန်းစစ်မင်းမသွားဖြစ်ခဲ့။ ရှင်မွေးကြွေလေး၏ မွေးနေ့သည် မနေ့ကကျန်ရစ်ခဲ့ပြီဖြစ်ပေမဲ့ ဤနေ့ထိ .. ဦးဘုန်းစစ်မင်း၏ရင်ထဲမှာ လိုက်ပါယှဉ်တွဲရှိနေဆဲ .. ။

"ငါ .. ငါ .. တာဝန်မကျေတာအမှန်ပဲ .. မနေ့က .. ငါ .. ဗစ်တိုးရီးယားကိုသွားကိုသွားသင့်တယ် .. ဒါ .. ငါသိနေတဲ့ကိစ္စ .. ဒါပေမဲ့ငါ .. သယ်လ်မာဆင့်ကို .. ကြွေလုပ်လိုက်တဲ့လုပ်ရပ်ကြောင့် အံရှုံးကွဲဖြစ်ခဲ့ရတာကို .. ရင်ထဲမှာခံပြင်းနေစိတ်တွေနဲ့ .. မသွားခဲ့ပြန်ဘူး .. ဘုန်းစစ်မင်းရဲ့သမီးဟာ သိပ်ရိုင်းတဲ့ကောင်မလေးတစ်ယောက်ဖြစ်တယ်ဆိုပြီးတော့ သယ်လ်မာလဲစဥ္စာထရီကထွက်သွားခဲ့ပြီ .. ဒီလိုဖြစ်ရတာ ဘယ်လောက်ရှက်ဖို့ကောင်းနေသလဲ .. "

ဟုတွေးနေရင်းမှ ရင်ထဲတွင်တစ်ချက်တိုးလာပြီက ..

www.burmeseclassic.com

www.burmeseclassic.com

"ရှင်မွေးကြွေဟာ .. အဖေလုပ်သူကို .. တခြားမိန်းမတစ်ယောက်နဲ့တရင်းတနှီးအဖြစ်မခံနိုင်ဘူးဆိုတာကိုတော့ အတိအလင်းကြီးကိုပဲ ငါ့ကိုအသိပေးခဲ့ပြီးပြီ .. အသိပေးရဲ့တဲ့သတ္တိတွေလည်း အံ့သြစရာကောင်းလောက်အောင်ပဲ သူ့ရင်ထဲမှာ အပြည့်အဝကြီးကို ရှိနေခဲ့တယ်ဆိုတာကိုလည်း သက်သေပြခဲ့ပြီးပြီ .. ဘယ်လောက်အံ့သြဖို့ကောင်းနေသလဲ .. ငါပြောသမျှ .. ငါကင်းကင်းနေခဲ့သမျှ .. ငါ့ကိုကြောက်ရွံ့နာခံခဲ့တဲ့ ရှင်မွေးကြွေဟာ .. ငါ့ကို .. ဘယ်တုန်းကမှဆန့်ကျင်နေပြခဲ့ရဲတဲ့သတ္တိမရှိခဲ့ဘူး၊ ဒါပေမဲ့ .. ခု .. သူ .. ငါ့ကိုတောင်ပနေတဲ့မျက်လုံးလေးတွေနဲ့ရင်ဆိုင်ကြည့်ရဲနေတဲ့ ရှင်မွေးကြွေအဖြစ် ဗစ်တိုးရီးယားရဲ့ညှို့ခန်းဆောင်မှာ သယ်လ်မာရဲ့ရှေ့မှာလုပ်ပြခဲ့ပြီးနေပြီ .. ဘာကြောင့်လဲ .. သူဟာ .. သူဟာ .. ငါ့ကို .. တခြားမိန်းမတစ်ယောက်ရဲ့အရင်းနှီးမခံနိုင်တဲ့အတွက်ပဲ .. သူ့သတ္တိတွေဟာ .. ရဲရဲရင့်ရင့်ပဲနှလုံးအိမ်ထဲက ခုန်ပေါက်ထွက်လာသလိုပါပဲလား .. အဲဒါ .. အဲဒါ .. ဘယ်လောက် .. ငါနဲ့တူနေသလဲ .. ဖြစ်ချင်တာကိုဖြစ်ကိုဖြစ်ရမှ .. ဆိုတဲ့ငါ့စိတ်တွေနဲ့ ဘယ်လောက်တူနေသလဲ .. ငါ မြင်ခဲ့ရဖူးတဲ့ .. မလွမ်းရှင့်နဲ့တခြားစီပါပဲလား .."

ဟု တွေးရင်းမှရင်ထဲမှာ ရုတ်ချည်းကြည်နူးပီတိဖြစ်ခြင်းဆိုတာက တိုးဝင်၏ .. ။ မလွမ်းရှင်သည် မိဘ၏ဆန္ဒကိုမရှုဆန်နိုင်စွာ .. သူ့ကိုလက်ထပ်ခဲ့ခြင်းဖြစ်ကြောင်း သူသိခဲ့သည် .. ။ တကယ်က .. မလွမ်းရှင်ကိုသူမလက်မထပ်မီ .. ။စကားမပြန်ခဲ့မီကတည်းက .. မလွမ်းရှင်နှင့်ပတ်သက်၍..သူ့လူယုံအိုက်ကျော်

ကိုလွှတ်၍စုံစမ်းစေခဲ့သည်မှ မလွမ်းရှင်တို့နေထိုင်ခဲ့ရာ လုံခမ်းရွာအထိသို့တိုင်ပါ .. ။ မလွမ်းရှင်မှ ချစ်သူရှိတာကို သူသိခဲ့ရသည်ပဲ .. ဒါပေမဲ့ .. သူ .. ရအောင်လက်ထပ်ယူခဲ့သည်။ မလွမ်းရှင်သည် သူ့ကို လက်ထပ်ပြီးသည့်နောက်မှာ .. သူ၏ချစ်ခြင်းများကြောင့်ပင် သူ့ကိုချစ်မြတ်နိုးလာရချေမည်ဟုလည်း၊ ဘေနယုံကြည်စိတ်ဖြင့် လက်ထပ်ယူခဲ့သည်။ ပြီးတော့ .. သူချစ်မြတ်နိုးသည့်မိန်းမတစ်ယောက်ကို လက်လွှတ်မခံနိုင်ခြင်းဖြင့်လည်း လက်ထပ်ယူခဲ့သည်။ သူချစ်သောမိန်းမတစ်ယောက်ကို တစ်ပါးသောယောကျ်ားနှင့်လက်ထပ်လိုက်တာကို ခံနိုင်ရည်မရှိသည့်ချစ်စိတ်ဖြင့်လည်း လက်ထပ်ယူခဲ့သည်။ ဘုန်းစစ်မင်းဆိုတာ .. လိုချင်တာကိုရအောင်ယူတတ်သော ဘုန်းစစ်မင်းဖြစ်နေသည်က .. မူလဗီဇပင်ကိုယ်စရိုက်တစ်ခုဖြစ်နေသည်ပဲလေ .. ။ ဒါပေမဲ့ .. မလွမ်းရှင်သည် .. ခုနစ်လနှင့်သမီးတစ်ယောက်ကို မွေးဖွားခဲ့လျှက် .. ။ ထိုသမီးလေးသည် .. သူ၏သမီးလေးဖြစ်သည်ဟုပဲ ယုံကြည်နေမိ ..ချစ်မိနေရသည့်ကြားထဲမှ .. ချစ်သူဟောင်းနှင့်ဈေးမှချိန်းတွေ့ စားသောက်ရသည်အထိ ရက်နည်းသောမိန်းမတစ်ယောက်ဖြစ်နေတာကို သူမြင်တွေ့လာရသည့်နောက်မှာ .. ။ မလွမ်းရှင်၏ချစ်သူဟောင်းက .. ကလေး.. ဘယ်သူနဲ့တူသလဲဆိုတာကိုမေးခဲ့ကြောင်း မလွမ်းရှင်နှုတ်ကိုယ်တိုင်နှုတ်မှ ဖွင့်ပြောပြတာကို ကိုယ်တိုင်နားနှင့်ဆတ်ဆတ်ကြားရချိန်မှာ .. ။ မလွမ်းရှင်ကို .. အချစ်ကြီးချစ်ရပါသည့် ခင်ပွန်းသည်တစ်ယောက်၏ရင်ထဲမှာ ကြေကွဲနာကျည်းစိတ် .. ခံပြင်းစိတ်တွေဖြင့် မီးတောင်ကြီးပေါက်ကွဲသလို ရင်တစ်ခုလုံးအမွှာမွှာအလွှာလွှင့်ပွင့်ထွက်ကွဲသွားရသည်နှယ် ခံစားခဲ့ရသည့်နေ့ကို .. သူ ဘယ်တော့မှ

www.burmeseclassic.com

မေ့မရနိုင် .. ။ ထိုနေ့သည် .. မလွှမ်းရှင်နှင့်သူနောက်ဆုံးတွေ့ခဲ့ရသည့်နေ့ .. ။

သူ့ကိုကွာရှင်းမည်ဟု အတိအလင်းကြီးပြောရဲသည့် သတ္တိတွေပြည့်ဝနေသည့် မိန်းမတစ်ယောက်အဖြစ် ဆူရင်ဆိုင်ခဲ့ရသည့်နေ့ .. ။

ထိုနေ့သည် .. မလွှမ်းရှင် .. မိုင်းသာချောင်းမှာ လှေဖြင့်ထွက်သွားလိုက်သည့်နေ့ .. ။ မလွှမ်းရှင် .. မလွှမ်းရှင် .. ရေနစ်ကွယ်လွန်ခဲ့သည့်နေ့ .. မိုးတွေကျသည့် နေ့တစ်နေ့ဖြစ်ခဲ့ချေသည်တကား .. ။

သူ့လက်တွေ..ပြတင်းပေါက်ပေါင်ထက်မှာဖေးတင်နေသည်။ မျက်ဝန်းတွေကို စုန်မှိတ်ထားသည်။ အံခဲနေသည့်ကြားထဲမှ မျက်ရည်ဝေ့ချင်လာနေသည် .. ။ အဘယ်မျှထိအရှက်သည်းစေခဲ့ပါသလဲ .. ။

သူ့ကိုကွာရှင်းမည်ဟု အပြောခံခဲ့ရခြင်းသည်အဘယ်မျှထိ ရှက်ဖွယ်လီလီဖြစ်ခဲ့ပါသလဲ။ အဘယ်မျှထိ ခံပြင်းဖို့ကောင်းခဲ့ပါသလဲ .. ။ ဘုန်းစစ်မင်းလိုလူကို .. ခြံသမမိန်းမတစ်ယောက်က ကွာရှင်းမည်ဟုပြောခဲ့သည်တဲ့။ သူ .. ချစ်လွန်လွန်း၍ .. ။ချစ်တာတစ်ခုကိုပဲ ရင်နှင့်ရင်း၍ .. အဆင့်အတန်းရယ်လို့ မမြင်နိုင် .. ပညာကောင်းစွာမသင်ဖြစ်ခဲ့တာတွေကိုလည်း မကြည့်နိုင်မတွေးနိုင်ပဲ .. ချစ်လျှင် .. အဆင့်အတန်းဆိုတာမရှိ .. ပညာအရည်အချင်းဆိုတာမဆိုင် .. ဟုတွေးကာ .. ဆုံးဖြတ်ကာ .. လက်ထပ်ယူရလောက်သည်အထိ .. အချစ်ကြီးချစ်မိရပါသည့်မိန်းမတစ်ယောက်က .. သူ့ကိုကွာရှင်းမည်ဟု .. ရဲဝံ့စွာပြောထွက်ခဲ့သည်တဲ့ .. ။

ဘဝတစ်လျှောက်လုံးမှာ စိတ်ကူးဖြင့်ပင် မရဲသောက်သည့် .. ချမ်းသာစည်းစိမ်ကြားမှာ .. ချစ်ခြင်းများ၏ကြားမှာ .. နေရပါသည့်မိန်းမတစ်ယောက်က .. ချစ်သူဟောင်းနှင့်လိုက်သွားရဲသည်အထိ ဆုံးဖြတ်နိုင်သည်တဲ့ .. ။

ထိုအဖြစ်ကို .. သူ .. အရှက်ဆုံး .. ။အနာကျည်းဆုံး အခံပြင်းဆုံး .. ။

မလွှမ်းရှင်သည် .. ချစ်သူဟောင်းနှင့်လက်ထပ်ယူမည်ဟုတော့ ပြောမသွားခဲ့ .. ။ ဒါပေမဲ့ .. သူ့ကိုကွာရှင်းမည်ဟုတော့ ပြောခဲ့သည်။ လှေဖြင့်ထွက်သွားခဲ့သည်။ သူ့ကိုကွာရှင်းလိုက်သည့်မလွှမ်းရှင် .. ။ ဘာဆက်လုပ်မည်တဲ့လဲ .. ။ ချစ်သူဟောင်းနှင့်လက်ထပ်ခြင်းမှတပါး အခြားဘာရှိချေမည်တဲ့လဲလေ။တကယ်တမ်းကျတော့ .. မလွှမ်းရှင်သည် .. သူနှင့်မကွာရှင်းလိုက်ရသေးခင်မှာပဲ .. မိုင်းသာချောင်းမှာ ရေနစ်ကွယ်လွန်ခဲ့ရသည်။

သူ၏ဇနီးသည်ဘဝဖြင့်ပဲ ကွယ်လွန်ခဲ့ရသည် .. ။ ဒါပေမဲ့ .. လက်တွေ့မှာမကွာရှင်းလိုက်ရသေးသော ထိုမိန်းမနှင့်သူသည် .. ထိုမိန်းမ၏အဆုံးအဖြတ်တစ်ခုကြားမှာ .. ချစ်ခြင်းတွေပြတ်စဲခဲ့ရသည်မို့ .. ။ သူနှင့်မလွှမ်းရှင်ကြားမှာ .. လင်မယားအရာသည် .. အလိုလိုပြတ်စဲခဲ့ရသည်ပဲ ..ဟု .. သူခံစားနေရရင်းဖြင့် လောကကြီးမှာ အသက်ရှင်ကျန်ရစ်နေသည့် ဘုန်းစစ်မင်းဖြစ်ခဲ့ရပါ၏။

ဒါပေမဲ့ .. ။ ဩော် .. ဒါပေမဲ့ .. ။ အဝါရောင်ဂျပန်ပိတောက်ပန်းလေးတွေ ကမ်းစပ်ဘေးမှာ ကိုင်းညွတ်ပေါက်နေရာ ပစ်တိုးရိုးယား၏တံတားဖြူလေးနှ ၂၃ မိုင်းသာချောင်းစပ်နေ

www.burmeseclassic.com

www.burmeseclassic.com

လေးမှာ ပြန်ဆယ်ကပ်ထားပါသောလှေ .. ။ ထိုလှေဝမ်းမှာ လှပသောပန်းပုရုပ်ထုလေးတစ်ခုနှယ် ရေစိုအဝတ်တွေဖြင့် မျက်ဝန်းများမှေးပိတ်ချထားရင်း ငြိမ်သက်နေပါသည့်မလွမ်းရှင် .. ။ ရင်ခွင်ပိုက်ရှင်မွှေးကြွေလေးကို ပွေ့ချီထားရင်း မျက်ရည်ကျနေသည့်ခင်လေး.. ဗစ်တိုးရီးယား၏ အိမ်သားများပမာရှိနေပါသည့် ဒေါ်သင်းဝေ .. ။ အားလုံးကို .. သူ .. မျက်ဝန်းတွေထဲမှာ .. ယခုတိုင်မြင်ယောင်နေမိဆဲ .. ။

မလွမ်းရှင်ကိုတွေ့ခဲ့ပြီ .. ဆိုတာကို .. အသံတွေတုန်ရည်ကျနေရင်းမှ မျက်ရည်တွေဖြင့် ဒေါ်သင်းဝေလာပြေးပြောကာ အောက်ထပ်သို့ ကသောကမျောဆင်းသွားခဲ့စဉ်တုန်းက .. သူသည် အပေါ်ထပ် စာကြည့်ဆောင်ထဲမှာ ရှိနေချိန်ဖြစ်ပါ .. ။ မလွမ်းရှင်၏ မိဘများနှင့်အတူ .. မလွမ်းရှင်ပြန်ရောက်လာမည့်အချိန်ကို .. သူသည် .. စိတ်တွေထွေနေရင်းဖြင့် စာကြည့်ဆောင်ထဲမှာ .. ယောက်ယက်ခတ်နေသည့်စိတ်တွေဖြင့် တုန်လှုပ်ပင်ပန်းစွာစောင့်ဆိုင်းနေချိန်မှာ .. ဒေါ်သင်းဝေသည် .. ထိုသတင်းကိုလာ၍ ပြောခဲ့ခြင်းပါ .. ။

သူသည် .. အရင်နေ့ကတည်းက .. စာကြည့်ခန်းထဲမှာ တစ်ယောက်တည်းရှိနေခဲ့သည်။ မလွမ်းရှင် ထွက်သွားခဲ့တာကိုလည်း လိုက်မတား .. ။ ခင်လေးလိုက်ရှာနေတာကိုလည်း ဝင်မမေး .. ။ တားလည်းမတား .. ။ မလွမ်းရှင်သည် .. တစ်နေရာမှာရှိနေလျှင် ထိုတစ်နေရာသည် .. ချမ်းသာပေါင်းအိုက်မောင်ရှိသည့်နေရာနှင့် မလွမ်းရှင်မိဘများရှိရာနေရာ .. နှစ်ခုထဲမှ .. တစ်ခုသာတော့ အသေအချာကြီးဖြစ်နေချေမည်ဟုပဲ ထင်ထားခဲ့သဖြင့် ..။

တကယ်တမ်းကျတော့ .. မလွမ်းရှင်သည်..အသက်မဲ့ခန္ဓာဖြင့်ပြန်၍ ဗစ်တိုးရီးယားသို့ပြန်ရောက်ခဲ့ချေသည်ကော .. ဟုသိရစဉ်မှာ .. ရင်သည် .. ပို၍ကြေကွဲလာခဲ့ရ .. ။ ရင်ကိုနှစ်၍ချစ်ရသည့် မိန်းကလေး .. ဆုံးပါးရချေပြီကော .. ဟုသိရင်း .. နှလုံးသားတို့ပို၍ ပိမိကြေခဲ့ရပေမဲ့ .. မလွမ်းရှင်သည် .. သူ့ကိုချန်ရစ်ခဲ့ခြင်းဆိုရာမှာ မူလကတည်းက .. သူ့ကိုကွာရှင်းစကားဆိုခဲ့ပြီးနေသော .. ။ သူ့ကိုပြတ်စဲခဲ့ပြီဖြစ်ပါသော မလွမ်းရှင်ဆိုတာကို သိနေရသည်မို့ .. ရင်ထဲတွင် နာကြည်းနေမိရခြင်းကလည်း မဆုတ်ယုတ်နိုင်သော ခံစားမှုများဖြင့် တည်မြဲနေခဲ့ပြန်ပါချေ၏ .. ။

ထိုစဉ်က .. သူသည် .. ချစ်ခြင်းနှင့်မုန်းခြင်းဆိုသည့်အရာနှစ်ခု .. ဆန့်ကျင်မှုနှစ်ခုကြားထဲမှာ ..နှစ်ခုစလုံးကိုပြိုင်တူခံစားနေရသူဖြစ်ခဲ့လျှက် .. ။ ယခုတိုင်လည်း ထိုခံစားမှုသည် .. မပြောင်းလဲနိုင်စွာ ရှိခဲ့ချေသည်တည့် .. ။

ထိုနေ့က .. သူသည် .. အပေါ်ထပ်စာကြည့်ဆောင်ဆီမှ လှမ်းမျှော်ကြည့်ရင်း မျက်ရည်ကျခဲ့ပြီးသည့်နောက်မှာ .. ။ ခြေလှမ်းကြဲကြီးများဖြင့် မိုင်းသာချောင်းကမ်းစပ်မှာရှိနေပြီဖြစ်ပါသည့် မလွမ်းရှင်ထံသို့ ရောက်ခဲ့ပါ၏ .. ။

မလွမ်းရှင်ရှိရာ လှေလေးကိုချည်တိုင်မှာချည်ထားရာ .. တံတားဖြူထက်ဆီသို့သူလျှောက်နေရသည်က .. ကိုယ့်နှလုံးသားကို .. ကိုယ်ပြန်နင်းဖြတ်လျှောက်နေသည်သို့ .. နာကျင်နေစေခဲ့သည့်အထိပါ .. ။

အားလုံးကို .. သူ .. နေရာမှ ခွါခိုင်းခဲ့သည်။

အားလုံး .. သူ့စကားကြောင့် .. နားလည်စွာ ..

www.burmeseclassic.com

www.burmeseclassic.com

ဗစ်တိုးရီးယားဆီသို့ မျက်ရည်အသွယ်သွယ်ဖြင့်ပြန်ကုန်ကြသည်အထိ .. ရေချိုးဆိပ်တံတားဖြူလေးထက်မှာသူသည် .. ပုံစံမပြောင်းစွာ ကျောက်ဆစ်ကျောက်တိုင်ကြီးပမာ တောင့်မတ်စွာရပ်ကျန်နေခဲ့လျက် .. ။ အကြည့်တွေကလည်း .. အညိုရောင်ပိုးဝတ်စုံလေးဖြင့် ရှိနေပါသည့်မလွှမ်းရှင်ထံမှာပဲ မရွေ့မလျားတန့်နေခဲ့ပါ၏ .. ။

တကယ့်ကြွေရုပ်လေးပါတကား .. ။

သူ .. တမြတ်တနိုးချစ်ခဲ့ရပါသောမိန်းမ .. ။ သူ၏ကြွေရုပ်လေးပမာ တသသထား၍ .. သူ၏ချစ်ခြင်းများကို ပုံအော၍ ချစ်ရပါသောမိန်းမ .. ။

ရှည်လျားသောမျက်တောင်နက်နက်စင်းစင်းလေးတွေ မှိတ်ချထားရင်း ရေစိုနေပါသည့်အညိုရောင်ပိုးဝတ်စုံလေးဖြင့် လှေဝမ်းထဲမှာရှိနေသည်က .. ချောင်းရေထဲရေးဆင်းကူးပြီး .. လှေဝမ်းထဲမှာ ခဏပြန်တက်၍လှဲလျောင်းမှေးပျက်၍ နေပူစာလှုံနေသည့်မိန်းကလေးတစ်ယောက်နှင့် တူနေသေးသည့်အဖြစ် ..။ ရေနစ်ကွယ်လွန်ခဲ့ပြီဟု ယုံရက်စရာမရှိ .. ။ ယုံလည်းမယုံကြည်ချင်ပဲ ရှိနေပါသည့် သူ၏မလွှမ်းရှင် .. ။

ရှည်လျားသောဆံနက်ရှည်ထွေးထွေးက ပခုံးပေါ်တချို့ .. ။ လှေဝမ်းထဲမှာတချို့ .. ။ လက်လေးနှစ်ဘက်ကိုရင်အုံ မို့မို့ထက်မှာ ဖေးတင်ပေးခဲ့ကြသည်မို့ မလွှမ်းရှင်သည် .. တစ်ခုခုကို .. တောင်းပန်နေသည်ဟုလည်း သူခံစားမိရပြန်သည်။ ချစ်သူဟောင်းနှင့် လိုက်ပြေးဖို့ဆုံးဖြတ်ခဲ့သည်ဟု .. သူအခိုင်အမာယုံကြည်ထားရပါသော သူ၏မိန်းမသည် .. ဘာကို .. တောင်းပန်နေပါသတဲ့လဲ .. ။ ခွင့်လွှတ်ဖို့တောင်းပန်နေခြင်းများလား .. ။သူ

ကိုကွာရှင်းမည်ဟု အပြတ်ပြောခဲ့ခြင်းများကို တောင်းပန်နေခြင်းများလား .. ။ သူ .. မျက်ဝန်းကိုစုံမှိတ်ခဲ့လျက် ခေါင်းယမ်းခဲ့ရင်းမှ ..

"မင်းကို .. ငါ .. ချစ်သလောက် .. ချစ်မိရသလောက် ..
ခွင့်လဲမလွှတ်နိုင်ဘူး မလွှမ်းရှင် .. "

ဟု ပြောခဲ့မိရင်းမှ .. ။

ဒူးလေးတစ်ဘက်ထောင် တစ်ဖက်က တံတားဖြူထက်မှာ ထောက်ထိုင်လိုက်သည့်နှယ်ရှိသွားရလျက် .. မလွှမ်းရှင်၏လက်လေးကို ဖျတ်ခနဲငုံ့ကိုင် ထွေးဆုပ်မိခဲ့ရပါသည့်ထိုနေ့ကို .. ယခုတိုင်မမေ့။ ဩော် .. ဘယ်သောအခါတွင်မှလည်း မေ့နိုင်မည်မဟုတ် .. ။

မနေ့ကမိုးတွေအံရမ်းရွာချခဲ့ခြင်းမရှိတော့ သယောင်နေခြည်တွေ လင်းလဲ့နေပါသည့် နေ့တစ်နေ့မှာ .. ။ အဝါရောင်ပန်းနိုင်လေးတွေ ညွတ်နွဲ့စွာ ပွင့်ထွက်နေပါသည့် ဂျပန်ပိတောက်ပင်တို့ရှိရာ ကမ်းစပ်နေရာမှာ .. ။ ကမ်းစပ်ဆီသို့ တိုက်ခတ်နေသောလေညှင်းနုနှင့် ပန်းရနံ့တို့ကြားမှာ .. သူသည် .. အတော်ကြီးကိုကြာမြင့်စွာ .. မလွှမ်းရှင်၏လက်လေးကို ဖေးကိုင်ထွေးဆုပ်ထားရင်း ငြိမ်သက်စွာပဲမျက်ရည်ကျခဲ့လျှက် .. ။ ထိုငြိမ်သက်မျက်ရည်ကျနေခြင်းနှင့်အတူ .. ခံပြင်းနာကျည်းခြင်းဆိုတာကြီးကလည်းတူယှဉ်တွဲ၍ ရင်မှာထိုးနှက်တိုက်ခိုက်နေခဲ့ကြချေသည်တည့် .. ။

နောက်တော့ .. သူသည် .. မလွှမ်းရှင်၏အလောင်းကို .. ကိုယ်တိုင်ပဲပွေ့ပူ၍ .. ဗစ်တိုးရီးယားသို့ပြန်လာခဲ့သည် ..။ မလွှမ်းရှင်၏ရေစိုအဝတ်တို့မှ .. ရေတို့သည် သူ့အဝတ်အစားတွေကို

www.burmeseclassic.com

www.burmeseclassic.com

ကူးစက်စိုစွတ်နေခဲ့ကြလျက် .. ။ မလွှမ်းရှင်၏ ရှည်လျားနက်မှောင်သော ဆံစတို့ဆီမှ ရေတို့သည်လည်း သူ့ကိုစိုစွတ်စေခဲ့ပါ၏ ..။ နောက်တော့ .. မလွှမ်းရှင်ကို .. လှပသောကြွေရုပ်လေးနှယ်ပင် ပြင်ဆင်စေခဲ့သည်။

လှပစွာပဲ .. အလောင်းကိုစံစေခဲ့သည်။

လှပသော .. ပန်းကနုတ်ထွင်း ခေါင်းလေးဖြင့် သင်္ဂြိုဟ်စေခဲ့သည် .. ။ မိုင်းသာတွင် .. အစည်ကားဆုံးသော .. သင်္ဂြိုဟ်မှုတစ်ခုအဖြစ် .. ရှိစေခဲ့သည်၊ နောက်တော့ .. သူသည်.. သူလုပ်လိုသော .. သူဆုံးဖြတ်ထားသောအဖြစ်များအားလုံးကို ဖြစ်တည်စေခဲ့ပါ၏ .. ။ မလွှမ်းရှင်မိဘများကို .. မိုင်းသာနှင့်အဝေးဆုံးမှာ သွားရောက်လုပ်ကိုင်စားသောက်ကြဖို့ .. ငွေတွေအလျှံပယ်ပေးခဲ့ကာ စီမံခဲ့ပါ၏ .. ။

မလွှမ်းရှင်နှင့်အိုက်မောင်တို့ကိစ္စကိုလည်း ..သူအသိပေးခဲ့ပါ၏ .. ။ သမီးမိုက်အဖြစ် မလွှမ်းရှင်၏မိဘများက .. မှတ်ယူကြသည်က .. အရမ်းကို .. တခမ်းတနား .. မလွှမ်းရှင်ကိုသင်္ဂြိုဟ်ခဲ့ပါသော .. သူ့အဖြစ်ကိုကြည့်၍ .. သဘောထားကြီးလေခြင်းဆိုသည့်အတွေးဖြင့်ဆိုတာ .. သူသိသည်ပါပဲ .. ။

ဘယ်သောအခါတွင်မှ .. မိုင်းသာသို့ပြန်မလာကြဖို့လည်း သူမှာခဲ့သည်မို့ .. ခေါင်းညိတ်ထွက်ခွာပေးခဲ့ကြသည်မှာလည်း အမှန်ပါ .. ။ ရှင်မွေးကြွေဘ၀မှာ .. မိခင်၏အရိပ်ကြီးလိုက်မိုးမပါစေချင်၍ပါ .. ဟု စကားလုံးကောင်းကောင်းတွေကို ရှာဖွေပြောခဲ့သည်ကိုးလေ .. ။ ဒါပေမဲ့ ... ...ယ်တမ်းကျတော့ .. သူသည် ရှင်မွေးကြွေလေးအပေါ်မှာ .. သဗ်းမဟုဘ်ဆိုသည့်သံသယကြီးဖြင့်

ခပ်ကင်းကင်းနေခဲ့သည့်အပြင် .. ။

တစ်နေ့တခြား .. မလွှမ်းရှင်နှင့်ပို၍ .. ပို၍ .. တူတူလာနေပါသည့် ရှင်မွေးကြွေကို မွေးချိုတာလေးပင်မလုပ်ပါတော့သည့်ဘုန်းစစ်မင်းအဖြစ် ရှိနေခဲ့ချေသည်တကား .. ။ ခုလည်း .. မနေ့က .. ရှင်မွေးကြွေ၏မွေးနေ့ဆိုတာကို သိနေသည့်ကြားထဲမှ.. ဇစ်တိုးရီးယားသို့လည်း မရောက်ခဲ့ .. ။ တစ်နေ့က .. သယ်လီမာနှင့်ပတ်သက်၍ ရှင်မွေးကြွေ၏မှားယွင်းစွာပြုခဲ့သည့် အပြုအမူကို ဒေါသထွက်သည့်နှယ် .. သဘောသက်ရောက်စေဖို့လည်းမသွားခဲ့ခြင်းပါ .. ။ သူ့ကို .. ထိုသို့အံတုခြင်းမျိုးထပ်၍အဖြစ်မခံ .. ဆိုတာကို.. အသိပေးခြင်းဆိုလည်း နှယ်နေသည့်အဆုံးအဖြတ်ပါ .. ။

ဒါပေမဲ့ .. တစ်ဘက်ကလည်း .. ထိုသို့ရှင်မွေးကြွေ.. တစ္ဆတ်ထိုးလုပ်ခြင်းများသည် သူ့နှင့်တူနေသော စရိုက်လေးတွေအဖြစ် မှတ်ယူကျေနပ်နေမိရပြန်ပါ၏ .. ။ အတွေးတွေဖြင့် နစ်နေရာမှ .. ဦးဘုန်းစစ်မင်း၏အကြည့်တွေက အလုပ်စားပွဲကြီးရှိရာသို့ ရောက်သွားရပါပြီ .. ။ တောက်ပသော ကျွန်းစားပွဲကြီးသည် .. အနီရောင်သက္ကလပ်သား စားပွဲခင်းကြီးဖြင့် ရှင်းသန့်စွာရှိနေပါသည့်အဖြစ် .. ။ အလုပ်ဖိုင်တွဲများ .. ။ ကာလောင်တံစိုက်ရာ .. ကျွန်းသား ကလောင်ခိုက်ခုံလေးနှင့် အနီရောင်နှင်းဆီပွင့်တို့ ထိုးစိုက်ထားရာ ကရုတ်ပြည်လုပ် ကြွေပန်းအိုးကြီးနှင့် .. ။ အနက်ရောင်တယ်လီဖုန်းကိုဖြင့် ရှိနေပါသည့်အလုပ်စားပွဲ .. ။ ခြေလှမ်းတွေက .. အလုပ်စားပွဲရှိရာသို့ လျှောက်မိလာရပြန်ကာ .. လေးလံနေသောလက်တွေဖြင့် အံဆွဲကိုဆွဲဖွင့်လိုက်မိရပြန်သည် ။

အံဆွဲတွင်းမှာ .. ...နှံဘောင်သွင်းထားပါသော

www.burmeseclassic.com

www.burmeseclassic.com

ခါတ်ပုံဘောင်အရွယ်အစားထဲမှ ပန်းချီကားလေးတစ်ခုကရှိနေသည်။ ခပ်ဖြည်းဖြည်းယူ၍ ဦးဘုန်းစစ်မင်း .. ကိုင်ကြည့်နေမိသည်က .. ဖခင်၏လက်ကိုချစ်ခင်စွာကိုင်ဆွဲသားရင်း ပြုံးနေပါသည့် သမီးတစ်ယောက်ပါဝင်နေသော ပန်းချီကားလေးပါတည့် .. ။

ဖခင်ဘောင်းဘီအိတ်ကပ်ဆီသို့ ရွှေကြိုးလေးဖြင့် ခါးပတ်ချိတ်နေရာဆီမှာ သွယ်တန်းဝင်သွားပါသည့် ရွှေနာရီကြိုးလေးပါ ထည့်ဆွဲထားလျှက် .. ။ ခံကျစ်လေးနှစ်ဘက်ကျစ်ချသားကာ အဝါရောင်ဂါဝန်လေးဝတ်ထားပါသည့် ကောင်မလေးသည်လည်း ရယ်မောနေပါ၏ .. ။ သြော် .. ရှင်မွေးကြွေလေး .. လေးတန်းကျောင်းသူအရွယ်လေးဖြင့် ဆွဲထားပါသည့် ပန်းချီကားလေး .. ။

ပန်းချီကားလေးသည် လှပနေပါ၏ .. ။ ဖခင်ကိုချစ်သော သမီးတစ်ယောက်၏မေတ္တာဖြင့် လှပနေပါ၏.. ။ ဒါပေမဲ့.. ထိုလှပခြင်းများဖြင့် နစ်မြုပ်ကြည်နူးနေရခြင်းများသည် .. ဘယ်သောအခါတွင်မှ မရှည်ကြာတတ်နိုင်ခဲ့ .. ။ ကြေကွဲနာကျင်ခြင်းနှင့် သံသယအမျှင်တို့ဖြင့် .. အရောရောသည် .. နာကျည်းစွာပဲအဆုံးသတ်လိုက်ရစမြဲ .. ။

ရှင်မွေးကြွေသည် .. သူ၏သမီးမဟုတ်ဟု .. သူ .. အလိုလို .. ပို၍ .. နားလည်လာနေခံစားနေရခြင်းက ဆိုးနေသည်။ ခုနစ်လနှင့်ကလေးမွေးတတ်သည် .. ဆိုတာသူနားလည်နေသည်။ ဒါပေမဲ့ .. ထိုကလေးသည် .. မလွှမ်းရှင်နှင့်တူနေလျက်။ ထိုကလေးသည် .. အိုက်မောင်ဆိုသူကို တွေ့ဆုံခဲ့ပါသော မလွှမ်းရှင်၏သမီးဖြစ်နေသည်တည့် .. ။ မပန့်နိုင် .. ။ သူ .. ဤကလေးကို သူ့သမီးအရင်းကြီးဖြစ်နေသည်ဟု မခံစားနိုင်ပဲဖြစ်ဖြစ်နေသည်။

ဒါပေမဲ့ .. ဤကလေးကို .. ကလေး၏ဘိုးဘွားများနှင့်အတူ .. မိုင်းသာမှာဘာကြောင့်အဝေးမခံ .. မထည့်လိုက်နိုင်ခဲ့ရပါသတဲ့လဲ .. ။ သူ၏သိက္ခာ .. ။ ဟုတ်သည် .. ။ သူ၏သိက္ခာပိုင်းနှင့်ဆိုင်နေသည်။ မလွှမ်းရှင်သည် .. ချစ်သူဟောင်းအိုက်မောင်နှင့်ကိုယ်ဝန်ပါလာခဲ့သည်မို့ .. ထိုကလေးကို .. ဘုန်းစစ်မင်းက .. မလွှမ်းရှင်၏မိဘများထံ ထည့်လွှတ်လိုက်သည်ဆိုတာမျိုးကိုတော့ အဖြစ်မခံနိုင် .. ။

ဒါ .. သူ၏သိက္ခာပိုင်း .. ။

ပြီးတော့ .. သူ၏ .. ကလဲ့စား .. ။

ဟုတ်သည် .. ။ ကလဲ့စား .. ။ အိုက်မောင်ကို .. ဘယ်သောအခါတွင်မှ .. ရှင်မွေးကြွေနှင့်မတွေ့စေရ .. ။ အိုက်မောင်သည် .. သမီးကို .. တစ်ပါးသောသူစိမ်းတစ်ယောက်ထံမှာ ရှိနေရသည့်ဘဝကို .. ကြေကွဲစွာဖြတ်သန်းနေစေရမည် .. ။ သူသည် .. မလွှမ်းရှင်ကိုချစ်နေသည့်ချစ်ခြင်းများ .. နာကျည်းခံပြင်းနေခြင်းများဖြင့်ရော .. ။ အိုက်မောင်ကို .. မုန်းတီးနေသည့်အမုန်းများဖြင့်ရော .. ရောထွေးယှက်တင်ဖြစ်နေသည့် ဘုန်းစစ်မင်းအဖြစ် ဖြတ်သန်းလာခဲ့ရသည်မှာ ကြာတောင့်ကြာရှည်ရှိနေခဲ့ပြီ .. ။

ထိုခံစားမှုများသည် လျော့ပါးမသွားနိုင်ခဲ့ .. ။

ဒါပေမဲ့ .. သြော် .. ဒါပေမဲ့ .. သူသည် .. ရှင်မွေးကြွေလေးရေးဆွဲခဲ့ပါသော .. ဤပန်းချီကားလေးကို .. မှန်ဘောင်သွင်း၍ .. အလုပ်စားပွဲအံဆွဲထဲမှာ ထည့်သိုသိမ်းဆည်းထားတတ်သော ဘုန်းစစ်မင်းဖြစ်နေပြန်ကာ .. ။ ထိုပန်းချီကားလေးကို .. မကြာကြာ .. ထုတ်ယူကြည့်မိ .. ကြည်နူးမိတတ်သော ဘုန်းစစ်မင်း

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် လူသူအသိမခံနိုင်စွာပဲ ဖြတ်သန်းလာသောသူတစ်ယောက်လည်းဖြစ်ပြန်ချေသည်တကား .. ။

" ဤပန်းချီကားလေးကို .. ယူလာခဲ့ပါသည့်နေ့ .. ။ ထိုနေ့မနက်လေးမှာ .. မြင်ခဲ့ရပါသော ရှင်မွေးကြွေလေး၏မျက်နှာလေးကိုလည်း သူမမေ့နိုင် .. ။ မျှော်လင့်ခြင်းများဖြင့် ပြည့်သိပ်နေပါသော အကြည့်လဲ့လဲ့ရွှန်းရွှန်းလေးတွေဖြင့် မော့ကြည့်ခဲ့ပါသော ရှင်မွေးကြွေ .. ။ မနက်စာ .. စားသောက်နေပါသောသူ့ကို .. မျှော်လင့်ချက်များဖြင့် ချီမြစွာကြည့်ခဲ့ပါသောအကြည့်လေး .. ။ အဘယ်မျှထိ .. ချစ်ခြင်းများဖြင့် ပြည့်ဝနေပါသောမျက်လုံးနက်နက်လေးတွေပါလဲ .. ။ လှူလက်ကိုလာဆွဲခဲ့စဉ်က .. ဆောင့်ခါ လိုက်တော့အဘယ်မျှအထိ .. ထိုမျက်ဝန်းလေးတွေ၏ အရှင်သခင် ရှင်မွေးကြွေလေး၏ မျက်နှာလေးငိုမဲ့မဲ့ဖြစ်ခဲ့ပါသလဲ .. ။ မျက်ရည်တွေကျခဲ့တာ .. ။ ဝမ်းနည်းတကြီးငိုလိုက်တာတွေကို .. သူ .. မမေ့နိုင် .. ။ ထိုနေ့က .. မသင်းဝေ၏ရင်ခွင်ထဲခေါင်းလေးငိုက်ချရင်း ပါသွားပါသော ရှင်မွေးကြွေကို သူစုထိမမေ့နိုင်သလို .. ရင်ထဲမှာလည်း .. တမြည့်မြည့်မျှသော .. ကြေကွဲခြင်းများဖြင့် သနားနေမိရဆဲ .. ။

ထိုနေ့က .. ။ ဩော် .. ထိုနေ့က .. သူ့ခြေရင်းမှာ.. လေနှင့်အတူပါလာ၍ ကျန်ခဲ့ပါသည့် ဤပန်းချီကားလေးကို သူ .. ကိုယ်ကြီး ငုံ့ကိုင်းကောက်ယူမိခဲ့ကာ .. ။ ဤပန်းချီကားလေးကို.. ပန်းကနုတ်ထွင်းငွေဘောင်ကွပ်ဘောင်လေးထဲမှာ ထည့်သိုသိမ်းဆည်းမိခဲ့ပါ၏ .. ။ သူ .. ပန်းချီကားကိုအတန်ကြာမျှ ငြိမ်သက်စွာပဲ ခေါင်းငိုက်ချ၍ ကြည့်နေမိရာမှ ကိုယ်ကိုပြန်မတ်မိကာ .. ။ ပန်းချီ

ကားကိုအံဆွဲထဲပြန်သိမ်း .. ။ သော့ခတ်လိုက်မိရပါပြီ .. ။ ဤပန်းချီကားကို လူမြင်မခံနိုင်၍ .. ။ ဟုတ်သည် .. ။ ထိုသို့ဂရုတစိုက်သိမ်းဆည်းထားတာကို သူသိမခံနိုင်၍ .. ။ ဤသို့ .. သူ၏ဘော်ချက် စက်ရုံ၏အလုပ်ခန်းစားပွဲအံဆွဲထဲမှာ ထည့်သွင်းသိမ်းဆည်းထားခဲ့ခြင်းပါ .. ။

နေရာမှ ဦးဘုန်းစစ်မင်းခွာမိရပါပြီ ...။

အလုပ်စားပွဲထက်မှာဖေးတင်နေပါသည့်ကားသော့ကို ယူလိုက်မိသည် .. ။ ဘာပဲဖြစ်ဖြစ် .. ဦးဘုန်းစစ်မင်း ဆုံးဖြတ်လိုက်ပြီ .. ။ ဗစ်တိုးရီးယားသို့ ဤနေ့မှာ .. ပြန်ကိုပြန်လိုက်တော့မည် .. ။ နှစ်ရက်သုံးရက်လောက်နေလျှင် .. ရှင်မွေးကြွေတို့ .. ကျောင်းပြန်ကြတော့မည် .. ။ ဤနေ့မှာတော့ .. ဗစ်တိုးရီးယားသို့ ပြန်လိုက်ပါတော့မည် .. ။ မနေ့က .. မွေးနေ့ပွဲသို့မတက်ရောက်နိုင်ခဲ့ပေမဲ့ .. မွေးနေ့လက်ဆောင်တစ်ခုခုကိုတော့ .. သူပေးမည်.. ခါတိုင်းနှစ်များနှယ်ပေးမည် .. ။ တကယ်ကတော့ ပေးဖို့အပ်ထားခဲ့ပြီးဖြစ်ပါသည့် စိန်နားဆွဲလေးတစ်ခုသည် .. မိုင်းသာမြို့ရှိ .. လပြည့်ဝန်းပန်းတိမ်နှင့်ရတနာဆိုင်ကြီးမှာရှိနေခဲ့ .. အပ်ထားခဲ့ပြီးသားလည်း ဖြစ်နေခဲ့ပြီးပြီ .. ။

စိန့်ဂျူရီဇာကျောင်း၏စည်းကမ်းအရ .. စိန်နားဆွဲလေးကိုတော့ ရှင်မွေးကြွေဝတ်ခွင့်ရမှာမဟုတ်.. ။ ကျောင်းမှာ .. အဖိုးတန်လက်ဝတ်ရတာကိုမဝတ်စေရသည်က .. ကျောင်းအုပ်ကြီးဖာသာစုပီးရီယား၏စည်းကမ်းပါ .. ။ ဒါပေမဲ့ .. ရှင်မွေးကြွေသည် ကျောင်းသို့သွားလိုက်ရချိန်မှာတော့ .. ရှင်မွေးကြွေ၏အခန်းထဲရှိ ဘီရိုအံဆွဲထဲမှာ ထားထားပါသောရတနာယွန်းဘူးပြာထဲမှာ .. စိန်

www.burmeseclassic.com

www.burmeseclassic.com

နားဆွဲလေးကိုတော့ သိမ်းဆည်းထားခဲ့ရပေမဲ့ .. ဖခင်ပေးသည့် နားဆွဲလေးအဖြစ် .. တယုတယ .. သိမ်းထားချန်ရစ်ခဲ့ချေမည် သာ..။ ဒါကြောင့် .. ဦးဘုန်းစစ်မင်း .. မာစီဒီးကားကြီးကို .. အတွေး တွေဖြင့်အနည်းငယ် စိတ်လှုပ်ရှားစွာပဲ မောင်းထွက်လာမိရပြန်ပါ ၏ .. ။ စိန်နားဆွဲလေးကို .. ခင်လေးထံမှတဆင့် .. ဦးဘုန်းစစ်မင်း ပေးမည်သာ။ ထိုနားဆွဲလေးကိုမြင်လျှင် ရှင်မွေးကြွေပျော်သွားမှာ တော့ သေချာနေသည်။ အဖေသည် .. မိမိအပေါ်ဂရုတစိုက်လေး တော့ရှိနေသည်ဟု ခံစားမိချေမှာကိုလည်း တွေးမိပြန်သည်က ဦး ဘုန်းစစ်မင်းပါ .. ။

သမီးမဟုတ် .. ဟုတွေးနေမိရင်းမှ .. သမီးအဖြစ် ခံစားချစ်နေမိပြန်လျက် .. ။ ထိုသို့ခံစားချစ်မိနေရင်းမှ .. သမီး မဟုတ်ဟုတွေးမိပြန်ကာ ကြေကွဲနာကျည်းခြင်းများဖြင့်လုံးထွေး ပင်ပန်းနေရသည်ကလည်း နှစ်များစွာကြာခဲ့ချေပြီတောဟု ပန်းလျ စွာပဲ ဦးဘုန်းစစ်မင်း တွေးမိရပြန်ပါ၏ .. ။

“အေးလေ .. မနေ့က .. ငါ .. ဗစ်တိုးရီးယားကိုမရောက် နိုင်ပဲရှိခဲ့တာဟာ .. စက်ရုံမှာအလုပ်များခဲ့လို့ပဲ .. ဆိုပြီး .. ရှင်မွေးကြွေထင်သွားမှာပါ .. အဲဒီနားဆွဲလေးကိုရလိုက်ချိန် မှာဆိုပါတော့ .. ငါဟာ .. သူ့ကို .. မွေးနေ့ရှင် .. အဖြစ် .. သတိတရလေးတော့ရှိနေတယ်လို့ပဲ .. သူနားလည်သွားမှာ ပါ .. ”

ဟုတွေးမိရင်းမှ တောင်ကြားအတိုင်း ဖောက်ထား သောကားလမ်းအတိုင်း ကားကိုမောင်းလာနေမိရပါ၏။ တောင် ကြားကိုကျော်တော့ တောင်တစ်ခုကိုခွေပိုက်ဖောက်ထားသော

လမ်းကိုမြင်နေရပြီ .. ။ တောင်ကိုကွေ့ဝိုက်ဖောက်ထားသော လမ်း.. ။ ထိုလမ်းခွေဝိုက်ဝိုက်တွေက .. တောင်ကိုပတ်ဝိုက်၍ ဖောက်ထားသည်မို့ .. တောင်ကွေ့အတိုင်းကားလမ်းအကွေ့တွေ က များနေရသည်ပါပဲ .. ။ ကားမောင်းနေရင်း .. အတွေးနစ်နေရာ မှ .. စီးကရက်ဘူးကိုကား ရှေ့အံထဲမှထုတ်ယူလိုက်မိသည် .. ။ နမ်ဘာဖိုက်(ဗ်)စီးကရက်သံဘူးတွင်းဆီမှ စီးကရက်တစ်လိပ်ကိုထုတ် ယူ၍ နှုတ်ခမ်းမှာတေ့ကာ မီးညှိဖွာရင်းမှ ကားလမ်းတစ်ကွေ့ကို ကွေ့လိုက်မိရသည် .. တစ်ချက်သတိလစ် .. သတိလေးပေါ့ဆလိုက် မှုဖြင့်ပါ .. ။ တကာယ်ကို အမှတ်မထင် .. အမှတ်အမဲ့လေးလုပ်လိုက် မိရသည်ကလည်း အတွေးတွေက .. ဗစ်တိုးရီးယားသို့သွားဖို့ပဲ .. အာရုံထဲအပြည့်အဝကြီးမှု စိုးမိုးနေခြင်းကြောင့်ပါ .. ။

ဖြုန်းခနဲ .. တစ်ဘက်တောင်ကွေ့ကားလမ်းအတိုင်း ကွေ့ဝင်လာပါသည့် သနပ်ဖက်ကားကြီးနှင့်တိုးမိရသည်မို့ ကမန်း ကတမ်းလမ်းကျဉ်းလေးမှာ တောင်ကမ်းပါးဘက်ကိုကားကိုဆွဲချ လိုက်ကပ်လိုက်ရသည်က ဘုန်းစစ်မင်းပါ .. ။

တစ်ဘက်က .. သနပ်ဖက်တင်ကုန်ကားကြီးဆီမှ လည်း ဘရိတ်ဖမ်းဆွဲသံကြီးပေါ်လာပါ၏ .. ။ တောင်ကမ်းပါးယံ ကြီး၏ မြေနီနီတွေကိုကား၏ အမိုးသံပြားတွေထိကပ်တွန်းခြစ်သွား မှုသံကို ဦးဘုန်းစစ်မင်းကြားနေရသည် .. ။

တောင်ကမ်းပါးနီနီအကွေ့၏အစွန်းကွေ့နေရာမှာ မှ ရည်းငယ် ထိုးထွက်နေသည့်သဘာဝကျောက်စွန်းကြီးတစ်ခုကို လည်း လှမ်းလင့်မြင်နေရပြီ .. ။ တစ်ဘက်မှာက .. ကုန်ကားကြီး ၏ဘော်ဒီကြီးက ရှိနေလျက် .. ။ ကားလေးကတော့ ကမ်းပါးယံ

www.burmeseclassic.com

www.burmeseclassic.com

အတိုင်း တွန်းခြစ်သွားနေရင်းမှ ကျောက်စွန်းကြီးတိုဝင်တိုးလိုက်သည်က ရှောင်ကွင်းသွားခွင့်မရချွာဖြင့်ပါ .. ။

ကားမှန်ကွဲသွားပြီဆိုတာဦးဘုန်းစစ်မင်းသိနေသည်။

ကိုယ်ကြီးနောက်သို့လန့်ခနဲကျသွားကာ လက်ကအလိုလို ရှေ့ဘက်ကိုကာလိုက်မိရစဉ်ခိုက် ကားကလည်း ကမ်းပါးမြေကြီးတစ်ဝက်ကျောက်စွန်းတစ်ဖက်ကြီးဖြင့် ရှေ့တက်မရချွာ ရပ်သွားပါချေ၏ .. ။ ကားစက်သံကတော့ ကြဲ့နေရဆဲ .. ။ ကားသာရွှေ့မရချွာ ကားလေးဘီးလုံးနေရာမှာ မွတ်တိုက်လည်နေရင်း တဂိီးဂိီးဖြင့် .. ရပ်နေခြင်း .. ။ ကားဘော်ဒီက သိမ့်သိမ့်ခါနေဆဲ .. ။

ပူပန်တကြီး .. ကားတံခါးကိုပြေး၍လာဖွင့်နေသည့်လူရိပ် .. ။

မှန်စတချို့လာစိုက်မို့ ကာထားသောလက်မောင်းမှ သွေးထွက်နေသည် .. ။ ဘာနှင့်ဆောင့်မိမှန်းမသိလိုက်ပါသည့်နဖူးဆီမှလည်း သွေးတွေကျနေသည်။ ကားတံခါးလာဖွင့်သည့် တစ်ဘက်ရှိ သနပ်ဖက်ကားကြီးမှလူမှန်း ဦးဘုန်းစစ်မင်းတွေးမိရင်းမှ လှမ်းကြည့်မိစဉ်ခိုက် ..

"ဟာ .. ဦးဘုန်းစစ်မင်း .. သွေးတွေနဲ့ပါလား .. မဖြစ်ဘူး.. ဆေးရုံပို့မှဖြစ်မယ် .. ကျွန်တော်ပို့ပေးမယ် .. ကားတော့.. ဒီတိုင်းထားခဲ့ပေါ့ .. ကျွန်တော့်စပယ်ယာလေးနဲ့စောင့်ခိုင်းခဲ့ပါ့မယ် .. ဖြစ်ရလေ အစ်ကိုကြီးရာ .. "

ဘုန်းစစ်မင်းဆိုတာ မိုင်းသာတာကြောမှာ လူသိများသူပေမို့ .. ကားဒရိုင်ဘာက သိနေသည်ပါပဲ .. ။

ဦးဘုန်းစစ်မင်း၊ သွေးတွေကို ကားရှေ့ခန်းထဲမှ မျက်

နှာသုတ်ပဝါအဝယ်စားလေးကို ယူ၍သုတ်နေရင်းမှ ..

"ကိစ္စမရှိပါဘူး .. ဒဏ်ရာကသွေးထွက်နေပေမဲ့ .. အခြေအနေဆိုးမနေပါဘူး .. "

ဟု တည်ငြိမ်စွာပဲ .. တစ်ဘက်သားစိတ်အေးအောင်ပြောပေးမိရှာပါ၏ .. ။

ကားကိုတော့ .. ထားခဲ့မှဖြစ်မည်သာ .. ။

သွေးတွေကတော့ နဖူးစပ်ဆီမှ ပူနွေးစွာတောက်လျှောက်စီးကျနေဆဲ .. ။

လက်မောင်းမှလည်း သွေးတွေထွက်နေဆဲ .. ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [၁၀]

ကြွေ့အကြည့်တွေက ဥယျာဉ်ဆီမှာ ရှိနေပါသည် ဦးဦးသိန်းထံမှာပါ .. ။ ဒါပေမဲ့ အာရုံကအဆုံးတိုင်အောင် ခံစားနေရပါသည့် ကြေကွဲနာကျင်မှုများဖြင့် မှုန်းကြပ်လောင်မြိုက်နေပါ၏ ..။ ဖေဖေမနေ့ကလုံးဝကြီးကို ဗစ်တိုးရီးယားသို့ ရောက်မလာခဲ့ခြင်း သည်ပင်လျှင် ကြွေ့ရင်ကို တမြေ့မြေ့ ကျေမွ နာကျင်နေစေပါ သည့်အဖြစ် .. ။ ဖေဖေသည် .. ကြွေ့အပေါ် မကျေနပ်ခြင်းဆိုသည့် ခံစားမှုကို အတိအလင်းကြီးပဲ အသံတိတ်နည်းဖြင့် ပြသလိုက်ခြင်း ပါ .. ။ ကြွေ့မွေးနေ့ကိုလုံးဝကြီးကို မလာဘဲဆိတ်ဆိတ်တိ တိတ်ဖြင့် ဘော်ချက်စက်ရုံကြီးမှာ ရှိနေပြခဲ့သည် မဟုတ်ပါလား လေ .. ။

ကြွေကလည်း ဤမနက်မှာ အန်တီလေးကို သ ပေးလိုက်သည်ပါပဲ .. ။ ကြွေ .. ကြွေ .. မနက်ဖန် ဘော်ဒါ ပြန်လိုက်တော့မည်ဟု .. ။

တကယ်က .. နောက်ထပ်နှစ်ရက်တော့ ကြွေနေ၍ ရနေသေးသည် .. ။

ဒါပေမဲ့ .. ကျောင်းဖွင့်ရက်ထက် နှစ်ရက်မျှပိုစော၍ ကြွေပြန်ဖို့ ဆုံးဖြတ်လိုက်သည်က မနေ့ညကတည်းကပါ .. ။ အိပ်၍ မရနိုင်ဘွာ တလူးလူနဲ့လူးလှိမ့်ဖြင့် ကြွေရှိနေရင်းဖြင့် .. ။ ဖေဖေရောက် မလာခဲ့ပါသော အဖြစ်တွေ၏ ချောက်လှန့်နေမှုများကြားမှ မွန်းသိပ် ကွာနေခဲ့ရပါသည့် ခံစားမှုသည် အဘယ်မျှထိ ဆိုးဝါးစေသည်ဆိုတာ ကြွေ့ရင်သာသိပါသည်။ သြော် .. ကြွေ့နှလုံးအိမ်သည်သာ သိပါ သည် ဖေဖေ .. ။

ကြွေ့သူငယ်ချင်းများရှိနေပါသော ဗစ်တိုးရီးယား မှာ .. ဖေဖေသည် .. အတိအလင်းကြီးပဲ .. ကြွေ့ကိုဥပေက္ခာပြု ပြလိုက်ခြင်းသည် .. အဘယ်မျှထိ .. ကြွေ့ကို .. ဖေဖေ့သမီး တစ်ယောက်မဟုတ်ဟု .. ဖေဖေ့ရင်ထဲမှာ မှတ်ယူပိုင်းဖြတ်ထား သည်ဆိုတာ .. ထင်ရှားနေပါသလဲ .. ။ ထိုသို့ .. ဖေဖေသည် .. ဖေဖေ့သမီးတစ်ယောက်မဟုတ်ဟု မှတ်ယူထားသည်ဆိုတာ .. ကြွေ့သူငယ်ချင်းတွေကတော့ သိနေကြသည်မှ မဟုတ်ချေပဲလေ..။ ဒါ်သယ်လ်မာကီစ့်ကြောင့် .. ဖေဖေစိတ်ထဲမပြေနိုင်သေးဘဲ ရှိနေ လျက် ကြွေ့မွေးနေ့ကို မလာခြင်း ဖြစ်ကောင်းဖြစ်ချေမည်ဟုပဲ နားလည်ပေးထားကြပုံရ၏ .. ။

"အို .. ဟိုနေ့က .. ထင်ရှူးပင်စည်ကြီးရဲ့ နောက်ကွယ်ကနေ ပြီး ငါကြားလိုက်ရသလို .. ပေဖေ့စကားတွေကို ကြူလေး တို့အုပ်စုမကြားကြရတာ .. ဗစ်တိုးရီးယားရဲ့ ဧည့်ခန်း ဆောင်ကြီးထဲမှာ သူတို့ရှိနေကြရတာပဲဟာ .. ငါကံကောင်း

www.burmeseclassic.com

www.burmeseclassic.com

တာပဲ .. သူတို့ .. သူတို့သာ အဲဒီစကားတွေကို ကြားတုန်းကြရင် .. အဲသလိုအဖြစ်မျိုးသာ ငါကြုံလိုက်ရရင် .. ငါ .. ရူးလောက်အောင် .. ခံစားရမှာ .. ငါဟာ .. ဖေဖေ့သမီး မဟုတ်ဘဲ ဖေဖေ့အိမ်မှာရှိနေတဲ့ ကောင်မလေးတစ်ယောက် ဆိုတာ သိသွားကြရင်ဖြင့် .. ငါ .. ဘယ်လိုလုပ်ပြီး သူတို့ရဲ့ အတူ ကျောင်းပြန်တက်နိုင်ရဲ့ပါတော့မလဲ .. သူတို့တတွေ လိုက်ကြည့်နေကြမယ့် မေးခွန်းများစွာ .. ခံစားမှု များစွာ ရောထွေးနေတဲ့ အကြည့်မျိုးတွေကို .. ငါဘယ်လိုလုပ်ရင်ဆိုင်နေနိုင်ပါတော့မလဲ .. ဘုရားထောက်မလို့ .. အဲဒီ ဖေဖေ့စကားတွေဟာ .. သူတို့တတွေရဲ့ရှေ့မှာ ပွင့်ထွက်မလာဘဲ .. ငါတစ်ယောက်တည်း .. ထင်းရှူးပင်စည်ကြီး အကွယ်မှာရှိနေတုန်း .. အန်တီလေးကို ခံပြင်းစိတ်တွေနဲ့ ဖေဖေ ပြောချလိုက်ခဲ့တာပဲ .. ငါ .. ငါတစ်ယောက်ထဲ .. ရူးမတတ်ခံစားရင်းကြားခဲ့ရတာပါပဲ .. "

အတွေးနှင့်အတူ မျက်ရည်က ဝေ့ဝေ့တက်လာပြန်ကြပြီ .. ။

ကြွေ့လက်လေးတွေက လသာဆောင်လက်ရန်းထက်မှာ ကြပ်ခဲစွာဆုပ်ကိုင်လျက်ရှိနေပါ၏။ ဖြစ်နိုင်လျှင် ကြွေဆိုတာ မမွေးဖွားခဲ့ဘဲ ရှိလိုက်ချင်သည် .. ။ ဖေဖေ့အမုန်းတွေ အောက်မှာ ကြီးပြင်းလာရခြင်းဆိုတာကြီးကို ကြွေခံနိုင်ရည်မရှိချင် .. ။

"ဖေဖေက .. ကြွေ့ကို .. ကြွေ့ကို .. ဖေဖေ့သမီးမဟုတ်ဘူးလို့ မှတ်ယူထားပေမယ့် .. ကြွေ့မှာ .. ကြွေ့မှာ .. ဖေဖေပဲရှိတာမို့ .. ဖေဖေ့ကိုပဲ .. ကြွေချစ်ရမှာပါပဲ ဖေဖေ..

ဖေဖေ့ကို .. ကြွေချစ်နေပါတယ် ဖေဖေရယ် .. အဖေအဖြစ် ကြွေချစ်နေပါတယ် .. အဲဒါကို .. ကြွေ .. ဘယ်လိုမှရင်ထဲကမောင်းမထုတ်နိုင်သလို .. ဖေဖေလက်ခံသည်ဖြစ်စေ .. လက်မခံချင်သည်ပဲ ဖြစ်စေ .. ကြွေ့အချစ်တွေက .. ဖေဖေ့အတွက်ရှိနေတာပါပဲ ဖေဖေရယ် .. အဲဒါ .. အဲဒါ .. ကြွေ့ဘဝအတွက်ဘယ်လောက်ထိ .. အားငယ်နေဖို့ကောင်းနေသလဲ ဖေဖေ .. ဘယ်လောက်ထိ .. ကြေကွဲနေဖို့ကောင်းနေသလဲ .. "

ကြွေတွေးနေရင်းမျက်စန်းတွေကို စုံမှိတ်ချလိုက်စဉ်မှာ မျက်ရည်တွေက တာကျိုးသလို သောသောဖြိုင်ဖြိုင်ပြိုပြိုကျလာနေပါပြီ .. ။

လောလောဆယ်မှာ ဘယ်သူမှ ကြွေ့ဘေးမှာမရှိ.. ကြွေလွှတ်ချခွင့်ပေးထားနိုင်သည်။ ကြွေ့မျက်ရည်တွေကို ဘယ်သူမှ မမြင်စေချင် .. ။ မမြင်စေချင်သည့် မျက်ရည်တွေကို လောလောဆယ်မှာ .. ဘာအဟန့်အတားမျှ မရှိစွာ .. စိတ်လွတ်ကိုယ်လွတ်ကြီး လွှတ်ချခွင့်ပေးထားနိုင်သည်က .. အားလုံးသည် .. အန်တီလေးနှင့်အတူ .. အန်တီလေး၏ ပွင့်ဦးဝေရတနာဆိုင်သို့ သွားကြပြီပါ .. ။

အန်တီလေးက .. ပွင့်ဦးဝေသို့ ကြူလေးတို့တစ်ယောက်ကို ခေါ်သွားခဲ့ပါ၏ .. ။ ကြွေ့ကိုလည်း ခေါ်သည်ပါပဲ .. ။ ကြွေကိုက .. မလိုက်ချင်၍ ခေါင်းခါခဲ့ခြင်းပါ .. ။ ကြွေ၏ငေးငိုင်ကျန်းနေသည့် မျက်နှာကို အန်တီလေးတို့လည်း မကြည့်ရက်နိုင်ခဲ့ပေမယ့် .. ။ ကြွေ့ဝေဒနာကို .. ဘယ်သူဘယ်သူမှလည်း ကူ

www.burmeseclassic.com

www.burmeseclassic.com

အဖေကိုချစ်၍ .. ချစ်ရ၍ .. ငိုကြွေးနေသည့် သမီး တစ်ယောက်ထံမှာ ဖခင်၏ချစ်ခြင်းတွေဆီတ်သုဉ်းပျောက်ကွယ် နေသည်ပဲ .. ဟု သိနေရသည်ကိုက .. အံဘယ့်မျှထိ အံထီးတည်း.. အံထီးကျန်ကြီး ဖြစ်နေရပါသလဲ .. ။ တကာယ့်ကို ဘယ်သူမှ ရှိ သည့်ဘဝ .. ။ ဟိုးလေဟာနယ်ထဲမှာ တစ်ယောက်ထဲ တွယ်ရာ မဲ့စွာ လွင့်မျောနေလိုက်ရခြင်းနှင့် တူနေသည်။

"ငါ့မှာ .. ငါ့မှာ .. ဘယ်သူမှမရှိသလိုပါလား .. ကြွေ့ကို .. ကြွေ့ကို .. မမုန်းပါနဲ့ ဖေဖေရယ် .. မခုန်းပါနဲ့ ဖေဖေရယ်.. ဖေဖေ့အမုန်းတွေကို .. ကြွေ .. ဖယ်ရှားပစ်လိုက်ချင်ပါ တယ် .. အဲသလိုဖြစ်လာဖို့အတွက် ကြွေ .. ငိုနေရမယ်ဆို ရင်လေ .. ကြွေ .. ငိုနေရင်းနဲ့ .. ရင်ဆို့ပြီး .. သေချင်သေ သွားပါစေ .. ကြွေ .. မနားတမ်း .. ငိုလိုက်ပါ့မယ် ဖေဖေ ရယ် .. ဖေဖေ့အချစ်ကို ကြွေ .. ရလိုက်ပြီး .. တခဏလေး မှာပဲ .. ကြွေ .. သေသွားရမယ်ဆိုရင်တောင် .. ကြွေ သေ ပျော်လိုက်ပါ့မယ်ဖေဖေရယ် .."

ကြွေ .. အရူးအမူးဖြစ်လာရသည်က .. ဖေဖေ့ထံမှ ချစ်ခြင်းတွေကို ရယူလိုခြင်းပါ .. ။ ကြွေ .. မျက်ရည်တွေ လှူးလိမ့် ကျလာနေရင်းဖြင့် ဒူးလေးတွေ ညွတ်ကျလာရရင်းမှ လသာဆောင် ၏ကြမ်းပြင်ပေါ် ပုံပုံကျထိုင်ချမိရပါပြီ .. ။ လက်လေးတွေ အလိုက် သင့်ညွတ်ကျပါလာသည်မို့ လက်ဖဝါးလေးတွေက လသာဆောင် ၏ ဝရန်တာလက်ရမ်းပေါ် ဖေးတင်ကျသွားရလျှက် မျက်ရည်တွေ က ခလေးငယ်လေးတစ်ယောက်ငိုချနေခြင်းနှယ်ပင် အသံတွေ ပြို ကျပြိုကျနေရပါချေသည်တကား .. ။

ထိုအခိုက်မှာပင် အောက်ထပ် ဧည့်ခန်းဆောင်ဆီမှ တယ်လီဖုန်းသံမြည်နေတာကို ကြွေကြားနေရသည် .. ။ အပေါ်ထပ် ဆီသို့တိုင် ဖုန်းမြည်သံက အံတန်ကြာမျှ ပေါ်လာနေရပါသည့် အဖြစ်။ မီးဖိုဆောင်ဆီမှ .. ဒေါ်ကြီးသင်းနှင့် မမဥတို့ ချက်ခြင်းပြေး ကိုင်နိုင်ကြဟန်မတူ .. ။ ကြွေကတော့ .. ဆင်းလည်းမဆင်းကိုင် နိုင် .. ။ ဆင်းရန်ပင်အားအင်မကျန်တော့သည့်နှယ် တစ်ယောက် တည်း မျက်ရည်နှင့်လူးနေရပါသည့်အဖြစ် .. ။

နောက်တော့ ဖုန်းမြည်သံပျောက်သွားသည်။

ကြွေကတော့ .. လက်ဖမိုးလေးဖြင့် မျက်ရည်တွေ ကို ပွတ်သုတ်ပစ်ပြီး လသာဆောင်လက်ရမ်းဖြစ်ပါသည့် သဘော် ဆေးဖြူသုတ်ပွတ်လုံး လက်ရမ်းများကြားဆီမှ နေ၍ဥယျာဉ်ဆီသို့ အကြည့်က ငြိမ်သက်တန့်နေသည် .. ။ ကြွေ့နှုတ်ခမ်းပြင်လေးက မွတ် လုံးတိုင်လေးထက်မှာ ဖေးဖေးတင်တင် .. ။ ရင်ထဲမှာ .. ပန်းဟိုက် နေသည် .. ။အရှမ်းကိုခံစားငိုချလိုက်ခြင်းကြောင့်ပင်လျှင် ရင်သည် ဟိုက်နေ၏ .. ။ အမောကြီးမောနေ၏ .. ။ ဆို့ကြပ်ကြပ်ကြီးလည်း ဖြစ်နေ၏ .. ။

ထိုအခိုက်အမောတကောကြီး ပြေးတက်လာပါ သည့် မမဥမှ နောက်ပါးဆီသို့လည်း ရောက်ချလာကာ ..

"ကြွေ .. ကြွေလေး .. ဟို .. ဘဘ .. ဘဘ .. ဆေးရုံမှာ ရောက်နေတယ်တဲ့ .. ကား .. ကား .. တောင်ကမ်းပါး ယံက ကျောက်စွန်းကို တိုက်မိလို့တဲ့ .. ခုပဲ ဆေးရုံက ဖုန်း လာတယ် .. ဘဘကိုလိုက်ပို့တဲ့ ကားသမားတဲ့ .. အဲသလို ပြောတာပဲ .. ဘဘကို .. ဆရာဝန်တွေ ကြည့်နေကြတယ်

www.burmeseclassic.com

www.burmeseclassic.com

တဲ့ .. ခါတ်မှန်လဲ ရိုက်နေတယ်တဲ့ .. အဲဒါ .. ဘဘက .. အိမ်ကို ဖုန်းဆက်ပေးဖို့ မှာခဲ့တာမို့ ဆက်တာတဲ့ .. အဲဒါ.."

"ဟင် .. ဟင် .. ဖေဖေ .. ဘာဖြစ်သွားသေးလဲ .. ဖေဖေ ဘာဖြစ်သွားသေးလဲ .. "

ကြွေတုန်လှုပ်ချောက်ချားစွာ ဆောက်တည်ရာမဲ့ မေးမိရင်း ကြိုး၍ထရပ်မိရပါပြီ .. ။ မျက်စိတွေပြာနေသည် .. ။ လောင်မြိုက်သော ခံစားမှုက .. ကြောင့်ကြပူပန်ခြင်းများဖြင့် .. ယောက်ယက်ခပ်မှု .. ရင်ကိုဖိစီးနေသည့်အဖြစ် .. ။

မမဥဘာကို ဖြေလိုက်ပါသလဲ .. ။ ကြွေသဲသဲကွဲကွဲ ပင်မကြားလိုက်မိ .. ။

ဖေဖေ့အတွက်ပူနေတာ တစ်ခုပဲရှိနေသည် .. ။ ဖေဖေ .. ဘာမှမဖြစ်ပါစေနဲ့ .. မဖြစ်ပါစေနဲ့ .. ဆိုသည့်စကား စကားတွေပဲဆက်တိုက်ကြီး နှုတ်မှပွင့်ပွင့်ကျနေသည် .. ။

အောက်ထပ်သို့ တောက်လျှောက်ကြီး ပြေးဆင်း ချိန်မှာ ကြွေငိုနေသည် .. ။ ဟုတ်သည်။ ကြွေငိုနေတာ တစ်ခုပဲ ရှိနေသည် .. ။

မမဥနောက်မှ ပြေးလိုက်လာကာ ဒအော်ခေါ်နေ ပေမယ့် ကြွေလှည့်မကြည့်မိ .. ။

ကားဂိုဒေါင်ဆီသို့ ကြွေပြေးသည်။ ကားထဲသို့ ကြွေ ဝင်သည်။ ဒေါ်ကြီးသင်းမှ ဈေးနှင့်သစ်တောခြံတွေဘက်သွားလျှင် ဦးဦးသိန်းမောင် မောင်းပို့ပေးပါသော ဂျစ်ကားကို ကြွေ .. မောင်း ထွက်လာမိခဲ့ပါ၏ .. ။ အန်တီလေးက ပလိုင်းမောက်ကားကို မောင်းသွားသည်မို့ ကြွေဂျစ်ကားဖြင့် မောင်းထွက်လာခဲ့ခြင်းပါ ..။

တကယ်တော့ .. ကြွေ .. ဂျစ်ကားကို သိပ်မမောင်း ဖူး .. ။ ပလိုင်းမောက်ကြီးကိုပဲ .. ကြွေ .. ကျောင်းပိတ်ရက်တွေ မှာ မောင်းမောင်းနေကျ .. ။

တောက်လျှောက် .. ဆေးရုံသို့ ကြွေမောင်းသည်။

ဆေးရုံကြီး၏ ပေါ်တီကိုကြီးအောက်မှာ ကားရပ် ခဲ့တာ ကသောကမျောနိုင်စွာပဲ ကြွေပြေးဝင်လာမိရပါ၏ .. ။ တာဝန်ကျရာ ဆရာဝန်ရုံးခန်းသို့ ကြွေပြေးဝင်ကာ ဖေဖေ့ကို မေးတော့ မျက်မှန်ကြီးနှင့် အသက်ခပ်ကြီးကြီး ဆရာဝန်ကြီးမှ ဖေဖေ့နာမည်ကို ကြွေမေးတာနှင့် ဆေးရုံကြီး၏အောက်ထပ် အထူးခန်းကို ကိုယ်တိုင်လိုက်ပို့ပေးပါ၏ .. ။ အခန်းပေါက်ဝထိ လိုက်ပို့ပေးပြီးမှ ဆရာဝန်ကြီးမှ ပြုံး၍ ..

"မစိုးရိမ်ရပါဘူး .. ညာလက်မောင်းနည်းနည်းလေးအရိုး အက်သွားတာပဲ ရှိပါတယ် ခလေးရဲ့ .. ကဲ .. ကဲ .. ဝင် .. ဝင် .. "

ဟု ပြုံးပြောသည်မို့ ကသောကမျောနိုင်စွာပဲ အဖြူ ရောင်ခန်းဆီးလေးကာထားပါသော အထူးခန်း၏ မှန်တံခါးရွက် လေးကို တွန်းဖွင့်၍ ကြွေဝင်လိုက်မိရပါပြီ။

အဖြူရောင် သံခုတင်ထက်မှာ ဖေဖေလှဲလျက်ရှိ နေသည် .. ။

တံခါးဘက်ကို မျက်နှာမူ၍ ရှိနေပါသည့် ဖေဖေသည် ဂူလို ချွေးတွေနစ်နေရင်းဖြင့် ကြွေတစ်ယောက်တည်း ရောက်လာ တာကို မြင်တော့အံ့သြသွားပုံဖြင့် တစ်ချက်ငေးကြည့်သည်။ ခုလို မကြွ .. တခြားဘယ်သူမှ မပါဘဲ ရောက်လာလိမ့်မည်ဟု ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com

ထင်ထားပုံမတူ .. ။ ပြီးတော့ .. ခုလို .. အရင်ဆုံးကြီးလည်း ရောက်လာချေလိမ့်မည်ဟုလည်း ထင်ထားပုံမရ .. ။ ဖေဖေရုတ်ခနဲထထိုင်သည် .. ။ မျက်ဝန်းထက်တွင် အံ့ဩရိပ်လည်းထင်၏။ ကြည်နူးရိပ်လည်းထင်၏ .. ။ ကြွေ့မျက်နှာကို ခပ်စိုက်စိုက်ကြည့်နေပါ၏။ နောက် .. နောက်တော့ .. ဖေဖေ့ကိုယ်ကြီးမတ်ခနဲ ပြန်ဖြစ်သွားသည်။ မျက်ဝန်းအကြည့်တွေထက်မှာ အေးစက်စက်အရိပ်တွေ ချက်ချင်းပြန်၍ အုပ်မိုးလာရာမှ ခပ်စိမ်းစိမ်းအကြည့်တွေကလည်း ကြွေ့ထက်မှာ သက်ရောက်၏ .. ။

ကြွေ့ရင်ထဲမှာ ဟာခနဲ ဖြစ်သွားရပါပြီ .. ။

"ငါ .. မသေပါဘူးကွ .. မသေသေးပါဘူး .. ဘာလဲ .. ငါသေရင် အမွေယူကောင်းအောင် .. အရင်ဆုံး ပြေးလာတယ်ဆိုပါတော့ .. "

ခပ်ပြတ်ပြတ်ပြောလာသံတွင် ခနဲ့သံကရောထွေးနေပါသည့် အဖြစ် .. ။

ကြွေ .. နေရာမှ ခြေစုံလေးရပ်ကျသွားရရင်းမှ ဖေဖေ့မျက်နှာကို ကြွေ ကြေကြေကွဲကွဲကြီး ကြည့်မိလိုက်ရပါပြီ .. ။

ပြောရက်လိုက်တာဖေဖေရယ်.. ဟုရင်ထဲမှ တနင့်နင့်ခံစားရင်း တွေးမိရာမှ ကိုယ်လေးက ရှေ့သို့တိုးမလာတော့ .. ။ နောက်ဘက်ကို နောက်ပြန်လေးပြန်ပြန်ဆုတ်သွားနေမိရပါ၏။ အကြည့်လေးတွေကလည်း တောက်လျှောက်ဖေဖေ့ထံမှာပဲ ရှိနေရသည်ပါပဲ .. ။ မျက်ရည်တွေလည်းတက်လာနေပြီဆိုတာ သိနေပေမယ့် မကျအောင် ကြွေထိန်းနေရသည်။

သမီးတစ်ယောက်အပေါ်မှာ နားလည်ပေးလိုက်ဖို့အတွက်အရမ်းကို ဝန်လေးခဲယဉ်းနေပါသော ဖေဖေ့ကို ကြွေဘာစကားမျှ မပြောနိုင်တော့ .. ။ ပြောရမည့်စကားကိုလည်း မရွေးချယ်နိုင်စွမ်းတော့ .. ။

ဘယ်သောအခါတွင်မှ .. ဖေဖေသည် .. ကြွေ့ကို နားလည်လာနိုင်ချေတော့မှာ မဟုတ်ချေတော့ပြီပဲ .. ဟုအနိုင်နိုင်စိတ်ကို ထိန်းနေရင်း .. ကြွေသိနေရသည်။ ဟုတ်သည် .. ။ ကျလာချေတော့မည့် မျက်ရည်တွေကို .. ကြွေ .. အနိုင်နိုင်ထိန်းယူနေရပါသည့်အဖြစ်။ ဖေဖေကတော့ ခပ်တိုးတိုးတစ်ချက်ရယ်ချလိုက်ရင်းမှ ..

"အေး .. ငါကတော့ .. ငါ့စည်းစိမ်တွေကို .. မင်းခံစားမှာစေတနာမပါလှဘူးကွ .. ပညာအမွေလေးလောက်ကလွဲပြီး မင်းအားကိုးစရာရှိမှာ မဟုတ်ဘူးလို့တော့ နားလည်ထားလိုက်ပေါ့လေ .. ကဲ .. ကဲ .. ထိုင်ပါဗျာ .. ငါ့ဆီကို မင်းအရင်ဆုံး ရောက်တယ်ဆိုတာ လူတွေသိအောင် .. ထိုင်ပြလိုက်စမ်းပါဦး .. "

ကြွေခေါင်းရမ်းသည်။

"ကြွေ ဖေဖေ့ဆီကိုရောက်လာတာဟာ .. လူတွေမြင်စေဖို့အတွက် သရုပ်ပြသလို .. လူလုံးလာပြတာမဟုတ်ပါဘူး ဖေဖေရယ် .. ကြွေ .. ဖေဖေ့အတွက် စိတ်ပူပြီး ပြေးလာတာပါ .. ရောက်လာတာပါ .. "

ဟုပြောလိုက်ချင်သည်။ ဒါပေမဲ့ စကားသံတို့က ။ငုံကျမလာနိုင်။ ဖေဖေ့မျက်နှာကိုသာ အရာရာကို အရှုံးပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com

ရသူတစ်ယောက်နှယ် အရောင်အဆင်း မှိန်ဖျော့ကျသွားသည့် မျက်ဝန်းလေးတွေဖြင့် ငေးကြည့်နေမိရသည်။

ကြွေဟာ .. ဖေဖေ့မျက်စိအောက်မှာ တစ်နှစ်ပြီး တစ်နှစ်ဖြတ်သန်းကြီးလာတဲ့သမီးပါ ဖေဖေ.. ။ ကြွေ့မျက်နှာလေးကိုဖေဖေအကဲမခပ်တတ်တော့ဘူးဆိုတာ .. ကြွေမယုံကြည်ချင်ဘူး .. ။ ဖေဖေဟာ အလုပ်မှာ အရမ်းကို .. လူကဲခတ်ကောင်းတဲ့ သူတစ်ယောက်လို့ .. ပြောကြတယ်ဆိုတာ အန့်တီလေးက ကြွေ့ကို ပြောပြောပြတတ်တယ်လေ .. ။

ဒါပေမဲ့ .. ဖေဖေဟာ .. တခြားလူတွေကိုသာ နားလည်ပေးမယ် .. ။

ကြွေ့ကိုတော့ .. ဘယ်တော့မှနားလည်နိုင်မှာလည်းမဟုတ်သလို .. နားလည်ပေးဖို့လည်း ဘယ်တော့မှ ဆန္ဒရှိမှာ မဟုတ်ပါဘူး ဖေဖေ .. ။

ကြွေဟာ .. ဦးဘုန်းစစ်မင်းရဲ့ သမီးအဖြစ် မွေးဖွားလာရတဲ့အတွက် .. ကံဆိုးတယ်လို့ ပြောလိုက်မိရင်လည်း .. ကြွေ့ငရဲရမှာပါ ဖေဖေ .. ။

အဖေကို .. အဲသလို မပြောအပ်ဘူးလို့ ကြွေခံစား[illegible] တယ်လေ .. ။

ကြွေ .. တွေးနေရင်းဖြင့် ဆေးရုံ၏နံရံကို ကျောက မှီကပ်ထိမိလိုက်ရသည် အထိကိုယ်လေးကို နောက်ဆုတ်နောက် ဆုတ်ဖြင့် ပြန်ပြန်ဆုတ်မိသွားရာမှ ကျောကနံရံကို မှီကပ်ရပ်ငြိမ် သွားမိရပါပြီ .. ။

နောက်တော့ .. ကြွေ .. မျက်ရည်ကျလာသည်။

ထိန်းနေသည့်ကြားမှ မျက်ရည်ကပြိုပြိုကျလာသည်။

ဖေဖေတစ်ခုခုကို ပြောတော့မည့်နှယ် နှုတ်ခမ်းတွေ ပွင့်လာတာကို မြင်စဉ်ခိုက် ကြွေလက်ကာသည်။ မပြောပါနဲ့ ဖေဖေ နောက်ထပ်ပွင့်ကျလာမယ့် ရက်စက်တဲ့ စကားတွေကို ကြွေမကြား ရပါစေနဲ့ .. ဟုတောင်းပန်လိုက်ချင်သည် .. ။

ခေါင်းလေးယမ်းပြလိုက်ရင်းမှ ကြွေဖြတ်ဆို .. ရင် ထဲမှာ .. အားအင်တကြီးဖြင့် တိုးဝင်လာသည်က .. ခံပြင်းမှု .. ။ နာကြည်းမှု .. ။ ဝမ်းနည်းကြေကွဲရှိုက်ကြီးနှင့် ညီမျှသော ခံစားမှု တွေက .. နာကြည်းမှုနှင့် ခံပြင်းရမှုများဖြင့် အစားထိုးဝင်ရောက် လာကြပြန်ပါ၏ .. ။

ကြွေ၏မျက်ဝန်းလေးတွေ လက်တောက်လာသည်။ မျက်ရည်တွေကျလာနေတာကို မရပ်ဆိုင်းလိုက်နိုင်ပေမယ့် ထိုကျ လာသော မျက်ရည်တွေသည် .. စောစောကလို .. အားငယ်တကြီး ဝမ်းနည်းတကြီးဖြင့် ခလေးလေးလို ကျလာတာမျိုး မဟုတ်တော့ ပါ .. ။

ဘယ်သောအခါတွင်မှ .. ဖေဖေ့ထံမှ အချစ်တွေကို မျှော်လင့်တော့ပြီဖြစ်သည့် ကြွေအမြစ်နာကြည်[illegible] .. မျှော်လင့် ချင်းကင်းမဲ့စွာ .. ကျလာသည့် မျက်ရည်များဖြစ်ကြချေသည် ပေါ့ .. ။

ကြွေအခန်းထဲမှ ပြေးထွက်လာမိရပါ၏ .. ။

ရပ်ထားသော ဂျစ်ကားထက်သို့တက်လိုက်ပြီးတ ၎င် တစ်ချက်ခံပြင်း၊ ကြေကွဲစိတ်ကြီးဖြင့် ကားစီရာတိုင်မှာ တ ချက် ခေါင်းကို ဆောင့်တိုက်လိုက်မိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြီးမှ .. ကားကိုအရှိန်နှင့် မောင်းထွက်လာမိရပါပြီ။

အန်တီလေးတို့ပင် ဖေဖေ့ထံသို့ ရောက်မလာနိုင်ကြသေး .. ။ မမဥနှင့် ဒေါ်ကြီးသင်းတို့ကတော့ အန်တီလေးရှိရာ ပွင့်ဦးဝေသို့ ဖုန်းတော့ဆက်လိုက်ကြချေမည်သာ .. ။

အန်တီလေးလည်း ဆေးရုံသို့ ထွက်လာချေမည်သာ .. ။

ဒါပေမဲ့ .. ဖေဖေ့အတွက်ဇောကပ်ပူပန်နေသော ကြွေသည် .. အန်တီလေးတို့ထက် စော၍ပင် ဆေးရုံသို့ရောက်ခဲ့ရပြီ။ ဖေဖေ့ထံမှ .. ခန့်စကားကို အကြွင်းနာမဲ့စွာ ပြောချလိုက်လေသမျှကိုလည်း နားထောင်ခဲ့ရပြီ .. ။

မျက်ရည်စက်လက်နှင့်လည်း ပြန်လာခဲ့ရပြီ .. ။

ကြွေသည် .. ရှင်မွေးကြွေအဖြစ် .. ဗစ်တိုးရီးယားမှာ မမွေးဖွားခဲ့ပါချေလျှင် အကောင်းဆုံးဖြစ်ချေမည်ဟု အံခဲ၍တွေးမိရသည်က .. နှလုံးသားတွေကို ကြီးမားသောတူကြီးနှင့် ထုနှက်နေသည်သို့ နာကျင်ခံစားနေရရင်းဖြင့်ပါတည့် .. ။

ကားလေးကတော့ .. ဗစ်တိုးရီးယားဆီသို့ သွားမည်ဆဲ .. ဒါပေမဲ့ .. ချက်ချင်း ကြွေ၏ကားခေါင်းက မြို့ပြင်ဘက်ဆီသို့ ပြောင်းသွားကာ ကတ္တရာလမ်းဘေးတစ်လျှောက်မှာ ထင်းရှူးတောကြီးတွေ .. ။ ဝက်သစ်ချပင်တန်းကြီးတွေနှင့် စိမ်းမြအုံ့ဆိုင်းသော အပင်တွေရှိနေရာ မြို့ပြင်လမ်းအတိုင်း မောင်းလာနေပါမည်ပြီ.. ။

ထင်းရှူးတောတွေ ရိပ်ရိပ်ပါအောင် လမ်းဘေး၀ဲ

ဘက်တစ်ချက်ဆီမှ ယှဉ်လိုက်လာသည်သို့ .. ကား၏အရှိန်က မြန်နေသည် .. ။

ဂျစ်ကား၏ခေါင်းသည် အနည်းငယ်ယမ်းချင်လာနေပြီ .. ။

ကြွေ .. ကားလီဘာကို လျော့ချလိုက်မိသည်။

ကားကိုရပ်လိုက်မိပြီ .. ။

ကားပေါ်မှ ဆင်းလိုက်ကာ ကတ္တရာလမ်းဘေးမှာ ကပ်ရပ်ထားသော ဂျစ်ကား၏ ဘေးဘက်ကတ္တရာလမ်းနှင့် လမ်းဘေးမြက်ရိုင်းပင် ပြားပြားကပ်ကပ်ထက်မှာ ထိုင်ချလိုက်မိရပါ၏။

ကြွေ .. ဒူးလေးထောင်လိုက်ကာ နဖူးကို ဒူးလေးထက်မှာ ဖေးတင်လိုက်မိသည်။

ဤတစ်ကြိမ်မှာတော့ .. ကြွေသည် .. ပထမ .. တိတ်ဆိတ်စွာ မျက်ရည်ကျနေသည် .. ။နောက်တော့ .. ဖြတ်ခနဲ ခေါင်းကို မော့ပစ်လိုက်သည်။ မော့ကြည့်မြင်နေရပါသည့် ကောင်းကင်ပြာကြီးနှင့် တိမ်မျှင်အုပ်တွေကို မော့ကြည့်လိုက်မိရင်းမှ ..

"ကြွေ .. ကြွေ .. ဖေဖေ့ရင်ထဲမှာ .. နေရာလေးတစ်နေရာတောင်မှ မရှိတော့ဘူးလား ဖေဖေရဲ့ ... "

ဟုတွေးမိရာမှ လှိုက်တက်ဆို့တက်လာသော လည်ချောင်းတွေ တင်းတက်မာကျောလာသည်သို့ ခံစားလာရရင်း အသက်ရှုကြပ်ချင်လာသည်။

မျက်စိကို စုန်မှိတ်ချလိုက်ကာ မချိမဆန့် ကြွေကွဲနေရလေသမျှ .. ခံပြင်းနေရလေသမျှ .. တ[illegible]ပြည့်ခံစားနေရလေ

www.burmeseclassic.com

www.burmeseclassic.com

သမျှ ..

"မေမေရေ .. "

ဟု ကြွေ့ကိုချန်ထားခဲ့ပါသော မေမေ့ကိုသာတမ်းတ မိလိုက်ရပါပြီတည်း .. ။

တကယ်တော့ .. ကြွေဟာ .. မေမေနဲ့အတူ .. တစ်ပြိုင်တည်း သေဆုံးသင့်တဲ့ ကြွေပါမေမေ။ ဒါပေမဲ့ .. ကြွေ .. ကျန်နေခဲ့တာကိုက .. ကြွေ .. ကြွေ .. ကံဆိုးတာပါ .. ။ ကံဆိုးတာပါမေမေရယ် .. ။

ဤတစ်ကြိမ်မှာတော့ .. ကြွေ .. တအင့်အင့်ဖြင့် အသံတွေပွင့်ကျလာသည်။

အသံက ငိုရှိုက်တာနှင့် မတူနေ .. ။

ငိုချလိုက်တာနှင့် မတူနေ .. ။

ရင်ကိုခွဲ၍ .. သေလုအောင်ခံစားနေရပါသည့် ဝေဒနာသံနှင့် တူနေသည် .. ။

ညည်းသံနှင့်တူနေသည် .. ။

ကြွေ့ခေါင်းလေး ဒူးလေးထက်မှာ ပြန့်ငိုက်ချသွားပါပြီ .. ။

လက်လေးတွေကွေးဝိုက်လာကာ ဒူးလေးပေါ်မှာ ပြန်၍ တင်လိုက်မိစဉ်ခိုက်ခေါင်းလေးက အနည်းငယ်မော့ပယ်ပေးလိုက်ပါ၏ .. ။

နောက်တော့ .. မျက်နှာက လက်မောင်းထက်မှာ ပြန်၍ ဖေးတင်သည်။

BURMESE CLASSIC .com

ကြွေ .. ဘယ်သူမှမရှိသော .. မြို့ပြင်လမ်းဘေးနေရာမှာ .. မြက်ရိုင်းပင်ငယ်တွေ အလျားလိုက်တန်း၍ ကတ္တရာလမ်းဘေးအတိုင်း စိမ်းမြစွာရှိနေသည့် နေရာမှာ .. ဘယ်သူမှ မသိစွာ.. ဘယ်သူမှလည်း မသိနိုင်စွာ .. ငိုကြွေးနေမိရပါပြီတည်း .. ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [၁၁]

လမ်းကွေ့တစ်ခုကို ချိုးကွေ့မောင်းလာစဉ် ထင်းရှူးတောကြီးတွေတစ်ဘက်စီရံ၍ ရှိနေပါသော ကတ္တရာလမ်းဘေး တစ်လျှောက်မှာ မြက်ခင်းရှည်လျားလျားလေးတွေ အလျားလိုက် တစ်ရှည်တစ်ဆန့်ကြီး ရှိနေပါသည့် မြင်ကွင်းသည် မပြောင်းလဲဘဲ ရှိနေသည်ပါပဲ .. ။ ဒါပေမဲ့ .. မြင်ကွင်းထဲမှ တစ်ခုတိုးနေသည်က .. အစိမ်းရောင်ဂျစ်ကားတစ်စီးပါ .. ။ ကားကလမ်းဘေး မြက်ခင်းမှာ တစ်ဝက် ကတ္တရာလမ်းပေါ်တစ်ဝက်လောက် ဖေးယှက်ထိုး ရပ် ထားပါသည့်အဖြစ် .. ။

ပလိုင်းမောက်ကားဖြူကြီးကို မောင်းလာပါသ မိုးညိုသာမှ အမှတ်တမဲ့မှုပဲ ကားကိုလှမ်းကြည့်မိရင်းမှ ဖြတ်ကျော် မောင်းခဲ့မိသည်ပါပဲ .. ။

ကားထဲမှာ လူမရှိတာကိုတော့ တစ်ချက်ရမ်း လိုက်ရပေမယ့် သိပ်တော့လေးလေးနက်နက်ကြီး မဖြစ်မိ .. ။

ကြောင့်ဆို .. ကားခဏရပ်၍ .. ထင်းရှူးတောထဲကားဒရိုင်ဘာက ရောက်ချင်ရောက်နေတတ်သည်ပဲလေ။ အပေါ့အပါးသွားတာလည်း ဖြစ်နိုင်သည့်ကိုး .. ။

ဒါပေမဲ့ .. ။ သူ့အကြည့်တွေက ကားနောက်ကြည့် မှန်ဖြင့် အမှတ်မထင်မှုလေးပဲ နောက်ကို ကြည့်လိုက်မိစဉ်ခိုက် ရင်ထဲတစ်မျိုးကြီး ဖြစ်သွားရပါပြီ .. ။

ကားရှေ့ဘီးဘေးဘက် ကားဘော်ဒီနေရာမှာ ကောင်မလေးတစ်ယောက်သည် ထင်းရှူးတောဘက်အခြမ်းရှိရာ ကားရပ်ထားပါသည့်ကား ဘော်ဒီပိုင်းနေရာမှာ ထိုင်နေတာကို မြင် နေရသည်။ ပြီးတော့ .. ခေါင်းလေးက ဒူးထက်မှာ ဖေးတင်ငုံ့ချထား တာကိုလည်း မြင်လိုက်ရသည်လေ .. ။

ဘယ်သူရယ်တော့မသိ .. ။ ဒါပေမဲ့ .. မိန်းကလေး တစ်ယောက် ကားလမ်းဘေးမှာ ကားကိုထိုးရပ်ထားကာ ကုတ် ကုတ်လေးထိုင်၍ ငိုနေသည်ဆိုတာမျိုးကိုတော့ သူပစ္စလက်ခတ် ကြီး မထားခဲ့ရက်နိုင် .. ။ ဟုတ်သည် .. ။ သူ့စိတ်ထဲမှာ ထိုကောင် မလေးငိုနေသည်ပဲဟု ထင်သည်။ ကားပျက်၍များပေလားမသိ။ ကားမပြင်တတ်၍ လက်မှိုင်ချငိုနေသည်များလား .. ။

"ဒါဆို .. ငါ့ကားသံကြားရင် .. ဒီကောင်မလေး .. အကူ အညီထွက်ကို တောင်းရမှာပေါ့ .. ကားပျက်တဲ့သူဆိုတာ မျိုးက .. လမ်းပေါ်မှာ တခြားကားတစ်စီးမောင်းလာတဲ့ စက်သံလေး ကြားလိုက်ရုံနဲ့ပဲ အားတက်ပါးတက်နဲ့ .. ကားလမ်းပေါ်ထွက်ရပ်ပြီး လက်တားတတ်ကြတဲ့ ဥစ္စာ..

ဟုတော့ သူတွေးဖြစ်သည်။ ဒါပေမဲ့ .. သူ.. ကား

www.burmeseclassic.com

www.burmeseclassic.com

ကိုရှေ့ဆက်မမောင်းနိုင် .. ။ ဘာကြောင့်ပဲဖြစ်ဖြစ် .. ။ မိန်းကလေး တစ်ယောက်တည်း လူသူပြတ်သော ကားလမ်းဘေးတစ်နေရာမှာ ငိုထိုင်နေတာမျိုးကိုတော့ ဒီအတိုင်းကြီး ကိုယ်နှင့်မဆိုင်သလိုကြီး မထားခဲ့ရက်နိုင် .. ။

ကားကို နောက်ပြန်ကြီးဆုတ်လာလိုက်ပြီးမှ ကား ကိုယှဉ်၍ရပ်လိုက်မိရပါပြီ .. ။

ကားပေါ်မှ သူဆင်းပြီး အလောတကြီးနိုင်ဖွာပဲ ကူညီလိုစေဖြင့် သူကောင်မလေးထိုင်နေသည့် ကား၏တစ်ဘက် ခြမ်းနေရာဆီသို့ လျှောက်လာမိရပါ၏ .. ။

ဤတစ်ကြိမ်မှာတော့ ကားနောက်ပြန်ဆုတ်လာ တာ .. ။ ကားရပ်တာ .. ။ ပြီးတော့အလောတကြီးနိုင်ဖွာ လျှောက် လာသည့် လူတစ်ယောက်ဆိုတာကိုတော့ ကောင်မလေးမကြည့်ဘဲ မသိဘဲ မနေနိုင်တော့သည်မို့ထင့် .. ။ သူ .. ကားရှေ့ဘောနက် ကို ကွေ့ဝိုက်၍ ကောင်မလေးရှိရာသို့ ချိုးကွေ့ဝင်လိုက်ချိန်မှာ ကြိုတင်မော့ကြည့်နေပါသည့် မိန်းကလေးကို သူတွေ့လိုက်ရပါပြီ တည်း .. ။

မျက်ရည်ဥလေးတွေ စိုစွတ်သီးကျနေခဲ့ ပါးပြင်ဝင်း ဝင်းစင်စင်လေး .. ။

မျက်ရည်ဥတွေစိုစွတ်သီးနေခဲ့မျက်တောင်ရှည်နက် နက် ထူစင်းစင်းလေး .. ။ ငိုထားရှိန်ကြောင့်မို့ထင့် မျက်ခွံနုနုတို့က ပန်းရင့်ရိပ်သန်းနေသည်။ ဘာထူးသည်လဲ .. ။ ပါးပြင်နုနုသည်လည်း ပန်းဆိုရိပ်သမ်းနေသည်ပါပဲ .. ။

နှုတ်ခမ်းလေးတွေ ဆတ်ဆတ်ခါနေခဲ့ပေမို့ ရှိုက်ရှေ့

မဲ့ဆိုတာကို သူသိနေရသည် .. ။

ရင်ထဲမှာ ထိထိခိုက်ခိုက်ကြီးလည်း ဖြစ်ရသည် ..။ သနားရိုန်က ရင်ကိုလာထိ၏ .. ။ ဩော် .. ကြွေ .. ။ သူ၏ကြွေ.. ယူသနားမိခဲ့ရဖူးပါသော ကြွေပါတကား .. ။ ခုလည်း .. ကြွေကို.. သူတွေ့လိုက်ရချိန်သည် .. မျက်ရည်ဥလေးတွေ .. မျက်ရည်စက် လေးတွေနှင့်ပဲ ဖြစ်နေသည် .. ။ ဒုတိယအကြိမ်ဆုံစည်းလိုက်ရမှု သည်လည်း မျက်ရည်နှင့်ပဲ ဖြစ်နေချေသည်တည့် .. ။

ဤကောင်မလေးမှာ .. အဘယ်မျှဆိုးဝါးနက်ရှိုင်း နေပါသော .. ကြေကွဲမှုကြီးက ပြင်းထန်စွာ ရင်ကိုနှိပ်စက်နေပါ ချေသည်မသိ .. ။

သူ၏မျက်ဝန်းတွေထက်မှာ ပြည့်သိပ်လာကြပါ သော နူးညံ့ကြင်နာသည့် အကြည့်တွေကို ကြွေသည်လည်း မှတ်မိ နေပုံရပါ၏။ ဟုတ်သည် .. ။ သူ့ကိုကြွေမှတ်မိနေချေသည် တကား။ ဟာကြောင့်ဆို .. သူ့ကိုမြင်သည်နှင့် နှုတ်မှတိုးသဲ့စွာ ..

"ဟင် .. ဟို .. အစ်ကိုပါလားနော် .. "

ဟု ခပ်ညည်းညည်းလေး ပွင့်ကျလာသံလေးကို သူ ကြားဖြစ်အောင်ကြားမိလိုက်ရချေသည် ကိုးလေ .. ။

ကြွေ့ဘေးမှာ သူခပ်ဖြည်းဖြည်းထိုင်သည်။ မျက်နှာ လေးကိုလည်း နူးညံ့စွာ ကြည့်မိသည်။

"ဒီမှာတစ်ယောက်တည်း .. ဘာလို့ .. လာငိုနေရတာလဲ ကြွေ .. ဒီလိုလူပြတ်တဲ့နေရာမျိုးမှာ မိန်းကလေးတစ် ယောက်တည်း .. ရှိုအစ်ဖူးကြွေ .. နားလည်ရဲ့လား .. ပြန်ကိုပြန်ရလိမ့်မယ် ကြွေ .. ကြွေ .. စိတ်ငြိမ်တဲ့အထိ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ခဏဒီမှာ အဖော်လုပ်ပေးမယ် .. ကြွေ .. ဝမ်းနည်းနေတာတွေကိုထိန်း .. ဟုတ်ပြီလား .. ထိန်းနိုင်ပြီဆိုတော့မှ ကြွေက .. ကြွေ့ကားကိုရှေ့ကမောင်း .. ကိုယ့်ကားက နောက်ကလိုက်ခဲ့မယ် .. စိတ်အရမ်းလှုပ်ရှားနေချိန်မှာ ကားမမောင်းသင့်သေးတာမို့ .. လောလောဆယ် .. ကြွေ စိတ်ကိုထိန်းနိုင်အောင် .. အရင်ဆုံးကြိုးစားရလိမ့်မယ် ကြွေ.. ”

ဟု တစ်ဘက်သား နားထောင်ချင်လာအောင် သိမ်မွေ့နူးညံ့စွာပဲ သူပြောသည်။ ဒါပေမဲ့ .. ထိုသိမ်မွေ့နူးညံ့ခြင်းများတွင် နာခံစေရမည်ဆိုသည့် ဩဇာရိပ်ကလည်း ပြည့်ပြည့်သိပ်သိပ် ပါလာနေသည်ပါပဲ .. ။

သူ .. ကြွေ့ဘေးမှာ နီးနီးကပ်ကပ်ထိုင်နေသည်။ ဒါပေမဲ့ ကြွေ့ကိုလက်လေးသော်မျှ မထိခတ်မိရအောင် သတိထား၍ ထိုင်ခြင်းပါ .. ။ ဘာကြောင့်ခုလိုလာငိုနေပါသလဲ .. ဟု သူမမေးမိဖို့ သတိထားရသည်။ မေးမိလျှင် .. ပို၍ဆိုးချေမည်ပေါ့ .. ။အစကတည်းက မျက်ရည်စက်လက်နှင့် ရှိနေသည့်လူကို .. သွား၍ အစပြန်ဖော်ခိုင်း .. ။ ပြောခိုင်း။ ငိုခိုင်းသလိုဖြစ်ချေမည်။ ကြွေ .. ပြန်၍ ပင်ပန်းရချေဦးမည် .. ။

သူ .. ဒါကြောင့် .. ကြွေ့ကို ထိုကိစ္စလုံးဝကြီးကို မမေးမိအောင် သတိထားရသည်။

“ကြွေဆိုတာကို .. ကိုယ်မသိဘူးလေ .. ကားကျော်မောင်းသွားပြီးနေပြီ .. နောက်မှ .. မိန်းကလေးတစ်ယောက်ဆို တာ ကိုယ်မြင်လို့ .. ကားပြန်ဆုတ်လာမိတာ .. ကဲ .. ခဏနားလိုက်ဦး .. ဟုတ်လား .. ကိုယ်က .. အိမ်ပြန်ရုံပဲ ဘာအလုပ်ကိစ္စမှ အရေးတကြီးကို မရှိတာ .. ”

ဟု ပြောကာ လမ်းဘေးမြက်ရိုင်းကို ဖြတ်သည်။ မြက်သီးတံ တချို့က သူ့အညိုရောင် သက္ကလပ်အပါးစား ဘောင်းဘီ၏ အနားသပ်နှင့် ဒူးအောက်ဘက်တစ်ဝိုက်မှာ ကပ်ညိပါလာကြပါ၏။ သိပ်မဲနက်လှသော လမ်းဘေးမြေ ရေမြောင်းကို သူကျော်လိုက်ပြီးမှ ထင်းရှူးပင်စည်ကြီးကြီး တစ်ခု၏ ပင်စည်ကို မှီရပ်မိသည်။ ကြွေ့ကိုသူတစ်ချက်ထပ်ကြည့်မိရပါ၏။ ခုထိ .. ကြွေသူ့လှုပ်ရှားမှု မှန်သမျှကို လိုက်ကြည့်နေဆဲ .. ။

အိတ်ထဲမှ ဘလက်ကက် စီးကရက်ဘူးလေးကို ဟုတ်ကာ တစ်လိပ်ထုတ်သည်။ နောက်တော့ မီးညှိရှိုက်ဖွာပြီးမှ ကြွေ့ကို သူထပ်ကြည့်မိပြန်ပါ၏။ နက်မှောင်သော မျက်ဝန်းလဲ့လဲ့လေးတွေမှာ မျက်ရည်စတို့ ချောက်သွေ့စပြုနေကြပြီ .. ။ လောလောဆယ်မှာ .. သူတို့တကောက်ကောက် လိုက်ကြည့်နေသည့် ကောင်မလေးတစ်ယောက်ဖြစ်နေသည် .. ။

ဘာပဲဖြစ်ဖြစ် .. ။ လောလောဆယ်မှာ ကြွေ့အာရုံထဲမှာ ငိုကြွေးခြင်းဆိုတာ ပျောက်စပြုလာလျက် .. သူ့ကိုစိတ်ဝင်တစားတကောက်ကောက် လိုက်ကြည့်နေသည့် ခံစားမှုက တိုးဝင်နေသည်ဟု သူထင်လာသည် .. ။

ခုလို .. သူ .. ကြွေ့ထံသို့ ရောက်လာတာကိုပဲ .. ကြွေ .. ထူးဆန်းနေပုံလည်းရသည်။ အံ့ဩချင်နေပုံလေးလည်း ရနေသည် [illegible] ပြီးတော့ .. ကြွေ့မျက်လုံးလေးတွေထဲမှာ သူ့ကို .. ပုတ်မှုတ်မိမှိုရှိနေသည့်ဆိုတာကတော့ အထင်အရှား .. သူ့ကို

www.burmeseclassic.com

www.burmeseclassic.com

ကြောက်နေသည့် အရိပ်လေးတွေ ကြွေ့မျက်ဝန်းလေးတွေထဲမှာ ရှိမနေ .. ။

မနေ့ညကပဲ .. လရောင်တွေပြိုးပျောက် တိုး၍ ဖြာဝင်နေပါသော ပျဉ်းမပင်ကြီး အောက်မှာ သူ့ကို ကြွေစတင်ဆုံဆည်းခဲ့ရသည်မို့ .. ။ ကြွေသည်လည်း .. သူ့နှယ်ပင် .. ထိုအဖြစ်လေးကို မမေ့နိုင်ပဲ ရှိနေချေမည်ဟု အလိုလိုသိလာနေသည် .. ။

ဒါပေမဲ့ .. သူ့ကို .. ကြွေ .. ပို၍ .. ပြောဆိုဆက်ဆံရဲလာအောင်.. ။ ပြီးတော့ .. ကြွေလတ်တလော ခံစားနေခဲ့ပါသော ဝမ်းနည်းကြေကွဲမှုတွေ တဖြည်းဖြည်းအာရုံထဲလျော့ပါးလာစေရအောင် .. စကားတွေကိုတော့ သူရှာဖွေပြောပေးနေဖို့လိုအပ်နေသည်ဟု ထင်သည် .. ။ ဒါကြောင့်လည်း စီးကရက်ရှိုက်ဖွာလိုက်ပြီးမှ ကြွေ့ကိုကြည့်လိုက်မိရပါ၏၊ ကြွေ့ရင်ထဲမှာ .. မနေ့ညက အဖြစ်သည် ရှိနေသည့်နှယ် .. ။မနေ့ညက ကြွေကျခဲ့သော မျက်ရည်နှင့်ယခု .. ကြွေကျခဲ့ပါသော မျက်ရည်တို့သည် .. ကြွေ့ဖေဖေကြောင့်ဖြစ်ချေလိမ့်မည်ဟုလည်း သူထင်မိသည် .. ။

ဗစ်တိုးရီးယားဆိုသည့် ခန့်ထည်သောအိမ်ကြီး .. ကျယ်လွန်းသော ခြံကျယ်ကြီးဖြင့် .. ရှိနေပါသည့် ထိုနေရာမှာ .. ကြွေနှင့် ကြွေ့ဖေဖေတို့ကြားမှာ .. သူမသိပါသော .. ကြေကွဲမှုပယ် အဖြစ်တို့သည် .. ရှိနေချေလိမ့်မည်ဟု နားလည်နေမိရသည်ပါပဲ ..။ သူပြန်လျှောက်လာခဲ့ကာ၊ ကြွေနှင့်မြေနီမြောင်းတစ်ခုသာခြားသော လမ်းဘေးနေရာမှာ ရပ်လိုက်ပါ၏။

"ကိုယ့်နာမည်က .. မိုးညို့သာပါ .. အင်ဂျင်နီယာတစ် ယောက်ဆိုပါတော့ .. ဒီမိုင်းသာမြို့နဲ့တော့ မိုင်တစ်ရာ

လောက်ဝေးတဲ့ နမ့်ခမ်းမြေဆိုတဲ့ မြို့ကိုမင်းရောက်ဖူးလား ကြွေ .. အဲဒီမြို့မှာကိုယ့် လက်ဘက်ခြောက်စက်ရုံ ရှိတယ် ခု .. ကိုယ်ဒီကိုရောက်လာရတာက .. ကိုယ့်ဖေဖေရဲ့ မိတ်ဆွေဟောင်းကြီးလဲဖြစ် .. ကိုယ့်ဖေဖေနဲ့ညီအစ်ကိုလိုလဲ ဖြစ်နေခဲ့တဲ့ .. အန်ကယ်ကြီး ဦးစိုင်းငွေရဲ့ ဆန္ဒကြောင့် ဆိုပါတော့ .. မိုင်းသာဟာ ကိုယ့်အတွက်ကတော့ အစိမ်းသက်သက်ပါပဲ .. ဒါပေမဲ့ .. ဒီလောက်လှတဲ့မြို့လေးကို ကိုယ်ခုမှရောက်ခဲ့ရတဲ့အတွက်တော့ .. အရောက်နောက်ကျလိုက်တာလို့တောင် တွေးမိရတာယ်လေ .. ကြည့် .. ဒီမြို့မှာသိပ်လှတဲ့ မိုင်းသာချောင်းရှိတယ် .. တောတောင်တွေကလဲထင်းရှူးတောတွေ .. တောင်ကုန်းတောင်တန်းတွေနဲ့ သိပ်လှတယ် .. ဒီနေရာမှာ .. နို့စည်ချက်စက်ရုံတစ်ခုတည်ဖို့ ကောင်းတဲ့ရေမြေ သဘာဝလဲရှိတယ် .. နွားတွေနို့စားနွားတွေ ပေါတယ် .. နွားတွေအတွက် ကျယ်ပြန့်တဲ့စားကျက်မြက်ခင်းကြီးတွေရှိတယ် .. ကိုယ်စဉ်းစားမိလိုက်တယ်လေ .. နို့စည်ချက်စက်ရုံတစ်ခုကို .. တည်လိုက်မယ်လို့ .. ဘယ်လိုလဲ .. ကောင်းဘူးလား .."

လူကြီးသူရာထား၍ မေးလာသည့်သူ့ကို ကြွေအံ့သြ ..လို့တစ်ချက်ကြည့်လာသည်။ ဒါပေမဲ့ .. ထိုသို့နေရာပေး၍ မေး ..မြန်းမြန်းအကြောင်းတွေဘာတွေ တောင်းသလိုလုပ်တာကို ခံရတာ ..ကျတော့ စိတ်ထဲကျေနပ်ပုံရနေပါ၏။ သူ့ကိုကြည့်ကာ ခေါင်း ..ညိတ်ပြသည်။ သဘောက .. စက်ရုံတည် ..ဆိုသည့်သဘော..။ .. သိလာပြီ။ ဤကောင်မလေး .. မျက်ရည်တွေ [illegible]လော

www.burmeseclassic.com

www.burmeseclassic.com

ဆယ်မှာတော့ ထပ်ကျလာတော့မည်မဟုတ်ဟု .. ။ သူ့စကားတွေကို လောလောဆယ်မှာ ကြွေ .. စိတ်ဝင်စားနေပုံရနေသည်လေ။

"ဟုတ်ပြီ .. မင်းထောက်ခံတယ်ဆိုတော့ .. ကိုယ့်ခေါင်းထဲက .. အတွေးဟာ .. ပိုပြီး .. လက်တွေ့ကျကျလုပ်ကိုင်ဖို့ သေချာသလောက်ရှိလာပြီ ဆိုပါတော့ .. တကယ်က .. ကိုယ် .. အန်ကယ်ကြီး စိုင်းကြောင့်ရောက်လာရတာကို စောစောကပဲ မင်းကိုကိုယ်ပြောပြမိလိုက်သေးတယ်နော် .. အန်ကယ်ကြီးက .. သူ .. နှင်းဆီရိပ်မြိမ်ကိုဝယ်ဖို့ .. ကိုယ့်ကိုဖုန်းနဲ့လှမ်းပြောတယ်လေ .. သူ .. တရားဘောင်ကို ဝင်ချင်တယ်တဲ့ .. ရောင်းရငွေတွေကို လှူတမ်းခဲ့ချင်တယ်တဲ့ .. နှင်းဆီရိပ်မြိမ်ဆိုတာက အဆောက်အအုံကြီးနဲ့ ခြံကျယ်ကျယ်ကြီးရှိနေတဲ့နေရာဆိုတာ .. တကယ်တမ်း .. ဒီခြံကို .. ဝယ်ဖြစ် .. ရောက်ဖြစ်ခဲ့တဲ့ အခါကျမှ သိရတာ .. အန်ကယ်ကြီးကတော့ .. တကယ့်ကိုပဲ .. သူ့ဇာတိဖြစ်တဲ့ .. ပင်လောင်းကိုသွားလိုက်ပြီ .. ဟိုမှာ .. သာသာနာ့ဘောင်ထဲကို ဝင်သွားခဲ့ပြီ .. ကိုယ်က .. ဒီခြံကြီး ဝယ်ပြီးတော့ ခြောက်လလောက်ကြာမှ ရောက်ဖြစ်ခဲ့ရတာ .. အန်ကယ်နဲ့ဟိုက .. ခြံအရောင်းအဝယ်ကိစ္စကို .. ခမ်းမြေမြို့မှာပဲ လုပ်ဖြစ်ခဲ့ကြတာလေ .. "

ဟု ပြောပြနေသမျှ ကြွေနားထောင်နေသည်ပါ။

နောက်တော့မှ ကြွေတစ်ချက်သူ့ကိုကြည့်သည်။

"ကြွေ .. မြင်ဖူးတယ် .. ဘဘစိုင်းကိုနှင်းဆီတွေ .. အ

ကြီးရှိတဲ့ခြံကလေ .. ပန်းတွေကို .. ဒီအနီးတစ်ဝိုက်မြို့တွေက .. လာလာဝယ်ကြတာပဲ .. လူကြီးတွေတော့ ဘဘစိုင်းကို သိကြခင်ကြမယ် ထင်တာပဲ .. ကြွေကခလေးဆိုတော့ .. ဘဘစိုင်းနဲ့ .. ဘယ် .. တရင်းတနှီးကြီးရှိနိုင်ပါ့မလဲ .. အထူးသဖြင့် .. ဒေါ်ကြီးသင်းနဲ့ မမဥတို့နဲ့တော့ .. ပိုခင်ကြမယ်ထင်တယ် .. မုန့်ကို .. ဘဘစိုင်းကို အိမ်နီးချင်းအဖြစ် .. ဒေါ်ကြီးသင်းနဲ့ မမဥတို့ကတော့ .. အမြဲပို့ပေးနေကျပါ .. ဦးသိန်းနဲ့ပဲဖြစ်ဖြစ် .. လေးလေးကောင်းနဲ့ပဲ ဖြစ်ဖြစ် ဒေါ်ကြီးသင်းက .. မုန့်တွေတစ်ခါတစ်ခါ ပို့ခိုင်းတတ်သေးတယ် .. အဲဒီက .. ဘဘလုံနဲ့တော့ .. ကြွေ .. ဒေါ်ကြီးသင်းနဲ့ တစ်ခါတစ်ခါ .. မုန့်ချိုင့်လေးနဲ့ ငယ်တုံးကတည်းက ပါပါသွားတဲ့အခါ .. ဆုံရ .. ဘဘလှုံပေးတဲ့ ချိုချဉ်တို့ .. မလကာသီးတို့ ဘာတို့လဲစားရတယ်လေ .. ဖေဖေနဲ့လဲ .. ဘဘစိုင်းသိကြတယ်ထင်တယ် .. ကြွေက .. နောက်ပိုင်းမှာ .. ဘော်ဒါဆောင်မှာပဲ အနေများခဲ့ရတာမို့ .. တချို့ကိစ္စတွေကျတော့ မသိလိုက်နိုင်ဘူး အစ်ကိုကြီးရဲ့ .. ခုလဲ ဒေါ်ကြီးသင်းတို့ စကားမစပ်မိလို့ထင်ပါရဲ့ .. ဘဘစိုင်းခြံရောင်းသွားတာ ကြွေမသိလိုက်ရဘူး .. ခု .. ကြွေက ကျောင်းပိတ်ရက် .. ခဏအိမ်ပြန်လာတာ .. အရင်ကျောင်းပိတ်ရက်တွေတုံးကတော့ မမဥနဲ့တူတူအဲဒီကို ပန်းတွေဘာတွေသွားကြည့် .. ပန်းခူးတာတို့ဘာတို့ .. အလည်သွားရင်လုပ်ခဲ့တာပါပဲ .. ကြွေ့မွေးနေ့တိုင်းလဲ မုန့်ကို ကြွေကိုယ်တိုင်ပို့ပါတယ် .. ဒီတစ်ခေါက်ပဲ မပို့ဖြစ်လိုက်ရတာပါ မမ

www.burmeseclassic.com

www.burmeseclassic.com

ဥနဲ့ပဲ ပို့ရတာ .. "

ကြွေကလည်း စိတ်ရှည်လက်ရှည်လေး ပြောနေမိရသည်ပါပဲ .. ။ တဖြည်းဖြည်းနှင့် ထိုအစ်ကိုကြီးနှင့် ကြွေ့ကြားမှာ တရင်းတနှီးနိုင်လာသည်ဟု ကြွေထင်လာသည်။ မနှေ့ညက .. လဲကျသွားပါသည့် ကြွေ့ကိုကိုကိုကြီးပဲ ထူပေးခဲ့ပါ၏။

ကြွေ့ကို ငုံ့မိုးကြည့်နေသည့် အကြည့်တွေကို .. ထိုကတည်းက .. မမေ့ .. ဟုတ်သည် .. ။ မမေ့ .. ။ အရမ်းကို သိမ်မွေ့နူးညံ့သော မျက်ဝန်းများ .. ။

သူ့လက်ဖဝါးတွေ၏ သန်မာမှုကို .. ။ သူ့မျက်ဝန်းများ၏နူးညံ့မှုတွေကို .. သူ့လက်ဖဝါးတွေ၏ ပေးအုပ်ဆွဲထူရာနောက်သို့ပါလာရရင်း .. ။ သူ၏ ငုံ့မိုးကြည့်နေသည့် အကြည့်တွေကို ခံယူခဲ့ရရင်းဖြင့် ကြွေသိခဲ့ရသည်ပဲ .. ။

အို .. အဘယ်မျှထိ .. စိတ်လှုပ်ရှားဖို့ ကောင်းနေခဲ့ပါသလဲ .. ။

ထူးဆန်းရှိန်းမြသော ခံစားမှုသည် .. မနှေ့ညက .. ကြွေ့နှလုံးအိမ်နုနုလေးတွင်းမှာ အတန်ကြာမျှ .. စိုးအောင်းနေခဲ့ပါသည့်အဖြစ် .. ။

စုလည်း .. သူ့နှင့်မှ .. ကြွေသည် .. တိုက်ဆိုင်လွန်းစွာ .. ဒုတိယအကြိမ်ပြန်ဆုံမိရပြန်ချေသည်တကား .. ။

ဤတစ်ကြိမ်မှာလည်း .. မနေ့ညကနှယ်ပင် .. ဖေဖေနှင့် ပတ်သက်၍ .. ကြွေသေလုမတတ် ကြေကွဲထိခိုက်ခံစားနေရချိန်ပဲ ဖြစ်နေသည် .. ။

သူ့မျက်ဝန်းတွေ၏ နူးညံ့မှုအောက်မှာ .. ကြွေ

သောကတွေ အတန်မျှပြေပြေလာနေကြတာကို ကြွေသိနေရပါသည့်အဖြစ်။ သူသည် .. ကြွေ့ကို .. ဟိုဟိုဒီဒီလေးတွေ ပြောနေရင်းဖြင့် .. ကြွေ့ကို .. တရင်းတနှီးပိုရှိလာအောင်လည်း ကြိုးစားသွားနိုင်ချေလျက် .. ကြွေ့ရင်ထဲမှသောကာ အတွေးတွေနေရာမှာ သူနှင့် စကားစမြည်တွေ ပြောဆိုနေသည့် ကြွေအဖြစ် .. ရှိလာနေအောင်လည်း ကြိုးစားယူနိုင်ခဲ့သည်ပါပဲ .. ။

"ကိုယ် .. ခုလဲ .. ဟိုးတောင်ခြေနေရာက .. ပြန်လာတာ ကြွေ .. ပန်းချီသွားဆွဲတာကွ .. လောလောဆယ်မှာ .. ကိုယ့်အလုပ်တာဝန်တွေအားလုံးကို .. ခမ်းမွေမှာ ချန်ထားခဲ့လိုက်သလို ရှိနေရင်း ပေါ့ပေါ့ပါးပါးနဲ့ .. အပန်းဖြေနေရတဲ့ လူတစ်ယောက်အဖြစ်ပဲ ကိုယ်ရှိနေတယ်လေ .. ဖေဖေ .. ဆုံးခဲ့တဲ့နောက်မှာ .. လက်ဘက်ခြောက်စက်ရုံကြီးတစ်ခုလုံးရဲ့ တာဝန်တွေဟာ .. ကိုယ်အပေါ်မှာပဲကျနေခဲ့တာကြာခဲ့ပြီ .. ငါးနှစ်ရှိပြီကြွေ .. ခမ်းမွေမှာက .. ကိုယ့်လက်ဘက်တောင်တွေရှိတယ် .. လက်ဘက်ခြံကြီးတွေ ဆိုပါတော့ .. တောင်ကုန်းတောင်စောင်းတွေမှာ ရှိနေတဲ့ လက်ဘက်ပင်တွေအကြောင်း မင်းစိတ်ဝင်စားမယ်ဆိုရင် .. နောက်တစ်ခေါက် ကိုယ်တို့ဆုံဖြစ်ကြရင် .. ပြောဆိုဖြစ်ကြမယ်ထင်ပါရဲ့ကြွေ .. "

ဟု သူအေးချမ်းတည်ငြိမ်စွာ ပြောလာနေသမျှ ကြွေ [illegible]သက်နားထောင်နေသည်ပါပဲ။ မနက်ဖန် .. ကြွေ .. ဘော်ဒါသို့ [illegible]ားတော့မည်ဆိုတာကို ဖွင့်ပြောလိုက်ရရင် ကောင်းချေမည်လား [illegible] ကြွေတွေးမိသေးသည်။ နောက်တော့လည်း မပြောပြချင်တော့။

www.burmeseclassic.com

www.burmeseclassic.com

ပြောပြလိုက်လျှင် သူ့ထံမှတရင်းတနှီးနိုင်စွာ ပြောနေသည့်စကား တွေ တုန့်သွားကာ ..

"သြော် .. မနက်ဖန် .. ဘော်ဒါဆောင်ကို ပြန်တော့မှာ လား.. "

ဟုခပ်ညည်းညည်းပြောလိုက်မှာချိုးကို ကြွေမလို လား .. ။ သူ့ထံမှခုလို .. ပေါ့ပါးကြည်လင်စွာ ပြောပြနေတာတွေ အရှိန်တန့်သွားမှာမျိုးကို ကြွေ စိုးရိမ်သည်။ ပြီးတော့ .. သူပြောပြ နေပါသော သူ့အကြောင်းတွေကို .. ကြွေကြားနေချင်သေးသည်။

သူသည်.. ခင်မင်နှစ်လိုဖွယ်ရှိသော လူတစ်ယောက် ဟုတော့ ကြွေမှတ်ယူထားသည်လေ။ လမ်းဘေးမှာ တစ်ယောက် တည်း ဂျစ်ကားဘော်ဒီဘေးမှာ ထိုင်နေရင်း ငိုရှိုက်နေရသည့် ကြွေ အဖြစ် ရှိနေရခြင်းထက် .. ခုလို .. သူနှင့်ကြွေပြောနေ ရသည်ကို.. ပို၍ကြွေလိုလိုလားလားဖြစ်လာနေရသည်ပါပဲ .. ။

"ကိုယ်က .. ပန်းချီဆရာတစ်ယောက်တော့ မဟုတ်ဘူး ပေါ့ကြွေ .. ဒါပေမဲ့ .. ကိုယ်က .. ဝါသနာလဲကြီးတယ် .. ကိုယ်တက္ကသိုလ်တက်နေရင်းနဲ့ .. ရန်ကုန်မှာ .. ပန်းချီဆ ရာကြီးဦးမြိုင်ဆီက .. သင်ခဲ့တာ .. ညနေပိုင်းမှာဆိုပါတော့။ ဆရာကြီးက သေချာကို သင်ပေးပါတယ် .. ခုလဲ .. ဟိုး တောင်စောင်းတစ်ခုရဲ့ တစ်ဘက်က .. တောင်ကြားတစ် ခုရဲ့အလှကို .. ကိုယ်ပန်းချီသွားဆွဲနေခဲ့တာလေ .. သိပ်က လှတဲ့ ရှုခင်းတစ်ခုဆိုပါတော့ .. အဲဒီမှာက .. တောင်ကြာ တစ်ဘက်မှာက .. ရေတံခွန်တစ်ခုကလဲ ရှိနေတယ် .. မြ တွေနှင်းရိပ်တွေ သမ်းနေတဲ့တောင်ကြားကလဲ သိပ်လှ

တယ် .. ဟိုးတစ်ဘက်က .. မြေနီလွင်ပြင်ကြီးကိုလဲ ကိုယ် သိပ်သဘောကျနေတာ .. ဒီဒေသတွေမှာက .. ထူးခြားတဲ့ ညှို့ငင်ဖမ်းဆွဲနိုင်မှုတွေရှိတယ်လေ ကြွေ .. တောင်ကုန်း တောင်တန်းတွေလဲရှိတယ် .. မြက်ခင်းလွင်ပြင်တွေလဲ ရှိ တယ် .. မြေနီလွင်ပြင်တွေနဲ့ သစ်ပင်အုံ့အုံ့လေးတွေလဲ ရှိ တယ် .. ရေတံခွန်နဲ့ စမ်းချောင်းတွေလဲပါတယ် .. အဲဒါ ကိုယ့်အတွက်ဆွဲမကုန်နိုင်တဲ့ .. အလှတရားတွေချည်း ပါ ပဲ .."

ဟု ပြောနေတော့ ကြွေ .. သူ့ကိုတစ်ချက်မော့ ငေးကြည့်နေသည် .. ။

သူသည် .. အင်ဂျင်နီယာတစ်ယောက်လည်း ဖြစ် နေလျက် .. ။ ပန်းချီဆရာတစ်ယောက်လည်း ဖြစ်နေချေသည် တကား .. ။ ပြီးတော့ .. အရမ်းကို .. နူးညံ့ကြည်တတ်သော သူတစ် ယောက်လည်း ဖြစ်နေပါချေ၏။

အရပ်မြင့်မြင့်ကျစ်ကျစ်ကြီးနှင့် ပါးမြိုင်းမွေးစိမ်းမြမြ ဝင်းသော လေးထောင့်ကျကျမျက်နှာသည် .. ထူတန်းသော မျက် ခုံးကြီးတွေနှင့် တောက်ပစူးရှသော မျက်ဝန်းများဖြင့် ထက်မြက် သော သူတစ်ယောက်၏မျက်နှာတစ်ခုကို .. ဖန်တီးထားသည့်နှယ် ဖြစ်နေပါချေ၏ .. ။ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းပါးပါးနှင့် ထိုသူသည် ..က်ရုံတွေမှာ အင်ဂျင်နီယာတစ်ယောက်အဖြစ် လုပ်ကိုင်နေပါ သော လက်အစုံကို ပိုင်ဆိုင်သူဖြစ်လျက် .. ။ တောတောင်တွေမှာ ..ပင်တွေ ဆွဲတတ်ပါသော လက်အစုံကိုလည်း ပိုင်ဆိုင်သူတစ် ယောက်လည်း ဖြစ်ပါချေသည်တည့် .. ။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နိုင်မည်ဆိုလျှင်ဖြင့် .. ထိုကိုကိုကြီးဆွဲသည့် ပန်းချီကား တစ်ချပ်လောက်ကိုပဲ ဖြစ်ဖြစ် .. ကြွေကြည့်ဖူးချင်ပါသည်။ သန့်ပြန့်ရှည်လျားသော လက်ချောင်းတွေကို ပိုင်ဆိုင်ပါသည့် ကိုကိုကြီး၏ လက်ဖြင့် ရေးဆွဲပါသော ပန်းချီကားတွေသည် .. နူးညံ့သိမ်မွေ့စွာပဲ ကြွေ့နှလုံးအိမ်ကို ညှို့ငင်ထားနိုင်ကြေချလိမ့်မည်ဟု ဘာကြောင့်များ ကြိုတင်၍ ကြွေသည်ခံစားနေနိုင်သူ တစ်ယောက်ဖြစ်နေမိရပါသလဲ .. ။

ကြွေ သေချာမသိခဲ့တာတ် .. ။

ဒါပေမဲ့ .. ထိုကိုကိုကြီးကို .. ကြွေ .. လေးစားစိတ်နှင့် အတူခင်မင်နှစ်လိုခြင်းတော့ ဖြစ်နေမိတာကို အလိုလိုဝန်ခံနေမိရသည်က .. ရင်တွင်းဆီမှသာပါ .. ။

ဘာကြောင့်ဆို .. သူသည် .. ကြွေ့ရင်ထဲမှ ဝေဒနာတွေကို .. လောလောဆယ်မှာ .. အတန်အသင့်မျှ .. သက်သာလာစေနိုင်သူ တစ်ယောက်အဖြစ် .. တည်ကြည်စွာ .. အကောင်းပါးလွန်းစွာ .. ဖေးကူလိုစိတ်ရှိခြင်းများဖြင့် .. မှုဝေနားလည်ပေးနေသူ တစ်ယောက်ဖြစ်နေသည်ဟု ကြွေ .. ယုံကြည်နားလည်နေမိရ၍ပါတည့်။

အခန်း | ၁၂ |

"မလွှမ်းရှင်သေဆုံးတဲ့ သတင်းဟာ .. မောင်ဘုန်းစစ်မင်းရဲ့ဇနီးသည်လေးဖြစ်နေရတာကြောင့်လဲ .. မိုင်းသာမှာပိုပြီး စိတ်ဝင်တစားဖြစ်စရာဖြစ်ခဲ့တာတော့ အမှန်ပဲ မောင်မိုးညို သာ .. မောင်ဘုန်းစစ်မင်းရဲ့ ကြွယ်ဝချမ်းသာမှု .. မျိုးရိုးဂုဏ်ရှိန် .. လှုပ်ရည်ကိုင်ရည်နဲ့ ပညာတတ်ဖြစ်မှုတွေဟာ .. မိုင်းသာမြို့က .. အပျိုချောလေးတွေ အတွက်ကတော့ဖြင့် အဲဒီတုန်းက .. အတော်ကြီးကို စိတ်ကူးတယဉ်ရှိခဲ့ရစေတဲ့ မင်းသားလေးတစ်ပါးလို ဖြစ်ခဲ့ပေသကိုး .. အဲသလိုရှိတဲ့ မောင်ဘုန်းစစ်မင်းက .. သူ့ခြံက အလုပ်သမလေးတစ်ယောက်ကို မြတ်နိုးလက်ထပ်ခဲ့တယ်ဆိုတော့လဲ .. အပျိုချောလေးတွေအတွက် .. မျှော်လင့်ထားခဲ့လေသမျှ စိတ်ထိခိုက်စရာလို ဖြစ်ခဲ့ရတာလေ .. ဒါပေမဲ့ .. လက်ထပ်ပြီးလို့မှ .. ကာလမကြာရှည်လိုက်ရဘဲ .. ခလေးတစ်ယောက်အမေ .. မလွှမ်းရှင်ဟာ .. လှေတစ်စင်းနဲ့ မိုင်းသာချောင်း

www.burmeseclassic.com

www.burmeseclassic.com

မှာ မိုးတွေညို့နေတုန်းထွက်သွားတာရယ် .. လှေမှောက်လို့ဆုံးပါးခဲ့ရတာရယ်တွေ ဖြစ်လာပြန်တော့လဲ .. လူတွေ အတော်ကြီး စိတ်ဝင်တစားဗိုင်းဖြစ်ကြတာပေါ့ လူလေးရယ် .. မျက်နှာကြီး အသိုင်းအဝိုင်းက ဖြစ်တဲ့ ကိစ္စပေကိုး.."

နှင်းဆီခြံအေးဘက်မှာ ရှိပါသည့် အနားယူအပန်းဖြေရန်အတွက် ဆောက်ထားပါသော ပန်းဆောင်လေးမှာ နှင်းဆီရနံ့က လေနှင့်အတူ တဝေ့ဝေ့ .. ။

သစ်သားဖြင့် ခပ်ကြမ်းကြမ်းရိုက်ထားသော ထိုင်ခုံတွေက လက်ရမ်းတွေ ဘာတွေဖြင့် ရှိနေပေမယ့် .. ပေါလစ်အရောင်တင်ထားတာမျိုးလည်း မရှိ .. ။ သဘော်ခဲဆေးသုတ်ထားမျိုးလည်း မရှိသည်မို့ .. သစ်သားထည်သက်သက် .. အလှမဆင် .. ဆေးရောင်မရှိနှင့် သဘာဝအတိုင်းညှို့ငင်ထားသည်ဟု သူနှစ်သက်မိပါသော ဤနေရာလေး၏ ထိုင်ခုံလေးမှာ အကြိမ်ကြိမ်ထိုင်ခဲ့ဖူးသည်။ ပန်းတွေ၏ အလှတွေကိုလည်း ငေးကြည့်ခံစားခဲ့ဖူးသည်။ ဒါပေမဲ့ .. ဤတစ်ကြိမ်လောက် စိတ်တွေလှုပ်ရှားနေရတာမျိုး မရှိခဲ့ .. ။ ကြွေနှင့် ပတ်သက်၍ သူမေးလိုက်တော့မှ ဘဘလုံမှ ခေါ အိုးတန်လေး ရှိုက်ဖွာနေရင်းဖြင့် ပြောပြခြင်းပါ .. ။ ထိုသို့ပြော[illegible] နေသမျှကို နားထောင်ရခြင်းဖြင့် သူ့စိတ်တွေလှုပ်ရှားနေကြ[illegible] တော့ အမှန်ပါ .. ။ ကြွေ့အကြောင်းနားထောင်နေရခြင်းသည်[illegible] လျှင် သူ့အတွက် ညှို့ငင်ထားမှုတစ်ခု၏ နောက်သို့ တကော[illegible] ကောက်မျှလိုက်ပါနေရသည်သို့ ခံစားဖြစ်၏။ ရှေ့တွင်ရှိနေပါသော ပဲပုတ်စေ့လှော်ပန်းကန်ပြားလေးထဲမှ ပဲပုတ်စေ့လှော်ခပ်စိ[illegible] လေးတွေကို ဘဘလုံကောက်ယူဝါးနေသည်။ ပြီးတော့ ရေနွေး[illegible]

ကြမ်းကို အပြာရောင်အနားကွပ်လေးတွေ ရှိနေပါသည့် ကြွေရေနွေးကြမ်း ပန်းကန်ခေါက်ခေါက်လေးတွေထဲ ငှဲ့ထည့်သည်။ သူ့အတွက်ပါ ဘဘလုံမှ ထည့်ပေးခြင်း .. ။ အန်ကယ်စိုင်းထံမှ ဤနှင်းဆီရိပ်ငြိမ်ကို သူဝယ်ခဲ့စဉ်က .. ဘဘလုံသည်လည်း ဤခြံကြီး၏ ဥယျာဉ်မှူးကြီး တစ်ယောက်အဖြစ်ရှိနေဆဲ .. ။ ရှိနေမြဲ .. ။ အန်ကယ်စိုင်းနှင့် တစ်လျှောက်လုံးနေခဲ့ပါသည့် ဥယျာဉ်မှူး ဘဘလုံကို သူကလည်း ဆက်၍ နှင်းဆီရိပ်ငြိမ်မှာနေစေခဲ့ .. ဥယျာဉ်မှူးအဖြစ် ရှိစေခဲ့ပါ၏။

ပြီးတော့ .. ဟိတ်ဟန်မကြီးသော .. သူ့ကို ဘဘလုံကလည်း လေးစားစိတ်လည်းပါ .. ခင်မင်စိတ်လည်းဖြစ်နှင့် ရှိခဲ့ရပါ၏ .. ။

ခုလည်း .. မိုင်းသာမြို့ခံဇာတိ ဖြစ်ပါသည့် ဘဘလုံထံမှာကြွေနှင့် ပတ်သက်၍ သူသိချင်လာနေသမျှကို သွယ်ဝိုက်မနေတော့ဘဲ ဖွင့်ချမေးခဲ့ခြင်းပါ .. ။

ဒီတော့လည်း ဘဘလုံက ပြောပြခဲ့သည်ပါပဲ .. ဇစ်တိုးရီးယားနှင့် နှင်းဆီရိပ်ငြိမ်ဆိုတာက ခြံချင်းကပ်နေကြပါ၏ .. ။ ဒါပေမဲ့ .. ထိုခြံကြီး နှစ်ခြံကဖြင့် .. တစ်ခြံတစ်ခြံကို ပေလေးရာကျော်မျှ ရှိနေကြတာမို့ .. ခြံချင်းကပ်ပေမယ့် အလှမ်းကတော့ နီးနေကြတာမဟုတ် .. ။ ကိုယ့်ခြံအကျယ်နှင့် ကိုယ်ဖြင့်ပဲ ခြားနေကြသလိုကြီးတော့ ရှိနေကြသည်ပါပဲ .. ။ ဒါပေမဲ့ .. ခြံနီးချင်းဆိုသည့် ခံစားမှုကတော့ဖြင့် ဇစ်တိုးရီးယားနှင့်နှင်းဆီရိပ်ငြိမ်ကြားမှာ ရှိနေကြသည်မို့ .. ။ အလှူအတာမ်းအကျွေးအမွေးတစ်ခုခုဖြစ်လျှင်

www.burmeseclassic.com

www.burmeseclassic.com

ဖိတ်ချင်ဖိတ် .. ။ မဖိတ်ဖြစ်ခဲ့လျှင်လည်း မုန့်ပွဲတွေကို ချိုင့်နှင့်ပို့ပို့ပေးတတ်သည်က ဗစ်တိုးရီးယား၏ အစဉ်တစိုက်ရှိခဲ့ပါသော အလေ့တစ်ခု .. ခလေ့တစ်ခုနှယ်ပင်ရှိခဲ့သည်တဲ့ .. ။ ဘာကြောင့်ဆို .. အန်ကယ်စိုင်းဆိုတာက လူပျိုကြီး .. ။ ဘဘလုံဆိုတာကလည်း လူပျိုကြီးတွေပေမို့ .. ။ ဒေါ်ကြီးသင်းတို့က .. ဂရုတစိုက်ကြီးကို ချိုင့်နှင့်ဖြစ်ဖြစ် .. ပို့ကို ပို့စေခဲ့သည်တဲ့ .. ။ ခြံနီးချင်း .. ဆွေရင်းချာဆိုသလိုရှိခဲ့သည့် သဘောကို ဆောင်သည်တဲ့လေ .. ။ ဒါကတော့.. ဘဘလုံ စောစောက ပြောပြခဲ့သည့် စကားများကြောင့် သူသိခဲ့ရခြင်းပါ .. ။

"အထူးသဖြင့် .. မဥဆိုတဲ့ ခလေးမလေးက .. လေလေး နည်းနည်းပေါတတ်တယ် လူလေးရဲ့ .. သူ .. မုန့်တခုခု လာပို့လို့ပဲ ဖြစ်ဖြစ် .. ဈေးအပြန် .. ဝင်လည်လို့ပဲဖြစ်ဖြစ် ဘဘလုံရဲ့ခြံထဲက ပွင့်နေတဲ့ .. သစ်ခွပန်းပွင့်တွေကို ပန်ချင်လို့ပဲဖြစ်ဖြစ် .. ရောက်ရောက်လာတဲ့ အခါတွေမှာ .. ခလေးပီပီ .. ပြောပြတတ်တာတွေရှိတယ်လေ .. မလွှမ်းရှင်လေး ဆုံးပါးပြီးတဲ့နောက်မှာ .. တစ်လမကြာပါဘူး .. မဥလေးက .. မနေနိုင်သလိုလေး ဘဘလုံကို ဟိုကြည့်ဒီကြည့်နဲ့.. ပြောပြခဲ့ဖူးတယ် .. ကြည့်ရတာ .. ခလေးက .. သူသိထားတာကို .. ရင်ထဲငြိမ်မထားနိုင်တဲ့ သဘောမျိုးဆိုပါတော့.. အဲဒီမှာ .. ဘဘ .. စိတ်ထဲမကောင်းပဲ ဖြစ်ရတာ .. မလွှ ရှင်ဆုံးခဲ့တဲ့နေ့က .. မောင်ဘုန်းစစ်မင်းနဲ့ မလွှမ်းရှင်တို့ ကားများကြတယ်တဲ့ .. မလွှမ်းရှင်လေ့နဲ့ထွက်သွားတာ အဲဒါကြောင့်ပဲ ဖြစ်မယ်တဲ့ .. မလွှမ်းရှင်ကို မဥလေးကပြော

အတော်လေးချစ်ပုံရတယ် .. မလွှမ်းရှင်သေရတာကို သူ.. စိတ်လဲထိခိုက်နေရှာပုံပါပဲ .. ဈေးအပြန် .. ဈေးခြင်းလေးနဲ့ဝင်ချလာရင်း .. ငိုပြောပြတာ .. သူများအတွင်းရေးဆိုတော့လဲ .. ဘဘလုံလဲအသေးစိတ်တော့ ထပ်မမေးဖြစ်ခဲ့ပါဘူး .. တစ်ခုတော့ရှိတယ် .. ဘဘလုံဈေးထဲသွားခဲ့တုန်းက .. မလွှမ်းရှင်ဟာ .. အိုက်မောင်ဆိုတဲ့သူငယ်လေးနဲ့ .. ငါးထမင်းနယ်ဆိုင်မှာ တူတူစားသောက်တာကိုတွေ့ခဲ့ကြတယ်ဆိုတဲ့သတင်းပလင်းမျိုးကိုတော့ .. မလွှမ်းရှင်ဆုံးခါစတုံးက .. အတော်လေးအုပ်အုပ်သဲ့သဲ့ ပြောကြဆိုကြတာတွေရှိတယ် .. နောက်ပြီးတော့ .. အဲဒီအိုက်မောင်ဟာ .. မလွှမ်းရှင်ရဲ့ချစ်သူဖြစ်ခဲ့ဖူးတဲ့သူလို့လဲ .. ကြားခဲ့ရတာပါပဲ.. အင်း .. အပျက်တရားတစ်ခုဆိုတာက .. ဖြစ်ချင်ပြီဆိုရင်.. ဖြစ်လာဖို့ကို .. အကြောင်းဖန်လာတတ်ချေသကိုး .."

ဟု ခပ်ညည်းညည်းပြောနေပါသည့် ဘဘလုံကို သူတစ်ချက်ငေးကြည့်နေမိရပါ၏ .. ။ ဘဘလုံငှဲ့ထည့်ပေးသော ရေနွေးကြမ်းပန်းကန်ဆီမှ မြင့်တက်လာနေသော ရေငွေ့နှင့် အတူ လက်ဘက်ခြောက်ရနံ့ သင်းသင်းက ရောယှက်ပါလာပါ၏ .. ။ ရေနွေးကြမ်းကို သူသောက်မိရင်းမှ သက်ပြင်းရှိုက်မိသည် .. ။

"စောစောက လူလေးပြောပြရင်း မေးတဲ့အထဲမှာ တစ်နေ့ညက .. လပြည့်ညမှာ .. လူလေးမြင်ခဲ့ရတယ်ဆိုတဲ့အဖြစ်ရယ် .. မနေ့ကလူလေး .. မြို့ပြင်လမ်းမှာ ကြုံခဲ့ရတဲ့ အဖြစ်ရယ် အဲဒါတွေကြောင့် .. လူလေးက .. ကြွေနဲ့ကြွေ့ဖေဖေတို့အကြောင်းမှာ ဘာအဆင်မပြေစရာ .. ကြီးမားတဲ့အဖြစ်ကြီး တစ်ခုရှိနေမှာလဲ

www.burmeseclassic.com

www.burmeseclassic.com

မသိဘူးလို့ ဆိုထားတယ်မဟုတ်လား .. "

သူ ခေါင်းပဲ ညိတ်ပြမိရုပါ၏ .. ။ ဟုတ်သည်လေ..။ ထိုသို့ပဲ ဘဘလုံကိုသူမေးခဲ့သည်မို့ .. ဘဘလုံကမှ သိထားလေသမျှကို ပြောပြနေခဲ့မဟုတ်ပါလားလေ .. ။

"ဘဘထင်တာတော့ .. မလွှမ်းရှင်ကြောင့်ပဲဖြစ်ရမယ် .. မလွှမ်းရှင်အပေါ် မောင်ဘုန်းစစ်မင်းအတော်ကြီး နေခါသပြစ်ခဲ့တယ်ဆိုတာကိုတော့ မဥပြောပြတာတွေကြောင့် သိခဲ့ရတာကိုး .. သူတို့အိမ်ထောင်ရေးကြားမှာက .. ဘယ်လောက်ထိဆိုးတဲ့ အဖြစ်တွေရှိခဲ့မှန်းမှ မသိနိုင်တာပဲ .. ဆိုးတာကတော့ .. အိုက်မောင်နဲ့ မလွှမ်းရှင်တို့ ထပ်ဆုံကြတာမျိုးရှိတယ်ကွယ့် .. အင်း .. တာကယ်မြတ်နိုးလို့လက်ထပ်ခဲ့ရတဲ့ မောင်ဘုန်းစစ်မင်းဘက်ကကြည့်ရင်လဲ .. ရင်ထဲနာချင်သပဆို .. နာကျင်ချင်စရာပေပဲကွယ့် .. ယောကျ်ားပေပဲကွယ် .. ဖြစ်မှာပေါ့ခေါသ .. "

ဟုပြောကာ ခေါင်းပဲယမ်းသည် .. ။ ထိုထက်ပို၍ ဘဘလုံမပြောရှာပါ .. ။ ဤသည်ကလည်း လူကြီးပေမို့ .. စကားကိုထိန်းပြောခြင်းဘက်ကိုနွှယ်နေသည်။ ကြွေနှင့်ပတ်သက်၍ .. ဦးဘုန်းစစ်မင်းဘက်က .. သမီးအဖြစ်ကြင်ကြင်နာနာမရှိဘဲ ဖြစ်ရေခြင်းသည် .. ထိုအိုက်မောင်နှင့် မလွှမ်းရှင်တို့၏ ငယ်ချစ်ကိစ္စတွေကြောင့်ဖြစ်ချေနိုင်သည်မို့ .. ။ သူတစ်ချက်တွေခနဲ ဖြစ်သွားရပါပြီ။

ဦးဘုန်းစစ်မင်းသည် .. ကြွေ့ကို .. သမီးအဖြစ် .. သံသယကင်းစွာ .. လက်ခံထားနိုင်ပုံမရဟာ .. သူနားလည်လာရေမိရသလို ရှိသွားရပါပြီတည်း .. ။

ရင်ထဲတွင် ကြွေ့ကိုပို၍ သနားလာနေမိရပါပြီ .. ။

သူ့အတွက်ကတော့ .. ထိုဗစ်တိုးရီးယားဏ်အိမ်တွင်းရေးတွေက ဘာမျှအရေးမကြီး .. ။ ကြွေ့ကို သနားနေမိရတာတွေပဲ ရှိနေသည် .. ။

သူ့အတွက်ကြွေသည် .. စင်ဒရဲလားမင်းသမီးလို သနားစရာဖြစ်နေသည် .. ။ သိုးလေးတွေထိန်းရင်း .. အားငယ်စွာ သိမ်ငယ်စွာ နေနေရပါသည့် စန္ဒီးကြိုက်မင်းသမီးလေး၏ .. မိထွေးအရက်စက်ခံရမှုတွေ .. ။ မိထွေး၏သမီးဖြစ်သူတွေ၏ ရက်စက်နိုင်စားမှုတွေကို .. မတွန်းလှန်သာစွာ ခေါင်းငုံ့ခံငိုကြွေးခဲ့ရပါသည့် အဖြစ်နှင့်တော့ တစ်ထပ်တည်းဖြစ်မနေပေမဲ့ .. ကြွေသည် ဖခင်၏ လျစ်လျူရှုလေသမှုကို .. လူးလှိမ့်ခံစားနေရင်း ငိုကြွေးနေရသည့် သမီးလေးတစ်ယောက်ဖြစ်နေခြင်းကတော့ .. ခံစားရခြင်း၏ ဝေဒနာချင်းတူနေပါချေမည်သာ .. ။

"သနားစရာပါပဲဗျာ .. ကောင်မလေးက .. နုနုဖန့်ဖန့်လေးဗျ .. "

သူ့လွှတ်ခနဲ ခပ်ညည်းညည်းပြောမိစဉ်ခိုက်ဘဘလုံ တစ်ချက်အကဲခတ်သလို သူ့ကိုကြည့်လာသည်။

"မဥလေးက ပြောတယ် .. ကြွေ့ကို .. မောင်ဘုန်းစစ်မင်းက .. အင်း .. သူ့အဖေက .. ခပ်တင်းတင်းနေတာတဲ့ .. ငယ်ကတည်းကပဲတဲ့ကွယ် .. ခလေးခမျာ .. အဒေါ်နဲ့ကြီးရတာပါ .. မသင်းဝေတို့မဥတို့နဲ့ ဆိုပါတော့လေ .. ခြံထဲကကိုသိန်းအုံတောင်မှ .. ဆင်စီးတမ်းဆော့တာတို့ ဘာတို့ရှိခဲ့ရပေမယ့် .. ကြွေဟာ ငယ်ကတည်းက .. အင်း .. မလွှမ်း

www.burmeseclassic.com

ရှင်ဆုံးပါးပြီးကတည်းက .. မောင်ဘုန်းစစ်မင်းရဲ့ လက်ပေါ် တစ်ခါတောင်မှ မရောက်ခဲ့ဖူးရှာဘူးတဲ့လေ .. ခလေးကို ငါးတန်းကတည်းက ဘော်ဒါမို့ထားလိုက်တာကလဲ မောင်ဘုန်းစစ်မင်းရဲ့ အစီအမံပဲတဲ့ .. ထားတာကလဲ .. ဒီမိုင်းသာက စိန့်ဂျရိုစာကျောင်းရဲ့ ဘော်ဒါဆောင်မှာပဲ .. တစ်မြို့တည်းမှာပဲထားတာ .. ကျောင်းကိုအိမ်က မတက်စေရဘူး.. ဘော်ဒါထားပြီး ဟိုက်နေ့တက်ရတာ .. ဖစ်တိုရီးယား ဆိုတာ ကိုယ်ပိုင်ကားလေးတွေ ရှိသမှ နှစ်စီး .. ဂျစ်ကားကတစ်စီးရှိသေးတယ် .. အိမ်ကနေပြီး ခလေးကျောင်း တက်နိုင်ပေတာပဲလေ .. ဘာတွေလဲမပြောတတ်ပေါင် လူလေးရယ် .. ”

ဟု ဤတစ်ကြိမ်မှာတော့ ဘဘလုံးခေါင်းယမ်း၍ ပြောရှာပါ၏။

“နှင်းဆီရိပ်ငြိမ်ကို ကြွေရောက်ဖူးသလား ဘဘလုံ .. ”

“အင်း .. ကျောင်းပိတ်ရက်တွေ ဖစ်တိုးရီးယားမှာ ပြန်ပြ လာနေတဲ့ အခါ .. မဥနဲ့ပဲ ဖြစ်ဖြစ် .. ရောက်လာတတ်ပါ တယ် .. ဒါပေမဲ့ .. ဒီတစ်ခေါက် .. ဒီခလေး .. ရောက် လာဘူးကွယ့် .. ဘာဖြစ်တယ်မသိပေါင်ကွယ် .. ခလေး က .. မလွမ်းရှင်နဲ့တစ်ပုံတည်းရယ် .. ချောသကွယ့် .. ”

ဟု ပြောပါ၏ .. ။ ဤတစ်ကြိမ်မှာ ကြွေ .. နှင်းဆီ ရိပ်ငြိမ်သို့ ရောက်မလာခြင်းအတွက်တော့ သူ့ရင်ထဲမှာ .. မချင်း ကြီးပင် ဖြစ်ချင်ချင် .. ။

“မိန်းကလေး သဘာဝ .. ခြံထဲဘာ ပန်းတွေလာလာခူး

လဲပါတယ် .. ဘဘအတွက်မုန့်လေးဘာလေး တကူးတက ဝယ်ပြီး လာပို့တာလဲပါတယ် .. သူ့ခွေးနေ့ဆို .. မုန့်လာပို့ နေကျ .. ဒီတစ်ခေါက်တော့ .. သူလာမပို့ဖြစ်ဘဲ .. မဥတစ် ယောက်ထဲ လာပို့ရှာတယ် .. ထုံးစံအတိုင်းမဥကတော့ ပြောပြတယ်လေ .. ကြွေ့သူငယ်ချင်းတွေလဲပါလာတယ်တဲ့ ပြီးတော့ .. ကြွေ့ဖေဖေရဲ့ညီ့သည် ခပ်ချောချော မိန်းမ တစ်ယောက် .. အဲဒါနဲ့ ပတ်သက်ပြီး .. ကြွေကျောင်းက ပြန်လာနေတဲ့ ဒီရက်မှာ ဆုံဖြစ်ရင်း .. စကားတွေမပြေမ လည်ကြီး ပြောဖြစ်ကြတယ်တဲ့ .. အဲဒါ .. ကြွေနဲ့ ကြွေ့ အဖေ .. သိပ်အဆင်မပြေချင်ကြဘူးတဲ့ .. ကြွေလဲစိတ်ညစ် နေတယ်တဲ့ .. အဲသလောက်တော့ ပြောပြသွားပါရဲ့ .. အင်း .. ဒုက္ခ .. ဒုက္ခ .. ခလေး .. စိတ်ပင်ပန်းရှာပေမပေါ့ လူကြီးဖြစ်တဲ့ မောင်ဘုန်းစစ်မင်းလဲ .. ပင်ပန်းရှာချေမှာ ပါပဲ .. ဒီနေ့တော့မဥလေးလဲ ရောက်မလာသေးဘူး .. ဘာ သတင်းမှ မကြားရသေးဘူးဆိုပါတော့ .. လူလေးနဲ့ကတော့ ကြွေလေးက .. ဒီမှာမဆုံဘဲ .. ကမ်းဘေးမှာလဲ ဆုံဖြစ် .. မြို့ပြင်လမ်းဘေးမှာလဲ ဆုံဖြစ်နဲ့ .. အံ့ဩစရာပေပဲ .. နီးတဲ့ ခြံထဲမှာ မဆုံဖြစ်ကြပေဘူးလေ .. ”

ဟုထပ်ပြောစဉ်ခိုက်သူ ငိုင်နေသည် .. ။

အာရုံထဲ တိုးဝင်လာနေသည်က ကြွေ .. ကြွေသည် ဤခြံထဲမှာ လှပသော ပိုးဂါဝန်လေးနှင့်ပဲဖြစ်ဖြစ် .. လှပသော မြန် ဘဝတ်စုံလေးနှင့်ပဲဖြစ်ဖြစ် .. ရောက်ရောက်လာတတ်ကာ .. ပန်း လှလှလေးတွေကို .. ခူးခူးနေတတ်ချေပေလိမ့်မည် .. ။ အာရုံထဲ

www.burmeseclassic.com

www.burmeseclassic.com

မှာကြွေသည် .. ပျော်ရွှင်စွာရယ်မောနေသည်။ ပန်းလှလှလေးတွေကလည်း တပွေ့တစ်ပိုက်မျှ ကြွေရင်ထဲမှာဖေးကာယ်၍ လက်မောင်းလေးတွေလက်ချောင်းလေးတွေဖြင့် ထိန်းကိုင်ထားလျက်ဖြင့် ရှိနေသည် .. ။ ရှည်လျားသော ကြွေ့ဆံနွယ်တွေကို နှင်းဆီရနံ့သင်းသော လေပြည်က တိုးဝှေ့ထိခတ်ကျည်စယ်နေချိန်မှာ ကြွေသည် နှင်းဆီတွေထဲမှ အလှဆုံးထင်သော အရောင် .. အလှဆုံးထင်သော အပွင့်လေးကို ရွေးချယ်၍ ဆံကေသာယဉ်ကျေးကျော့မှာ ပန်ဆင်နေပေလိမ့်မည် .. ။ ကြွေရွေးချယ်သည့် နှင်းဆီပွင့်၏ အရောင်သည် မည်သည့်အရောင်ဖြစ်နေပါချေမည်မသိ .. ။ အပြာရောင်လည်း ဖြစ်နိုင်သည် .. ။ အို .. အဝါရောင်လေးလည်း ဖြစ်နိုင်သည်ပဲ .. ။ ဟိုးမှာလှမ်းပြင်နေရပါသော ပုဇွန်ဆီသွေးအရောင်လေးရော မဖြစ်နိုင်ပြီတဲ့လား .. ။ သူ့အာရုံက တပြန့်တလျားရှိနေလျက် .. ။ အတွေး၏ ပုံရိပ်လေးကလည်း လှပလွန်းနေသည် .. ။ သူ့အတွေးထဲမှ ကြွေသည်ပန်းတွေနှင့် ပျော်နေသော ကြွေဖြစ်နေသည် .. ။

သူ့အတွေးဖြင့် ပုံဖော်မြင်မိရပါသည့် ကြွေသည် .. သောကကင်းဝေးနေသော ကြွေဖြစ်နေသည် .. ။ ပန်းတွေနှင့် အပြိုင်လှနေလျက် .. ပန်းတွေက အရှုံးပေးလိုက်ရသော ကြွေဖြစ်နေသည် .. ။

သြော် .. ကြွေ့ကို .. ထိုသို့ပဲ .. သူ .. ဖြစ်လိုက်စေချင်ပါသည် .. ။

ကြွေ့ဘဝလေးကို ကြားခဲ့ရပြီးသည့် နောက်မှာ .. ကြွေသည် .. သူ့ကိုပို၍ စိုးမိုးလာသည်။ လွှမ်းမိုးလာသည်။ သူ့နှလုံးအိမ်တွင်းမှသာမက .. သူ့ဦးနှောက်သို့တိုင်လည်းဝင်၍ နေရာယူလာသည်။ သူ့သွေးကြောမျှင်များဆီသို့လည်း တိုးဝှေ့နေရာယူလာသည် .. ။ ကြွေသည် .. လုံးဝကြီးကို .. သူ့ထံမှ .. ကြင်နာခြင်းများကို ပိုင်စိုးသိမ်းဆည်းသွားလိုက်နိုင်သည့်နှယ် .. ။ သူ့ထံမှချစ်ခြင်းများကိုလည်း .. ပထမဆုံးသော .. မိန်းမသားတစ်ယောက်အဖြစ် သူ့နှလုံးအိမ်တွင်းဆီသို့ နိုင်မြဲပိုင်စိုးသော ခြေလှမ်းများဖြင့် ဝင်ရောက်လာချေသည်တကား .. ။

ကြွေသည် .. သူ၏ .. ချစ်ရပါသော မိန်းကလေး အဖြစ် .. သူ့ဘဝမှာ .. သူ၏အချစ်ဦးအဖြစ် .. မြတ်နိုးမှု၏ ဧကရီလေးအဖြစ် .. တိုးဝင်လာချေလျက် .. ။

ထိုမိန်းကလေးသည် .. အချစ်ဆိုသောအရာကို .. ရင်ထဲသို့တိုင် ခံစားလာစေပါသည့် ဘဝ၏ အဦးအစမိန်းကလေး ဖြစ်ဘီသကဲ့သို့ .. ။ ထာဝရ .. မိန်းကလေးအဖြစ်လည်း ရှိသွားရမည်သာ .. ။

ကြွေသည် .. အင်အားကြီးစွာ .. နူးညံ့သိမ်မွေ့စွာ ထက်ရှိင်းတည်မြဲစွာ .. ပိုင်စိုးပိုင်နင်းကြီးလည်းနိုင်စွာ .. အချစ်တွေကို .. ခံစားဖြစ်တည်စေခြင်းများဖြင့် ဝင်ရောက်လာပါသည့် မိန်းကလေးဖြစ်လျက် .. ။ ဘဝ၏ လမင်းလေးတစ်မင်းလည်းဖြစ်ပါချေသည်တည့် .. ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [၁၃]

လပြည့်ကျော်နှစ်ရက်နေ့၏ ညဥ့်သည် ဝိုင်းစက်စက် လဝန်းအဖြစ်ဆီမှ တဖြည်းဖြည်းပြန်ဆုတ်လာပေမယ့် .. ဝန်းစက် စက်ရှိနေဆဲဟုထင်နေရစေပါသော လရောင်ကြောင့် ညဥ့်လွှာရုံ တစ်ခုလုံးသည် လရောင်၏အောက်မှာ အေးစက်ဝင်းဖန့်နေသည် သို့ ထင်ရစေဆဲ .. ။

လသည် စွန်ပုလွန်ပင်မြင့်မြင့်ကြီးတွေ ရှိနေရာနှင့် တစ်တောင်သာသာလောက်မှာ ခပ်ဖြည်းဖြည်းရွေ့နေသည်သို့ တိမ် ဓာပြင် အရွေ့ကြောင့်ထင်ယောင်မှားနေစေသည့်အဖြစ် .. ။

လှမ်းလင့်မြင်နေရပါသော မိုင်းသာကန်ရေပြင်သည် စိုစွတ်ဖြန်းပက်စပြုနေပြီ ဖြစ်ပါသော နှင်းစက်တို့ကြားမှာ လနှင့် အတူရှိနေပါသည့် စွန်ပုလွန်တောနှင့် အဖော်ပြုနေသည့်နှယ် လှပစွာ ရှိနေပါချေ၏။

ပြတင်းအနီးမှာ ကြွေရပ်နေသည်။ ဖားလျားဝေဝေ သော ဆံနွယ်နက်နက်လေးတွေက ပိုးသားမျှင်ရှည်လျားလျားလေး

တွေပမာ ပုခုံးကိုကျော်၍ ရင်အုံလေးကို ဖြစ်ကျော်နေသည်လည်း ရှိ .. ။ ကျောပြင်ကိုဖြတ်ကာ ဒူးခေါက်ကွေးသို့တိုင် ပျောင်းနွဲ့စွာ လည်းရှိနှင့် .. လှမ်းတို့ထိခတ်ရာ လေပြည်နုနှင့် အတူရှိနေပါသည့် အဖြစ် .. ။ ကြွေ့မျက်ဝန်းလေးတွေကပင် နီမ့်တစ်ချို့ .. ပင်မြင်တစ် ချို့ .. ပင်ပေါက်တစ်ချို့ဖြင့် အုပ်ကောင်းနေသော စွန်ပုလွန်တော ရှိရာဘက်ကို ခပ်ငေးငေးတန့်နေဆဲ .. ။ ဒါပေမဲ့ .. အာရုံက .. ဗစ် တိုးရီးယားဆီသို့ ခေါက်တုန့်လူးလာ .. ပြန်ပြန်ရောက်သွားနေပြန် သည် .. ။

မနေ့က .. ဖေဖေ .. အက်ဆီးဒင့်ဖြစ်သည်။ ဤနေ့ မနက်ကျတော့ .. ဖေဖေ .. ဆရာဝန်ကြီး ဒေါက်တာချာဒါဂျီ၏ ဖွင့်ပြုချက်ဖြင့် .. ဆေးရုံမှ ပြန်ဆင်းလာသည်။ ဖေဖေ့ခေါင်းမှာရ သော ဒဏ်ရာသည် အတွင်းပိုင်းကို ထိခိုက်မှုမရှိဟု .. ဓါတ်မှန်ကြီး ၏အဖြေဖြင့် ဒေါက်တာချာတာဂျီက ဖေဖေ့ကို ပြောခဲ့ပေမယ့် .. ဂျက်ချင်းတော့ ဆေးရုံဆင်းခွင့်မပေးဘဲ ထားခဲ့ကာ ဆေးရုံမှာ တစ် ညတော့ အိပ်ခိုင်းခဲ့သည်တဲ့ .. ။ ဖေဖေကတော့ ဆေးရုံက ဆင်း ချင်သည်ဟုပဲ တောက်လျှောက်ပြောခဲ့သည်ဟု အန်တီလေးက တော့ .. ဖေဖေ့အက်ဆီးဒင့်သတင်းကို ကြားကြားချင်းဆေးရုံသို့ လိုက်သွားခဲ့ကာ .. ဆေးရုံမှ ပြန်လာတော့ ဗစ်တိုးရီးယားမှာ ပြော ပြခဲ့သည်လေ .. ။

ဒါပေမဲ့ .. ဖေဖေသည် .. ကြွေ .. ဆေးရုံသို့ .. အန်တီလေးတို့ထက်စော၍ မော်ပန်းတကြီး .. စိုးရိမ်တကြီးဖြင့် ရောက်ခဲ့သည့်အဖြစ် တစ်ခုကို .. အန်တီလေးအား ပြောပြခဲ့ခြင်း မရှိတာကိုတော့ ကြွေနားလည်ခဲ့ရပါ၏ .. ။

www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်ဆို ..

"ကိုကြီးအက်ဆီးဒင့်ဖြစ်လို့ ဆေးရုံကိုရောက်နေတယ်လို့ မဥ ကြွေ့ကိုလာပြေးပြောတော့ .. ဂျစ်ကားနဲ့ကို အလေးတ ကြီးထွက်သွားတာဆို .. ဒေါ်ကြီးသင်းတို့ကဖြင့် .. ဂျစ်ကား ကို မကျွမ်းကျင်ဘဲ မောင်းသွားရင်းများ .. တစ်ခုခုနဲ့ တိုက် မိနေပြီလားလို့တောင် စိတ်ပူလာကြရတာတဲ့ .. ကြွေဘ ဆေးရုံကိုလဲမရောက် .. အိမ်ကိုလဲပြန်မရောက်လာနဲ့ ရှိ၍ တာကိုး .. အန်တီလေးတောင်မှ စိတ်ပူလာရတာ .. အန် တီလေးဗစ်တိုးရီးယားကို ပြန်ရောက်လာချိန်ထိ .. ကြွေ ပြန်မှမရောက်သေးတာ .. ကိုကြီးဆေးရုံရောက်နေတာ ကြွေသိရဲ့လား .. မသိဘူးဆိုပြီး ဆေးရုံမှာ ကိုကြီးကို ပြော တော့ ငြိမ်နေတယ် .. ကြွေမရောက်ဘူးဆိုတာ အန်တီ လေး .. ချက်ချင်းရိပ်မိတာပေါ့ .. တကယ်က .. ကြွေ ဂျစ်ကားနဲ့ ထွက်သွားတာကအစ .. စိုးရိမ်တကြီးနဲ့ .. အန် တီလေးဆီ ကိုကြီးသတင်း ဖုန်းနဲ့ဒေါ်ကြီးသင်းပြော တည်းက .. ထည့်ပြောခဲ့ပြီးသား .. အန်တီလေး .. အမှုံ ကြီးမမေးရဲလို့ .. ကိုကြီးကို .. အဲသလောက်လေးပဲ အက တောက်ကြည့်မိတာ .. ကြွေ .. လာသွားတယ်ဆိုရင် .. ကိုကြီးက .. ကြွေလာသွားပြီဆိုတာလောက်ကိုတော့ ကိုပြောရမှာလေ .. အဲသလို .. မပြောကတည်းက ကို ဆီကို .. ကြွေမရောက်ဖူးဆိုတာ အန်တီလေးသိနဲ့ရတ ဘာပဲဖြစ်ဖြစ်ပေါ့ကြွေ .. ကိုယ့်အဖေဆေးရုံတက်ရဘာ တဲ့အထိ အက်ဆီးဒင့်ဖြစ်ခဲ့ရတဲ့ ကိစ္စ .. ကြွေ .. ဟိုကို

သင့်တာပေါ့ .."

ဆိုသည့် စကားရှည်ကြီးထဲမှာ အပြစ်တင်သံငွေ့ငွေ့ သမ်းနေလျက် အန်တီလေးမျက်နှာမကောင်းဘဲ ပြောခဲ့သည်မဟုတ် ပါလားလေ .. ။

ထိုစကားသည် .. ယခုတိုင်အနီးတကပ်ပြောနေ သည့်နှယ်ရင်ကိုလာ၍ ထိနေစေဆဲ .. ။

ဖေဖေဆေးရုံတက်ခဲ့သည့် .. တက်နေရပါသည့် .. ညမှာ .. အန်တီလေးပြောခဲ့သော စကားတွေကို ကြွေဘာဆိုဘာမျှ ကို .. ရှင်းမပြနေခဲ့တော့ .. ။ မြို့ပြင်မှာ ကားထိုးရပ်နေခဲ့သည် ဆိုတာလောက်ကိုပဲ ပြောခဲ့သည်မို့ .. အန်တီလေးမှာ ရင်တီးလက် ခတ်ဖြင့် ..

"အလိုလေးလေ .. မြို့ပြင်မှာ ကားထိုးရပ်ပြီး ဒီလောက် အကြာကြီးအချိန်တွေဖြုန်းနေခဲ့တယ် .. ဟုတ်လားကြွေ .. အဖေဆီကို မသွားဘဲ .. တောအုပ်တွေရှိနေတဲ့ အဲဒီမြို့ပြင် ကလမ်းကို .. ဘာသွားလုပ်နေတာလဲကြွေ .. ဒီလိုလုပ်တာ ကြွေမှားတယ်ခလေးရဲ့ .. "

ဟုပင်ပြောခဲ့သည် မဟုတ်ပါလား .. ။

ထိုစကားတွေကို .. ကြွေသည် .. ဘာဆိုဘာမျှကို ပြန်ခဲ့ .. ။ ငြိမ်သက်စွာပဲ ပန်းခြံထဲမှ ခုန်တန်းပြာလေးထက် မှာ ထိုင်ရင်း ခံစားမှုတွေကင်းမဲ့ ပျောက်ဆုံးနေသည့် ကြွေအဖြစ် အားစက်စက်အသွင်လေးနှင့် အန်တီလေးကို အမူအရာဖြင့်ပဲ တုံ့ ပြန်ခဲ့သည်လေ .. ။

တကယ်တော့ .. ကြွေ့ရင်ထဲမှာ .. ဖေဖေ့ထံမှ စိမ်း

www.burmeseclassic.com

www.burmeseclassic.com

ဖြတ်သော .. ဥပေက္ခာပြုလွန်းသော ခါးသီးသော တုန့်ပြန်မှုတွေကို ချည်းသာ ရင်ဆီး၍ ခံစားခံယူလာခဲ့ရပါသည့် .. ရှည်လျားသော ဖြတ်သန်းမှုတစ်ခုကို .. ပန်းလျှော .. အနှိုင်းမဲ့ခံစားနေခဲ့ရသည်ကို အန်တီလေးကို ထိုစဉ်က .. ဘာဆိုဘာမှ ပြောပြဖြစ်ခဲ့ခြင်းပါ။ ပြောပြ၍လည်း .. ကြွေဘဝသည်ဘာထူးလာချေမည်မို့တဲ့လဲလေ။

ကြွေရှင်းပြလိုက်၍ရော .. စိမ်းကားအေးစက်သော ဖေဖေ့စိတ်တွေကို .. ပြောင်းလဲသွားစေဖို့အတွက် အန်တီလေးက ဘာမှုလုပ်ပေးနိုင်စွမ်းရှိချေသည်မှ မဟုတ်ချေပဲလေ .. ။ မထူးသည့် အတူတူ .. အဖြစ်မှန်တွေကို ကြွေရှင်းမပြချင်တော့ .. ။ အန်တီလေး၏အပြစ်တင်ခြင်းဆိုသည့် စကားတွေကို .. နားထောင်နေရခြင်းကြောင့်လည်း .. ပို၍ရင်သည် .. မကြေကွဲနိုင်စေတော့ .. ။ အမွမွ .. အစစ .. ပြိုကျကြေမွနေသည့် ရင်ကို .. ခနောက်ထပ်ဘာပ် အရာကမှလည်း .. ပို၍မကြေကွဲစေနိုင်တော့ .. ။ ရှိပါစေတော့ .. အန်တီလေးထံမှ .. စိတ်မောလက်မောနိုင်စွာအပြစ်တင်ခြင်းများ ဖြင့် ပွင့်ကျလာနေသည့် စကားတွေကို .. ထိုအတိုင်းပဲ ရှိစေတော့ ဟုကြွေမှတ်ယူခဲ့သည်လေ .. ။

ခုလည်း .. ကြွေသည် .. ညနေ့နေက်မှာ ဖေဖေ ဆေးရုံကဆင်းလာပေမယ့် .. ညမနက်မှာပဲ .. ကြွေသည် .. ဗိ ဂျရီဇာဘော်ဒါဆောင်သို့ ပြန်လာခဲ့ပါ၏။ အန်တီလေးက .. ညတ ရက်နှစ်ရက်လောက်တော့ .. ဗစ်တိုးရီးယားမှာနေဖို့ ကြွေ့ကို ကို ၍ခပ်တိုးတိုးလာပြောခဲ့သေးသည်ပဲ .. ။

ကြူလေးတို့အုပ်စုပဲ ပြန်စေ .. ။ ကြွေကတော့ တစ်ရက်နှစ်ရက် .. ပို၍နေဖို့သဘောအန်တီလေးပြောခဲ့ပေမယ့်

ကြွေခေါင်းလည်းမခါ .. ခေါင်းလည်းမညိတ် .. ။ ကြွေ့ရင်ထဲမှာ ဘာဆုံးဖြတ်ထားသည်ဆိုတာကိုလည်း အန်တီလေးကို မပြောပြ ပဲ .. ။ ကြူလေးတို့ကို ပြန်ပို့ပေးဖို့အိမ်မှ ပလိုင်းမောက်ကားကြီးဖြင့် ပြန်ပို့ဖို့ ဦးသိန်းမှအသင့်ဖြစ်၍ စောင့်ချိန်မှာ .. ။ ကြွေသည်လည်း ကြူလေးတို့နှင့်အတူ .. သားရေသေတ္တာလေးကားထဲထည့်၍ အတူ တက်လိုက်ခဲ့သည်မို့ အန်တီလေးမှာ သက်ပြင်းရှိုက်ကျန်ခဲ့သည် မဟုတ်ပါလား .. ။

ခုတော့ .. ဪ .. ခုတော့ကြွေသည် .. ဘော်ဒါ ဆောင်တစ်ခု၏ ငါးယောက်ခန်းတင်ခန်း အဖြစ်ရှိနေပါသော အခန်း ပြတင်းမှာ ငြိမ်သက်စွာရပ်၍ ကန့်ရေပြင်နှင့် စွန်ပုလွန်တော .. ။ လဝန်းကြီးနှင့် ကန့်ရေပြင် .. အားလုံးကိုငေးကြည့်ရင်း တိတ်ဆိတ် စွာ အတွေးတွေပြန့်ကျက်၍ တစ်ယောက်တည်းမှိုသိပ်ကြေကွဲနေ သော ကြွေ .. ။ အိပ်မရနိုင်သော ကြွေအဖြစ်ရှိနေရချေပြီ တကား.. သံကုတင်လေးတွေဆီမှ .. တိုးသဲ့သောအသက်ရှူသံလေးတွေဖြင့် ကြူလေးတို့တစ်အုပ်လုံးကတော့ အိပ်မောကျနေကြဆဲ .. အခန်း ထဲမှာ လူတစ်ယောက်ကတော့ လိုနေသည် .. ဖလိုမီနာပြန်ရောက် မလာသေး .. ။ ဖလိုမီနာ၏ သံကုတင်လေးကတော့ လူလွတ်နေ သည် .. ။ တစ်ရက်နှစ်ရက်အတွင်းမှာ ဖလိုမီနာပြန်ရောက်လာလိမ့် မည်ဟု ကြွေထင်သည်ပါပဲ .. ။ ထိုအချိန်ဆိုလျှင်တော့ဖြင့် အခန်း လေးသည် လူစုံတက်စေ့ ဖြစ်ချေလိမ့်မည် .. ။

ဒါပေမဲ့ .. ကြွေအတွက်ကတော့ .. ဖေဖေနှင့်ပတ် သက်၍ အရမ်းကိုဆိုးဝါးစွာ ရင်ကိုဖိဆီးနေကြပါသည့် ကြေကွဲ ဆောင်မြိုက်ခြင်းဖြင့် မျှော်လင့်ချက်များ .. ပျောက်ဆုံးစေခြင်း

www.burmeseclassic.com

www.burmeseclassic.com

များဖြင့် နှစ်မြုပ်နေရပါသည့် ဘဝထဲမှာ ရှိနေရချေသည်မို့ .. ။ လူစုံလာစေဦးတော့ .. ကြံဖန်ဖြေသိမ့်ယူတတ်စွာ .. ပျော်နိုင်ဖို့ ကြိုးစားနေတတ်စွာ ရှိခဲ့ပါသော .. ကျန်ရစ်ခဲ့ပြီဖြစ်သည့် .. ဘော်ဒါဆောင်သူလေးအဖြစ် .. ပြန်လည်၍ ရောက်ရှိလာနိုင်တော့မှာ မဟုတ်ဟု အလိုလိုသိနေရသည်ပါပဲ .. ။

"ဖေဖေဟာ .. သူ့သမီးအဖြစ် .. ငါ့ကိုအသိအမှတ်မပြုသလို သူ့သမီးမဟုတ်တဲ့ငါ့ကို .. မုန်းလဲမုန်းတယ် .. အတော်ကြီးကို မုန်းနေတယ် .. အဲဒါကို .. ငါသိနေရတယ်လေ .. အို တကယ်တော့ .. ကြွေဟာ .. ဗစ်တိုးရီးယားမှာ .. မှီခိုနေတဲ့သူတစ်ယောက်ပဲ .. မဖြစ်လို့ .. ထားနေရတဲ့ကြွေအဖြစ် ဖေဖေ့ဘက်က .. မှတ်ယူထားတဲ့ လူတစ်ယောက်ပါပဲ .. ငါ .. ကြူလေးတို့ကို အားကျလိုက်တာ .. သူတို့ကမှ .. ဗစ်တိုးရီးယားကို အလည်လိုက်လာကြရင်းနဲ့ .. ဖေဖေ့ဆီက .. အပြုံးလေးကိုတော့ .. အမုန်းမပါဘဲ လက်ခံရလိုက်ကြရသေးတယ် .. ငါက .. ငါက .. ဖေဖေ့အမုန်းတွေကို ဘယ်တော့မှ ဖယ်ရှားနိုင်ခွင့်မရတော့တဲ့ ကြွေအဖြစ် ရှိနေရတာ .. ရှိနေရတာ .. "

ဟုတွေးနေရင်း ကြွေတစ်ယောက်တည်း အခန်းထဲမှတိတ်ဆိတ်စွာ ထွက်လာမိခဲ့ပါ၏ .. ။ အခန်းတံခါးကို ကြွေသာသာလေးပဲဖွင့် .. ။ အသာလေးပဲပြန်စေ့ပိတ်ခဲ့ပါ၏ .. ။ ဝရံတာရှည်လျားလျားလေးအတိုင်း ကြွေလျှောက်လာနေမိရပေမယ့် .. တကယ်တော့ .. အပြင်ရောက်ပြီးလျှင် .. ဘာလုပ်မည်ဆိုတာ .. ကိုယ့်ဘာသာလည်း .. ဘာမှရည်ရွယ်ထားတာမရှိ .. ယောင်နန

နိုင်နေသော ခြေလှမ်း .. ။ ဦးတည်ရာမဲ့နေသော ခြေလှမ်း .. လုပ်မိလုပ်ရာလျှောက်နေခြင်းဆန်နေသော ခြေလှမ်းတွေဖြင့် ကြွေဝရံတာထောင့်ချိုးကွေ့လေးအတိုင်း ဆက်လျှောက် .. ။ တစ်ဆစ်ချိုးကွေ့နေရာလေးမှာ ရပ်လိုက်မိရင်းမှ နံရံကိုကျောဖြင့်မှီလိုက်ရင်းမှ ခပ်ဖြည်းဖြည်း ထိုင်ချလိုက်မိသည်။ ဒူးလေးကိုလက်ဖြင့်သိမ်း၍ပိုက်ထားမိလိုက်ကာ ကောင်းကင်ကြီးကိုလည်း မော့ကြည့်မိသည်။ ကန်ရေပြင်ဘက်ကိုလည်း လှမ်းကြည့်မိသည်။ တစ်ယောက်တည်းရှိနေခြင်းကိုက .. တိတ်ဆိတ်ငြိမ်ကျနေခြင်းကို ပို၍အာရုံထဲနစ်ဝင်လာနေစေသည့်အဖြစ် .. ။ မျက်တောင်ထူရှည်စင်းစင်းလေးတွေကို စင်းချ၍ ကြွေတစ်ချက်ငြိမ်နေသည် .. ။ လေတိုးသံတွေကပင်လျှင် ကြွေ့နားထဲမှာ ကျယ်လောင်လာနေကြသည်သို့ ခံစားနေရရင်းဖြင့် ရင်ထဲမှာ မွန်းကြပ်ချင်လာပြန်၏ .. ။

ခေါင်းလေးကို နံရံမှာမှီချလိုက်ကာ ခပ်မော့မော့လေးလည့်ကိုဆန့်၍ တစ်ချက်အသက်ခပ်ပြင်းပြင်း ရှိုက်မိလိုက်ရပါ၏။

အာရုံထဲတိုးဝင်လာနေသည်က ဘော်ဒါဆောင်သို့မပြန်မီ အချိန်ပိုင်းလေးမှာ ဖေဖေ့ကို ဖေဖေ့အခန်းထဲဝင်၍ ကြွေကန်တော့ခဲ့ရသည့်အဖြစ် .. ။

ထိုအချိန်က ဖေဖေသည် ခုတင်ထက်မှာ လှဲလျက်ရှိနေသည်။

ကြွေဝင်လာတာကိုမြင်တော့ လှမ်းကြည့်ရင်းမှ အကြည့်က တစ်ချက်မျှလေးပဲ စားပွဲထက်မှ အနီရောင်ကတ္တီပါဘူးလေးဆီသို့ရောက်ခဲ့သည် မဟုတ်ပါလား .. ။

www.burmeseclassic.com

www.burmeseclassic.com

ကြွေ .. တွေးနေရင်းမှ ခေါင်းခါပြီးပြန်၏။ နှုတ်ခမ်းလေးခပ်မဲ့မဲ့တစ်ချက်ဖြစ်သွားသည်။

လှမ်းလင့်မြင်နေရသော မြေရိုက်သစ်ရွက်ပန်းအိုးတွေရှိရာဘက်ကို အတန်ကြာငေးနေမိရပြန်ပါ၏။

"ဖေဖေ့အခန်းထဲ ငါရောက်တော့ .. ငါ့ကိုကြည့်တဲ့ ဖေဖေ့အကြည့်တွေထဲမှာ .. အေးချမ်းနေတဲ့ အရိပ်တွေလုံးဝကင်းမဲ့နေခဲ့ကြတာပဲ .. ငါကြမ်းပြင်မှာ ထိုင်ပြီး .. ဖေဖေ့ကိုကန်တော့ချိန်မှာလဲ .. ဖေဖေ .. နှုတ်ခမ်းတော့လှုပ်ပါရဲ့.. ဆုပေးနေတာလား .. ဒါမှမဟုတ်ရင် .. ငါ့ကို .. ပညာအမွေကလွဲလို့ဘာမှမပေးဘူးဆိုတဲ့ စကားကိုပဲ ထပ်ပြောနေတာလားဆိုတာ .. ဖေဖေပဲသိမှာပဲ .. ငါ့ကို .. ငါကြားအောင်ဆုပေးလိုက်တယ်ဆိုရင် .. ဖေဖေ့မှာဘာမျှားနစ်နာမှာ မို့လို့လဲ .. ငါ့ကို .. တစ်ချက်ပဲကြည့်တယ် .. ပြီးတော့ .. စားပွဲပေါ်က ကတ္တီပါဘူးလေးကိုကြည့်တယ် .. ယူသွားတဲ့ဒါပဲပြောတယ် .. သဘောက .. မွေးနေ့လက်ဆောင်ဆိုပါတော့ .. မွေးနေ့က မပေးဖြစ်လိုက်ရတဲ့ ပစ္စည်းတစ်ခုကိုငါ့ကို ဖေဖေက ပေးတယ်ဆိုတဲ့ သဘောပေါ့ .. ငါ .. ငါ .. ဖေဖေ့အခန်းထဲသွားခဲ့တာဟာ အဲဒီပစ္စည်းတစ်ခုကို ယူလိုဇောနဲ့ မဟုတ်ဘူးဆိုတာလောက်တော့ ဖေဖေသိသင့်တာပေါ့ .. "

တစ်ယောက်တည်း စကားတွေပြောနေမိရပါသည့် ရှင်မွေးကြွေဆိုသည့် သမီးတစ်ယောက်သည် .. ဘော်ဒါဆောင်၏ဆောင့်ချိုးကွေ့ဝရံတာဆောင်နေရာလေးမှာ ရှိနေရှျလိမ့်မည်ဟု

ဖေဖေ စိတ်ကူးထဲမှာတောင် တွေးမိနေမှာ မဟုတ်တာကတော့သေချာနေသည်ပါပဲ .. ။

ရင်ထဲမှာ ဖြစ်တည်နေရပါသည့် မွန်းကြပ်နေသောရင်ထဲဆို့နေသော ခံစားမှုတွေသည် .. ဖေဖေ့အခန်းမှာ ရှိစဉ်တုံးကဖေဖေ့ကို ကန်တော့ပြီးချိန်မှာ ကြွေခံစားခဲ့ရပါသည့် အတိုင်းမလျော့ပါးသွားပဲ တည်မြဲနေစေဆဲ .. ။

"ငါ .. ဖေဖေ့လက်ဆောင်ဘူးကို ဘိုတောင်မတို့ ထိတောင်မထိဘဲ အခန်းထဲက ထွက်ခဲ့ချိန်မှာ ဖေဖေဘယ်လိုဖြစ်ကျန်ခဲ့မလဲ .. ဒါကိုတော့ငါလှည့်ကိုမကြည့်မိခဲ့တာမို့ .. ငါမသိနိုင်ပေမယ့် .. အတော်ကြီးကို ခံပြင်းနေမယ်ဆိုတာလောက်ကိုတော့ ငါမှန်းဆယူလိုက်နိုင်ပါတယ် .. ဖေဖေ့ကိုစိတ်ထဲခံပြင်းအောင်လုပ်ခဲ့နိုင်တဲ့အတွက် .. ငါ .. ဘာလို့ကျေနပ်နေမိရသလဲ .. ဟုတ်တယ် .. ငါ .. ကျေနပ်နေမိတာတော့အမှန်ပဲ .. အဲဒါ .. ဖေဖေ့ကို .. ငါ .. အသံတိတ်နည်းနဲ့ .. ဖေဖေ့စကားကို ပြင်းဆန်ခဲ့ခြင်းတစ်ခုဖြစ်နေတယ် မဟုတ်လား .. "

ကြွေသည် တစ်ယောက်တည်း ဝရန်တာထောင့်ချိုးကွေ့လေးမှာ ရှိနေရင်းအတွေးများဖြင့် ရှိနေလျက် .. နှုတ်ဖျားဆီမှလည်း စကားသံတိုးတိုးလေးတွေ ပွင့်ကျလာနေရင်းမှတစ်ချက် ပြုံးသည် .. ။ ဖေဖေဆေးရုံကဆင်းလာသည့် နေ့မှာပဲကြွေဘော်ဒါဆောင်သို့ထွက်လာခဲ့သည့်အတွက်လည်း ဖေဖေခံပြင်းချေမည်လားသိ .. ဒါကတော့သိပ်မသေချာသော ကိစ္စ .. ။ ဖေဖေသည် ကြွေရှိနေခြင်း .. မရှိနေခြင်းဆိုသည့်အရာကို အရေးတကြီးထား[illegible]စား

www.burmeseclassic.com

www.burmeseclassic.com

နေဖို့အချိန်ပင် မရှိဘဲ ဖြစ်နေချေဖို့ကတော့ ပို၍သေချာနေသည်ပါပဲ .. ။ ရင်ထဲတွင်ကျင်ခနဲခံစားလိုက်ရပြန်ပါ .. ။

ဖေဖေ့အခန်းထဲမှာ ထားခဲ့သော လက်ဆောင်လေးသည် ဘာဖြစ်ချေမည်လဲဆိုတာလောက်ကိုတော့ .. ကြွေသည် တွေးမိတတ်ပြန်ပါ၏။ ထိုလက်ဆောင်လေးကို ရယူလိုဇောဆိုတာထက် .. ဘာများပေလဲဆိုတာကို သိချင်လိုဇောက ပို၍ကြီးနေတာတော့ အမှန်ပါ .. ။

ကြွေသည် .. ဖေဖေ့ကို ချစ်ရိုသေနေခြင်းများဖြင့် လုံးထွေးနေသော ကြွေဖြစ်နေလျက် .. တစ်ချိန်တည်းမှာပဲ .. ဖေဖေ့ထံမှ ချစ်ခြင်းများကို ရယူလိုဇောပြင်းပြနေသည့် ကြွေလည်း ဖြစ်နေပြန်ကာ .. ။

ဖေဖေ့ထံမှ ဥပက္ခာပြုခြင်းများဖြင့် ရပ်တည်နေရခြင်းပေပဲဟု သိနေရလျက်မှ ဖေဖေ့ကို စိတ်ထဲကသိကအောက်ဖြစ်အောင် .. ။ ဖေဖေ့ရင်ထဲမှာ ခံပြင်းနေခြင်းများဖြစ်အောင် လုပ်နေချင်သော ကြွေဖြစ်နေပြန်ပါ၏ .. ။

"ဟုတ်ပြီ .. "

ကြွေတစ်ချက်ခပ်တိုးတိုးပြောမိပါ၏ .. ။ ကိုယ်လေးကို ပြင်၍ခတ်မတ်မတ်ထိုင်သည်။ မျက်နှာလေးကိုလည်း ခပ်မော့မော့ထားလိုက်ပါ၏။

ခပ်လှမ်းလှမ်းဆီမှ နာရီသံချောင်းခေါက်သံတစ်ချက်ကို ကြားရသည်။

ဩော် .. မနက်တစ်နာရီပင် ထိုးခဲ့ပြီပဲလေ .. ကြွေ အိပ်၍မရနိုင်ဘဲ ဖြစ်နေခဲ့သော ညဦးသည် .. မနက်ဦးသို့ပင်စတင်၍

ကူးလာနေချေသည်ပဲ .. ။

"ဟုတ်ပြီ .. "

နောက်တစ်ကြိမ် ကြွေ ခပ်တိုးတိုးပြောမိပြန်သည်။ နှုတ်ခမ်းလေးတွေလည်း ပြုံးလာလျက်မျက်ဝန်းလေးတွေလည်း ရွှန်းလဲ့လာကြပါသည့်အဖြစ်။

"ငါဖြစ်ချင်တာတွေကို .. ငါတွေးယူမယ် .. တကယ်ဖြစ်နေတယ်လို့ ငါထင်ပစ်လိုက်မယ် .. ငါဖြစ်ချင်တာတွေကို ဘာလို့ငါက စိတ်ဓါတ်တွေကျဆင်းပြီး စိတ်လျှော့ဆုံးရှုံးခံလိုက်ရမှာလဲ .. ငါ .. ငါ .. အခု .. ဖေဖေနဲ့တူတူထိုင်နေတယ်လေ .. ဟုတ်တယ် .. ဖေဖေက ငါ့ဘေးမှာ ထိုင်နေတယ် .. ဗစ်တိုးရီးယားရဲ့ ဥယျာဉ်ကိုကြည့်နေကြတဲ့ ခုံတန်းလေးမှာပေါ့ .. ငါက .. ဖေဖေ့ကို .. ဒီညမှာ အိပ်မရလို့ .. အပြင်ထွက်ထိုင်နေတယ်လို့ပြောလိုက်တယ် .. အဲဒီအခါမှာ ဖေဖေက စိုးရိမ်နေတဲ့ မျက်လုံးတွေနဲ့ ငါ့ကိုကြည့်နေရင်း.. အအေးမိလိမ့်မယ်သမီးကြွေလို့ ပြောလိမ့်မယ် အဲသလိုပြောပြီး .. ဖေဖေတရေးနိုးရင်း ပြတင်းကလှမ်းကြည့်မိလို့ စိတ်ပူပြီး ဆင်းလာတာလို့ ပြောလိမ့်မယ် .. လျှော်တံဘက်အညိုနုရောင်လေးကို ငါ့ကိုခြုံပေးလိမ့်မယ် အို .. အိုး .. ဘယ်လောက်ပျော်စရာကောင်းနေလိမ့်မလဲ.."

ဟုတွေးနေရင်း ကြွေခပ်တိုးတိုးရယ်သည်။

ပခုံးထက်မှာတင်နေသော လျှော်တံဘက်လေးကို အလိုက်သင့်ပြင်ခြုံသည့် ဟန်လေးမျိုးဖြင့်လည်း လက်လေးဖြင့်တို့သပ်ပြင်လိုက်မိသည်။ အာရုံထဲမှာ ဖေဖေသည် ကြွေ့ဘေးမှာ ရှိ

www.burmeseclassic.com

www.burmeseclassic.com

လျက် ... ။ ဖေဖေပေးပါသော လျှော့တံဘက်လေးကို ကြွေသည် ပြင်ခြုံနေသော ကြွေဖြစ်နေရပါပြီ ... ။ ညဥ့်ကတော့ ပို၍အေးစက် စက်ဖြစ်လာနေပြီ ... ။

"ကျေးဇူးတင်ပါတယ် ဖေဖေ ..."

ကြွေ ခပ်တိုးတိုးပြောသည် ... ပြုံးလည်းပြုံးသည်။ မျက်ဝန်းလေးတွေကို ပိတ်ချလိုက်ပြီး ကြွေခပ်တိုးတိုးတစ်ချက် ရယ်သည်။

"ကြွေ ... ဆွဲခဲ့တဲ့ ... ပန်းချီလေးကို ဖေဖေသိပ်သဘောကျ တာပဲဆို ... ကြွေ ... ယော်ယော်လေးတိုးက ဆွဲခဲ့တဲ့ ပန်းချီ လေးလေ ... ဖေဖေ့လက်ကို ဆွဲထားတဲ့ အဝါရောင်ဂါဝန် လေးနဲ့ ကောင်မလေးဖြစ်နေတဲ့ ကြွေ့ကိုဖေဖေ ... သိနေ မှာပါ ... အဲဒီပန်းချီထဲက ခလေးကိုလေ ..."

ဟု ခပ်တိုးတိုးပြောမိပြန်သည်။ ဘေးကိုတစ်ချက် ငဲ့ကြည့်မိပြန်ပါ၏။

စိတ်ကူးထဲမှ အတွေးများသည် ... ။ မျှော်လင့်ခြင်း များသည် ... စိတ်ကူးထဲမှပင်အသက်ဝင်လာကြလျက် ... ကြွေ့အာ ရုံထဲမှာ နိုးကြားမြူးကြွလာနေကြသည်။ ရုပ်လုံးပေါ်လာနေကြ သည်။ အသက်ဝင်လှုပ်ရှားနေကြသည်။

"အိပ်တော့ကြွေ ... ညဥ့်နက်ပြီ ... ဂွဒ်နိုက် ... ဖေဖေလဲ အိပ်တော့မယ် ..."

ဘေးမှာ ရပ်၍ဖေဖေပြောနေသည်ဟု ကြွေခံစားပြန်၏။

"ဂွတ်ဒ်နိုက် ဖေဖေ ..."

ကြွေလည်း ခပ်တိုးတိုးပြန်ပြောနေမိရပြန်ပါ၏ ...။

တစ်ယောက်တည်း တိုးတိုးတိုးတိုးနှင့် ပြောနေ ရင်းမှ ကြွေထရပ်လိုက်မိရပါ၏ ... ။

ကြွေ့မျက်နှာလေး ပြုံးနေသည်။

ထိုအခိုက် ကြွေ့မျက်ဝန်းထဲဆီသို့ လှုရိပ်တစ်ခုက အရိပ်ထင်လာနေပါ၏ ... ။ ကိုယ်လေးကို လှည့်လိုက်ကာ အခန်း ဆီသို့ ပြန်ခည့်ကြွေ့အာရုံထဲမှာ ငြိမ်သက်စွာ ရပ်ကြည့်နေသည့် လှု ရိပ်က စန္ဒာ၏ လက်ရမ်းနေရာလေးကို မှီ၍ရပ်နေသည့် လှုရိပ် လေးအဖြစ်တိုးဝင်၏။

ကြူလေးပါတကား ... ။

ထူးဆန်းနေသော အကြည့် ... ။ ခပ်ငေးငေးကြီး လည်းရှိနေသည့် အကြည့်ဖြင့် ကြွေ့ကို မျက်တောင်မခပ်ကြည့်နေ ပါသည့် ကြူလေး ... ။

ကြွေ ... ပြုံးပြလိုက်မိရပါ၏ ... ။

ကြွေ့အပြုံးကအရမ်းကို ရွှန်းလဲ့နေသည်။ တောက် တောက်ပပနိုင်နေသည် ... ။

ဒါပေမဲ့ ... မျက်ဝန်းလေးတွေထဲမှာ ထူးခြားသော အရိပ်တစ်ခုကလည်း ရောထွေးနေသည့်အဖြစ် ... ။ ထိုအရာသည် မျက်ရည် ... ။ ဟုတ်သည် ... ။ မျက်ရည်စလေးများ ... ။

"နင် ... ဒီမှာ ဘာလုပ်နေတာလဲကြွေ ... ငါ ... တစ်ရေးနိုး တော့ နင့်ကုတင်မှာ မရှိလို့ ... ထွက်လာမိတာ ... တံခါးက ဖွင့်ထားတာကို ... နင်တစ်ယောက်ထဲ အပြင်ကို ... ဘာ ထွက်လုပ်နေတာလဲ ကြွေ ..."

www.burmeseclassic.com

www.burmeseclassic.com

ဟု ကြူလေးမေးလာတော့ ကြွေတစ်ချက်ငိုင်ကျသွားပါ၏ .. ။

သြော် .. ဖေဖေနှင့် စကားတွေပြောနေရင်း ပျော်နေမိရသည်ဆိုသော ခံစားမှုများသည် ကြူလေး၏အမေးတွေဖြင့် ပင် လေနှင့်အတူလွင့်မျောမျောက်လွင့်သွားရပြန်ချေသည်တကား။ လက်တွေ့ဘဝဆိုတာထဲကို တိုးဝင်လာနေရသည်က ပင်ပန်းလိုက်ပါဘိ .. ကြွေကွဲထိခိုက်လွန်းရပါချေသည်ကော .. ဟုကြွေငိုင်ကျနေရင်း မျက်ရည်ဝေ့နေမိရပါပြီ .. ။

တကယ်တော့ .. သြော် .. တကယ်တော့ .. ကြွေဆိုသည့် မိန်းကလေးသည် .. အပြင်မှာတကယ်ပဲ .. ခုလို .. ကြွေ့အတွေးတွေကနယ်ပင် .. ဖေဖေနှင့်အတူ .. ဇစ်တိုးရိုးယား၏ ပန်းခြံလေးကို မြင်ရပါသော ခုံတန်းလေးမှာ .. သားအဖနှစ်ယောက် စကားတွေရာပြောခွင့်လေး ရလိုက်ပါချေမည့် .. အိပ်မပျော်နိုင်သောညလေးတစ်ညကို ဖန်ဆင်းယူ၍များ ရချေမည်ဆိုလျှင် ကြွေဖန်ဆင်းလိုက်ချင်ပါသည် .. ။ အိပ်မပျော်နိုင်သော ညတစ်ည မဆိုထားနှင့် .. ညပေါင်းများစွာပဲ ရှိစေဦးတော့ ကြွေ .. မအိပ်ပဲ နေလိုက်နိုင်ပါသည် .. ။

ဖေဖေက .. အအေးမိမှာ စိုးရိမ်စိတ်ဖြင့် ဂျော့ဝါဘက်လေး ခြုံပေးရင်းပြန်အိပ်ဖို့ ပြောလိုက်သည့် .. ဘဝလေးတစ်ခုကိုများ ကြွေရလိုက်မည်ဆိုလျှင် ကြွေပျော်လွန်း၍ ငိုချလိုက်နိုင်သည် .. ။

ခုတော့ .. ။ သြော် .. ခုတော့ .. ဇစ်တိုးရိုးယားသည်လည်း မရှိတော့ .. ။ ဘော်ဒါဆောင်၏ ထောင့်ချိုးကွေ့[illegible]

တာဆောင်နေရာလေးမှာ ရှိနေသည့် ကြွေ .. အင်္ကျီထူခပ်ပါးပါးလေးဖြင့် ချမ်းနေသည့်ကြွေ .. တစ်ယောက်တည်း .. ဖေဖေ့ထံမှ အချစ်တွေကို စိတ်ကူးဖြင့် ရယူပျော်မြူးနေသည့် သမီးကြွေအဖြစ် ရှိနေရချေသည်တကား .. ။

ရင်ထဲမှာ .. နင့်ခနဲ .. ဆို့ကြပ်စွာ .. ခံစားလိုက်ရရင်းမှ ပျော့တော့သည့် အကြည့်လေးတွေဖြင့် ကြွေတစ်ချက်မျှ ကြူလေးကို ကြည့်မိရင်းမှ ..

"ငါ .. အိပ်လို့မရလို့ပါဟယ် .. "

ဟုသာ ခပ်တိုးတိုးပြောမိလိုက်ရပါ၏ .. ။

ရှုတ်ခနဲ .. ရင်ထဲမှာ .. နာနာကျင်ကျင်ကြီး ခံစားလာရပြန်သည် .. ။

လေတိုးသံတိုးမျှင်မျှင်သည်ပင် .. ကြွေ့နားစည်တွင်းသို့ .. စူးရှသော ခရာသံပြင်းပြင်းနှယ် ခုန့်ပေါက်၍ တိုးဝင်လာနေကြပြန်သည့်အဖြစ် .. ။

နားတွေကို ကြွေပိတ်ထားပစ်လိုက်ချင်သည်။

ဟုတ်သည် .. ။ ပိတ်ထားပစ်လိုက်ချင်သည်။

ခေါင်းတွေကိုက်ခဲတက်လာနေကြပါသည့်အဖြစ် ..။

ကြူလေး ကြွေ့လက်ကိုလာ၍ ဆုပ်ကိုင်လိုက်တာကို မျက်လွှာလေးချခြင်း ကြွေသိနေရပါ၏။

မျက်ရည်စက်လေးတွေ ဖြုတ်ခနဲကြွေသည်။

ဘာကြောင့် .. ကြွေ .. ငိုသည်ဆိုတာ .. ကြူလေးကိုကြွေမပြောပေမယ့် ..

ဖေဖေ့ကြောင့်ဟုတော့ .. ကြူလေးတွေးမိနိုင်သည်

www.burmeseclassic.com

www.burmeseclassic.com

ဟု ကြွေထင်မိပြန်သည်။

"နင့်ဖေဖေ .. နောက်မိန်းမ .. မယူပါဘူးဟယ် .. အဲသလိုပဲ အန်တီလေးက ငါ့ကိုပြောပြပါတယ် .. လာ .. အိပ်လိုက်ကြရအောင် .. နင်ကလဲဟာ .. ခလေးကျနေတာပဲ .. ကိုယ့်အဖေ နောက်မိန်းမယူမှာကို ကြောက်နေလိုက်တာ .. လာ.."

ဟု တိုးဖွဖွ .. ကြူလေးပြောသည် .. ။

ကြွေ .. မျက်ဝန်းကို စုန်မှိတ်ချလိုက်ချင်သည်။

ဖေဖေနောက်မိန်းမယူမှာကိုလည်း ကြွေကြောက်နေတာအမှန် .. ။

ပြီးတော့ .. ပြီးတော့ .. ဖေဖေ့ထံမှ ဂရုတစိုက်ရှိခြင်းနှင့် ချစ်ခြင်းများကို .. အရှုံးအမှုံးရယူလို့နေခြင်းများ ရင်ထဲမှာ မွန်းကြပ်နေကြတာလည်း အမှန် .. ။

ဒါပေမဲ့ .. ကြွေသည် .. ဖေဖေ့သမီးတစ်ယောက်အဖြစ် .. ဖေဖေ့ရင်ထဲမှာ .. ဘယ်တော့မှ ရှိမလာနိုင်ပြီဆိုတာကိုလည်း အလိုလိုသိနေရသည်ပါပဲ .. ။

ဖေဖေ့နှုတ်မှ အတိအလင်းပွင့်ကျခဲ့ပါသော စကားတွေကို .. ကြွေကိုယ်တိုင် .. ရင်ထွေကြေကုန်အောင်ခံစားရင်းကြားခဲ့ရသည် မဟုတ်ပါလားလေ .. ။

အခန်း [၁၄]

ဆွဲလက်စ ပန်းချီကားချပ်၏ ကင်းဗတ်ဖျဉ်သည်ကား နောက်ခန်းထဲမှာ ထောင်လျှက်သား ရှိနေလျက် ပန်းချီဆွဲဆေါက်တွေကတော့ နောက်ခန်းမှာ အလျားလိုက်ချထားပါ၏ .. ။

သူ .. စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာရင်း ကတ္တရာလမ်းခွေပိုက်ဝိုက်ကို လှမ်းမျှော်ကြည့်မိသည်။ ကားနောက်ဘီးမှာကတော့ လေလုံးဝ မရှိဘဲ ပြားချပ်နေပြီ .. ။

ကားဘီးပေါက်၍စိတ်ပင်ပန်းနေသည့် ခံစားမှုများ သူ့မှာမရှိ .. ။

တစ်ခုခုကို မျှော်လင့်စောင့်ဆိုင်းနေသည့် လူတစ်ယောက်၏ ဟန်ပန်တွေပဲ သူ့ထံမှာရှိနေသည်။ တကယ်က ကားဘီးကို သူကိုယ်တိုင်က သံချွန်ဖြင့် ရိုက်ဖေါက်ခဲ့ခြင်းဆိုတာ သူပဲသိနေသည်ပဲလေ .. ။

သူကားဘီးပေါက်ဟန်ဖြင့် ရပ်နေသည့် တတ္တရာလမ်းနေရာသည် ဦးဘုန်းစစ်မင်း၏ မာစီးဒီးကားကြီးသွားလာနေရာ

www.burmeseclassic.com

www.burmeseclassic.com

လမ်းလည်းဖြစ်နေလျက် .. ထိုလမ်းသည် ဦးဘုန်းစစ်မင်း၏ ဘော်ချက်စက်ရုံကြီး ရှိရာသို့သွားသော လမ်းကြီးလည်း ဖြစ်နေသည်။

ဦးဘုန်းစစ်မင်းကားအက်စီးဒင့်ဖြစ်တာ .. ။

အိမ်မှာ ပြန်၍ရက်သတ္တပတ်နှစ်ပတ်မျှ နားနေခဲ့တာ .. ။

လက်မှာ အရိုးအက်သွားတာ .. ။

နောက်တော့ .. ကားကို .. ဒရိုင်ဘာကိုဖိုးကောင်းနှင့် နေ့စဉ်အမောင်းအပို့လုပ်စေကာ .. စက်ရုံသို့ဦးဘုန်းစစ်မင်း သွားလာနေခဲ့တာ .. ။

ဒါတွေအားလုံးကို .. ဘဘလုံထံမှ သတင်းအတိအကျကြီး သူသိခဲ့ရသည်ပဲ .. ။

ဘဘလုံကိုတော့မဥက ပြောပြသည်တဲ့ .. ။

မဥဆိုတာကလည်း ကြွေ့ထက်တော့ကြီးသည် .. ဒါပေမယ့် ပုလုံးလုံးဖြူဥဥလေးနှင့် ခလေးမျက်နှာပေါက်လေးဖြင့် ရှိသည့် ကောင်မလေးပါပဲ .. ။

ကြွေ .. ဘော်ဒါသို့ ပြန်သွားတာကအစ .. သူသိ ရပြီးပြီ .. ။

ကြွေနှင့်ပတ်သက်၍ ဗစ်တိုးရီးယားနှင့် ပတ်သက်၍ သူချဉ်းကပ်ရမည့် သူသည် ဦးဘုန်းစစ်မင်းဆိုတာကိုတော့ သူမှာ လည်ထားသည်လေ .. ။

ကြွေသည် .. သူ့အပေါ်အတော်ကြီးကို လွမ်းမိုးနေပြီဆိုတာကိုလည်း သိနေရသည်မို့ .. ။

ဦးဘုန်းစစ်မင်းနှင့် မဖြစ်မနေသူရင်းနှီးမှုတစ်ခုကို

အတိုင်းအတာလေးတစ်ခုမျှလောက်တွော့ ရယူထားနိုင်ဖို့ လိုအပ်နေပြီဆိုတာ သူ့နားလည်နေရသည် .. ။

ခုလည်း တမင်ကြီးကို .. ကားဘီးပေါက်ဟန်ဖြင့် သူ .. ဤနေရာမှာ စောင့်နေခြင်း .. ညနေဘက်ဦးဘုန်းစစ်မင်းသည် အသစ်ဝယ်ယူထားသော မာစီဒီးကားသစ်ကြီးဖြင့် စက်ရုံမှ ပြန်လာချေမည် မဟုတ်ပါလား .. ။

အက်စီးဒင့်ဖြစ်ခဲ့ပါသော မာစီးဒီးကို ပြန်ရောင်းလိုက်ကာ အနက်ရောင်ကားသစ်ကြီးတစ်စီးကို ဦးဘုန်းစစ်မင်း ပြန်ဝယ်သည်က အစ .. ဘဘလုံထံမှာ မဥက အားလုံးဘဘလုံကို ဈေးအပြန်မှာ ပန်းတွေလာလာခူးရင်း ပြောပြောပြသွားတတ်သည်မို့ သူသိနေခဲ့ရပါသည့် အဖြစ် .. ။

ပန်းကြိုက်မဥဆိုတာလေးကလည်း ဗစ်တိုးရီးယားမှာဘယ်လောက်ပန်းတွေ ပေါပေါ .. ။ နှင်းဆီရိပ်ငြိမ်မှ ဇေဒါရောင်နှင်းဆီပွင့်လေးတွေ နှင်းဆီဖူးလေးတွေကို တမက်တမောကြီး လာလာခူးနေတတ်သူလေးဖြစ်ကာ .. သစ်ခွပွင့်လှလှလေးတွေကိုလည်း ဆံကျစ်ရှည်လေး၏ထိပ်ဘက်မှာ ကလစ်လေးနှင့် ထိုးပန်သွားတတ်သူလေးလည်း ဖြစ်ပါ၏ .. ။

ခြံနီးချင်းအဖြစ် နှစ်ကာလကြာရှည်ကြီး နေခဲ့ကြတာမို့လည်း ဆွေမျိုးသားချင်း ဆန်သောဆက်ဆံမှုက မဥနှင့်ဘဘလုံကြားမှာရော .. ဒေါ်သင်းဝေနှင့် ဘဘလုံကြားမှာရော ရှိခဲ့ကြသည်ဆိုတာကိုတော့ သူသိနေရသည်ပါပဲ .. ။

ခု .. သူစိတ်လက်ရှည်ရှည်ဖြင့် ဦးဘုန်းစစ်မင်း၏ ကားရောက်လာသည့် အချိန်ကို စီးကရက်ဖွာရင်း စောင့်နေခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com

မှာ တစ်နာရီနီးပါးမျှတော့ရှိနေပြီ .. ။

တကယ်လည်း .. တစ်ဘက်ထင်းရှူးတောနေရာမှာသူ ဤနေ့ကစ်နေကုန်ပန်းချီဆွဲခြင်းဖြင့် အချိန်တွေကို ဖြုတ်သန်းလာခဲ့တာ အမှန်ပါ .. ။

အားလုံးသည် ယုတ္တိရှိနေဖို့တော့ လိုသည်လေ။ တကယ့်ကို ပန်းချီဆွဲပြန်လာပါသည့် ‘မိုးညိုသာဆိုသည့် လူရွယ်တစ်ယောက်သည် ကားဘီးပေါက်၍ကူညီမည့်ကားတစ်စီးစီးကို မျှော်နေသည့် အသွင်မျိုးဖြစ်နေဖို့လိုသည်။

နောက်ထပ်စီးကရက်တစ်လိပ်ထုတ်ယူခိုက်မှာပဲ မြင်ကွင်းထဲမှာ ကားတစ်စီးသည် အနည်းငယ်မော့နေပါသော ကုန်းမော့လေးဆီသို့ တစ်ဘက်ကုန်းနိမ့်လေးဆီမှ မောင်းတက်လာနေသည့် မြင်ကွင်းက တိုးဝင်လာသည်။ ပထမကားအမိုး .. ။နောက်တော့ တဖြည်းဖြည်း အနက်ရောင်မာစီးဒီးကားကြီး၏ တောက်ပနေသော အရောင်အသွေး .. ။

သူ .. ကိုယ်ကို မတ်လိုက်သည်။ လက်ထဲမှ စီးကရက်ကို နင်းချေလိုက်ပြီးမှ ဝတ်ထားသော ရှပ်လက်ရှည်ကို အသာအယာဆွဲဆန့်သည်။ အညိုနုရောင် ချိုင်းပြတ်စွယ်တာကို အပေါ်မှထပ်ဝတ်ထားလျက် သက္ကလပ်အပါးစား ဘောင်းဘီကိုဝတ်ထားပါသော သူ့ဟန်က သန့်ပြန့်ခန့်သန့်ခြင်းဖြင့် တည်တည်ငြိမ်ငြိမ်ကြီးလည်း ရှိနေပါ၏ .. ။

ကားလမ်းပေါ်သို့ သူခြေလှမ်းမှန်မှန်ဖြင့် တက်သည်။ လက်ပြ၍တားနေပုံကိုက အကူအညီတစ်ခုကို လိုအပ်နေသည့် အားကိုးသော မျက်နှာဟန်ပန်မျိုး ဖြစ်နေပါသည့် အဖြစ်။

တကယ်လည်း ကားရပ်သွားသည်ပါပဲ .. ။ ကားနောက်ခန်းမှာ ထိုင်နေပါသည့် ဦးဘုန်းစစ်မင်းကတော့ သူ့ကိုတစ်ချက်လှမ်းကြည့်လာသည်။ ရပ်ထားသော ပလိုင်းမော်က် ကားဖျူကြီးကိုလည်း ကြည့်သည်။ ကြွယ်ဝချမ်းသာခြင်း၏ အမှတ်အသားတစ်ခုအဖြစ် ကားဖျူကြီးကလည်း ပြသနေသည်ပဲ။ ပြီးတော့ ဝတ်စားထားပုံရော .. ရုပ်ရည်ကအစ သန့်ပြန့်မွန်ရည်သည့်ပုံ ရနေပါသည့်လူရွယ်တစ်ယောက် .. ။

“အန်ကယ် .. ကျွန်တော် .. မိုးညိုသာပါခင်ဗျာ .. နှင်းဆီရိပ်ငြိမ်ကပါ .. ကျွန်တော် .. ပန်းချီဆွဲထွက်လာပြီး အပြန်မှာ ကားဘီးပေါက်သွားလို့ပါ .. စပယ်ယာဘီးလဲ မပါလာမိခဲ့ဘူး ခင်ဗျ .. အဲဒါ .. အန်ကယ် .. ကျွန်တော့်ကို .. မိုင်းသာမြို့အထိ .. တစ်ချက်လောက် .. ခေါ်သွားပေးနိုင်ပါမလား ခင်ဗျာ .. ကားကိုတော့ .. ကျွန်တော် .. သော့ပိတ်ထားခဲ့ပါ့မယ်ခင်ဗျ .. ”

ဟုတရိုတသေလေးခါးကိုင်းညွှတ်၍ ပြောတော့ ဦးဘုန်းစစ်မင်းသူ့ကို ကြည့်ကာ ..

“ဪ .. နှင်းဆီရိပ်ငြိမ်ကလား .. အန်ကယ့်ဗစ်တိုးရီးယားနဲ့ ခြံချင်းနီးကြတာပဲ .. ခြံချင်းကပ်ပေါ့ .. အင်း .. တဇလောက တော့အန်ကယ့်ညီမ ခင်လေးပြောပြပါတယ် .. ကိုစိုင်းရဲ့ နှင်းဆီရိပ်ငြိမ်ကို ရောင်းလိုက်တယ်ဆိုတဲ့ အကြောင်း .. ဒီလောက်ပဲ အန်ကယ်ကသိထားလိုက်တာပါ .. ခုမှ မောင်မိုးညိုသာဆိုတဲ့ လူငယ်လေးနဲ့ဆုံရတော့တာကိုး .. ကိုင်း .. တက်ပါ .. တက်ပါ .. ”

www.burmeseclassic.com

www.burmeseclassic.com

ဟုပြုံး၍ ပြောကာ အကြည့်က မလိုင်းမောက်ကား ဖြူကြီးဆီသို့ တစ်ချက်တော့ရောက်သည်။ အပြောင်းဆန်သလိုဖြင့် ကားပေါ်မှ ဦးဘုန်းစစ်မင်းတစ်ချက်ဆင်းသည်။ ကားနောက်ခန်းမှာ ရှိနေသည့် ပန်းချီကားကိုလည်း တွေ့လိုက်ရသည်မို့မျက်နှာထက်တွင်ထင်လာသည်က .. သူကို .. ပန်းချီဆရာတစ်ယောက်ပေပဲ .. ဟုအထင်တကြီးနိုင်နေသည့်အကြည့်ပါ .. ။ သူတစ်ချက်ခပ်တိုးတိုးရယ်၍ပန်းချီကားကို ကြည့်မိကာ ..

"ကျွန်တော်က .. ပန်းချီကို .. ဝါသနာကြီးကြီးနဲ့ ဆွဲတတ်သူ အဆင့်လောက်ပါ အန်ကယ် .. ခုလို .. ကျွန်တော့်အခက်အခဲကို .. အန်ကယ့်ကူညီမှုကြောင့် ပြေပျောက်သွားစေတဲ့ အတွက် .. ကျေးဇူးလဲတင်လှပါတယ် .. မိုင်းသာကိုဘယ်လိုများ ပြန်ရောက်နိုင်ပါ့မလဲလို့ စိတ်ထဲဆောနေမိရတာပါ အန်ကယ်။ နေတာက ခမ်းမွေမှာပါ .. ခုက .. အန်ကယ်စိုင်းရဲ့ခြံကို ဝယ်ခဲ့တာမို့ ဒီကိုခဏရောက်ရတာမျိုးပါ ရောက်တော့လည်း သာသာယာယာရှုလွန်းတဲ့ဒီမြို့လေးမှာ ပန်းချီဆွဲနေချင်တာနဲ့ ရက်ကြာနေရတာပါ .. "

ဟုပြောတော့ ဦးဘုန်းစစ်မင်းပြုံး၍ ခေါင်းညိတ်သည်။ ကားနောက်ခန်းမှာ နှစ်ယောက်တူတူ ထိုင်ဖြစ်ကြရင်း စကားတွေတွေရာရာ ပြောခွင့်ရခဲ့ကြသည်ကတော့ သူမျှော်လင့်ထားသည့် အတိုင်းပါ .. ။

"မောင်မိုးညိုသာ .. ဘာလုပ်ငန်းများလုပ်ကိုင်သလဲကွယ့် .. "

"ခမ်းမွေမှာ .. ဗိုးလ်ဒင်းတီးလို့ခေါ်တဲ့ အချိုခြောက်တွေ ထုတ်လုပ်တဲ့ လက်ဖက်ခြောက်စက်ရုံရှိပါတယ် အန်ကယ်

နိုင်ငံခြားကိုကအစ ပို့ရတဲ့အထိပါ .. ဖေဖေ့လက်ငုတ်လက်ရင်းလုပ်ငန်းပါ .. ပြီးတော့ .. ဗိုးလ်ဒင်းရှေ့ဘားလို့ အင်္ဂလိပ်လိုရော .. ရွှေခြစ်လို့မြန်မာလိုရော အမည်ပေးပြီး ထုတ်လုပ်တဲ့အခါးခြောက်တွေလဲ .. ပြည်ပကိုရော .. ပြည်တွင်းရောဖြန့်ရပို့ရတဲ့ လုပ်ငန်းလဲရှိပါတယ် .. အချိုခြောက် .. အခါးခြောက်နှစ်ခုစလုံး လုပ်ကိုင်ပါတယ်ခင်ဗျ .. မိဘလက်ငုတ်လက်ရင်းထဲမှာ .. လက်ဖက်ခင်းတွေ လက်ဖက်တောင်တွေက ရှိနေတော့ လက်ဖက်ဟာ .. ကျွန်တော့်အသက်သွေးကြောတစ်ခုပါပဲ .. "

ဟု တရိုတသေဖြေတော့ ဦးဘုန်းစစ်မင်း တစ်ချက်ကြည့်သည်။ မျက်နှာထက်တွင် ကျေနပ်ရိပ်ထင်၏။ ပြောပုံဆိုပုံလေးကအစ မွန်ရည်လျက် အလုပ်အကိုင်ကျတော့လည်း ကျယ်ကျယ်ပြန့်ပြန့်ကြီးကို လုပ်ကိုင်နေသည့် လူရွယ် .. ။

စက်ရုံကြီးတစ်ခု .. လက်ဖက်တောင်နှင့် လက်ဖက်ခင်းများ .. ။

လက်ဖက်အချိုခြောက်နှင့် အခါးခြောက်တွေ ကျယ်ကျယ်ပြန့်ပြန့်ရောင်းချနေသည့် လုပ်ငန်း .. ။

စက်ရုံတစ်ခုဆိုတာက .. အလုပ်သမားတွေက အစ ကျယ်ကျယ်ပြန့်ပြန့်ကြီးထား၍ လုပ်ကိုင်ရသည့် လုပ်ငန်းမျိုး .. ။ ဤသူငယ် .. ပန်းချီဆွဲရင်း စိတ်အပန်းလာဖြေနေခြင်းများပေလားဟု ဦးဘုန်းစစ်မင်းတစ်ချက်တွေးဖြစ်၏ .. ။

"အင်း .. မောင်မိုးညိုသာကတော့ ပန်းချီလေးဘာလေးဆွဲတတ်နေတော့ .. စိတ်ပင်ပန်းမှုတွေကို ဖြေယူ .. အပန်း

www.burmeseclassic.com

www.burmeseclassic.com

ဖြေပယူနိုင်စရာ ရှိနေပေသေးပေါ့လေ .. စက်ရုံတစ်ခုကို ထိန်းချုပ်လုပ်ကိုင်ရတယ်ဆိုတာက .. တကယ်တမ်းလုပ်ကိုင်မှ ဘယ်လောက်ထိ နက်ရှိုင်းပင်ပန်းတယ်ဆိုတာ .. သိနိုင်တာကိုး .. ”

ဟုတစ်ချက်ခပ်ညည်းညည်းပြောပါ၏ ...။

သူ .. ခေါင်းညိတ်ကာ ပြုံးရင်းမှ .. ။

“ကျွန်တော်ဆွဲတဲ့ ပန်းချီကားတစ်ချပ်လောက်ကိုတော့ အမှတ်တရအဖြစ် အန်ကယ့်ကို ကျွန်တော်လက်ဆောင်ပေးခဲ့ချင်ပါတယ်အန်ကယ် .. ကျွန်တော်ခမ်းမွေကို မပြန်ခင် တစ်ရက်လောက်မှာ အန်ကယ့်အိမ်ကြီးကို .. ကျွန်တော် လာပါရစေ .. ခုလိုအန်ကယ်နဲ့ဆုံရတဲ့ အတွက်လည်း ဝမ်းသာမိရပါတယ် .. ခုလို .. အန်ကယ်ကူညီတဲ့အတွက်လဲ .. မိုင်းသာကိုခုလို .. အေးအေးဆေးဆေး .. ပြန်ခွင့်ရတာပါ.. ဧည့်သည်အဖြစ် ရှိနေတဲ့ကျွန်တော့်အတွက် အတော်ကြီးကို ကံကောင်းတာပါ .. ညကြီးမင်းကြီးဖြစ်တဲ့အထိ .. အဲဒီမှာ များကျွန်တော်ကားတစ်စီးစီးကို စောင့်နေရမလားမသိဘူး ဆိုပြီး စိတ်ထဲပင်ပန်းလိုက်တာ ခင်ဗျာ .. ”

ဟုပြောတော့ ဦးဘုန်းစစ်မင်းတည်ငြိမ်စွာပဲ ပြုံးပါ၏ .. ။

အပြောအဆိုယဉ်ကျေးသူအဖြစ် .. သူ့အပေါ်လည်း ပို၍ခင်မင်လာမှန်းသိသာနေသည်ပါပဲ .. ။

“မောင်ဖိုးကောင်း .. ဗစ်တိုးရီးယား ရောက်ရင် .. မောင်မိုးညိုသာဆီက .. စပယ်ယာဘီးကို ယူသွား .. ဟိုမှာကားဘီး ပြန်လဲတပ်ခဲ့ .. ကိုသိန်းကိုလဲခေါ်သွား .. မင်းက .. မောင်မိုးညိုသာရဲ့ ကားကိုမောင်းပြန်လာခဲ့ .. အိမ်ကကားကို ကိုသိန်း မောင်းလာခဲ့ပါစေ .. ကြားရဲ့လား .. မောင်မိုးညိုသာကို .. နှင်းဆီရိပ်ငြိမ်အထိ .. အန်ကယ်ပို့ပေးခဲ့ပါ့မယ်.. စိတ်ပင်ပန်းထားတာတွေ .. ပြန်နားလိုက်ပေါ့ကွယ် .. မနက်ဖန် .. အန်ကယ် .. မင်းကို မနက်စာကော်ဖီပွဲတစ်ခုနဲ့ စောင့်နေပါ့မယ် .. ”

ဟုပြောလာတော့ သူလေးစားအားနာပုံကြီးဖြင့် .. “ဟာ .. ကျွန်တော်က .. ဖိတ်ရမှာပါ အန်ကယ် .. နှင်းဆီရိပ်ငြိမ်ကသာ .. အန်ကယ့်ကို .. မနက်စာဘရိတ်ဖက်စ်အတွက် ဖိတ်ရမှာပါ .. ”

ဟုပြောတော့ ဦးဘုန်းစစ်မင်းပြုံးသည် .. ။ ခေါင်းယမ်း၍ ..

“မောင်မိုးညိုသာပေးမယ့် ပန်းချီကားကိုလဲ .. မနက်ဖန်မှာပဲ ဗစ်တိုးရီးယားမှာပဲ .. အန်ကယ်လက်ခံယူလိုက်ပါ့မယ်ကွယ် .. ”

ဟုပြောလာတော့ သူတစ်ချက်ခပ်တိုးတိုးရယ်သည်။ ဦးဘုန်းစစ်မင်းသည် သူ့ကိုပန်းချီဆရာလေးတစ်ယောက်အဖြစ် ပို၍တန်ဖိုးထားခြင်းပေပဲဟုလည်း နားလည်လာမိရပါ၏ .. ။

တစ်ချက်တော့ ရင်ထဲမှာ အံ့သြချင်သည်။

ခုလိုကူညီတတ်ပါသော ဦးဘုန်းစစ်မင်းသည် .. ပန်းချီပညာကိုလည်း တန်ဖိုးထား[illegible] သူတစ်ယောက်ဖြစ်[illegible] စိတ်ထားတည်ငြိမ်ရင့်ကျက်နေသူ တစ်ယောက်အဖြစ် [illegible]ရမ်းကို

www.burmeseclassic.com

www.burmeseclassic.com

သိသာနေသည်မို့ .. ။

ကြွေ့အပေါ်ကျတော့ .. ဘာကြောင့် .. ကြွေ့မွေးနေ့လေးကိုသော်မှာမှ .. မရှိရလေအောင် .. ပစ္စလက်ခတ်ကြီး လုပ်ရတ်ပါသလဲ .. ဟူ၍ပါ .. ။

သူသည် .. ကြွေနှင့် ပတ်သက်၍ ဦးဘုန်းစစ်မင်းကို ရင်းနှီးအောင် ကြိုးစားနေမိခြင်းကိုတော့ မိမိဘာသာဝန်ခံမိတာ အမှန်ပါ .. ။

ဒါပေမဲ့ .. ဦးဘုန်းစစ်မင်းသည် .. လေးစားတိုက်သူ တစ်ယောက်အဖြစ် တည်ငြိမ်ရင့်ကျက်စွာ ပြောဆိုနေထိုင်တတ်သူ တစ်ယောက်ဖြစ်နေကာ .. ။

ဆက်ဆံရေးမှာလည်း စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ယောက်ပီသစွာ ရှိနေတာကိုလည်းသူ .. တိုတိုပပကြီးကိုပဲ .. အချိန်တိုလေးအတွင်းမှာ .. အကဲခတ်မိရ .. သိသာနေမိရချေသည် တကား .. ။

ဘာပဲဖြစ်ဖြစ် .. ။

သူနှင့်ဦးဘုန်းစစ်မင်းတို့သည် .. သူစိမ်းများနှယ် မဟုတ်တော့ဘဲ .. တစ်ယောက်ကိုတစ်ယောက်မြင်ပင် မမြင်ဘူးလိုက်ကြရသူများလည်း မဖြစ်တော့ဘဲ .. ။

သိကျွမ်းခွင့်ရလိုက်ကြသူများ အဖြစ်တော့ .. အောင်မြင်စွာပဲ .. သူမျှော်လင့်ထားသည့်အတိုင်း တောင်ဖြစ်တည်လာရချေပြီတည့် .. ။

သူသည် .. ကြွေနှင့် ပတ်သက်လာလျှင် .. ဉာဏ်နီဉာဏ်နက် ထုတ်တတ်သော ခလေးတစ်ယောက်နှင့်လည်း မျ

လာနေလျှက် .. ။

လူပျိုပေါက်စနလေးတစ်ယောက်၏ အရူးအမူးနိုင်စွာ .. ဖြစ်ခဲ့င်တာတစ်ခုတည်းကိုပဲ သိနေသည့် အစွဲအလမ်းခပ်ကြီးကြီး ကောင်လေးတစ်ယောက်နှင့်လည်း တူနေပါသည့် အဖြစ် ..

ခုကြည့် .. ။ သူသည် .. ကြွေနှင့်ပတ်သက်၍ .. ကြွေ့ကို .. သူ့ဘဝတွင်းဆီသို့ .. ခေါ်ငင်ထားနိုင်ဖို့အတွက် .. ဦးဘုန်းစစ်မင်းကို .. ကားဘီးပေါက်ဟန်ဆောင်လျက် .. ရင်းနှီးမှုတစ်ခုကို .. မရိုးသားစွာ ရယူလိုက်နိုင်ခဲ့သည့် မိုးညိုသာဖြစ်နေချေသည်တကား .. ။

ဒါပေမဲ့ .. အချစ်ကြောင့် .. ဖြစ်တည်လာရသော ထို မရိုးသားမှုသည် .. ချစ်ဖို့ကောင်းသော .. ခွင့်လွှတ်ရယ်မောရ၍ ချစ်စနိုးလေး .. ရှိလိုက်ချေဖွယ်လည်းကောင်းနေသော .. အရာတစ်ခုဖြစ်နေသည်ကတော့ အမှန်ပါတည့် .. ။

ကြွေ၏ ညှို့ငင်ဖမ်းစားထားနိုင်မှုသည် တော်ရုံမျှမဟုတ်တဲ့ .. အရမ်းကို နက်ရှိုင်းသော .. ညှို့ငင်မှုတစ်ခုဖြစ်နေသည့် အဖြစ် .. ။

ကြွေ .. ဟု .. ရင်ထဲမှ .. မြတ်နိုးစွာ .. လှို့ဝှက်စွာ .. သူခေါ်လိုက်မိရပါပြီ .. ။

မင်းကို .. မင်းကို .. ကိုယ် .. အရူးအမူးကြီးကို ချစ်မိနေပြီဆိုတာ ..

ခု .. မင်းရဲ့ဖေဖေ့ကားထဲမှာ .. လူပျိုရိုင်းလေးတစ်ယောက်လို လိမ်ညာရင်း ပြုံး ခိုက်လာနေတဲ့အဖြစ်တစ်ခုတည်းနဲ့ .. မင်း .. တစ်နေ့မှာ .. နားလည်ရင်း .. ရယ်မောနိုင်မှာအမှန်

www.burmeseclassic.com

www.burmeseclassic.com

ပါကြွေ .. ။

လူညာလေးတစ်ယောက်အဖြစ် .. ချစ်စနိုးလေး ရယ်မောနေမှာပါကြွေရယ် .. ။

အဲဒီလိုရယ်နေတဲ့ အခါမှာ .. ပန်းနုရိပ်သမ်းနေမယ့် မင်းရဲ့ပါးလေးတွေ .. နှုတ်ခမ်းလေးတွေကို .. ကိုယ်ကြည်နူးစွာ မြတ်နိုးစွာ .. တမက်မောမောငေးကြည့်နေပါ့မယ်ကြွေ .. ။

သြော် .. ငေး .. ကြည့်နေပါမယ်ကွယ် .. ။

အခန်း [၁၅]

အနောက်တိုင်းဝတ်စုံ မီးခိုးရောင်ကို ချပ်ချပ်ယပ်ယပ် သပ်သပ်ခပ်ခပ်ဝတ်ထားလျက်၊ ပန်းချီကားတစ်ခုကို ထုပ်ပိုးထားသော ကြွေသားစက္ကူနှင့် ပတ်ထားပါသည့် လက်ဆောင်ထုပ်ကို သပ်ယပ်စွာ ပိုက်ထားရင်း သူသည်ဗစ်တိုးရီးယား၏ ကွန်ကရစ်ခင်းလမ်းအတိုင်း လျှောက်လာနေရပေမယ့် .. ။တကယ်တမ်းကတော့ .. သူ့ဘဝအတွက်အရေးပါသော လမ်းကြောင်းတစ်ခုပေါ်မှာ လျှောက်နေရခြင်းဟူ၍ပဲ ခံစားနေရပါ၏။ ရင်ထဲမှာ လှုပ်ရှားနေတာကတော့ အမှန် .. ။ ဒါပေမဲ့ .. အရမ်းကို သိမ်မွေ့တည်ငြိမ်နေသော လူတစ်ယောက်အဖြစ်ပဲ တည်တည်ငြိမ်ငြိမ် သူလျှောက်လာနေပါ၏။

သူ .. ဤမနက်မှာ ရောက်လာလိမ့်မည်ဟု ဦးဘုန်းစစ်မင်းသည်လည်း စိတ်ချလက်ချယုံကြည်ထားပုံရပါ၏။

ဒါကြောင့်လည်း မြို့စောင့်ကြီးလည်းဖြစ်၊ ဦးယျာဉ်မှူးကြီးလည်းဖြစ်ကာ၊ ဒေါ်သင်းဝေတို့ ဈေးဝယ်ထွက်လျှင် ကား

www.burmeseclassic.com

www.burmeseclassic.com

မောင်းပို့ပေးပါသည့် ဒရိုင်ဘာကြီးလည်း ဖြစ်ပါသည့် ဦးသိန်းမှ ခြံဝတွင် စောင့်နေခြင်းဖြစ်ချေသည်ပေါ့။

သူသည် .. ဘဘလုံ၏ ပြောပြချက်များအရ ဇစ်တိုးရီးယားရှိ လူများနှင့် ပတ်သက်၍ နာမည်တွေကအစ .. ။ ဘယ်သူက ဘာလုပ်သည်အဆုံး .. ရင်းနှီးသိနှင့်နေသည့် လူတစ်ယောက်လည်းဖြစ်နေချေသည်မို့ .. ။

ဦးသိန်းဆိုတာကိုလည်း သူမြင်လိုက်တာနှင့် သိခဲ့ရသည်လေ .. ။ အသားညိုညို။ အရပ်မြင့်မြင့်ကြီးနှင့် ဆံပင်ကောင်းသော ဦးသိန်းသည် ဘိုကေထူထူကြီးကို သပ်ယပ်စွာ ဖြီးသင်ထားတတ်သူလည်း ဖြစ်နေသည်။ မျက်ခုံးထူကြီး အောက်မှ ပြုံးရိပ်သန်းနေသော မျက်ဝန်းများက စိတ်ရှည်သဘောကောင်းခြင်း၏ သရုပ်ကိုဆောင်နေသည်ဟု ထင်ပါ၏။

ဦးသိန်းသည် သူ့ကို ဦးဆောင်၍ ပန်းခြံဘေးမှ လျှောက်လာပြန်သည်မို့ အလိုက်သင့်သူ နောက်ပါးမှ လိုက်လာရသည်ပါပဲ .. ။

သူလျှောက်လာခဲ့သော ကွန်ကရစ်ခင်းလမ်းလေး ထက်ပို၍ ကျဉ်းသော အနီရောင်အုတ်တွေ စီခင်းထားပါသည့် လူသွားလမ်းသွယ်လေးသည်လည်း စိတ်ကူးတရ ကွေ့ဝိုက်ဝိုက်လေး ခင်းထားသောဘေးတစ်ဘက်စီမှာ စပယ်ရုံအုံအုံလေးတွေ စီတန်းစိုက်ထားသည်မို့ .. စံပယ်တွေပွင့်သည့် ကာလဆိုလျှင် ဤလမ်းလေးသည် စံပယ်၏ ရနံ့တို့မွှေးမြနှီးသင်းစွာ ရှိနေကြချေလိမ့်မည်ဟု သူတွေးနေမိရင်း ရင်ထဲမှာ ကြည်နူးခြင်းဖြစ်၏။

သူတစ်ချက်တွေးမိရသည်က .. ထိုမျှအထိ .. လှပ

နေပါသော ဇစ်တိုးရီးယား၏ အရှင်သခင် ဦးဘုန်းစစ်မင်းသည် သမီးအပေါ်မှာ .. ဘာကြောင့် ကင်းပြတ်စွာနေနိုင်ရက်ပါသတဲ့လဲ .. ။ ကြွေ့ကို .. တစ်မြို့တည်းရှိ စိန့်ဂျူရီဇာကျောင်း၏ ဘော်ဒါဆောင်တစ်ခုမှာ ထားသည်ကိုက .. ဇစ်တိုးရီးယားနှင့် ဝေးနေစေချင်၍.. ဟုသူနားလည်နေမိရပါ၏။ ကြွေသည် မျက်နှာလေးကိုက မြင်ရုံမျှဖြင့်ပင် ချစ်မွေးပါသော ခလေးတစ်ယောက်ဖြစ်နေသည်ပဲ .. ။ ဦးဘုန်းစစ်မင်း ဘာ့ကြောင့် မချစ်နိုင်ဘဲဖြစ်နေရပါသလဲ .. ။ ဘဘလုံအပြောအရဆိုလျှင်တော့ ကြွေ့မေမေ့လွှမ်းရှင်ကြောင့် ဖြစ်နိုင်သည်။ ဒေါ်လွှမ်းရှင်အပေါ် ဦးဘုန်းစစ်မင်းသည် အတော်ကြီးကို နာကျည်းခံပြင်းသော စိတ်တစ်ခုခု ရှိနေခဲ့နိုင်သည်လေ .. ။

အထူးသဖြင့် .. ဒေါ်လွှမ်းရှင်၏ ချစ်သူဟောင်းနှင့် ဈေးထဲရှိ ငါးထမင်းနယ်ဆိုင်တစ်ဆိုင်မှာ ဆုံတွေ့ခဲ့မှုတစ်ခုသည် .. နက်ရှိုင်းသော .. ပြဿနာကြီးတစ်ခုကို .. ဦးဘုန်းစစ်မင်းနှင့် ဒေါ်လွှမ်းရှင်တို့ကြားမှာ ဖြစ်တည်လာစေခဲ့မည်သာ .. ။

အတွေးများဖြင့် သူနောက်ပါးဆီမှ လျှောက်လာနေရပေမယ့် လူသွားလမ်းလေးအဖြစ် တမင်ဖန်တီးထားပါသော ဤလမ်းလေးအတိုင်း ဘာကြောင့်ခုလိုဦးသိန်းသည် ဦးဆောင်၍ ခေါ်လာမှန်းစဉ်းစားမရချင်သေး .. ။

တကယ်က .. မနက်စာ ဘရိတ်ဖတ်စ်အတွက်က ဇစ်တိုးရီးယား၏ ထမင်းစားဆောင်ဆီသို့သာ သူ့ကို ဦးသိန်းသည် ဦးဆောင်ခေါ်သွားချိန်ဖြစ်နေသင့်သည် မဟုတ်ပါလား .. ။

ဘာပဲဖြစ်ဖြစ် .. ခုလို .. လျှောက်လာရတော့ လည်းအသွေးစုံသော ပန်းခင်းတွေရှိနေရာ ခြံကျယ်ကြီးနှင့် မြက်ခင်း

www.burmeseclassic.com

www.burmeseclassic.com

စိမ်းပြန့်ပြန့် .. ။ ရေတမာပင်တန်းများနှင့် စကားပင်တန်းများ .. သစ်ခွတွေ သစ်ခွအိုးတွေဖြင့် စိုက်ထားရာ သစ်ခွဆောင် .. ပင်စည်တွေမှာ ကပ်၍စိုက်ထားပါသော သစ်ခွရိုင်းများ .. ။

အားလုံးကိုတော့ သူ့စေးကြည့်ကြည်နူးခွင့်ရနေသည်ကတော့ အမှန်ပါ .. ။

မဉဆိုသည့် မိန်းကလေးသည် ဤမြှုပန်းတွေပေါ်နေသော ဗစ်တိုးရီးယားမှာ ရှိနေပါလျက်ကယ်နှင့် နှင်းဆီရိုပ်ငြိမ်မှ သစ်ခွပွင့်တွေကို မက်မောစွာ .. ပန်ဆင်လိုစောကြီးစွာဖြင့် လာလာရှူးတတ်သည့် အဖြစ်ကိုတော့သူ .. ရယ်မောလိုက်ချင်ရပါ၏။

ကြည့်ရတာ .. ဦးသိန်းသည် .. ပန်းတွေရှူးပန်တာမျိုးကိုတော့ တွန့်တိုတတ်သည့် ဥယျာဉ်မှူးတစ်ယောက်ဖြစ်နေဟန်တူပါ၏။

သူလှမ်းလင့်၍ မြင်လိုက်ရသည်က ပန်းဆောင်လေးတစ်ခုအသွင် လှပစွာရှိနေပါသည့် မြက်ခင်းထက်မှ အဆောင်လေးတစ်ခုပါ .. သွပ်မိုးသည် အစိမ်းရောင်ဖြစ်နေလျက် အပိုင်းသဏ္ဌာန် အဖြူရောင်သဘော်ဆေးသုတ် လက်ရမ်းတွေရှိနေပါသည့် အဆောင်လေးသည်ပန်းအိုးတွေဖြင့် ပန်းဆောင်တစ်ခုနှယ်လှပနေသည်မှာ အမှန်ပါ .. ။ နှင်းဆီအိုးများနှင့် ပွင့်ဝေနေသော သစ်ခွအိုးများသည် နှင်းဆီအခင်းလိုက်ပတ်လည်မှာ ကြမ်းခင်းအတိုင်းရှိနေသည်သို့ .. ။ သစ်ခွခိုင်တွေ ကြိုးဆိုင်းဆွဲအိုးလေးတွေထဲမှ ပတ်ပတ်လည်မျှ အမြင့်မှာ ရှိနေကြသည်မို့ ကြမ်းပြင်မှာလည်း ပန်းခင်းတွေ .. ။ ပတ်လည်မှာလည်းသစ်ခွခိုင်တွေ ပွင့်ဝေနေသည်သို့ .. လှပနေပါသည့် ပန်းဆောင်ဝန်းဝိုင်းဝိုင်းလေးပါ တကား ..။

ထိုပန်းဆောင်မှာ ဦးဘုန်းစစ်မင်းရပ်နေပါ၏။ ကျောက်ပတ်တီး စည်းနှောင်ထားဆဲ ဘယ်ဘက်လက်ကတော့ ကြိုးသိုင်းထားလျက်ဖြင့်ပါ .. ။

အနောက်တိုင်းဝတ်စုံကို ဦးဘုန်းစစ်မင်း ဝတ်ဆင်ထားပါ၏။

အဖြူရောင် ရှပ်လက်ရှည်ကို သေသပ်စွာပဲ လက်ပင့်ခေါက်၍ ဝတ်ထားသည်။ ရွှေညိုရောင် သက္ကလပ်အပါးစား ဘောင်းဘီကို ဝတ်ထားလျက် ထိုဘောင်းဘီအိတ်ကပ်ဆီသို့ ရွှေကြိုးဖြင့် တန်းသွယ်ထားပါသော အရောတစ်ခုသည် ခါးပတ်ချိတ်ဆီမှ နေ၍သွယ်ဝိုက်ဝင်သွားသည်မို့ နာရီကြိုးဆိုတာကိုတော့ သူသိလိုက်ရပါ၏။ ထိုရွှေကြိုးအဆုံးမှာ ရွှေနာရီဝိုင်းလေးသည် ရှိနေပါချေလိမ့်မည် .. ။ ဦးဘုန်းစစ်မင်း၏ လက်မှာနာရီပတ်မထား .. ။ အချိန်သိလိုချိန်များမှာ ဦးဘုန်းစစ်မင်းသည် ဘောင်းဘီအိတ်တွင်းမှ ထိုကြိုးချိတ်နာရီလေးကို ထုတ်ယူ၍ကြည့်ပါချေလိမ့်မည် .. ။

ရှပ်ရှည်ချောမောခန့်သန့်ပါသော ဦးဘုန်းစစ်မင်း၏ ဟန်ပန်ကိုက .. အရမ်းကိုကြည့်ကောင်းနေတာကတော့ အမှန်ပါ.. အရပ်မြင့်မြင့် .. ကိုယ်နေဟန်ထားကျစ်လျစ်လျက် .. ခါးချပ်ချပ် ရင်အုပ်ကျယ်ကျယ်ကြီးနှင့် ရှိပါသည့် ဦးဘုန်းစစ်မင်းသည် .. တကယ့်ကိုခန့်ညားနေသော လူကြီးတစ်ယောက်ဖြစ်နေသည်ကတော့အမှန်ပါတည့် .. ။

ဆံပင်ကိုသပ်ယပ်စွာ ဖြီးသင်ထားလျက် မေးရိုးပြန့်ပြန့်ကြီးနှင့် မျက်ခုံးထူထူ၊ မျက်လုံးတောက်တောက်ကြီးတွေဖြင့် ပိုင်နေပါသော ဦးဘုန်းစစ်မင်း၏ အပြုံးကလည်း အားအင်ရှိသော အပြုံး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသည်။ လွှမ်းမိုးသော အပြုံးဖြစ်နေသည်။ မျက်ဝန်းအကြည့်နှင့် အပြုံးတွေထဲမှာ သြဇာရိပ်ပါနေသည်။ ခေါင်းမာရိပ်လည်း ပါနေသည်။ ပြီးတော့ .. တည်ငြိမ်ရင့်ကျက်ခြင်းလည်း ပါနေပြန်သည်။

သူ .. ဦးဘုန်းစစ်မင်းနှင့်အတူ အပြုံရောင်စားပွဲခင်းထားသော စားပွဲဝိုင်းမှာ မျက်နှာချင်းဆိုင် ထိုင်နေရစဉ်ခိုက်မှာလည်း ဦးဘုန်းစစ်မင်း၏ အတွင်းစိတ်တွေကို အမိဖမ်းအကဲခပ်နိုင်ဖို့ကြိုးစားနေရပါသည့် မိုးညိုသာအဖြစ်ပဲ ရှိနေရဆဲပါ .. ။

လက်ရှိသူမြင်နေရသော ဦးဘုန်းစစ်မင်းသည် ကြေနှင့် ပတ်သက်၍သူနားလည်နေခဲ့ရပါသော ဦးဘုန်းစစ်မင်းနှင့် ခြားနားနေပြန်သည်။

ခါးသီးသော၊ ဥပေက္ခာပြုလွန်းသော ပြတ်သားမာကျောသော စိတ်ထားများဖြင့်ရှိနေသည့် ဦးဘုန်းစစ်မင်းဟုတ်မနေပြန် .. ။

သြဇာရိပ်လွှမ်းမိုးသော မျက်နှာပိုင်ရှင် ဦးဘုန်းစစ်မင်းသည် ညှော့ဝတ်ကျေပွန်သော လူတစ်ယောက်ဖြစ်နေကာ ထက်မြက်တည်ငြိမ်သော လူတစ်ယောက်လည်း ဖြစ်နေပြန်၏။ အလုအးပတရားများကို ခံစားတတ်သူအဖြစ်လည်း ဤပန်းဆောင်နှင့်ဥယျာဉ်လှလှကျယ်ကျယ်ကြီးများဖြင့်လည်း သူတွေးယူနားလည်လာနေမိရပြန်ပါ၏။ မနက်စာကို ဤပန်းဆောင်လှလှလေးမှာ ဦးဘုန်းစစ်မင်း စားသောက်နေကျဖြစ်ပါချေလိမ့်မည်။

ဒါဆို .. ပန်းတွေကိုချစ်သော လူတစ်ယောက်။ နှလုံးအိမ်နူးနူးညံ့ညံ့ကို ဖမ်းယူအကဲခတ်နားလည်လာရချေသည်။ တစ်ပါး .. ဘာကိုရွေးချယ်ရပါမည်တဲ့လဲ .. ။

သူ .. အလိုလို .. ရှုပ်ထွေးနားမလည်နိုင်ဘဲ ဖြစ်လာနေရသည်။ ကြေနှင့် ပတ်သက်၍ သူနားလည်နေရသော ဦးဘုန်းစစ်မင်းသည် သီးခြားလူတစ်ယောက်ဖြစ်နေသည်သို့ ရှိနေပြန်၏။ ယခု .. သူမြင်နေရပါသော ဦးဘုန်းစစ်မင်းနှင့် ဆန့်ကျင်ဘက်ကြီးဖြစ်နေသော လူတစ်ယောက်ဖြစ်နေပြန်၏။

ဦးသိန်း ထွက်သွားချေသည်မို့ သူနှင့် ဦးဘုန်းစစ်မင်းတို့နှစ်ယောက်တည်းပဲ ကျန်ခဲ့ပါသည့်အဖြစ် .. ။

စားသောက်စရာတွေကတော့ စားပွဲထက်မှာ မရှိသေး .. သူရောက်လာမှ .. ပူပူနွေးနွေးစားနိုင်ဖို့အတွက် ဖြစ်ပါချေလိမ့်မည်။ မကြာခင်မီမှာ အစားအသောက်တွေရောက်လာချေမည်ဟုတော့ သူတွေးမိရပါ၏။ သို့အပေါ်မှာ ဦးဘုန်းစစ်မင်းသည် တန်ဖိုးထား၍ သတိမှတ်ထားသည်ဟုလည်း နားလည်မိရပြန်သည်။

သူ .. လက်တွင်းမှ ပန်းချီကားကို စားပွဲထက်မှာ တင်မိရင်းမှ ..

"အန်ကယ်တကူးတကကြီး ခုလိုစောင့်လဲစောင့်ရ .. စီစဉ်ရနဲ့ ဖြစ်ရတဲ့အတွက် .. အားနာပါတယ်ခင်ဗျာ .. "

ဟုပြောတော့ ဦးဘုန်းစစ်မင်းပြုံးသည်။ ကြေစက္ကူဖြင့် သေသပ်စွာ ထုတ်ပတ်ထားသော ပန်းချီကားတင်ထားရာကိုလည်း ကြည့်သည်။ ဒါပေမဲ့ဘာမှတော့ ထိုပန်းချီကားနှင့် ပတ်သက်၍မမေးသေး။ ဒါပေမဲ့ သူစက္ကူပတ်ကို ဖြေယူလိုက်ချိန်နှင့် ပန်းချီကားကို ပြသလိုက်မည့်အချိန်ကိုတော့ စောင့်နေပုံရသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com

သူ .. ပန်းချီကားကို လောလောဆယ်မှာ မပြချင်သေး .. ။

စားသောက်ပြီးချိန်မှပဲ ပြလိုက်တော့မည်ဟု မူလကတည်းက ဆုံးဖြတ်ထားခဲ့ခြင်းပါ။ မကြာလိုက်၊ မဥနှင့်ဒေါ်သင်းဝေရော ဦးသိန်းရော စားသောက်စရာတွေ ထည့်ထားသော လင်ပန်းဖြင့် ရောက်လာကြပါ၏။

ကြက်ဥခေါက်ဆွဲကြော် .. ဘဲသားမုန့် .. ပေါင်မုန့်ထောပတ်သုတ်၊ ပေါင်မုန့်ယိုသုတ်။ ရွှေချည်ကိတ်မုန့်။ အာလူးကာတ်တလိတ် .. ။ နောက် .. ပဲပြုတ်နှင့် အငွေ့ထနေဆဲရှိနေပါသည့် ထမင်းကြော်ထည့်ထားရာ ကြွေအုပ်ကြီး .. ။ စိတ်ကြိုက်ဖျော်သောက်နိုင်စေဖို့အတွက် နို့၊ သကြားနှင့် နှပ်ထားသော လက်ဖက်ခြောက်ရည်နှင့် ကော်ဖီရည်ကြွေအိုးများက အစ၊ အခေါက်ခေါက်သယ်လာရင်း သယ်လာကြရင်းဖြင့် စားပွဲကြီးပြည့်လာနေပြီ။ သူ့အားနာစိတ်ဖြင့် ဦးဘုန်းစံမင်းကိုလည်း ကြည့်မိရ၊ ဒေါ်သင်းဝေနှင့်မဥတို့ကိုရော ဦးသိန်းကိုရော ကြည့်ရှုနင့်ဖြစ်ဖြစ်လာနေရသည်၊ ကစားပွဲပေါ်မှာ စားစရာတွေ ပြည့်လာလေလေ .. အားနာကြည့်တွေပို၍ဖြစ်လာရလေနှင့်ပါ။ သူ့ရှေ့မှာကတော့ ဇွန်းခက်ရင်းနှင့် ငွေဒါးလေးအပါအဝင် ကြွေပန်းကန်ပြား လွတ်တစ်ချပ်၊ ကြွေပန်းကန်လုံးလွတ်တစ်လုံးရှိနေပါ၏။ ကြိုက်ရာကို ယူထည့်စားရုံမျှသာ၊ နောက်ဆုံးထပ်ရောက်လာသည်က ပူတင်းကြွေအုပ် .. ။ နို့ကြက်ပေါင်းနှင့် ဖျော်ရည်ဖန်ချိုင့်များ .. ။ ပင်မှည့်ရည်၊ လိမ္မော်ရည်နှင့် ရောက်ချိုသီးရည် ဖန်ချိုင့်များ။ သူ့ဘေးမှာ ကြွေပန်းကန်ပြားပေါ်ခံထားသော မှောက်လျက်ထားရှိနေသည့် ဖန်ခွက်ရှည်မျောမျှ

လှလှလေးနှင့် ကြွေလက်ဖက်ရည်ချို ပန်းကန်တစ်စုံ .. ။ ဦးဘုန်းစံမင်းဘေးမှာလည်း ထို့နည်းပင် ဒေါ်သင်းဝေကချထားခဲ့ပြီးပြီ။ ခဏချင်းမှာပဲ စားပွဲလွတ်ကြီးတစ်လုံးထက်မှာ စားသောက်စရာတွေအလျှံပယ်မျှ ပြည့်ကြပ်စွာရောက်ရှိလာကြပါသည့် အဖြစ်။

ဒေါ်သင်းဝေတို့အားလုံးနေရာမှ ခွာသွားတော့မှ ဦးဘုန်းစံမင်းသူ့ကိုကြည့်ကာ ..

"စားလိုက်ကြရအောင် .. မောင်မိုးညိုသာ .. ဘိတ်ကတည်းကိုက .. စားသောက်စေချင်လို့ဖိတ်တဲ့သဘောပေမို့ .. စားသောက်တဲ့အခါမှာလဲ အားပါးတရစားစေချင်ပါတယ်ကွယ်.. ခုလို .. အနုပညာကို မြတ်နိုးတဲ့လူငယ်တစ်ယောက်နဲ့ အသိအကျွမ်းဖြစ်ရတဲ့အတွက် အန်ကယ်ဝမ်းသာပါတယ်၊ အင်း .. အန်ကယ်လဲ .. ပီယာနိုတီးခဲ့တာပါပဲ .. လွန်ခဲ့တဲ့ နှစ်များစွာက ကျန်ခဲ့တဲ့အဖြစ်တစ်ခုဆိုပါတော့ ပန်းချီကိုလဲ အန်ကယ်ဝါသနာပါခဲ့ပါတယ် .. ဖြစ်မြောက်အောင်ဆွဲလဲဆွဲခဲ့ဖူးပါတယ် .. ခုတော့ .. အဲဒါတွေလဲ ကျန်ခဲ့ပြီလေ .. အန်ကယ်ပန်းချီမဆွဲတော့တာ နှစ်အတော်ကြီးကို ကြာခဲ့ပြီ .. "

ဟုပြောနေရင်းမှ ဦးဘုန်းစံမင်းတစ်ချက် ငိုင်ခနဲဖြစ်ချင်၏။

စိတ်အစဉ်က အတိတ်ဆီသို့ မြန်ဆန်လွန်းစွာပဲ တစ်ဆန့်တင်လျှားကြီး နောက်ကြောင်းပြန်သွားရပါသည့်အဖြစ်။ ပန်းချီကားတစ်ချပ်ကို မြတ်နိုးလွန်းစွာဖြင့် ရင်ကိုနှစ်၍ဆွဲခဲ့သည်။ ထိုပန်းချီကားထဲမှ ရွှေစင်ရုပ်သွင်မျှ ရှိခဲ့ဖူးသူ၏ အရိပ်သခင်သည်

www.burmeseclassic.com

www.burmeseclassic.com

မလွမ်းရှင်ဆိုသည့် ဇနီးသည်လည်း ဖြစ်ခဲ့ဖူးသည်။ ထိုပန်းချီကားသည် ယခုအခါမှာတော့ စာကြည့်ခန်းဘီရိုကြီးတစ်ခု၏ အတွင်းမှာ မှန်ဘောင်သွင်းလျက်ဖြင့်ပဲ တိတ်ဆိတ်ငြိမ်ကျနေသော အမှောင်တွင်းမှာ ရှိနေခဲ့ပြီပဲ .. ။ ဟုတ်သည် .. ။ ဘီရိုကြီး၏ အောက်ခြေသစ်သားဘီရိုဆင့်ကြီး၏ အတွင်းဘက်မှာ .. ထုတ်ယူကြည့်ရှုသူမရှိစွာ .. အမှောင်ထဲမှာ ရှိနေခဲ့သည်တည့် .. ။

ပီယာနိုတီးခဲ့ဖူးသော လက်ချောင်းတွေသည်လည်း ဂီတနှင့် ကင်းကွာဝေးခဲ့တာ ကြာခဲ့ပြီ .. ။

ခု .. ဦးဘုန်းစစ်မင်းသည် .. ပန်းချီဆွဲတတ်သောသူတစ်ယောက်နှင့် မမျှော်လင့်ဘဲ မနေ့က ဆုံခဲ့ရလျှက် .. ။ ထိုပန်းချီ ပညာသည်လေးကို .. ခင်မင်နှစ်လိုစိတ်ရှိစွာဖြင့် အိမ်သို့တိုင်ခေါ်ယူ၍ မနက်စောစောစာကို တူတူစားသောက်လျက် ရှိသူတစ်ယောက်အဖြစ် ရှိနေချေသည်တကား .. ။

ဤသူငယ်လေးသည် ပန်းချီကိုလည်း ဆွဲတတ်လျက် .. လုပ်ငန်းကိုင်ငန်းကြီးတစ်ခုကို .. ကျယ်ပြန့်စွာလုပ်ကိုင်နေသည့် လူငယ်တစ်ယောက်လည်း ဖြစ်နေသည်။ ထိုအရည်အချင်းများသည် ဦးဘုန်းစစ်မင်းထံမှာလည်း ရှိနေသည့်အချက်များနှင့်လည်း တူညီနေသည်မို့ .. ဤသူငယ်လေးကို ခင်မင်မိခဲ့သည်မှာလည်းအမှန်ပါ .. ။

"အန်ကယ့်အတွက် .. ကျွန်တော်တစ်ခုခုကို ထည့်ပေးပါရစေ .. "

တိုးသဲ့တည်ငြိမ်သော အသံကြောင့် ဦးဘုန်းစစ်မင်းတစ်ချက်အားယူ၍ ပြုံးသည်။ အတွေးတွေက ချက်ခြင်းကြီးကိုပဲ

လတ်တလောနေရာဆီသို့ ပြန်၍စုစည်းရောက်လာပြန်ပါ၏။ ငိုင်တွေတွေဖြစ်သွားသည့် နေရာမှာ တည်ငြိမ်ရင့်ကျက်ခြင်းက ပြန်၍ နေရာယူလာသည်။ ဦးဘုန်းစစ်မင်းခပ်တိုးတိုးရယ်လိုက်ကာ ..

"ဒါဆိုရင်လဲ .. အန်ကယ့်အတွက် ထမင်းကြော်လေးနည်းနည်းအရင်ထည့်ပေးပါလား မောင်မိုးညိုသာ .. ဒီနေ့မနက်မှာ အန်ကယ်ထမင်းကြော်စားချင်စိတ်ဖြစ်တယ်လေ .. မောင်မိုးညိုသာလဲ ကြိုက်ရာစားပါ .. အားလုံးကိုတော့ စားဖြစ်အောင်စားပေါ့ကွယ် .. တစ်မျိုးနည်းနည်းစီ မြှုစားပေါ့.. ကြိုက်တဲ့အစားကို ကျတော့လဲ .. နှစ်နှစ်လိုလို .. ပိုစားပေါ့ဟုတ်ပလား .. "

ဟုပြောသည်မို့ သူထရပ်လိုက်ကာ ဦးဘုန်းစစ်မင်း၏ ပန်းကန်ထဲ ထမင်းကြော်နည်းနည်းရှုးခပ်ထည့်ပေးသည်။

"ခေါက်ဆွဲကြော်လေးရောနည်းနည်းထပ်ပြီး ဒီဘက်လေးမှာ ထည့်လိုက်ရင်ကောင်းမယ် ထင်ပါရဲ့အန်ကယ် .. မြူစွမ်ဟင်းရည်ကို ဒီပန်းကန်လုံးထဲ ထည့်ပေးလိုက်ပါမယ် .. "

ဟုပြောသမျှ ဦးဘုန်းစစ်မင်း ခေါင်းညိတ်နေသည်။ ခုလို ဆက်ဆံနေရင်းဖြင့်ပဲ ဦးဘုန်းစစ်မင်းသည် ဆက်ဆံရေး ဆက်ဆံရာမှာ အခက်အခဲမရှိအောင် တစ်ဘက်သားအတွက် ပြေလည်စွာ နေတတ်သူတစ်ယောက် ဖြစ်ဖြစ်လာနေသမျှကို သူသိသလာနေရသည်ပါပဲ .. ။

သူသည်လည်း ထမင်းကြော်နည်းနည်းနှင့် ကြော်ခိုခေါက်ဆွဲကြော်နည်းနည်းကို သူ့ပန်းကန်ထဲ ဖြည့်ထည့်သည်။ နှစ်ယောက်သားခပ်ဖြည်းဖြည်းပဲ စကားပြောရင်း စားသောက်ရင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ရှိနေရပါ၏။

နောက်တော့လည်း သစ်သီးကိတ်မုန့်နည်းနည်းစားဖြစ်သည်။

ဦးဘုန်းစစ်မင်းအတွက်ရော သူ့အတွက်ရော သူကိုယ်တိုင် လက်ဖက်ရည်ဖျော်ဖြစ်သည်။

သူလုပ်ကိုင်နေသမျှ ဦးဘုန်းစစ်မင်း လိုက်လိုက်ကြည့်နေရင်းမှ ..

"ဘရိတ်ဖက်စ်အတွက် အားလုံးကို ကျွမ်းကျွမ်းကျင်ကျင်ကိုယ်တိုင်လုပ်ကိုင်တတ်နေပါလား မောင်မိုးညိုသာ .."

"ကျွန်တော်က .. ခမ်းမွေမှာလဲ .. မနက်စာဆို .. ခုလိုပဲစားသောက်နေရတာပါ အန်ကယ် .. တစ်ယောက်တည်းစားသောက်နေကျပါ .. ကိုယ်စားချင်တာကိုယ်တိုင်ဖျော်သောက် .. ယူစား .. အဲသလိုပါ .. အိမ်မှာက ဒေါ်ခမ်းအိမ်ဆိုတဲ့ အဒေါ်ကြီးရှိပါတယ် .. သူချက်ပြုတ်ကျွေးပါတယ်.."

ဟုပြောပြီးတော့ ဘဲသားမုန့်လေးတစ်ခုကို သူယူစားပါ၏ .. ။

ဦးဘုန်းစစ်မင်းမှ ပူတင်းကို ယူစားသည်။

"ဒီလောက်အများကြီး လုပ်ကိုင်ကျွေးမွေးတဲ့အတွက် ကျွန်တော်အားနာမိပါတယ် အန်ကယ် .. ကျွန်တော့်ကို ဒီလောက်ကြီးထိ .. ပြုစုတဲ့အတွက်လဲ အားနာမိပါတယ် .. အန်ကယ့်လက်လဲ ဘာဖြစ်ပါသလဲခင်ဗျာ ..."

"အက်ဆီးဒင့် တစ်ခုကြောင့် ဆိုပါတော့ မောင်မိုးညိုသာ.."

ကားအက်ဆီးဒင့်ဖြစ်တာ သူသိပါသည်။ ဒါပေမဲ့ .. ဒီလိုပဲ မေးရမှာပဲပေမို့ .. မသိယောင်ဖြင့်ဘဲ မေးရခြင်းပါ .. ။

ဘဘလုံပြောပြ၍ ဦးဘုန်းစစ်မင်း လက်မှာအရိုးအက်သွားတာက အစ .. သူသိခဲ့ရခြင်းပါ။ ဤသည်ကလည်း .. မဥလာ၍ ဈေးအပြန်ဝင်ပြော၍ပါ .. ။ ထိုအချိန်မှာ ကြွေသည်ဘော်ဒါသို့ ပြန်သွားခဲ့ပြီဆိုတာကအစ .. ဘဘလုံမှ တဆင့်သူအားလုံးပြန်ပြန်သိခဲ့ရခြင်းပါတည့် .. ။

ထို့အတွက်လည်း သူကြွေ့ကို အံ့သြမိရပြန်သည်ပါပဲ .. ။

ဘာပဲဖြစ်ဖြစ် .. ကြွေသည် .. ဗစ်တိုးရီးယားမှာ ရက်အနည်းငယ်လောက်တော့ ဆက်နေခဲ့ချန်နေရစ်ခဲ့သင့်သည် မဟုတ်ပါလား .. ။ ဖခင်ကြောင့် .. အိမ်မှာတစ်ရက်နှစ်ရက်ပိုနေခဲ့၍ .. ကျောင်းတက်ချိန်ပျက်ရသည်ပဲထား .. ကျောင်းအုပ်မာသာကြီးကလည်း ခွင့်ပြုမည်သာ .. ။

ကြွေနှင့် ကြွေ့ဖေဖေကြားမှာ .. တစ်ဘက်နှင့်တစ်ဘက် .. နားလည်ပေးမှုများ ကင်းနေတတ်သည့် ဆက်ဆံရေးတင်းမာမှုတွေလည်း ရှိနေကြချေမည်ဟုတော့ သူတွေးမိခဲ့သည် မဟုတ်ပါလားလေ .. ။

ခုကျတော့ .. အရမ်းကို ဆက်ဆံရေးကောင်းနေသည့် ဦးဘုန်းစစ်မင်းအဖြစ်နှင့် သူ .. လောလောဆယ်မှာမြင်နေရ ဆက်ဆံနေရပြန်သည့်အဖြစ်။ သိနေရပါသည့် အဖြစ် .. ။

"ကျွန်တော် .. မနက်ဖြန် .. ခမ်းမွေကို .. ပြန်ရပါမယ် အန်ကယ် .. ကျွန်တော့်လူယုံကြီး ဦးစိုးဆီက ဖုန်းဝင်လာ

www.burmeseclassic.com

www.burmeseclassic.com

ပါတယ် .. စက်ရုံက အလုပ်သမားတစ်ယောက်ရဲ့အဖေ ဆုံးပါးသွားခဲ့တယ်တဲ့ .. ကျွန်တော့်မှာ မှတ်စုထားပါတယ် အန်ကယ် .. ကိုယ့်စက်ရုံက .. သာရေးနာရေးကိစ္စမှာ ကျွန်တော်အမြဲရှိနေဖို့ဆိုတဲ့ မူပါ .. သူတို့လိုအပ်တာမှန်သမျှ ကျွန်တော်ဖြည့်ဆည်းပေးပါတယ် .. ရှင်ပြုအလှူဆိုရင် ကျွန်တော်အမြဲမပါမဖြစ် .. ပါကိုပါခဲ့တာ ချည်းပါ .. ”

ဟုပြောတော့ ဦးဘုန်းစစ်မင်းလှမ်းကြည့်လာပါ၏။ အကြည့်ထဲမှာ နှစ်လိုရိပ်ထင်၏။

“ခမ်းမွေကို အန်ကယ်အလည်လာနိုင်တဲ့ ရက်များကြုံလာရင် .. အားလပ်ချိန်လေးရှိလာရင် .. လာလည်စေချင်ပါတယ်အန်ကယ် .. ခမ်းမွေဟာလဲ .. လက်ဖက်တောင်တွေ လက်ဖက်ခင်းတွေနဲ့ သာယာတဲ့ မြို့ပါပဲ .. အန်ကယ် ရောက်ဖူးမှာပါ .. ဒါပေမဲ့ .. ခုကျတော့ .. ကျွန်တော်တို့ အန်ကယ်ရင်းနှီးကျွမ်းဝင်ရှိရပြီမို့ .. ခမ်းမွေဟာ .. အန်ကယ့် အတွက် .. သွေးသားရင်းချာတစ်ယောက်ရှိနေတဲ့ မြို့အဖြစ် ရှိနေပါပြီ .. ”

ဟုပြောတော့လည်း ဦးဘုန်းစစ်မင်းခေါင်းညိတ် သည်။

“အန်ကယ်ရောက်ဖူးပါတယ် .. ရန်ကုန်ကို ဘော်တွင်းကို ဘော်တွေနိုင်ငံခြားကို ပို့တဲ့ကိစ္စတွေနဲ့ ရောက်ရချိန်တိုင်း.. သွားရချိန်တိုင်းမှာ ခမ်းမွေဟာ .. မဖြတ်မဖြစ်ဖြတ်သွား ရတဲ့ မြို့ပေပဲလေ .. မောင်မိုးညိုသာရှိတော့ .. အန်ကယ် တစ်ယောက်ဝင်နားလို့လဲ ရတာပေါ့ .. ”

ဟုပြောလာပါသည်။

သူပေးပါသော လိပ်စာကတ်ပြားလေးကိုလည်း ဦးဘုန်းစစ်မင်းဂရုတစိုက်ပဲ အင်္ကျီအိတ်ကပ်ထဲ ထည့်ပါ၏။

နှစ်ယောက်သား ခပ်ဖြည်းဖြည်း စားလိုက်။ စကားဌေွရောပြောလိုက်နှင့် မနက်စာသည် ဖျော့်ရည်သောက်ခြင်းဖြင့် အဆုံးသတ်ပါ၏။

ဦးဘုန်းစစ်မင်းမှာထားပုံရ၏။ စားသောက်ပြီးသည် အထိ တစ်နေရာကကြည့်နေပုံရပါသော ဦးသိန်းသည် ပန်းကန်တွေ လာသိမ်းသည်။

မကြာလိုက် .. ၊ ဒေါ်သင်းဝေနှင့်မဥလည်း ရောက်လာကာအားလုံးသိမ်းဆည်းသွားကြသည်မို့ စားပွဲချည်းသက်သက်ပဲ ကျန်ခဲ့ပါ၏။ စားပွဲခင်းကအစ လဲလှယ်သွားသည်မို့ .. အဝါရောင်နှင်းဆီနှစ်ပွင့်ထိုး ပန်းအိုးသည် အနီရောင်စားပွဲခင်းထက်မှာ လှပစွာတင်ရှိကျန်ရစ်ခဲ့ပါ၏။

ဦးဘုန်းစစ်မင်းသည် အလှအပကိုခံစားတတ်သော မြတ်နိုးသောသူအဖြစ် သူပို၍သိသိလာနေရသည်ပါပဲ .. ။

သူ .. ပန်းချီကားချပ်ကြီးကို ဖုံးထားသော ကြွေစအုပ်တ်ကိုခွာသည်။

သူ့ရင်ထဲမှာလည်း လှုပ်ရှားနေသည်ပါပဲ .. ။ အတွင်းမှာ ကျွန်းသားပန်းကနုတ်ထွင်းမှန်ဘောင်ခတ်ပန်းချီကား ရှိနေသည်။ ထိုပန်းချီကားကို မြင်လျှင် ဦးဘုန်းစစ်မင်း၏ မျက်နှာထက်မှာ မည်သည့်အရိပ်တွေထင်ဟပ်ဖြစ်ပေါ်ပြောင်းသွားမည် မသိ။ ပြော်တောစောက ပြောစကားအရဆိုလျှင် .. ပန်းချီကိုမြတ်နိုး ဆွဲတတ်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါသည်ဆိုသော ဦးဘုန်းစစ်မင်း .. မည်သို့ခံစားရချေမည်မသိ ..။

သူကတော့ .. ဤပန်းချီကားလေးကို .. လွှန်ခဲ့သော ရက်တွေကပဲ ဆွဲဖြစ်ခဲ့ခြင်းပါ။ ကြေနှင့်ပတ်သက်၍ သူခံစားရလေသမျှ .. ထိုပန်းချီကားလေးကိုလည်း ခံစားမှုတွေ၏အစိတ်အပိုင်းတစ်ခုအဖြစ် ဆွဲခဲ့ခြင်းပါ .. ။

ဦးဘုန်းစစ်မင်းသည် တိတ်ဆိတ်စွာ စိတ်ဝင်တစားဖြင့်ပဲ စောင့်ကြည့်နေဆဲ .. ။ ပန်းချီကားချပ်သည် ကြေ့စက္ကူလုံးဝကင်းစင်လွတ်သွားချိန်မှာ ရှင်းပစွာပဲ ပေါ်လွင်လာရပါပြီ .. ။

ခလေးလေးတစ်ယောက် .. ။ ဟုတ်သည် .. ငိုကြွေးနေပါသော ခလေးမငယ်ငယ်လေး တစ်ယောက်၏ပုံ .. ။

သုံးနှစ်အရွယ်လေးမျှပဲ ရှိမည့်ခလေးမလေး .. ။ ကြက်တောင်စည်းလေးကို စည်းထားသည်။ အဖါရောင်ဂါဝန်လေးက တုတ်အိအိခြေသလုံးလေးတွေ အထက်မှာ ခွေပိုက်ပိုက်လေးဖေးတင်နေ၏။ .. ။ ပါးလေးတွေ ဖောင်းအိနေကာ တုတ်အိအိလက်မောင်းလေးတွေလည်း ရှိနေပါသော ချာတိတ်မလေးသည် ချစ်စဖွယ့်ရုပ်အဆင်းလေးဖြင့် ရှိနေပါ၏။ မျက်ခုံးလေးကနက်ခုံးနေသည်။ မျက်ဝန်းလေးတွေကနက်ရွှန်းနေ၏။ မျက်တောင်လေးတွေက ထူပိတ်ပိတ် .. ။ နှာတန်လေးလုံးနေကာ ခလေးကို ကြည့်ရသည်မှာ အရုပ်လေးကိုကြည့်နေရသည်နှင့်ပင် တူနေပါသေးသည့်အဖြစ်၊ ဒါပေမဲ့ .. ထိုခလေးသည် ပြုံးမနေ .. ။

ဝမ်းနည်းတကြီးနိုင်စွာ .. အားငယ်ပါးငယ်နိုင်စွာ.. ငိုကြွေးနေသည်။ မျက်ရည်ဥလေးတွေက ပါးပြင်နှစ်ဘက်မှာ သနားစဖွယ် စီးသွယ်ကျနေလျက် ကျလုလုမျက်ရည်ဥလေးကလည်း၊

မျက်ဝန်းထက်မှာ ခိုတွဲနေ၏။ အရည်လဲ့နေသော မျက်ရည်ဥလေးသည်အရမ်းကို အသက်ပါနေလျက် လင်းလဲ့လဲ့ဖြစ်နေသည်။ ခုပဲ.. ဖြိုတ်ခနဲ ကြွေလုလုတဲတဲရှိနေသည့်နယ်ပါတည့် .. ။ မျက်ဝန်းလေးထက်မှာ ကြေကွဲအားငယ်ရိပ်တွေ ပြည့်သိပ်နေလျက် လက်လေးနှစ်ဘက်ကို လှမ်းမြှောက်ထားကာ တစ်ခုခုကို တောင်းနေသည့်နယ်လေး ဖြစ်နေသည် .. ။

ထိုခလေးသည် ဘာကိုတောင်းခံနေပါသလဲ .. ။

ငိုကြွေးရင်း .. ကြေကွဲအားငယ်စွာ .. ဖျော့တော့အားငယ်စွာ .. ဘာကိုတောင်းခံနေပါသလဲ .. ။

တောင်းတာကိုရေ၍ .. ငိုကြွေးနေရှာခြင်းဆိုတာကတော့ သိသာနေသည့်အဖြစ် .. ။

သူခံစားဆွဲမိခဲ့သည်က .. ဖခင်ထံမှ မေတ္တာနှင့်ကြင်နာယုယခြင်းများ .. ချော့မြှူယွေးပိုက်ခြင်းများကို ငတ်မွတ်ကြေကွဲစွာဖြင့် တောင်းခံနေသည့် ကြေအဖြစ် .. ရေးဆွဲခဲ့ခြင်းပါ .. ။

ဦးဘုန်းစစ်မင်းကို သူကြည့်မိသည်။

ကလေးတစ်ယောက်၏ ငိုကြွေးမှုဆိုတာက .. လူကြီးတစ်ယောက်၏ ငိုကြွေးမှုထက် .. လူတစ်ယောက်၏ ရင်ကို ကြေကွဲဆို့နှင့်နေစေသည်၊ ပို၍ခံစားရစေသည် .. ။ ဤသို့ပဲ သူနားလည်ထားသည်လေ .. ။

ခု .. ဦးဘုန်းစစ်မင်းသည် .. ပန်းချီကားကို .. ငေးစိုက်၍ .. မျက်တောင်မခပ်ကြီး ကြည့်နေသည်။ နောက်တော့ .. ရှေ့သို့ တိုးလာကာလက်ချောင်းလေးတွေဖြင့် ခပ်ဖွဖွလှမ်းထိလိုက်သည်က .. ခလေး၏ ကျလုလုမျက်ရည်ဥနေရာဆီသို့ပါ .. သူ ...

www.burmeseclassic.com

www.burmeseclassic.com

ဦးဘုန်းစစ်မင်း၏ရင်ထဲက ခံစားမှုကို ပို၍သိနားလည်လာနေရပါ၏။ ဦးဘုန်းစစ်မင်းသည် .. ခလေးတစ်ယောက်၏ မျက်ရည်ဥကို ကြာရှည်မကြည့်ရက်တတ်သူဟူ၍ပါ .. ။

ဒါဆို .. ဒါဆို .. ဘာကြောင့် .. ကြွေ့မျက်ရည်ဥများကို .. ဦးဘုန်းစစ်မင်းစည် ဤမျှ .. ဤမျှကြာရှည်စွာ ဥပက္ခာပြုထားရက်နိုင်ခဲ့ပါသလဲ .. ။

"ဒီပန်းချီကားကို .. အန်ကယ်နှစ်သက်မယ်လို့ ကျွန်တော်ထင်ပါတယ် အန်ကယ် .. အမှတ်တရအဖြစ် .. အန်ကယ့်အလုပ်ပွဲရုံရဲ့ ရုံးခန်းမှာပဲ ဖြစ်ဖြစ် .. အန်ကယ့်အိပ်ခန်းမှာပဲဖြစ်ဖြစ် .. ဧည့်ခန်းရဲ့နံရံမှာပဲ ဖြစ်ဖြစ် .. ချိတ်ထားခွင့်လေးရနိုင်မယ်လို့လဲ မျှော်လင့်မိပါတယ် အန်ကယ် .. "

သူတိုးသက်စွာ ပြောမိရပါ၏ .. ။

တကယ်က .. သူ၏ ပန်းချီကားကို .. ဦးဘုန်းစစ်မင်း၏ နှလုံးအိမ်တွင်းမှာ ချိတ်ထားစေချင်သည် ဆိုတာကိုတော့ သူဖွင့်မပြောတော့ပါ .. ။

ပန်းတွေ၏ ရနံ့ကတော့ အေးမြသောလေနှင့်အတူ တိုးတိုးဝေ့ဝေ့မျှ ဖြတ်တိုက်လာကြပါချေ၏ .. ။

အခန်း [၁၆]

နေ့လည်ထမင်းစားချိန်လေးမှာ ကြွေခပ်သုတ်သုတ် ထမင်းစားပြီးတာနှင့် ဘယ်သူ့ကိုမှ မခေါ်တော့ဘဲ ကျောင်းဝင်းအပြင်ဘက်ဆီသို့ ခပ်သုတ်သုတ်လေးပဲ ထွက်ခဲ့ပါသည့်အဖြစ်။ ရင်ထဲမှာတော့ လှုပ်ရှားနေသည်ပါပဲ .. ။

ကြွေတို့ကျောင်းဝင်းကြီး၏ တစ်ဘက်မှာက ကွင်းပြင်ကျယ်ကြီး .. ။ ထိုကွင်းပြင်ကြီးမှာ ကြွေတို့၏ ကစားကွင်းလည်း ဖြစ်နေသည်ပါပဲ .. ။

ထိုကစားဝင်းကွင်းပြင်နှင့် ကြွေတို့၏ကျောင်းကို ကတ္တရာလမ်းတစ်ခုက ခြားထားသည်။ ထိုကွင်းပြင်ကြီး၏ တစ်ဘက်မှာလည်း ကတ္တရာလမ်းတစ်ခုခြားထားပြီးသည့် နောက်မှာ တစ်ထပ်အဆောက်အဦးလေး တစ်ခုရှိလျက် .. ။ ထိုအဆောက်အဦးလေးသည် စာတိုက်လည်းဖြစ်ကာ တယ်လီဖုန်းရုံးလည်း ပူးတွဲရှိနေပါ၏။ ကြွေ့အပြာရောင်ကျောင်းဝတ်စုံ၏ အောက်နား

www.burmeseclassic.com

www.burmeseclassic.com

စလေးကို မြက်သီးတံတို့မထိအောင် အနည်းငယ်မ၍ ခပ်သုတ်သုတ် လှမ်းလာပါ၏။

အပြာရောင် စကာတ်ဆိုပေမယ့် စကာတ်ဆိုတာက ခါးအထက်ပိုင်းမှာလည်း အပေါ်ရုံလတ်ပြတ် ရင်ဖုံးကျော့ဖုံးလေး အဖြစ် ရှိနေကာ ထိုရင်ဖုံးကျော့ဖုံးလေး၏ အောက်မှာ လက်အနား တွန့် လက်ရှည်နှင့် ကော်လာလေးကအစ သပ်ယပ်စွာ မီးပူကျလေး အဖြစ် ဝတ်ဆင်ရပါသော အဖြူရောင်ဘလောက်စ် အင်္ကျီလေးကို ဝတ်ဆင်ထားရပါ၏ .. ။ ဤသည်ကတော့ ကြွေတို့၏တနင်္လာမှ သည် သောကြာနေ့အထိ ဝတ်ဆင်ရပါသော ကျောင်းဝတ်စုံပါ တည်း.. ။

အဖြူရောင်ခြေအိတ်နှင့် ကျုံ့နွားပေါလစ်တင်တိုက် ရပါသော လေဒီရှူးဖိနပ်လေးကလည်း သန့်စင်စွာရှိနေရသည်ပါပဲ။

ကြွေ .. ဆံကျစ်ရှည်လေးနှစ်ဘက်မှာ ပိုးသားဖဲကြိုး လေးချည်ထားလျက် ပုံစံလေးဖြင့် ကွင်းပြင်ကို ခြေလှမ်းသုတ်သုတ် ဖြင့် ဖြတ်ကျော်ပြီးခဲ့ပြီ .. ။ ဆံကျစ်ရှည်လေးကတော့ တနွဲ့နွဲ့ခါ လျက် ကျောပြင်ကို အလျားလိုက်ရှည်နွဲ့စွာပဲ ဖြတ်ခါးခေါက်ကွေး နားအထိ ရောက်နေသည်။ တယ်လီဖုန်းရုံးလေးထဲ ကြွေဝင်လာကာ ဖုန်းနံပါတ်လေးကို တာဝန်ကျ ဝန်ထမ်းမမလေးထံပေးတော့ တယ် လီဖုန်း ခေါ်ပေးပါ၏။ ခုန်တန်းရှည်လေးမှာ စိတ်လှုပ်ရှားစွာ ကြွေ ထိုင်စောင့်နေမိရပါပြီ .. ။

ဤအချိန်ဆို .. ဖေဖေစက်ရုံမှာ ရှိနေမည်။ နောက် ဆုံးသော မျှော်လင့်ချက် တစ်ခုအဖြစ် ကြွေအသက်ကို ခပ်ပြင်းပြင်း ရှိုက်လိုက်မိရင်းမှ စိတ်လှုပ်ရှားရလွန်း၍ နလုံးခုန်သံကိုပင် ပြန်ကြား

နေရသည်သို့ ရှိလာနေရပါ၏။

ဖေဖေ့ဘက်က ဖုန်းကောက်ကိုင်လိုက်ပြီမို့ တယ် လီဖုန်းရုံးမှာ အော်ပရေတာမမလေးက ပြုံး၍ဖုန်းကိုင်စေသည်မို့ ကြွေစိတ်တွေလှုပ်ရှားခြင်းမက လှုပ်ရှားနေရင်းဖြင့် ဖုန်းကိုင်လည် တံလေးကို တင်းတင်းဆုပ်မိလိုက်ရပြီတည်း .. ။

“ဟယ်လို .. ဖေဖေလား .. ကြွေပါ .. ”

အသံလေးက နည်းနည်းတော့ တိမ်ချပ်နေ၏။

“ဘာကိစ္စရှိလို့လဲ ကြွေ .. ခု .. ဆက်တာတယ်လီဖုန်းရုံးက အော်ပရေတာကတဆင့် ဆက်တာဆိုတော့ .. ဘာလို့ .. ကျောင်းကနေပြီး မဆက်တာလဲ .. ပြီးတော့ .. ဘာလို့မ ဆက်စပူး .. စက်ရုံအထိကို ဆက်ရတာလဲကြွေ .. မာသာတို့ မသိအောင် .. ဆက်တာက ဘာဖြစ်နေလို့လဲ .. ”

ကျောင်းမှာလည်း မာသာစုပီးရီးယား၏ ရုံးခန်းမှာ ဖုန်းရှိပါ၏ .. ။

ဖုန်းဆက်၍လည်း ရပါ၏ .. ။ ကြွေ .. တယ်လီဖုန်း ရုံးလေးမှနေ၍ လာဆက်ခြင်းအတွက်လည်း ဖေဖေအံ့သြနေပုံရ သည်။ ပြီးတော့ .. ဖေဖေ့ထံကြွေဖုန်းဆက်လာခြင်းကိုလည်း အံ့ ဩတာသင့်လည်း ဖြစ်နေပုံရပါ၏ ..။ မေးသံတွင်မနှစ်မြို့သံတွေ ပါလာနေသည်ဟုလည်း ကြွေထင်သည်။

တယ်လီဖုန်းလက်ကိုင်လေးကို တင်းတင်းဆုပ်ထား င်းမှ ကြွေမျက်ရည်တွေ ဝဲတက်လာနေရပါ၏ .. ။ လှိုက်လှဲနွေး ထွေးခြင်းမရှိသော ဖေဖေ့အသံကြောင့် အရမ်းကိုအားတင်း၍ ဖျော်လင့်ထားမိခဲ့ပါသော .. မျှော်လင့်မှုတစ်ခုသည်လည်း

www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်းမှာ ဖြစ်မလာနိုင်တော့ပြီပဲဟု အလိုလိုကြိုတင်အဖြေ ရနေပါသည့် အဖြစ် .. ။

ဒါပေမဲ့ .. ကြွေ .. ပြောကိုပြောရမည် .. ။ ကြွေ နောက်ဆုံးအကြိမ်အဖြစ် .. အားယူကြိုးစားကြည့်ချင်နေသေးသည့် စိတ်ကို .. အလိုလိုက်ကို လိုက်ရချေလိမ့်မည် .. ။

"ကြွေတို့ကျောင်းမှာ .. ခရစ္စမတ်အကြိုပွဲလေးတစ်ခုကို မာသာဂါလုပ်ပေးပါမယ်ဖေဖေ .. ကျောင်းပိတ်ရက်မှာ အိမ်ပြန်ချင်သူတွေလဲ အိမ်ပြန်လို့ရအောင် .. ဒီဇင်ဘာခရစ္စမတ်ရက်မတိုင်မီ နှစ်ရက်အလိုမှာ ကျောင်းကပွဲလေးတစ်ခုကို လုပ်ပေးမှာပါ .. အိမ်ကမိဘတွေကိုလဲ .. ဒီမိုင်းသာမြို့က ဆိုရင် ဖိတ်ပါတယ်ဖေဖေ .. အဲဒါ .. အဲဒါ .. နှစ်တိုင်းလုပ်နေကျပွဲပါ .. ဖေဖေ .. တစ်ခါမှတော့ မတက်ဖြစ်ခဲ့ပါဘူး ဖေဖေ .. အနိတီလေးကတော့ တက်ပါတယ် .. ခု .. ခု .. ဒီနှစ်မှာတော့ .. ကြွေ .. စနိုးဗိုက် လုပ်ရပါမယ် ဖေဖေ .. ဖေဖေ လာကြည့်ပေးပါလားဟင် .. "

ကြွေ .. ဆက်တိုက်လေးပြောချလိုက်မိရပါ၏။ နှလုံးခုန်နေသည်ကတော့ ရင်ကိုဖောက်၍ ခုန်ပေါက်ထွက်လာတော့ မ ယောင်ပါ .. ။ စိတ်တွေအရမ်းကို လှုပ်ရှားနေတာမို့လည်းနဖူး၊ ချွေးတွေစို့တက်လာနေသည်။ ကျောပြင်မှာလည်း မယုံနိုင်လော အောင်ပဲ ချွေးတွေနစ်နစ်ပါအောင် ထွက်လာနေကြတာကို မိမိ သာပင် သိနေရပါသည့်အဖြစ်။ တယ်လီဖုန်းကို ကိုင်ထားသော လက်ချောင်းလေးတွေ ဆတ်ဆတ်တုန်နေကြတာကိုလည်း မ နိုင် .. ။ တယ်လီဖုန်းရုံးမှ အသားဖြူဥဥလေးနှင့် မမလေးပင်

ကြွေ့မျက်နှာထက်မှ ချွေးတွေနစ်အောင် ကျနေတာကို အံ့ဩပုံလေးသနားပုံလေးဖြင့် ငေးကြည့်နေရှာသည် အထိပါ .. ။

တစ်ဘက်မှ ဖေဖေ့အသံတွေ တိတ်ကျနေတာမို့ ကြွေမျက်ရည်ပိုဝဲလာနေရပါ၏။

ဒီတစ်ခေါက်တော့ ဖေဖေလာခဲ့ပါဖေဖေရယ် .. ဟု ကြွေ့ရင်ထဲမှ ခယယာစောင်းပန်နေမိရပါ၏ .. ။

"ပွဲချိန်က .. ဘယ်အချိန်လဲ .. "

မမျှော်လင့်ရဲလောက်အောင်ပဲ တုန့်ပြန်မေးလာသံကြောင့် ကြွေ .. မျက်ရည်တွေကျလာရင်းမှ နှုတ်ခမ်းလေးတွေဆတ်ဆတ်ခါသွားရကာ အားတက်သရော်လေးလေးလည်း မျှော်လင့်တာကြီးနိုင်စွာ ဖြေလိုက်မိရပါပြီ .. ။ ဘုရားရေ .. ။ ဖေဖေက.. ဖေဖေကပွဲချိန်ကို မေးလာသည်တဲ့လား .. ။ ဒါဆို .. ဒါဆို .. ဖေဖေ .. လာမည့်သဘောဘက်ကို ဆောင်နေပြီ .. ။ ကြွေ .. ကြွေ မျှော်လိုက်သည်မှ အရမ်းပါ .. ။ ဖေဖေလာကြည့်လျှင် .. ကြွေ .. အကောင်းဆုံး သရုပ်ဆောင်ပြလိုက်မည် .. ။ ကြွေဘယ်လောက်လှတာ .. ကြွေဘယ်လောက်တော်တာ .. ဖေဖေအံ့ဩကျေနပ်သွားလောက်အောင်ကို သရုပ်ဆောင်ပြလိုက်မည် .. ။

"ညဘက်မဟုတ်ပါဘူး ဖေဖေ .. မနက်ကိုးနာရီခွဲလောက်မှာ စမှာပါ .. ဖေဖေလာမယ်ဆိုရင် .. ကိုးနာရီလောက်လာလို့ ဖြစ်ပါတယ်ဖေဖေ .. ကြွေတို့ကျောင်းသီချင်းလဲ ဆိုကြမယ် .. ပြီးတော့ .. ခရစ္စမတ်သီချင်းလဲဆိုကြမယ် .. နောက် ကြွေတို့ရဲ့ .. စနိုးဗိုက်ပုံပြင်လေးကို သရုပ်ဖော်တဲ့ဇာတ်လေးကိုလဲ .. ကကြပါမယ်ဖေဖေ .. "

www.burmeseclassic.com

www.burmeseclassic.com

ဟုဆက်တိုက်ကြီး ပြောနေရင်း ကြွေ့အသံလေးတွေထဲမှာ ပျော်ရွှင်ကြည်နူးခြင်းများ ကစီးမျောခုန်ပေါက်၍ ပါလာနေကြပါချေ၏ .. ။

"အဲဒါ .. ဝမ်းနည်းစရာပဲကြွေ .. စက်ရုံမှာ .. အဲဒီအချိန်မှာ အလုပ်သမားတွေ အားလုံးနဲ့ဆုံဖို့ .. အစည်းအဝေးသဘော စီစဉ်ထားပြီးနေပြီ .. အန်ုတီလေးလာလိမ့်မယ် .. ဒါပါပဲ.. ဒါပြောဖို့ဆက်တာလား .. ဖုန်းချလိုက်တော့ .. နောက်ကို ကျောင်းဖုန်းကိုပဲ သုံးပါ .. အန်တီလေးဆီကိုပဲ ဆက်ပါ .. ကြားရဲ့လား .."

ဟုပြောသံအဆုံးမှာ ကြွေမျှော်လင့်ချက်တွေ အားလုံးမှန်တိုင်းတစ်ခုထဲမှာ လွင့်မျောပါကုန်ကြသည်သို့ ခံစားလိုက်ရပါပြီ .. ။ ကြွေ့လက်ထဲမှာ ရှိနေသည့် တယ်လီဖုန်းလေးကိုပင် ဆက်ထိန်းကိုင်ထားနိုင်မည့် အားအင်တွေမကျန်တော့ သယောင်ကြီးပဲ လက်ချလေးတွေအားပျော့ချေကျသွားကာ ဖုန်းလေးကိုချလိုက်မိရပါသည့် အဖြစ် .. ။ ရင်ထဲမှာဟာနေသည်။ နောက်ဆုံး မျှော်လင့်ချက် .. ။ ဟုတ်သည် .. ။ နောက်ဆုံးသော မျှော်လင့်ချက်တစ်ခုအဖြစ် အားခဲ၍ထပ်ကြိုးစားကြည့်မိသော ကြိုးပမ်းမှုတစ်ခုသည် ရှုံးနိမ့်စွာ ကြေကြေကွဲကွဲနိုင်စွာပဲ အဆုံးသပ်ခဲ့ချေပြီ ... ကား .. ။

ကြွေ .. အကျီအိတ်ကပ်လေးထဲမှ ပိုက်ဆံ... ထုတ်ကာ ဖုန်းဆက်ခကျသင့်ငွေကို ရှင်းနေရင်းလည်း ငိုနေမိ... ဘယ်လိုမှကို ထိန်း၍မရနိုင် .. ။

ကြွေငိုနေပုံလေးက .. ငိုခြင်းဆိုသည့်အရာ...

ဘယ်လိုမှ ဟန့်တားယူ၍ မရနိုင်လောက်အောင် .. ထိန်းယူနိုင်၍ မရနိုင်လောက်အောင် .. ဖြစ်နေရပါသည့် အလူးအလဲမျှခံစားနေရပါသော ဝေဒနာသည်လေးနှင့် တူနေသည်။ အရာရာကိုဆုံးရှုံးလိုက်ရသည့် သူတစ်ယောက်၏ ငိုကြွေးနေခြင်းမျိုးနှင့် တူနေသည်။ တယ်လီဖုန်းရုံးမှ မမလေးပင်မျက်နှာမကောင်းနိုင်ဘဲ ကြွေ့ကိုသနားစိတ်ဖြင့် လက်လေးထွေးဆုပ်ထားရှာပါ၏။ ဘာတွေပြောကြသည်ဆိုတာကတော့ ကြွေပြောနေတာတွေကို ကြားထားရတာမို့ မှန်းဆနိုင်မည်သာ .. ။ တစ်ဘက်က ဖေဖေဘာဖြေသည်ဆိုတာကိုလည်း တွေးဆနိုင်မည်သာ .. ။ ကြွေ .. ခေါင်းလေးတစ်ချက်ခါလိုက်ကာ ပြေးထွက်လာမိရပါ၏ .. ။

ကဗ္ဗာရာလမ်းလေးကို ကြွေဖြတ်ကူးသည်။

နောက်တော့ ညောင်ပင်ကြီးတွေ ရှိနေရာကွင်းပြင်လေးထဲကို ရောက်လာတော့ညောင်ပင်ကြီးအောက်မှာ ကြွေတစ်ယောက်တည်း မြစ်ဆုံကြီးထက်မှာ ထိုင်မိရပါ၏ .. ။

ရင်ထဲမှာ လုံးဝမျှော်လင့်ချက်မရှိတော့သည့်လူတစ်ယောက်၏ ရင်ထဲနာကျင်နေခြင်းများနှင့် ဟာနေခြင်းများက ပြည့်ကျပ်နေသည်။ မျက်ရည်ဥတွေက တလူးလိမ့်လိမ့်စီးကျနေဆဲ .. ။ အသံလေးတွေပွင့်ကျလာအောင်ကို စိတ်ကိုလွှတ်ချ၍ ဝမ်းနည်းရှိုက်ငင်ငိုချနေမိရသည်မှာလည်း ကြွေပါ .. ။

ကြီးမားသော ညောင်ပင်ကြီးအောက်မှာ .. သစ်မြစ်ဆုံကြီး တစ်ခုမှာ တစ်ယောက်တည်းကြေကွဲစွာ ရှိုက်ငိုနေမည့် ကြွေကို .. ခြော် .. ရှင်မွေးကြွေဆိုသည့် ကောင်မလေးတစ်ယောက်ကို ဖေဖေ့အာရုံထဲမှာ .. ဘယ်တော့မှရှိလာနိုင်တော့မှာလည်း မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ငိုချေလိမ့်မည်ဟုလည်း ဖေဖေတွေးယူနားလည်ပေးချေမှာလည်းမဟုတ် .. ။ ဖေဖေခြင်းလိုက်လျှင် ကြွေအဘယ်မျှထိ .. ဝမ်းနည်းအားငယ်သွားမည် ဆိုတာကိုလည်း ဖေဖေစာနာပေးမှာလည်းမဟုတ် .. ။

ဖေဖေသည် .. ကြွေ့ကို .. ကြွေ့ကို .. ဘယ်တော့မှလည်းချစ်လာနိုင်တော့မှာ မဟုတ် .. ။

ဖေဖေ့ဥပက္ခာတရားတွေကိုလည်း ကြွေ .. အဘယ်သို့သော ကြိုးပမ်းမှုများဖြင့်လည်း ဖယ်ရှားလိုက်နိုင်စွမ်းတော့မှာမဟုတ် .. ။

အရာရာစိတ်ဓါတ်ကျနေခြင်းများဖြင့် ကြွေသည် တစ်ယောက်တည်း ငိုချပြီးရင်း .. ငိုချနေရင်းဖြင့် အချိန်တွေကို ကုန်ဆုံးလာနေစေမိရပါပြီ .. ။

ကြွေ့မျက်ဝန်းလေးတွေ တဖြည်းဖြည်း တောက်ပလာနေကြပြန်ပါ၏ .. ။

အံလေးကို ကျစ်ခနဲကြိတ်မိသည် .. ။

ဖေဖေသည် .. ကြွေ့ကို .. သမီးတစ်ယောက်အဖြစ် ဘယ်တော့မှ မချစ်တော့ပြီပဲ .. ဟုတွေးနေရင်း သိနေရင်းဖြင့် ထိထိခိုက်ခိုက်ကြီးငိုချနေရာမှ .. ကိုယ်လေးတဖြည်းဖြည်းပြန်မတ်လာတာ .. ။ လက်ချောင်းလေးတွေလက်ဖဝါးတွေထဲ နစ်ဝင်အောင်ဆုပ်လာနေမိတာ .. ။ ရင်ထဲမှာ .. ကြေကွဲနေခြင်းများအစား .. တုန့်ပြန်အံတုလိုသော စိတ်တွေခုန်ပေါက်၍ .. ရဲ၀့်စွာ ပွဲနေကြတာ .. ။ အားလုံးကို .. ကြွေသည် .. ထိုခံစားမှုများ၏ ခေါ်ဆောင်မှုနောက်ဆီသို့ ရုန်းဖယ်ခြင်းမရှိစွာ .. အညီ့ခံလူတာ

ယောက်အဖြစ် ပါပါလာနေရသည်သို့ ရှိရှိလာနေရပါသည့် အဖြစ်..။

ဖေဖေ့ထံမှ ချစ်ခြင်းများကို ခယယာဖြင့်လည်း မရနိုင်တော့ပြီ .. ။

ဒါဆို .. ။ ဘာကြောင့်ကြိုးစားယူနေခြင်းများဖြင့် လူနှင့် စိတ်ကိုပင်ပန်းနေစေတော့မည်တဲ့လဲ .. ။

ကြွေ့ကို .. လူမှုဝန်းကျင်မှာ .. ဦးဘုန်းစစ်မင်း၏ သမီးတစ်ယောက်အဖြစ် လူအသိအမှတ်ပြုခံ ဘဝမျိုးဖြင့်ရှင်သန်နေစေရုံသက်သက်မျှသာ .. ဖေဖေသည် ကြွေ့အပေါ်သတ်မှတ်ထားခဲ့သည်ပဲ .. ။

ဒါပေမဲ့ .. ကြွေဆိုသည့် ခလေးမငယ်ငယ်လေးသည် .. ဖခင်၏ချစ်ခြင်းကို မွတ်သိပ်စွာ .. တောင့်တနေတတ်သည့်ဆိုတာလောက်ကိုတော့ .. ဖေဖေနားလည်ပေးသင့်သည်ပေါ့။ ဒါပေမဲ့ .. ဖေဖေသည် ဘယ်သောအခါတွင်မျှ .. ကြွေမျှော်လင့်တောင့်တနေခဲ့ရပါသော ဖေဖေတစ်ယောက်အဖြစ်တော့ ဖြစ်လာတော့မည်မဟုတ် .. ။

ဖေဖေသိထားသင့်သည်က .. ဖေဖေကြွေ့ကို .. ဥပက္ခာပြုထားသည်ဖြစ်စေဦးတော့ .. လူတွေအတွက် .. ဝန်းကျင်အလယ်မှာကတော့ .. ကြွေသည် .. ဦးဘုန်းစစ်မင်း၏သမီး ရှင်မွေးကြွေ ပဲဖြစ်နေသည်လေ .. ။ ထိုအချက်ကိုဖေဖေလေးလေးနက်နက်ကြီး မတွေးထားမိခဲ့တာမို့လည်း .. ဤမျှအထိ .. ကြွေ့အပေါ် .. ဥပက္ခာပြုထားရက်နိုင်သည်ပေါ့။ ကြွေ၏ကောင်းခြင်းဆိုးခြင်းများ၏ အကျိုးဆက်ဂယက်တစ်ခုသည် .. ဖေဖေ့ကိုလည်း ထိခတ်မည်ဆိုတာလောက်ကိုတော့ ဖေဖေ .. ထိုအချင်းမျှအထိ..

www.burmeseclassic.com

www.burmeseclassic.com

တွေးထားမိခဲ့ဟန်မတူ။ ဖေဖေတွေးထားသည်က .. ကြွေ့ကို ကျောင်းထားပေးမည်။

ဖေဖေထားသည့် ကျောင်းမှာ ကြွေနေရမည် .. ။ ဖေဖေဆက်ပို့မည့် တက္ကသိုလ်တစ်ခုမှာ ကြွေကျောင်းဆက်တက်ရမည် .. ။

ကြွေ .. ဘွဲ့တစ်ခုကိုရမည် .. ။

ကြွေသည် .. ဖေဖေထားသလိုနေ .. ဖေဖေစီမံရာကိုသွားရမည့် ကြွေအဖြစ်ပဲ .. ဆုံးခန်းတိုင်သည်အထိ .. နေသွားချေလိမ့်မည်ဟု .. ဖေဖေတွက်ဆထားကောင်းတွက်ဆထားချေလိမ့်မည် .. ။ အို .. ထိုသို့ပဲ .. အသေအချာကြီးကို မှတ်ယူထားချေမည် .. ။ ဒါပေမဲ့ .. ကြွေသည် .. လက်ရှိကြွေသည် .. စောစောကကျန်ခဲ့သော ကြွေမဟုတ်တော့ပြီဆိုတာ ဖေဖေသိကို သိလာစေရမည် .. ။

ဖေဖေထားသော ကျောင်းမှာ .. ကြွေမနေ .. ။

ဖေဖေစီမံထားခြင်းများထဲမှ .. ပထမဆုံးသော အံတုမှုတစ်ခုကို .. လုပ်ပြဖို့ကြွေ .. အံခဲ၍ ဆုံးဖြတ်လိုက်ရပါပြီ..။

နောက်ထပ် .. နောက်ဆက်တွဲများစွာကိုလည်း .. ဖေဖေဆက်တိုက်ရင်ဆိုင်ခံစားရပါချေလိမ့်ဦးမည် .. ။

ကြွေသည် .. မျက်ဝန်းများလက်တောက်လာရင်း ခပ်တိုးတိုးလေးစတင်၍ ရယ်မောလာပါချေ၏ .. ။ မျက်ရည်စ မချောက်သေးသော ပါးပြင်လေးကို ကြွေ .. လက်ချောင်းလေး ခပ်ဖွဖွတို့ထိကြည့်မိသည်။ နောက်တော့ ခပ်ကြမ်းကြမ်းလေး သုတ်ပစ်လိုက်မိပါ၏ .. ။

တဖန် .. ကြွေသည် .. ခေါင်းလေးကိုမော့၍ .. ခပ်ကျယ်ကျယ်လေးပဲ အားပါးတရရယ်ချလိုက်ပြန်ပါ၏ .. ။ ကြွေ့မျက်ဝန်းတွေ အနည်းငယ်မှျ ပြူးကျယ်လာကြလျက်မှ ဆက်တိုက်ကြီးရယ်နေသည် .. ။

ကြွေ့အသံက .. ကြွေ့အသံနှင့်ပင် တူမနေ .. ။ သြရှရှကြီးဖြစ်နေလျက် မျက်နှာလေးကလည်း ကြောက်စရာကောင်းလောက်အောင်ပဲ တင်းမာလာနေကြပါ၏ .. ။

မျက်နှာထက်မှ ကြွက်သားလေးတွေ ဆတ်ဆတ်ခါနေသည်။ ခံစားမှုများက အဆုံးစွန်သို့ ရောက်နေကာ .. ။ အသိအာရုံများက ပြောင်းကပြန်ဖြစ်ကုန်သည်သို့ ရှိလာရလျက်မှ တစ်ကိုယ်လုံး တုန်ယင်လာနေကြပြန်ပါ၏ .. ။

ရယ်မောခြင်းနှင့် မတူနေသော ကြမ်းတမ်းခြင်းဘက်ကို နွှယ်နေသည့် ရယ်သံတွေကတော့ ကြွေ့နှုတ်ခမ်းဆီမှ ဆက်တိုက်ထွက်ကျလာနေဆဲ .. ။ အစဉ်မပြတ် .. ထွက်ပေါ်နေဆဲပါတည် .. ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [၁၇]

နူးပြီးသားလက်ဖက်ရွက်များကို နွမ်း၍နူးညံ့ပျော့ပျောင်းလာအောင် ဖြန့်ခင်းထားရာ ကွန်ကရစ်ခင်းထက်ဆီမှ ဖျာကြမ်းတွေဖြန့်ချထားပါသည့် ကွင်းပြင်ကျယ်ကြီးရှိရာဘက်ဆီသို့ အကြည့်က တစ်ချက်တန့်၏ .. ။

ဩော် .. သူ၏ မိဘမျိုးရိုးစဉ်လာတစ်လျှောက် လုပ်ကိုင်ပါသည့် သူ၏အသက်သွေးကြောအဖြစ် ရှိရပါလေသည့် လက်ဖက်တောင်များနှင့် လက်ဖက်ခင်းများရှိရာဘက်ဆီသို့ အကြည့်က တစ်ဆန့်တစ်လျားရွေ့ရပြန်သည် .. ။

စက်ရုံကြီး၏ ဘယ်ဘက်ကွင်းပြင်ကျယ်ကြီးမှာကျတော့ သစ်သားခပ်ကြမ်းကြမ်းရိုက်ထားပါသည့် စားပွဲရှည်ကြီးများ သေသပ်ရှည်လျားစွာ အတန်းလိုက်ရှိနေကြလျက် ထိုစားပွဲကြမ်းကြမ်းကြီးတွေထက်မှာကျတော့ အရွက်များအနံ့ကျိုး၍ အနံ့ရှိသည့် အစေးများထွက်လာစေရန် လိပ်ပေးပြီးအရွက်များ အချဉ်ပေါက်လာစေရန် နာရီအနည်းငယ်မျှ ဖြန့်ထားပါသည့်လက်ဖက်များ .. ။

ထိုမှတစ်ဆင့် အရွက်များကြေးနီရောင်သမ်း၍ ပန်းသီးမှည့်အနံ့များ ထွက်လာပါချေလိမ့်မည် .. ။

လက်ဖက်ရွက်တွေကို ဖရင်ဟိုက်ဒီဂရီ (၁၉၀)မှ (၂၂၀)ထိ လှော်ပေးပြီး အကင်းသတ်နေသည့် စက်သံတွေကလည်း စက်ရုံကြီးမှာ သက်ဝင်လှုပ်ရှားနေသည်ပါပဲ .. ။

သူ .. စက်ရုံအပေါ်ထပ်ဆီမှ ဆင်းလာခဲ့ကာ .. အလုပ်သမများ၏လုပ်ကိုင်နေသည့် စားပွဲရှည်ကြီးများ ဘေးမှ လျှောက်လာနေမိရပါ၏ .. ။

လေပူဖြင့် လှော်ပြီးအကင်းသတ်ထားပါသော လက်ဖက်ခြောက်တွေကို အရွက်အဖူးအကြီးအသေးလိုက်ခွဲခြားနေသည့် အလုပ်သမလေးများ .. ။

ထိုရွေးပြီး အဆင့်အမျိုးအစားခွဲပြီးသည့် လက်ဖက်ရွက်တွေကို နောက်တစ်ကြိမ်ထပ်၍ လှော်နေသည့်စက်ကြီးများ။

စက်သံတွေကတော့ သက်ဝင်နေမြဲ .. ။

နေက် .. အချိုခြောက်ထုပ်များထုပ်ပိုးနေသည့် စက်ရုံခန်းကျယ်ကြီးဆီသို့လည်း သူလျှောက်လာမိရပါ၏ .. ။

စက်ရုံကြီး၏ မန်နေဂျာလည်းဖြစ် .. သူ၏ လူယုံကြီးလည်းဖြစ်ပါသည့် ဘဘစိုးကတော့ အလုပ်သမားခေါင်းဦးအိုက်ပိနှင့် စကားပြောနေသည် .. ။

စက်ရုံကြီး၏ဘယ်ဘက်ခြမ်းမှာကျတော့ လက်ဖက်ခြောက်စိမ်းဟုလည်းခေါ်ကြ .. အခါးခြောက် .. အချဉ်ခြောက်

www.burmeseclassic.com

www.burmeseclassic.com

ဟုလည်း ခေါ်ကြပါသည့် လက်ဖက်ခြောက်တွေအတွက် ရေနွေးငွေ့ဖြင့် ပေါင်းနေသည့် နေရာကရှိနေသည် .. ။

သူ့စက်ရုံသည် .. လက်ဖက်ခြောက်အချိုခြောက်အတွက်ရော၊ အဖန်ခြောက်အတွက်ရော လက်ဖက်ရွက်တွေ လှမ်းသည်ကအစ .. အဆင့်ဆင့်လုပ်ကိုင်ရာ၌ .. ထုပ်ပိုးပြီးသည့်အဆင့်ထိ အားလုံးအလုပ်သမားတစ်ရာကျော်နှင့် လုပ်ကိုင်နေပါသည့် နေ့စဉ်ဝေစည်နေသော နေရာကြီးတစ်ခုဖြစ်နေပါသည့်အဖြစ် .. ။

လပြည့်လကွယ်နှင့် ဥပုသ်နေ့များတွင် စက်ရုံပိတ်သည်။ တနင်္ဂနွေတစ်ရက်ပုံမှန် ပိတ်သည်။ အခါကြီးရက်ကြီးများတွင်လည်း ပိတ်သည်။

ကျန်ရက်များကတော့ စက်ရုံသည် ကြည်နူးဖွယ်နေရာတစ်ခုအဖြစ် သူ့အတွက်ရှိနေခဲ့သည်ပါပဲ။ ဒါပေမဲ့ .. ။ ဪ .. ဒါပေမဲ့ .. ခုကျတော့ သူ့ရင်ထဲမှာ ဟာနေသည် .. ။

ပြီးတော့ .. တစ်ခုခုကို .. စိုးရိမ်နေသည်။ ထိုအရာသည် .. ကြွေ့ကို .. တစ်ယောက်ယောက်နှင့် ခွဲစပ်လိုက်တာမျိုး ရှိသွားမှာကို ထိတ်လန့်ချောက်ချားနေသည့်စိတ် .. ။

ကြွေ .. ကျောင်းနေနေဆဲဆိုတာကို သူသိနေသည်ပါပဲ .. ။ ဒါပေမဲ့ .. ကြွေ့လိုအရမ်းကို ချောမွေ့နေပါသော မိန်းကလေးကို .. တစ်ယောက်ယောက်က .. မြတ်နိုးစွာချစ်သွားပါချေလျှင် .. ။ လူကြီးမိဘများနှင့် စကားမြန်းစေခဲ့ .. ခွဲစပ်ထားပါစေနှင့် လုပ်လိုက်ပါချေလျှင် .. ။ သူ .. ရင်ကွဲရချေမည် .. ။ သူချစ်သော မိန်းကလေးကို .. ဘယ်လောက်ပဲစောင့်ရ .. စောင့်ရ .. ။

ဘွဲ့ရသည်အထိပဲ စောင့်ရစေ .. သူစောင့်နိုင်သည် .. ။ ဒါပေမဲ့ .. သူစကားမမြန်းမိလိုက်မိ၍ .. ကြွေကခွဲစွာ နောင်တဖြင့် ကျန်ရစ်နေရမည့်ဘဝမျိုးအထိ ရောက်စေဖို့အတွက်ကိုတော့ .. သူ .. ထိုအချိန်ကိုတော့ စောင့်ဆိုင်းနေသူတစ်ယောက်အဖြစ်တော့ အဖြစ်မခံနိုင်။

သူ .. ကြွေ့ကို .. ခွဲစပ်ထားလိုက်ချင်သည် .. ။

ဒါ .. သူ .. ဆောက်တည်ရာမဲ့စွာ .. တစ်ယောက်တည်းခံစားနေရပါသည့် ခံစားမှု။ ကြွေ့ကို .. သူ .. အဆုံးရှုံးမခံနိုင်။

ပြီးတော့ .. သူသည် .. ကြွေ့ထက် အသက်ကြီးသည်။ ရုပ်ရှင်မင်းသားလောက်ကို ကြီးမည်။ ကြွေ့ကို .. သူချစ်နေလိမ့်မည်ဟု ကြွေကလည်း ထင်မည်မဟုတ် .. ။ ကြွေ့ဖေဖေ .. အန်ကယ်ဦးဘုန်းစစ်မင်းကလည်း ထင်ချေမည်မဟုတ် .. ။

မိုးညိုသာဆိုသည့် သူတစ်ယောက်သည် .. ကြွေ .. ချစ်မြတ်နိုးနေချေမှန်း မသိသည့် မိန်းကလေးတစ်ယောက်ကို .. သူနှင့် ကြွေ့ကိုနေရာချပေးဖို့သည့်နောက်မှာ .. အဘယ်သူက .. အထိ တွေးပေးနေပါမည်တဲ့လဲ .. ။

"ငါ .. ငါ့ရင်ထဲက .. ချစ်ခြင်းတွေကို .. သိမ်းဆည်းထားနေလို့ကို မဖြစ်တာ .. ငါ .. အန်ကယ်ဘုန်းစစ်မင်းနဲ့လည်း အထိုက်အလျောက် ရင်းနှီးအောင် ကြိုးစားနိုင်ခဲ့ပြီပဲ .. ဒီတော့ .. ငါ .. ဘာလို့ .. ဟိတ်ဟန်ထုတ်ပြီး ငါ့ကိုယ်ငါ ညာနေရမှာလဲ .. ငါ .. ကြွေ့ကိုခွဲစပ်ထားချင်တယ်ဆိုတာကို ဘာလို့အချိန်တွေဆွဲပြီး .. အပင်ပန်းခံ .. စိတ်ပူခံပြီး နေနေရမှာလဲ .."

www.burmeseclassic.com

www.burmeseclassic.com

သူ .. တစ်ချက်သက်ပြင်းရှိုက်မိသည် .. ။

ရင်ထဲတွင် တစ်ချက်လေး၏။ ကြွေ့ဖေဖေ ဦးဘုန်းစစ်မင်းသည် သူ၏ကမ်းလှမ်းမှုကို လက်ခံပါမည်လား .. ။

ကြွေကရော .. လက်ခံပါမည်တဲ့လား .. ။ ကြွေသည် .. ဖြူဥဥလေးနှင့် အရမ်းကိုနုဖန့်နေသော ကျောင်းသူလေးသာ .. ။ လောလောဆယ်မှာ ကျောင်းနေနေဆဲ ကြွေ .. ။ မက်ထရစ်ကျောင်းသူလေးဆိုပေမဲ့ ကြွေသည် .. ထို့ထက်ကို ပို၍နုဖန့်နေသည့် ကြွေဖြစ်နေသည် .. ။

ဒါပေမဲ့ .. သူသည် .. ကြွေ့ကို မတွေးမိသောနေ့ဟူ၍ မရှိ .. ။ ကြွေ့အကြောင်း မစဉ်းစားမိသောနေ့ဟူ၍ မရှိ .. ။ ကြွေသည် သူ့ကိုစိုးမိုးသော ကြွေဖြစ်နေသည်။ ထိုနေ့က .. တစ်နေ့တာ ၇နာရီ ဆုံးကာ ညဘက်ကိုရောက်တော့ ကြည်နူးရိပ်မှ ဘဘစိုးကို သူ .. ဖုန်းဆက်၍ ခေါ်မိသည်အထိ .. ရင်ထဲမှာ ကြွေက ပိုင်စိုးနေပြီ .. ။

"စက်ရုံမှာကျတော့ စက်ရုံရုံးခန်းမှာပဲပြောဆိုရမလိုဖြစ်နေတာမို့ .. အလုပ်သမားတွေလည်း မကြာမကြာ ဝင်ထွက်စရာကိစ္စနဲ့ ရှိနေနိုင်တာမို့ .. ဘဘကို ခေါ်ရတာပါ .. အိမ်ကကားလွှတ်လိုက်ပါမယ် ဘဘစိုး .. စိုင်းထွေးကို လွှတ်လိုက်ပါမယ် .. အရေးကြီးပါတယ် ဘဘ .."

ဟု ဖုန်းဖြင့်ပြောပြီးတော့ သူခြံထဲဆင်း၍ စိုင်းထွေးကို ဘဘစိုးထံကားနှင့် သွားကြိုဖို့ ပြောရပါ၏ .. ။ ဘဘစိုးက ချက်ချင်းပဲ .. လာခဲ့ပါမည် .. ဟုဖြေခဲ့သည်လေ .. ။

ညဝတ်အင်္ကျီဖဲသားအညိုရောင်ကို ဝတ်ဆင်ထား

လျက် သူသည်ပန်းခြံဆီမှ ပန်းတွေကို လရောင်အောက်မှာ ရပ်ရင်းငေးကြည့်မိရပါ၏ .. ။

သူ့မျက်ဝန်းတွေထဲ တိုးဝင်လာသည်က .. သီတင်းကျွတ်လပြည့်ညမှာ .. မျက်ရည်ဥလေးတွေ တအိအိပြိုကျရင်း သူ့ကိုမော့ကြည့်ခဲ့ပါသော မိန်းကလေးပါ .. ။

လဲပြိုမယောင်ဖြစ်သွားစဉ်ခိုက် .. ။ သူလက်လှမ်း၍မမီဘဲရှိချိန်မှာ ကြွေသည် .. ကိုယ်လေးကို ထိန်းနိုင်ဖို့ မကြိုးစားလိုက်နိုင်ခဲ့ရှာ .. ။ မြက်ခင်းထက်မှာ ကြွေလဲကျသွားခဲ့တာ .. ။ သူလက်ဖြင့် ဖေးထူလိုက်တော့ အလိုက်သင့်လေးပါလာခဲ့တာ ..။ ဩော် .. လရောင်ပြိုးပြောက်ထင်သော သစ်ရိပ်အောက်မှာ သူနှင့်ကြွေ .. အနီးတကပ်ရှိခဲ့စဉ်ခိုက် သူထိထိခိုက်ခိုက်မြင်ခဲ့ရပါသည့် မျက်ရည်ဥလေးတွေ စိုနစ်နေရာ မျက်ဝန်းလေး .. ။ အားလုံးသည် ယခုတိုင် သူ့ရင်ကို လာ၍ ထိခိုက်နေစေဆဲ .. ။

ကားလေးလမ်းဘေးထိုးရပ်၍ တစ်ယောက်တည်းမြို့ပြင်လမ်းပေါ်မှာ ငိုနေခဲ့သော မိန်းကလေးသည်လည်း ကြွေဖြစ်နေခဲ့သည်ပဲ .. ။

ကြွေသည် .. ရင်ထဲမှာ ထိခိုက်နာကျင်နေသော ကြွေဖြစ်သည် .. ။

ကြွေ၏ ပြာလဲ့လဲ့မျှ ဖြူစင်နေသော မျက်သားနှင့် နက်ရွှန်းနေသော မျက်ဝန်းအိမ်လေးတွေသည် မျက်ရည်ကို အဖော်ပြုရှိန်သက်သက်ပဲ .. ဖြစ်တည်နေရှာချေသည်တဲ့လား။ သူ .. လရောင်အောက်မှာ ရပ်နေရင်းဖြင့်ပဲ .. ခေါင်းခါလိုက်မိရပါ၏..။

သူ .. ခမ်းမွေသို့ ပြန်ရောက်လာတော့.. နှစ်လတာ

www.burmeseclassic.com

www.burmeseclassic.com

မှု ရှိလာပြီ .. ။ ဒီဇင်ဘာပန်းပင်လေးတွေပင် နှင်းရည်နှင်းစက်ဖြန်း ထားသမှုဖြင့် အရွက်၏အရောင်လေးတွေ စိမ်းမြမြနေရာမှာ နီမြန်း မြန်း .. နီစွေးစွေးဖြင့် ပတ္တမြားရည်သွေးပင် ပြောင်းလာနေကြပြီ၊

သူလျှောက်နေသည့် လူသွားကွန်ကရစ်လမ်းသွယ် လေးဘေးတစ်လျှောက်မှာ ဦးကြီးသော်စီတန်းစိုက်ထားပါသော ဒီဇင်ဘာပန်းပင်တန်းက အပင်ပုလေးအဖြစ် စီတန်းလျက်ရှိနေပါ၏။ အရွက်လေးတွေအားလုံး နီမြန်းနေလျက် လရောင်ဖဲအောက်မှာဖြင့် ကွင်းသည်လှနေပါ၏ .. ။

နှင်းရည်ဆွတ်သည်နှင့်အမျှ အရွက်တို့၏ အရောင် ပြောင်းလဲ၍ နီမြန်းလာပါသည့် ထိုအပင်လေးတွေ၏ ထူးခြားမှုလေး တွေကလည်း အပွင့်မရှိသောအပင်တစ်ခု၏ ထူးခြားညို့ငင်နိုင်စွမ်း မှုတစ်ခုပါတည့် .. ။ အိမ်တွင်းသို့ သူဝင်လာမိရပါ၏ .. ။

သူ .. စာကြည့်ခန်းရှိရာဆီသို့ သူအပေါ်ထပ်လှေ ကားထစ်များအတိုင်း နင်းဖြတ်တက်လာခဲ့ပါ၏ .. ။ ဒေါ်ကြီးခမ်း အိမ်ကိုတော့ ဘဘစိုးရောက်လာလျှင် စာကြည့်ခန်းဆီသို့ တက်လာ ဖို့ သူမှာခဲ့ပြီးပါပြီ .. ။

စာကြည့်ခန်း၏ ပြတင်းမှ သူတင်းပေါက်ဘောင်ကို လက်တင်၍ ရပ်နေမိရပါ၏။ ပြောရမည့်စကားအတွက် .. အနေရ ခက်သည်ကတော့ အမှန် .. ။

မိဘနှစ်ပါးမရှိတော့ပြီမို့လည်း .. သူ၏ဘဝအတွက် သူသည်သာ ဦးဆောင်ရသူအဖြစ် ရှိနေရချေသည်မို့ .. ဘဘစိုးကို သူမှတစ်ပါး ပြောရမည့်သူကလည်း မရှိ .. ။

ပြီးတော့ကျတော့ .. သူ့ရင်ထဲက စကားကို .. သူဖွင့်

ဟပြောရမည့်သူသည်လည်း .. ဘဘစိုးမှတစ်ပါး .. အခြားမရှိပြန်။

သူ့ရင်ထဲက စကားကို .. သူကပဲ .. အဘစိုးကိုဖွင့် ဟပြောရမည့်နှယ် .. ။

သူ့ရင်ထဲကစကားကို သယ်ဆောင်ပေးရမည့်သူ သည်လည်း .. ဘဘစိုးပဲဖြစ်နေပါချေသည်တကား .. ။

ခြံတွင်းသို့ ကားဝင်လာသည်၊ သူ့ရင်ထဲမှာ လှုပ်ရှား နေသည်ပါပဲ .. ။ မကြာလင့်မီမှာ သူသည် .. သူ၏အိမ်ထောင်ရေး နှင့် ပတ်သက်သော စကားကို .. ဘဘစိုးအား ဖွင့်ဟပြောပြရချေ ဦးတော့မည် .. ။ သို့ဘဝမှာ .. ပထမဦးဆုံးသောစကား .. ။ ပြီးတော့ .. သူ၏ရင်တွင်းစကားသည် .. တစ်သက်တာအတွက် တည်သောစကား။ အခန်းတံခါးခေါက်သံကြားတော့ သူတံခါးကို ဖွင့်ထားရုံပဲ ခေါ်ထားတာမို့ ..

"တွန်း .. ဖွင့်လိုက်ပါ ဘဘစိုး .."

ဟု ပြောလိုက်မိရာမှ ကိုယ်ကိုလည်း ပြတင်းပေါက် ကို ကျောပေး၍ ရပ်လိုက်မိပါပြီ .. ။ ဘဘစိုး အခန်းထဲ ဝင်လာ သည်။ သူ့ကိုလည်း လှမ်းကြည့်လာပါ၏ .. ။

သူ .. ဘဘစိုးကို အားနာတကြီးလည်း ကြည့်မိ သည်။ အနေရခက်ခြင်းဆိုတာကလည်း ရင်ထဲတိုးဝင်၏ .. ။ ဘဘ ထိုင်ဖို့ ကုလားထိုင်ကို သူကိုယ်တိုင်ယူ၍ ..

"ထိုင်ပါ ဘဘ .."

ဟုပြောတော့ ဘဘကိုင်သည်။ မကြာလိုက် .. ။ ဒေါ်ကြီးခမ်းအိမ်မှ နွားနို့ပူပူနှစ်ဖန်ခွက်ကို ပေါင်မုန့်မီးကင်ထောပတ် သုတ်နှင့်အတူ လင်ပန်းလေးဖြင့် ယူလာကာ စားပွဲထက်မှာ လာချ

www.burmeseclassic.com

www.burmeseclassic.com

ပေးသည်။ ဆောင်းညတစ်ညမှာ .. သူသည် .. အငွေ့ထောင်း ထောင်းထနေသော နို့ဖန်ခွက်နှစ်ခွက် .. ။ မွှေးနေသော ပေါင်မုန့်မီး ကင်ထောပတ်သုတ်ပန်းကန်ပြားတွေ ရှေ့ချ၍ စားပွဲတစ်လုံး၏ မျက်နှာချင်းဆိုင်နေရာမှာ ထိုင်နေရင်းဖြင့် ညကြီးမင်းကြီးမှာ .. မိန်းကလေးတစ်ယောက်ကို စကားမြန်းစေဖို့ကိစ္စကို ခေါ်ပြောသည် အထိ စွဲလမ်းရူးသွပ်နေသည့်လူတစ်ယောက်ဖြစ်နေလိမ့်မည်ဟု ဘယ်တုန်းကမှ သူမထင်မိခဲ့စဖူး .. ။

"သောက်ပါဦး .. ရာသီဥတု အေးနေတုန်း .. သောက်ရတာ နို့ပူပူလေးက ကောင်းပါတယ် ဘဘ .. "

စကားသည် သိပ်အဆင်မချောချင် .. ။ စာကြည့် ခန်းကျယ်ပြန့်ပြန့်ကြီးမှာ သူတို့နှစ်ယောက်သည် နွားနို့ပူပူသောက် ရင်း စကားစမြည်အပျင်းပြေပြောဖို့ သဘောမျိုးဖြင့်ရှိနေခြင်းမဟုတ် ဆိုတာကိုတော့ ဘဘကလည်း နားလည်နေသည်ပါပဲ .. ။ နွားနို့ ဖန်ခွက်ကို ဘဘတစ်ကျိုက်ယူသောက်ပြီးမှ သူ့ကိုကြည့်ကာ ..

"မောင်မိုးညိုသာ .. ဘဘကို .. အရေးကြီးတာတစ်ခုပြော မယ်ဆိုတာကိုတော့ ဘဘလည်းသိထားပါပြီ .. ဘာများပါ ကွယ် .. "

ဟုပြောတော့ သူတစ်ချက် ခပ်တိုးတိုးချောင်းဟန့် သည်။ ပြတင်းအနီးမှာ သွားရပ်မိပြန်လျှက် ကောင်းကင်ယံထက် မှ ကြယ်တွေကိုမော့ကြည့်ဖြစ်၏။ လရောင်လွှင်ပျပျက လင်းလွဲ့မှု ဖြင့် ရှိနေသည်ပါပဲ .. ။

"မိုင်းသာမြို့မှာ .. ဦးဘုန်းစစ်မင်းဆိုတာရှိပါတယ် ဘဘ .. မိုင်းသာဘော်တွင်းစက်ရုံကြီးရဲ့ ပိုင်ရှင်ပါပဲ .. ဇစ်တိုးရိုးယား

အိမ်ကြီးဟာ .. နှင်းဆီရိပ်ငြိမ်နဲ့ ခြံချင်းကပ်ပါ .. "

သူပြောသမျှ ဘဘငြိမ်၍နားထောင်နေသည် .. ။ အနေခက်ပုံဖြင့် သူ ဘဘကိုတစ်ချက်လှည့်ကြည့်မိသည် .. ။ ကိုယ်ကို ပြတင်းပေါက်ဘောင်ကိုကျောပေး၍ ရပ်လိုက်မိရင်းမှ ..

"အဲဒီမှာ .. ရှင်မွေးကြွေရှိပါတယ် ဘဘ .. ဦးဘုန်းစစ်မင်း ရဲ့ သမီးလေးပါ .. ဘဘ .. မနက်ဖြန် .. ဇစ်တိုးရိုးယားကို သွားပေးပါ .. ပုလဲ .. မြ .. ပတ္တမြားနဲ့ .. နီလာ .. စိန် .. တစ်ဆင်စာဆီကိုရတနာပွန်းဘူးပြားတွေနဲ့ .. ကျွန်တော် ဘဘကိုထည့်ပေးလိုက်ပါမယ် .. ရှင်မွေးကြွေကို ကျွန်တော် နဲ့ စေ့စပ်နိုင်ခွင့် .. စကားမြန်းပေးပါ .. ဘယ်လောက်ပဲ စောင့်ရ .. စောင့်ရ .. ကျွန်တော် .. ရှင်မွေးကြွေကို .. လက်ထပ်ဖို့အတွက် .. စောင့်ပေးပါမယ်ဆိုတာကိုလည်း ဘဘပြောပြပေးပါ .. စေ့စပ်ခြင်းကိုတော့ ပြုထားပါရစေ လို့လည်း ပြောပေးပါ ဘဘ .. ကျွန်တော့်မှာ .. မိဘများ မရှိတော့တာမို့ ဘဘနဲ့ လူကြီးမိဘအရာထားပြီး စကား မြန်းစေရတာကိုလည်း ဘဘရှင်းပြပေးစေချင်ပါတယ် .. မနက်ဖြန် .. ဘဘကို.. ဘယ်အချိန် ဘဘအိမ်ကို စိုင်းထွေးနဲ့ အကြိုခိုင်းရမယ် ဆိုတာကိုလည်း ဘဘ .. ပြောပြပါဦး .."

သူပြောနေရင်းဖြင့်လည်း အနေခက်နေသည်ပါပဲ။ အိမ်ထောင်ရေးကိစ္စကို ဦးတည်ပြောနေရခြင်းဆိုတာကတော့ဖြင့် မျက်နှာလည်း အထားရခက် .. စိတ်ထဲရှက်ရွံ့ရွံ့လည်းဖြစ်ချင်နေ ရှိနေရပါ၏ .. ။ ဒါပေမဲ့ .. အတည်ငြိမ်ဆုံးဖြစ်အောင် ကြိုးစားထား နိုင်ပါ၏ .. ။ အနေနိုးစပ်စွာရှိနေသည်မို့သာ သူအနေရအဆိုင်ရခက်

www.burmeseclassic.com

www.burmeseclassic.com

နေ ရှက်နေမှန်း ဘာဘရိပ်မိနိုင်မည်သာ .. ။ ဘာဘရိပ်မိနေသည်ဆိုတာကိုလည်း သူသိနေသည်လေ..။ ဘာဘ .. သူ့ကိုကြည့်သည် ..။ မျက်ဝန်းတွေထဲမှာတော့ ဝမ်းသာရိပ်ထင်နေ၏ .. ။

ဒါပေမဲ့ ,, သူအနေပိုခက်နေမှာစိုး၍ထင့် .. ။

မျက်နှာက တည်ငြိမ်နေသည်။ အေးချမ်းစွာလည်း ပြုံးပြသည် .. ။

"ဘာဘဝမ်းသာတယ် မောင်မိုးညိုသာ .. အစစ စိတ်ချပါ ဘာဘ .. အားလုံးအဆင်ပြေအောင် ကြိုးစားပါ့မယ် .. မောင်မိုးညိုသာလို အစစ .. ကိုယ်ကျင့်တရားကအစ .. ပညာအရည်အချင်းအဆုံး .. ထက်မြက်မှုတွေ ပြည့်ဝနေတဲ့ လူရွယ်လေးတစ်ယောက်ကို .. ဦးဘုန်းစစ်မင်း .. သဘောမမျှစရာမရှိဘူးလို့ ဘာဘမျှော်လင့်ပါတယ်ကွယ် .. ကဲ .. ဘာဘတို့နှစ်ယောက် .. တူတူထိုင်ပြီး .. နွားနို့ပူပူလေးကိုသောက်လိုက်ကြတာပေါ့ကွယ် .. "

သူ ဘာဘကို ကျေးဇူးတင်စွာဖြင့် ကြည့်မိကာ ဘာဘနှင့် မျက်နှာချင်းဆိုင်မှာ ထိုင်ဖြစ်ပါ၏။ ဘာဘကိုတစ်ချက်ကြည့်မိခြင်းက သားသမီးပိုဆန်နေသည့် အကြည့်ဖြစ်နေသည်။

"ရှင်မွေးကြွေက .. ခု .. မက်ထရစ်တန်းတက်နေတယ် ဘာဘ .. "

ဟု တစ်ချက်ပြောမိသည် .. ။ ဘာဘ သူ့ကိုကြည့်လာပါ၏ .. ။

"တော်တော်လေးချောတယ်ဆိုတာကိုတော့ ဘာဘကြိုတင်ပြောလိုက်နိုင်ပါရဲ့ကွယ် .. အင်း .. ဘာပဲဖြစ်ဖြစ် .. ကြည်နူး

ရိပ်ကို .. နတ်သမီးလေးတစ်ပါး .. ရောက်လာတော့မယ်ဆိုတော့လည်း .. ကျက်သရေနဲ့ ပြည့်ဝပြည့်စုံ .. ရှိရချေတော့မှာပေါ့ လူလေးရယ် .. "

ဟုပြောလာတော့ သူ့ရင်သည် နွေးမြမြဖြစ်၏ .. ။

ဩော် .. ကြည်နူးရိပ်၏ နတ်သမီးလေးမျှသာ မဟုတ်ပါ ကြွေ .. ။

ကိုယ့်နှလုံးသား၏ နတ်သမီးလေးတစ်ပါးလည်းဖြစ်ပါသည် .. ။

ဩော် .. ကိုယ့်နှလုံးအိမ်မှာ တည်မြဲစွာရှိနေပါသော ပန်းပုသူဇာလေးလည်း ဖြစ်ပါချေသည် ကြွေ .. ။

ကိုယ့်ဘဝဆီသို့ တိုးဝင်လျက် .. ကိုယ်၏လက်ကို ထွေးဆုပ်ကာ .. ကိုယ့်မြတ်နိုးမှုများဝယ် အချစ်များဖြင့် ခိုဝင်လှည့်ပါ ကြွေ .. ။

ထိုအခါမှာ .. ကြွေ၏သောကမျက်ရည်များ ခမ်းရပါစေမည် ကြွေ .. ။

ကိုယ့်ချစ်ခြင်းများ အပ်နှင်းထားခြင်းဖြင့် .. ကြွေ၏ဘဝသည်လည်း .. အေးမြချမ်းငြိမ်းခြင်း ဖြစ်ရပါစေမည်ဟု .. ကတိပြုပါ၏ ကြွေ .. ။

ချစ်ခြင်းဖြင့်ပေးသော ကတိသည်.. ချစ်ခြင်းကြောင့်ပင်လျှင် တည်မြဲလျက် .. ။

ချစ်ခြင်းကြောင့်ပင် တည်မြဲသောကတိသည် . နူး ရှိုင်းသော သစ္စာကို ဖြစ်တည်စေပြန်သည် ကြွေ .. ။

နက်ရှိုင်းသောသစ္စာဖြင့် ဖွဲ့တည်သောချစ်ခြင်းထက်

www.burmeseclassic.com

www.burmeseclassic.com

ပို၍ တန်ဖိုးကြီးသောအရာ .. ဤလောကမှာ .. မရှိပါ ကြွေ .. ။

ထိုအရာများစွာတို့ဖြင့် ဖွဲ့တည်ထားပါသည့် ကိုယ့်၏ ရင်မှာ .. မင်း .. ခိုဝင်လှည့်ပါ ကြွေ .. ။

ဩော် .. ခိုဝင်လှည့်ပါ ကြွေ .. ရယ် .. ။

အခန်း [၁၈]

"တကယ်က .. ရူဘီက စနိုးပိုက်ဖြစ်ချင်နေတာ .. သူ အဲဒါမလုပ်ရဘဲ .. စနိုးပိုက်ရဲ့ မိထွေးလုပ်ရတော့ .. စိတ်ထဲ ခံရခက်နေတာ အလွန်ကိုမှ သိသာနေတာပဲ .. ကြည့် ငါတို့ရဲ့ စနိုးပိုက်လေးက .. ဆံပင်ကလည်း ရှည်တယ် လှပုံကလည်း ချောတယ် .. အိုက်တင်ကလည်း ကောင်းတယ် .. တောပန်း သရဖူလေးခေါင်းပေါ်ဟင်ထားရင်း ရေတွင်းမှာ ရေငင်နေတဲ့ အခန်းလေးဆို .. ဘယ်လောက်လှလဲ .. "

"အေးလေ .. "

ကြူလေးက ပြောလိုက် .. မွန်သူက ထောက်ခလိုက်ဖြင့် အတိုင်အဖောက်ညီနေကြပါသည့် နှစ်ယောက်ကို ကျော ကျော့မြတ်ကလည်း အားကျမခံ ခေါင်းလေးတညိတ်ညိတ်ဖြင့်ရှိနေပါသည့် အဖြစ်။

www.burmeseclassic.com

"အေးဟာ .. ငါတို့ရဲ့ ပလိုမီနာတစ်ယောက် .. ကျောင်းပြန်မတက်ဖြစ်တော့ဘဲ .. ဟိုမှာပဲ အိမ်ထောင်ကျသွားတာကိုတော့ .. စိတ်ထဲလွမ်းလိုက်တာဟာယ် .. "

"အောင်မာ .. သူ့ကို .. သူတို့ရွာက သူဌေးသားလေးက သဘောကျလို့ .. ဒဂါးငါးရာ့တောင်မှ တင်တောင်းတာတဲ့.. ခြံကလည်း တစ်ကွက် .. လယ်က ကောနှစ်ဆယ် .. ဗျဉ်ထောင်အိမ်ကြီးက တစ်လုံး .. နွားက ဆယ်ကောင် .. ဝက်က ဆယ်ကောင် .. အဲသလောက်ကြီးတောင်မှ ကောင်လေးရဲ့ မိဘများကလည်း လက်ဖွဲ့တာတဲ့ .. ဘာပဲဖြစ်ဖြစ်ပေါ့ဟာယ် ..ဖလိုမီနာကတော့ သူ့မိသားစုကို ကောင်းကောင်းပြန်ကြည့်နိုင်မှာပါ .. "

ကြူလေးမှ သတိတရဖြင့်ပြောတော့လည်း ကျော့ကျော့မြတ်က သက်ပြင်းလေးရှိုက်၍ ဝင်ပြောရှာပါ၏ .. ။

"သူတို့က မောင်နှမလည်း များတယ်လေ .. သူ့အဖေရဲ့ ဝင်ငွေလေးနဲ့တော့ ကျပ်တည်းတာပေါ့ .. ကြည့်ပါလား အင်္ကျီတောင်မှ ခပ်ပွပွကြီး သူ့အမေက ချုပ်ပေးတာ .. ကြာကြာဝတ်လို့ရအောင်ဆိုပြီးတော့ .. သူ .. မှီတွေတွေ့ခဲ့တာကို လွမ်းလိုက်တာဟာယ် .. "

မွန်သူဝင်ပြောစဉ်ခိုက် ကြူလေး မသိမသာ ကြွေ့ကိုကြည့်မိသည်။ ကြွေကတော့ အသံတွေတိတ်ကျနေလျက် အခန်း၏ ပြတင်းဘေးမှာ ထိုင်ခုံလေးချထိုင်နေကာ ကန်ရေပြင်ဘက်ကိုပဲငေးနေတာကို ကြူလေးတွေ့ရသည်ပါပဲ .. ။ ခုတလော ကြွေစကားပို၍နည်းလာသည်။

အချဉ်ထုပ်တွေ၊ အသုပ်တွေကို ပို၍ခိုးခိုးစားနေတတ်သည်။

ကျောင်းမှာက၊ အသုပ်တို့ အချဉ်တို့ ယိုတို့ကို ကျောင်းမုန့်ဆိုင်မှာ ရောင်းချခွင့်မပြု။

ကျောင်းမုန့်ဆိုင်မှာက .. နေကြာစေ့၊ မြေပဲလှော်၊ ခေါက်ဆွဲကြော်၊ ကြာခံကြော်၊ သာကူကျို၊ စမူဆာကြော်၊ ကော်ပြန့်လိပ်ကြော်တို့၊ ချိုချဉ်နှင့် ချောကလက်တို့ .. ။ မုန့်ကြွပ်သေးသေးလေးတွေ ငါးချပ်တစ်ထုပ် ထုပ်ထားတာတို့ ဘာတို့ပဲရောင်းခွင့် မာသာကြီးစုပီးရီးယားက စည်းကမ်းထုတ်ထားသည်။

ဒါကြောင့် .. ကြွေသည် .. ဘော်ဒါကျောင်းသူမဟုတ်သော .. အိမ်မှကျောင်းတက်လာကြသူတွေကို .. မုန့်ဝယ်ခဆိုကာ မုန့်ဝယ်ပေးသူတွေကို ပိုက်ဆံပေး၍ အချဉ်ထုပ်တွေ၊ ဆီးပေါင်းထုပ်တွေ၊ သရက်သီးသနပ်တွေ၊ မန်ကျည်းတော်ဖီတို့၊ ခေါက်ဆွဲသုပ်နှင့် သင်္ဘောသီးသုပ်တို့၊ သခွားသီး၊ ရေတပ်သီးစပ်စပ်နှင့် ထောင်းထားတာတို့ကို ဝယ်လာခိုင်းတတ်သည်။ ငရုတ်သီးစပ်စပ်၊ ချဉ်ချဉ်တွေကို မြိန်ရေရှက်ရေကြီး ညကျမှတစ်ယောက်တည်း အထုပ်တွေဖြည်ဖြည်၍ အုပ်တတ်သည်ကို ကြူလေးတို့အားလုံးအံ့သြစိတ်ညစ်စွာပဲ ညတိုင်းအိပ်ရာထဲမှာ အိပ်ပျော်ဟန်ဆောင်ရင်း ကြည့်နေ မြင်နေကြရသည် မဟုတ်ပါလား .. ။

ခုတလော .. ကြွေသည် အရင် ကြွေနှင့်မတူနေ .. ။

တစ်ကိုယ်ကောင်းဆန်နေသည်။ အစားအသောက်တွေကို တစ်ယောက်တည်းစားသည်။ ကြူလေးတို့ကို မကျွေးမျှင်သည်မို့ .. ညကျမှ .. ခိုးခိုး၍ မာသာတို့ .. စစ္စတာထရှိသေးတို့လည်း

www.burmeseclassic.com

မသိအောင် ခိုးခိုးစားသည်။ စားသောက်ပြီးလျှင် လက်ချောင်းမှာ ကပ်နေသည့် လက်ကျန်တွေကအစ ပါးစပ်ထဲပင်ထည့်စုတ်လိုက် သေးသည့်အဖြစ် .. ။

ညှါမြူများပြားသည့် အမယ်စုံ အသုပ်စုံ .. အချဉ် ထုတ်တွေ ဘာတွေကို တစ်ထိုင်တည်း ဗိုက်အင့်ကယ်နေအောင် စားနေနိုင်သည့် ကြွေ့ကိုလည်း ကြူလေးတို့ အံ့သြသည်ပါပဲ .. ။

ဒါပေမဲ့ .. ကြွေ့ကို ချစ်စိတ်ဖြင့်ပဲ ခွင့်လွှတ်မြဲဖြစ်ကာ ချစ်မြဲချစ်နေမိကြရသည်ပါပဲ .. ။ ကြွေ .. စနိုးပွိုက်လုပ်ရသည့် အတွက်ပင် .. ပျော်နေကြသေးသည့်အဖြစ် .. ။

လူပုလေးခုနစ်ယောက်အဖြစ်ကတော့ .. ပထမ တန်းမှ ချာတိတ်မလေးတွေကို လူပုလေးတွေအဖြစ် ဝတ်ဆင်ပေး ကာ သရုပ်ဆောင်စေသည်မို့ .. ။ စနိုးပွိုက်လေး မေ့မျောနေချိန် မှာ မင်းသားလေးမှ လာ၍ နှုတ်ဖူးပြင်လေးကိုနမ်းလိုက်သည့်နောက် မှာ စနိုးပွိုက်မင်းသမီးလေး သတိပြန်လည်လာသည့်အခန်းဆို အဘယ်မျှထိ ကြွေသည်လှနေခဲ့ပါသလဲ .. ။ မနေ့ကပဲ ဝတ်စုံပြည့် ဖြင့် အစမ်းထပ်ကြည့်ခဲ့သေးသည့် ဇာတ် .. ။ တကယ့်ကို ကြွေ့ ၏ အလှတွေ .. ကြွေ၏အနုပညာစွမ်းရည်တွေကို လှစ်ဟဖော်ကျူး လိုက်သည့်ပွဲဟုပင် ခေါ်ဆိုနိုင်လောက်သည်ပဲ .. ။ စနိုးပွိုက်မင်း သမီးလေးသတိလည်လာသည့်အခန်းဆို .. ကြွေ့ဆံနက်ရှည်လျား လျားလေးတွေကို ဖြန့်ထားသည် .. ။ အဖြူရောင်ဇာဝတ်စုံလေး နှင့် ကြွေသည် ပုလဲနတ်သမီးလေးနှင့်တူနေကာ ပလတ်စတစ်ပန်း ရောင်စုံအပွင့်လေးတွေဖြင့် ခရေပိုက်ထားပါသော ပန်းသရဖူလေးနှင့် ကြွေ .. မင်းသားလေး၏အနမ်းအောက်မှာ ခပ်ဖြည်းဖြည်းလေး(

လာသည့်ပုံလေးမှာ အဘယ်မျှထိ .. ငေးမဝနိုင်ဖွယ် အလှများဖြင့် ပြည့်ဝနေပါသလဲ .. ။

မင်းသားလေးအဖြစ် မက်ထရစ်တန်းမှ ဒေစီဆို သည့် ကျောင်းသူလေးက သရုပ်ဆောင်ပါ၏ .. ။ အရပ်မြင့်မြင့်၊ပါး ပါးလျားလျားလေးနှင့် တကယ့်မင်းသားလေးတစ်ပါးနှယ် ကြွေနှင့် လိုက်လိုက်ဖက်ဖက်ရှိလှသည်မှာလည်း အမှန်ပါ .. ။

ဒါပေမဲ့ .. ခမ်းမွေ့မှကျောင်းလာတက်သော ရှူဘီဆို သည့် ကျောင်းသူလေးကတော့ မျှော်လင့်ထားသော စနိုးပွိုက် မဖြစ်ရဘဲ .. စနိုးပွိုက်၏ မိထွေးတော်အဖြစ် သရုပ်ဆောင်ရသည် မို့ .. ကြွေ့အပေါ် အရမ်းမနာလိုဖြစ်နေသည့် ရှူဘီ၏သရုပ်ဆောင်မှု ကလည်း မိထွေးတော်အဖြစ် အလိုလိုပို၍အသက်ပါနေတာကတော့ အမှန်ပါ .. ။ နောက်အပတ်ဆို .. ကြွေတို့၏ကျောင်းက ဇာတ်လေး ကတော့ တကယ့်ကိုဧည့်သည်တော်တွေ ဘာတွေကိုပင် ဖိတ်၍ ကျောင်းသူတို့၏ မိဘများ ဆွေမျိုးများတို့၏ တက်ရောက်မှုများဖြင့် ဖြစ်လာချေတော့မည် .. ။

ခမ်းမွေ့မှ ဒေါက်တာရစ်ချက်သည်လည်း သမီးဖြစ် သူရှူဘီ၏ ပွဲကိုလာကြည့်မယ်တဲ့ .. ။ ရှူဘီသည်လည်း နာမည်လေး နှင့် လိုက်အောင် ပတ္တမြားပွင့်လေးတစ်ပွင့်ပမာ နီမြန်းသောပါးမို့ လေးတွေ့ နှုတ်ခမ်းလေးတွေဖြင့် လှပပါသည့် မိန်းကလေးဖြစ်ကာ ဘော်ဒါလာနေသည့် ကျောင်းသူလေးလည်းဖြစ်ပါ၏ .. ။

ကြူလေးတို့ အံ့သြနေသည်က .. ကြွေသည် အရမ်း ကို အေးစက်စက်ကြီးဖြစ်နေခြင်းကိုပါ .. ။ ခါတိုင်းလို .. ကျောင်း ခြံစည်းရိုးပေါက်မှထွက်၍ လေ့လော့တာတို့ .. ။ ကျောင်းနောက်

www.burmeseclassic.com

www.burmeseclassic.com

ဘက်ခြံစည်းရိုးအစပ်မှာရှိသည့် မာလကာသီးဆိုးချုးတာတို့ ဘာတို့ကို လုပ်ဖို့ စိတ်ဝင်စားဖော်လေးပင် မရှိတော့ .. ။ ကြူလေးတို့ အဖော် စပ်၍ လုပ်ကြစို့ဟု ပြောလျှင်လည်း ခေါင်းပဲခါသည် .. ။ မိုင်းညို့ညို့ ရီရီဝေဝေမျက်ဝန်းလေးတွေဖြင့် အရမ်းကိုငြိမ်နေတာ တစ်ပတ် ကျော်လာနေပြီ .. ။

ကြာတော့လည်း ကြူလေးတို့တစ်သိုက် နေမတတ် ထိုင်မတတ်နှင့် ပျင်းရိခြောက်သွေ့စွာ ရှိနေကြရသည်ပါပဲ .. ။

ခုလည်း .. ကြွေတစ်ခုခုများ ဝင်ပြောလေမည်လား ဟု အခန်းထဲဝိုင်းဖွဲ့ပြောနေချိန်မှာ ကြွေသည် ကြွေနှင့်ဘာဆိုဘာမျှ မပတ်သက်သည့် အကြောင်းအရာတစ်ခုကို ကြူလေးတို့ပြောနေကြ သည့်ပုံစံမျိုးဖြင့် ကုလားထိုင်လေးတစ်လုံးမှာထိုင်ရင်း ကာန်ရေပြင် ကြီးကို ငေးကြည့်ငြိမ်သက်နေသည်ပါပဲ .. ။

ကြူလေးတို့စားနေသော ပြောင်းဖူးပေါက်ပေါက် ကိုလည်း စိတ်ဝင်တစားရှိပုံမရ။ ခေါ်ကျွေး၍လည်း လာမစား .. ။

ကြွေစားနေသည်က .. အချဉ်ထုပ်တွေချည်းဖြစ်နေ သည်။ အသုပ်စုံတွေချည်း ဖြစ်နေခဲ့သည်လေ .. ။ ဒါကလည်း မိုး စားခြင်း .. ။ ကြူလေးတို့ကိုခေါ်ဖော်ပင် မရ .. ။

"ဟဲ့ကြွေ .. လာလေ .. လာစားလေ .. ပြောင်းဖူးပေါက် ပေါက်ကဖြင့် ထောပတ်နံ့လေးကို မွှေးနေတာ .."

ဟု ပြောပေမဲ့ ကြွေလှည့်မကြည့် .. ။ ကြွေ့မျက်နှာ လေးကို ကြူလေးငေးကြည့်မိသည်။ ကြွေသည် တစ်ခုခုကို ချိန်ဆိုန် ဆဆကြီး လေးလေးနက်နက်တွေးနေဟန်နှင့် တူနေသည်။ ကြွေ ဘာကိုများ ဤမျှအထိ တွေးနေရပါသတဲ့လဲ .. ။

ကြွေ ရုတ်တရက် ထရပ်သည်။ ကသောကမျော လေး ရေချိုးခန်းဘက်ကိုပြေးတော့ ကြူလေးတို့လည်း ဘာမှန်း မသိ၊ ညာမှန်းမသိနှင့် နောက်ကလိုက်လာကြရပါ၏။ ကြွေပြေး သည်က ရင်ညွန့်လေးကိုဖိ၍ မျက်နှာလေးရှုံ့မဲ့၍ပြေးသည်ကိုလေ။

"ဝေါ .. ဝေါ .."

မျက်နှာသစ်ဇေစင်မှာ ကြွေခေါင်းလေးထိုးအန်နေ တာကို တွေ့ရပါ၏။ အန့်ဖတ်အနံ့ကြောင့် တစ်ချက်တော့ မွန်သူ နောက်လေးတွန့်သွားပါ၏။ ကြူလေးကတော့ပြေး၍နောက်ကျော ကို ဖိပေးသည်။ မတတ်နိုင် .. ။ ဆူမှပဲဖြစ်ချေတော့မည်မို့ ..

"နင်ဟာလေ .. ခုတစ်လော အစားသိပ်ပက်စက်တာပဲ .. စားတာကလည်း ပါးဖြဲနားဖြဲစားတာ .. ညညဆို နင်ခိုးစား နေတာ ငါတို့မသိဘူး မှတ်လို့လား .. အသုပ်တို့ ဘာတို့ဆို တာက အချဉ်ပေါက်တာက် .. သိုးတတ်တယ်ဟဲ့ .. ခု .. အန့်ပြီမဟုတ်လား .."

ကြူလေးဆူတော့ ကြွေ ဘာမျှပြန်မဖြေ .. ။ မျက် နှာလေးနီမြန်းမြန်းဖြင့် လေတွေဆက်အန့်နေသည် .. ။

နောက်ပိုင်း ကိုယ်လေးမတ်နိုင်ဖို့ ကြိုးစားနေရင်းမှ ပဲ ခေါင်းလေးကိုလက်ဖြင့်နှိပ်လိုက်ကာ ..

"မူးလိုက်တာဟယ် .. ရင်တွေ အရမ်းတုန်နေတာပဲ .."

ကြွေ ခပ်ညည်းညည်းပြောတော့ ကြူလေး ကြွေ့ကို ဖေးထိန်းရင်းမှ စိတ်ထဲပူလာသည်။ ကြွေတော့အစားအသောက်တွေ စုံအောင်အုပ်လွန်းနေသည်မို့ .. အစာများ အဆိပ်ဖြစ်ချင်ပြီလားမသိ။ ဖူတ်ပို့ပြင်စင်ဖြစ်ပြီထင့် .. ။

www.burmeseclassic.com

www.burmeseclassic.com

"မွန်သူ .. စစ္စတာထရေဇာကို သွားပြော .. ကြွေ .. နေမကောင်းဖြစ်ချင်နေတယ်ထင်တယ်လို့ .. ကျော့ကျော့မြတ်က လာတွဲကူ .. ကြွေရယ် စနိုးပွိုက်အတွက် ဇာတ်တိုက်ရလို့ ပင်ပန်းရတဲ့ကြားထဲ .. နင်က အစားအသောက်ကလည်း မဟုတ်တွေချည်း ဖိတီးနေပြီး .. အားရှိတာကျတော့ မစားဘဲကိုး .. နင် ထမင်းလည်းဟုတ်တိပတ်တိစားတာမဟုတ်ဘူး .. ခက်တယ်ဟယ် .. "

ဟု လူကြီးသူမလေးလိုပဲ ခပ်ညည်းညည်းပြောခိုက် ကြွေ .. ခေါင်းလေးပဲ ယမ်းပြသည်။

"အန်ချင်တယ်ဟယ် .. ခဏ .. ခဏ .. ခဏလေးပါဟယ်"

ဟု တောင်းပန်သလိုလေးပြောပြီး ကြွေ ရေချိုးခန်းထဲပြန်ဝင်၍ မျက်နှာသစ်ကြွေဇလားမှာ ခေါင်းထိုးအန်ပြန်၏။ ဘာမျှ မပါလာ .. ။ လေတွေပဲ တအေ့အေ့ဖြင့် အန်နေသည် .. ။

နောက်ဆုံးတော့ ကြွေသည် .. ကြူလေးနှင့် ကျော့ကျော့မြတ်တို့တွဲလျက်ဖြင့် အခန်းထဲပြန်ရောက် .. ။ ခုတင်ထက်မှာ မျက်ဝန်းလေးတွေမှိတ်ပြီး ငြိမ်ကျနေရှာပါ၏ .. ။ မကြာလိုက် .. စစ္စတာထရေဇာရော .. ကျောင်းအုပ်ကြီးမာသာစူပီးရီးယားရော စိတ်ပူပန်လျက် ရောက်လာကြပါ၏ .. ။

သာမန်ဖျားနာတာမျိုးလောက်ကတော့ ကုသနိုင်ပါသည့် စစ္စတာအန်းဂျလာက အပြင်သွားနေသည်တဲ့ .. ။ မကြာပါမှာတော့ ပြန်ရောက်လာမည်တဲ့ .. ။ ကြွေ ငြိမ်သက်လဲနေတာကိုမြင်တော့ မာသာကြီးမှာ စိတ်ထဲကောင်းပုံမရ .. ။ဇာတ်တိုက်ရလွန်း၍ ကြွေပင်ပန်းရှာသည်ဟု မှတ်ယူလျက် ဆံစလေးတွေကို သပ်ပေး

ပါ၏ .. ။ စစ္စတာထရေဇာဘက်ကို လှည့်၍လည်း ..

"ကလေးအတွက် .. ဒီညစာကို ကြက်စွပ်ပြုတ်လေးလုပ်ပေးပါ စစ္စတာ .. "

ဟု ပင်ကိုယ်ဟန်အတိုင်း အေးချမ်းစွာ ပြောရှာနေစဉ်ခိုက် ကြွေခေါင်းလေးယမ်းသည်။ ငိုလည်း ငိုချလိုက်သည်မို့ မာသာကြီးပင် မျက်နှာထက်မှာ စိတ်ထိခိုက်ရိပ်ထင်လာပါ၏။

ကလေး .. မိဘတွေကို သတိရသည်ဟု ထင်ပုံရပါ၏။

"ဘာလဲ ဘေဘီ .. အိမ်ကိုပြန်ချင်သလား .. ခဏပြန်နားချင်လား .. စနိုးပွိုက်အတွက် စိတ်မပူနဲ့ .. ရက်တွေကျန်သေးတယ် .. ကလေးက အားလုံးစိတ်ချနေရပြီပဲ .. သိပ်တော်တာပဲ .. "

ဟု ပြောရှာပါ၏ .. ။

ကြွေခေါင်းလေး ဆက်ယမ်းသည် .. ။ အခန်းဝကိုကြည့်တော့ ဘော်ဒါကျောင်းသူလေးတွေ အုပ်စုစု .. ရုံးစုစုဖြင့်ခေါင်းလေးတွေ ပြူတစ်တစ်လုပ်နေကြတာကို ကြွေမြင်ရပါ၏။ ကြွေအန်တာ .. ။ မူး၍တွဲခေါ်လာရတာတွေ ကျောင်းသူလေးတွေကလည်း မြင်သည်ကိုး .. ။ ညနေဘက်ကျောင်းဆင်းပြီးချိန်ပေမို့ ကျောင်းရှေ့ကွင်းပြင်ကြီးမှာ သွား၍ ဘက်အင်န်ဗော်လီကစားနေကြသည့် အုပ်စုလောက်ပဲ မသိကြရှိရမည် .. ။

ကြွေ .. တံခါးကို လက်ညှိုးထိုး၍ ရှိုက်သံလေးဖြင့်

"တံခါးတစ်ချက်လောက် ပိတ်ပေးပါ .. ကြူလေး .. "

ဟု ပြောတော့ ကြူလေးက သွားပိတ်ပေးရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ကြွေငိုနေတာကိုမြင်ရသည်မို့ ကြူလေးလည်း ရင်ထဲမကောင်းနိုင်။ ကြွေ ခပ်ငေးငေး .. ကြူလေးတို့အုပ်စုတစ်ခုလုံးကို ကြည့်သည်၊ အခန်းလေးကို ကြည့်သည်မှလည်း လွှမ်းဆွတ်ဆွတ်နိုင်သည့် အကြည့်လေးတွေဖြင့် ဗီရိုလေးတွေအစ .. စာကြည့်စားပွဲလေးတွေ အဆုံး .. ခုတင်လေးတွေအထိ အားလုံးတစ်ခုချင်းကို အတန်ကြာသည်အထိ ကြည့်နေသည် .. ။ ကြူလေး .. ကြွေမျက်ဝန်းအကြည့်လေးတွေကို တဖြည်းဖြည်းနားလည်လာနေသည် .. ။ ကြွေကြည့်နေသည့်က ကြွေကွဲကြည့် .. ။ ဝမ်းနည်းတကြီးနိုင်နေသည့် အကြည့်ဖြင့် ဖြစ်နေသည် .. ။ ဘာကြောင့် .. ကြွေသည် .. ထိုသို့ ဝမ်းနည်းပန်းနည်းနိုင်စွာ .. တလွမ်းတဆွတ်နိုင်စွာ ကြည့်နေရပါသတဲ့လဲ။

"ကြွေ .. နင်တို့နဲ့ .. ခွဲရတော့မယ် ကြူလေးရယ် .. "

ဟု တစ်ချက်အသံလေးတွေ တိမ်ကျရင်း ကြွေမျက်ရည်ကျလျက်ပြောတော့ ကြူလေးမျက်ရည်လည်ရွှဲလာရပါ၏ .. ။ ကြည့်ရတာ .. ကြွေသည် .. ခု ခံစားနေရသော ရောဂါလေးမှုဖြင့်ပဲ ကွယ်လွန်ရချေတော့မည်ဟု မိမိဘာသာထင်နေပုံရနေလျှက် စိတ်ထဲထိခိုက်နေပုံရပါ၏။

"မဟုတ်တာ .. ဒါ .. နင် .. အစားမှားလို့ဖြစ်တာပါ ကြွေရယ် .. "

ကြွေခေါင်းလေးပဲ ခါပြနေသည်။ မျက်နှာထက်မှာ ထင်နေသည့် ကြေကွဲရိပ်တွေအစား တစ်ခုခုကို ဖြတ်သားစွာ အားအင်ကြီးစွာဖြင့် ဆုံးဖြတ်လိုက်သည့်နှယ် မျက်ဝန်းများဖြတ်ဆို လက်တောက်လာကြပြန်သည်မို့ ကြူလေးပင် လန့်လာရသည် .. ။

ဘုရားရေ .. ။ ကြွေ .. ကြွေ .. ရူးများ ရူးနေချေပြီ

လားမသိ .. ။

ည .. ည .. တွေ .. ကြွေတစ်ယောက်တည်း ကော်ရစ်တာထောင့်လေးမှာ သွားသွားထိုင်၍စကားတွေပြောနေတတ်တာကို ကြူလေး ညတိုင်းတိတ်တိတ်လေးခိုးချောင်းသိနေရပေမဲ့ ဘယ်သူ့ကိုမှ ကြူလေးပြန်မပြောပြရက်ခဲ့ .. ။

အန်ကယ်ဦးဘုန်းစစ်မင်း အိမ်ထောင်ပြုမှာကို ကြွေ အရမ်းလန့်နေသည်ဟု ကြူလေးထင်နေမိရသည်ကိုလေ .. ။

ခုကျတော့ .. ကြွေသည် .. တကယ်ကြွစွာ စနိုးဗိုက်လေးအဖြစ် သရုပ်ဆောင်နေရာမှ ချက်ချင်းစိတ်ဓာတ်တွေကျဆင်းနေသည့် ကြွေအဖြစ် ပြောင်းလဲလာခဲ့ရင်းမှ ညဘက်တွေမှာလည်း အပြင်ထွက်စကားပြောတာတွေ မလုပ်တော့ဘဲ .. အစားတွေချည်း ဖိဖိနှိုးစားနေသည့်ကြွေအဖြစ် ပြောင်းလဲသွားခဲ့ပြန်သည် မဟုတ်ပါလား .. ။ ကြွေ .. စိတ်တွေ ကယောက်ကယက်များဖြစ်နေချေသည်လား မသိ .. ။

"မဟုတ်တာ .. ဘေဘီ .. "

ကျောင်းသူလေးတွေကို မာသာကြီးက ချစ်စနိုးဖြင့် ဘေဘီဟုလည်း၊ ခေါ်တတ်ပါ၏။ ကလေးဟု ခေါ်သည့်သဘော။ ဆံစလေးကို သပ်ပေးရင်းမှ ..

"မကြာခင် .. စစ္စတာ အိန္ဒိယကျလာ ရောက်လာမှာပါ .. သူ ဆေးထိုးပေးမှာပါကွယ် .. အိမ်ပြန်ပြီးနားချင်တယ်ဆိုရင်လည်း .. မာသာ .. ကလေးရဲ့အဘ်ဒီကို ဖုန်းဆက်ခေါ်ပေးပါမယ် .. "

ဟု ပြောတော့ .. ကြွေက ခေါင်းခါပါ၏ .. ။

www.burmeseclassic.com

www.burmeseclassic.com

"စစ္စတာအန်းဂျလာနဲ့ စမ်းသပ်ဖို့ .. ကုသပေးဖို့ မလိုအပ်ပါဘူး .. မာသာ .. ကြွေ အကုသလည်းမခံပါဘူး .. အစမ်းသပ်လည်း မခံပါဘူး .. ကြွေ .. ကြွေ .. ဘာဖြစ်နေတယ်ဆိုတာ ကြွေ့ဘာသာသိနေတာပဲ ဥစ္စာ .. "

ဟု ခပ်တိုးတိုးပြောသည်။

နောက်တော့ ထထိုင်ပါ၏ .. ။ မျက်လွှာလေး တစ်ချက်ချသည် .. ။ ကြွေ့လက်ချောင်းလေးတွေ ဆတ်ဆတ်ခါနေတာကို ကြူလေးမြင်နေရသည်။ မျက်တောင်လေးတဖျတ်ဖျတ်ခတ်နေရာမှ ကြွေအားတင်း၍ ပြောချလိုက်သည်က ..

"ကြွေ့မှာ .. ကိုယ်ဝန်ရှိနေပါတယ် .. မာသာ .. "

ဆိုသည့် စကားပါ .. ။ အသံက သြရှရှဖြစ်နေသည်။ လည်ချောင်းကို ထိုးခွဲ၍ ကြေကွဲစွာထွက်ကျလာသည့် အသံမျိုး။ မာသာ၏ကိုယ်ကြီး မတ်ခနဲဖြစ်သွားသည်။ အထိတ်တလန့်ဖြစ်သွားမှန်း အရမ်းကိုသိသာနေပါသည့်အဖြစ် .. ။ အဖြူရောင် စစ္စတာဝတ်စုံမီးပူကျနှင့် အမြဲသပ်ယပ်ကျက်သရေရှိစွာရှိပါသော မာသာကြီး၏ မျက်နှာထက်မှာ အံ့သြတုန်လှုပ်ခြင်းများက ဖိဆီးအုပ်မိုးနေကြပါသည့်အဖြစ် .. ။

ကြွေ .. မျက်ဝန်းကို စုံမှိတ်ချလိုက်သည်။ မျက်ရည်ဥက ဖြုတ်ဖြုတ်သည်းသည်းကျလာပါ၏။

စိတ်ဒုန်းဒုန်းချပြောချလိုက်သည့်နှယ်ဖြင့် ..

"ကြွေ .. ကိုယ်ဝန်ရှိနေပါပြီ .. ကြွေ့ကို ဘာမှထပ်မပေးပါ့ မာသာ .. ကြွေ ဘာမှလဲဆက်ဖြေမှာ မဟုတ်ပါဘူး .. ဘယ်သူနဲ့ရတာလဲ .. ဘာလဲဆိုတာကိုလည်း မမေးပါနဲ့ .. ကြွေ

အသေခံသွားပါမယ် .. မဖြေပါဘူး .. ကြွေ့ကို အိမ်ကိုသာ ပြန်ပို့ပါတော့ မာသာရယ် .. "

ဟု ပြောနေရင်းမှ ကြွေသည် ရှုန်းရှုန်းချ၍ ငိုရှာပါသတည်း .. ။

ကြွေ .. အခန်းကိုတစ်ချက်ထပ်ကြည့်မိသည်။ နေရစ်ခဲ့ .. ကျန်ရစ်ခဲ့လေတော့ .. ဟူ၍ လွမ်းဆွတ်စွာ .. ကြေကြေကွဲကွဲကြီး ကြည့်မိရပါသည့်အကြည့် .. ။ ကြွေ .. ငါးတန်းကျောင်းသူအရွယ်လေးကတည်းက .. နေခဲ့ရပါလေသော ဘော်ဒါခန်းလေး။

ကြွေ .. ငေးမောရပ်ကြည့်နေရပါသောပြတင်းလေး။ တစ်ဖက်ကန်ရေပြင်ကို ငေးကြည့်နေပါသည့် ပုံရိပ်လေးတစ်ခုသည် ထိုပြတင်းအနီးမှ ဘယ်သောအခါတွင်မှ ဖြစ်လာချေနိုင်တော့မည်မဟုတ် .. ။

ကြွေထိတွေ့ခဲ့ရာ ခုတင် .. ။ ကြွေနှင့် လက်ပွန်းတတီးနေခဲ့ရပါသော စာကြည့်စားပွဲ .. ။ ဗီရိုလေးများ .. ။ အားလုံးကျန်ရစ်ခဲ့ကြတော့မည် .. ။ သူငယ်ချင်းများနှင့်လည်း ခွဲခွာရချေဦးတော့မည် .. ။

ကြွေ .. အားလုံးကို လိုက်ကြည့်မိပါ၏ .. ။ ကြူလေး .. ။ ကျော့ကျော့မြတ် .. ။ မွန်သူ .. ။ အားလုံး၏မျက်နှာထက်မှာ မယုံကြည်နိုင်ရက်သည့်အကြည့်တွေသည် တုန်လှုပ်ချောက်ချားခြင်းများဖြင့် ရှိနေကြပါ၏ .. ။

မာသာ၏လက်က .. ကြွေ့ဆံစထက်မှာ ဖေးဖေး လာလျက်က ..

"မိုက်လိုက်တာ ဘေဘီရယ် .. မိုက်လိုက်တာ .. နှမြောဖို့

www.burmeseclassic.com

www.burmeseclassic.com

ကောင်းလိုက်တာ .. ဘုရားသခင် .. ဤကလေး၏ဘဝကို ကယ်တင်ပေးတော်မူပါ .. ”

ဟု တိုးသက်ကြေကွဲစွာ ပြောရှာပြီးမှ ခေါင်းကိုလေး ပင်စွာ ယမ်းလိုက်ရင်း ..

“မစ္စတာ ဘုန်းစစ်မင်းကို .. မာသာ .. ဒီသတင်းကို ဘယ်လို ပြောပြရမယ်ဆိုတာ .. မတွေးရက်လောက်အောင်ပါပဲ ကွယ် .. ”

ဟု ပြောပြီး ထွက်သွားပါ၏ .. ။

အခန်းလေးကတော့ ကြွေရှိက်သံမှတစ်ပါး တိတ်တိတ်ဆိတ်ဆိတ် .. ။ ဒါပေမဲ့ .. ကြေနှလုံးအိမ်ဆီသို့ အောင်မြင်စွာ လက်ရုံးတန်း၍ ကျေကျေနပ်နပ်ကြီးတိုးဝင်လာသည်က ..

“မစ္စတာဘုန်းစစ်မင်းကို .. မာသာ .. ဒီသတင်း .. ဘယ်လို ပြောရမယ်ဆိုတာ .. မတွေးရက်အောင်ပါဘဲ .. ”

ဆိုသည့် စကားပါတည့် .. ။

အခန်း [၁၉]

“တကယ်တော့ ဒီလိုစကားမြွန်းရတယ်ဆိုတဲ့ ကိစ္စဟာ .. မိဘများသာရှိနေရင်ဖြင့် .. မိဘများကိုယ်တိုင်က လုပ်ဆောင်ရမယ့်ကိစ္စဖြစ်ပါတယ် ဦးဘုန်းစစ်မင်း .. ဒါပေမဲ့ .. မောင်မိုးညိုသာမှာက မိဘများဆုံးပါးခဲ့တာမို့ .. သူ့မိဘများ လက်ထက်ကတည်းက လူယုံကြီးအဖြစ် လုပ်ကိုင်ခဲ့တဲ့ ကျွန်တော်ပဲ မိဘအရာနဲ့ ခုလိုလာပြီး စကားမြွန်းရတာပါ .. ရတနာများကိုလည်း စကားမြွန်းရာမှာ တန်ဖိုးထားပြီး စကားမြွန်းခြင်းအဖြစ် .. ခုလို .. ယူဆောင်တင်တောင်းရခြင်းပါ .. မိန်းကလေး ကျောင်းနေသေးတယ်ဆိုတာကဲ့လည်း .. သူ့သိပါတယ် .. သူ့ဘက်က မြတ်နိုးစွာတန်ဖိုးထားပြီး .. စေ့စပ်ခွင့်လေးပဲရစေဦးတော့ .. စေ့စပ်ကြောင်း လမ်းထားပါရစေလို့ .. စကားမြွန်းတာမျိုးပါ ခင်ဗျာ .. မောင်မိုးညိုသာဟာ .. အလွန်အေးချမ်းပြီး တည်ငြိမ်

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်နဲ့နေတဲ့ လူငယ်လေးပါ .. သူ .. မိန်းကလေးကို .. တကယ့်ကို တန်ဖိုးထားပြီး မြတ်မြတ်နိုးနိုးနဲ့ကို .. ရှိနေရှာတာပါ .. ပထမဆုံးခုလို .. သူ .. မိန်းကလေးတစ်ယောက်အပေါ်မှာ .. မြတ်နိုးစွာ .. စကားမြွန်းစေတာလည်းဖြစ်ပါတယ် .. ဒီကိုရောက်တဲ့အခါမှာ .. အပြောအဆိုကအစ .. အထူးသတိထားပြီး ပြောဖို့ဆိုဖို့ သူတရရနဲ့ မှာရှာပါတယ်"

ဦးဘုန်းစစ်မင်းထံမှ ဘာမျှစကားသံထွက်မလာသေး .. ။ ဦးစိုးရင်ထဲမှာ စိုးရိမ်စပြုလာနေရပါ၏။ ဦးဘုန်းစစ်မင်းများ သဘောမမှုဖြစ်နေချေသည်လားဆိုသည့် အတွေးဖြင့်ပါ .. ။

မနေ့ကပဲ ဦးစိုး မိုင်းသာသို့ရောက်လာသည်။ ဤနေ့မနက်မှာ ဗစ်တိုးရီးယားသို့ ရောက်လာခဲ့ရပါ၏ .. ။ တွေ့ခွင့်ပြုပါဟု ခွင့်တောင့်ဟုထင်ရပါသော လူကြီးကိုပြောတော့ သွားပြောပေးပါ၏ .. ။ မကြာလိုက် .. ။ ထိုလူကြီးပြန်ရောက်လာကာ ခြံတံခါးကိုလည်း ဖွင့်ပေး .. ။ မနက်စာစားရင်း သတင်းစာဖတ်နေပါသော ဦးဘုန်းစစ်မင်းရှိရာ ပန်းဆောင်လေးဆီသို့လည်း ဦးဆောင်၍ ခေါ်လာခဲ့ပါ၏ .. ။ မိုးညိုသာ၏ လူယုံကြီးဆိုကာမျှဖြင့် ဦးဘုန်းစစ်မင်းမှလည်း လိုက်လိုက်လှဲလှဲပဲ ဦးစိုးကို တခင်တမင်ထရပ်၍ ကြိုဆာတူတူလည်း ထိုင်စေခဲ့သည်။ တူတူလည်း မနက်စာကော်ဖီကို သောက်စေသည်အထိလည်း ဧည့်ခံဝတ်ပြုခဲ့ပါ၏ .. ။

ဒါပေမဲ့ .. ကော်ဖီသောက်အပြီးမှာ ဦးစိုးမှလာရင်းကိစ္စကို အထူးဂရုတစိုက်ဖြင့် စကားမမှားအောင် သတိထားနေရင်းဖြင့် စေ့စပ်ကြောင်းလမ်းလိုပါသည့် စကားမြွန်းမှုကိုလည်းပြု .. ။ တင်တောင်းပါသည့် ရတနာယွန်းဘူးပြားများကိုလည်း အလေး

အနက်ထား၍ သားရေသေတ္တာပြားလေးထဲမှ ထုတ်၍တင်ခဲ့တော့မှ .. ဦးဘုန်းစစ်မင်း လုံးဝအသံဆိတ်ကျတိတ်ကျသွားခဲ့ပါသည့်အဖြစ် .. ။

ဦးစိုးမှ ရင်ထဲမှာ ထင့်ခနဲတော့ဖြစ်ချင်သည်။

ဦးဘုန်းစစ်မင်းများ သဘောမမှုဖြစ်နေချေသည်လား မသိ .. ။

"အကယ်၍ .. ဦးဘုန်းစစ်မင်းက .. လက်ခံနိုင်မယ်ဆိုရင် လူကြီးစုံရာနဲ့လာပြီး စကားမြွန်းပါ့မယ် .. ထပ်ပြီးစကားမြွန်းပါ့မယ် ခင်ဗျာ .. ဦးဘုန်းစစ်မင်းတို့ဘက်က .. ဖြစ်စေလိုတာမှန်သမျှကိုလည်း .. အားလုံး .. ဖြစ်စေရပါ့မယ်လို့ .. မောင်မိုးညိုသာက အလေးထားပြီး ကျွန်တော့်ကို ပြောပြပေးဖို့ မှာလိုက်ပါသေးတယ် .. ဒီကိစ္စမှာ .. အပြောအဆိုမှာ တစ်ခုခုများ ဦးဘုန်းစစ်မင်းအတွက် စိတ်အခန့်မသင့်စရာများ ရှိသွားခဲ့ရင် ကျွန်တော့်အပြောအဆို မတတ်မှုလို့ဘဲ မှတ်ယူနားလည်ပေးဖို့လည်း တောင်းပန်ပါရစေ .. မောင်မိုးညိုသာရဲ့မိန်းကလေးအပေါ်မှာထားတဲ့ တန်ဖိုးထားမှုနဲ့ချစ်မေတ္တာဟာ .. တကယ့်ကို .. လေးနက်ခိုင်တည်တာကိုတော့ .. ကျွန်တော် အခိုင်အမာကြီးကို တာဝန်ယူပါတယ် .. "

ဟု ထပ်ပြောနေတော့ ဦးဘုန်းစစ်မင်း သက်ပြင်းရှိုက်သည်။

ပန်းချီဆွဲထွက်ရင်း ကားဘီးပေါက်သည်ဆိုတာ ကြုံလိုက်လာခဲ့ပါသည့် မောင်မိုးညိုသာ .. ။

မြေနိမ့်ခင်တစ်ရက်၏ မနက်ခင်းမှာ ဗစ်တိုးရီးယားရှိ

www.burmeseclassic.com

www.burmeseclassic.com

ဤပန်းဆောင်လေးမှာ မိမိနှင့်အတူ မနက်စာကို စားသောက်ခဲ့ရင်း ပန်းချီကားတစ်ချပ်ကို လက်ဆောင်ပေးခဲ့ဖူးပါသော မောင်မိုးညို သာ .. ။

ရင်ထဲတွင် အလိုလိုသိလာသည်က .. မိုးညိုသာ သည် .. မိမိနှင့် ရင်းနှီးမှုရအောင်တတ်စွမ်းသမျှ ဉာဏ်တွေထုတ်၍ ကြိုးပမ်းခဲ့သည်ပဲ .. ဟူ၍ပါ .. ။

ဘာပဲဖြစ်ဖြစ် .. ။ ရင်ထဲတွင်တော့ မိုးညိုသာ၏ ထိုကြိုးပမ်းမှုအပေါ်မှာ ကျေနပ်နှစ်လိုမှုတော့ဖြင့် ဖြစ်လာနေမိရသည်ပါပဲ .. ။ လုံးဝမဆုံဖူးသော .. မတွေ့ဖူးသော အစိမ်းသက်သက်လူရွယ်တစ်ယောက်အဖြစ် ရှိမနေတော့အောင် မိုးညိုသာသည် ကြိုးစားခဲ့ချေသည် တကား .. ။

ပြီးတော့ .. ထိုသို့ ကြိုးပမ်းခြင်းများသည် .. မိမိအပေါ်မှာ လေးစားနေခြင်းများနှင့် နွယ်နေလျက် .. ။ ရှင်မွေးကြွေကို .. မြတ်နိုးစွာ မေတ္တာသက်ဝင်နေခြင်းနှင့်လည်း ပတ်သက်နေသည်ပဲ .. ။

"ကျွန်တော်စဉ်းစားပါရစေ ဦးစိုး .. ကလေးက ကျောင်းနေတုန်းဆိုတော့ .. စဉ်းစားပါရစေ .. ဒါပေမဲ့ ခုလို .. တန်ဖိုးထားပြီး စကားလာမြန်းစေတဲ့ကိစ္စမှာ .. ကျွန်တော်အဖြေတစ်ခုကိုတော့ .. နှစ်ပတ်လောက်နေပြီးရင် .. ဖြေပါ့မယ် ဦးစိုးကိုပဲဖြစ်ဖြစ် .. မောင်မိုးညိုသာကိုပဲဖြစ်ဖြစ် .. ဖြေပါ့မယ် .. ဖုန်းနံပါတ်ပေးထားတာလည်း ရှိပါတယ် .. "

ဟု ဖြေတော့ ဦးစိုးမှ ..

"ဟာ .. မဟုတ်တာခင်ဗျာ .. ဘယ်လိုအဖြေမျိုးကိုပဲဖြစ်

ဖြစ် .. ကျွန်တော်ကိုယ်တိုင်လာပြီး ယူပါ့မယ် ..မိန်းကလေးရှင်ရဲ့အဖြေကို .. ကျွန်တော်တို့ဘက်က တလေးတနက်နဲ့ လာပြီး စောင့်ယူပါ့မယ် .. မောင်မိုးညိုသာကလည်း .. မိန်းကလေး ကျောင်းနေသေးတာကိုသိပါတယ် .. ခုဥစ္စာက စေ့စပ်ခွင့်လေးတစ်ခုကို .. ရယူထားချင်တာမျိုးပါ .. ကလေးရဲ့ ပညာရေးကို မထိခိုက်စေချင်ပါဘူး .. ဒါလည်း သူပြောပါတယ် ခင်ဗျာ .. "

ဟု ဦးစိုးပြောတော့ ဦးဘုန်းစစ်မင်းရင်ထဲမှာ ပို၍ ကျေနပ်လာမိရပါ၏။ အဖြေကို .. ကိုယ်တိုင်ကိုယ်ကျလာ၍ယူပါ့မည်ဆိုတာကိုက .. မိန်းကလေးဘက်ကို တန်ဖိုးထားခြင်းမဟုတ်ပါလားလေ .. ။

ဒါပေမဲ့ .. တကယ်တမ်း ရှင်မွေးကြွေကို .. စေ့စပ်ပေးလိုက်ရမှာ .. ။

တစ်နေ့မှာ လက်ထပ်ပေးလိုက်ရမှာကိုကျတော့ ရင်ထဲမှာ .. ကြို၍ခံစားနေရသည်က ကြေကွဲနာကျင်ခြင်းပင် .. ။ မခွဲရက်နိုင်ခြင်းများ ဖြစ်နေပြန်ပါသည့် အဖြစ်။

ကိုယ့်ဘာသာကိုယ်လည်း နားမလည်ချင် .. ။ မလွှမ်းရှင်ကို နာကြည်းနေခြင်းများဖြင့် .. ကြွေ့ကိုလည်း သမီးမဟုတ်ဟူသော ခံစားမှုများဖြင့် .. စိမ်းပြတ်စွာ ရှင်မွေးကြွေ အပေါ်နေနေရသည်က သပ်သပ် .. ။ မခွဲရက်နိုင်ဘဲ ရှိနေရသည်က သပ်သပ် .. ။ ဘော်ဒါပို့ထားလိုက်ခြင်းဖြင့် စိမ်းပြတ်ခြင်းများ ပို၍ရှိ[illegible] စေဖို့ ကြိုးပမ်းခဲ့ပါသော ဦး.ဘုန်း.စစ်မင်းဆိုသည့် လူတစ်ယောက်သည် ကြွေရေးဆွဲခဲ့ဖူးသော ဖခင်လက်ကိုဆွဲထားပါသည့် ကောင်မ

www.burmeseclassic.com

www.burmeseclassic.com

လေးတစ်ယောက်၏ ပန်းချီကားလေးကို ရှုံးခန်းမှာ ဘာကြောင့် မကြာမကြာကြည့်ကြည့်နေမိခဲ့ရပါသလဲ .. ။

ငိုင်၍ တစ်ချက်ငြိမ်နေရာမှ ဦးဘုန်းစစ်မင်း အားယူ၍ တစ်ချက်ပြုံးသည်။

"ကြွေမှာ .. "

အသံက တစ်ချက်တန့်၏ .. ။ ကြွေ့မှာဆိုသည့် စကားနေရာမှာ .. သမီးဆိုသည့် စကားကို ဘာကြောင့်နှုတ်ကမပွင့် မကျလာနိုင်ရပါသတဲ့လဲ .. ။ ဤတစ်ချက်သည် .. စိတ်မာသော ခေါင်းမာသောအတွင်းစိတ်၏ တွန်းအားတစ်ခုအဖြစ် ဦးဘုန်းစစ်မင်းနားလည်နေမိရပြန်သည် .. ။

"သမီးမှာ .. သူ့အဒေါ်လည်း ရှိသေးတယ်လေ .. ကလေးကို .. သူပဲ ထိန်းကျောင်းနေခဲ့ရတာ .. သူ့သဘောထားလည်း လိုပါသေးတယ် ဦးစိုး .. မောင်မိုးညိုသာဟာ .. ထက်မြက်တဲ့ လူရွယ်လေးတစ်ယောက်ဆိုတာကိုတော့ ကျွန်တော်သိပါတယ် .. ခု .. ဦးစိုးယူလာတဲ့ ရတနာ့များကိုလည်း ပြန်ယူသွားစေချင်ပါတယ် .. တကယ်တမ်းစေ့စပ်ပွဲလေးဖြစ်တဲ့အခါကျတော့မှ .. လူကြီးစုံရာနဲ့တင်တောင်းပါ"

ဟုပြောတော့ ဦးစိုးတစ်ချက်ခပ်တွေတွေဖြစ်၏ .. ။ မိုးညိုသာက ရတနာယွန်းဘူးပြားများကို .. ထားခဲ့ပါ .. ဟုမှာထားသည်။

ဒါပေမဲ့ .. ဦးဘုန်းစစ်မင်းက ပြန်ယူသွားပါဟု ဆိုနေသည်။ မယူ၍ကလည်း မကောင်း။ ။ ဦးဘုန်းစစ်မင်းဆိုတာက ပြောတာကို လုပ်မှကြိုက်မည့်လူမျိုး .. ။

နှုတ်ကြီးထားခဲ့လျှင် .. ဗစ္စည်းမက်သည်ဟု ထင်နေသည်လား .. ဘာလား .. နှင့် စိတ်ထဲမှုက်သွားနိုင်သည် .. ။ ဒါဆိုသေချာပြီ .. ။ ရှင်မွေးကြွေနှင့် ဘယ်လိုမှ စေ့စပ်ခွင့် မိုးညိုသာရရှိနိုင်တော့မှာ မဟုတ် .. ။

"မောင်မိုးညိုသာကတော့ .. သူ .. ရှင်မွေးကြွေကို တန်ဖိုးထားပြီးချစ်မြတ်နိုးတာမို့ .. အဲဒီ .. ခိုင်မာတဲ့ချစ်ခြင်းကို ယုံကြည်နေပါတယ် .. ဦးဘုန်းစစ်မင်း .. စကားမြန်းရာမှာ ဒီရတနာများကိုလည်း မင်္ဂလာရှိခြင်း အထိမ်းအမှတ်အဖြစ် ဘာဝမှာ .. နိမိတ်ဦးယူစေတဲ့ သဘောအဖြစ်နဲ့ကို ဒီမှာထားရစ်ခဲ့ပါ .. လို့ မှာထားခဲ့တာပါ ခင်ဗျာ .. ဒါပေမဲ့ .. ဦးဘုန်းစစ်မင်းရဲ့ဆန္ဒကို ကျွန်တော်နာခံရမှာပါ .. "

ဟုဖြေကာ ရတနာယွန်းဘူးပြားများကို သေသေသပ်သပ်ပြန်သိမ်းဆည်းပါ၏။ ခေါင်းလည်းယမ်းကာ ..

"ပြန်ယူလာတဲ့အတွက် .. မောင်မိုးညိုသာ ကျွန်တော့်ကို အပြစ်တင်မှာသေချာပါတယ်ခင်ဗျာ .. အဲသလို ပြန်ယူလာတဲ့အတွက်လည်း သူ့စိတ်ပူနေပါလိမ့်မယ် .. သူ့ကိုငြင်းလိုက်ပြီလားလို့ စိတ်သောကဖြစ်မှာလည်း သေချာနေပါတယ်"

ဟု ခပ်ညည်းညည်းပြောလာပါ၏ .. ။

ဦးဘုန်းစစ်မင်းမှ ပြုံး၍ ထရပ်လိုက်ကာ ..

"နှစ်ပတ်နေတဲ့အခါမှာ .. ကျွန်တော်ဖြေပါ့မယ် ဦးစိုး .. မောင်မိုးညိုသာဟာ .. အစစထက်မြက်တဲ့လူငယ်လေးမို့ .. အဲဒီအချက်ကို ကျွန်တော်အထူးစဉ်းစားမှာပါ။ သူ ကြွေ့ကို .. တကယ်ချစ်မြတ်နိုး တန်ဖိုးထားတယ်ဆိုတာကိုတော့ .. ကျွန်တော်ယုံကြည်ပါတယ် ဦးစိုး .. အဲသလို

www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်နေပါတယ်ဆိုတဲ့အကြောင်းကိုတော့ .. သူ့ကို ဦးစိုး တွေ့တဲ့အခါမှာ .. ပြောပြလိုက်ပါ .. ”

ဟုပြောတော့ ဦးစိုးထရပ်သည်။ ပြီး၍လည်း ဦးဘုန်းစစ်မင်းကို လက်ဆွဲနှုတ်ဆက်ပါ၏ .. ။

“မောင်မိုးညိုသာက .. ကျွန်တော့်သားလိုပါပဲခင်ဗျာ .. အဲသလိုကို ကျွန်တော်ကလည်း ချစ်နေရတာပါ .. ဒီမင်္ဂလာရှိသောကိစ္စ .. တကယ့်ကို ဖြစ်မြောက်နိုင်ပါစေလို့ .. ကျွန်တော်ဆုတောင်းပါတယ် .. မျှော်လင့်နေပါ့မယ် ဦးဘုန်းစစ်မင်းခင်ဗျာ .. ကျွန်တော် ဒီနေ့ပဲ .. ခမ်းမွေ့ကို ပြန်ပါ့မယ် မောင်မိုးညိုသာ ကံကောင်းပါစေလို့ ကျွန်တော်ဆုတောင်းပါတယ် .. သူကံကောင်းနိုင်ခွင့်ရဖို့ဆိုတာက .. ဦးဘုန်းစစ်မင်းရဲ့ အဆုံးအဖြတ်တစ်ခုအပေါ်မှာပဲ မူတည်နေပါတယ်”

ဦးစိုးဆိုတာ မိုးညိုသာကိုအတော်ကြီးချစ်သောသူပါလား .. ဟု ဦးဘုန်းစစ်မင်းသိလည်း သိရ .. ။ စကားအရာမှာလည်း တစ်ဖက်သားနားလည်လက်ခံချင်လာအောင် ပါးနပ်သိမ်မွေ့စွာပြောတတ်သူအဖြစ်လည်း သိလာရပါသည့်အဖြစ် .. ။ ပြီး၍ ဦးဘုန်းစစ်မင်း ခေါင်းပဲညိတ်ပြပါ၏ .. ။

ခြံဝအထိ ဦးဘုန်းစစ်မင်းလိုက်ပို့ပေးခဲ့သည်ပါပဲ .. ။ ခြံဝမှာက မိုးညိုသာ၏ ပလိုင်းမောက်ကားဖြူကြီးရပ်ထားပါ၏။ ဒရိုင်ဘာလူငယ်လေးမှ ဦးစိုးအတွက် ကားတံခါးကို အသင့်စောင့်ဖွင့်ပေးသည်ကအစ .. ဦးဘုန်းစစ်မင်းခြံအတွင်းတံခါးကြီးဆီမှ ရပ်ကြည့်ခဲ့ပါ၏ .. ။ ကားထွက်သွားသည်အထိလည်း လက်ပြစောင့်ဆိုင်းခဲ့ပါသည့်အဖြစ် .. ။ ဦးစိုးမှ တလေးတစားလက်ပြခဲ့သည်ပါပဲ။

ဦးဘုန်းစစ်မင်း ဗစ်တိုးရီးယားဧည့်ခန်းဆောင်ကြီး

ဆီသို့ ဖတောက်လျှောက်ကွန်ကရစ်ခင်းလမ်းအတိုင်း လျှောက်ပြီးဝင်လာခဲ့ပါ၏။ ဧည့်ခန်းဆောင်လေးဆီသို့မပြန်တော့ .. ။ ရှင်မွေးဇကြွကို မိုးညိုသာစကားမြန်းလာသည့်ကိစ္စ ညီမခင်ခင်လေးနှင့် တိုင်ပင်ရဦးမည် .. ။ ပြောပြရဦးမည် .. ။ မိုးညိုသာဆိုတာကတော့ ငြင်းရန်မရှိအောင် ပြည့်စုံတည်ငြိမ်သောလူငယ်လေးအဖြစ်တော့ ဦးဘုန်းစစ်မင်းယုံကြည်ထားမိသည်မှာလည်း အမှန်ပါ .. ။

ထိုအခိုက် တယ်လီဖုန်းမြည်လာသည်မို့ တယ်လီဖုန်းတင်ထားရာ ကျွန်းခုံလေးရှိရာသို့ လျှောက်လာမိရပါ၏။

ခင်ခင်လေးတို့ဖိုးဖိုးဆောင်လေးထဲမှာ ဒေါ်သင်းဝေတို့နှင့်အတူ ချက်ရေးပြုတ်ရေးလုပ်နေကြချေလိမ့်မည် .. ။ ဒါကြောင့် ဦးဘုန်းစစ်မင်းပဲ ဖုန်းကောက်ကိုင်လိုက်ရပါ၏ .. ။ ဖုန်းသံကြောင့် မဥလည်း မီးဖိုဆောင်ဘက်မှ ပြေးလာတာကို ဖုန်းကိုင်နေပြီဖြစ်သော ဦးဘုန်းစစ်မင်းမှမြင်လိုက်ရပေမဲ့ .. လက်ပဲကာလိုက်သည်။ ကိုယ်ပဲပြောဆိုတော့မည်ဆိုသည့်သဘော .. ။ မဥနောက်ကြောင်းပြန်လှည့်သွားတာကိုလည်း ဦးဘုန်းစစ်မင်းလှမ်းကြည့်နေရင်းမှ ..

“ဟဲလို .. ဗစ်တိုးရီးယားကပါ .. ဘုန်းစစ်မင်းပြောနေပါတယ် .. ”

ဟု ပြောစဉ်ခိုက် တစ်ဘက်မှ ..

“ဝိန်ဂျူရီဆာကပါ .. မာသာစူးပီးရီးယားပြောနေပါတယ် .. မစ္စတာဘုန်းကို .. တစ်ခုပြောပါမယ် .. မနေ့ညနေက .. မမျှော်လင့်တဲ့အကြောင်းတရားတစ်ခုကို .. ကျွန်မတို့ အံ့သြတုန်လှုပ်စွာပဲ သိခဲ့ရပါတယ် .. ကျွန်မ ခုမနက်မှာပဲ မစ္စတာဘုန်းကို .. အသိပေးရတာပါ .. မပြောမဖြစ်တဲ့အတွက် စိတ်မကောင်းခြင်းကြီးစွာနဲ့ပဲ .. အသိပေးရပါတော့မယ် .. မစ္စ

www.burmeseclassic.com

www.burmeseclassic.com

တာဘုန်းရဲ့သမီး .. ရှင်မွေးကြွေကို .. ဒီနေ့မှာ ပြန်လာခေါ် စေချင်ပါတယ် .. သူ့ကို ကျွန်မတို့ဝမ်းနည်းစွာနဲ့ပဲ .. ကျောင်းက ထုတ်လိုက်ရပါပြီ .. "

ဟုပြောလာတော့ မထင်မှတ်ထားသည့် စကားပေ မို့ ..

"ဘာဖြစ်လို့လဲ မာသာ .. သူ .. ဘာအပြစ်များကျူးလွန် လိုက်ပါသလဲ .. ဘယ်လောက်ဆိုးဝါးတဲ့ပြစ်မှုကြီးကို .. သူ ကျောင်းမှာလုပ်လိုက်ပါသလဲ မာသာ .. ကျွန်တော်သိပါရစေ .. "

ဟု အံ့သြလျက်လည်း မေးမိ .. ။ ဒေါသလည်းဖြစ် နေမိရပါပြီ .. ။

ခုလေးတင်မှာပဲ .. ကြွေ့ကို .. လူရည်မွန်လေးတစ် ယောက်က စေ့စပ်ကြောင်းလမ်းခွင့်လေးပဲဖြစ်ဖြစ် .. ချပါရစေဟု တန်ဖိုးထား၍ .. စကားလာမြန်းစေခဲ့သေးသည်။ ကြွေက .. ကျောင်းထုတ်ခံရလောက်စေသည့်အထိ .. အပြစ်တစ်ခုခုကိုလုပ် ထားပြီးနေသည့် ကြွေဖြစ်နေပြီ .. ။

ကြည့်စမ်း .. ။ ဘုန်းစစ်မင်း၏သမီး ရှင်မွေးကြွေက ကျောင်းကလက်မခံနိုင်လောက်အောင် .. အပြစ်ကြီးတစ်ခုကိုလုပ် ထားသည်တဲ့။ အဘယ်မျှ .. မိဘ၏အရှက်ကို ရစေသည့်ကြွေဖြစ်နေ ပါသလဲ .. ။

တစ်ဘက်မှလည်း ဖြေသံမကြားရ .. ။ အတန်ကြာ သည်အထိ ရှိနေရာမှ အဆုံးမှာ သက်ပြင်းရှိုက်၍ ..

"သူ့ကို .. ကျောင်းမှာ .. ထားလို့မဖြစ်နိုင်တော့တာကတော့ သူမှာ .. ကိုယ်ဝန် .. ရှိ .. နေ .. လို့ ပါပဲ .. မစ္စတာဘုန်း"

ဦးဘုန်းစစ်မင်း၏နားစည်တွင်းဆီသို့ တိုးသဲ့တုန်ခါ နေသော မာသာ၏အသံက ကျင်စက်ကြီးနှင့် အတို့ခံလိုက်ရသည့် နှယ် စူးရှစွာတိုးဝင်၏။ မာသာကိုယ်တိုင်လည်း စာနာစိတ်ဖြင့် အတော်ကြီးစိတ်မကောင်းဖြစ်နေမှန်း အသံဖြင့်ပင် သိသာနေသည် ပါပဲ .. ။ ဦးဘုန်းစစ်မင်း၏လက်ထဲမှ တယ်လီဖုန်းလွတ်ကျသွား သည်။ ကြိုးတန်းလန်းနှင့် ဖုန်းသည်လှုပ်ခတ်ရင်း တယ်လီဖုန်းတင် ရာ စင်၏ခြေထောက်ကို တဒေါက်ဒေါက်သွားထိခတ်နေသည် .. ။

မျက်နှာကြီးတစ်ခုလုံး နီတက်လာအောင် အရှက် သည်းစိတ်ဖြင့် ဦးဘုန်းစစ်မင်း အံခဲ၍ ကျောက်ရုပ်ထုကြီးတစ်ခုနှယ် ငြိမ်ကျနေ၏ .. ။ အံကို တင်းတင်းခဲထားသည် .. ။ သွားပြီ .. ။ လုံးဝ .. ရေစုန်မျောရလောက်အောင်ကို .. ဦးဘုန်းစစ်မင်းဆိုသည့် လူတစ်ယောက်၏ မျိုးရိုးဂုဏ်ရှိန်နှင့် နာမည်တစ်လုံးသည် အရှက် တကျွဲကြီးဖြင့် ရှိသွားရတော့မည် .. ။

ရက်စက်လိုက်သည့် ရှင်မွေးကြွေ .. ။ ဘယ်လိုမှ မမျှော်လင့်ထားသောအဖြစ်တစ်ခုသည် ဆောက်တည်ရာမရ လောက်အောင် အရှက်သည်းနေသော လူတစ်ယောက်အဖြစ်ခံစား နေရစေဖို့ ရှင်မွေးကြွေကြောင့်ဖြစ်လာနေရပြီ .. ။ နှလုံးထဲဆီမှ စူးအောင့်သော ဝေဒနာကြီးက ရုတ်ချည်းပင် ဆိုးဆိုးဝါးဝါးကြီးဖြစ် လာနေလေပြီလေ။ ဆုပ်ညှစ်ချေထားသည့်နှယ် ရင်တစ်အုံလုံးကြပ်ခဲ လာနေ[illegible]တကျွဲကြီးဖြစ်ပါချေပေါ့လား .. ဟု သိနေ ရင်းဖြင့် [illegible] ပျက်သွားနေရသည်သို့ပင် ခံစားလာနေရ သည်က [illegible]လွှမ်းနေခြင်းများဖြင့်ပါ .. ။

မျက်နှာထက်မှာ နီရဲလာနေသော သွေးတွေက

www.burmeseclassic.com

www.burmeseclassic.com

ဖြန်းဖြန်းတက်နေ၏ .. ။

အရှက်ကြီးနေသည်မှ .. မျက်နှာမပြရဲလောက်အောင်ပါ .. ။ ဤသတင်း .. ကြားရချေလိမ့်မည်ဟု စိတ်ထူးထဲမှာပင် မမျှော်လင့်မိခဲ့ .. ။ မတွေးမိခဲ့ .. ။ ဤမျှထိ မိုက်မဲသည့်သမီးတစ်ယောက်ဖြစ်နေလိမ့်မည်ဟုလည်း ရှင်မွေးကြွေကို မထင်မိခဲ့။ မိုက်ရိုင်းလိုက်သည့်သမီး .. ။ ကျောင်းကို ဘယ်လိုမျက်နှာမျိုးဖြင့် ကိုယ်ကသွားပြီး အမိုက်မကို ကျောင်းထုတ်ခံသမီးတစ်ယောက်အဖြစ် ခေါ်ပြန်လာရမည်တဲ့လဲ .. ။

မျက်ဝန်းများ ဖိတ်ဖိတ်တောက်လာကာ တောက်တစ်ချက်ခေါက်လိုက်ပြီးမှ ဦးဘုန်းစစ်မင်းဧည့်ခန်းရှိ ကြွေပန်းအိုးတွေ .. ။ မှန်ဗီရိုကြီးမှ မှန်ချပ်ကြီးတွေ .. ။ မြင်မြင်ရာ ဘာတွေမှန်းမသိ .. ။ အားလုံးသိမ်းကျုံးကောက်ကိုင် ပေါက်ခွဲနေမိရပါပြီ .. ။ ကြွေပန်းအိုးကြီးတွေက မှန်ဗီရိုကြီးတွေကို ထိမှန်ဖောက်ခွဲပစ်နေကြသည် .. ။ မှန်ဗီရိုတွင်းမှ အလှထားသော ကြွေပန်းအိုးလေးတွေ။ ကြွေထည်ပန်းကန်လှလှလေးတွေ .. ။ ကြွေအရုပ်လှလှလေးတွေလည်း တစ်ခုပြီးတစ်ခု ဦးဘုန်းစစ်မင်း၏လက်ထဲ ဆွဲယူ ပါလာလိုက်။ ကြမ်းပေါ် ရိုက်ချိုးရိုက်ခွဲပစ်တာခံရလိုက်နှင့် ဧည့်ခန်းတစ်ခုလုံး မွမွကြေနေပြီ .. ။ ထိုင်ခုံတွေကိုလည်း ကန်ပစ် .. ။ စားပွဲခင်းတွေကို ဆွဲပစ်ရာမှ အလှတင်ပန်းအိုးတွေလည်း။ [illegible]နှင့်ဖြစ်နေသမျှ .. အသံတွေကြောင့် စိုးရိမ်တကြီးလ[illegible]ထိတ်လန့်ချောက်ချားခြင်းလည်း ကြီးစွာဖြင့် ခင်ခ[illegible]ဖော်ပါ သင်းဝေရော မဥရောပြေးလာကြတာကို ဦးဘုန်း[illegible]မြင်နေရသည်။

"ကိုကြီး .. ဘာဖြစ်တာလဲ .. ဘာဖြစ်တာလဲ .. "

ဟု မေးနေတော့ ဦးဘုန်းစစ်မင်းမဖြေသေး .. ။ မျက်ဝန်းဝယ် ဒေါသရိပ်တွေလည်း တက်နေသည်။ မျက်သားတွေရဲနေလျက် ဖိတ်ဖိတ်တောက်နေ၏ .. ။ နှုတ်ခမ်းဆီမှ အသံတွေပွင့်ကျနေသည် .. ။ အော်ဟစ်နေခြင်းလည်း မဟုတ် .. ။ ညည်းတွားနေခြင်းလည်း မဟုတ် .. ။ အက်အက်ကွဲကွဲကြီး လည်ချောင်းကိုဖြတ်၍ ရင်ထဲမှဆောင့်တက်လာနေသည့် အသံသြသြကြီးတွေဖြစ်နေသည် .. ။ မျက်နှာတစ်ခုလုံးလည်း နီမြန်းနေသည်မှာ သွေးကြောတွေပေါက်ထွက်ကုန်တော့မည်လားဟုထင်ရလောက်အောင်ပါ .. ။ မေးကြောများ ထောင်ထနေရင်းမှ တက်ကုန်ဇက်ကုန်ကြီးမြင်ရာတွေ့ရာခြေနှင့် ကန် .. ကိုင်ပေါက်နှင့် ရှိနေရာမှ ခင်ခင်လေးကို ဦးဘုန်းစစ်မင်းကြည့်သည် .. ။

"လာခဲ့ .. လာခဲ့ .. "

ဟု အော်လိုက်ရင်းမှ နီးရာအခန်းထဲ ဒယီးဒယိုင်ကြီးဝင်သွားကာ လှည့်ကြည့်ရင်းမှ ..

"နင်တစ်ယောက်တည်း ဝင်လာခဲ့ ခင်လေး .. "

ဟု အသံအက်အက်ကြီးနှင့်ပြောတော့ ဘာမှန်းမသိရသေးပေမဲ့ ဒေါ်ခင်ခင်လေးမှာ အလိုလိုထိတ်လန့်နေရပြီ .. ။ အတော်ကြီးကို ဆိုးဝါးသည့်ကိစ္စတစ်ခုတော့ ဖြစ်နေပြီဟု နားလည်သိရှိနေမိရသည်ကိုလေ .. ။ ဘယ်တုန်းကမှ .. ထိုမျှအထိ ပေါက်ပေါက်ကွဲကွဲကြီး အစ်ကိုဖြစ်သူဖြစ်တာကို မမြင်ခဲ့စဖူး .. ။ အဆုံးစွန်မလွမ်းရှင်နှင့်စကားများစဉ်ကပင် ဤမျှအထိ မဖြစ်ခဲ့စဖူး .. ။ မလွမ်းရှင်ဆုံးပါးခဲ့တော့လည်း .. ကြေကွဲအရှက်သည်းစွာရှိစဉ်ကလည်း ထိုမျှအထိ မပေါက်ကွဲစဖူး .. ။ ခုဥစ္စာက .. အရမ်းကို ခေါက်တည်ရာမဲ့နိုင်စွာ .. ခံစားနေရသည့်အသွင်မျိုးဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးဘုန်းစစ်မင်းဝင်သွားသည့်အခန်းသည် တစ်ချိန်က ကြေကလေးဘဝက .. ကြေ့ပုခတ်လေးနှင့် ကစားစရာလေးတွေ ဖြင့် ရှိခဲ့ဖူးပါသော ကလေးခန်းလေးဖြစ်နေပါ၏ .. ။

ဦးဘုန်းစစ်မင်းသည် အခန်းထောင့်နေရာလေးမှာ ယခုတိုင်ရှိနေဆဲ ကျွန်းပုခက်၏ဘေးမှာ ခပ်ငိုင်ငိုင်ကြီးရပ်နေသည်။

လုံးဝမလှုပ်မယှက်ကြီးရပ်နေသည်မှ လက်နှစ်ဘက် က ဘေးကိုတွဲလွဲကြီးကျနေသည့်အလား .. ။ အားမကျန်တော့ သည့်အလား ဖြစ်နေပြန်ပါ၏ .. ။

စောစောက .. အခန်းပြင်ဘက်မှာ တွေ့ရာရာ ဖြင့် ရာရာတွေကို အားအင်တကြီးဖြင့် ကောက်ယူဖောက်ခွဲပစ်နေသည့် လူတစ်ယောက်နှင့်ပင် မတူတော့ .. ။ အားအင်တွေကုန်ခမ်းနေ သည့် ချုံးချုံးကျနေသည့် လူတစ်ယောက်နှယ်ဖြစ်နေပြန်သည် .. ။

အခန်းပြတင်းအနီးမှာ ဦးဘုန်းစစ်မင်း သွားရပ်သည်။ မျက်နှာကို ဇက်လှန်၍တစ်ချက်မော့ပါ၏ .. ။ မျက်ဝန်းတွေကို စုံ မှိတ်ချထားသည် .. ။ စိတ်ကိုပြန်၍ စုစည်းယူနေမှန်း ဒေါ်ခင်ခင် လေး သိနေပါ၏ .. ။

"ဘာ .. ဘာ .. ဖြစ်တာလဲ ကိုကြီးရယ် .. "

ဟု တိုးတိမ်တိမ်လေးမေးမိစဉ်နိုက် ဦးဘုန်းစစ်မင်း ၏ ခေါင်းပြန်မတ်သွားသည်။ ကိုယ်ကို ပြန်မလှည့် .. ။ ဘေးတွင် ဒေါ်ခင်ခင်လေးရပ်လာတော့လည်း ငဲ့မကြည့်။ မျက်ဝန်းအကြည့်က .. အခန်းပြတင်းမှန်ချပ်ကြီး၏ တစ်ဘက်မှာရှိနေသည့် ဥယျာဉ်ဆီသို့ ငြိမ်သက်စွာရောက်နေ၏ .. ။ မရွေ့မလျားကြီးအကြည့်က ငြိမ်ကျ လွန်းနေသည်။

"နင် .. ကျောင်းကိုသွား .. ရှင်မွေးကြွေကို ပြန်ခေါ်ခဲ့ .. "

အသံက တဖြည်းဖြည်းမာကျောခြင်းဘက်ကို ကူး လာသည် .. ။ မျက်ဝန်းများက တဖြည်းဖြည်းအင်အားကြီးမားသော ခံပြင်းမှုဘက်ကို ကူးပြောင်းလာနေပြန်ပါ၏။

"သူ့ကို .. ကျောင်းက .. လက်မခံနိုင်တော့ဘူး .. ကျောင်း ထုတ်ပစ်လိုက်ကြပြီ ခင်လေး .. ဘာလို့လဲသိထား .. သူ့မှာ ကိုယ်ဝန်ရှိနေလို့တဲ့ .. "

ဟု ပြောချသံတွင် လုပ်ရက်လေခြင်းဆိုသည့် နာ ကြည်းမှုတွေက ရောထွေးပါလာနေပြီ .. ။ ဒေါ်ခင်ခင်လေး၏ ကိုယ်လေး ယိုင်ခနဲဖြစ်၏ .. ။ မျက်နှာမှာ သွေးရောင်ဖျော့ကျသွား၏။ ယိုင်ခနဲဖြစ်သော ညီမ၏ပခုံးလေးကို ဦးဘုန်းစစ်မင်းလှမ်း၍ ထိန်းသည် .. ။ ညီမ၏ မျက်နှာကိုတည့်တည့်မတ်မတ်ကြည့်သည်။

"အရှက်တရားနဲ့ အသက်ရှင်နေကြတဲ့ ငါတို့မောင်နှမနှစ် ယောက်အတွက် .. သူ .. ရက်ရက်စက်စက်ကြီးကိုပဲ .. ပေးအပ်လိုက်ပြီတဲ့ ဒီဖြစ်ပျက်မှုကြီးထဲမှာ .. နင် .. ဘယ်လို မျက်နှာနဲ့ ကျောင်းကိုသွားပြီး အမိုက်မကို ပြန်ခေါ်လာမလဲ ဆိုတာ .. ငါ .. တွေးတောင် မတွေးရဲဘူး ခင်လေး .. "

ဟုပြောသံတွင် စိတ်ဓာတ်အရာ သိက္ခာအရာတို့ကို သွဲချခံလိုက်ရသည့်သူတစ်ယောက်၏လေသံတွေက ထြရှရှိနိုင်စွာ ပါလာနေကြပါချေ၏ .. ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း | ၂၀ |

ကားရှေ့ခန်းမှာ ထိုင်ပါလာသည့် အန်တီလေးသ
ယခုတိုင် ကြွေ့ကိုစကားတစ်ခွန်းသော်မျှ မဆိုခဲ့ .. ။ မျက်နှာထ
တွင် ကြေကွဲခြင်းနှင့် အရှက်သည်းခြင်းဆိုသည့် အရိပ်များက အုပ်
အုပ်စီးနေဆဲ .. ။

ကားမောင်းနေပါသည့် ဦးဦးသိန်းကတော့
ကြောင့် ကြွေ့ကိုကျောင်းထုတ်လာသည်ဆိုတာ တွေးမရနိုင်
နေသည့်ဟန် .. ။ မျက်နှာကြီးပျက်နေတာကတော့ အမှန်ပါ။
ကို ငယ်ဘဝကတည်းက အလိုလိုက်တတ်ပါသော ဦးဦးသိန်း
ကြွေဆင်စီးတမ်းကစားမည်ဆိုလျှင် မညည်းမညူဆင်ကြီးလုပ်
တတ်သူပါ .. ။ ကြွေ့ကိုချစ်လည်း ချစ်သူပါ .. ။ ကျောင်းအုပ်
ရုံးခန်းမှာ မာသာစူပီးရီးယားနှင့် အန်တီလေး ဤမနက်မှာ လ
ခဲ့ပါ၏ .. ။ ပြီးတော့ ကြွေ့ကို .. ကြွေ့အခန်းထိလာ၍ အန်
ခေါ်သည်။ ကြူလေးတို့တစ်အုပ်စုလုံးကတော့ မယုံ

သော မျက်ဝန်းများဖြင့် မနေ့ကစာသည်းက .. ကြွေ့ကို တစ်ညနေလုံး ပြီးတော့ .. တစ်ညတာထဲမှာ အိပ်ချိန်မရှိသလောက်မျှဘဲ ထိုင်ကြည့်ခဲ့ကြ .. မယုံနိုင်စွာဘဲ ခေါင်းယမ်းခဲ့ကြ .. မခွဲနိုင်စွာဘဲ ငိုကြွေးကြနှင့် ရှိခဲ့လေသမျှမှာလည်း ကြွေသည်အရာရာကို ရင်ဆိုင်ဖို့ .. ဆုံးဖြတ်ထားသူပမာ အငြိမ်ကြီး ငြိမ်ကျခဲ့သည်မဟုတ်ပါလား .. ။

"နှင့်ကို လွမ်းနေမှာပါပဲဟယ် .. "

ဟု ကြူလေးက ကြွေ့သားရေအိတ်နှင့် သားရေသေတ္တာကိုဆွဲ၍ လိုက်ပို့ခဲ့စဉ်က ခပ်တိုးတိုး ဤမနက်မှာပြောခဲ့ပါ၏။ စိတ်ဖြောင့် စိတ်ဖြူသည်နှင့်အမျှ စိတ်လည်းဆတ်သော ကျော့ကျော့မြတ်ကတော့ အရမ်းကိုစိတ်ဆိုးနေလျက် လိုက်ကိုမပို့တော့။ စိတ်ထဲ .. ကရုဏာဒေါသောဖြစ်နေမှန်း ကြွေသိနေသည်ပါပဲ။ မွန်သူကတော့ ထုံးစံအတိုင်း မျက်ရည်လေးကလည်လည်ဖြင့် ကားနားအထိ လိုက်ပို့ရှာပါ၏ .. ။

ကျောင်းမှာ ဘာသတင်းတွေဖြစ်ကျန်ခဲ့မည်ဆိုတာကိုတော့ ကြွေမသိသေး .. ။ မသိနိုင်သေး .. ။ ကြွေကိုယ်ဝန်ရှိနေသည်ဟူ၍တော့ .. ကြွေ့သူငယ်ချင်းသုံးယောက်နှင့် မာသာတို့သာ သိခဲ့ကြပြီ .. ။ စိတ်ဆိုးသော ကျော့ကျော့မြတ်၏ မျက်ဝန်းတွေထဲမှာအထင်သေးချင်သော အရိပ်တွေလည်း အနည်းငယ်မျှတော့ ရှိနေခဲ့ကြတာကို ကြွေသည်လည်း အမိအရကြီးမြင်မိခဲ့ရသည်ပဲလေ .. ။ ဘာပဲဖြစ်ဖြစ် ဤပုံစံမျိုးဖြင့် ကြွေသည် သူတို့တစ်တွေကို ခွဲခွာခဲ့ရသည့်အတွက်တော့ ဝမ်းနည်းပါသည်။ တကယ့်ကို ကြွေ့ရင်ထဲမှာ မကောင်းပါ။ ဒါပေမဲ့ .. ကြွေသည် .. ကြွေဆုံးဖြတ်ထားသည့်အတိုင်း ဖြစ်မြောက်အောင် နာကြည်းစွာလုပ်ခဲ့ပြီးဖြစ်နေသော ရှင်မေကြွေ

www.burmeseclassic.com

www.burmeseclassic.com

အဖြစ်သို့ရောက်ခဲ့ရပြီးချေပြီတကား .. ။ ခုလို .. ရှည်တာရက်ကြီး ကြွေကျောင်းထွက်ခဲ့ရတာ .. ။ ကျောင်းမထွက်ခင်တစ်ရက်မှာ ကြွေသည် အော့အန်မူးဝေလျက်ရှိခဲ့တာတွေသည်လည်း .. ဘော်ဒါဆောင်ကျောင်းသူလေးတွေအတွက်တော့ အထူးစိတ်ဝင်တစားရှိဖို့ကောင်းနေသည့်အချက်တစ်ခုဖြစ်နေချေမည်သာ .. ။

ခုတော့ ကြွေသည် .. အန်တီလေး၏ နှုတ်ဆိတ်စွာ ခေါ်ဆောင်လာမှု၏နောက်မှာ လိုက်ပါလာပါသည့် ရှင်မွေးကြွေအဖြစ် ရှိနေရပါပြီ .. ။

ကားသည် ဗစ်တိုးရီးယား၏ပေါ်တီကိုအောက်သို့ ရောက်လာတော့ ရပ်လိုက်ပါချေ၏ .. ။ ရပ်လိုက်သည်နှင့် အသင့်စောင့်နေပုံရပါသည့် မမဉမှာ ကြွေ့ကိုလည်း ကြည့် .. ။ အန်တီလေးကိုလည်းကြည့်နှင့် တကြည့်ကြည့်လုပ်နေရာမှ ကားနားအပ်လာကာ လက်လေးပိုက်၍ ..

"ဟို .. ဘဘကြီးက မှာထားပါတယ် .. ကြွေလေးရောက်လာရင် .. မိုင်းလီက သစ်တောခြံအိမ်ကို တစ်ခါတည်းဆက်ခေါ်သွားပါတဲ့ .. အဲသလို မှာထားပါတယ် .. အိမ်ထဲမဝင်စေနဲ့တော့တဲ့ .. "

ဟုပြောလေတော့ အန်တီလေးမျက်နှာပျက်ခနဲဖြစ်သွားပါ၏ .. ။ ကြွေ .. ရင်ထဲမှာ ကျင်ခနဲခံစားရသည်။ ပြီးတော့ နောက်မဆုတ်ဘဲရှိနှင့်နေသည့် ဆုံးဖြတ်ချက်ဖြင့်လည်း ဆတ်ခနဲ ကားပေါ်မှ ဆင်းသည်။ ဘာပဲဖြစ်ဖြစ် .. ဤနေ့မှာ ကြွေ့ရင်ထဲက ခံစားမှုအားလုံးကို ပေါက်ကွဲဖွင့်ချခွင့်ပေးလိုက်တော့မည်ဟု ဆုံးဖြတ်ထားသည်။ ထိုဆုံးဖြတ်မှုကို သွေးပူနေဆဲ ကြွေအဖြစ် .. မဆိုင်း

မတန့်လုပ်ကိုလုပ်ရမည် .. ။ ဒါ .. ကြွေ့ဆုံးဖြတ်ချက်။ နှစ်ပေါင်းများစွာ ကြွေ့ရင်ထဲမှာ ကြွေမွှနေသည့် အဆုပ်ညှစ်ခံ ကြွေကွဲလောင်မြိုက်မှုများကို သွန်ချပေးလိုက်မည့် ဆုံးဖြတ်ချက် .. ။

"ကြွေ .. ကားပေါ် ပြန်တက်ပါကွယ် .. ကြွေ့ဖေဖေပြောတဲ့အတိုင်း .. မိုင်းလီက သစ်တောခြံအိမ်လေးကို သွားကြရအောင် .. အဲဒီအိမ်ကလေးမှာ ကြွေ့မေမေ .. မလွမ်းရှင်နေခဲ့ဖူးတယ်လေ .. "

ကြွေတစ်ချက် မျက်ရည်ဝဲလာသည်။ မေမေနေခဲ့သည့် အိမ် .. ။ မေမေနေခဲ့သည့် အိမ်တဲ့လားလေ .. ။ မေမေနှင့်ပတ်သက်၍ ကြွေစတင်ကြားခဲ့ရသည့် စကားသည် .. ဗစ်တိုးရီးယားမှာ နေထိုင်ခွင့်မရှိတော့သည့် ကြွေအဖြစ်ရောက်ရှိချိန်ကျမှပါတကား။

မေမေနှင့် ပတ်သက်၍ ကြွေ ဘာကိုမျှမမေးတော့ဘဲ နေခဲ့လေသမျှ ခုကျတော့လည်း ကြွေ .. မေမေ့အိမ်နှင့် ပတ်သက်၍ မမေးတော့ဘဲ ခေါင်းလေးမော့ပစ်လိုက်ကာ ..

"ကြွေက .. ဘာလို့ သစ်တောခြံကြီးတစ်ခုထဲက အိမ်တစ်လုံးမှာ ပြောင်းနေရမှာလဲ .. ဒါ .. ကြွေ့အိမ်ပဲ .. ကြွေနေတဲ့ အခန်းဆိုတာရှိနေတဲ့ အိမ်ကြီးတစ်လုံးပဲ .. ကြွေဟာ .. တခြားနေရာမှာ နေခွင့်မရှိဘူးဆိုရင်တောင် .. ကြွေနေခဲ့ဖူးတဲ့ အခန်းမှာတော့ နေခွင့်ရှိနေတဲ့ ရှင်မွေးကြွေပဲဖြစ်ရပါလိမ့်မယ် .. အန်တီလေး .. "

ဟုပြောလိုက်သံတွေထဲမှာ အားမာန်တွေစီးမျောပါနေသည်။ ရင်ဆိုင်မည့်သူတစ်ယောက်၏ နောက်မဆုတ်နိုင်သော ခေါင်းမာမှုတွေ ခွန်းထင်နေသည့်သူတစ်ယောက်၏ မျက်နှာအဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လည်း အံ့သြတုန်လှုပ်စွာပဲ အန်တီလေးမြင်နေရပါ၏ .. ။ ဟုတ်သည်။ ခေါင်းမာမှုများ စွန်းထင်းအုပ်မိုးနေသော မျက်နှာအသစ်တစ်ခု .. ။ ထိုမျက်နှာအသစ်တစ်ခုသည် .. ပန်းချီကားလေးတစ်ချပ်ကို ဖခင်ထံပေးစဉ်တုန်းက ငိုရှိုက်ရင်း ဝမ်းနည်းစွာအပယ်ခံအဖြစ်ရှိခဲ့ရဖူးသော မျက်နှာမျိုးမဟုတ် .. ။

အန်တီလေး၏ တအံ့တသြနိုင်နေသည့်အကြည့်တွေထဲမှာ စိုးရိမ်ရိပ်တွေ့လည်း ရိပ်ရိပ်ပါနေပါသည့် အဖြစ်။ ဖေဖေနှင့်ကြွေ .. ထိပ်တိုက်ကြီးတိုးကြမှာကို အန်တီလေး စိုးရိမ်နေမှန်း ကြွေသိနေသည်ပါပဲ .. ။ ကြွေ့မျက်နှာလေးကလည်း အရာရာကို ရင်ဆိုင်ဖို့ စိတ်ဒုန်းဒုန်းချထားပြီးသူတစ်ယောက်၏ အေးစက်မာကျောနေသော မျက်နှာတစ်ခုဖြစ်နေသည် .. ။ ကြွေ .. ခြေလှမ်းတဲ့ကြီးဖြင့် အပေါ်ထပ်သို့ တောက်လျှောက်တက်သည်။ အခန်းတံခါးကို အားအင်တကြီးဖြင့်ပဲ တွန်းဖွင့်လိုက်တော့ မြင်ကွင်းကြောင့်တစ်ချက်မှုမှင်တက်သွားရပါချေသည့်အဖြစ် .. ။ အခန်းထဲမှာ ကြွေ့အသုံးဆောင် မှန်တင်ခုံတွေ .. ခုတင် .. အဝတ်ဗီရိုကြီးတွေ .. စားပွဲတွေ။ စာကြည့်မှန်အုပ်ဆောင်းတွေ .. ညအိပ်မီးတိုင်တွေ .. ။ ထိုင်ခုံဆိုဖာကြီးတွေ။ ရေဒီယိုနှင့် တိပ်ရကော်ဒါ .. ။ ဘာဆို ဘာမျှမရှိတော့သော အခန်းရှင်းရှင်းကျယ်ကျယ်ကြီးတစ်ခုအဖြစ် .. ပြောင်းလဲနေချေသည်တကား .. ။ တစ်ခုပဲကျန်သည် .. ။ အခန်းထောင့်မှာရှိနေသည့် ခုံတန်းလျားလေးတစ်ခု .. ။ ပန်းကနုတ်ထွင်းသုံးယောက်ထိုင် ခုံတန်းလျားလှလှလေးတစ်ခုကတော့ ကျန်နေခဲ့သည် .. ။ ကြွေ .. ထိုခုံတန်းလျားမှာ သွားထိုင်သည်။ မျက်နှာထက်တွင် ထင်နေသည်က ဤအခန်းထဲမှမထွက်ဘဲ ရှိနေမည်ဆိုသည့် အရိပ်များ။

“ဟင် .. အခန်းထဲက ဥစ္စာတွေရော မဥ .. ”

အန်တီလေးစိတ်လက်တပူပူဖြင့် နောက်မှလိုက်လာသည်မို့ အခန်းထဲရောက်လာတာနှင့် အံ့အားတသင့်ကြီးမေးလာတော့ ..

“မမလေး ကားနဲ့ထွက်သွားတာနဲ့ .. မကြာပါဘူး .. ဘဘက လော်ရီကားနဲ့ ပစ္စည်းတွေ လာသယ်ခိုင်းတာပဲ .. ခြံထဲက လော်ရီကားနဲ့ လာသယ်တာပါ .. ခြံထဲကို ကြွေသွားနေရမယ်တဲ့ .. မဥလည်း အဖော်လိုက်နေရမယ်တဲ့ .. ဘဘ အဲဒါပဲ ပြောပါတယ် .. ”

ဟု လက်လေးပိုက်၍ မျက်နှာအပျက်ပျက်ဖြင့် ပြောနေပါသည့် မမဥကို ကြွေတစ်ချက်ကြည့်သည်။

“မသွားဘူး .. ကြွေ .. ဒီအခန်းထဲမှာပဲ နေမယ် .. ဒါ .. ကြွေ့အခန်း .. ကြွေ .. နေခဲ့တဲ့အခန်း .. ကြွေဆက်နေရမဲ့အခန်း .. ”

ဟု အော်ပြောနေခိုက် လူရိပ်တစ်ခုက အခန်းတွင်းသို့ အားမာန်ပါပါဖြင့် ဝင်လာသည်မို့ ဖေဖေရောက်လာနေပြီဆိုတာကို ကြွေသိလိုက်ရပါပြီ .. ။ မျက်စိကို စုတ်ပိတ်ထားပြီး အော်ပြောနေသော ကြွေ့မျက်စိကိုပြန်ဖွင့်စဉ်ခိုက် လူရိပ်ဝင်လာတာကို မြင်ရသည်လေ။ တကယ်ပဲ ဖေဖေဖြစ်နေသည်။ မျက်နှာတင်းမာနေသည့် ဖေဖေသည် ကြွေ့ကိုမျက်တောင်မခတ် စိုက်ကြည့်ရင်းမှ ..

“မဥ .. အောက်ကိုဆင်း .. မသင်းဝေကိုလည်း .. ခေါ်သွား .. ခြံထဲမှာနေ .. အိမ်ထဲကို ဘုံး၀ ဝင်မလာနဲ့ .. ကြားရဲ့လား”

ဟု မဥကိုမကြည့်ဘဲ ကြွေ့ကိုသာ တောက်လျှောက်

www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေရင်း ပြောတော့ မမဉလန့်ရှိန်လေးဖြင့် ဟုတ်ကဲ့ဟု ဖြေကာ အခန်းထဲမှ ထွက်သွားသည်အထိ ကြွေကလည်း ငြိမ်ရပ်နေသည်ပါပဲ။ အန်တီလေးကတော့ စိတ်ပူလက်ပူကြီးဖြင့် ဖေဖေ့ဘေးနားကပ် သွားကာ လက်မောင်းကို မဝံ့မရဲကိုင်ထားရင်း ..

"ကလေးကို .. ဘာမှရိုက်မောင်းပုတ်မောင်းမလုပ်ပါနဲ့ ကိုကြီးရယ် .. ကြွေဟာ .. ခင်လေးလက်ထဲကြီးခဲ့တာမို့ ခင်လေးသမီးလိုပဲချစ်ရသူပါ .. ခင်လေးတောင်းပန်ပါရစေ ကိုကြီးရယ် .. ကလေးမိုက်တာတော့ မိုက်ခဲ့ပြီးပါပြီ .. ဒါပေမဲ့ ဘာတတ်နိုင်တော့မှာလဲ ကိုကြီးရယ် .. သူ့ကို မေးစမ်းကြည့်ပြီးရင် .. စီမံသင့်တာကို စီမံရမဲ့ လမ်းပဲကျန်တော့တာပါ .. ခင်လေးလည်း .. စိတ်ဆိုးနေတာပါပဲ .. သူလုပ်ပုံမဟုတ်တာကိုလည်း ခင်လေးဒေါသဖြစ်တာပါပဲ .. ဒါပေမဲ့".

ဟုအသံတုန်လေးဖြင့် ပြောနေတော့လည်း ဖေဖေ မျက်နှာကြီးတင်းမာနေဆဲ .. ။ အကြည့်က ကြွေ့ထံမှာပဲ ရှိနေဆဲ။ ဖေဖေ့မျက်ဝန်းတွေထဲမှာ ခါးသီးနာကြည်းနေသော အရိပ်တွေပို၍ ပို၍ ပြည့်သိပ်အုပ်မိုးလာနေကြပါ၏ .. ။

ကြွေကလည်း ဖေဖေ့ကို .. ပြန်ကြည့်နေသည်ပါပဲ။ ကြွေ့တစ်ကိုယ်လုံးမှာလည်း အားအင်တွေအံ့ကျင်းကောင်းကောင်းဖြင့် သွေးကြောအနှံ့စီးဝင်ပူးကပ်နေသည်သို့ ရှိနေပါသည့်အဖြစ်။ ဤနေ့မှာတော့ .. ကြွေသည် .. ကြွေ့ရင်ထဲမှ ခံစားချက်အားလုံးကို ဖွင့်ချပြသည့် ကြွေဖြစ်ခွင့်ရမှသာလျှင် ကြွေ့သွေးကြောတွေထဲမှာ ပူပြင်းစွာစီးပျံ့နေသည့် သွေးငွေ့ပြန့်အေးသွားနိုင်ကြပါလိမ့်မည်။

"ဒါ .. ကလေးလား ခင်လေး .. ကလေး အလုပ်လား .. ဟင် .. အမေတူ သမီး .. အလွန်ကျင့်ဝတ်သိက္ခာမဲ့တဲ့ မိန်းမတစ်ယောက်ရဲ့သမီး ဗီပီသသကြီးကိုရှိနေတဲ့ မိန်းကလေး.. အမေတူသမီးဟာ အမေနေခဲ့တဲ့ အိမ်မှာပဲပြန်နေတာ .. အကောင်းဆုံးပဲ .. သူနဲ့ ထိုက်တန်ရာအိမ်မှာ နေပါစေ .."

ဟု ပြတ်ပြတ်ပြောချတော့ ကြွေအရမ်းကို အေးစက်ခေါင်းမာနေသောအကြည့်တွေဖြင့် ဖေဖေ့ကို ကြည့်မိရပါပြီ .. ။ ရင်ထဲမှာ နာကျင်နေသည် .. ။ ဆုပ်ညှစ်ထုချေခံရသည့် လူတစ်ယောက်၏ နှလုံးအိမ်တွင်းဆီမှ ဝေဒနာသည် ထောင်းထောင်းကျေမွှဖြစ်နေပြီ .. ။

"အမေတူသမီးအဖြစ် .. ကြွေ့ကိုသတ်မှတ်တဲ့အတွက် .. ကြွေ .. ကျေနပ်ပါတယ် ဖေဖေ .. ဘာလို့လဲဆိုတော့ .. ကြွေ့ဘဝပေးအခြေအနေကိုက .. ဒါ .. ကြွေ့အမေ .. ဆိုတဲ့ ဒေါ်လွမ်းရှင်ဆိုတာပဲရှိခဲ့တာကိုး .. ဖေဖေဆိုတာက .. ကြွေ့ကို သမီးအဖြစ်သတ်မှတ်မထားတဲ့ ဖေဖေဖြစ်နေတယ်လေ ဒါ .. ကြွေ့အဖေပါလို့ အားကိုးတကြီး .. ချစ်ရှိသေစိတ်နဲ့ ကြွေ့လက်လေးတွေက ခပ်ကြွားကြွားလေး ထိုးပြစရာရယ်လို့ ဘာအခွင့်အရေးတစ်ခုမှ .. ကြွေ့အပေါ်မှာ ဖေဖေပေးမထားခဲ့တာ ဘယ်လောက်ကြာခဲ့ပြီလဲဆိုတော့ .. ကြွေ့တစ်သက်ပါပဲ .. ခုထိ .. နောင်ထိ .. တစ်သက်တာအတွက် ဖေဖေဟာ ကြွေ့ကို ကျိန်စာမိထားတဲ့ လူတစ်ယောက်ကို ကျိန်စာတိုက်ခံထားရတဲ့ လူ ်ယောက်လို ဖေဖေထားခဲ့တယ်လေ .."

www.burmeseclassic.com

www.burmeseclassic.com

ကြွေ တောက်လျှောက်ပြောနေသည်။ စကားသံတွေက အံ့ဩဖို့ကောင်းလောက်အောင်ပဲ ပီပီသသကြီးဖြစ်နေသည်။ အသံတွေ တိမ်ကျမနေ။ တိုးလျလျဖြစ်မနေ .. ။ ရှိုက်သံပါမနေ၊ ပြတ်သားစူးရှနေသော .. ကြည်လင်နေသောအသံတွေဖြစ်နေတာကို ကြွေကိုယ်တိုင်ပင် အံ့ဩချင်နေသည်။ တကယ်က .. ကြွေကိုယ်တိုင်ကပင်လျှင် ကြွေ့အသံတွေသည် အတိုင်းအတာတစ်ခုအထိတော့ တုန်ခါနေကြပါချေလိမ့်မည်ဟု ထင်မိနေသေးသည်။ ဒါပေမဲ့ နှစ်ကာလကြာရှည်စွာ ရင်ထဲမှာအင်အားတကြီးနိုင်စွာပဲ .. ရှိနေပါသည့် ခံစားမှုတွေပေါက်ကွဲလွင့်စင်လာနေခြင်းက အားအင်ပါနေသည်တည့် .. ။ ကြွေ့တစ်ကိုယ်လုံးမှာ ကြွေခံစားမှုတွေချည်းပဲဖုံးအုပ်နေကြသည်။ လွှမ်းခြုံနေကြသည်။ တစ်ခုပဲရှိသည်။ လက်တောက်နေသော ကြွေ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ တလဲ့လဲ့ပြေးနေသည်။ ဒါပေမဲ့ .. လျှံကျမလာကြ .. ။ ပြင်းထန်အားကြီးနေသော ခံစားမှုများသည် ကြီးမားသော တံတိုင်းကြီးနှယ် ကြွေ့မျက်ရည်များကို မျက်ဝန်းအိမ်ဆီမှ စီးသွယ်ကျမလာနိုင်အောင် ကာဆီးဟန့်တားထားနိုင်ကြပြန်နေပါ၏ .. ။

ဖေဖေသည်လည်း ကြွေ့ကို တီတိဆိတ်ဆိတ်စွာကြည့်နေသည်။ ထိုမျှအထိ ကြွေပြောဆိုတတ်နေချေလိမ့်မည်ဟု ဖေဖေထင်ထားပုံမရ .. ။ ဒါကလည်း မထူးဆန်းနေပါ .. ။

"ဖေဖေဟာ .. ဘယ်တုန်းကမှ .. ကြွေနဲ့ပတ်သက်လို့ ဘာတစ်ခုမှ ထည့်စဉ်းစားပေးဖော်မှ မရတာဘဲ ဖေဖေ .. ကြွေခုလို ပြောတတ်ဆိုတတ်လာနေတာကို ဖေဖေဘယ်လိုမှနားလည်ပေးနိုင်မှာ မဟုတ်ပါဘူး .. ခံစားတတ်တဲ့ သတ္တဝါ

များဟာ .. သူခံစားရတာတွေ ကြာလာရင် .. ဒီလိုပဲ .. အလိုလို ပြောဆိုတတ်လာကြတာပါပဲ ဖေဖေ .. တိရစ္ဆာန်ဆိုရင်တောင်မှ .. အမူအရာနဲ့ .. မျက်လုံးနဲ့ .. တုံ့ပြန်သိစေတတ်တာပဲ .. ကြွေက လူပါ .. လူဆိုတာက ခံစားရတာတွေကို ကြိုသိပ်ထားတတ်သလို .. ပေါက်ကွဲပြောချတတ်တာလည်း ရှိပါတယ် .. "

ကြွေ ပြောနေသည်မှာ ဆက်တိုက်ပါ။

"တိတ်စမ်း ကြွေ .. မင်းပါးစပ်ကို ပိတ်ထားစမ်း .. "

ဟု ဖေဖေအော်သည်။ ကြီးမားသောအိမ်ကြီးတစ်လုံးထဲမှာ .. အခန်းကျယ်ကြီးတစ်ခု၌ ဖေဖေနှင့် ကြွေသည် .. တစ်ဖက်စီရပ်နေကြသည့် လူသားနှစ်ဦးအဖြစ် ရှိနေကြလိမ့်မည်ဟု ကြွေသည်လည်း ဘယ်တုန်းကမှ မထင်ခဲ့ဖူး .. ။ ဒါပေမဲ့ .. ခုဖြစ်နေရပြီ။

"ကြွေ .. ဖေဖေ့ဆီက ချစ်ခြင်းမေတ္တာတွေကို ရနိုင်ဖို့ ကြိုးစားခဲ့ဖူးတယ် ဖေဖေ .. မျှော်လင့်တောင့်တခဲ့ဖူးတယ် .. သမီးတစ်ယောက်ဟာ အဖေတစ်ယောက်ဆီက မေတ္တာကို မျှော်လင့်စောင့်စားပေးနေရတယ်ဆိုတာမျိုးဟာ .. ဘယ်သူကမှ .. တွေးတောင် တွေးမကြည့်ရမယ့်ကိစ္စမျိုး ဟုတ်မနေဘူး .. အဖေရဲ့မေတ္တာကို သမီးက ရတယ်ဆိုတာမျိုးပဲ ရှိကြတာ ဒါပေမဲ့ ကြွေဟာ .. အလွန်ကံဆိုးတဲ့ ကြွေအဖြစ်ပဲ ရှိခဲ့ရတယ် .. အဖေရယ်လို့ ကိုယ်က .. ခေါ်နေမိတဲ့သူဟာ .. ကြွေ့ကိုသမီးအဖြစ် အသိအမှတ်လည်း မပြု .. ချစ်ရမှန်းလည်း မသိတဲ့သူဖြစ်နေတယ် .. ကြွေ .. ဒီဗစ်တိုးရီးယား

www.burmeseclassic.com

www.burmeseclassic.com

မှာ နေရင်း .. ကြီးပြင်းလာရင်းနဲ့ .. ကြွေ့ကို .. သမီးအဖြစ် အသိအမှတ်မပြုဘဲ ခါးသီးမုန်းတီးနေတဲ့သူကို .. အဖေလို့ မှတ်ယူခံစားနေခဲ့ရတယ် .. ဒါပေမဲ့ .. ကြွေမေးပါရစေ ဖေဖေ.. ကြွေက .. ဘယ်သူ့ကို ဒီဗစ်တိုးရီးယားမှာ ဘယ်သူ့ကို ဖေဖေလို့ ခေါ်ရမှာလဲ ဖေဖေ .. ဖေဖေက လွဲပြီး .. ဘယ်သူ့ကို ခေါ်ရမှာလဲ .. ကြွေ့ရှေ့မှာရပ်နေတဲ့ ဖေဖေ့ကို ပိုင်စိုးပိုင်နင်းကြီးပဲ .. အဖေတစ်ယောက်ကိုချစ်တဲ့စိတ်နဲ့ ခေါ်ပိုင်ခွင့်ရှိနေတဲ့ သမီးတစ်ယောက်ရဲ့ မွေးရာပါအခွင့် အရေး ကြွေ့မှာမရှိခဲ့ဘူး .. နောင်လည်း ရှိလာမှာမဟုတ်ဘူး .. ဘာလို့လဲဆိုတော့ .. ဖေဖေဟာ ဘယ် .. တော့မှ ကြွေ့ကို သမီးအဖြစ် .. ရင်ထဲက သတ်မှတ်မှာလည်း မဟုတ်သလို ချစ်မှာလည်း မဟုတ်တဲ့အတွက်ပါပဲ .. ”

ကြွေပြောနေသည့် စကားလုံးတွေသည် နှုတ်ဖျားဆီမှ အလိုက်သင့်စီးမျောလျက် အခက်အခဲမရှိစွာ ဆက်တိုက်ပြောချနေသည့်နှယ်ပါ .. ။

ဖေဖေ ထပ်အော်သည် .. ။

“ဟုတ်တယ် .. ငါ .. နင့်ကို .. အသိအမှတ်မပြုဘူး .. ကြွေ .. ”

“အို .. ကိုကြီးရယ် .. အဲသလို .. ကြွေလေးကို မပြောပါနဲ့”

ဖေဖေ့စကားအဆုံးမှာ အန်တီလေးက မျက်ရည်အသွယ်သွယ်ဖြင့် ခဲယယတောင်းပန်နေရှာပါ၏ .. ။ ဖေဖေတစ်ချက်ငိုင်သည်။ ကြွေ့ကိုလည်း လှမ်းကြည့်သည်။ ဒေါသသင့်နေသော အကြည့်တွေမှာ အံ့အားတသင့်ဖြစ်နေမှုများကိုလည်း မဖုန်း

ကွယ်သာ .. ။ ကြွေ .. ဤမျှအထိ အံတုဖွင့်ချပြောနေတာကို မယုံနိုင်သလိုကြီးပင်ဖြစ်နေသည်။

“သန်းခေါင်ထက် ညဥ့်မနက်ဖူးဆိုတဲ့စကားပုံအတိုင်းပေါ့ ဖေဖေ .. ကြွေ့အတွက်ကတော့ .. ဖေဖေ့ဆီက အမုန်းတွေ ဥပေက္ခာပြုမှုတွေကို ပိုရလာလို့လည်း မထူးတော့ပါဘူး .. ဘယ်တုန်းကမှ မရဖူးတဲ့ ဖေဖေ့အချစ်တွေ .. နောက်ထပ်လည်း ဘယ်တော့မှ ရမလာနိုင်ဘူးဆိုတာ သိနေရတဲ့နောက်မှာ .. ဖေဖေနဲ့ ပတ်သက်လို့ .. ကြွေ .. ဘာမှထပ်ဆိုးရွားစရာ ရှိမနေပါဘူး .. ဖေဖေ .. အချစ်ကိုမှ မခံရတဲ့ သမီးတစ်ယောက်ဟာ .. အချစ်တွေလျော့ပေါ့သွားမှာလားဆိုတဲ့ စိုးရိမ်ပူပန်မှုမျိုးတွေကို .. တွေးတောပူပန်နေဖို့ကို မလိုတော့ဘူးလေ.. ဖေဖေဟာ ..သမီးတစ်ယောက်အပေါ်မှာ ထားအပ်တဲ့ချစ်ခြင်းမေတ္တာကို .. ဥပေက္ခာပြုထားနိုင်သလို .. အဖေရယ်လို့ ချစ်နေရတဲ့ ကြွေ့မေတ္တာတွေ .. လေးစားအားကိုးမှုတွေ အားလုံးကိုလည်း ဥပေက္ခာပြုထားနိုင်ခဲ့တာ .. သိပ်ကိုကြာနေခဲ့ပြီပဲ ဖေဖေ .. ”

ကြွေတစ်ချက် ခပ်တိုးတိုးရယ်သည်။ အားလုံးကို အရာရာကို .. ဘာဆိုဘာမျှ ဆုံးရှုံးစရာ မကျန်တော့သည့် အရှုံးကြီးရှုံးခဲ့ရသူတစ်ယောက်၏ထီမထင်သောအကြည့်မျိုးဖြစ်လာနေသည်။

ဘုရားရေ .. မျက်နှာငယ်လေးဖြင့် ရျောင်လေး[illegible] ချောင်မှနေ၍ ချောင်းကြည့်တတ်ပါသော မျက်ဝန်းလေးများ[illegible]ဖြစ် တစ်ရံတစ်ခါမှာ လှောကားမှုအဆင်းမှာပဲဖြစ်ဖြစ် တွေ့[illegible]ဖူးပါသော ကောင်မလေးတစ်ယောက်၏ မျက်လုံးလေးများ[illegible] လုံးဝသန့်ကျင်

www.burmeseclassic.com

www.burmeseclassic.com

နေသောမျက်ဝန်းများပါလား .. ဟု ဦးဘုန်းစစ်မင်းသိနေမြင်နေရင်း ဤသတ္တိမျိုးသည်လည်း .. မိမိထံမှာ ရှိချေသည်ပဲ .. ဟုလည်း တွေးမိလာနေရပါ၏။ အဆုံးစွန် လိုက်လျှောပေးပြီးသည့်နောက်မှာ လက်မခံနိုင်လောက်သည်အထိ .. ဆိုးဝါးလာပါလျှင် .. တုံ့ပြန်တိုက်ခိုက်ရဲသော ကျားတစ်ကောင်၏ သတ္တိမျိုး မိမိထံမှာလည်း ရှိသည် မဟုတ်ပါလား .. ။

ကြွေ့ကိုကြည့်ရတာ ကျားနာ့မလေးတစ်ကောင်နှင့် ပိုတူနေသည် .. ။

"ကြွေလေး .. တော်ပါတော့ကွယ် .. လာ .. သစ်တော့ခြံက အိမ်လေးကို သွားနေလိုက်ကြရအောင်ပါကွယ် .. အဲဒီမှာ အန်တီလေးလည်း နေမယ် .. "

ဟု ချော့ချော့မော့မော့နိုင်စွာ အန်တီလေးပြောလာတော့ ကြွေခေါင်းယမ်းသည်။

"ဒါ .. ကြွေနေတဲ့အခန်းပဲ .. ကြွေ .. ဒီမှာပဲနေမယ် .. "

ဟု ခေါင်းမာမာနှင့် ဆက်ပြောနေဆဲ .. ။

"ဒါပေမဲ့ .. ငါက .. မင်းကို .. ဒီမှာနေခွင့်မပြုနိုင်ဘူး ကြွေ မင်းကို .. ငါ့သမီးအဖြစ် ငါ .. အသိအမှတ်မပြုနိုင်ခဲ့ပေမဲ့ .. ဒီအိမ်ကြီးမှာထားမိခဲ့တာကိုက .. ငါမှားတာပဲ .. နင်ဟာ နင့်အမေလိုပဲ .. သိပ်ကိုမိုက်မဲတဲ့ မိန်းမ .. "

ဟုပြောလာတော့ ကြွေခပ်တိုးတိုးရယ်လာသည်။

"ဒါပေမဲ့ .. ဝမ်းနည်းစရာကောင်းနေတာက .. ဝန်းကျင်မှာ ကျတော့ .. ကြွေဟာ .. ဖေဖေ့သမီးဖြစ်နေတယ် ဖေဖေ ဦးဘုန်းစစ်မင်းရဲ့ သမီးပဲဖြစ်နေတယ် .. ဘယ်လောက်ရယ်

ဖို့ကောင်းနေလဲ ဖေဖေ .. ဖေဖေအသိအမှတ်မပြုတဲ့ ရှင်မွေးကြွေဟာ .. ဘေးအမြင်မှာ လူမှုဝန်းကျင်မှာ .. ဦးဘုန်းစစ်မင်းရဲ့ သမီးရှင်မွေးကြွေဖြစ်နေတယ် .. အဖေမပေါ်တဲ့ ကိုယ်ဝန်ကို လွယ်ထားတဲ့ ရှင်မွေးကြွေရဲ့အဖေ ဦးဘုန်းစစ်မင်းဆိုတာကိုတော့ .. ဝန်းကျင်ရဲ့ ဂယက် .. ဝန်းကျင်ရဲ့ အကြည့် .. ဝန်းကျင်ရဲ့ သတ်မှတ်မှုတွေထဲက ထုတ်ယူဖယ်ရှားနိုင်တော့မှာ မဟုတ်ဘူး ဖေဖေ .. အဲဒါ ဘာလို့လဲ ဆိုတော့ .. ကြွေဟာ .. သိပ်ကိုမိုက်မဲတဲ့ မိန်းကလေးဖြစ်နေပြီးတော့ အဲဒီမိုက်မဲတဲ့ကောင်မလေးရဲ့ အဖေဟာ ဦးဘုန်းစစ်မင်းဆိုတဲ့ မျိုးရိုးဂုဏ်ရှိန်ကြီးသူတစ်ယောက်ဖြစ်နေတယ်လို့ ဝန်းကျင်က .. အလိုလို နားလည် ထားနေကြလို့ပါ ဖေဖေ .. ဒါ .. ဖေဖေ .. ထိခတ်ခံစားရမဲ့ အမှန်တရားရဲ့ တုံ့ပြန်ချက်တစ်ခုပါပဲ ဖေဖေ .. "

"ကြွေ .. မိုက်ရိုင်းလှချေလား .. ဟင် .. ကိုယ်ကလည်း အပြစ်လည်း ကျူးလွန်ထားသေးတယ် .. ကိုယ်ဝန်ရှိနေတာကို .. အရှက်တရားမဲ့မဲ့နဲ့ အဖေကိုရှေ့ထားပြီးပြောရဲတဲ့အထိလည်း .. မိုက်ရိုင်းပြနေရဲသေးတယ် .. ငါ .. နင့်ကို နို့ချိုတိုက်မကျွေးရရုံတမယ်ပဲ ကျန်တယ် .. ကျွေးမွေးခဲ့ .. ချစ်ခဲ့ .. စောင့်ရှောက်ခဲ့လိုက်ရတာ .. ဟင် .. ရိုင်းလှချေလား ကြွေ .. အဲဒါ .. အဲဒါ .. နင့်အဖေဟဲ့ .. ကဲ .. "

အန်တီလေး ရုတ်ခနဲ ရှေ့ရောက်လာကာ ကြွေ့ပါးလေးကို ရိုက်ချလိုက်ပြီးမှ ငိုင်ကျသွားရှာပါပြီ .. ။ ကြွေ .. အန်တီလေးကိုကြည့်သည်။ ထိုအခါမှ မျက်ရည်ကျလာသည်။

"ရိုက်ပါ အန်တီလေး .. ကြွေ .. နောက်ထပ်လည်း အရိုက်

www.burmeseclassic.com

www.burmeseclassic.com

ခံချင်နေပါသေးတယ် .. စောစောက အန်တီလေးပြောခဲ့တယ် မဟုတ်လား .. အဲဒါ .. နင့်အဖေဟဲ့ .. ဆိုတာလေ ဖြန်းခနဲ ရိုက်လိုက်တဲ့ ပါးတစ်ချက်မဟုတ်ပါဘူး အန်တီလေး နောက်ထပ် .. နောက်ထပ် .. အဲသလို .. နင့်အဖေဟဲ့ဆိုတဲ့ စကားတစ်ခွန်းကို ကြားရဖို့အတွက် .. အရိုက်ခံနေရဦးမယ် ဆိုရင် ကြွေမေ့မျောသွားသည်အထိ .. အရိုက်ခံရဲနေပါတယ် အန်တီလေးရယ် .. ကြွေ့ကိုချစ်ခင်ချော့မြှူခဲ့တဲ့ အန်တီလေး ရဲ့ လက်နဲ့ရိုက်တဲ့ပါးဟာ .. နာမနေပါဘူး အန်တီလေးရယ် ဖေဖေ့ကြောင့် ကြွေ့ရင်ထဲမှာ နာကျင်နေတာတွေနဲ့စာရင် ဒါ .. လေပြည်နဲ့ ခတ်လိုက်သလောက်ပဲ ရှိပါတယ် .. ”

ဟု ပြောငိုတော့ အန်တီလေး ကြမ်းပေါ်ထိုင်ချကာ ချုံးချုံးချ ငိုရှာပါ၏ .. ။

လုံးဝလည်းသားအဖနှစ်ယောက်ကြားမှာဝင်မပြောတော့ .. ။ ကြွေ .. ဖေဖေ့ကို ကြည့်တော့ ငိုင်နေတာကိုမြင်ရပါ၏။

“ဖေဖေ .. ခုသိပ်ကို စိတ်ပင်ပန်းနေတယ်ဆိုတာ ကြွေ သိနေပါတယ် ဖေဖေ .. ဖေဖေ့သိက္ခာအတွက် ဖေဖေ ပင်ပန်းနေတာပါ .. ကြွေကိုယ်ဝန် ရှိတယ်ဆိုတဲ့စကားမျိုး ဖေဖေ ကြားလိုက်ရတာနဲ့ပဲ .. ဖေဖေ့သိက္ခာအတွက် .. ဖေဖေ အရေးတကြီးဖြစ်နေတာပါ .. တုန်လှုပ်ချောက်ချားနေတာပါ .. ကြွေရှေ့ရေးအတွက် ဖေဖေ ပူပန်နေဖို့ သတိမရပါဘူး ဖေဖေ .. ဖေဖေ့ရှေ့ရေးအတွက် ဖေဖေ အရှက်သည်းရင်း ပူပန်နေတာပါ .. ည .. ညတွေမှာ ဖေဖေ အိပ်လို့တောင် ရတော့မှာမဟုတ်ဘူး ဖေဖေ .. ကြွေလည်း.. အိပ်မရနိုင်တဲ့ ညများစွာကို ဖြတ်ကျော်လာခဲ့ရတာ များလှ

ပါပြီ ဖေဖေ .. ကြွေက .. ဖေဖေ့ဆီက အချစ်ကိုလိုချင်ဇောနဲ့ ဝမ်းနည်းပမ်းနည်းအိပ်မပျော်နိုင်ခဲ့တာပါ .. ဖေဖေက ဖေဖေ့သိက္ခာအတွက် .. မျိုးရိုးဂုဏ်ရှိန်အတွက် .. အိပ်မပျော်နိုင်ဘဲဖြစ်နေရတာပါ.. ဖြစ်နေရမှာပါ ဖေဖေ ကြွေကတော့.. စိတ်ကိုလျှော့ချလိုက်ပါပြီ ဖေဖေ .. ဖေဖေ့ဆီက ချစ်ခြင်းမေတ္တာတွေကို မတောင့်တနေတော့ပါဘူး .. မျှော်လင့်တကြီး ထားမနေတော့ပါဘူး .. ကြွေ .. ပင်ပန်းလှပါပြီ ဖေဖေ.. သိပ်ကိုပင်ပန်းလှပါပြီ .. ကလေးလေးတစ်ယောက် တစာစာတောင်းနေသလို.. အဖေ့မေတ္တာတွေကို တောင်းခံနေရတဲ့ နှလုံးအိမ်ကလည်း ပင်ပန်းလွန်းလှပါပြီ ဖေဖေ .. ကြွေကိုယ်တိုင်လည်း .. ဖေဖေ့ကို အရင်ကလိုမှ ချစ်နေသေးရဲ့လားဆိုတာကို.. အမှန်ကို အမှန်အတိုင်း လောလောဆယ်မှာ .. ခွဲခြားမသိနိုင်လောက်အောင် ပင်ပန်းနေတဲ့ ကြွေဖြစ်နေပါပြီ ဖေဖေ .. ”

ဟု ပြောကာ ကြမ်းပြင်ပေါ်မှာ ထိုင်သည် .. ။

ဦးဘုန်းစစ်မင်း၏ ရင်ထဲမှာ တစ်ချက်ချောက်ချား၏ .. ။ အရှိန်မြင့်မားသော ချောက်ချားမှု .. ။ ကြွေကိုယ်တိုင်က ဖေဖေ့ကို အရင်ကလိုမှချစ်နေသေးရဲ့လားဆိုတာ မသိနိုင် .. ဆိုသည့်စကားသည် .. သူ့တစ်ကိုယ်လုံးကို ကိုင်လှုပ်ပစ်လိုက်သလို ကြီးဖြစ်သွားရသည်။ စိုးရိမ်ခြင်းနှင့် နောင်တတရားဆိုတာကလည်း ရင်ထဲမှာဖြစ်တည်လာနေသည်ဟု ထင်နေမိရပြန်ပါ၏ .. ။

“ငါ .. ငါ .. ဘာကို စိုးရိမ်နေရမှာလဲ .. သူ .. ငါ့ကို မချစ်တော့ရော .. ဘာကိုဂရုစိုက်စရာလဲ .. မလွှမ်းမိုင်ရဲ့သမီးဟာ .. သူ့အမေလိုပဲ .. ငါ့ကို အန်တုရဲနေတဲ့ ရှင်မွေးကြွေ

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် ဒီအရွယ်လေးနဲ့ကို ဇာတိပြနေပါလား .. "

ဟုတွေးကာ တစ်ချက်အံ့ခဲ့သည်။ ကြွေ .. လက်အုပ်လေးချီ၍ ကန်တော့နေတာကိုလည်း တိတ်ဆိတ်စွာကြည့်သည်။

"ကြွေ ကန်တော့ခဲ့ပါတယ် ဖေဖေ .. ကြွေ .. ဒီကထွက်သွားမှာပါ .. ထွက်သွားတော့မှာပါ .. ကြွေပြောချင်တာတွေ အားလုံးပြောပြီးတဲ့နောက်မှာ ... ထွက်သွားပေးလိုက်ပါတော့မယ်လေ .. လို့ .. ကြွေ .. စိတ်ကိုလျှော့ချဆုံးဖြတ်ပေးလိုက်ပါပြီ ဖေဖေ .. ဒါပေမဲ့ .. ဖေဖေပို့တဲ့နေရာကိုတော့ မဟုတ်ပါဘူး .. သစ်တော့ခြံကို မဟုတ်ပါဘူး ဖေဖေ တစ်နေရာရာကိုတော့ .. ကြွေ .. သွားနေရှင်းရောက်သွားမှာပါ .. ဖေဖေ .. "

ဟုပြောလာတော့ ဦးဘုန်းစစ်မင်းအသံကို မြင့်၍

"ခေါ်သွားစမ်း ခင်ဇလေး .. ဒီကောင်မလေးကို သစ်တော့ခြံရောက်အောင်ခေါ်သွားစမ်း .. နင် အဲဒီမှာ နေရလိမ့်မယ် ရှင်မွေးကြွေ .. ခင်လေး .. နင် .. အဲဒီမှာပဲနေ .. လုံးဝပြန်မလာနဲ့ .. ဘယ်မှ သူထွက်မသွားအောင် စောင့်ကြည့် .. သူပျောက်ရင် .. နင်အသိပဲ .. ငါ .. နင့်ကို သတ်ပစ်မယ် သိရဲ့လား ခင်လေး .. "

ဟု အော်ပြောနေစဉ်ခိုက် .. ။ ကြွေ .. တကယ်ပဲ တစ်နေရာရာကို ခြေဦးတည့်ရာထွက်သွားမှာကို စိုးရိမ်နေခြင်းဆိုတာကိုတော့ မိမိဘာသာ ဦးဘုန်းစစ်မင်း ဝန်ခံနေမိရပါပြီ .. ။

"ကြွေ .. ထွက်သွားပေးပါ့မယ်ဆိုတာက .. ကိုယ်ဝန်ဆောင်ထားတဲ့ ကြွေအဖြစ် လူတွေက သိသင့်သလောက်တော့ သိလာနေကြမှာမို့ .. အဲဒီအဖြစ်တွေကိုတော့ ကြွေ .. သယ်

ဖေ .. ဖေဖေယာ .. လိမ္မာတဲ့သမီးလေးတစ်ယောက် .. အဖေ့အချစ်ကို တောင့်တနေတဲ့ သမီးတစ်ယောက်ကို ရသင့်ပါရက်ကယ်နဲ့ .. ဖေဖေ့ကို .. အရှက်နဲ့ သိက္ခာတရားအတွက် .. ဆောက်တည်ရာမဲ့ ခံစားနေစေတဲ့ သမီးတစ်ယောက်ဖြစ်အောင် မိုက်မဲနေတဲ့ သမီးအဖြစ် ပြောင်းလဲပေးခဲ့ပါတယ် .. ဖေဖေ .. ဖေဖေလုပ်ခဲ့တာပါ .. ရင်ထဲမှာ လောင်မြိုက်တာ ဘယ်လောက်ပင်ပန်းတယ်ဆိုတာ ဖေဖေ ခံစားလာနိုင်ပါလိမ့်မယ် .. "

ဟုပြောကာ ကြွေ .. အခန်းထဲမှ ထွက်လာခဲ့ပါ၏။

ကြွေ့ ပါးပြင်လေးထက်မှာ မျက်ရည်ဥတွေကို ဖြိုချလိုက်သလို တသောသော ပြိုပြိုကျလာနေကြပါပြီ။ အခန်းဝမှာ ကြွေ တစ်ချက်တန့်သည်။ ဖေဖေ့ကို ထပ်၍ကြည့်သည်။ နဖူးထက်မှာ လက်များလေးတွေထိသည်အထိ လက်အုပ်လေးချီ၍ တစ်ချက်နေလိုက်ပြီးမှ လှေကားရှိရာသို့ အပြေးထွက်ခဲ့မိရပါ၏ .. ။

လှေကားထစ်တွေကို ကြွေသည် အံ့ခဲနေရင်း .. ငိုရှိုက်နေရင်းဖြင့် ခပ်မြန်မြန်ပဲ ဆင်းချလာနေမိရပါသတည်း .. ။

ကြွေရင်ထဲမှာတော့ လင်းချင်းသွားသည်။ ပြောချင်သမျှပြောခဲ့ရသည်မို့ ရင်သည် ဟင်းလင်းပြင်ကျယ်ကြီးတစ်ခုလိုဖြစ်နေသည်။

ဒါပေမဲ့ .. မျက်ဝန်းအစုံမှာတော့ မရပ်နားနိုင်သော မျက်ရည်များအဖြစ် မျက်ရည်ဥများက စီးကျလာနေကြဆဲ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [၂၁]

ကြွေတို့စီးနင်းထွက်သွားသည့် ကားသံလုံးဝပျောက်သွားသည်အထိ အခန်းထဲမှာ ဦးဘုန်းစစ်မင်း အငြိမ်ကြီးငြိမ်ကျလျက်ရပ်ကျန်ခဲ့ပါ၏ .. ။ မျက်ဝန်းတွေထဲမှ မျက်ရည်တွေ တဖြည်းဖြည်းစုဝေးလာနေကြတာကို မိမိဘာသာသိလာနေရသည်။ မျက်ရည်သည် တိတ်ဆိတ်လွန်းစွာပဲ ပါးပြင်ကို ဖြတ်သန်း၏။ ဤမျက်ရည်မျိုး ဦးဘုန်းစစ်မင်း၏ဘဝမှာ နှစ်ကြိမ်မျှပဲ ကျဖူးသည်။ ခံစားမှုပြင်းထန်နေသော မျက်ရည် .. ။ ကြေကွဲခြင်းများ၊ နာကြည်းခြင်းများ၊ အချက်နှင့် သိက္ခာကို အထိပါးခံရလေခြင်းဟူသော မချိတင်ကဲကြီးခံစားနေရင်း မခံမရပ်နိုင်အောင် ခံပြင်းနေခြင်းများလည်း ရောထွေးပါနေသည့် ခံစားမှုများ .. ။ ထိုခံစားမှုများဖြင့် ကျလာသော မျက်ရည်များထဲတွင် .. ချစ်ခြင်းများကိုလည်း ဆုံးရှုံးနေရသူတစ်ဦး၏ကျလာသော မျက်ရည်များလည်း ရောထွေးပါနေသေးသည့်အဖြစ်။

မလွှမ်းရှင် .. ။ ဟုတ်သည် ..။ မလွှမ်းရှင်ကြောင့်ကျခဲ့သော မျက်ရည် .. ။

ကိုယ်မြတ်နိုးလွန်း၍ မရ .. ရအောင် လက်ထပ်ယူခဲ့ရပါသော မလွှမ်းရှင်သည် သူ့ကိုစွန့်ခွာခဲ့သည်မို့ ခံပြင်းခဲ့ရသည်။ ချစ်ရသူကို ဆုံးရှုံးရခြင်းအတွက် ကြေကွဲနေခဲ့ရသည်။ ဪ .. ထိုမလွှမ်းရှင်သည် မပျော်လင့်စွာ .. မြန်ဆန်လွန်းစွာဖြင့် ရေနစ်ကွယ်လွန်ခဲ့သည်မို့လည်း ထိခိုက်ခံစားနေရင်းဖြင့် မလွှမ်းရှင်၏အလောင်းကို တိတ်ဆိတ်လွန်းစွာလည်း ကြည့်နေခဲ့ရဖူးသည် .. ။ ခံစားမှုများစွာ စွန်းထင်းအုပ်စိုးနေသော နှလုံးအိမ်ဖြင့်လည်း မလွှမ်းရှင်၏ လက်လေးကို ခပ်ဖွဖွလေး ဖေးကိုင်ထွေးကိုင်ရင်းလည်း တစ်ယောက်တည်း မျက်ရည်ကျခဲ့ရဖူးသည် .. ။

လှေဝမ်းထဲမှာ မလွှမ်းရှင်၏ သက်မဲ့ခန္ဓာလေးသည် လှပစွာရှိနေလျက် .. ။ ဂျပန်ပိတောက်ပန်းပွင့်လေးတွေ ဝေယှက်ပွင့်ခက်နေသော ကမ်းစပ်ဘေးမှာ တံတားဖြူလေးထက်၌ ဒူးတစ်ဘက်ထောက်၍ ထိုင်လိုက်ရင်းမှ မလွှမ်းရှင်၏ လက်လေးကို ဖွဖွညင်ညင်လေးကိုင်မိရင်း မျက်ရည်ကျခဲ့ရသည့် ခံစားမှု .. ။

ယခုလည်း .. သမီးတစ်ယောက်ထံမှ နက်ရှိုင်းပြင်းထန်သော စကားလုံးပြင်းရှရှများကို ကြားခဲ့ရရင်း မျက်ရည်ကျနေရပါသည့် ဦးဘုန်းစစ်မင်းဖြစ်နေရချေသည်တကား .. ။

မလွှမ်းရှင်ကို .. ဘဝနှင့်ရင်း၍ ချစ်ခဲ့ရဖူးသော ဘုန်းစစ်မင်းဆိုသူ တစ်ယောက်အပေါ်မှာ သစ္စာဖောက်ခဲ့ပါသည့် မလွှမ်းရှင်၏ ထုံ့ပြန်မှုတစ်ခုအပေါ်မှာ ကျတော့ .. ဘယ်သူ့မှ မတွေ့ပေးကြချေတော့ဘူးလားဟု ကြေကြေကွဲကွဲကြီး တမြည့်မြည့်ကျေနေသည့် ရင်ဖြင့်တွေးနေမိရပါသည်ကော .. ။

"ငါ .. မင်းကို ချစ်လွန်းလို့ .. ရအောင်ငါ လက်ထပ်ယူခဲ့

www.burmeseclassic.com

www.burmeseclassic.com

တာပါ မလွမ်းရှင် .. မင်းမိဘတွေဘက်က မြေငြင်းဆန့်ရက်နိုင်လောက်အောင်ကို အားလုံး ငါစီမံခဲ့တာပါ မလွမ်းရှင် ငါ့မှာမျိုးရိုးဂုဏ်ရှိန်ရှိတယ် .. ရုပ်ရည်ရှိတယ် .. ပညာဂုဏ်ရှိန်ရှိတယ် .. မင်းအပေါ်မှာ အလွန်ကိုရူးသွပ်စွာမက်မောနေမိတဲ့ .. နက်ရှိုင်းတဲ့ချစ်ခြင်းတွေရှိတယ် .. မင်းရဲ့ချစ်သူခြံအလုပ်သမားတစ်ယောက်ထက် .. ငါ့မှာ အရာရာသာလွန်နေတဲ့ ဘဝရှိနေတယ် .. ဒါကြောင့် .. ခင်းဟာ ငါ့ကိုလက်ထပ်ရပြီးတဲ့နောက်မှာ .. အဲဒီဘာမှမရှိတဲ့ အိုက်မောင်လိုကောင်မျိုးကို မေ့လျော့မေ့ပျောက်သွားပြီး .. ငါ့ချစ်ခြင်းများ .. ငါ့ဂုဏ်ရှိန်များ .. ငါ့ကြွယ်ဝမှုများကြားမှာ .. မင်းဟာ .. ငါ့ကို ပြန်ချစ်လာရလိမ့်မယ်လို့ .. ငါယုံကြည်မိခဲ့တယ်လေ .. ဒါပေမဲ့ .. မင်းဟာ .. မင်းရဲ့ချစ်သူလက်ထဲက လုယူခဲ့တဲ့ ငါ့ကို .. ကျိန်စာတိုက်ပြီး ချန်ခဲ့သလိုပါလား မလွမ်းရှင် .. မင်းရဲ့သမီးက .. စောစောကပဲ ငါ့ကို ပြောသွားတယ် .. ကျိန်စာတိုက်ထားသလိုပဲတဲ့ .. တကယ်တော့ မင်းသာ ငါ့ကိုကျိန်စာတိုက်ခဲ့တာပါ .. ကျိန်စာသင့်နေစေခဲ့တာပါ .. မလွမ်းရှင် .. ”

တွေးနေရင်း ရင်ထဲမှာ စူးအောင့်နာကျင်ခြင်း ဝေဒနာက ဆိုးဝါးလွန်းစွာပဲ ထိုးနှက်လာနေကြပါချေပြီတည်း .. ။ ဤခံစားချက်များကို အိပ်မပျော်နိုင်သောညများစွာမှာ ဦးသုန်းစစ်မင်းခံစားလာနေခဲ့ရဖူးပြီးနေပြီ .. ။ ထိုဝေဒနာကို ဘယ်ဆရာဝန်ကိုမှလည်း မပြ .. ။ ပြ၍လည်း ပျောက်နိုင်ချေမည်မဟုတ် .. ။ ထိခိုက်နာကျင်နေသော ရင်တွင်းဝေဒနာကို မမေ့ဖျောက်နိုင်ချေသမျှ ..

ဤရင်ထဲတွင် စူးအောင့်နာကျင်သော ဝေဒနာများနှင့် အိပ်မပျော်နိုင်သောညများကို ဖြတ်သန်းနေရသည့် အစဉ်အလာများကို ဘဝထဲက ဖယ်ရှားပယ်နိုင်တော့ချေလည်း မဟုတ် .. ။ မည်သည့်ဆေးဝါးအကူအညီမှုလည်း ဖယ်ရှားနိုင်ချေမှာလည်း မဟုတ် .. ။

ဒါပေမဲ့ .. ဤတစ်ကြိမ်မှာ ခံစားနေရသည်က ပို၍ပြင်းထန်နေမှန်း အလိုလိုသိနေရသည် .. ။ နှလုံးအိမ်ကို ဆုပ်ညှစ်နေသည်သို့ပင် ခံစားနေရပါချေသည့်အဖြစ် .. ။

“ကြွေက ပြောသွားတယ် .. ငါ့ဆီက ဖခင်မေတ္တာတွေကို တောင့်တာရင်းနဲ့ .. ဝမ်းနည်းပန်းနည်းခံစားရင်း အိပ်မပျော်ရတဲ့ညတွေကို ဖြတ်သန်းရတာ ပင်ပန်းလှပြီတဲ့ .. အဲဒီခံစားမှုတွေကို .. အိပ်မပျော်တဲ့ညတွေကို ဖြတ်သန်းရတဲ့ ခံစားမှုတွေကို ငါမသိနိုင်ပါဘူးတဲ့ .. မလွမ်းရှင် .. မင်းရဲ့သမီးလေးဟာ .. ငါ့ရင်ကို ထိခိုက်နေစေမဲ့ စကားတွေကို ရှာဖွေပြောတတ်နေတဲ့ ရှင်မွေးကြွေအဖြစ် ငါ့ရှေ့မှာရပ်နေ .. ရှိနေခဲ့တယ် .. ”

ဟု တစ်ယောက်တည်းပြောနေရင်းမှ နဖူးကြောများ ထောင်လာအောင် ရင်ထဲမှာ ဝေဒနာကပို၍ ပြင်းထန်စူးအောင့်လာနေကြပါ၏ .. ။

အဖေမပေါ်သောကိုယ်ဝန်ကို ဆောင်ထားသော ကြွေ .. ။

ထိုကလေးကို မွေးဖွားလာချေဦးတော့မည့် ကြွေ။

ထိုကလေး၏အဘိုး ဖြစ်ရှိရချေဦးတော့မည့် အနာဂတ်ကာလ .. ။ ဝန်းကျင်အလယ်မှာ ခေါင်းဖေါ်ရဲစရာပင် မကျန်။

www.burmeseclassic.com

www.burmeseclassic.com

ကြွေသည် .. ခေါင်းငိုက်စိုက်ချ၍ လောကအလယ်မှာ အရှက်သည်းစွာအသက်ရှင်သန်နေစေသူတစ်ယောက်အဖြစ် ဦးဘုန်းစစ်မင်း၏ဘဝကို ပြောင်းလဲပေးလိုက်သည့် ကြွေဖြစ်နေချေသည်တကား .. ။

ဦးဘုန်းစစ်မင်း၏ အကြည့်က အခန်းနံရံမှာ အတန်ကြာငြိမ်တန့်နေ၏ .. ။

ထိုနံရံကိုမှီ၍ မလွှမ်းရှင်ရပ်နေသည်ဟု ခံစားလာနေရသည်။ ရယ်မောလျှောင်ပြောင်နေပါသော မလွှမ်းရှင် .. ။ မျက်ဝန်းများတွင် တောက်ပနေသော အရိပ်များဖြင့် ပြည့်ဝနေပါသည့် မလွှမ်းရှင် .. ။

တုံ့ပြန်မှုတစ်ခုကို မလွှမ်းရှင်၏သမီးကြွေက .. မိခင်အတွက် လုပ်ဆောင်ပေးခဲ့ချေသည်ကောဟုလည်း ယောက်ယက်ခတ်မှု ခံစားနေရင်း ရင်ထဲမှာ ပို၍မွန်းကျပ်လာနေသည် .. ။

ခေါင်းကို ဦးဘုန်းစစ်မင်း မော့ပစ်သည်။ အံ့ခဲပစ်ရင်းမှ ..

"မင်းတို့ကို .. ငါ .. အရှုံးမပေးဘူး မလွှမ်းရှင် .. ငါဟာ .. မင်းကိုချစ်မိတဲ့ အမှားတစ်ခုကလွဲပြီး .. ကျန်တဲ့တုံ့ပြန်မှုတိုင်းဟာ .. အားလုံး မှန်ကန်နေတယ် .. အဲဒါ .. ငါ့အဆုံးအဖြတ်ပဲ .. မင်းရဲ့သမီးဟာ .. ငါ့သမီးမဟုတ်ဘူးဆိုတာကို ယုံကြည်နေခြင်းဟာလည်း မှန်ကန်နေတယ် .. မင်းရဲ့ သမီးကို .. ငါမချစ်တာဟာလည်း မှန်ကန်နေတယ် .. ငါ .. ဟာ .. ငါဟာ .. ငါ့ယုံကြည်ချင်တာကို ရအောင်ယူတတ်တဲ့ ဘုန်းစစ်မင်း ဖြစ်သလို ... ငါ မှန်ကန်တယ်လို့ မှတ်ယူပြီး

လုပ်ဆောင်တဲ့ လုပ်ဆောင်မှု မှန်သမျှဟာလည်း .. ဘယ်တော့မှ မမှားဘူး .. ဘယ်တော့မှလည်း နောက်မဆုတ်ဖူးဆိုတာ .. ငါ့ခိုင်မာနေတဲ့ ဆုံးဖြတ်ချက်ပဲ မလွှမ်းရှင် .. မင်း.. ထွက်သွားစမ်းကွာ အဲဒီနံရံကို မှီရပ်ရင်း ငါ့ကိုကြည့်နေတဲ့ ဒီနေရာက .. အမြန်ဆုံး ထွက်သွားစမ်းကွာ .. "

ဟုပြောနေရင်းမှ ဦးဘုန်းစစ်မင်း အခန်းတွင်းမှ ခြေလှမ်းကျဲကြီးဖြင့် ထွက်ခဲ့မိရပါပြီတည်း .. ။ အနည်းငယ် ကယောက်ကယက်နိုင်လာနေသောစိတ်သည် ရင်ကိုဆိုးဝါးစွာ ဖိဆီးနေကြတာကိုလည်း မိမိဘာသာသိနေသည်။ ဒါပေမဲ့ .. ထိုစိတ်ထဲယောက်ယက်ခတ်မှုဖြစ်နေသည့် ခံစားမှုတွေကို လောလောဆယ်မှာ မောင်းထုတ်ဖယ်ရှားယူလိုက်နိုင်ဖို့ အားအင်တွေမရှိဘဲ ဖြစ်ဖြစ်လာနေသည်သို့ ခံစားနေပြန်ပါ၏။ အရှိန်းကိုမြန်ဆန်လွန်းစွာ စုပြုံဝင်လာပါသည့်အဖြစ်တွေဆီမှ တွန်းပို့လာပါသော ထိုဆိုးဝါးသည့် ခံစားမှုများကိုလည်း မတွန်းလှန်နိုင် .. ။

အသက်ရှူ၍ မဝနိုင်ဘဲဖြစ်နေသည့်အဖြစ်က ပိုဆိုးနေသည်။ ခြေလှမ်းတွေက လှေကားထစ်တွေကို မြန်ဆန်စွာပဲ နင်းဖြတ်လာနေကြခဲ .. ။ အမြန်ဆုံးပန်းခြံထဲရောက်ဖို့ လိုနေသည်။ လေတွေကို လွတ်လပ်စွာမော့ရှူပစ်လိုက်နိုင်ဖို့ လိုနေသည်။ ဒါကိုတော့ ဦးဘုန်းစစ်မင်း ကောင်းကောင်းကြီးသိနေရပါ၏ .. ။

လှေကားလက်ရမ်းတွေကို ထိန်းကိုင်ဖေးတွဲထားနေပါသော လက်ချောင်းလေးတွေတုန်ခါနေတာကိုလည်း ဦးဘုန်းစစ်မင်း သတိထားနေမိရပါ၏ .. ။

ဟုတ်ပြီ .. ။ ကော်ဇောကြီးပေါ်မှာ ခင်းကျင်းထား

www.burmeseclassic.com

www.burmeseclassic.com

သော ကျယ်လွန့်သည့် ဧည့်ခန်းကြမ်းပြင်ကိုတော့ နင်းဖြတ်လာနိုင်နေပြီ .. ။ လှေကားထစ်တွေကို အောင်မြင်စွာ နင်းဖြတ်ဆင်းလာနိုင်ခဲ့သည်ကိုက ကံကောင်းနေခြင်း .. ။ အံခဲ၍ ဦးဘုန်းစစ်မင်းဧည့်ခန်းကို ဖြတ်ကျော်နေရင်းမှ တစ်ခုကို သိသိလာနေရပြီ .. ။

မဖြစ်တော့ပြီဘဲ .. ။ ရင်ထဲမှာပို၍ စူးအောင့်နာကျင်ခြင်းက ဆိုးဝါးလာနေသည်ပဲ .. ။ အသက်ရှုရတာ ပို၍ ပို၍ခက်ခဲမွန်းကျပ်လာနေသည်ကော .. ။

ပန်းခြံထဲမှာ ရပ်ရင်းလေတွေကို ဝအောင်ရှုရှိုက်လိုက်ရုံမျှဖြင့် ထိုဝေဒနာတွေသည် လျော့ပါးသွားနိုင်ချေတော့မှာ မဟုတ်တာကိုလည်း ပို၍နားလည်လာနေသည်။

သတိမြဲခြင်းနှင့် သတိကောင်းအောင် စိတ်ကိုကြံ့နိုင်ထားနေခြင်းဆိုတာကတော့ ဦးဘုန်းစစ်မင်း၏ စိတ်ဓာတ်အရာ နိုင်မာမှုကြောင့်ပါ .. ။

တယ်လီဖုန်းကို ကောက်ကိုင်လိုက်မိသည်။ တုန်ခါနေသော လက်ချောင်းတွေဖြင့် ဖုန်းဂဏန်းကွက်လေးကို နှိပ်လိုက်မိရပါ၏ .. ။

တယ်လီဖုန်းအော်ပရေတာမိန်းကလေး၏အသံပေါ်လာသည်။

ဒေါက်တာဦးကောင်းသင်၏အိမ်ကို ခေါ်ပေးဖို့အသံကို အနိုင်နိုင်ထိန်း၍ တည်ငြိမ်အောင် ကြိုးစားရင်း ပြောရပါ၏။ ဖုန်းကို ပြန်ချစောင့်နေရင်းဖြင့် နဖူးပြင်မှာ ချွေးသီးချွေးပေါက်တွေ ပြိုပြိုကျလာနေကြပြီ .. ။

မကြာလိုက် .. ။ ဖုန်းပြန်မြည်လာကာ .. ဦးကောင်း

သင်ရဲ့ ဖုန်းရပါပြီရှင် .. ဟူသော တယ်လီဖုန်းအော်ပရေတာမိန်းကလေး၏ ချိုမြမြအသံလေးပေါ်လာ၏။ တစ်ဖက်မှ ဒေါက်တာဦးကောင်းသင်၏ ပြန်ထူးသံကိုကြားရတော့ ..

"ကျွန်တော် ဘုန်းစစ်မင်းပါ ဒေါက်တာ .. လောလောဆယ်ကြီးမှာပဲ ရုတ်တရက်ကြီး ကျွန်တော်အသက်ရှုကြပ်လာနေပါတယ် ဒေါက်တာ .. နေရဆိုးပါတယ် .. အိမ်မှာက ကျွန်တော့်ညီမခင်လေးလည်း မရှိပါဘူး .. အပြင်ကိုသွားနေကြပါတယ် .. အမြန်ဆုံး လာစေချင်ပါတယ် .. ဒေါက်တာ .. ကျွန်တော် .. နေရအတော်ကြီးဆိုးနေပါတယ် .. "

ဟုပြောနေတော့ ဒေါက်တာဦးကောင်းသင်ပင် တစ်ချက်အံ့သြနေပုံကြီးဖြင့် .. ၊

"ဟာ .. ကိုယ်တိုင်ကြီးဆက်တာလား .. ဦးဘုန်းစစ်မင်းရယ် အိမ်ဖော်ထဲကဖြစ်ဖြစ် ဆက်ခိုင်းရောပေါ့ဗျာ .. အကောင်းဆုံးကတော့ ခင်ဗျားအနီးဆုံးနေရာမှာရှိတဲ့ .. လဲနေလို့ရတဲ့နေရာမှာ နေလိုက်ပါ .. စိတ်ကို .. လျော့ထားပါ .. အသက်ကို အားစိုက်ရှုပါ .. တစ်ယောက်မှ အနားမှာ ရှိမနေကြဘူးလား .. ကျွန်တော် ခုပဲလာခဲ့ပါ့မယ် .. "

ဟုပြောပြီးတာနှင့် ဖုန်းချသွားပါ၏ .. ။

ဦးကောင်းသင်၏အိမ်က ဗစ်တိုးရီးယားနှင့်ဆိုလျှင် ငါးမိနစ်ကျော်ကျော်လောက်ပဲ ကားမောင်းလိုက်ရုံဖြင့် ရောက်လာနိုင်သည့်နေရာမှာ ရှိနေပါ၏ .. ။ မကြာမီ ဦးကောင်းသင်ရောက်လာတော့မှာကိုတော့ သိနေရပြီ .. ။

ဒါပေမဲ့ .. အသက်ရှုရတာ ခက်ခဲသည်ထက်ပို၍

www.burmeseclassic.com

www.burmeseclassic.com

ခက်ခဲလာနေရကာ .. ရင်ထဲမှာပို၍ရှုးအောင့်လာနေရပါသည့်အဖြစ်။

လူရိပ်တစ်ခု တံခါးဝမှာ ပေါ်လာပါ၏ .. ။ ဒေါ်သင်းဝေဆိုတာကို သိနေသည်။ ခြံထဲမှာ ခဏလေးနေပြီးမှ ဒေါ်သင်းဝေ အိမ်ထဲဝင်လာပုံရပါ၏ .. ။

ဗစ်တိုးရီးယားမှာ .. အတော်ကြီးကို ပြင်းထန်သော အိမ်တွင်းရေးကိစ္စတစ်ခုဖြစ်ခဲ့သည်ဆိုတာလောက်ကိုတော့ဒေါ်သင်းဝေလည်း သိနေမည်သာ .. ။

ကြွေ့ကို သစ်တော့ခြံအိမ်သို့ ပို့စေခဲ့သည်ဆိုခြင်းကို က .. တစ်ခုခုတော့ ဖြစ်နေ၍ .. ဆိုတာလောက်ကိုလည်း ဒေါ်သင်းဝေတွေးယူနိုင်မည်သာ .. ။

ခု .. ဦးဘုန်းစစ်မင်းကို နှစ်ယောက်ထိုင်ဆိုဖာကြီးထက်မှာ ခပ်ယိုင်လှဲချလိုက်တာကိုလည်း မြင်လိုက်ရ .. ။ ဘယ်ဘက်ရင်အုံကို ဖိရင်းရှုံ့မဲ့နေတာကိုလည်း မြင်လိုက်ရသည်မို့ .. ။

"ဟင် .. အစ်ကိုကြီး .. ဘာဖြစ်တာလဲ .. ဘာဖြစ်တာလဲ"

ဟု စိုးရိမ်ဇောဖြင့် မေးလည်းမေး .. ။ ပြေးလာကာ ပန်ကာဖွင့် .. ။ ရေတစ်ဖန်ခွက်ပြေးခပ်ကာ ကိုယ်ကိုဖေးထိန်းထူမပေးရင်းမှ တိုက်ရ ဘာရနှင့် ဖြစ်သွားရှာပါပြီ .. ။ ပန်ကာလေကတော့ အခန်းထဲမှာ တိုက်ခတ်နေဆဲ။

ရှုဆေးဘူးပြေးယူကာ နှာဖျားမှာ ဒေါ်သင်းဝေတော့ ပေးသည်။

သွေးရောင်မရှိသလောက် ဖျော့ကျနေသည့်မျက်နှာကိုလည်း စိုးရိမ်တကြီးဖြင့် မျက်နှာအပျက်ပျက်နှင့် ဒေါ်သင်းဝေကြည့်ကာမျက်နှာထက်မှ ချွေးတွေကိုတောက်လျှောက် လိုက်သုတ်

ပေးနေရင်းမှ ..

"စိတ်ကိုလျှော့လိုက်ပါ အစ်ကိုကြီးရယ် .. စိတ်ကိုလျှော့ချပါ .. "

ဟု ငိုသံကြီးဖြင့် ပြောနေရှာပါသတည်း .. ။ အိမ်မှာ ဖြစ်ခဲ့သော ပဋိပက္ခကြီးကြောင့် ဤမျှအထိ ဦးဘုန်းစစ်မင်း ခံစားနေရခြင်းဆိုတာကိုတော့ ဒေါ်သင်းဝေလည်း နားလည်နေမိရသည်သာ .. ။ စိတ်ချမ်းမြေ့စရာမရှိ .. ။ ဒေါ်သင်းဝေကိုယ်တိုင်မှာလည်း သွေးသားရင်းပမာရှိနေရသည်မို့ မျက်ရည်ကျလာရသည်ပါပဲ။

အိမ်ရှေ့မှာကားရပ်သံကြားရသည်။ ဒေါ်သင်းဝေမှာ ကားဂိုဒေါင်မှာ ကားရေဆေးနေပါသည့် ဒရိုင်ဘာဖိုးကောင်းကို ခုမှ သတိရလာသည်။

ဦးသိန်းကတော့ မရှိ .. ။ ကြွေလေးတို့ကို ကားဖြင့် မောင်းပို့နေသည်။

ဆေးအိတ်ကြီးဖြင့်ဒေါက်တာဦးကောင်းသင်ဝင်လာတော့မှ ဒေါ်သင်းဝေအားတက်သွားရကာ ..

"လုပ်ပါဦး .. ဒေါက်တာကြီးရယ် .. အစ်ကိုကြီး ဘာဖြစ်မှန်းကို မသိတာပါ .. ကျွန်မ အိမ်ထဲကိုဝင်လာတော့ ခုလိုတွေ့ရတာပါပဲ .. "

ဟု ငိုသံပါကြီးနှင့် ပြောရှာပါ၏ .. ။ ဦးဘုန်းစစ်မင်းကတော့ ဆရာဝန်ရောက်လာပြီမို့ ပို၍စိတ်ကိုတင်းကာ အသက်ရှူအားစိုက်ရှုနေရပါပြီ .. ။

ဦးကောင်းသင် လက်ကိုသွေးစမ်းသည်။ နားကြပ်ဖြင့် ရင်ကိုထောက်၍လည်းစမ်းသည်။ချက်ချင်းပရော်ရှာတိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြီးတာနှင့် ရေနွေးဇလုံကိုယူလာစေကာ ဆေးနှစ်ချောင်းဆက်တိုက်ထိုးပါ၏ .. ။ အနီးဆုံးအခန်းမှာ လဲနေနိုင်ဖို့အတွက် စီမံပေးဖို့ ဒေါ်သင်းဝေကိုပြောသည်မို့ ငြိမ်သည်လာလျှင် အိပ်ဖို့အတွက် ထားပါသော အောက်ထပ်ရှိအခန်းကို ချက်ချင်းခင်းကျင်းပေးသည်က ဒေါ်သင်းဝေပါ။ အိပ်ရာမှာ ဦးဘုန်းစစ်မင်းကို လဲလျောင်းနားစေကာ ..

"ဟုတ်အတက်ပဲ ဦးဘုန်းစစ်မင်း .. ခင်ဗျား ကံကောင်းတယ် .. "

ဟုပြောကာ သတိမြဲသော .. ဦးဘုန်းစစ်မင်း၏ စိတ်ဓာတ်ကြံ့ခိုင်မှုကိုလည်း ဦးကောင်းသင်မှာ မချီးကျူးဘဲမနေနိုင်သည်မို့ ..

"ကျွန်တော့်ဆီကို ကိုယ်တိုင်ဖုန်းဆက်ပြောတာကိုတော့ .. ကျွန်တော် အံ့ဩမိပါရဲ့ဗျာ .. ဒီလိုစိတ်ဓာတ်ကြံ့ခိုင်တဲ့လူနာကို ကျွန်တော် .. အမြန်ဆုံးနေကောင်းကျန်းမာသွားအောင် ကုသပေးနိုင်မှာတော့ အာမခံပါရဲ့ ဦးဘုန်းစစ်မင်းရဲ့ .. "

ဟု ရယ်မော၍ ပြောလာပါ၏ .. ။ ဒေါ်သင်းဝေမှာ ကျေးဇူးတင်တင်ဖြင့် နွားနို့ဖန်ခွက်ကိုင်းတပ်ကြီးကို ပေါင်မုန့်ထောပတ်သုတ်နိုင်နိုင်ဖြင့် လာပေးတော့ ..

"ခင်ဗျား .. ဒါတွေကိုတော့ ရှောင်ရလိမ့်မယ် .. ဦးဘုန်းစစ်မင်း .. "

ဟု ထောပတ်နိုင်နိုင်သုပ်ထားသည့် ပေါင်မုန့်ချပ်ကိုကိုင်ကာ ပြောလာပါ၏ .. ။ နောက်တော့မှ လေးနက်စွာဖြင့် ..

"ခင်ဗျားအနားယူရလိမ့်မယ် ဦးဘုန်းစစ်မင်း .. စိတ်ရော

လူရော အနားယူဖို့ လိုအပ်တယ် .. စက်ရုံကိုမသွားဘဲနေပါ ဟိုမှာ လူရင်းရှိတာပဲ မဟုတ်လား .. အလုပ်တွေလွှဲထားလိုက်ပါ .. "

ဟုပြောသည်ကတော့ ဆရာဝန်၏ညွှန်ကြားချက်ပေးပုံဖြင့် မျက်နှာထားတည်တည်ကြီးဖြင့်ပါ .. ။ ငြင်း၍မရ .. ဆိုသည့်သဘော .. ။ ဦးဘုန်းစစ်မင်းကတော့ သံပုရာရည်ကိုစုတ်တံကလေးဖြင့် သောက်ရင်းခေါင်းညိတ်ကာ ..

"ဒေါက်တာ့လက်ထဲ အားလုံးအပ်ပါတယ်ဗျာ .. တစ်ခုပဲတောင်းပန်ပါရစေ .. အိမ်သားတွေကို ဒီကိစ္စအသိမပေးစေချင်ဘူး .. ကျွန်တော့်ညီမ ဒီတစ်ပတ်နှစ်ပတ်အတွင်း အိမ်ကိုပြန်လာနိုင်မှာ မဟုတ်ဘူး .. သူတို့သစ်တော့ခြံကို အပန်းဖြေခရီးထွက်နေကြတယ် .. သူတို့လည်း ဟိုမှာအေးအေးဆေးဆေး.. ဆက်နေကြစေချင်တယ်လေ.. မသင်းဝေ..ခင်လေးတို့ကို ဒီကိစ္စမသိစေနဲ့ .. လုံးဝမသိစေနဲ့ .. "

ဟုအပြတ်ကြီးပြောနေတော့ဒေါ်သင်းဝေမှာစိတ်ထဲရှိသည့်အတိုင်း ..

"သိတော့ ပိုမကောင်းဘူးလား အစ်ကိုကြီးရယ် .. "

ဟုပြောကြည့်သေးသည်။ မရ .. ။ ခေါင်းသာတွင်တွင်ယမ်းလျက်မှ ..

"ငါ .. ရောဂါသည်ကြီးလို .. ခင်လေးရှေ့မှာ မနေနိုင်ဘူး ငါ့ကို .. ကလေးလေး ဒေါက်ထောက်ကြည့်သလို အကဲလိုက်ကြည့်နေမှာကိုလည်း ငါမခံနိုင်ဘူး .. ခင်လေးစိတ်ပူတဲ့ ဒဏ်ကို ငါမခံနိုင်ဘူး .. နေရာတကာလိုက်ကြည့် .. လိုက်

www.burmeseclassic.com

www.burmeseclassic.com

ချုပ်ချယ်နေမှာ .. ငါ့မှာ ဒေါက်တာရှိတယ် .. သူပြောသလို ငါနေထိုင်ရင် ကိစ္စပြီးနေပြီ .. "

ဟု ပြတ်ပြတ်ပြောသည်။ တကယ်ကတော့ .. ကြွေ့ကြောင့်ထိုမျှအထိ .. ခံစားခဲ့ရတာကို ကြွေ့ကိုလည်း မသိစေချင် .. ။ ခင်လေးကိုလည်း မသိစေချင် .. ။

သူတို့စိတ်ပူမှာကို စိုးရိမ်၍လား .. ။

ဒါမှမဟုတ် .. ကြွေ့ကို .. အရှုံးပေးလိုက်ရသည် .. ဟု အဖြစ်မခံနိုင်၍လားဆိုတာကိုတော့ ဦးဘုန်းစစ်မင်းကိုယ်တိုင်က လည်း မဝေခွဲတတ်သေး .. ။ တိတိပပခွဲခြားမသိနိုင်သေး .. ။

ခင်လေးရော ကြွေရော .. မသိစေချင်တာတစ်ခုက တော့ အသေအချာကြီးပဲ ရင်ထဲမှာ ရှိနေပါသည့်အဖြစ် .. ။

တဖြည်းဖြည်းဆေးရှိန်ဖြင့် ဦးဘုန်းစစ်မင်းမျက်ခွံများ လေးစပြုလာသည်။

နောက်တော့ အိပ်ပျော်သွားပါ၏ .. ။

ဒေါက်တာဦးကောင်းသင်ကတော့ နေ့တစ်ဝက် ကျော်မျှ အိမ်မှာဆက်၍စောင့်ကြည့်ပေးသွားသည် .. ။

ဦးဘုန်းစစ်မင်းပြန်၍ နိုးလာသည်အထိ ..

ပြီးတော့ .. ဒေါ်သင်းဝေလာပို့သော ကွေကာအုပ် ကို ဦးဘုန်းစစ်မင်းသောက်ပြီးသည်အထိ .. စကားတပြောပြောဖြင့် ဦးကောင်းသင်နေခဲ့ပါ၏ .. ။

ဦးကောင်းသင်ကိုတော့ ဒေါ်သင်းဝေက .. သီးစုံ ခေါက်ဆွဲကြော်နှင့်ပင် ကျေးဇူးရှင်ကြီးအဖြစ် တရိုတသေကြီးလာ၍ ပေးကာ ဖျော်ရည်တွေ ဘာတွေပင် အအီပြေသောက်နိုင်ဖို့ ဖန်ခွက်

ရှည်ကြီးနှင့် လာချပေးသည်ပါပဲ .. ။

ဦးဘုန်းစစ်မင်းမှ ပြတင်းဆီမှလှမ်းမျှော်မြင်မိရာ ကောင်းကင်ကြီးကို ကြည့်နေမိရဆဲ .. ။

တစ်ခါတစ်ရံ ဖြစ်တတ်ပါချေသော ဆောင်းမိုးရိပ် သည် အင်အားကြီးနေသော တိမ်တိုက်ကြီးများဖြင့် မည်းညို့ညို့ရှိ နေချေသည်တကား .. ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [၂၂]

မမဥနှင့် သစ်တော့ခြံအလုပ်သမလေးတချို့က တော့ တစ်ထပ်တိုက်လေးထဲမှာ ပစ္စည်းတွေနေရာချတန်ချ .. ။ သန့်ရှင်းရေးလုပ်သူလုပ်နှင့် အလုပ်ရှုပ်နေကြဆဲ။ ကြွေကတော့ သစ်တော့ပင်ကြီးတစ်ပင်အောက်မှာ ထိုင်နေသည် .. ။

အန်တီလေးမှာ ကြွေ့ဘေးမှာထိုင်နေရင်းမှ ကြွေ့ပါးပြင်လေးကို ခပ်ဖွဖွထိရှာပါ၏။

“အန်တီလေးကို ခွင့်လွှတ်ပါ ကလေးရယ် .. အန်တီလေး တစ်သက်မှာ ကလေးရဲ့အသားကို လက်ဖျားလေးနဲ့တောင်မှ ဒေါသနဲ့ထိခဲ့ဖူးတာမျိုး မရှိခဲ့ပါဘူး ကလေးရယ် .. ခု .. ကြွေလေး .. အဖေ့ကိုပြောလို့ အပြစ်သင့်မှာကိုလည်း စိုးရိမ် အဖေ့ကိုပြောရကောင်းလားလို့ ကရုဏာဒေါသလည်းဖြစ် ရင်း .. ရိုက်ခဲ့မိတာပါကွယ် .. ”

ဟုပြောရင်း .. မျက်ရည်ကျလာတော့ ကြွေငိုင်နေ

သည်။ ပြီးဆုံးခဲ့ပြီကောလေ .. ။ ကြွေ .. တစစ်စစ်ကြွေနေအောင် နှစ်ရှည်ကြာမျှ ခံစားနေရပါသော .. ဝေဒနာများ .. ။ တမြည့်မြည့် ကျေအောင်ခံစားနေရပါသော ဝေဒနာများကို ဖေဖေသိအောင် ပြောခဲ့ပြီးပြီ။ ထိုသို့ပြောချင်နေသမျှတွေကို ပြောချလိုက်ခြင်းဖြင့် ကြွေ့ဆန္ဒတွေကို ပြီးဆုံးအောင် လက်တွေ့လုပ်နိုင်ခဲ့ပြီ .. ။

ဒါပေမဲ့ .. စောစောပိုင်းက .. ကျေနပ်သလိုလိုလည်း ရှိ .. ရင်ထဲရှင်းလင်းသလိုကြီးလည်း ရှိခဲ့ရလေသမျှတွေသည် .. ဘာမျှတန်ဖိုးမရှိတော့သလိုကြီး ပြန်ဖြစ်လာရပြန်ချေသည်တကား။

ဘာအကျိုးထူးမျှ မရှိချေပြီလား .. ဟုလည်း ကြွေ စဉ်းစားမိပြန်၏ .. ။

ဖေဖေ့ကို .. ထိုမျှအထိ .. ပြောပြလိုက်၍ .. စိတ်ချမ်းသာခြင်းဆိုသည့် ဘဝထဲမှာ ရောက်ရှိသွားရခြင်း မရှိချေသည်ဘဲဆိုတာကိုတော့ တဖြည်းဖြည်း ပို၍ကြွေနားလည်လာနေမိပြန်၏..။ ခု .. ကြွေ ပျော်ပျော်ကြီး နေရသည်ဆိုသည့် ဘဝသစ်တစ်ခုထဲ ရောက်နေခွင့်ရနေသည်မှာ မဟုတ်ချေဘဲ .. ။ ကြွေသည် .. ယခင် ကြွေပဲ ဖြစ်နေသည်။ ဖေဖေ့ထံမှချစ်ခြင်းတွေကို မရရှိသော ကြွေသည် ခုလည်း ထိုကြွေပဲဖြစ်နေသည်။ ဘာမျှ မပြောင်းလဲသွား။

ကြွေသည် .. ဖေဖေ့ရှေ့မှောက်မှာ မရှိဘဲ ဘော်ဒါကျောင်းသူဘဝအဖြစ်ရှိနေရာမှ .. ပြောင်းလဲသွားရတာက .. မေမေနေထိုင်ခဲ့ရာ သစ်တော့ခြံရှိ တစ်ထပ်တိုက်လေးသို့ ပြောင်းရောက်လာရတာ တစ်ခုပဲရှိခဲ့သည်ပါပဲ .. ။ ဖေဖေ့ရှေ့မှာ မရှိသော ကြွေသည် .. ခုလည်း .. ဖေဖေ့ရှေ့မှာ မရှိသောကြွေပဲဖြစ်နေရသည် ပါပဲလေ .. ။

www.burmeseclassic.com

www.burmeseclassic.com

"မလွှမ်းရှင်ကို .. ကိုကြီးဟာ .. တကယ့်ကို ချစ်မြတ်နိုးပြီး လက်ထပ်ခဲ့တာပါ .. သူ .. ကြွေ့မေမေကို အတော်ကြီးကို ချစ်တာပါ .. အရိပ်တကြည့်ကြည့်နဲ့ကို ချစ်တာပါကွယ်"

ဟု အန်တီလေးက ပြောနေတော့လည်း ကြွေ ဘာမျှမမေး .. ။

အရင်တုန်းကတော့ .. သြော် .. တစ်ချိန်တုန်းကတော့ .. ဖေဖေနှင့် မေမေတို့၏ ဇာတ်ကြောင်းလေးကို သိချင်စိတ်ရှိနေခဲ့ဖူးသည် .. ။ သိလည်း သိချင်နေခဲ့သည်။ ဒါပေမဲ့ .. ခုကျတော့ .. ထိုအဖြစ်တွေကို ကြွေမသိချင်တော့ .. ။ အဆုံးတိုင်ခံစားကျဆင်းသွားပါသော စိတ်ဓာတ်ကျမှုတစ်ခုသည် .. နောက်ဆုံးကျတော့လည်း ထိုသိလိုခြင်းဆိုသည့်စိတ်တွေကို ကုန်ခမ်းသွားစေသည် .. ။ ဖေဖေနှင့် မေမေတို့အကြောင်းကို ကြားရမှာကိုပင် ဝန်လေးလာခဲ့ရသည်ပဲ .. ။

ကြွေ .. သိတော့ရော .. ဘာထူးလာချေမှာမို့လို့လဲလေ .. ။

ကြွေသည် .. ဖေဖေ၏ဥပေက္ခာပြုခြင်းကို ခံနေရသည့် ကြွေအဖြစ်ပဲ ဆက်ရှိနေမြဲရှိနေမည်သာ .. ။ ဖေဖေ နှင့် မေမေတို့အတိတ်က အဖြစ်တွေကို ကြားနေခြင်းဖြင့် လွမ်းဆွတ်တမ်းမောစရာ .. ။ ကြွေကွဲလောင်မြိုက်စရာတွေသာပို၍ သိလာရ ကြားလာရချေဦးတော့မည် .. ။ လောလောဆယ် ကိုယ်ခံစားနေရပါသည့် ဝေဒနာတွေကပင်လျှင် .. အတိုင်းအဆမဲ့နေပြီ .. ။ ထပ်ကြားလျှင် ကြွေ .. ရင်ကွဲသေဖို့ပဲ ကျန်တော့သည့်အဖြစ် .. ။

ကြွေ .. အန်တီလေးကို တစ်ချက်ကြည့်မိသည်။

အန်တီလေး၏လက်ကိုလည်း ဖေးကိုင်၍ လက်လေးကို ဖွဖွနမ်းမိသည်။ ကြွေ့ကို ရိုက်ခဲ့သောလက် .. ။ ကြွေ .. ချစ်နေမြဲပါ .. ဆိုသည့်သဘော .. ။ အန်တီလေး မျက်ရည်ကျရှာသတည်း .. ။

"မေမေ့အကြောင်းတွေ .. ဖေဖေ့အကြောင်းတွေကို .. ကြွေမကြားချင်တော့ပါဘူး အန်တီလေးရယ် .. ခု .. ကြွေ .. ခမေမေနေခဲ့ဖူးတဲ့ အိမ်လေးကိုရောက်လာရပြီပဲ .. မေမေ့ရင်ခွင်ကို ခိုလှုံလိုက်ခွင့်ရတာယ်လို့ ကြွေမှတ်ယူပါတယ် အန်တီလေးရယ် .. ကြွေ ဘဝကို .. နေတတ်အောင် ကြိုးစားသွားမှာပါပဲ .. ကြွေဖြစ်ချင်တာတွေဖြစ်မလာနိုင်မှန်း သိရပြီးတဲ့နောက်မှာ .. ရွေးချယ်စရာလမ်းမရှိတဲ့ ကြွေဟာ ခင်းလာတဲ့လမ်းအတိုင်း .. ဖြစ်အောင် လျှောက်တဲ့ကြွေဖြစ်နေရတော့မှာပါပဲ .. ခြေလှမ်းတွေ ခိုင်မာမှာ .. မခိုင်မာမှာကိုတော့ .. ကြွေလည်း အာမ မခံနိုင်တော့ဘူးလေ .. ခြေလှမ်းခိုင်နိုင်အောင် .. ကြွေ .. စိတ်ဓာတ်အရာ ခိုင်မာနိုင်ပါစေလို့ပဲ ဆုတောင်းယူရတော့မှာပါပဲ .. ခြေလှမ်းမခိုင်လို့ ယိုင်ကျပြီး .. လမ်းဘေးက ချောက်ကြီးထဲပြုတ်ကျသွားရရင်လည်း .. ကြွေဟာ သေခြင်းတရားဆိုတဲ့ အရာတစ်ခုကို ပြောင်းလဲမှုတစ်ခုအဖြစ် လက်ခံပေးလိုက်ရတော့မှာပေါ့ အန်တီလေးရယ် .. သေခြင်းတရားဆိုတာက နှစ်မျိုးရှိတယ်လေ .. တကယ့်ကိုသေသွားတဲ့ သေခြင်းတရားက တစ်ခု အဲဒါကတော့ ချုပ်ငြိမ်းအေးချမ်းသွားတာပါပဲ .. နောက် သေခြင်းတရားဆိုတာက လူမသေဘဲ .. ဘဝသေသွားတာမျိုးပါ .. အားလုံး ဆုံးရှုံးပြီး ဘဝတစ်ခုလုံး သေသွားတာမျိုး

www.burmeseclassic.com

www.burmeseclassic.com

ပါ .. ”

ဟု ပြောနေတော့ အန်တီလေးမျက်ရည်ပို၍ကျလာသည်။ ဤမျှအထိ ကြွေလေးပြောတတ်လာရသည်က .. ရင်နှင့်ရင်း၍ နှစ်များစွာ ခံစားလာရပါသော ဝေဒနာများ၏ သင်ကြားပေးမှုကြောင့်ဆိုတာ အန်တီလေးသိနေရသည်ပါပဲ .. ။

ဘုန်းစစ်မင်းနှင့် မလွမ်းရှင်ဆိုသူနှစ်ယောက်တို့၏ကြားမှာ ကြွေဆိုသည့် ရှင်မွေးကြွေလေးသည် .. မြေစာပင်ဖြစ်ရချေသည်ကော .. ဟုသာ ကံကိုယိုးမယ်ဖွဲ့၍ပြောပေးလိုက်ရချေမည်လားမသိ .. ။ အန်တီလေးကတော့ လောလောဆယ်မှာ စိတ်အရမ်းကို ထိခိုက်ပင်ပန်းနေရှာပါသည့် ကြွေလေးကို .. ကိုယ်ဝန်ကိစ္စမေးချရမှာပင် ဝန်လေးနေမိရပါပြီ .. ။

ဘယ်သူနှင့်ရသည့် ကိုယ်ဝန်ပေလဲ .. ဆိုတာကိုလည်း တွေးမရ .. ။

ကြွေလေး .. ကျောင်းနေစဉ်မှာ .. ဘယ်သူနှင့်များချစ်သူရည်းစားဖြစ်နေချေသည်မသိ .. ။ စိန့်ဂျိုးဇာကျောင်းကလည်း မိန်းကလေးကျောင်း .. ။ ဗစ်တိုးရီးယားသို့ ကျောင်းပိတ်ရက်လေးတွေမှာ ရောက်လာရသော ကြွေသည် လုံးဝ .. ချစ်သူပင် မထားတတ်သော မိန်းကလေးတစ်ယောက်အနေမျိုးပဲ မြင်မြင်နေခဲ့ရသည်မို့ .. ။ တူမလေးကို အယုံကြည်ကြီး ယုံကြည်မိရလေသမျှ ခုမှပဲ .. မိုက်လေခြင်း .. ဟု ရင်ထုမနာဖြစ်ရ .. ။ စိတ်ထဲမချိရနင့်ပါ .. ။ မကြာမီမှာပဲ .. ကလေးအမေအဖြစ် ရောက်လာချေဦးတော့မည်ပဲ .. ဟု နားလည်ခံစားရင်း ကြည့်မိရသည်ကိုက .. ရင်ထဲမချိ။ နမြောလိုက်ရပါသည့်အဖြစ် .. ။ တကယ့်ဘဝဖြူဖြူစင်စင်

လေးကို အရောင်ဆိုးမိုက်မဲရက်လေခြင်းဟူလည်း ခံစားနေမိရသည်ပါပဲ .. ။

ကြွေ့ဆံစလေးတွေကို အန်တီလေးသပ်ပေးလာရင်းမှ ..

“ကြွေလေးရယ် .. ”

ဟုသာ တိုးဖွဖွညည်းရှာပါ၏ .. ။

ထိုနေ့က .. အခန်းတွေအားလုံး ပစ္စည်းတွေနှင့် နေသားတကျရှိနေချိန်မှာ ကြွေသည် အခန်းလေးတစ်ခန်း၏ ခုတင်လေးထက်မှာ ထိုင်ရင်း ပြတင်းပေါက်ဘောင်ပေါ်မှာ လက်မောင်းလေးဖေးတင်ကာ ကောင်းကင်ကြီးကို မော့ကြည့်နေမိသည် .. ။ နောက်တော့ .. အခန်းလေးကို ငေးကြည့်မိပါ၏ .. ။

ဤအခန်းလေးသည် တစ်ချိန်က မေမေနေခဲ့သော အခန်းလေးဟု အန်တီလေးက ပြောပြပါ၏ .. ။

ဪ .. မေမေ၏ အပျိုစင်ဘဝလေးမှာ နေထိုင်ခဲ့ပါလေသော အခန်း .. ။

မေမေအိပ်ခဲ့ဖူးပါသော ကျွန်းခုတင်လေး .. ။

မေမေသုံးခဲ့ဖူးပါသော မှန်တင်ခုံ .. ။ မေမေ၏ ဗီရို။ အားလုံးသည် အခန်းထဲမှာ နေသားတကျရှိနေဆဲ .. ။ အိမ်လေးကို မကြာမကြာတော့ ခြံထဲမှာ အလုပ်သမလေးတွေ အလှည့်ကျလာလာ၍ သန့်ရှင်းရေးလုပ်ပေးကြရသည်တဲ့ .. ။ ဒါကလည်း ဖေဖေ့ခိုင်းစေမှုကြောင့်ပါတဲ့ .. ။ ခြံထဲမှ အလုပ်သမကြီး ဒေါ်နှင်းက တော့ စောစောပိုင်းကပဲ ပြောပြခဲ့သည်မဟုတ်ပါလား။

ဖေဖေသည် ဘာကြောင့် မေမေနေခဲ့သော ဤ

www.burmeseclassic.com

www.burmeseclassic.com

တိုက်အိမ်လေးကို သန့်ရှင်းရေးတွေ လုပ်ကိုင်နေစေခဲ့ပါသလဲ။ မေမေ့ကို အရမ်းစိတ်နာသော ဖေဖေသည် ဘာကြောင့် မေမေနေထိုင်ခဲ့ဖူးပါသော ဤအိမ်လေးကိုကျတော့ သံယောဇဉ်မပြတ်ဘဲ ရှိနေခဲ့ပါသတဲ့လဲ .. ။

ကြွေသည် .. ဤအခန်းလေးမှာပဲနေဖို့ ဆုံးဖြတ်ခဲ့ပါ၏ .. ။

မေမေ့အငွေ့အသက်တွေရှိရာအခန်း .. ။ မေမေနှင့် ထိတွေ့ရင်းနှီးခဲ့ရာ ပစ္စည်းအသုံးအဆောင်များ၊ ဤအခန်းလေးထဲမှာရှိနေမည့် မေမေ့ပုံရိပ်လေးများကို ကြွေသည် .. အစဉ်တစိုက်ထိတွေ့တွေ့မြင်နေလိုက်ချင်သည်ပါပဲ .. ။

ကြွေ့ခုတင်တွေ အသုံးအဆောင်တွေကတော့ တစ်ဖက်ခန်းမှာ အန်တီလေးအတွက် ခင်းကျင်းထားပြီးသွားပါပြီ .. ။

ကြွေ ခုတင်လေးထက်မှာ ထိုင်နေဆဲ .. ။ ကြွေ့ကို တစ်ယောက်တည်းနေခွင့် အန်တီလေးကလည်း အလိုက်တသင့် သိပေးထားသည်ပါပဲ .. ။

မီးဖိုဆောင်လေးမှာတော့ ကြော်လှော်ချက်ပြုတ်သံတွေကြားနေရသည်။

အန်တီလေးနှင့် မမဥတို့ ညစာအတွက် ချက်ပြုတ်နေကြသည်ပဲ .. ။

နေ့လယ်စာကိုတော့ သစ်တောခြံထဲမှ အလုပ်သမလေးများက .. ကမန်းကတန်းချက်လာပေးကြပါသော ပဲပုတ်ချော်။ မုန့်ညင်းဟင်းရည်။ ငရုတ်သီးနှင့် ပုစွန်ခြောက်နိုင်နိုင်ကြော်ထားသော အစပ်ကြော်လေးဖြင့်ပဲ စားသောက်ပြီးခဲ့ကြပါ၏။ မောင်းဆောင်းဆန့်နီပြေပြေလေးဖြင့် စားရခြင်းသည်လည်း ကြွေ့ဘဝထဲမှာ ထူးခြားသောအပြောင်းအလဲတစ်ခုဖြစ်ခဲ့သည်ပါပဲ .. ။ ဆန်လေးအနည်းငယ်ကြမ်းပေမဲ့ .. ရှမ်းဆန်အတိုင်းပါပဲ .. ။ စေးစေးလေးတော့ ရှိနေသည်ပါပဲလေ .. ။

ခုကျတော့ ကြွေသည် .. မေမေ့အခန်းမှာရှိနေသော ကြွေဖြစ်နေလျက် .. ။ မေမေ့အငွေ့အသက်များနှင့်အတူ ရှိနေသော ကြွေဖြစ်နေပြန်ပါချေသည်တကား .. ။

"ခွင့်လွှတ်ပါ မေမေ .. "

မှန်တင်ခုံရှေ့မှာ သွားရပ်မိပြန်ကာ မှန်ထဲမှာထင်နေသော အရိပ်ကိုကြည့်၍ ကြွေ ခပ်တိုးတိုးပြောမိရပါ၏။ ကြွေသည် မေမေနှင့်အတော်ကြီးကို တူသည်ဟု အန်တီလေးကလည်း ပြောဖူးသည်။ မမဥကလည်း လွမ်းဆွတ်စွာပြောပြခဲ့ဖူးသည်။ ဒေါ်ကြီးသင်းကတော့ မေမေ့အလှများကို တဖွဲ့တနွဲ့ဖြင့် ကြွေ့ကို ငယ်ဘဝတုန်းက ပြောပြခဲ့ဖူးသည်လေ။ မေမေသည် .. အရမ်းကိုလှသော မေမေဆိုတာလောက်ကိုပဲ .. ကြွေသည် .. ငယ်ဘဝကတည်းက သိထားခဲ့ရတာလောက်ပဲရှိခဲ့ရသည်လေ .. ။ ဖေဖေနှင့်မေမေကြားမှာရှိခဲ့သော .. ချုန့်ခဲ့သော .. နာကြည်းစေဖွယ်အဖြစ်များကို ယခုတိုင် ကြွေသေိခဲ့ရ .. ။ ကြွေ .. ထိုအဖြစ်တွေကို မသိခဲ့ရပေမဲ့ .. အန်တီလေးနှင့် ဒေါ်ကြီးသင်းတို့ ဖန်တီး၍ပြောပြခဲ့ပါသော မေမေ့ကိုချစ်သော ဖေဖေသည် .. ကြွေ့ကိုမွေးဖွားပြီး သုံးလမှာ မေမေသည် သွေးအားနည်း၍ ဆုံးခဲ့ရသည်မို့ .. ကြွေ့ကို နာကြည်းနေသည် ဆိုတာကိုပဲ .. ပထမပိုင်းမှာ အဟုတ်မှတ်ထင်မိခဲ့ရဖူးသည် .. ။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ .. ဩော် .. ဒါပေမဲ့ .. မေမေသည် ချစ်သူ ဟောင်းနှင့်ရခဲ့သော ကိုယ်ဝန်ကိုလွယ်ထားသော မေမေအဖြစ်၊ ဖေဖေမှတ်ယူကာ .. ကြွေ့ကိုမုန်းတီးနေသော ဖေဖေဖြစ်နေခြင်း ဆိုတာကိုတော့ .. ခုနှစ် .. သီတင်းကျွတ်ကျောင်းပိတ်ရက်ကျမှ ဖေဖေ၏ ဒေါသတကြီးဖြင့် ခံပြင်းစွာပြောခဲ့သမျှ .. ထင်းရှူးပင်စည် ကြီးအကွယ်မှ .. ကြွေကိုယ်တိုင်ကြားခဲ့ရသည့်နောက်မှာ .. ကြွေ ကြွေ .. ရင်နှင့်မမျှအောင် ကြေကွဲခံစားခဲ့ရပြီးပြီ .. ။

ချစ်သူဟောင်းအိုက်မောင်ဆိုသူနှင့် ဖောက်ပြန် သည်ဟုပင် ပြောခဲ့ပါသော ဖေဖေ့စကားတွေသည် အဘယ်အတိုင်း အတာအထိပဲ မှန်ချေမည်လဲမသိ .. ။

တကယ်ပဲ မေမေသည် .. အိုက်မောင်ဆိုသူနှင့် ဖောက်ပြန်ခဲ့ချေမည်လား .. ။ ဒါတွေကို ကြွေ .. တွေးလိုက်ရမှာ ကို .. .. အားနာသည်။ မေမေ့ကိုအားနာသည်။ ထိုအဖြစ်တို့သည် မမှန်သောအဖြစ်တွေ အဖြစ်ရှိနေပါစေဟုလည်း ကြွေဆုတောင်းနေ မိသည်။ အမှန်တရားတစ်ခုကို .. သိနေခြင်းက .. မေမေတစ် ယောက်ပဲရှိနေသည်ဆိုတာပဲ ဖြစ်ပါ၏ .. ။ ထိုသိသော မေမေသည် လောကကြီးမှာ မရှိတော့ပြီ .. ။ စွပ်စွဲသူသာ ကျန်ခဲ့လျှက် .. ။ အစွပ်စွဲခံရသူက သေဆုံးခဲ့ရပြီးသည့်နောက်မှာ .. အမှန်တရားဆိုတာ ကို သိစေဖို့ဆိုတာကတော့ .. အတော်ကြီးကို ခဲယဉ်းနေခဲ့ချေပြီပဲ။ စွပ်စွဲသူ၏စကားသာ အမှန်ကဲ့သို့ဖြစ်ကျန်နေရမှာကိုကျတော့ ကြွေ လက်မခံချင်။ ကြွေသည် .. မေမေ့အခန်းမှာရှိနေသော ကြွေဖြစ်နေ လျှက် .. မေမေ့အကြောင်းတွကို တွေးနေသော ကြွေဖြစ်နေတာကို မေမေ့ဝိညာဉ်လေးကတော့သိနေပါချေလိမ့်မည် .. ။

လျှက် .. မေမေ့အကြောင်းတွကို တွေးနေသော ကြွေဖြစ်နေတာကို မေမေ့ဝိညာဉ်လေးကတော့သိနေပါချေလိမ့်မည် .. ။

မှန်ထဲမှ ပုံရိပ်ကို ကြွေငေးကြည့်နေဆဲ .. ။ လှပ ချောမွေ့သော ပုံရိပ်လေးတစ်ခုသည် ကြွေမဟုတ်ဘဲ .. မေမေဖြစ် နေသည်ဟုပဲ ခံစားဖြစ်၏ .. ။ မေမေနှင့် နေနေရသည်သို့ ရင်ထဲ မှာ ဖြစ်လာရသည်။

ပထမဆုံးအကြိမ် .. မေမေ့အငွေ့အသက်ကို ခိုလှုံ ခွင့်ရနေသည်သို့လည်း ရှိလင့်၏ .. ။

"ခွင့်လွှတ်ပါ မေမေ .. ကြွေ ဖေဖေ့ကို ဒီလိုနည်းနဲ့ .. အဖေ တစ်ယောက်ဟာ .. သမီးတစ်ယောက်ရဲ့ ဆိုးကျိုးကောင်း မွေကို .. ဆက်ခံရတယ်ဆိုတာကို အသိပေးလိုက်တဲ့အတွက် မေမေစိတ်ဆိုးနေမလားဟင် .. ကြွေ .. ကြွေ .. ကိုယ်ဝန် မရှိဘဲ .. ရှိနေသလို လုပ်ခဲ့တဲ့အတွက် မေမေစိတ်ဆိုးနေမှာ လားဟင် .. ကြွေဟာ .. ဖေဖေ့အချစ်တွေကို ရှုးလုမတတ် မျှော်လင့်ရယူချင်နေတဲ့ သမီးပါ မေမေရယ် .. ဒါပေမဲ့ .. ဒါပေမဲ့ .. ကြွေ .. နောက်ဆုံးခဓယယတောင်းပန်တဲ့ ကဓာတ်လေးကို လာကြည့်ပေးဖို့လောက်တောင်မှဝန်လေး နေတဲ့ ဖေဖေ့ရဲ့ဥပေက္ခာတွေကို .. ကြွေ .. တုံ့ပြန်ချင်လာ ပါတယ် မေမေ .. ဥပေက္ခာပြုခံရတဲ့သူရဲ့ တုံ့ပြန်မှုတစ်ခု ဟာ .. ဥပေက္ခာပြုသူထံကိုလည်း .. ရိုက်ခတ်ထိရှစေတယ် ဆိုတာ ဖေဖေသိဖို့လိုပါတယ် မေမေ .. "

ဟုပြောနေရင်း ကြွေစတင်၍ တိုးသဲ့စွာရှိုက်ငိုသည်။

"ဖေဖေသင်ပေးခဲ့တဲ့ ပညာတွေကိုလည်း ကြွေမသင်ဘဲနေ

www.burmeseclassic.com

www.burmeseclassic.com

ပြတ်ကာမျိုးနဲ့ .. ဆန့်ကျင်ပြချင်လာတယ် မေမေ .. ကြွေဟာ ဖေဖေစီမံထားတဲ့ ဘဝထဲမှာ အထီးကျန်ခြောက်သွေ့ရင်း ဖြတ်သန်းနေရဖို့အတွက် .. ကြွေ .. ကြွေ .. အားအင်တွေ မကျန်တော့သလိုပါဘဲ .. ကြွေလေ .. ကြွေလုပ်ချင်တာ တွေကို လုပ်နေတဲ့ကြွေ .. ဖြစ်ချင်လာတယ် မေမေ ..ဖြစ် ချင်လာတယ် မေမေရယ် .. အခု .. ကြွေ့ဘေးမှာ မေမေရှိ နေတယ်လို့ ကြွေယုံကြည်ပါတယ် မေမေ .. ကျနေတဲ့ မျက်ရည်တွေကို .. မေမေသုတ်ပေးပါဦး မေမေရယ် .. ကြွေ့ပါးပြင်ပေါ်က မျက်ရည်တွေကို .. မေမေသုတ်ပေး ပါဦး .. "

ဟု ပြောနေရင်း ကြွေငိုချလိုက်သည် .. ။

ခန်းဆီးလိုက်ကာ၏ လေတိုက်မှုဖြင့် လှုပ်ခတ်နေ သော အရိပ်နွဲ့နွဲ့သည် ကြွေဘေးမှာကျလာ၏ .. ။ လေကလည်း သစ်တော့ရွက်တွေ၏ ရနံ့ .. တောတောင်ရနံ့တွေကို သယ်၍ ကြွေ့ ထံသို့ တိုက်ခတ်၏ .. ။

လေက နည်းနည်းပြင်းလာနေပြီ .. ။

ကြွေ .. ပြတင်းအနီးမှာ ရပ်လိုက်မိရပါ၏။

ကောင်းကင်ကြီးကို မော့ကြည့်မိသည်။

သြော် .. ကောင်းကင်ကြီးတစ်ပြင်လုံးသည် မည်း မည်းညို့လျက် ရှိချေသည်တကား .. ။

မည်းညို့နေသော တိမ်တိုက်ကြီးများက ကောင်း ကင်ကြီးတစ်ခုလုံးကို အုပ်မိုးထားသည် .. ။ မကြာမီ မိုးကြီးရွာချ တော့မည်ထင် .. ။

လောကကြီးတစ်ခုလုံးကိုတော့ .. တိမ်တိုက်ကြီး ၇ အုပ်မိုးနေဆဲ .. ။

လေနှင့်အတူ ရွေ့လျားနေသော တိမ်တိုက်ကြီးတွေ က နေရာမလပ်သည်မို့ ရွေ့နေသည်ဆိုတာကိုသိရပေမဲ့ တိမ်တိုက် တွေကတော့ ပြည့်မြဲပြည့်နေသည်ပါပဲ .. ။

ကြွေ့ဘဝသည်ရော .. ဘာထူးသည်လဲလေ .. ။

ကြွေကွဲဝမ်းနည်းနေရသော ဘဝတိမ်တိုက်မည်း မည်းကြီးတွေဖြင့် မွန်းကျပ်လှောင်ပိတ်စွာ အုပ်မိုးခံနေရသည်မဟုတ် ပါလားလေ .. ။

ကောင်းကင်ယံကြီးကို ကြွေကြည့်နေမိရဆဲ .. ။ မျက်ရည်ဥတွေ ကြွေနေသော ရှင်မွေးကြွေဆိုတာက .. မေမေနေ ခဲ့သော အိမ်လေး၏ပြတင်းပေါက်အနီးမှာ ရပ်နေရင်း .. မေမေ့ကို လွမ်းဆွတ်တမ်းတစွာ ခံစားလျက် .. မည်းညို့နေသော တိမ်တိုက် ကြီးများကို မော့ကြည့်နေရဆဲ .. ။

သြော် .. မော့ကြည့်နေရဆဲပါတကား .. ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဟိုတွင်တစ်ခွင် ...
ညည်တွင်တစ်အုပ် ... ဦ.ရင်း
တိမ်ဆုပ်တိမ်ခဲ ... ၄
မမြူဘဲညို ...
လျှောတိုက်ပြီးဆင်း ...
ဘဝတွင်းမှာ ...
မည်းညို့စွာလျှင် ...
ချဉ်းနင်းဝင်ရောက် ...
မိုးလုံးမောက်လျှံ ...
သောကခံတွင်း ...
ဝါးမျိုရှင်းမြွေ ...
မည်းညို့နေသော တိမ်တိုက်များ ...
ညော် ...
မည်းညို့နေသော တိမ်တိုက်များ ...

မှုဝေခံစားခြင်းများစွာဖြင့်
မဟူရာ(လှိုင်ဝင်းကော်)
၁၅-၈-၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com

မဟူရာ

(လှိုင်ကော်)

မည်းညို့နေသောတိမ်တိုက်များ

နှလုံးသားကို
သည်းထန်ငိုကြွေး၊ ကြေကွဲဆွေးမြည့်
မိုးလုံးပြည့်မျှ၊ မည်းညို့ပျမှောင်
တိမ်တိုက်တောင်ကြီး၊ မြည်ဟည်းရင်းခြွေ
မည်းညို့နေသောတိမ်တိုက်များတည်း ။

BURMESE CLASSIC .com

Graphic Design by
POE DE LON

www.burmeseclassic.com